
www.burmeseclassic.com



www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

## (၂၅)နှစ်ပြည့် အမှတ်တရ အထူးထုတ်

# နက္ခတ္တရောင်ခြည်

နာယကကြီး

ဒေါက်တာ အောင်မြင့်

M.B.B.S (Ygn)

ဒု-ဘ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ထွေး

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

မမွှေးဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း၊ (ဘားအံ)

ပါဠိ အယ်ဒီတာ

ဦးစံတင့်

(၈ ဘုန်းကြီးကျောင်းဝိဒေ၊ဝိနယဓရ၊ဓမ္မာစရိယ)

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ

BURMESE CLASSIC .com



ကျိုက်ပုတီးသည်

နှစ်ပေါင်း (၃၆၀)နှစ်ကျော် သက်တမ်းရှိသည့်

ရှေးဟောင်း ရုပ်ပွားတော်ပါဝင်သည်...

စာ-၁၃၀

ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၄၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်

၂၄၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊

အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊

၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊

ရန်ကုန်မြို့။

မန္တလေးဖြန့်ချိရေး

နဝရတ်စာပေ

ရှမ်းတောင်ကြီးဖြန့်ချိရေး

မိုးလှိုင်စာပေ (တောင်ကြီး)

ဝင်္ကနီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၄၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

ဖုန်း- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - ကိုတင်အောင်ရွှေ

မင်္ဂလာ ဓိုးပြားရေး ကြော်ငြာလုပ်ငန်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

အမှတ် ၃၂၄

အုပ်ရေ


၁၀၀၀

ငါးရာကျပ် (၅၀၀/-)

ဖုန်း-၀၁ ၂၄၂၂၈၄

www.burmeseclassic.com

www.burmeseclassic.com



ကျိန်စစ်သားမင်း ထီးနန်းစံသောအခါ
လုံ့ကျရာအရပ်ကို အောင်မြေသမုတ်ပြီး
ရှုလုံ့ကျဘုရားလို့ ... ☛ စာ-၁၆၁

စလှဦးတိုက်၊ လမ်းဦးတိုက်၊ လှည်းဦးတိုက်
ခမြိတ္တက်၊ ဇနဒိမ်တို့မှာ ဇနထိုင်ကြသူတို့အတွက်
ဂမ္ဘီရအစီအမံမှာ ... ☛ စာ-၁၉၉



## ရှေးဆိုဖြိုင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် နန်းစခွာ
တိုင်းရင်းဆေးခန်း ဆရာမ ဒေါ်မြင့်မြင့်စန်း(သိမ်ဖြူ)
[တဆ-၁၀၅၇]၏ မီးယပ်မြူဆင်းနှင့် ဖတ်သတ်၍
သိကောင်းစရာများ [မြောင်းမြ မောင်ယဉ်တင့်] ၁၉၀

## ပညာပေးရောင်ခြည်

တရုတ်ကြိုးထုံးပညာ (၈၀) [ဟွာကျင်းစီ] ၁၃၂
လူတိုင်းအတွက် တရုတ်မိုးရာဒိပ်မက်ရှင်းတမ်း (၇၀)
[ထက်မင်းကျော်စွာ] ၁၄၂

## လက္ခဏာရောင်ခြည်

ဂုဏ်ထူးရခြင်းနဲ့ လက္ခဏာအမြင် [သန်းပညာ] ၂၂
သူ ဘယ်လိုလူစားလဲ ၁၀၃
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ
အာယုဝဍ္ဍနလာပ်မြူဥယျာဉ် စာသင်တိုက် ပဓာနနာယက
ဆရာတော် ဝဏ္ဏဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တအရိယဝံသ၏လက္ခဏာတော် [ဦးသော်ခင်-ဟသ်ာတ] ၁၅၃
လက္ခဏာပဟေဠိ အဖြေညိုကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေတွဲ] ၁၅၇
ပဲခူးမြို့ ဓမ္မဂုဏ်ရည် ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလ္လ၏
လက္ခဏာတော် [ဦးသော်ခင်-ဟသ်ာတ] ၁၇၇
ဦးဆွေးဆံမြည့် လက္ခဏာရှင် ၁၈၆

## လမ်းညွှန်ရောင်ခြည်

ရေနီတောင်ဗီလာ(သို့မဟုတ်)ဇယ်ပိုတောင်ဗီလာတောရသို့
လေ့လာပူဇော်မှု ခရီးစဉ်(၁) [စံထွန်းသော] ၁၇
ပထမ်ပီရှာကြီး၏ မွေးဇာတိမြေသို့ [ငုခန်းယံ] ၂၆
စိမ်းရောင်စို တောင်ညိုမှိုင်းရီသည့် သာသနာ့မြေ
ဌာနေတိုင်းဆီသို့ (၄) [ထက်မင်းကျော်စွာ] ၆၇

## အထူးကဏ္ဍရောင်ခြည်

သခြေဆောင်ကျွန်းနှင့် သိဒ္ဓိမြောက် ရွှေမိကျောင်း(၂)
[ငြိမ်းသော်တာ] ၇၃
နွားလပို့တောင်တွေ့ အနောက်ဘက်အခြေမှ ချမ်းမြေ့ရိပ်မြိုင်
သပိတ်အိုင်သာသနာ့မြေသို့(၃) [ဖင်ညိုငယ်] ၈၁
မဟာဗောဓိ မြစိမ်းတောင်ဆရာတော်နှင့်
ဒူးရင်းစမ်းတောရ သာသနာ့မြေ(၂) [စံထွန်းသော] ၉၇
အောင်အတိတ်ဆောင် သိင်္ဂနိတ်တောင်မှီဆီမှ
ပုထိုးစေတီ နေရာထူးများ (၁၀) [ထက်မင်းကျော်စွာ] ၁၀၆
ပေါင်လောင်ရှင်ကာသပမထေရ် တောင်းမူစေတီများ
ပူဇော်မှုခရီး (တရားရွာ နှစ်ကိုပ်ရှစ်ဆူ ရွှေဂူကြီးဘုရား)
[ဖင်ညိုငယ်] ၁၁၃
ကျွန်တော်သိသော ဘုရားကျော် [သန်းဒေါင်-ပြည်ရေး] ၂၀၁



www.burmeseclassic.com

www.burmeseclassic.com


## ❋ ထိုးထွင်းရောင်ခြည် ❋


မြူးမိတော်၌ သမင်သော [သသမ္ဘ-ချာပုံ] ၂၂၉
ဗျူးအဘုရား အမိဌာန်ဝင်ခဲ့စဉ်က [နေဝန်းနီ] ၂၄၁
သေရည်အောင် မှုံ့စေသတည်း [မောင်ဝေးကြူ-စီးပွားရေး] ၂၅၄
နဝါးနှင့် ကိုယ်တွေ့ဖြစ်ရပ်များ [သုရမင်းနိုင်-ချာပုံ] ၂၆၅
လူကြောက်တလေးများအကြောင်း တစေ့တစောင်း
[အောင်စိုးနိုင်-ပြင်ပန့်ဒ်] ၂၇၀
မိုးကြိုးပစ်ခံရသော်လည်း အသက်မသေဘဲ
ချမ်းသာရာရခဲ့သူတစ်ဦး [မောင်မောင်ထွန်း-မုံရွာ] ၂၈၁

## ❋ ကျွန်းစဉ်ရောင်ခြည် ❋

မဟာဘုတ်ချိန်ခွင်နှင့် ရန်ကင်းချမ်းသာကျင့်စဉ်
[ဝန်ကြွင်း-တနင်္လာသားသမီးအတွက်] [ကဝိသိရေမလ္လီ] ၂၄
ဗုံဆယ်တော်မူဘုရားနှင့် ကျွန်ုပ်ကိုယ်တွေ့အမိဌာန်
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၃၇
ပဿဝတမြို့ ပိုးစားတော ဓာသင်တိုက် တိပိဋက လက်ဘရ
ကျောင်းတိုက် ဆရာတော်ဦးဝေယျ(နဂ္ဂဓမ္မပဝေဒ သုတေသီ)
ချီးမြှင့်တော်မူသော ကြတိုင်းအောင် အမိဌာန်ပုတီးစိပ်နည်း
[ဦးဝေသော်ခင်-ပသ်ဝတ] ၁၆၅
လေးဆယ့်ငါးရက်အတွင်း အကြားအတတ်၊ အမြင်အတတ်
အထင်ခတ်ရစေသော ကျင့်စဉ် [ကျော်ကျော်ဟိန်းစိုး] ၁၈၇
ကျင့်ကြံအားထုတ်ရင်း ထူးထူးဆန်းဆန်းဖြစ်ပေါ်လာသည့်
အကြောင်း [ဝရဇာ ဦးအောင်] ၂၁၄
အာစက်လျှာစက်ထက်စေဖို့
[အောင်မင်းကျော်-နေလဝီဇ္ဇာဂိုဏ်းတော်ကြီး] ၂၂၅
အမိဌာန်စခန်းမှ ဂါထာပုတ်နှင့် ပုတီးနိမိတ်များ
[မဟာစက်ရွှင်-လှိုင်သင်] ၂၃၆

## ❋ အချီးအရင်ရောင်ခြည် ❋

ခရီးသွားလာသူများအတွက် ယကြာကောင်းတစ်ခု
[ဗိုလ်မင်း-မင်းလှ] ၇၈
ငွေလာငွေလှံ့ ရေကြာရေတန် [ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၀၂
အိမ်သစ်တက်လျှင် ပြုလုပ်စီရင်စေချင် [နတ်မောက် လှမြင့်သစ်] ၁၀၄
အခက်အခဲ အကျပ်အတည်း တွေ့နေသူများ
အမြန်ပြေလည်စေမည့် အစီအရင် [ခရီးသည့်သုတေသီ] ၁၁၉
လူဆိုးမဝင်နိုင်သည့် ကိုယ်ခံကြိုးဝမှန်း [ဝန်သို အောင်ခင်] ၁၂၆
ခုနစ်ရက်သားသမီးများအတွက် တံမြင့်ယကြာ
[ကျော်စိုးလွင်-ဝါးခယ်မ] ၁၄၉
လမ်းဦးတိုက် အတာအတွယ်တစ်နည်း
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၅၆
ရွှေမင်းဝံ မယ်တော်ကြီး၏ ဘယာကင်းစေသည့် လက်ဆောင်
[နှယ်လှည့် သုတေသီ] ၂၅၁
သားဦးစနေအတွက် အစီအရင် [ပထမဆရာကြီး ဦးအောင်သူ] ၂၅၄
ဝိလာ၏ အစွမ်း [ခွန်စိုင်းဝမ်း] ၂၇၅


မာကျုပ်ခံ မင်းဓမ္မဝတီနှင့်
မာကျုပ်ခံ မိုးလဲဓမ္မဝတီတို့ကို
မြစိမ်းတောင်ညိုပေါ်တွင် ဆရာတော်က ... ➡ ၈၁-၅၀

သောင်ပြေဆော ငစေတီတော်
ရာဟုထောင့်မှ သိုက်နန်းရှင်များနှင့်
ဗုံးဆန်းသော ကျောက်တုံးကြီးကို ➡ ၈၁-၅၄






www.burmeseclassic.com

www.burmeseclassic.com



‘ပုတီးစိပ်ရင် ဘာကို စိပ်ရမလဲ’ဟု မေးသောအခါ ဆရာတော်က ဂုဏ်တော်ကိုသာ ပွားများရန် မိန့်ပါတယ်... စာ-၃၃

ထိုဝါးအာသင်အားဖြတ်တောက် ဦးစိတ်ကြည်ရာ အတွင်းနှသတ္တဝါတစ်ကောင် ပျံထွက်သလိုမျိုးဖြစ်ကာ အနီးရှိ သစ်ပင်ပေါ်သို့... စာ-၁၆၀




❒ အဂ္ဂိရတ်ရောင်ခြည် ❒

ဖော်ရိုပြင်သားစားရန် ဇတ္တိရတ်မီးဖာတတ်၊ မိုင်းဆာတ်နည်းနှင့် ဗိုဒ္ဓင်တည်နည်း [ရွှေကုဗေ-သီရိဓမ္မရာ] ၁၆၉

ရှောင်ဆေးအကြောင်း သိကောင်းစရာ(၁) [ဦးမင်းဇင်-ရွှေနဝင်း] ၁၇၉

ထုံတပြန်ပါး ရွှေသားအစစ် (၁) [ရွှေတောင် ခင်မောင်ကြည်] ၁၉၃

နာကိုချိုးသည့် ဖယ်တူဝင် [ကောင်းအမျှကျော်-ဟသံာတ] ၂၂၄

✳ ဂါထာမန္တန်ရောင်ခြည် ✳

ရမိုင်ဝိဇ္ဇာမိုန်ရုံးနှင့် အမလပန္တုံကြီး [စောထွီးသျှင်-မြောက်ဦး] ၂၀

ဥစ္စာကိုင် တိသိတ်မင်္ဂလာမန္တန် [မောင်ဗဟိန်း-အင်းတော်] ၁၁၂

စွယ်မုံအစွမ်းထက် ဖိ(၉)ချက် [အောင်ပေါစိ] ၁၂၄

ကျက်သရေတိုးဂါထာတော်နှင့် ကျွန်ုပ်ကိုယ်တွေ့ [ဆရာကြီး ဦးအောင်မြင့်-ဥပဒေသ] ၁၄၅

ခေါင်းတိုက်ပျောက်’ နိုးမန်းဂါထာ [သုတေသီတစ်ဦး] ၂၄၅

◆ ဆေးမြီးတိုရောင်ခြည် ◆

လေနာပျောက်ဆေး ဆေးမခက်ပါ [မင်းသိင်္ခ] ၉၄

ရေငတ်ဝမ်းကျနာအတွက် ဝါးရွက်ရေ [ပွဲဝန်းမယ်] ၁၂၀

အကြောထုံး အကြောညပ် အကြောတပ် နာတာရှည်ထိုက်ခဲ ဆေးစွမ်းတစ်လက် [ကိုတွေး-မန္တလေး] ၁၅၀

ငွေမကုန်သော သွေးတိုးသက်သာစေသည့်ဆေး [ပိုးဝါဖြူ-မောင်တော] ၁၅၂

✳ ဆေးဗေဒရောင်ခြည် ✳

လေဖြတ်အောင် ဒီဆေးတွေဆောင် [မောင်သျှင်မှူး-ဘုတ်ပြင်း] ၃၉

သွေးတိုး သက်သာပျောက်ကင်းစေသည့်ဆေး [ရွှေဖြူသာထွန်း] ၇၉

သရက်တစ်ခက် ဖျတ်သမာတွတ် [ရွှေကော်ရွှေ ကိုစိန်လေး-စီးကုန်း] ၁၂၀

ညှင်း သက်သာပျောက်ကင်းဆေး [သူရ-ဇေကြည်] ၁၂၆

မျက်မှန်လွတ် မျက်စိမှုန်ပျောက်ဆေးနည်းတစ်လက် [အောင်သိန်းဝင်း-ပွင့်ဖြူ] ၂၀၀

✳ ဂမ္ဘီရစာပေရောင်ခြည် ✳

ဓေဝစတ္တ [စိုးရန်နိုင်] ၂၀၂

ပုံပြင်ထဲက မြစိမ်းရောင် [စိုးရာဇာ] ၂၁၃

အလျားလတ်ပ်နှင့် ပျားနတ်သမီး [တင်ဘုန်းဝင်း] ၂၅၁

✧ စိတ်ရွှင်အောင်ရောင်ခြည် ✧

ကြွလှမ်းလို့ မပြီးခင်း ပြီးခင် [သီလ-ရေထံ့ခွန်တောင်] ၆၃

လေလွင့်ခရွှာတိုယ်ခတွေ့ မြစ်ရပ်မှန် [အေးလွင်-ရွှေတောင်ပြူ] ၂၀၄

သိပ်ပြာခမီ နှင်သည့်ဆိုရာဝယ် [မောင်စေတ] ၂၄၁

www.burmeseclassic.com


## ✣ ရှေးဟောင်းအထင်ကရများကဏ္ဍ ✣

[illegible] ဖော်ပြနေသောသခင်ပြပါရန်
[မင်းမင်းဇော်(ခ)ဇိုးဇော်] ၄၄
ဇော်ဂျီဘောင်ဘွဲ့ဦး၏ အရှက်တကောဘုံခြင်း ၉၁
ထူးဆန်းသော သစ်ခြောက်ပင် [မောင်နိုး–ကျောက်မဲ] ၂၄၄
နှစ်ထောင်ရာနီးပါးခန့်ရှိ သစ်တံခါးပင်ကြီး
[ကြည်ကြည်သိန်း–ဇီးကုန်း] ၂၈၈

## ✳ ဓမ္မသုတေသနများကဏ္ဍ ✳

ကျောချင်းကပ် ဆန့်ကျင်ဘက်အရပ်သို့ ခရီးသွားခြင်းအတွက်
သိသမျှ တင်ပြပါသည် [[illegible]–ရေနံမြေ] ၄၆
ကိုယ်တွေ့ ခေါင်းဦးခေါင်းအစွန်း
[ဦးကိုကိုကြီး–စစ်ဆေးရေး ၂–မထယ ထုံးဘို] ၂၁၂

## ◆ အမျိုးသမီးအလှများကဏ္ဍ ◆

ချိုသောမှုံ ပြုတ်နည်း [ဒေါ်ကြည်ညွန့်–ခင်ကျိုက်] ၂၁၆

## ✝ ထူးခြားပုဂ္ဂိုလ်များကဏ္ဍ ✝

ဓာတ်လိပ်အစွမ်း ဖုံမခန်း [အောင်ကြည်မော်–ဇကု] ၈၁
ရေစကြာဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ကြေးပုတီး
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၁၁
နှစ်ပေါင်း(၃၆၀)ကျော်က ဆရာတော်ကြီးတစ်ပါး၏ စိပ်ပုတီး
[ဘုန်းကျော်စွာ–မြို့ငတက္ကသိုလ်] ၁၂၉
ထူးထွေဆန်းပြား ဝါနဝါး [ဒဂုန်ဘာရီ–စက်မှုလယ်ယာ၊ ထင်ဖြူကျွန်း] ၁၄၀
သိဒ္ဓိဝင် ဂိုး(ခေျ) တစ်ပင်တိုင်ချို့နှင့် သူ့အစွမ်း
[ညိုမင်းထက်–မြန်မာစာ၊ မော်လူး] ၁၄၄
နတ်ထိန်းဝါးပုံ အမြူတေ [ဘုတေဘသီတစ်ဦး] ၁၆၀

## ● ကိုယ်ခံပညာများကဏ္ဍ ●

သိုင်းပညာရှင် ဆရာကြီး မင်းယကျွ၏ ဘဝအတွေ့
အကြုံများ (၁၈) [ဆရာကြီး မင်းယကျွ–တိုက်ပွဲဝင်] ၁၈၃

## ○ သုတေသနများကဏ္ဍ ○

မဟာဘုတ်ရိုက်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
(ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်
ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ
အား ဂါရဝပြုပူဇော်ခြင်း) [သန်းပညာ] ၈၄
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၃၄
သားလေးယောက်နှင့် သမီးတစ်ယောက်
ဆက်တိုက်မမွေးကောင်းပါ [ချို–အမရပူရ] ၂၂၈
အတွင်းအောင်ခြင်းနှင့် အပြင်အောင်ခြင်း ဘုရားရှိခိုး
ဘယ်ဟာကို ရွေးထားပူဇော်ရမလဲ [စလင်း ဦးကျော်] ၂၄၆




မစ်တိုင်း
စံအိမ်ဗျော
နေရှားအား
အောင်ပြေအဖြစ်
သတ်မှတ်မှု...
☛ စာ–၅၃

ဆရာတော်ကြီး
ရှိစဉ်က
ခုကွဲရောက်နေတဲ့
ခုနှစ်ရက်သားသမီး
တွေကို
ကာယ်တင်ပေးခဲ့တယ်လို့...
☛ စာ–၁၈





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရဲ့
ဝူဒီမာန်မှာ
ဆန္ဒ
ပြည့်ဝအောင်
ဆုတောင်းနည်း
ကို
ပြောပြ
ပါ့မယ်...
◆ စာ-၂၀၁



ဘုရားကို
မတွေ့ရဘဲ
ပလ္လင်လွတ်
ကိုသာ
တွေ့ရ၍
အောက်ခြေမှ
လက်အုပ်ချီ
ပူဇော်နေဟန်
နတ်ရုပ် ၄ ရုပ်ကို...
◆ စာ-၁၁

မီးတွေ မျက်ရှင် ရှင်ဖြိုး
ဖကြာအတွေ ရှင်သန်လာသည့်နှင့်အမျှ
အလှမ်အကိုင်တွေ ပိုကောင်းလာပြီး...
◆ စာ-၁၀၂




○ မြစ်ချောင်းပြိုးဆေးပင်ဆေးမြစ်ကဏ္ဍ ○

ဝဥပင် အဖိုဖွင့်၏ ထူးခြားမှုများ၊ ဆေးအသုံးများ
[မန်းသုတသိန်း-ကရင်ပြည်နယ်] ၅၅

* ဟိရုဏ့်ကဏ္ဍ *

ပိန်လိုသောမြင်း ဝဖြိုးစေရန် [နတ်မောက် ကောင်းမွန်မြင့်] ၁၈၄
ကြက်နာပျောက်ဆေး [မိုးမိတ် သျှင်နောင်း] ၂၀၀

▫ ကြုံခဲ့ရဖြင့်ကဏ္ဍ ▫

တံမြို့မှ ဖောင်မဝ်လာ နန်းစဉ်သက်န့်နတ်ဘုရား
[ဇင်ညိုငယ်] ၉

* အောင်ပွဲကဏ္ဍ *

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် နိမိတ်
ပူဇော်ဂါထာတော်များ(၅) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၄၉
ကျွန်စစ်မင်း၏ အဓိဌာနအောင်မြေ ရွှေလုံထူ
မြတ်စွာဘုရားထံတော်ပါးဆီသို့ [ဇင်ညိုငယ်] ၁၆၁

✧ ယတြာကဏ္ဍ ✧

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၄
၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက် ဓာတ်ကြီးငါးပါး
ကိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၈၀

✧ နိုးကြိုးမြီးမျှားကဏ္ဍ ✧

ဝှတ်မျောနှင့် မာသတာ တွဲဖိုက်ပါ[ကိုမောင်ကျော်လှိုင်-မအူပင်] ၁၀၆
အုန်းပင်စိုက်နည်း အသိပေးပါရစေ [ရေဦး မောင်ကျော်သူ] ၁၈၃

* အင်းစမကဏ္ဍ *

လိုတရစေသော ငွေပွားစမ [မြောင်းမြ မောင်ယဉ်တင့်] ၁၂၃
ကူစွာသယ သရဏဂုံ လိုတရအင်း [နေတွင်] ၁၉၈
ကျွန်တော် အင်းပေါက်ခြင်း [ဦးကျော်မင်း-ကထိက၊ မြန်မာစာ] ၂၉၉

◆ ထူးခြားဆန်းကြယ်ကဏ္ဍ ◆

မြေကြောခံ၍ ဘုရားဖူးသွားခြင်း ဖြစ်ရပ်ဆန်း
[အောင်လှသန်း-မင်းဘူး] ၂၃၃
ပဥ္စမအကြိမ်မြောက် မီးတွင်းသည့် ဖြစ်ရပ်ဆန်း
[ဦးစံဝင်း-သောင်ကုန်းရွာ] ၂၆၂
ညာဏ်စနီး ဖျာန်လမ်းကိုတွဲ..(၀)[ရွှေတောင် ကြည်မောင်အေး] ၂၆၇
တောရကျောင်း၊ ဘုရားတုန်းလေးဘေးမှ ပရလောကသားများ
ပြောင်းရွှေ့သွားသည်ကို ကိုယ်တိုင် မြင်တွေ့ရသူနှင့်
ပရလောက ဖြစ်ရပ်ဆန်း [ဦးဥတ္တမာစာရ-ပင်ပေါင်ဝဲ] ၂၇၉




www.burmeseclassic.com

www.burmeseclassic.com

## ◯ အမေးအဖြေရောင်ခြည် ◯


မြေကြီးလိုက်ပါသည် (ကျောက်ပွားအကြောင်းသိကောင်းစရာ)
[ဗိဿုကာဗိဇ္ဇာ ဆရာဦးသန်းမြင့်-ကိုင်းရင်းအေး] ၂၀၆


## ✂ နေ့စဉ်သုံး ဗေဒင်လမ်းညွှန်ရောင်ခြည် ✂


၂၀၀၃၊ ဇူလိုင်လအတွင်း ပုံရိပ်ရှင်တို့၏ ဟံကြမ္မာ [ဟူကျင်းစီ] ၈၆
၂၀၀၃ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၅၈
၂၀၀၃ ခုနှစ်၊ ဇူလိုင်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၉၂


## ★ မြန်မာ့ရိုးရာဆေးပညာရောင်ခြည် ★


မိမိနေထိုင်သော မြို့ရွာရှင် ထီးတံခွန် စတ်ရှမရတွက်နည်း
[ကောင်းဆန့်-သစ္စတ်ရွှေ ဝတ်လက်] ၁၅၁


## ✍ ကျန်းမာရေး ဗေဒင်ရောင်ခြည် ✍


၂၀၀၃ ခုနှစ် ဇူလိုင်လ ကျန်းမာရေးအတွက် အကြံပေးချက်များ
[ဟူကျင်းစီ] ၉၆


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


ကျွန်ုပ်ကိုယ်တိုင် ဖူးတွေ့ဖူးသော ရဟန်းထူး၊ရဟန်းမြတ်များ(၁)
[မျိုးမြင့်-အောက်လုပ်ရေးအင်ဂျင်နီယာ-ငြိမ်း] ၃၃
အကြားအမြင်လည်းရ လောကုတ်တိရချွန်များ၏ စကားကို
နားလည်သော ဆရာတော်ကြီး ဦးထော် [မောင်လင်းမိုင်] ၄၁
ရှပ်တလာပ်တော် မပုပ်ပျက်ဘဲ ဆံတော်ရှည်ထွက်နေသဲ
ဖြစ်သည့် ပထမဆီးမြူပင်ဆရာတော် အရှင်သုမိုလသာ
ကြည်ညိုပူဇော်မှုခရီး(၂) [ခင်ညိုငယ်] ၆၅
ကြို့မ်တောချောင်းသိမ်ကျောင်းဆရာတော်
ဦးဇာဗိစ္စဝံသ၏ ထူးခြားသော ရုပ်ကလာပ်တော် (၂)
[ထက်မင်းကျော်စွာ] ၈၉


## ● ဖြစ်ရပ်မှန်ရောင်ခြည် ●


တောကျက်ဆိတ်လူးအစွမ်း ဖုံမခန်း [မြတ်စုဝေ-သံကုန်း] ၂၀၇
ကုလားမတောင်မှ ကုလားမအသွားတို့နှင့် တွေ့ခဲ့သူ၏ ဖြစ်ရပ်ဆန်း
[သစ္စာစိုး-ခင်းကျိုက်] ၂၀၉
ဘုရားပစ္စည်း၊ ကျောင်းပစ္စည်း ခံ့ပွယ်ကျောက်တုံးကြီး
[မုတ္တမာအင်-မန်း] ၂၁၇
ပုဂံခေတ် သုရဲကောင်းလေးဦးတို့၏ တိုင်နဲ့အသင့်လေသလား
[ညီလေးငယ်-လယ်တော်] ၂၄၉
ကြုံဆုံခဲ့သော ညတစ်ည [စန်းအောင်လင်း-စန်းချောင်] ၂၆၂
မယုံကြည်ချင်နေပါ [မုတောင်တွင်း ကျော်ငြိမ်း] ၂၆၄
နတ်မြင်းမိုး [မောင်ပညာ-အောင်ဝေဘီ၊ တောင်ငူနှန်း] ၂၈၆
သေနတ်ပြီးသော ခွေးအမြှေက [ဦးသန်းစိုး-ချောင်းနက်] ၃၀၀
■ နှစ်ပတ်လည်ရောင်ခြည်မဂ္ဂဇင်း




ဒီပစ္စည်း
ရှိနေရင်
မီး
မလောင်
နိုင်ဘူး
အိမ်ကို
မီးမကူးဘူး...
◆ စာ-၁၄၇



ဝဥ
အာလိုပင်
က
ပွင့်တဲ့
အပွင့်က
အေးသက်
ဝင်တယ်
လို့
ဆိုတယ်...
◆ စာ-၉၉

ပန်းအိုး ယူခဲ့ပါ
မင်းအာဘဲသာဆွေးလို့မရဘူး
ချည့်မြေနဲ့ ကျွမ်း ရှင်တယ်... ◆ စာ-၇၇



www.burmeseclassic.com

www.burmeseclassic.com



# ကံမမြို့မှ အောင်မင်္ဂလာ နန်းစဉ်သက်နှင်းနက်ဘုရား

စင်သိုက်

ကံမမြို့သို့ ရောက်သည်နှင့် ပထမဦးဆုံး ပူဇော်မှုအနေဖြင့် မင်းတုန်းရပ်တွင် ကိန်းဝပ်တော်မူသော အောင်မင်္ဂလာ နန်းစဉ် သက်နှင်းနက် ရုပ်ပွားတော်အား သွားရောက်၍ ဂါရဝပြု ဖူးမြော်ခဲ့သည်။

မင်းတုန်း ချောက်ကမ်းပါးတွင် မေးတင် ဆောက်လုပ်ထားသော ဂန္ဓကုဋိ တန်ဆောင်းတော်သို့ ရောက်ရှိသောအခါ ဦးဇော်ဝင်းဦးက ဂေါပကအဖွဲ့ထံ သွား၍ တန်ဆောင်းသော့ကို ယူဆောင်ဖွင့်လှစ်ပေးသည်။

ဦးအောင်ဝင်းတင့်က လိုက်ပါ ပို့ဆောင်ပေးသောအခါ "ဆရာကြီးဇော်ဝင်းဦးကို ဝင်ခေါ်သွားရအောင်။ ဟိုတစ်ချိန်တုန်းက ကျွန်တော်ရယ်၊ မြို့နယ်မှူး ဦးမောင်မောင်မြင့်ရယ်၊ တပ်ကြပ်ကြီး ဦးဇော်ဝင်းဦးရယ် သုံးဦးအတူ သာသနာပြု လုပ်ငန်းတွေ လက်တွဲညီညီ လုပ်ဆောင်ခဲ့ကြတယ်။ အဖေကြီး ဦးအေးဖေ သာသနာပြုဖို့ ကံမမြို့ကို လာတော့လဲ ကျွန်တော်တို့အဖွဲ့အတူ နေရာဒေသအနှံ့ သွားပြီး ကုသိုလ်ယူဖြစ်ကြတယ်'

ဟုဆိုကာ ဦးဇော်ဝင်းဦး နေအိမ်သို့ သွားရောက် ခေါ်ငင်ခဲ့ခြင်း ဖြစ်သည်။ သာသနာရေးတွင် စိတ်ပါဝင်စားသူဖြစ်ရာ ကျန်းမာရေး အနည်းငယ် ချူချာသော်လည်း ဦးထုပ်ဆွဲကာ ချက်ချင်းလိုက်ပို့ပေးသည်။

တန်ဆောင်းအတွင်း ဘုရားခန်းတွင်



နန်းစဉ် သက်နှင်းနက်ဘုရား


မကိုဋ်တန်ဆာဆင် မင်းဝတ်ဘုရား ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။ ပုဂံခေတ် လက်ရာဟန်အတိုင်း ထုလုပ်ထားသည့် တင်ပျဉ်ခွေ ဘူမိဖဿမုဒြာ ရုပ်ပွားတော် ဖြစ်သည်။

ဦးအောင်ဝင်းတင့်က ရုပ်ပွားတော်အား ဝိုင်းကူပင့်မပေးကာ ဦးထင်အောင်၍ သစ္စာပြု ဆုပန်ပါက ဆုရာဆန္ဒ




www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မင်္ဂလာနန်းစဉ် သက်န်းနက်ဘုရားဆောင် မြင်ကွင်း

◆ ထည့်သွင်းပင့်ဆောင်လာသော သေတ္တာ



ပြည့်ဝကြောင်း ပြောပြသည်။ သက်န်းနက်သားဖြစ်၍ အလေးချိန် အတန်ပင် စီးလှသည်။

## နောက်ခံသမိုင်း

ထို့နောက်တွင် ဂေါပကအဖွဲ့ဝင် ဦးသန်းထွန်း ရောက်လာသဖြင့် နောက်ခံ သမိုင်းအကျဉ်းကို ပြောပြသည်။

'အစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ နောက်ခံသမိုင်းအရ အလောင်းစည်သူမင်းကြီးက သိကြားမင်း လျှောက်ထားလို့ သက်န်းနက်ဖောင်တော် လင်းယဉ်(ရွက်)တိုင် သုံးပိုင်းပိုင်းပြီး တင်ပျဉ်ခွေရုပ်ပွား ထုလုပ် ပူဇော်တယ်လို့ ဆိုပါတယ်။ ရာဇဝင်တော်ကြီးတွေနဲ့ ညီမညီတော့ မသိပါဘူး။

ဒီရုပ်ပွားတော်ကို နန်းစဉ် ရုပ်ပွားတော်ရယ်လို့ မင်းအဆက်ဆက် ကိုးကွယ်ခဲ့တာ ကုန်းဘောင်ဆက် သီပေါမင်း ပါတော်မူတော့ မန္တလေးမြို့ နန်းဦးကျောင်းတိုက် ဆရာတော်ကြီးက ထိန်းသိမ်း ပူဇော်ထားလတဲ့။

နန်းဦးတိုက်မှာ လက်ထောက် ဦးသွင်းနှစ်ပါးရှိရာမှာ တစ်ပါးက ဦးစန္ဒိမာတဲ့။ ကံမမြို့ ဦးအိုးဒုတ်၊ ဒေါ်ပလိုင်းတို့ရဲ့သား။ ကံမဇာတိ





www.burmeseclassic.com

www.burmeseclassic.com



ဖွားပေါ့။ ဆရာတော်ကြီး ကျန်းမာရေး ယိုယွင်းလာတော့ ဒီဦးပဉ္စင်း နှစ်ပါးကပဲ ပြုစုရတယ်။

ပုံလွန်တော်မူခါနီးမှာ ပရိတ်တစ်ပါးကို ကျောင်းလွှဲပြီး ဦးစန္ဒိမာကိုတော့ နန်းစဉ် သင်္ကန်းနက်



ဒိုသူများထံမှ မြင်ရသည့် နတ်ရုပ်များ



မြို့လယ်ထဲ ခြင်္သေ့တစ်ကောင်

ခေါင်းပေါ်ရွက် အရိုအသေပြုရသည်

ဘုရား ပူဇော်ခွင့် ပေးခဲ့တယ်'

'နောက်ပိုင်း တိုင်းပြည် မငြိမ်မသက်ဖြစ်တော့ ဦးစန္ဒိမာလဲ ကံမမြို့ ပြန်လာတာ နန်းစဉ် ရုပ်ပွားတော်ကို သံသေတ္တာနဲ့ ထည့်ပြီး ပင့်လာခဲ့သတဲ့'

ဦးသန်းထွန်းက ဘုရားခန်းထောင့်ရှိ ရွှေချထားသော သံသေတ္တာကြီးကို ညွှန်ပြသည်။ မိမိတို့ငယ်စဉ် တက္ကသိုလ် ကျောင်းသားဘဝက အဆောင်နေရန် သွားစဉ် ပစ္စည်းပစ္စယ၊ အဝတ်အထည်များ ထည့်လေ့ရှိသည့် သံသေတ္တာ အကြီးစားဖြစ်သည်ကို တွေ့ရသည်။

အဆက်ဆက် မွမ်းမံ ထိန်းသိမ်းမှုနှင့် မူလပစ္စည်း အရည်အသွေး ကောင်းမွန်မှုတို့ကြောင့် ပကတိအတိုင်း ကောင်းမွန်စွာ မြင်ရသည်။

ကံမကိုရောက်တော့ အိမ်တွေမှာ အလှည့်ကျ ပူဇော်ထားကြပါတယ်။ ပြည်တော်သာခေတ်မှာ ဆဋ္ဌမ သင်္ဂါယနာတင်တော့ အဲဒီအချိန်က ဝန်ကြီးချုပ် ဦးနုက ရုပ်ပွားတော်ကို ရန်ကုန်မြို့၊ မဟာပါသာဏလိုဏ်ဂူတွင်း အပူဇော်ခံဖို့ ပင့်သွားပါတယ်။

ကာလအတော်ကြာပြီးနောက် ကံမမြို့သူမြို့သားတွေစုပြီး ပြန်ပင့်ကြတော့ ဝန်ကြီးချုပ်က ဂန္ဓကုဋိတိုက်တော်နဲ့ ပူဇော်နိုင်အောင် အလှူငွေ ငါးထောင်၊ မ,တည် လှူဒါန်းပေးခဲ့တယ်။ မြို့သူမြို့သား၊ ကုသိုလ်ရှင်တွေလဲ တတ်အားသရွေ့ ဝိုင်းလှူကြလို့ ၁၉၆၃ ခုနှစ်မှာ ဒီဂန္ဓကုဋိ တန်ဆောင်းတော် ဆောက်လုပ် ပူဇော်ဖြစ်ပါတယ်။

## အဋ္ဌရာယ်ကင်း မိုးခေါ်ရုပ်ပွားတော်

မြန်မာနိုင်ငံ အနှံ့အပြားတွင် ပလိပ်ရောဂါဘေး၊ ဝမ်းရောဂါဘေး ကျရောက် ဖိစီးချိန်တွင် ကံမမြို့ဝန်းကျင်၌ ကပ်ရောဂါဘေး ကင်းဝေးခဲ့သည်။ ထိုအချိန်တွင် ကြို့ပင်ကောက်မြို့မှ ဆရာတော်တစ်ပါးသည် ကံမမြို့ရှိ သီတင်းသုံးဖော် ဆရာတော်ထံ အာဂန္တုအဖြစ် ကြွရောက်စဉ် ဤအကြောင်းကို သိရသဖြင့် မြို့ခံဆရာတော်က အာမဝန်ခံ၍ ရုပ်ပွားတော်ကြီးအား ကြို့ပင်ကောက်သို့ ပင့်ဆောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ မြောက်ဘက်မုခ်စေတီနှင့် ရုပ်ပွားတော်များ



မှူးတော်လက်ရာ ပွတ်စေတီ ◆

ကံမမြို့လူထုကလည်း ရောဂန္တရဘေးဖြစ်၍ ကြည်ဖြူစွာပင် ခွင့်ပေးကြသည်။ သို့သော် အချိန်ကြာလာသောအခါ ထိုဆရာတော်က ရုပ်ပွားတော် ပြန်လည်ပေးပို့ခြင်း မရှိချေ။ သွားရောက် ပင့်ဆောင်လာသောအခါ သူ၏ ကျောင်းပိုင်ဖြစ်သည်ဟု လုပ်ကြံပြောဆိုလေသောကြောင့် အမှု ရင်ဆိုင်ရသည်အထိ ပြင်းထန်သွားလေသည်။

တရားရုံး၌ ဤရုပ်ပွားတော်သည် ကံမမြို့တွင် အစဉ်အဆက် ပူဇော်ထားရှိသော ရုပ်ပွားတော်ဖြစ်ကြောင်း ကျမ်းကျိန်ထွက်ဆိုရာ ရောင်ခြည်တော် ကွန့်မြူးတော်မူသဖြင့် တရားရုံးက ကံမမြို့သို့ ပင့်ဆောင်ရန် အမိန့် ချမှတ်ခဲ့လေသည်။

နှစ်ဆန်း (၄) ရက်နေ့တိုင်း မြို့တွင်းသို့ ဒေသစာရီ ကြွချီရန် ပင့်ဆောင်သောအခါ မိုးသားများ အုံ့မှိုင်းလာသည်မှာ နှစ်စဉ်ပင် ဖြစ်သည်ဟု သိရသည်။ မိုးခေါင်သောနှစ်များတွင် ရုပ်ပွားတော်အား အပြင်ဘက်သို့ ပင့်ဆောင် ရေသပ္ပာယ်ပါက မိုးရွာလေ့ရှိသည် ဆို၏။

## ထူးခြားမှု အချို့

တစ်နှစ်သော နှစ်ဆန်း (၄) ရက်နေ့ ကံမမြို့တွင်း ဒေသစာရီ ကြွချီရန် ပြင်ဆင်နေကြစဉ် ဂီယာထိုး၍ စက်သတ်ထားသော မော်တော်ယာဉ်တစ်စင်းသည် တန်ဆောင်းနံဘေး၌ ရပ်ထားရာမှ ချောက်ကမ်းပါးမှတစ်ဆင့် မင်းတုန်းချောင်းတွင်းသို့ လိမ့်ဆင်းသွားသည်ကို တွေ့ရသည်။ လူတစ်စုက စုပေါင်း တွန်းချလိုက်သည့်နှယ် ရုတ်တရက် ကျသွားခြင်း ဖြစ်သည်။

ဖြစ်စဉ်ကို လေ့လာကြည့်သောအခါ ထိုယာဉ်ပိုင်ရှင်မှာ ရတနာသုံးပါး အယုံအကြည်မရှိသော ဘာသာခြား ဖြစ်သည့်အပြင် ပင့်ဆောင်ရေးအဖွဲ့က အရေးတကြီး လိုအပ်ချိန် ဖြစ်သောကြောင့် ကားခ ငွေကြေးကို မတန်တဆ တောင်းဆို လိုက်ပါခဲ့သည် ဆို၏။

ထိုအချိန်မှစ၍ ဒေသစာရီ ကြွချီပူဇော်ပွဲ ပါဝင်ဆင်နွှဲကြသော မော်တော်ယာဉ်များသည် အထူး ဆင်ခြင်ကာ ဝိသမလောဘကို ထိန်းသိမ်းကြတော့သည် ဆို၏။

ရုပ်ပွားတော်အား မိမိတို့၏ သဒ္ဓါတရားအလျောက် ဆွမ်း, သစ်သီး, ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ကြရာတွင် ကပ်လှူပြီးသားဆွမ်းကို (မသိ၍) ထပ်မံ ကပ်လှူပါက ထိုဆွမ်းပွဲသည် လွင့်စဉ်ကာ ကြမ်းပေါ် ကျလေ့ရှိသည်။

ထိုအဖြစ်ကို မယုံကြည်သော လူတစ်ယောက်က ကပ်ပြီးသားဆွမ်းကို သိလျက်နှင့် တမင်တကာ ထပ်မံ ကပ်လှူကြည့်သည်။ ဆွမ်းပွဲမှာ မည်သို့မျှ မဖြစ်သော်လည်း လူတွင် ချက်ချင်း ဆိုသလိုပင် အဖုအပိမ့်များ ပေါက်လာကာ ဆေးကုသ၍မရသော ထိုရောဂါဆိုးနှင့်ပင် ကွယ်လွန်သွားရှာသည်ဟု သိရလေသည်။

၁၉၈၀ ပြည့်နှစ်ဝန်းကျင်နှင့်တွင် လူတစ်စုသည် ဘုရားခန်း ပြတင်းအထက်ရှိ အလင်းပေါက်မှန်အား ဖျက်



www.burmeseclassic.com

www.burmeseclassic.com





◆ တစ်ဖက်ကမ်းမှ ကံမလေးရွာ

◆ ဗောဓိလင်းလွန်းပင်

ဆီးကာ ရုပ်ပွားတော်အား ခိုးယူကြသည်။ အမြင့်ဥာဏ်တော် (၂၇)လက်မခန့်ရှိ၍ အလေးချိန်စီးသည် ဆိုသဖြင့် အလွယ်တကူ သယ်ထုတ်နိုင်စေရန် အင်အားဖြင့် ဝင်ရောက်ကြခြင်း ဖြစ်သည်။

ဘုရားခန်း တွင်းသို့ ရောက်ရှိသောအခါ ဘုရားကို မတွေ့ရဘဲ ပလ္လင်လွတ်သာ တွေ့မြင်ရသဖြင့် အောက်ခြေမှ လက်အုပ်ချီ ပူဇော်နေဟန် နတ်ရုပ် (၄)ရုပ်ကိုသာ ခိုးယူသွားကြလေသည်။

◆ ဂေါပကအဖွဲ့ဝင် ဦးသန်းထွန်း



မကြာမီ ရဲတပ်ဖွဲ့ အကူအညီဖြင့် ထိုနတ်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး တစ်နေရာ၌ ပြန်လည်ရရှိကာ ခိုးသူတို့ကိုလည်း လက်ရ ဖမ်းဆီးမိသဖြင့် ဤဖြစ်စဉ်ကို သိရှိရသည်ဟု ဂေါပကအဖွဲ့ကိုယ်စား လိုက်ပါသွားသူ ဦးသန်းထွန်းက ပြောပြသည်။

'ဒီရုပ်ပွားတော်က မှန်မှန်ကန်ကန် သစ္စာပြု ဆုပန်ရင် ဆုတောင်းပြည့်တယ်။ ကျန်းမာရေးအတွက် ဆိုရင်လဲ ဆေးဝါးသမားကောင်း တွေ့ပြီး သက်သာခွင့်ရတယ်။ လုပ်ကြံလီဆယ်ရင်လဲ ဒီဒဏ်မှ လက်တွေ့ ခံစားရတယ်။ ရုပ်ပွားတော်အမှု ဖြစ်တုန်းက လိမ်လည်တဲ့ ဆရာတော်လဲ ချက်ချင်းဆိုသလို ဝမ်းလျှောပြီး ပျံလွန်တော်မူသွားတယ်။

လောကီ, လောကုတ္တရာ နှံ့စပ်တဲ့ ဆရာတော်ကြီးတွေကို မေးလျှောက်ကြည့်တော့ ထုဆစ်တဲ့ သစ်သားက ကာရကစွမ်းအင်ပြည့်စုံတဲ့အပြင် ပြုလုပ်စီရင်တဲ့အချိန်မှာ နက္ခတ်ဂြိုဟ် အစီးအနင်း ကောင်းမွန်လို့ ဒီလို အစွမ်းထက်တာလို့ မိန့်တော်မူကြပါတယ်'

ဤသက်နှိုးနက် နန်းစဉ်ဘုရားအား ကျန်းမာရေးအစ လောကီ, လောကုတ္တရာ ကိစ္စအဖြာဖြာ အောင်မြင် ဘေးကင်းစေရေး ပူဇော် ဆုတောင်းပြည့်ကြသဖြင့် အောင်မင်္ဂလာ နန်းစဉ်သက်နှိုး နတ်ဘုရားဟု ဘွဲ့မည် ကပ်လှူထားလေသည်။

## ဝန်းကျင်တာစ်ခို

ထို့နောက်တွင် ဂန္ဓကုဋိတန်ဆောင်းမှထွက်ကာ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုရာ လက်ယာဘက်တွင် ပုဆိုးသုံးဆင့်ခံ ပွတ်စေတီကြီးတစ်ဆူ ဖူးတွေ့ရသည်။ မြို့သူကြီး ဦးအောင်ချမ်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုစေတီ ဖြစ်သော်လည်း စေတီပုံသဏ္ဌာန်မှာ ပျူခေတ်လက်ရာဟု ခန့်မှန်းကြသည်။ ထိုစေတီ၏ ချောင်းကမ်းဘက်တွင် ပြိုပျက်နေသော ခြင်္သေ့ကြီးကို လှမ်းမြင်ရသည်။

ခြင်္သေ့အနီးတွင် ဗောဓိလင်းလွန်းပင်တစ်ပင်ကို ပရိဘောဂစေတီအဖြစ် စိုက်ပျိုးပူဇော်ထားသည်။ ချောင်း၏တစ်ဖက်တွင် ကျယ်ပြန့်သော သဲသောင်ပြင်ခြားကာ ရောဝတီ မြစ်ပြင်ကျယ်ရှိသည်။ မြစ်ကမ်းထက်တွင် စေတီပုထိုးအချို့နှင့်အတူ "ကံမလေး" ရွာကို ပျပျမြင်ရလေသည်။

တန်ဆောင်း၏ လက်ဝဲဘက်တွင် ရှစ်မြှောင့်ပစ္စယံနှင့် နှောင်းခေတ်လက်ရာ စေတီတစ်ဆူရှိကာ အနီးတွင် အမိုးတန်ဆောင်းနှင့် ရုပ်ပွားတော်များစီတန်း ပူဇော်ထားသည်။ တင်ပျဉ်ခွေရုပ်ပွားတော် (၉)ဆူနှင့် ထိုရုပ်ပွားတော်များအကြား၊ နောက်ခံတံကဲ၌ မတ်ရပ်တော် (၉) ဆူတို့ စံပယ်တော်မူကြလေသည်။

---

**နိဂုံးပူဇာ**

---

ဤသက်န်းနက် ရုပ်ပွားတော်မှာ လောကီ, လောကုတ္တရာ မျက်နှာစာ အသီးသီးအတွက် ဆုတောင်းပြည့်ဝ၍ အထူးသဖြင့် ထီနှင့်ပတ်သက်၍ ကံထူးကံကောင်းကြသူ များသည်ဟု မြို့ခံမိတ်ဆွေများက ပြောပြကြသည်။

ထို့ကြောင့် ကာရကစွမ်းအင်ကောင်းမွန် နက္ခတ်ဂြိုဟ် အစီးအနင်းမှန်ကန်စွာ ထုဆစ် ပူဇော်ထားသော သင်္ကန်းနက်ဘုရားအား ဝေဒရှုထောင့်မှ ပူဇော်ကြည့်သည်။

**"သင်္ကန်းနက်"**ဟူသော ပညတ်ဘွဲ့တော်အရ **"သောကြာ၊ တနင်္လာ၊ စနေ ဂြိုဟ်သက်"**ပေါင်းလျှင် **၂၁ + ၁၅ + ၁၀ = ၄၆** ရ၏။ **"ထီ"**ဝေါဟာရ စနေဂြိုဟ်သက် ထပ်ပေါင်းလျှင် ၄၆ + ၁၀ = ၅၆ (၇)စားက လဒ် (၈) ကြွင်း (၀) ဖြစ်၏။ စနေဂြိုဟ် သချာပင် ဖြစ်သောကြောင့် **နံ့ပေါ်ဓာတ်ရကိန်း** ဆိုက်ကာ ထီကံထူးကြခြင်း ဖြစ်သည်။

ဤရုပ်ပွားတော်သည် ယခင်က အိမ်စဉ် အလှည့်ကျ အပူဇော်ခံ သီတင်းသုံးတော်မူရသော်လည်း စနေသား ဦးနု မ,တည်ကောင်းမှုပြုသောကြောင့် ဂန္ဓကုဋိတိုက်တော်တွင် တည်မြဲ ကိန်းဝပ်တော်မူရလေသည်။

ထို့ကြောင့် စနေဂြိုဟ် ပရိယာယ်ဆိုင်ရာ ကိစ္စများအတွက်လည်း အထူးပြု ပူဇော် ဆုတောင်းနိုင်သော ရုပ်ပွားတော်မြတ် ဖြစ်လေသည်။

သို့ဖြစ်လေရာ သရက်ခရိုင်၊ ကံမမြို့သို့ ရောက်ခဲ့ပါလျှင် မင်းတုန်းရပ်ကွက်၊ မင်းတုန်း ချောက်ကမ်းပါးရှိ ဂန္ဓကုဋိတန်ဆောင်းတော်၌ ကိန်းဝပ် စံပယ်တော်မူသော အောင်မင်္ဂလာ သင်္ကန်းနက် နန်းစဉ် ရုပ်ပွားတော်ကြီးအား အလေးအမြတ်ထား၍ ဖူးမြော်သင့်ကြောင်း တိုက်တွန်းရပေသည်။

**ဇင်ညိုငယ်**

---

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

# ထီ

## အတွက် ရွေးချယ်ဝါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၉၄ |
| **ဇူလိုင်လ** | ၇ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၁၄ = ၁၀= ၁ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၁) ဂဏန်းရသည်။ သို့ဖြစ်၍ ၁၊ ၂၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အဘူသဖြင့် ရှေ့ဂဏန်းများကို ၁၊ ၂၊ ၅၊ ၈ ကို ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၅...၁ | ၈...၁ |
| ၁...၂ | ၂...၂ | ၅...၂ | ၈...၂ |
| ၁...၅ | ၂...၅ | ၅...၅ | ၈...၅ |
| ၁...၈ | ၂...၈ | ၅...၈ | ၈...၈ |

မှတ်ချက်။ ။(...)ကွင်းအတွင်း ပြထားသော ၁၊ ၅၊ ၆၊ ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၇ + ၂+ ၀+ ၁ +၃) = ၁၃= ၄ ဂဏန်း ရသည်။ သို့ဖြစ်၍ "၄"ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ပါ၍...



| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၄၊ | ၅၊ | ၆၊ | ၈ |
| ၂... | ၂၊ | ၄၊ | ၅၊ | ၆၊ | ၈၊ | ၁ |
| ၅... | ၅၊ | ၆၊ | ၈၊ | ၁၊ | ၂၊ | ၄ |
| ၈... | ၈၊ | ၁၊ | ၂၊ | ၄၊ | ၅၊ | ၆ |

ဤလတွင် **တနင်္ဂနွေနှင့် ဗုဒ္ဓဟူး** သားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းဘုရားတစ်ဆူဆူ၏ ရင်ပြင်တော် ပတ်ဝန်းကျင်ကို သန့်ရှင်းရေးပြုလုပ်ပြီး မိမိမွေးနံအရပ်၊ ထောင့်တွင် သမ္ဗုဒ္ဓေဂါထာတော်ကြီး သက်စေ့ ရွတ်ပွား ပူဇော်ပေးပါ။ (၃)ကြိမ်တိုင် ဆောင်ရွက်ပါ။

အထက်ပါ အမိန့်ာန်ပြီးပါက မိမိတို့ ပတ်ဝန်းကျင်ရှိ ကလေးများအား အာဟာရလှူဒါန်းပြီးမှ နီးစပ်ရာဆိုင်တွင် ကံစမ်းနိုင်ကြပါသည်။

အထူးဂဏန်း

✦ ၁၂၅၆၈၅ ✦ ၅၂၆၈၅၆ ✦ ၄၂၁၁၈၅

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက် (သုစေယီ)**



www.burmeseclassic.com

www.burmeseclassic.com



# စာတည်းချုပ်၏ (၂၇)နှစ်မြောက် အထူးအသိပေးလွှာ

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား ထုတ်ဝေလာခဲ့သည်မှာ **၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ၂၇-နှစ် ပြည့်မြောက်ပြီ ဖြစ်ပါသည်။** (၂၇)နှစ်တာကာလအတွင်း ဝိုင်းဝန်းကူညီ အားပေးသူများအား အထူး ကျေးဇူးတင်ပါသည်။

ထို့ပြင် (၂၇)နှစ်တာပတ်လုံး စာမူ ရေးသားချီးမြှင့်ပေးသော ဆောင်းပါးရှင်၊ သုတေသီ ဝါသနာရှင်တို့အားလည်း ထပ်ဆင့် ကျေးဇူးတင်ပါသည်။

ထပ်မံ၍ ကျေးဇူးတင်ရမည့်သူများကား စာဖတ်ပရိသတ်ကြီးပင် ဖြစ်ပါသည်။ စာဖတ်ပရိသတ်ကြီး၏ အစဉ်တစိုက် အားပေးမှုကြောင့်သာ ဤနှစ်ကာလအထိ ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ (၂၇)နှစ်တာပတ်လုံး စာရေးသူများထံမှ စာဖတ်ပရိသတ်ကြီးထံသို့ အသိပညာ၊ အတတ်ပညာဖြန့်ဖြူးခြင်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင် နိုင်ခဲ့ပြီဟု ယုံကြည်ပါသည်။ ဆက်လက်၍လည်း ဤတာဝန်ကို ထမ်းဆောင်ပါဦးမည်။

ဆောင်းပါးရှင်များထံမှ အသိအတတ်ပညာများကို စာရေးသူတို့၏ မူရင်းအတိုင်း စာဖတ်ပရိသတ်ထံ တတ်နိုင်သမျှ ပို့ဆောင်ခဲ့ပါသည်။ မိမိအကျိုးအတွက် နုတ်ပယ်ခြင်း၊ ထုတ်ပယ်ခြင်း၊ ချန်လှပ် ထားခြင်းများ မရှိပါ။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘုရားပုထိုး,ဂူ,ကျောင်းနှင့် ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၊ ရှေးဟောင်းပညာရပ်များ၊ ကျန်းမာရေးပညာပေးများ၊ ကျင့်စဉ်များကို ဖော်ထုတ်စုစည်းခွင့်အား ထမ်းဆောင်ခွင့်ရခြင်းကိုလည်း ကျွန်တော့်အနေနှင့် အထူး ဂုဏ်ယူမိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ အားနည်းချက်များကို သည်းခံခွင့်လွှတ်ပေးသော စာရေးသူများနှင့် စာဖတ်ပရိသတ်ကြီးအား အထူးကျေးဇူးတင်ပါသည်။ ဤမဂ္ဂဇင်းကြောင့် ရရှိလာသော အကျိုးအမြတ်တို့ကို တတ်နိုင်သမျှ သာသနာတော်အတွက် ပူဇော်ခဲ့ပါသည်၊ ပူဇော်ဆဲလည်း ဖြစ်ပါသည်။

ထိုထို ကုသိုလ်ကောင်းမှုများကိုလည်း စာရေးသူ၊ စာဖတ်ပရိသတ်ကြီးနှင့် မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်တို့အား အထူးအမျှပေးဝေပါ၏။ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေသတည်း။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်တောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော်၊ စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ၀က်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာ၀င်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့် **"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"** ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါ၀ေဒနာရှင်များ အသားထဲ စိမ့်၀င်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါ၀ေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယဉ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ၀မ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ၀န်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ၀ေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၃) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀)လမ်း၊ မင်္ဂလာဈေးအနီး

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ရေနီတောင်ဖီလာ (သို့မဟုတ်)

# ဗဟိုတောင်ဖီလာတောရသို့

လေ့လာစူးစမ်းခရီးစဉ် (၁)

စံလွင်နီးသာ

## နိဒါန်း

တောင်ငူမြို့သို့ စာပေတာဝန်ဖြင့် ရောက်လေတိုင်း အားတက်သရော ကူညီပေးမြဲဖြစ်သည့် ဆရာဦးကျော်မြင့်ထံမှ ရေနီတောင်ဖီလာဆရာတော် အကြောင်း စတင် ကြားသိခဲ့ရသည်။

'ကျွန်တော် အလယ်တန်းကျောင်းသားဘဝ (၁၉၇၀ ပြည့်နှစ်ဝန်းကျင်) ကတည်းက တောင်ဖီလာဆရာတော်ကြီးက "ဖင်းတစ်နေ့ ကျရင် တိုင်းရင်းဆေးပညာမှာရော၊ ပါရမီကျင့်စဉ်လမ်းမှာပါ "မဟောသဓ"ဆိုတဲ့ နာမည်နဲ့ကျော်ကြားလိမ့်မယ်"ဆိုပြီး ဆရာတော်ကိုယ်တိုင် ရေးထားတဲ့ဆေးနည်းတွေ ကျွန်တော့်ကို ပေးခဲ့တယ်'

'ဘယ်က တောင်ဖီလာလဲ ဆရာ'

'ရေနီမြို့ အရှေ့ရူးရူး (၁၀)မိုင်အကွာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းက တောင်ဖီလာပါ။ မြန်မာနိုင်ငံမှာ **"'တောင်ဖီလာ''လို့ အမည်ရတဲ့ တောင်ကိုးတောင် ရှိရာမှာ အလယ်ဗဟိုကျတဲ့တောင်တဲ့။** ကျန်တဲ့ တောင်ဖီလာတွေ တည်ရာကိုတော့ ကျွန်တော် မသိခဲ့ရပါဘူး။

ဒါတင်မကသေးဘူး။ ရေနီတောင်ဖီလာ တောင်ထိပ်ကို မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်လို့ ဝိဇ္ဇာတွေ သတ်မှတ်ခဲ့ကြသတဲ့'

'ဆရာတို့နဲ့ အတော်ရင်းနှီးခဲ့တယ် ဆိုတော့ ဆရာတော်ရဲ့ နောက်ခံဘဝ ဇာတ်ကြောင်းများ သိနိုင်မလား'

'ရင်းနှီးဆို ကျွန်တော့်မိဘများဖြစ်



ဘာမသိတဲ့ တောင်ဖီလာဆရာတော် ဦးပဏ္ဍိတ

ကြတဲ့ ဦးအောင်ခင်၊ ဒေါ်ကျင်မြိုင် ဆိုတာ ဆရာတော်ရဲ့ တပည့်ဒါယကာ အရင်းအချာတွေလေ။ ဆရာတော်က ၁၂၇၀ ပြည့်နှစ်မွေး ကြာသပတေးသား။ ရမည်းသင်းမြို့နယ်၊ သဖန်းကျောင်းရွာ ဇာတိဆိုတာပဲ သိရတယ်။

အသက် (၃၅)နှစ်မှာ ရဟန်းဝတ်တယ်။ ရဟန်းမဖြစ်မီ အဝိဇ္ဇာတ်ပညာ၊



www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ဖီလာအဝင်မုခ်ဦး

▼ တောင်ဖီလာတောရအဝင်မြင်ကွင်း



တိုင်းရင်းဆေးပညာတွေကို နှံ့စပ်ကျွမ်းကျင်အောင် သင်ယူခဲ့တယ်။ ရသေ့ဝတ်နဲ့ နေရာအနှံ့ လှည့်လည်ပြီး ကျင့်ကြံအားထုတ်ခဲ့တယ်။

၁၃၀၇ ခုနှစ်မှာ ပုပ္ပါးတောင်ကနေ စစ်တောင်းအရှေ့ ရေနီတောင်ဖီလာကို ရောက်လာတယ်။ အဲဒီအချိန်တုန်းက တောင်ဖီလာမှာ ကိုလူထူးဆိုတဲ့ ကိုရင်က သာသနာပြုနေတယ်။ ဆရာတော် ရောက်လာတော့ တောင်ဖီလာကို ဆက်ပြီး သာသနာပြုပါလို့ အပ်ပြီး ဂန္ဓာရီခရီး ထွက်သွားသတဲ့'

ဆရာ ဦးကျော်မြင့် ပြောပြချက်အရ တောင်ဖီလာဆရာတော်သည် ရက္ခန်းစင်တောင် ဆရာတော် ကပ်ကျော်ဘဘကြီး ဦးစိုးမင်းခေါ် ရသေ့ကြီး ဦးခန္တီနှင့် အဘအောင်မင်းခေါင်တို့ ပုပ္ပါးတွင် အခြေပြု၍ နယ်ချဲ့အစိုးရကို အတွင်းလမ်းခေါ် သာသနာပြုနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ပွဲဝင်နေသော ၁၃၀၀ ပြည့်နှစ်ဝန်းကျင်၌ ပုပ္ပါးသို့ ရောက်ရှိ ကျင့်ကြံခဲ့သည်ဟု ဆိုလေရာ အထက်ပါ ပုဂ္ဂိုလ်ကြီးများထံမှ ပညာအမွေကိုလည်း လက်ခံရရှိခဲ့သည်ဟု ယူဆဖွယ် ရှိလေသည်။

'ကျွန်တော်တို့ လူမှန်းသိတဲ့အရွယ်ကျတော့ ဆရာတော်က တောင်ဖီလာ ရောက်နေပါပြီ။ ဆရာတော် အိမ်ကြွလာပြီဆိုရင် **'ဘုန်းဘုန်း ခါတ်လုံး ပေးပါ'** ဆိုပြီး ရင်းနှီးနေတဲ့အလျောက် ကလေးသဘာဝအတိုင်း ဆရာတော် လွယ်အိတ်ထဲက ဓာတ်လုံးကို အတင်းနှိုက်ယူ၊ အဖေစုဆောင်းထားတဲ့ ပျားရည်ပုလင်းထဲ ထည့်လိုက်ရင် ပျားရည်က ဖြူဖွေးသွားတာကို ပျော်နေတာဗျ။

တောင်ဖီလာကျောင်း ရောက်ရင်လဲ ဆော့ကစားလို့ဝရင် ဆရာတော်ဆီက မုန့်တောင်းစားကြတယ်။ တစ်နေ့တော့ မှတ်မှတ်ရရ ရှိတာက...

"ဆရာတော် ဗိုက်ဆာတယ်။ ဘာမုန့်ရှိသလဲ"

လို့ လျှောက်တော့...

"မင်းတို့ ဘာမုန့်စားချင်လဲ"

တဲ့။

"တပည့်တော် စားချင်တာ ရနိုင်မလားဘုန်းဘုန်း"

လို့ လျှောက်တော့...

"ရတာပေါ့ကွယ်၊ သကြားလုံးဆိုရင် သကြားလုံး အခွံပေး၊ သစ်သီးဆိုရင် အစေ့ကလေးရအောင် ယူလာကွာ"

တဲ့။ ဒါနဲ့ ကျောင်းထဲလိုက်ရှာတာ သရက်စေ့တွေ တွေ့တယ်။ သရက်သီး သီးချိန်လဲ မဟုတ်လို့ အရင်က စားပြီး လွှင့်ပစ်တဲ့ သရက်စေ့ခြောက်ကို ရေဆေးပြီး ဆရာတော်အခန်းက ဘုရားစင်မှာ တင်ထားလိုက်တယ်။

ဆရာတော် ရောက်လာပြီး သရက်စေ့ကိုမြင်တော့ မျက်နှာတစ်ချက် တည်သွားတယ်။

"အင်းလေ စားရမှာပေါ့။ ညနေ လေးနာရီလောက်အထိတော့ စောင့်ကွာ"

တဲ့။ ဒီလိုနဲ့ လေးနာရီထိုးတော့ တောင်ဖီလာရွာက ဒေါ်မြအေးတင်ဆိုတာ ရောက်လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

“အရှင်ဘုရားရဲ့တပည့်ကို ဖျောင်းဖျပေးပြီး ဒီနေ့ နေ့လယ်လောက်မှာ သရက်ခြံဘက် မရောက်ဖြစ်တာကြာပြီ သွားကြည့်လိုက်ဦး မယ်လို့ ထွက်သွားတာ အခါမဲ့ သရက်သီး တွေ သီးပြီး မှည့်နေတာတွေ့ရတယ်။ ဒါနဲ့ပဲ သူလဲ အခါမတိုင်မီ သေမှာပဲလို့ စိုးရိမ်တကြီး ဖြစ်နေတယ်ဘုရား”

‘‘ဟေ ဒီဒကာနယ် တယ်ခက်တာ ကိုး။ အခါမဲ့ သရက်သီးမှည့်ရတာ ကောင်းတာပေါ့။ မမျှော်လင့်ဘဲ လာဘ် လာဘ ဝင်လိမ့်မယ်လို့ သေသေချာချာ ပြောပြလိုက်’’

ဒီလိုနဲ့ အဲဒီနေ့က ကျွန်တော်တို့တွေ သရက်သီးမှည့်ကို အားပါးတရ စားခဲ့ရ ပါတယ်’

‘ဆရာ အရင်က ပြောပြဖူးတဲ့ ဆေး ပြာကျွေးတဲ့ ဆရာတော်ဆိုတာ ဒီ ဆရာတော်လား’

‘ဟုတ်တယ် ကျွန်တော် အသက် သုံးဆယ်အရွယ် အမေက ငါးဆယ် ကျော်အရွယ်မှာ တောင်ဖီလာဆရာ တော်က ဆေးပြာနှီးတစ်တို့စီ ပျားရည် နဲ့ ကျွေးခဲ့တယ်။ ရှိရင်း အသက်အရွယ် ထက် နုပျိုစေတယ်။

ဇရာကို အတန်အသင့် ထိန်းနိုင်ပေ မယ့် မရဏကို မထိန်းနိုင်ဘူး။ အမေ ဆိုရင် (၈၅)နှစ်အရွယ်မှာပဲ ကွယ်လွန် ခဲ့ပေမယ့် သက်ရွယ်တူတွေကြားမှာ အများကြီး နုပျိုခဲ့ပါတယ်’

ဆရာဦးကျော်မြင့်က စာဖတ် ပရိသတ်များ အကျိုးရှိစေရန် တောင်ဖီ လာဆရာတော် လက်ရေးမူဆေးနည်း များကို မိတ္တူကူး၍ ဒါနပြုပါသည်။ ထို့ကြောင့် ကောင်းနိုးရာရာ ရွေးချယ် ကာ နောက်ပိုင်းတွင် တင်ပြပေးပါမည်။

## ဦးကိုကို၏ အတွေ့အကြုံ

ဆရာ ဦးကျော်မြင့်က သူ့ထက် အသက်အနည်းငယ်ကြီးသော တပည့် ရင်းတစ်ဦးထံသို့ ခေါ်သွားပေးသည်။ ထိုသူထံတွင် ဆရာတော်၏ ဓာတ်ပုံ များ ပူဇော်ထားကာ တောင်ဖီလာသို့ သွားရန် ခရီးစဉ်ကိုလည်း ပြောပြနိုင် သောကြောင့်ဖြစ်သည်။

**တောင်ငူမြို့ ရန်ကုန်-မန္တလေး ကားလမ်း အိမ်အမှတ် (၈/၄၉) အရှေ့ရပ်ကွက် အုတ်ကြွပ်တန်းနေ ဦးကိုကို၊ ဒေါ်စန်းမြင့်**တို့ နေအိမ်သို့ ရောက်ရှိသွားသောအခါ ဆရာတော်ကြီး၏ ဓာတ်ပုံများကို တွေ့ရသော် လည်း ဆေးသား ပျက်ပြယ်နေသဖြင့် မှတ်တမ်း မပြုနိုင်ခဲ့ပါ။

သို့သော် ဆရာတော်၏ ဝါးပုံးတောင် ဝှေးကိုမူ ရိုက်ကူးဖော်ပြနိုင်ခဲ့ပါသည်။ ဆရာတော် အမြဲတမ်း အသုံးပြုသော ဝါးပုံးတောင်ဝှေးကို ဦးကိုကိုက ဆက်ခံ ပူဇော်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ဦးကိုကိုသည် ယနေ့တိုင်အောင် တောင်ဖီလာ သာသနာမြေအတွက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း



◆ အသစ်ဆောက်လုပ်ထားသော တောင်ဖီလာကျောင်း

◆ ဆရာတော် သီတင်းသုံးရာကျောင်း






www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခန်းတွင်းမြင်ကွင်း

ပွဲတော်ကာလ ကျွေးမွေးလှူဒါန်းရာဇရပ်



သော "သာသနာ့ဟိတကာရီဝတ် အသင်း"၏ ဦးစီးဦးဆောင်တစ်ဦးဖြစ်သည်။

နှစ်စဉ် တပေါင်းလကွယ်နေ့တွင် ကျင်းပမြဲဖြစ်သော တောင်ဖီလာဘုရားပွဲတော်**(ထိုပွဲတော်သည် တောင်ဖီလာ ဆရာတော် ဦးပဏ္ဍိဝ ရှိစဉ်ကတည်းက ကိုယ်တိုင် ဦးဆောင်ကျင်းပလေ့ရှိသည့် အာစရိယပူဇော်ပွဲဖြစ်သည်။)**နေ့တွင် တာဝန်ယူဆောင်ရွက်ပေးမြဲဖြစ်ကြောင်း သိရှိရသည်။

'တောင်ဖီလာ ဆရာတော်ကြီး တောင်ငူကို ကြွလာရင် ကျွန်တော့်အိမ်မှာ သီတင်းသုံးပါတယ်။ ငယ်ကြောက်တပည့်ဖြစ်တာမို့ ဆရာတော် မိန့်သမျှကိုသာ နာခံလုပ်ကိုင်ပေးရပါတယ်။ ဒါကြောင့် ဆရာတော်ရဲ့ နောက်ခံဖြစ်စဉ်ကို တိတိကျကျ မမေးဝံ့လို့ မသိခဲ့ရပါဘူး'

'ဆရာတော်ကြီး ရှိစဉ်က ဒုက္ခရောက်နေတဲ့ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ပေးခဲ့တယ်လို့ သိရပါတယ်။ ဦးကိုကိုအတွက် တစ်စုံတစ်ရာ လုပ်ဆောင်ချီးမြှင့်ပေးခဲ့တာ မရှိဘူးလား'

'ဒီအိမ်ကြီးကို ဝယ်ဖြစ်ခဲ့တာ ဆရာတော့်ကျေးဇူးကြောင့်ပါ။ ဟိုတုန်းက (၁၃၄၀ ပြည့်နှစ်လွန်ကာလ) မြေရော၊ တိုက်ပါ ခုနစ်သောင်းနဲ့ ရခဲ့တာပါ။ တခြား ထူးထူးခြားခြားတော့ မတောင်းဆိုဝံ့ပါဘူး'

'ဘာကြောင့်များလဲ'

'တောင်ငူက ငွေကြေး အတန်အသင့် ချမ်းသာတဲ့ ဒေါ်...ဆိုရင် ငွေကြေးအပေးအယူကိစ္စ ပြဿနာကြုံတယ်။ ဆရာတော့်ကို အကူအညီ တောင်းတော့...

"ဒကာမဘက်က မှန်ရဲ့လား"

"မှန်ပါတယ်"

"ကောင်းပြီ၊ ကောင်းသူစံ၊ မကောင်းသူကတော့ ကိုယ့်ထိုက်ကိုယ့်ကံ ခံပေရော့"

ဆိုပြီး အစီအစဉ်တွေ လုပ်ပေးလိုက်တယ်။ နောက်ဆုံးတော့ ဒေါ်...ကလိမ်လည် လှည့်ဖြားတာဖြစ်လို့ သားသမီးလဲဆုံး၊ အိမ်ခြံလဲကုန် ပြုတ်ပြုတ်ပြုန်းတာ ဖြစ်ဖူးတယ်လေ။ ထိုက်သလောက် ရမှာပဲလို့ တွေးပါတယ်။

ဒါပေမယ့် ဘုရားတည် ကျောင်းဆောက်တဲ့အခါ အဆင်ပြေအောင် စီစဉ်ပေးလေ့ ရှိပါတယ်။ မြို့တောင်စေတီ မွမ်းမံတုန်းက ကျွန်တော့်မှာ ငွေ(၆)သောင်းကျပ်တည်း ရှိတယ်။ မွမ်းမံရမယ့် စေတီဟောင်းက ဉာဏ်တော်သိပ်မမြင့်တဲ့ စေတီငယ်ကလေးမို့ ဖြစ်နိုင်ကောင်းပါရဲ့လို့တော့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com





▲ ရှပ်ကလာပ်ထားရာအခန်း အပြင်ဘက်မြင်ကွင်း

ရှပ်ကလာပ်တော် ထားရှိရာအခန်းမှ အလိုလိုပိတ်သွားသောတံခါး ▶

တယ်။ အလှူမခံရဘူး။ သူ့သဒ္ဓါ အလျောက် လာလှူရင် ထည့်သုံးပါတဲ့။

တကယ်တမ်း ပြုပြင်ရတဲ့အခါမှာ (၃၁)တောင်စေတီ ဖြစ်အောင် လုပ်ရမှာတဲ့ အတော့်ကို ခေါင်းနပန်းကြီးသွားတယ်။ ဒါပေမယ့် ဆရာတော့်အပေါ် ယုံကြည်ကိုးစားပြီး လုပ်စရာရှိတာလုပ်သွားတယ်။

အလှူငွေ ရောက်လာရင် စေတီအတွက် ရည်မှန်းပြီး ဗီရိုတစ်လုံးထဲ ထည့်ထားလိုက်တယ်။ ဘယ်လောက်ရှိတယ်။ ဘယ်လောက် ပေးရမယ်ဆိုတာတွေ ခေါင်းထဲ မထည့်ထားဘူး။ စေတီထီးတင်တော့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသဖြင့် ပေးရမယ့် စာရင်းဇယားတွေ ရှင်းလင်းပြီးတဲ့ အချိန်မှာ ဗီရိုထဲကငွေက မပိုမလို အတိအကျပဲဗျာ'

'ဆရာတော်ဆီက ဆေးတို့၊ ဓာတ်လုံးတို့ကော ရလိုက်သေးလား'

'အရေးကြီးတဲ့ ဆေးနှစ်မည်တော့ ရပါတယ်။ **သည်းခြေပေါင်းစုံ အဆိပ်ဖြေဆေးကြီးနဲ့ ကိုယ်လုံဆေး**တွေပါ'

ဦးကိုကိုက တရိုတသေ သိမ်းဆည်းထားသော ဆေးများကို ထုတ်ပြပေးသည်။

အဆိပ်ဖြေဆေးတွင် ဆေးအမျိုးအစား (၄၉)မျိုး ပါဝင်ဖော်စပ်ထား၍ သည်းခြေပေါင်းစုံတွင် ဆီမီးတောက်မြားဆိပ်ကဲ့သို့ အဆိပ်ရှိ ဆေးပစ္စည်းများလည်း ပါဝင်သည်။ **(ထိုဆေးများကို အကင်းသတ်၍ သုံးရသည်။)**

ဆေးအကျိုးကား အဆိပ်ဟူသမျှကို နိုင်နင်း၍ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါကဲ့သို့ ကပ်ရောဂါများ၊ အပူငုပ်၊ ဇက်လေ၊ အကြောတက်ခြင်း စသည့် သာမန်ဝေဒနာများ၊ ကျွဲ၊ နွားတိရစ္ဆာန်တို့ ဖျားနာခြင်း၊ မြေကိုက်ခြင်း၊ ပယောဂနာ၊ သူငယ်နာ စသည် များစွာ အသုံးဝင်သော ဆေးဖြစ်ကြောင်း ဆေးညွှန်း၌ ဖော်ပြထားလေသည်။

ကိုယ်လုံဆေးကား တောင်ဖီလာဝန်းကျင်ရှိ ပန်းမျိုးစုံ စုပေါင်းကာ ဆရာတော်ကြီး၏ ပထမံဆေးတောင့်နှင့် ရောစပ်ထားသော ဆေးဖြစ်သည်။ ဆေးအကျိုးကား သွားလိုရာခရီး၊ ပြောလိုရာစကား စသည် လောကီကိစ္စအစုံ၌ ဆေးအစောင့်ကို တိုင်တည်ရသည်။

ဆေးအနည်းငယ် ငုံခြင်း၊ စားခြင်းသို့မဟုတ် ကိုယ်နှင့်မကွာ ဆောင်ထားခြင်း ပြုရသည်။ သတိပြုရန်မှာ ကတိသစ္စာ တည်ကြည်၍ သမ္မာဆန္ဒဖြစ်ရန် လိုသည်ဟု ဆရာတော်၏ လက်ရေးမူဖြင့် ဖတ်ရှုရလေသည်။

ဦးကိုကို၏ နေအိမ်၌ ဆရာတော်၏ နှမ ယောဂီနှစ်ဦး၏ ဓာတ်ပုံများလည်း တွေ့ရှိမှတ်တမ်းပြုနိုင်ခဲ့သည်။ ဆရာတော်၏ မွေးချင်းနှမသုံးဦးရှိရာ ဒေါ်ဝံသစာရီနှင့် ဒေါ်ပါရမီတို့နှစ်ဦးမှာ ယောဂီဝတ်ဖြင့် ဆရာတော်၏ လမ်းညွှန်မှုကို ခံယူအားထုတ်ခဲ့ကြကာ အငယ်ဆုံးဖြစ်သော ဒေါ်စောလှိုင်မှာ နေပြည်တော် တပ်ကုန်းမြို့တွင် အိမ်ရာထူထောင်နေထိုင်ခဲ့သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ...။

ထူးခြားတာလေးတွေ များစွာ ရှိသော်လဲ ဂုဏ်ထူးရခြင်းနဲ့ ပတ်သက်ပြီး ကြိုတင်ခန့်မှန်း ဟောကြားလို့ မှန်ကန်တဲ့ သာဓကကို ဗဟုသုတအဖြစ် တင်ပြပေးလိုက်တာပါ။

**(၁)အရ...**

ကြာသပတေးဂြိုဟ်မှာ အဖျက်လမ်းကင်းတဲ့ ရည်ရွယ်ချက်လမ်းကို တွေ့ရပါတယ်။ ဒါကတော့ ရည်ရွယ်ချက်ကောင်းတွေ ထားရှိခြင်းနဲ့ ရည်ရွယ်ထားတဲ့အတိုင်း ပြီးမြောက်နိုင်တဲ့ သဘောပါပဲ။

ဒါကြောင့် ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေတယ်။ ဂုဏ်ထူးရဲ့ အရေအတွက်ကို ခန့်မှန်းဖို့ ကြာသပတေးဂြိုဟ်ခုံ အားကောင်းတဲ့အတွက် (၃,၆,၉)ဂဏန်းများနဲ့ အကျိုးပေးပါမယ်။ အထူးကတော့ (၃)ဂဏန်း အကျိုးပေးပါလိမ့်မယ်။ ဒါကြောင့် ဂုဏ်ထူး (၃)ဘာသာ ရနိုင်ပါတယ်။

**(၂)အရ...**

ဉာဏ်လမ်းက ကွေးညွှတ်နေတဲ့အတွက် သိပ္ပံတွဲနဲ့ ဝိဇ္ဇာတွဲမှာ ဝိဇ္ဇာတွဲက ပိုပြီး အားသာပါတယ်။ ဒါကြောင့် ဝိဇ္ဇာတွဲနဲ့ ဖြေဆိုဖို့ အကြံပြုပါတယ်။ အမှန်လဲ မြန်မာစာ၊ သမိုင်း၊ ဘောဂဗေဒ သုံးဘာသာနဲ့ အောင်ခဲ့ပါတယ်။

ဒါကတော့ အားကောင်းတဲ့ ဂြိုဟ်ခုံကိုကြည့်ပြီး ဂုဏ်ထူးကို ခန့်မှန်းတဲ့ သာဓကကို ပြောပြတာပါ။


***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



# ဂုဏ်ထူးရခြင်းနှဲ့

လက္ခဏာအမြင်






www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ချိန်ခွင်နှင့်

# ရန်ကင်းချမ်းသာကျင့်စဉ်

(၀-ကြွင်း တနင်္လာသားသမီး

သိုက်ဖွားများအတွက်)

ရန်ကင်းချမ်းသာကျင့်စဉ်သည် (၀) **ကြွင်း မဟာဘုတ်ပိုင်ရှင် တနင်္လာ သားသမီး သိုက်ဖွားများအတွက် အထူးယတြာ**လည်း ဖြစ်ပါတယ်။

ကြည့်ပါဦး။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၀)ကြွင်းမဟာဘုတ်အရ တနင်္လာသား သိုက်ဖွားများအတွက် ကြည့်ရင် အမြစ်ဂြိုဟ်ဖြစ်တဲ့ တနင်္ဂနွေဂြိုဟ် (၁-နွေ)သည် ပုတိအိမ်မှာ ရပ်တည်နေတာကို တွေ့ရပါတယ်။

ပုတိသည်အပုပ်ဖြစ်သဖြင့် အမြစ်အားမကောင်းသဖြင့် ပင်စည်မခိုင်တော့ပါဘူး။ အညွန့်လည်း မလှိုင်တော့ပါဘူး။ အညွန့်ဂြိုဟ်ဖြစ်တဲ့ အင်္ဂါဂြိုဟ်သည် မရဏအိမ်(အသေ)၌ ရပ်တည်ကြောင်းတွေ့ရပါတယ်။

ပြီးတော့...

မူလဂြိုဟ်ဖြစ်တဲ့ တနင်္လာဂြိုဟ်သည် (သိုက်)ကြာသပတေးဂြိုဟ် (ရာဇ)နှင့် ပက္ခမိပြန်သဖြင့် ခေမာရန်ဓာတ် ကျစေပါတယ်။ စန်းပျက်စေတယ်လို့ ဆိုရပါမယ်။ စီးပွားရေးလုပ်ငန်းများမှာ ငွေကြေးအကြောင်းပြုပြီး ရန်ငြိုးဆိုင်မှု၊ အတိုက်အခံ၊ အနှောင့်အယှက်တွေ ကြုံတွေ့ပါမယ်။

တစ်ဖန်...

အမြစ်ဂြိုဟ်ဖြစ်တဲ့ တနင်္ဂနွေဂြိုဟ် (ပုတိ)သည် သောကြာဂြိုဟ်(အထွန်း)နှင့် ပက္ခမိပြန်တယ်။ ဦးသာဆိုတဲ့ အိမ်ထောင်မိတ် ပျက်ခြင်းပါပဲ။ လုပ်ငန်းတွင်း၊ အိမ်ထောင်တွင်း ပြဿနာများ ကြုံဖို့ပါပဲ။

ပြီးတော့...


အညွန့်ဂြိုဟ်ဖြစ်တဲ့ အင်္ဂါဂြိုဟ် (မရဏ)သည် ဗုဒ္ဓဟူးဂြိုဟ် (အဓိပတိ) နှင့် ပက္ခမိပြန်ပါတယ်။ (၃-၄)ဖြစ်တဲ့အတွက် ဆင်းရဲဆိုတဲ့ ဓာတ်ကို ပေါ်စေတယ်။ အကြောင်းအမျိုးမျိုး ကြောင့် စိတ်ဆင်းရဲစရာတွေ ကြုံရမှာ ဖြစ်ပါတယ်။

ဒါတွေကင်းပြီး ချမ်းသာသွားရအောင်...

ရန်ကင်းချမ်းသာကျင့်စဉ်ကို ပြောပြပါ့မယ်။

ကြည့်ပါဦး။

* * *




ကြည့်ပါဦး။

တနင်္လာနေ့တိုင်း တနင်္လာအရပ်တွင်...



* သံပန်းအိုး (မရလျှင် ရောင်စုံပန်းပွင့်များ ပါသောအိုး)တွင် ရေသန့်သန့်ကြည်ကြည် ထည့်ပါ။

ပြီးရင်...

ဇလပ်ညွှန့်(ဝါ) ဇီဇဝါညွှန့်နှင့် အဖြူရောင်ပန်းကို (အရေအတွက်မလိုပါ) လှူပါ။

ပြီးရင်...

ရဟန်းတော်တစ်ပါးပါးကို...

* သင်္ကြားပလာတာ

* ကော်ဖီမစ်

* ဆီးယို

လှူပါ။

- တနင်္လာသားသမီးဖြစ်တဲ့ အတွက် အနန္တာသုတီဖြင့် **အရဟံဂုဏ်တော်**ကို ပုတီးစိပ်ပေးပါ။

**အေးပါစေ အောင်ပါစေ။**

**ကဝိသီရောမထီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှို့သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်။ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(ရ၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



# ပထမံ ဝိဇ္ဇာကြီးဇော် မွေးဇာတိမြေသို့

ရှင်းယဲ



▲ အထိမ်းအမှတ်မဏ္ဍပ်ိုင်



▲ နံရံမှ မှတ်တမ်းတင်ပုံတစ်ပုံ

ပထမံဝိဇ္ဇာ အဖြစ် ပြီးစီး အောင်မြင်တော်မူပြီးသော **ဝိဇ္ဇာဓရ ဆရာတော် ဦးဇောတိ** ကသည် **ဟင်္သာတ ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ မြောက်ဘက် ကမ်း၊ အရှေ့ဘက် ရပ်ကွက်** တွင် ကျောင်းဆရာကြီး ဦးမြတ်ထွန်းနှင့် ဖနီး ဒေါ်ငွေနုတို့မှ မွေးဖွားခဲ့သည်။ **၁၂၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက် အင်္ဂါနေ့ ညသန်းခေါင် (၁၂း၀၀) နာရီတိတိတွင်** မွေးဖွား၍ ငယ်မည် **'မောင်စိန်ဖေ'** ဟု တွင်သည်။

မွေးချင်း သုံးဦး အနက် အငယ်ဆုံး ဖြစ်သည်။ အသက်(၅)နှစ်မှ (၁၅)နှစ်သားအထိ ကျောင်းပညာ သင်ယူကာ **ကွင်းကောက် ရွှေကျောင်းတွင်** သာမဏေဘဝဖြင့် ပိဋကတ် စာပေများ ဆက်လက် သင်ယူသည်။

၁၂၈၉ ခုနှစ်၌ ရွှေကျောင်းဆရာတော် ဦးသီလဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။ ၁၃၀၁ ခုနှစ်အထိ ပခုက္ကူ၊ မန္တလေး စာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများ သင်ယူ၍ ရွှေကျောင်းသို့ ပြန်ကာ စာသင်သားများအား စာဝါပို့ချပေးသည်။ ၁၃၀၁ ခုနှစ်တွင်ပင် ကွင်းကောက်ရွာ တောင်ဘက်ကမ်းရှိ ယွန်းကျောင်းဆရာတော် ဦးကုသလနှင့် ဒါယကာများ ပင့်လျှောက်သဖြင့် ကျောင်းထိုင်ဆရာတော် အဖြစ် (၁၃)နှစ် တာဝန်ယူ သီတင်းသုံးသည်။ ထိုကာလနှောင်းပိုင်းအချိန်များတွင် **ရင့်သန်နေသော ပါရမီကြောင့် ဆရာအရှင်များမှ လုပ်ရတ်အတတ်ပညာများ တစ်ဖက်ကမ်းခပ်အောင် ညွှန်ကြား သင်ပြမှု ခံယူပြီးလျှင် ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက် ည (၉း၀၀) နာရီအချိန်တွင်** ပထမံဝိဇ္ဇာအဖြစ် ပြီးစီး အောင်မြင်တော်မူသည်။ ထိုမှ သက်တော် (၆၆)နှစ်အထိ သတ္တဝါအများကို ကယ်တင်ပြီးနောက် ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၆) ရက် ဗုဒ္ဓဟူးနေ့ နံနက်(၁)နာရီ (၄၅)မိနစ်တွင် ခန္ဓာဝန်ချတော်မူသည်။

ဤသည်တို့မှာ ကွင်းကောက်ရွာ ရွှေကျောင်းဆရာတော် ရှာဖွေပေးသဖြင့် လေ့လာခွင့်ရသော **ပထမံဝိဇ္ဇာ ဆရာတော် ဦးဇောတိက၏ ထေရုပ္ပတ္တိအကျဉ်း** ဖြစ်သည်။ ဆရာတော်၏ မွေးဖွားရာခြံမြေတွင် အထိမ်းအမှတ် **လေးကျွန်းမဏ္ဍပ်ိုင် ကျောက်စာတိုင် စိုက်ထူထားပြီး ဖြစ်သည်ဟု ကြားသိရသဖြင့်** ကွင်းကောက်ရွာ မြောက်ဘက်၊ အရှေ့ပိုင်းသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

## လေးကျွန်းမဏ္ဍပ်ိုင်နှင့် ဗိမာန်တော်

ကွင်းကောက်ချောင်းနှင့် ယှဉ်လျက် အရှေ့ဘက် ရွာလမ်းအတိုင်း ရှစ်အိမ်ကျော်မျှ လျှောက်လာခဲ့ရာ **ပထမံဝိဇ္ဇာ အရှင်မြတ်ကြီး ဖွားမြင်သည့်နေရာဟု** ကမ္ပည်းထိုးထားသော မုခ်ဝတစ်ခုနှင့်အတူ ဗိမာန်တော်ကို တွေ့ရှိရသည်။

အတွင်း၌ တံတိုင်းခတ်ထားသော လေးထောင့်အုတ်ခုံတွင် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ကျောက်စာတိုင် တည်ဆောက်ခြင်းအကြောင်း မှတ်တမ်းတင်ထားသည်။ ၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၂-၈-၂၀၀၂)တွင် ထီးတော် တင်လှူသည်ဟု ပါရှိပါသည်။

အုတ်ခုံအထက်တွင် ခြင်္သေ့ လေးကောင်ရံ၍ ထုလုပ်ထားသည့် အုတ်တိုင်တက်ကာ ထီးတော်တင် ထားသည်။

မော်ကွန်းမဏ္ဍပ်ိုင်အား ကြည့်ညိုလေ့လာစဉ် ဆရာတော်၏ တူမဖြစ်သူ ဒေါ်ရင်[illegible] ရောက်ရှိ ဖိတ်ခေါ်သဖြင့် ဗိမာန်အ[illegible]သို့ ဝင်ရောက်ခဲ့သည်။ ဒေါ်ရင်မေ[illegible] ဆရာတော်၏ အစ်မငယ် ဒေါ်စိန်[illegible]၏ သမီး





www.burmeseclassic.com

www.burmeseclassic.com

ထွေးဖြစ်၍ အသက် (၆၆)နှစ်ရှိပြီ ဖြစ်သည်။

## ဗိမာန်တွင်းသည်

ခန်းမအတွင်း ဝင်ရောက်သွားသောအခါ ပလ္လင်ထက်၌ ဆရာတော်၏ ဓာတ်ပုံကို ပူဇော်ထားကာ ဆရာတော် ရှိစဉ်ကာလ လှုပ်ရှားမှုဓာတ်ပုံ မှတ်တမ်းများကို နံရံတစ်လျှောက် ချိတ်ဆွဲပြသထားသည်။ ပလ္လင်ရှေ့တွင် ကန်တော့ပွဲများနှင့် လက်ဖက်ရည်ကြမ်း ကပ်လှူထားသည်ကို တွေ့ရသည်။

ထိုလက်ဖက်ရည်ကြမ်းကို ဆရာတော်ထံ ခွင့်တောင်းစွန့်ယူကာ သောက်သုံးပါက ကျန်းမာရွှင်လန်း၍ ဘေးအန္တရာယ် ကင်းဝေးစေသည်ဟု ဆိုသည်။

မှန်စီရွှေချ ပလ္လင်တစ်ဖက် တစ်ချက်စီတွင် လောကနတ်ရုပ် တစ်ခုစီကို ကလပ်ဖြင့် တင်ထားသည်။ ပလ္လင်ထက်မှ ဓာတ်ပုံတွင် ရေနွေးကြမ်းဘူး၊ ကွမ်းအစ်တို့နှင့်အတူ အေးအေးလူလူ သီတင်းသုံးနေသည့် ဆရာတော် ဦးဇောတိကကို ဖူးတွေ့နိုင်သည်။

ပလ္လင်နောက် လက်ယာဘက်နံရံတွင် ဆရာတော် ငယ်စဉ်က နေထိုင်ခဲ့သော အိမ်နှင့် ခြံဝင်းပုံကို ချိတ်ဆွဲထားသည်။ ယခု ဗိမာန်တည်ရာ နေရာဖြစ်၍ ဦးခင်ညို မိသားစုက ဝယ်ယူလှူဒါန်းခြင်း ဖြစ်သည်ဟု သိရသည်။


နံရံဘေးတစ်လျှောက်တွင် သာသနာပြုစဉ်ကာလ ဆရာတော်၏ မှတ်တမ်းဓာတ်ပုံများစွာ တွေ့ရသည်။

## ဆရာတော်၏ ဆုံးမဩဝါဒ

ဆရာတော်၏တူမ ဒေါ်ရင်မေက ဆရာတော်၏ ဆုံးမဩဝါဒကို လိုက်နာကျင့်ကြံနိုင်ပါက အမှန်ပင် အကျိုးခံစားရသည်ဟု သူမ၏ အစ်မငယ် ဒေါ်စိန်ကြည်၏ ဖြစ်ရပ်ကို ဥပမာပြု ပြောပြသည်။ ဆရာတော်၏ ဩဝါဒမှာ...


၁။ သူတော်ကောင်းတို့ ကျင့်ကြံအပ်သော အာဇီဝဋ္ဌမကသီလ စောင့်ထိန်းခြင်း။
၂။ ဘုရားရှင်၏ သုတ်ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း။
၃။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဆောက်တည်ခြင်း။
၄။ (၃၁)ဘုံ ကျင်လည်ကုန်သော သတ္တဝါအားလုံးတို့အား အမျှဝေ မေတ္တာပို့ခြင်း

တို့ကို အနန္တငါးဖြာ ပူဇော်ခြင်းနှင့်အတူ မပျက်မကွက် ပြုလုပ်ရန် တိုက်တွန်းခြင်း ဖြစ်သည်။



◆ ခန်းမတွင်းမြင်ကွင်း

◆ ဗိမာန်တန်ဆောင်း



◆ ဆရာတော် ငယ်စဉ်က အိမ်မြင်ကွင်း





www.burmeseclassic.com

www.burmeseclassic.com

အထူးတလည်ကြိုတ်မှိတ်ကြိုးစားရန် မလိုလုပ်ငန်း ဆောင်တာမပျက် ကျင့်ကြံနိုင်သောကြောင့် အားထုတ် သင့်လှပေသည်။ ယင်းတွင် **အာဇီဝဋ္ဌမကသီလမှာ...**

၁။ သူ့အသက်ကို သတ်ခြင်း။
၂။ သူတစ်ပါးဥစ္စာကို ခိုးခြင်း။
၃။ ကာမအမှု လုယှက်ခြင်း။
၄။ လိမ်လည်ပြောဆိုခြင်း။
၅။ မနာလိုဝန်တိုခြင်း။
၆။ ကြမ်းတမ်းဆဲရေးသော စကားဆိုခြင်း။
၇။ အကျိုးမဲ့သော (အတင်းအဖျင်း စသည်) စကားပြောဆိုခြင်း။
၈။ မကောင်းမှုဖြင့် အသက်မွေးခြင်း

စသည့် (၈)ပါးသီလကို ရှောင်ကြဉ်ခြင်း ဖြစ်လေသည်။

**မကောင်းမှုဖြင့် အသက်မွေးခြင်းဟူရာ၌ သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ် ကျရမှ မိမိတစ်သောက်ရသော အသက်မွေးမှုကို ဆိုလိုပါသည်။**

ဒေါ်စိန်ကြည်သည် **အသက်(၂၅)နှစ်အရွယ်မှစကာ ဤဩဝါဒများကို လိုက်နာကျင့်သုံးခဲ့ရာ အသက်(၅၀)အရွယ်တွင် ကျင့်စဉ်စခန်းများ ပြီးစီး၍ ကျန်းမာရေး ချို့ယွင်းသော ဝေဒနာရှင်များကိုပင် ရေအား သစ္စာပြုကာ တိုက်ကျွေးခြင်းဖြင့် ရောဂါ သက်သာပျောက်ကင်းခဲ့သည်ဟု ပြောပြသည်။**

သူမသည် (၁၂)နှစ်ကြာ ဇီဝိတဒါနပြု၍ အသက်(၆၂)နှစ်အရွယ် **၁၃၆၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ နောင်တွင် ရှေးမီနောက်မီ ဆရာတော်များအား မေးလျှောက်ကြည့်သောအခါ ဒေါ်စိန်ကြည်၏ ဖြစ်ရပ်မှာ အမှန်ပင်ဖြစ်ကြောင်း မိန့်တော်မူကြသည်။**

### ဆရာတော်ပုံစံပေးသည့်

### တံခါးသံပန်း

မွေးရာမြေ အထိမ်းအမှတ် ကျောက်စာနှင့် ဗိမာန်ကို ဆရာတော် ခန္ဓာဝန်ချပြီး နောက်ပိုင်း ၁၃၆၄ခုနှစ်မှပြုလုပ်ခြင်းဖြစ်သော်လည်း အဝင်ဝ သံပန်းတံခါးမှာ ဆရာတော် ပုံစံပေးခဲ့ခြင်းဖြစ်သည်ဆို၏။

ထိုတံခါးကို ပြုလုပ်ရန် သံဂဟေဆရာက ပုံစံ မရှိသဖြင့် အခက်တွေ့နေစဉ် အိပ်မက်ထဲ၌ ဆရာတော် ရေးပြသည့် ပုံစံအတိုင်း ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ပြည့်ဝင်အိုး၊ အောင်သပြေ အုန်းညွန့် စသည့် ပညတ်နိမိတ်ကောင်းသောပုံစံဖြစ်သည်။

ထို့ကြောင့် ဤနေရာသို့ ရောက်ရှိ၍ ပူဇော်သူများသည် ဆရာတော်၏ ဩဝါဒအတိုင်း လိုက်နာကျင့်ကြံပါလျှင် အရေးကိစ္စကြုံပါက အကူအညီ ရရှိနိုင်ကြသည်ဟု ယုံကြည်ကြလေသည်။

ဆရာတော် ဦးဇောတိကဗိမာန်သို့ မရောက်နိုင်သော်လည်း ဤဩဝါဒများသည် လူ့ပတ်ဝန်းကျင်လောကီနယ်တွင် လုပ်ခွင်မပျက်အားထုတ်နိုင်ကာ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် လိုက်နာကျင့်သုံး၊ အကျိုးရှိနိုင်သည်ဖြစ်ရာ



ဗိမာန်အဝင် မုခ်တံခါး



တံခါးမှ သံပန်းပုံစံ(ပြည့်ဝင်အိုး၊ အောင်သပြေနှင့် အုန်းညွန့်များ)



ဆရာတော်အိတ္တမ ဒေါ်ရင်ဝေ

မွေ့ဒါနပြု တိုက်တွန်းလိုက်ရပေသည်။

**ဝမ်းနယ်**




www.burmeseclassic.com

www.burmeseclassic.com



# ရခိုင် ဝိဇ္ဇာဓိုရ်များနှင့် အမလဲ မန္တန်တော်ကြီး

စောလှိုင်းသျှင် (မြောက်ဦး)



ဘုရားပေါင်းတောင်ပေါ်မှ သွယ်မြင်ရသော အလှိုစေတီ

မြောက်ဦး ရွှေဂူတောင်ရပ်ကွက်ရှိ သူငြိမ်ပြီး၏နှင့် မြို့ချာတိုင် အင်းဆန်များ



သက္ကရာဇ် ၁၃၆၅ ခု၊ ဝါခေါင်လပြည့် အင်္ဂါနေ့။ ထိုနေ့တွင် ကျွန်တော်သည် **"သကျမာရ်အောင်" တောရကျောင်းသို့** ဥပုသ်စောင့်ရန် သွားခဲ့လေသည်။ **"သကျမာရ်အောင်"**ကျောင်းသည် မြောက်ဦးမြို့ နန်းတော်ကုန်း၏ အရှေ့ဘက် မိုင်ဝက်ခန့် အကွာတွင် တည်ရှိလေသည်။ ထိုကျောင်းမှာ သကျမာရ်အောင်ဘုရား၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

ယင်း သကျမာရ်အောင်ဘုရားကို အစွဲပြု၍ ထိုကျောင်းကိုလည်း သကျမာရ်အောင် တောရကျောင်းဟူ၍ အမည်တွင်လေသည်။ တစ်နည်းအားဖြင့် အဆိုပါကျောင်း၌ "သက်သတ်လွတ်" စားသုံးသဖြင့် **သကျမာရ်အောင် သက်သတ်လွတ်ကျောင်း**ဟူ၍လည်း ဝိုက်ဖြုံဟ်ပြုကြပြန်သေးသည်။

ယင်းကျောင်း၌ သီတင်းသုံးနေသော ကျောင်းထိုင်ဆရာတော်မှာ **"ဘဒ္ဒန္တဉာဏဓိသသရ"**ဖြစ်ပြီး ထိုစဉ်က **သိက္ခာတော်(၂၂) ဝါရရှိပြီး** ဖြစ်ပါသည်။

ကျောင်းထိုင်ဆရာတော်မှာ ရဟန်းဘောင်သို့ ဝင်သည့်နေ့မှစ၍ ဝါတော်(၂၂)ဝါတိုင် အောင်ပင် သက်သတ်လွတ် စားသုံးလာခဲ့သည်ဟု သိရပါသည်။

ကျွန်တော်တို့သည် ဥပုသ်ဆွမ်းစားသုံးကြပြီးနောက် ဆရာတော်နှင့် အာလာပသလ္လာပ စကားစမြည် ပြောဖြစ်ကြပါသည်။ ထိုသို့ပြောရင်းဆိုရင်း **"အမလဲ"မန္တန်တော်အကြောင်း**ကို ရောက်ရှိသွားပါသည်။

ကျွန်တော်က အမလဲ မန္တန်တော်ကို ဆရာတော်၏ ညွှန်ကြားချက်အတိုင်း နေ့စဉ် အရုဏ်တက်အချိန်၌ (၇)ကြိမ်ရွတ်ဆို သရဇ္ဈာယ်သော်လည်း အနက်အဓိပ္ပာယ်ကို မသိ၍ "ဆားမပါသည့် အမဲဟင်းလျာ"လို ဖြစ်နေပါကြောင်း၊ သို့နှင့် အနက်အဓိပ္ပာယ်ကို သိလိုပါကြောင်း လျှောက်ထားခဲ့သည်။

ထိုအခါ ဆရာတော်က အဝတ်စဖြင့်အသေအချာ ထုပ်ပိုးထားသော ပေစာတစ်ထုပ်နှင့် လက်နှိပ်စက်ဖြင့် အသင့်ရိုက်၍ ရှိသော အမလဲ မန္တန်တော်နှင့် ယင်း၏ သမိုင်းအကျဉ်းချုပ်ပါ လက်ကမ်းစာစောင်တစ်စောင်ကို ကျွန်တော့်အား ပေးကမ်းပါလေသည်။

ပေစာထုပ်မှာ **ရခိုင်ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်များနှင့် အမလဲမန္တန်တော်အကြောင်း၊ ယင်းမန္တန်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အကျိုးအာနိသင် ရရှိပုံတို့ကို ရေးသားထားသော ရှေးဟောင်းပေမူတစ်ခုဖြစ်ပါသည်။**

လက်ကမ်းစာစောင်မှာ ဆရာတော်ကိုယ်တိုင် ယင်းပေမူမှ ကောက်နုတ်ဖော်ပြထားသော **အမလဲမန္တန်တော်နှင့် အနက်အဓိပ္ပာယ်၊ ယင်း၏ သမိုင်းကြောင်း အကျဉ်းချုပ်နှင့် အကျိုးအာနိသင်များ**



www.burmeseclassic.com

www.burmeseclassic.com

**ဖြစ်ပါသည်။** ယင်းမှ အချို့ကို ကောက်နုတ်ဖော်ပြရပါလျှင်...

## ထင်ရှားသော ထွက်ရပ်ပေါက် ရခိုင်ဝိဇ္ဇာဓိုရ်များ

ရခိုင် **"ဝိဇ္ဇာမယကျမ်းနှင့် ရာဇပုံကျမ်း"** ဒုတိယတွဲတွင် ရခိုင် ဝေသာလီခေတ်အခါသမယက **ဝေသာလီမြို့တော်** *[မြောက်ဦးမြို့၏ မြောက်ဘက် (၅)မိုင်အကွာတွင် တည်ရှိသော မြို့တော်ဟောင်း]*၏ အရှေ့ဘက်ရှိ ဖော်ဂျီမြောင်းနှင့် ညောင်ချဉ်မြောင်းတို့ဆုံရာ **"ဥမင်သုံးဆယ်"**တွင် အုတ်ဂူတစ်ခုစီဖြင့် ရသေ့သုံးဆယ်တို့သည် သီတင်းသုံးနေထိုင်ကြပြီး ဂန္ဓာရီထွက်ရပ်လမ်းကို ကြိုးစားခဲ့ကြသည်။

ထွက်ရပ်ပေါက်သောအခါ ဝေသာလီနေပြည်တော်၌ မင်းကိုးဆက်တိုင်အောင် ရတနာမိုးရွာသွန်းခဲ့ကြသည်။ ရတနာမိုးရွာသွန်းစေသော ရသေ့ဝိဇ္ဇာဓိုရ်တို့အား ဝေသာလီပြည်သူ၊ ပြည်သားတို့က ရုပ်တု၊ တံဆိပ်များ ထုဆစ်၊ သွန်းလုပ်၊ ခတ်နှိပ်၍ ပူဇော်ကြသည်ဟု ဆိုပါသည်။

ယင်း ရသေ့ဝိဇ္ဇာဓိုရ်များအနက် တချို့သော ဝိဇ္ဇာဓိုရ်များမှာ **ဆေးဝိဇ္ဇာများ** ဖြစ်ကြသည်။ တချို့သော ဝိဇ္ဇာဓိုရ် **အင်းဝိဇ္ဇာ၊** တချို့မှာ **သံဝိဇ္ဇာ၊** တချို့မှာ **ပြဒါးဝိဇ္ဇာ၊** တချို့မှာ **မန္တန်ဝိဇ္ဇာများ** ဖြစ်ကြသည်။ ယင်းဝိဇ္ဇာဓိုရ်များအနက် ထင်ရှားသော




လက်ကောက်ဈေးကျောင်းတိုက်ရှိ ဗုဒ္ဓပြတိုက်မှ သျှင်မြဝါ ကြေးသွန်းရုပ်တု

ဝိဇ္ဇာဓိုရ်များမှာ...
၁။ သီရိသီဒ္ဓိဒေဝ၊
၂။ သီရိသုမ္မလင်္ကာရ၊
၃။ သီရိသောဘဝရ၊
၄။ သီရိသုဒ္ဓိဗ္ဗ၊
၅။ သီရိသုမင်္ဂလ၊
၆။ သီရိရေဝတ၊
၇။ သီရိအနောမဒဿီ၊
၈။ သီရိဒဿီ၊
၉။ သီရိပိယဂုဏ စသော သျှင်ရသေ့တို့ ဖြစ်ကြလေသည်။

လေးမြို့ခေတ်တွက်လည်း ဝိဇ္ဇာဓိုရ်များ ရှိခဲ့ကြသည်ဟု သိရပါသည်။ **မြောက်ဦးခေတ်ဘုရင်မင်းဗာကြီး(ကောဇာ ၈၉၃–၉၁၅)**လက်ထက် ဗားမဲ့ဆရာတော်၊ ဗားကရာဆရာတော်၊ အရက်သည်မ ဆရာတော်နှင့် **သျှင်မြဝါ စသော အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများ** ပေါ်ထွန်းခဲ့ကြပါသည်။ ဤပုဂ္ဂိုလ်များအနက် **သျှင်မြဝါအကြောင်းကို** အနည်းငယ် ဖော်ပြလိုပါသည်။

သျှင်မြဝါကို မင်းလှရာဇာစောမွန် ခေါ် မင်းရာဇာ(ကောဇာ ၈၆၃–၈၇၅)လက်ထက် စိန်တင်စား **"မဟာနန္ဒသကြိန်"** နှင့် **"ဇေယျခေမာ"**တို့မှ **ကောဇာ (၈၅၄)ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ အရုဏ်တက် ပဟိုရ်(၄)နာရီ၊ (၂)ပါဒ်၊ (၃)ဗီဇနာ၊ (၂)ပြန်၊ (၂)ခရာတွင် ဥတ္တရာသာဠ်**

သျှင်မြဝါ စီရင်ခဲ့သော မြို့ချာတိုင် အင်းဆန်ကို အနီးကပ်မြင်ရပုံ



ဘုရားပေါင်းတောင်ပေါ်မှ သျှင်မြဝါ စီရင်ခဲ့သော အင်းဆန်ကျောက်ချပ်များ





www.burmeseclassic.com

www.burmeseclassic.com

**နက္ခတ်နှင့်ယှဉ်လျက်** မြောက်ဦး ရွှေနန်းတော်၏ တတိယဝင်းတော် ပြင်ဘက် အိမ်ဖြူတော်မင်္ဂလာ၌ ဖွားမြင်ခဲ့သည်။

သျှင်မြတ်ဝါသည် မြောက်ဦးမြို့ တော်ရှိ "**တောင်ညိုကျောင်းတိုက်**" ဆရာတော် "**သျှင်အဂ္ဂမုနိ**" (အဂ္ဂ စိန္တေယျ)ထံတွင် အသက်(၁၆)နှစ်ထိ လောကီ၊ လောကုတ္တရာ စာပေကျမ်းဂန် များကို လူနှင့်တစ်ခါ၊ သျှင်နှင့်တစ်လှည့် သင်ကြားခဲ့လေသည်။

ထို့နောက် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောထဲ၌ ရသေ့ကြီး "**သီရိ ဗိသနိုး**" (ဒေဗာရိဗိသျှနူရ်)ထံတွင် **ဓာတ်ပြောင်း ဓာတ်ပြန်အတတ် ရုပ်ဓာတ်များကို မြူလေးပါးဖြစ်သော ရထရေဏုမြူ။ တဇ္ဇာရီမြူ၊ အဏုမြူ၊ ပရမာအဏုမြူဖြင့် ဉာဏ်ဖြင့် ခွဲစိတ် ကြည့်ပုံ၊** ဘူတရုပ်များ စုပေါင်းပြီး သဘာဝရုပ်၊ ကလာပရုပ်၊ ဃနရုပ် ဖြစ်ပေါ်လာပုံ၊ ရုပ်ဓာတ်များကို ပေါင်း စည်းပုံ၊ ဖြိုဖျက်ပုံ စသော အတတ် ပညာများ၊ ဓာတ်ရိုက်ဓာတ်ဆင် ဓာတ်ငင် အတတ်၊ ယတြာလေးဆယ်၊ ပတ္တရာလေးဆယ်၊ ဗိကြမ္မသုံးဆယ် စသော လောကီပညာများကို **ရသေ့အတွင်းသို့ ကူးပြောင်းကာ (၂၃)နှစ်အထိ** သင်ကြား ခဲ့လေသည်။

**ကောဇာ (၈၉၃) ခုနှစ်**တွင် မြသျှင်ဝါ သည် မြောက်ဦးမြို့တော်သို့ ပြန်လာခဲ့ပြီး အမျိုးဘာသာ သာသနာအတွက် ဆောင် ရွက်ခဲ့လေသည်။ ဘုရင် မင်းဗာကြီးသည် ကောဇာ **(၈၉၄) ခုနှစ်**နှင့် **၈၉၆ ခုနှစ်** တွင် ဘင်္ဂါ(၁၂)မြို့နှင့် ပေါ်တူဂီရန်ကို အောင် မြင်သည့် အထိမ်းအမှတ်အဖြစ် "**ရန်အောင် ဇေယျ**" ခေါ် **သျှစ်သောင်းပုထိုးတော်ကြီး ကို သျှင်မြဝါ၏ အစီအမံတို့ဖြင့်** တည် ဆောက်ခဲ့သည်။

သျှင်မြဝါသည် ပုထိုးတော်ကြီးတွင် မဏ္ဍိုင် (၅)ရပ်ထားပြီး တည်ဆောက်ရန် ပန္နက်ချခဲ့သည်။ ပန္နက်ချစဉ် ပုထိုးတော်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ကမ္ဘာတစ်ခုလုံး အေးချမ်း သာယာကြစေရန် ရည်ရွယ်၍ "အပြည့်ပြည့်ကို သျှင်ငယ်ရှစ်ဝန်း အေးမှုထင်း"ဟူ၍ မြွက်ဆိုခဲ့သည် လေသည်။



● ထေသာလီ သင်္ကိသနာကုန်း(ဘူတောင်)မှ
သီရိသီဓိဒေဝ ဝိဇ္ဇာဓိုရ်ကြီး
ကျောက်ဆစ်ရုပ်တု

ယင်းပုထိုးတော်ကို ကောဇာ ၈၉၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ နေထွက်ချိန်တွင် ပန္နက်ချ တည်ထားခဲ့လေသည်။ သျှင်မြဝါ သည် သျှစ်သောင်းပုထိုးတော်ကြီးကို တည် ထားပြီးနောက် မြောက်ဦးမြို့တော်၌ **အကာ ကြီးတစ်ရာ၊ အကာငယ်တစ်ထောင်တို့ ကို** အင်း၊ အိုင်၊ ယတြာတို့ဖြင့် စီမံပြုလုပ် ခဲ့လေသည်။

ထို့ပြင် မြောက်ဦးမြို့တော် မြို့သက် တစ်ထောင် အစွန့်ရှည် တည်တံ့နိုင်ရေး အတွက် အစီအမံများ ပြုလုပ်ခဲ့သေးသည်။ ဘုရင်မင်းဗာ၏ နံသင့်ရာအရပ်တွင် သူ ကိုယ်တိုင် **မြို့ချာတိုင်** စိုက်ထူခဲ့လေသည်။

ထိုသို့ မြို့ချာတိုင် စိုက်ထူနေစဉ် ကြာသပတေး သားနံတစ်ခု မကျေလိုက်၍ ကြာသပတေးနံကို စတောရန်ကိစ္စ ပေါ်ပေါက်လာခဲ့သည်။ သတ်မှတ် ထားသော ကာလအတွင်း ပြီးစီးလုပ်ရမည့် ကိစ္စမို့ဖြစ်၍ အဆိုပါ ကြာသပတေးနံကို သွား၍ ရှာနေရန်လည်း အချိန်ရတော့ချေ။ မိမိမှာ လည်း ကြာသပတေးသား ဖြစ်ပြန်သဖြင့် ဤကိစ္စ၌ မိမိအသက်ကို စတေးရန်မှတစ်ပါး အခြားရွေးချယ်ရန် နည်းလမ်းမရှိတော့ချေ။

ထိုအခါ ချက်ချင်းပင် မိမိ၏ အသက်ကို နှမြောတွန့်တိုခြင်းမရှိဘဲ ဝမ်းဗိုက်ကို မိမိကိုယ်တိုင် ဓားဖြင့်ထိုး ကာ အူကိုထုတ်ပြီး မြို့ချာတိုင်၌ ရစ် ပတ်၍ မြောက်ဘက်စူးစူးသို့ ပြေးသွား လေသည်။

အူဆုံး၍ မိမိလဲကျသေဆုံးသည့် နေရာ၌ပင် မြေမြှုပ်သင်္ဂြိုဟ်ရန်လည်း မှာကြားသွားလေ၏။ ဤကဲ့သို့ သျှင်မြ ဝါသည် ကောဇာ **၈၉၉ ခုနှစ်တွင်** တိုင်းပြည်အတွက် အသက်စွန့်သွား သော ပုဂ္ဂိုလ်ထူးတစ်ဦးပင် ဖြစ်လေ သည်။

သျှင်မြဝါ ကွယ်လွန်လေပြီးသည့် နောက် ဝိဇ္ဇာဓိုရ်ဖြစ်လျက်ရှိပြီးမြောက် ဦးမြို့တော်ဟောင်းအား စောင့်ရှောက် လျက်ရှိသည်ဟု ရခိုင်တိုင်းရင်းသူ၊ ရခိုင်းတိုင်းရင်းသားများက ယုံကြည် နေကြသည်။

သီလသမာဓိ ဖြူစင်သူ သစ္စာကတိ မှန်ကန်သူ သမထပေါက်သောပုဂ္ဂိုလ်များ သည် သျှင်မြဝါကို သျှစ်သောင်းပုထိုးတော် ကြီးအတွင်းနှင့် **သျှင်မြဝါ တရားအား ထုတ်ခဲ့သော သျှင်မြဝါဂူ** ***(သာရပဗ္ဗတ တောင်ပေါ်၌ ရှိသည်။)*** အတွင်း၌ မကြာခဏ တွေ့ရှိကြသည်ဟု ဆိုပါသည်။

ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်များ၏
လက်သုံး အမလံမန္တန်တော်ကြီး

သီရိသီဒါဒေဝသျှင်ရသေ့မှအစ သျှင် မြဝါတိုင်အောင် ရခိုင်ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် များသည် "**အမလံမန္တန်တော်**"ကြီးကို အမြဲ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်ဟု **သကျမာရ်အောင်ဆရာတော် ဘဒ္ဒန္တ ဉာဏိသသရ၏ လက်ကမ်းစာစောင်၌** ဖော် ပြထားပါသည်။

ထိုစာစောင်၌ ဆက်လက်ဖော်ပြထား သည်မှာ အဆိုပါမန္တန်တော်ကြီးကို ရွတ်ဖတ် သရဇ္ဈာယ်လိုက်သော် မိုးသောက်ယံ၌



www.burmeseclassic.com

www.burmeseclassic.com

ရှေးဦးစွာ ဘုရားကန်တော့ပြီး ငါးပါးသီလ ခံယူဆောက်တည်ရမည်။ ပြီးမှ မြောက်ဘက်အရပ်သို့ မျက်နှာမူပြီး ဘဲထိုင် ထိုင်လျက် သီရိသီဒါဒေဝ၊ သျှင်မြဝါ စသော ဝိဇ္ဇာဗိုလ်များကို ပင့်ဖိတ်ရှိခိုး၍ ယင်း အမလံမန္တန်တော်ကို ဒွာနကရိုဏ်းကျကျ (၇)ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ရမည်ဟု ညွှန် ကြားထားပါသည်။ ယင်း အမလံမန္တန်တော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အမလံမန္တန်တော်ကြီး

ဩကာသ အမလံ သိဒ္ဓိကာမဥ္စ မာ လာဘတ္တိ၊ သေဋ္ဌတ္တိ သဗ္ဗလာဘံ လာဘီသတိ၊ သက္ကရောန္တိ ဘဝန္တု မေ၊ အာစိတျာ စန္ဒာ အင်္ဂါရံ ဘောမ ဗုဒ္ဓ ဂုရု သောကြာသ ဂြဟပတ္တိ သောရီ ရာဟု ကိတဥ္စ ပူဇာလော့ န ဟန္တု မေ။

အာရက္ခာ သဗ္ဗေသတ္တာ မေတ္တ စိတ္တေန သဗ္ဗဒါ ဝဏ္ဏိဝဏ္ဏာ ပတ္တိပတ္တာ ပမတ္တော ဒေဝတာ ကရောယ၊ နတာ မယာ သတ္တိ သတ္တာ သာတ္တကာ ပတ္တိစိတ္တာ နစိတ္တာ ပတိဋ္ဌာနေ နမ္ဗုဇ္ဈာ မယံ့ သော ဟတ္တေ တေန စတုရောလောပါ မာ ကတ္တာ ကန္တုမုတ္တမံ၊ အဂ္ဂိရာသီ ဂုရုပေတံ တဏ္ဏှာ တမိဂြဟာ ပတ္တိ ဒုသုပိနံ ဒုပဘာစိ သုဂတော တေန သန္တံ သန္တံ ကန္တု ကန္တု မုသောဟ။

ခက်ခဲသောပါဠိအသံထွက်

| | | |
|---|---|---|
| **သိဒ္ဓိကာမဥ္စ** | = | သိတ်ဓိကာမင်စ |
| **ဘတ္တိ** | = | ဘတ်တိ |
| **သေဋ္ဌတ္တိ** | = | သစ်ထတ်ထိ |
| **လာဘီသတိ** | = | လာဘိတ်သတိ |
| **သက္ကရောန္တိ** | = | သက်ကရွန်တိ |
| **ဘဝန္တုမေ** | = | ဘဝန်တုမေ |
| **အာစိတျာ** | = | အာစိတရာ |
| **စန္ဒာ** | = | စန်ဒါ |
| **သောကြာသ** | = | သောက်ကြတ်သ |
| **ဂြဟပတ္တိ** | = | ပြဂဟာပတ်တိ |
| **ကိတဥ္စ** | = | ကိတင်စ |
| **ဟန္တု** | = | ဟန်တု |
| **အာရက္ခာ** | = | အာရက်ခါ |
| **သဗ္ဗေသတ္တာ** | = | သပ်ဗေသတ်တာ |
| **မေတ္တ** | = | မစ်တ |
| **စိတ္တေန** | = | စိတ်တေန |
| **သဗ္ဗဒါ** | = | သပ်ဗဒါ |
| **ဝဏ္ဏိဝဏ္ဏာ** | = | ဝန်ဏိဝန်ဏာ |
| **ပတ္တိပတ္တာ** | = | ပတ်တိပတ်တာ |
| **ပမတ္တော** | = | ပမတ်တော |
| **သတ္တိ** | = | သတ်တရိ |



▲ မြောက်ဦး သကျမာန်အောင်
တော်ရကျောင်း ဓာတ်ခန်းမှ
ဝိဇ္ဇာဗိုလ်တစ်ပါး ကျောက်ဆစ်ရုပ်တု

| | | |
|---|---|---|
| **သတ္တျာ** | = | သတ်တရာ |
| **သာတ္တကာ** | = | သတ်ထကာ |
| **ပတ္တိစိတ္တာ** | = | ပတ်တိစိတ်တာ |
| **ပတိဋ္ဌာနေ** | = | ပတိတ်ထာနေ |
| **နမ္ဗုဇ္ဈာ** | = | နမ်ဗုရှာ |
| **မယံ့** | = | မယ်ယံ့ |
| **ဟတ္တေ** | = | ဟတ်ထေ |
| **ကန္တုမုတ္တမံ** | = | ကန်တုမုတ်တမံ |
| **အဂ္ဂိရာသီ** | = | အက်ဂိရာသီ |
| **တဏ္ဏှာ** | = | တန်ဏှာ |
| **ပတ္တိ** | = | ပတ်ထိ |
| **ဒုသုပိနံ** | = | ဒုတ်သုပိနံ |
| **သန္တံ** | = | သန်တံ |
| **ကန္တု** | = | ကန်တု |
| **မန္တု** | = | မန်တု |

မန္တန်တော်ကြီး၏ အနက်အဓိပ္ပာယ်

ဩကာသ–ဩကာသ နမော အောင်ခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံထင်ရှား မြတ်စွာဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

**အယံ၊** ဤမန္တန်တော်သည်။ **သိဒ္ဓိကာမဥ္စ၊** ပြည့်စုံခြင်းငှာ အလိုရှိအပ်သော။ **အမံလ၊** အပြစ်မြူမှေး အညစ်အကြေး မရှိသော။ **မာ လာဘတ္တိ၊** လမင်းပမာ ရွှင်မျက်နှာနှင့် အလိုရှိအပ်သော အကြင်ဆုမြတ်တို့ကို ရရှိနိုင်ခြင်းသည်လည်းကောင်း။ (ဝါ) ဘုန်းကျက်သရေ ဣန္ဒြေနှင့် တင့်တယ်ပြည့်ဖြိုး အကြင်ဣဒ္ဓိရတနာမျိုးကို ရရှိနိုင်ခြင်းသည် လည်းကောင်း။

**သေဋ္ဌတ္တိ၊** များစွာပြည့်ဖြိုး အကြင် ပွားမှုမြတ်သော အကျိုးသည်လည်းကောင်း။ **အတ္တိ၊** ရှိ၏။ **တံ–သဗ္ဗလာဘံ၊** ထိုခပ်သိမ်း များစွာ လာဘ်ပူဇာကို။ **လာဘီသတိ၊** ရရှိပေအံ့။ **မေ၊** ငါ့အား။ **သက္ကရောန္တိ၊** ရိုသေ ကော်ရော် ပူဇော်ကြသည်။ **ဘဝန္တု၊** ဖြစ်ကြ ပါစေကုန်သတည်း။

**အာစိတျာ၊** ဂြိုဟ်မင်းများစွာ ကြယ်တကာထက် လွန်စွာရောင်လင်း တနင်္ဂနွေ ဂြိုဟ်မင်းကိုလည်းကောင်း။ **စန္ဒာ၊** စန်းလ သော်တာ အေးကြည်သာသော တနင်္လာဂြိုဟ် မင်းကို လည်းကောင်း။ **အင်္ဂါရံ၊** ဆုတ် ယုတ်စေတတ် ပူပန်ခြင်းကို ဖြစ်စေ တတ်သော။ **ဘောမ၊** အင်္ဂါဂြိုဟ်မင်းကို လည်းကောင်း။

**ဗုဒ္ဓ၊** အမှုမှန်ရာ မြတ်ဗုဒ္ဓါသို့ ပြီးစီးခြင်း သဘော ရှိကုန်သော ဗုဒ္ဓဟူးဂြိုဟ်မင်းကို လည်းကောင်း။ **ဂုရု၊** လွန်စွာ လေးမြတ် ဆန်းကြယ်ပိုမို ကြာသပတေးသား ဂြိုဟ်မင်း ကိုလည်းကောင်း။ **သောကြာသ၊** နက္ခတ် တကာ ကြယ်တကာထက် လွန်စွာထင်လင်း သောကြာဂြိုဟ်မင်းကို လည်းကောင်း။

**ဂြဟပတ္တိ၊** အသွားဖောက်ပြန် လမ်း မမှန်ခြင်းကို လည်းကောင်း။ **သောရီ၊** ရောင်လှံ့လွန်ပြင်း စနေမင်းကိုလည်းကောင်း။ **ရာဟု၊** အဆိုးအမှောင်ထု ရာဟုဂြိုဟ်မင်းကို လည်းကောင်း။ **ကိတဥ္စ၊** အခိုးအလျှံ လွင့်ပျံ အရိပ် ကိတ်ဂြိုဟ်မင်းကိုလည်းကောင်း။ **ပူဇာလော့၊** ပူဇော်ခြင်းကို ပြုပါ၏။ **မေ၊** ငါ့အား။ **တေ၊** ထိုဂြိုဟ်အပေါင်းတို့သည်။ **န ဟန္တု၊** မညှဥ်းဆဲပါစေသတည်း။

**သဗ္ဗေသတ္တာ၊** လုံးစုံများစွာ သတ္တဝါတို့ သည်။ **မေတ္တစိတ္တေန၊** သနားငဲ့ညှာ မေတ္တာ စိတ်ဖြင့်။ **ဝိဏ္ဏိဝဏ္ဏာ၊** ချီးမွမ်းအပ်သော ဂုဏ်သတင်းဖြင့် ကျော်စောနိုင်လေအောင်။ **ပတ္တိပတ္တာ၊** ရရှိအပ်သော ဂုဏ်ပြိုဥစ္စာ အဖြာဖြာတို့ကို ရရှိနိုင်လေအောင်။



www.burmeseclassic.com

www.burmeseclassic.com

**ဒေဝတာ၊** နတ်အပေါင်းတို့သည်။ **ကရောယ–ကရောန္တု၊** ကူညီမစ ပြုစု စောင့်ရှောက်ကြပါကုန်လော့။ **အာရက္ခာ၊** စောင့်ကြပ်များစွာ ပုဂ္ဂိုလ်အပေါင်းတို့သည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ရက္ခန္တု၊** စောင့်ရှောက်လာကြပါစေကုန်လော့။

**ပမတ္တော၊** မေ့လျော့သည်ရှိသော်။ **ဒေဝ၊** အရှင်နတ်မင်းတို့။ **သာ၊** အမြဲမယွင်း ထိုစောင့်ရှောက်ခြင်းကို။ **ကရောယ–ကရောန္တု၊** ပြုစုကြပါကုန်။ **မယာ၊**ငါသည်။ **သတ္တိ၊ သတ္တျာ၊** ဤမန္တန်တော်၏အစွမ်းဖြင့် စွမ်းဆောင်နိုင်သောသဘော ရှိကုန်သည်လည်း ကောင်း။ **သာတ္တကာ၊** မန္တန်၏အစွမ်းဖြင့် အကျိုးရှိကုန်သည်လည်းကောင်း။ **ဟောမိ၊** ဖြစ်ရပါလို၏။

**ပတ္တိစိတ္တာ၊** သတ္တဝါတို့၏ သူ့အလိုဌ် ဖြစ်ပေါ်ရောက်ရှိနေသော စိတ်တို့ကို လည်းကောင်း။ **နစိတ္တာ၊** မဖြစ်ပေါ်သေးသော စိတ်တို့ကို လည်းကောင်း။ (ဝါ) ဖြစ်ပေါ်လတ္တံ့သော စိတ်တို့ကိုလည်းကောင်း။ **နဝဘ၊** ညွတ်နိုင်းယူနိုင် အာရုံပြုနိုင်ရပါလို၏။

**ပတိဌာနေ၊** အသိအလိမ္မာ ဉာဏ်အရာ၌။ **မယှံ၊** ငါ့အား။ **နမ္ဗုသ္သျာ၊** မမီနိုင်လေကုန်သတည်း။ **သော၊** ထိုရန်သူဖြစ်သော ပုဂ္ဂိုလ်သည်။ **မယှံ၊** ငါ၏။ **ဟတ္တေ၊** လက်အတွင်း၌သာလျှင်။ **ပုသ္သျာတိရသိရ၊** ဝင်ရောက်ရပါစေသတည်း။

**ဧတေန၊** ဤအစီအရင်ကြောင့်။ **စတုရော၊** ကျွမ်းကျင်လိမ္မာ ဆရာ့ဆရာတို့၏ အတတ်ပညာတို့သည်။ **လောပါ၊** ကျေပါစေကုန်သတည်း။ **ဥတ္တမံ၊** လွန်မြတ်သော အစီအရင် (ဝါ) အစောင့်အရှောက်သည်။ **ကန္တုံ၊** စွန့်ခွာပယ်ရှား ရှောင်ရှားသွားခြင်းငှာ။ **မာကတ္တာ၊** မပြုနိုင်ပါစေကုန်သတည်း။

**တဏ္ဍာတမိဂြဟာပတ္တိ၊** ထိုသို့များစွာ ကြိုဖြတ်တကာတို့ ခွေကာလွန်ညွတ် တစ်ရပ်ကြိုဖြတ်စီး ထိုပြေးဤသွား အသွားဖောက်ပြန်ခြင်းသည် လည်းကောင်း။ **ဒုသသပိနံ၊** ယုတ်မာဆိုးသွမ်း အိပ်မက်ကြမ်းသည် လည်းကောင်း။ **ဒုပဘာစိ၊** မကောင်းဆိုးရိပ် နိမိတ်မကောင်း တိုးပွားယောင်သည် လည်းကောင်း။

**အဂ္ဂိရာသီ ဂုရုပေတာံ၊** မီးတောင်မီးစုနှိုင်းရှုလွန်မြတ် အလေးပြုအပ်သော **သုဂတော၊** ကောင်းသောစကားကို ဆိုတော်မူတတ်သော။ **တေန၊** သုံးခွင်တတ်



▲ သင်္ဃသနာတင်ကုန်းမှ

မယ်တော်ကြီး ကျောက်ဆစ်ရုပ်တု

ထား ရှင်တော်မြတ်ဘုရားသည်။ **သန္တံ၊** မြတ်ရှင်ရုပ်ပွားတော်များ တည်ရာနိဗ္ဗာန်သို့။ **သန္တံ၊** ငြိမ်သက်တည်ကြည် အေးချမ်းစွာ။ **ကန္တု၊** အလိုလို ရောက်လာပါစေကုန်သတည်း။

**မန္တု၊** မကောင်းကျိုးဆက် ပျောက်ပျက်ပါစေကုန်။ **မုသောဟာ၊** ဘုရားရှင်၏ မန္တန်ဟုန်ကြောင့် လျင်မြန်မကြာ ဝေးရာ ဖဲကြည်ကာ ပျောက်ကင်းပါစေကုန်သတည်း။

## မန္တန်တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ အကျိုးကျေးဇူးများ

ဤမန္တန်တော်ကြီးကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်တို့မှာ တပ်အပ်သော အတတ်ပညာတို့သည် ပြီးစီးတတ်မြောက်ကုန်အံ့။ ဘုန်းတန်ခိုးကြီးမားအံ့။ သူခပ်သိမ်းတို့ ကြောက်ရွံ့ကုန်အံ့။ ခံ့ညားအံ့။ အန္တရာယ်ဘေးခပ်သိမ်းတို့ ကင်းအံ့။ သိကြားမင်း မ,စ၍ နတ်အပေါင်းတို့သည်လည်း အစဉ်တစိုက် လိုက်၍ စောင့်ရှောက်ကုန်အံ့။

မဟာ်သရ နတ်မင်းသည်လည်း အမြဲစောင့်ရှောက်မ,ကုန်အံ့။ မင်းကစ၍ လူအပေါင်းတို့သည်လည်း အလွန်နှစ်လိုအံ့။ လုပ်တိုင်းအောင် ကြံတိုင်းမြောက်ကုန်အံ့။

သစ္စာကတိမှန်သော် ဆိုခဲ့သမျှသော အကျိုးတို့သည်လည်း ပြီးစီးအံ့။ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များနှင့်လည်း တွေ့ရအံ့။ သေမင်းကိုသော်မှလည်း လှည့်ပတ်နိုင်သော မန္တန်တော်ကြီးပေတည်းဟူ၍ အဆိုပါ လက်ကမ်းစာစောင်၌ ရေးသားထားပါသည်။

ဤမန္တန်တော်ကြီးကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်သရဇ္ဈာယ်၍ လက်တွေ့အကျိုးခံစားရသူများ ရှိ၏။ မြောက်ဦးမြို့ဝါ ဈေးရပ်ကွက်မှ ကျွန်တော်၏ တပည့်ဖြစ်သူ မောင်တင်ဦးသည် ပြီးခဲ့သော သကြန်ရက်အတွင်းက **"အနုမကန်"**တွင်ဆင်း၍ ရေကူးရာ သူ့၌ ဝတ်ဆင်၍ ပါလာသော ရွှေလက်စွပ်သည် ရေထဲ၌ ကျွတ်ကျ ပျောက်ဆုံးသွားခဲ့သည်။

သူနှင့် သူ့အဖော်များသည် ရေထဲ၌ အကြိမ်ကြိမ်ငုပ်၍ ရှာကြသော်လည်း မောပန်းခြင်းသာ အဖတ်တင်၏။ နောက်ဆုံးတွင် သူသည် အနုမကန်ပေါင်ပေါ်သို့တက်ပြီး အမလံမန္တန်တော်ကို (၇)ကြိမ်တိတိ ရွတ်ဆိုခဲ့ပြီး ရေထဲ၌ တစ်ဖန်ငုပ်၍ရှာရာ သူ၏ ရွှေလက်စွပ်ကို ပြန်လည်ရရှိခဲ့သည်ဟု ကျွန်တော့်အား အမလံမန္တန်တော်၏ အစွမ်းထက်မြက်ပုံကို ဝမ်းသာအားရ ပြောပြပါသည်။

အချုပ်အားဖြင့် ဆိုရသော် **ရခိုင်ဝိဇ္ဇာဓိုရ်များနှင့် အမလံမန္တန်တော်၊ အမလံမန္တန်တော်နှင့် ရခိုင်ဝိဇ္ဇာဓိုရ်များသည် အမြဲဒွန်တွဲလျက် ရှိပါပေသည်။** ဤ အမလံမန္တန်တော်ကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်သရဇ္ဈာယ်သူများအဖို့လည်း အကျိုးအာနိသင်ထူးများ ခံစားကြရမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။

**စောထွီးသျှင်(မြောက်ဦး)**

ကျမ်းကိုး

၁။ မြောက်ဦးမြို့၊ သကျမာရ်အောင်တောရဆရာတော်၏ ရေးဟောင်းပေမူ။

၂။ မြောက်ဦးမြို့၊ သကျမာရ်အောင်တောရဆရာတော်၏ အမလံမန္တန်တော်ကြီး လက်ကမ်းစာစောင်။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်ကိုယ်တိုင် ဖူးတွေ့ဖူးသော ရဟန်းထူး ရဟန်းမြတ်များ (၁)

ဖိုးမြင့်
(ဆောက်လုပ်ရေးအင်ဂျင်နီယာ/ငြိမ်း)

## ဝေသုခီဆရာတော်ကြီး အရှင်ကာဝိန္ဒ

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကသာခရိုင်သည် ထူးခြားသော ဒေသ တစ်ခု ဖြစ်ပါသည်။ ထိုခရိုင်အတွင်း (၆)မြို့နယ် ရှိခဲ့ရာ အင်းတော်နှင့် ဗန်းမောက်မြို့နယ် (၂)ခုတို့တွင် ရဟန္တာဟု ကျော်စောထင်ရှားသော ဆရာတော်ကြီး(၃)ပါး ပေါ်ပေါက်ခဲ့ရာ နေရာများ ဖြစ်ပေသည်။ ထိုအရှင်မြတ်တို့မှာ...

၁။ အင်းတော်မြို့နယ်၊ မန်လည်ကျေးရွာတွင် မာဃဒေဝလင်္ကာကြီးကို ပြုစုတော်မူခဲ့သော မန်လည်ဆရာတော်(အေဒီ ၁၈၄၁-၁၉၂၀)၊
၂။ ဗန်းမောက်မြို့နယ်၊ ဝေသုခီကျေးရွာမှ ဝေသုခီဆရာတော်ကြီး အရှင်ကာဝိန္ဒ(အေဒီ ၁၈၉၂-၁၉၇၈)၊
၃။ အင်းတော်မြို့နယ်၊ မိုးယူဆည်ကြီးတောင်ဘက် တောရဆရာတော် ဦးကုန္ဒဝံသ (အေဒီ ၁၉၄၂-၂၀၀၄)တို့ ဖြစ်ကြပါသည်။

ထိုဆရာတော်ကြီး (၃)ပါးတွင် အမှတ်စဉ်(၁) မန်လည်ဆရာတော်ကြီးနှင့် အမှတ်စဉ်(၂) ဝေသုခီဆရာတော်ကြီးတို့၏ ရုပ်ကလာပ်တော်တို့မှာ ယခုအချိန်ထိ မပုပ်မသိုးဘဲ တည်ရှိနေသော ဆရာတော်ကြီးများ ဖြစ်ကြပါသည်။



ကျောင်းရှင် ဝေသုခီ ဆရာတော်ကြီး

အမှတ်စဉ်(၂) မိုးယူဆရာတော်ကြီးမှာ ရုပ်ကလာပ်တော် မီးသဂြိုဟ်ရာတွင် ဓာတ်တော်များ ကွန့်မြူးခြင်း၊ ဓာတ်တော်များ ကျဆင်းခြင်း စသည့် ထူးခြားမှုများ ရှိခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။(ဆရာမောင် မန်လည် ဆရာတော်ကြီး၏ ပန်းမွှေး၏ ရဟန္တာနှင့် ရဟန်းထူးများ စာအုပ်မှ)



www.burmeseclassic.com

www.burmeseclassic.com

ရှင်ကလောပ်တော်ကို မန္တလေး–ရွှေဘို–မြစ်ကြီးနားလမ်း ဆောက်လုပ်ရန် ဘမ်းရှာချက်ကြောင်း ရှာဖွေခဲ့စဉ်က ဖူးတွေ့ခဲ့ရပြီး နံ့ယူဆရာတော်ကြီးကိုတော့ မဖူးတွေ့ဘူးပါ။

ဗန်းမောက်မြို့နယ် ဝေသုခီဆရာတော်ကြီးကို သက်တော်ထင်ရှား ရှိချိန်တွင်လည်းကောင်း၊ ပျံလွန်တော်မူပြီးသော အချိန်များတွင် လည်းကောင်း အကြိမ်ကြိမ် ဖူးတွေ့ဖူးသူ ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်သည် ဆောက်လုပ်ရေး အင်ဂျင်နီယာတာဝန်ဖြင့် ဗန်းမောက်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသောကာလ ဖြစ်ပါသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိချိန် ကျွန်တော် ဖူးတွေ့ရစဉ်က မြင်တွေ့ခဲ့ရသော ဆရာတော်ကြီး၏ ထူးခြားချက်များနှင့် ပျံလွန်တော်မူပြီးနောက်ပိုင်း ကျွန်တော်တို့မိသားစု ကိုယ်တိုင် တွေ့မြင်သိရသော ထူးခြားချက်များကို စာဖတ်သူများ သိရှိပြီး သဒ္ဓါကြည်ညိုစိတ် ပွားနိုင်စေရန် အဖြစ်မှန်အတိုင်း ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဗန်းမောက်မြို့ကလေးသည် ရှမ်း၊ ကဒူး၊ ကနန်း တိုင်းရင်းသားစုများ နေထိုင်ရာဒေသတစ်ခု ဖြစ်ပေသည်။ တိုင်းရင်းသား အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ဘာသာရေးကို လွန်စွာကိုင်းရှိုင်းကြသူများ ဖြစ်ပါသည်။ သံဃာတစ်ပါး ကြွလာသည်ကို မြင်လျှင် ရောက်သည့်နေရာ မြေပေါ်မှာပင် ဒူးတုပ်ဝပ်ချ ပူဇော်ကြစမြဲ ဖြစ်ပေသည်။

ဝါတွင်းကာလ ဥပုသ်နေ့များ၌ သီတင်းသီလ ဆောက်တည်ရာတွင်လည်း ဘုန်းတော်ကြီးကျောင်းအနီးရှိ ဥပုသ်ဇရပ်သို့ သွားရောက်ဆောက်တည်ကြရပါသည်။ ထိုဇရပ်များမှာလည်း ယောက်ျားအတွက် တစ်ဆောင်၊ မိန်းမအတွက် တစ်ဆောင် သီးခြား ထားရှိကြပေသည်။

ထူးခြားချက်တစ်ရပ်မှာ ထိုဇရပ်များအောက်တွင် ကျွန်းသစ်လုံးကို ထွင်းထားသော အခေါင်းများ ရှိနေခြင်းပင် ဖြစ်ပါသည်။ အခေါင်းများတွင် အမည်များ ရေးမှတ်ထားကြပြီး **"မိမိသေလျှင် နောက်လူများ အလုပ်မရှုပ်ကြစေရန် ကြိုတင်ပြုလုပ်ထားကြကြောင်း"** သိရပါသည်။

မြတ်စွာဘုရား ဟောကြားသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတရား (၃)ပါးအရ ရုပ်ခန္ဓာ၏ မမြဲသောသဘောကို အမြဲ ဆင်ခြင်နှလုံးသွင်းပြီး သေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်ထားခြင်းလည်း ဖြစ်ပါသည်။

ဤအခေါင်းများကို အသက်(၅၀) ကျော်လျှင်သော် လည်းကောင်း၊ ကျန်းမာရေးအခြေအနေ မကောင်းလျှင်သော်လည်းကောင်း ကြိုတင်ပြုလုပ်ထားကြပြီး အရေးပေါ် သေဆုံးသူများ ပေါ်ပေါက်လာပါက ခေတ္တယူသုံးပြီး ပြန်လည်၍ အစားထိုး အသစ်ပြုလုပ်ပေးကြရပါသည်။ လေးစားဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးစံတစ်ခု ဖြစ်ပေသည်။

ထို့အပြင် စာရေးသူ ကြားဖူးသော ရှမ်းတိုင်းရင်းသားတို့ ဘုရားရှိခိုးစာကို သူငယ်ချင်းတစ်ဦးမှ ဘာသာပြန်ပြရာတွင် မြန်မာလူမျိုးတို့၏ ဘုရားရှိခိုးစာနှင့် အနည်းငယ် ကွာခြားနေကြောင်း သိရပြီး သူတို့၏ ဘုရားရှိခိုးစာသည် ပို၍ အသေးစိတ်ကျကြောင်း တွေ့ရပါသည်။

မြန်မာတို့၏ စာတွင် "ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို" ဆိုထားသော်လည်း ရှမ်းဘုရားရှိခိုးစာတွင် ဘုန်းကြီးကျောင်းအဝင်ကစ၍ ပြုခဲ့မိသော အမှားများကို ဝန်ချတောင်းပန်ထားသည်ကို တွေ့ရပါသည်။ သူတို့၏ ဘုရားရှိခိုးစာတွင်...

'ဤကျောင်းဝင်းသို့ ဝင်လာရာတွင် ဖိနပ်ချွတ်လာခဲ့သည့်အတွက် ကျောင်းပေါ်တွင် ခြေထောက်မှ အညစ်အကြေးများ ပေကျံခြင်းကိုလည်း ခွင့်လွှတ်တော်မူပါ။ ဆွမ်းကွမ်းချက်ရာတွင် မမြင်မိသော အမှုန်အမွှားနှင့် ဆံခြည်မွှေးမျှင်များ ကျရောက်ခြင်း ရှိခဲ့ပါကလည်း ခွင့်လွှတ်တော်မူပါ'

ဟု အစချီ ကန်တော့ကြသည်ဟု ကြားသိရပါသည်။

ထိုအချိန်ကဆိုလျှင် ရုံးများစိုက်ရာ ဗန်းမောက်မြို့ပေါ်မှလွဲ၍ ကျေးရွာများတွင် သူတို့၏ ဘာသာစကားများကိုသာ ပြောကြသောအချိန် ဖြစ်ပါသည်။ ဗမာစကားကို လူတိုင်း မပြောတတ်ကြသေးပေ။

ဤနေရာ၌ ဗဟုသုတရဖွယ် အတုယူဖွယ်ရာ ကျွန်တော့်သူငယ်ချင်း မူလတန်း ကျောင်းဆရာတစ်ယောက်၏ အဖြစ်အပျက်များကို ကြားညှပ်ဖော်ပြလိုပါသည်။

သူသည် ကျောင်းဆရာတစ်ဦးဖြစ်သည့် အားလျော်စွာ သူ သင်ကြားပြသော စာပေများကို တပည့်များအား ကျွမ်းကျွမ်းကျင်ကျင် တတ်စေချင်သည်။ သို့သော် ခက်နေသည်က သူ၏ ဗမာစကားကို သူ တာဝန်ကျရာ ကဒူးကျေးရွာရှိ ကလေးများက နားမလည်ကြပေ။ မူလတန်းကျောင်းဖြစ်၍ ကလေးများသည် သူတို့ရွာသူရွာသားများဖြစ်ပြီး အခြားသော တိုင်းရင်းသားများနှင့် ရောထွေးယှက်တင် မရှိသေးသည့်အတွက် အခြားဘာသာ





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ဂူကလာပ်တော်ရှိရာ စံကျောင်းတော်

စကားများကိုလည်း မကြားဘူးကြခြင်း ဖြစ်ပေသည်။

ထို့အပြင် ကျောင်းသုံးစာအုပ်က လည်း မြန်မာလိုဖြစ်ပြီး သူကလည်း ကဒူးလို မပြောတတ်သည့်အတွက် သူ့အနေဖြင့် စာသင်ပြရာတွင် အခက်ကြုံလျက် ရှိပါသည်။ နောက်ဆုံးတော့ သူကိုယ်တိုင် ကဒူးစကားကို တတ်အောင်သင်လိုက်မှ သူ ကြုံတွေ့နေရသော အခက်အခဲက လွတ်မြောက်လာခဲ့ရပြီး သင်ကြားရေးလည်း အဆင်ပြေ၊ ကျောင်းသားနှင့်ဆရာ ဆက်ဆံရေးလည်း အဆင်ပြေသွားကြောင်း သိရပါသည်။

ထိုရွာကလေးမှာ ဆရာတော်ရှိရာ ဝေသုခီရွာသို့သွားရာ လမ်းမကြီးဘေးရှိ **ပင်ဟင်းခါးရွာကလေး**ဖြစ်ပါသည်။

ဗန်းမောက်မြို့မှ ဝေသုခီရွာသို့သွားလျှင် နားယကာရွာ၊ စက်တောရွာ၊ ကံရွာ၊ သာယာကုန်းရွာ၊ ပင်ဟင်းခါးရွာ၊ မန်ပင်ရွာ၊ နန့်မွန်ကုန်းရွာ၊ ပင်ပုံရွာ၊ ကံကုန်းရွာ၊ နန့်သောင်ရွာ၊ ကုန်းပတောင်းရွာနှင့် ကားလမ်းအဆုံး မံစီရွာကြီးသို့ ရောက်မည် ဖြစ်ပါသည်။

စာရေးသူမှတ်မိသလောက် **ကသာမြို့မှ (၇၆)မိုင် (၄)ဖာလုံခန့်** ကွာဝေးပါသည်။ ထိုလမ်းမကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျပန် ဆုတ်ခွာရာ လမ်းတစ်ခုဖြစ်ပြီး ထိုလမ်းမကြီး၏ ဆောက်လုပ်ရေး သတ်မှတ်ချက် လမ်းအမည်မှာ **"ကသာ–အင်းတော်–ဗန်းမောက်–မံစီ–ဟုမ္မလင်းလမ်း"** ဟူ၍ ဖြစ်ပါသည်။

ထိုလမ်းမကြီးသည် ဧရာဝတီမြစ်ကမ်းရှိ ကသာမြို့နှင့် ချင်းတွင်းမြစ်ကမ်းရှိ ဟုမ္မလင်းမြို့သို့ ဆက်သွယ်ထားသော လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ချင်းတွင်းနှင့် ဧရာဝတီမြစ်ကြီး နှစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ပေသည်။

၁၉၇၁–၇၂ ခုနှစ်တွင် ထိုလမ်းမကြီးအား တိုးတက်ပြုပြင်ခြင်း (Improvement) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျွန်တော်နှင့်တကွ လုပ်သား(၁၀)ဦးအဖွဲ့သည် လမ်းအူကြောင်းပုံစံနှင့် လမ်းအနိမ့်အမြင့် တိုင်းထွာရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ဗန်းမောက်မြို့မှ ခြေကျင်ခရီးဖြင့် လမ်းကြောင်းတစ်လျှောက် တစ်ရွာဝင် တစ်ရွာထွက် လမ်းဘေးရှိ ဇရပ်များတွင် စတည်းချကာ ဆောင်ရွက်ခဲ့ရပါသည်။

ထိုသို့ ဆောင်ရွက်ရင်း ကံကုန်းဇရပ်တွင် ရပ်နားဆောင်ရွက်စဉ် ကသာလမ်းဝန်ထောက်နှင့် လူ(၅၀)ခန့်ပါသောအဖွဲ့သည် (ISUZU Tipper)ကား (၂)စီးနှင့် ရောက်လာပြီး ဝေသုခီ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ရန် လာရောက်ခေါ်ကြသဖြင့် ကျွန်တော်တို့အဖွဲ့သည် သူတို့နှင့်အတူ လိုက်သွားခဲ့ကြပါသည်။

ဝေသုခီရွာကလေးသည် ကံကုန်းရွာမှ (၄)မိုင်ခန့်သာ ကွာဝေးပါသည်။ ကံကုန်းရွာ၏နောက်ရှိ တောလမ်းအတိုင်းသွားလျှင် (၂)မိုင်ခန့်အကွာတွင် လွင်ကြီးရွာရောက်ပြီး နောက်ထပ် (၂)မိုင်ခန့်သွားလျှင် ဝေသုခီရွာသို့ ရောက်ရှိပါသည်။

ဆရာတော်၏ကျောင်းသည် ပေ (၅၀ × ၄၀)ခန့် ကျယ်မည်ဖြစ်ပြီး ကျွန်းတိုင်လုံးများဖြင့် ခြေတံရှည် တည်ဆောက်ထားပါသည်။ အပေါ်ထပ်အား ဝါးထရံနှင့် ပျဉ် ရောကာထားပြီး သစ်သားကြမ်းခင်း ခင်းကာ သက်ငယ်မိုးထားသော အဆောက်အအုံ ဖြစ်ပါသည်။

အဆောက်အအုံ၏ အလယ်ခန်းတွင် ထင်းရှူးသေတ္တာကြီးတစ်ခုရှိပြီး ဆရာတော်အား ဆက်ကပ်သော အလှူမှ ပါလာသည့် ငွေစက္ကူများ ထည့်ထားသည်ဟု သိရပါသည်။ ဆရာတော်က ယင်းကို ငွေဟု မသိပါ။ စက္ကူဟုသာ သိသည်ဟု ရွာသားများက ပြောကြပါသည်။

တစ်ခါက ဘုန်းကြီးကျောင်းအား ဓားပြများ လာတိုက်ပြီး ငွေတောင်းရာ ဆရာတော်မှ ငွေတော့မရှိကြောင်း၊ သေတ္တာထဲတွင် စက္ကူတွေ ရှိကြောင်း လိုအပ်လျှင် ယူသွားကြ၊ မြန်မြန်လည်း သွားကြဟု မိန့်ကြားခဲ့ပေသည်။

ဓားပြလည်း သေတ္တာထဲမှ ငွေစက္ကူများ ယူပြီးထွက်သွားရာ တောထဲတွင် မျက်စိလည်နေ၍ အဖမ်းခံခဲ့ရဖူးကြောင်း သိရပါသည်။

ဆရာတော်၏ ကျောင်းပေါ်တွင် ဘာမှ ခမ်းခမ်းနားနား ပြင်ဆင်ထားခြင်းမရှိပါ။ ဘုရားဆောင်တစ်ခု၊ ထင်းရှူးသေတ္တာတစ်လုံးနှင့် ဆရာတော် ကျိန်းစက်ရာ ကြမ်းပြင်ပေါ်တွင် သင်ဖျာတစ်ချပ်နှင့် သစ်သားခေါင်းအုံးငယ်တစ်ခုသာ ရှိပါသည်။

ဆရာတော်သည် ခုတင်နှင့် ကျိန်းစက်ခြင်း မဟုတ်ပေ။ သစ်သားကြမ်းခင်းပေါ်တွင် ဖျာခင်း၍ ကျိန်းစက်ခြင်း ဖြစ်ပေသည်။ ထိုအိပ်ရာတွင် ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များလည်း မတွေ့ရပေ။ ထိုဖျာငယ်၏ရှေ့တွင်သာ လာရောက်လှူဒါန်းထားကြသော မုန့်ထုပ်၊ ကြက်သွန်၊ အာလူး၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများကလည်း တစ်ပုံတစ်ပင် ရှိလှပေသည်။ အချို့ကြက်သွန်များမှာ အပင်များပင် ရှည်ထွက်နေကြပါသည်။

ဆရာတော်ကတော့ တပ်မက်မှုမရှိ၍ ဥပေက္ခာပြုထားဟန် ရှိပါသည်။ ဆရာတော်၏ကျောင်းတွင် ကိုရင်မရှိ၊ ကျောင်းသားမရှိ၊ ကပ္ပိယလည်း မရှိပါပေ။ ဆရာတော်ကိုဖူးသော ဧည့်သည်များ လာရောက်မှသာ ရွာထဲမှ ရွာသားများက လာရောက်ကူညီ ဆောင်ရွက်ပေးရပါသည်။

ကျန်အချိန်များတွင် မိမိတို့၏ အလုပ်များကို ပစ်၍ ဘုန်းကြီးကျောင်းသို့ လာရောက် စောင့်ရှောက်နေခြင်းကို ဆရာတော်က မကြိုက်ဟု သိရပါသည်။

ဆရာတော်ကလည်း စကားနည်းပြီး အမြဲမပြတ် တရားအားထုတ်နေသဖြင့် လူအပို ရှိနေခြင်းကို မကြိုက်နှစ်သက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

ဆရာတော်အတွက် ဝေယျာဝစ္စကလည်း သိပ်မရှိပါပေ။ ဆရာတော်သည် သတိအမှတ်ဖြင့် နေထိုင်သူဖြစ်ပြီး သူ့ကြောင့် သူတစ်ပါးကို အလုပ် မပိုစေချင်သည့် သဘောလည်း ပါ သည်။

ထို့အပြင် ဆရာတော်သည် ဆွမ်း ဘုဉ်းမပေး၊ ယာဂုကိုသာ ဘုဉ်းပေး သည်ဟု သိရပါသည်။ သို့အတွက် ကြောင့်လည်း ဆွမ်းကွမ်းကိစ္စ တာဝန် မကြီးတော့ချေ။

လယ်ယာလုပ်ငန်းကိစ္စများ ပြီးဆုံး သော ပွင့်လင်းရာသီ ရောက်ချိန်တွင် အနောက်မြစ်ဟုခေါ်သော ချင်းတွင်း မြစ်ရိုးမှ ဧည့်သည်များ၊ ဟုံပင်၊ မိုးညှင်း မိုးကောင်း၊ ကာမိုင်းမှ ဧည့်သည်များ သည် တောလမ်းအတိုင်း ခြေကျင် လာရောက်၍ ဆရာတော်အား ဖူးမြော် ကြပါသည်။

ချောင်းကလေးဘေးတွင် ဆရာ တော်ကိုဖူးသော ဧည့်သည်များ နားနေ ရန် သက်ငယ်မိုး၊ ဝါးကြမ်းခင်း ယာယီ တဲများအား ရွာသူရွာသားများက ဆောင်ရွက်ပေးထားရပါသည်။

တစ်ခါတစ်ရံ ဆရာတော်ကြီးအား လာရောက်ဖူးမြော်သူများမှာ တစ်ရာ ကျော်သည်အထိ ရှိတတ်ပေသည်။ ကျွန်တော်တို့ကားများ ရောက်သည့် အချိန်မှာပင် ဆရာတော်ဖူး လာရောက် သူများသည် သက်ငယ်တန်းလျားများ အပြည့် ရှိနေပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ကျောင်း ပေါ်တက်ပြီး ဆရာတော်အား လှူဖွယ် ပစ္စည်းဖြင့် ပူဇော်ကန်တော့ကြပါသည်။ ကျွန်တော်တို့ "လမ်းတိုင်းတာရေး အဖွဲ့"မှာ လူငယ်များဖြစ်ကြ၍ နောက် ဆုံးမှနေ၍ ကန်တော့ကြပါသည်။ ဆရာတော်ကြီးမှ ကျွန်တော်၏ ဝန်ထောက်အား "ရွှေဘိုသား"လား ဟု မေးလိုက်ပါသည်။ ကျွန်တော့်ဆရာ မှလည်း "တင်ပါ့ဘုရား"ဟု ပြန်ဖြေ



www.burmeseclassic.com

www.burmeseclassic.com

အပြီး ဆရာတော်မှ "ဦးအောင်ဇေယျ" ဂူ၏ လက်ရှိအနေအထားကို ပြောပြပြီး သန့်ရှင်းရေးပြုလုပ်ကာ ဆေးများ ပြန်သုတ်သင့်ကြောင်း ပြောပြပါသည်။

ကျွန်ုပ်တော့်ဆရာမှာ ရွှေဘိုသားပင် ဖြစ်သော်လည်း ဦးအောင်ဇေယျ၏ အရိုးဂူအနေအထားကို ဆရာတော်လောက်ပင် မသိပါပေ။ ဆရာတော်သည် ဝေးဝေးလံလံ သွားရောက်ခြင်းလည်း မရှိခဲ့ပါ။

ဗန်းမောက်မြို့နယ်အတွင်း မန်လောင်၊ မန်စီ တိုက်နယ်(၂)ခု၌သာ သီတင်းသုံးနေထိုင်ခဲ့သူ ဖြစ်ပါသည်။ ယခုကဲ့သို့ ရွှေဘိုမြို့အကြောင်း ပြည့်ပြည့်စုံစုံ မိန့်ကြားခဲ့သည့်အတွက် ကျွန်ုပ်တော့်ဆရာလည်း ဆရာတော်၏ ထူးခြားချက်ကို သတိပြုမိပြီး ချက်ချင်းပင် ကြည်ညိုသဒ္ဓါ ရှိသေစွာဖြင့် ဦးခိုက်လိုက်သည်ကို တွေ့မြင်လိုက်ရပါသည်။

ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ဤနေရာတွင် ဆရာတော်၏ ထူးခြားမှုတစ်ခုကို ထပ်မံ တွေ့ရှိရပါသည်။

ဆရာတော်သည် သာမန်စကားများ ပြောသောအခါ အများသူငါအတိုင်း ပုံမှန်အသံဖြစ်ပြီး သီလပေး တရားဟောသောအခါတွင် အသံမှာ တိမ်ပြီး အနည်းငယ် စူးရှနေပါသည်။ သို့သော် ပရိသတ်အားလုံး ဆရာတော်ကြီး၏ အသံကို ရှင်းလင်းပြတ်သားစွာ ကြားကြရပါသည်။

ရှာခံပုဂ္ဂိုလ်များ ပြောကြားချက်အရ ဆရာတော်သည် သီလပေးလျှင် အသက်မရှူတော့ဘဲ ထွက်သက်ဖြင့်သာ ပေးသဖြင့် အသံပြောင်းသွားရခြင်းဖြစ်ကြောင်း သိရပါသည်။

သီလပေးပွဲ ပြီးသောအခါ ဆရာတော်သည် ရှာသားတစ်ဦးအား တောင်းတစ်လုံးယူခဲ့ခိုင်းပြီး သူ၏ ရှေ့ရှိ ပစ္စည်းပုံများထဲမှ ကုလားပဲ၊ ကြက်သွန်နီ၊ အဖြူ၊ အာလူး၊ ငါးသေတ္တာ၊ ငှက်ပျောသီး၊ ကြံသကာ၊ ဘီစကွတ် စသည်တို့ကို ကိုယ်တိုင်ထည့်ပြီး ကျွန်ုပ်တော့်အား လက်ယပ်၍ ခေါ်လိုက်ပါသည်။

ကျွန်ုပ်တော်သည် ယခုမှ ဆရာတော်အား ဖူး‚ဖူးသူတစ်ယောက်ဖြစ်ပြီး ရှေ့မှ ငြည့်သည်များကို မခေါ်ဘဲ ကျွန်ုပ်တော့်ကို ခေါ်လိုက်သဖြင့် ရင်ထဲတွင် ထိတ်လန့်သွားပါသည်။

ကျွန်ုပ်တော် သွားလိုက်သောအခါ တောင်းကို လက်ညှိုးညွှန်ပြပြီး ယူသွားရန် ပြောသဖြင့် ယူခဲ့ပါသည်။ စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေ၍ ရှာသားတစ်ဦးအား မေးမြန်းကြည့်ရာ...

'ဆရာတော်က ပစ္စည်းလာလှူရင် သူ့ရှေ့မှာ ပုံထားလိုက်တယ်။ သူများလဲ မစွန့်ဘူး။ ယူသုံးရင်လဲ ဘာမှမပြောဘူး။ သူလဲ မသုံးဘူး။

ဒါပေမယ့် ခင်ဗျားတို့အဖွဲ့ကြတော့ ထူးဆန်းတယ်။ သူကိုယ်တိုင် တောင်းထဲထည့်ပြီး စွန့်တယ်။ ကျွန်ုပ်တော့်အထင်တော့ ခင်ဗျားတို့အဖွဲ့ ပင်ပင်ပန်းပန်း လမ်းတိုင်းနေတာကို သူ့စိတ်ထဲက သိနေလို့ အခုလို စွန့်ကြဲလိုက်တယ်လို့ ထင်တယ်'

ဟု ပြောခဲ့သဖြင့် ဆရာတော်၏ ထူးခြားချက်တစ်ရပ်ကို ထပ်မံ သိရပြန်ပါသည်။

နောက်(၂)လခန့် ကြာသောအခါ ဆရာတော်ကြီးအား ထပ်မံ ဖူးတွေ့ရန် အခွင့်အရေး ပေါ်ပေါက်လာပါသည်။

ကသာမြို့မှ လမ်းဝန်ထောက်ကြီးက သူ၏ သူငယ်ချင်းဖြစ်သူ မြစ်ကြီးနားမှလာသော သစ်ထုတ်ရေး မန်နေဂျာအား ဆရာတော်ထံ လိုက်ပို့ပေးရန် ညွှန်ကြားချက်အရ ဆရာတော်သီတင်းသုံးရာ ဝေသုခီရှာကျောင်းသို့ တစ်ခေါက် ထပ်မံ ရောက်ခဲ့ပြန်ပါသည်။

ထိုသစ်ထုတ်ရေး မန်နေဂျာမှာ လူပျိုကြီးဖြစ်ပြီး သူနှင့်အတူ သူ၏ အစ်မ အပျိုကြီးတစ်ယောက်လည်း ပါလာခဲ့ပါသည်။ သူတို့၏ လက်ထဲတွင် ပုတီးကုံးများ ကိုင်ထားသဖြင့် မောင်နှမ(၂)ဦးစလုံး ဘာသာရေးလိုက်စားကြဟန်တူပေသည်။

ဆရာတော်ထံမှ သီလခံယူပြီး မန်နေဂျာကြီးမှ ဆရာတော်အား သူပြုလုပ်ထားသော ဓာတ်လုံးငယ်အား ဘယ်အဆင့်ရောက်နေပါပြီလဲဟု သိလို၍ မေးသောအခါ ဆရာတော်မှ...

'ဒါတွေဟာ ရဟန်းနဲ့ မဆိုင်ဘူး။ ကျွာတည်သရွေ့ အသက်ရှည်စွာနဲ့ နေချင်တဲ့ လူတွေ လုပ်တဲ့အလုပ်ပါ။ ကျွာကြီးကလဲ အနိစ္စနဲ့ ကင်းကွာတာမှ မဟုတ်တဲ'

ဟု ပြန်လည် မိန့်ကြားလိုက်ပါသည်။ ယင်းနောက် သူ၏ အစ်မမှ...

'ပုတီးစိပ်ရင် ဘာကို ပွားများရမလဲ'

ဟု မေးသောအခါ ဆရာတော်က "**ဂုဏ်တော်**"ကိုသာ ပွားများရန် မိန့်ကြားခဲ့ပါသည်။

မန်နေဂျာကြီးတို့မောင်နှမ စိတ်မှာတော့ မည်သို့ ရှိမည်မသိပါ။ ကျွန်ုပ်တော့် စိတ်ထဲမှာတော့ မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားသော အရပ်ဒေသတစ်ခု၏ တောကြိုအုံကြား၌ တရားကျင့်ကြံအားထုတ်နေသော ရဟန်းတစ်ပါးထံမှ ဤမျှ ပွင့်လင်းမြင့်မြတ်လှစွာသော မိန့်စကားကို ကြားလိုက်ရသည့်အတွက် ဆရာတော်ကြီးအား များစွာ ကြည်ညိုသဒ္ဓါပိုစွာ ဦးခိုက်လိုက်မိပါတော့သည်။

နောက်ထပ် တွေ့ရှိခဲ့ရသော ထူးခြားချက်များစွာ ဆရာတော်ကြီး ပျံလွန်တော်မူပြီး နောက်ပိုင်းကာလတွင် ကြုံ

www.burmeseclassic.com

တွေ့ရခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသောအချိန်က ကျွန်တော် ဗန်းမောက်မြို့တွင် မရှိပါ။ ခေါင်ကြီးသင်တန်း တက်နေရသဖြင့် မေလကုန်မှ ပြန်ရောက်ခဲ့ပါသည်။

ကျွန်တော် ပြန်ရောက်လာသော အခါ ဆရာတော်ကြီး၏ ရုပ်ကလာပ်အား မှန်ခေါင်းသို့ ပြောင်းပြီးခါစအချိန် ဖြစ်ပါသည်။ ဗန်းမောက်တစ်မြို့နယ်လုံး ဆရာတော်၏ ရုပ်ကလာပ် မပုပ်မသိုး၊ မပျက်စီးမှု၊ ဆံတော်များ ရှည်ထွက်လာမှု၊ သက်န်းတွင် အရိုးစုပုံ အရိပ်ထင်မှု စသည့် ဆရာတော်ကြီး၏ ထူးခြားချက်များကို ပြောဆိုနေကြချိန် ဖြစ်ပါသည်။

ထိုအချိန်က ဗန်းမောက်မြို့နယ် ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးခင်စိန်၏ တာဝန်ပေးချက်အရ ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့မှ အရိုးစုပုံပေါ်နေသော သက်န်းအား (၄×၃)ပေအရွယ် ($\frac{၁}{၄}$)လက်မဒု မှန်တစ်ဖက်(၂)ချပ်ဆင့်ပြီး (၂)ဖက်ကပ်၍ ပေါင်ရိုက်ကာ အလင်းရောင်လာသော ပြတင်းပေါက်တွင် ထောင်ပေးထားခြင်းဖြင့် အများပြည်သူများ အလွယ်တကူ ဖူးမြင်နိုင်ကြအောင် ဆောင်ရွက်ပေးခဲ့ကြရပါသည်။

ကျေးရွာ လူကြီးများကလည်း ကျေးဇူးတင်စွာဖြင့် ကျွန်တော်တို့အား ဆရာတော်ကြီး၏ ပျံလွန်တော်မူစဉ်က ပယ်ခဲ့သော ဆံတော်အနည်းငယ်နှင့် ပုံရိပ်ပေါ်သော သက်န်းစ၏ ထောင့်အဖျားလေးကို ဖြတ်ကာ လက်ဆောင်ပေးခဲ့ပါသည်။

ကျွန်တော်တို့ မိသားစုသည် ဆံတော်အား ပုလင်းငယ်တွင် ထည့်ပြီး ရေအနည်းငယ် ဖြည့်ထည့်ကာ ဘုရားစင်အနီးတွင် သက်န်းစနှင့်အတူ ထားရှိ ပူဇော်ခဲ့ကြပါသည်။

ဤနေရာတွင် ဆရာတော်ကြီး ထူးခြားဖြစ်စဉ်များနှင့် ပတ်သက်၍ အနည်းငယ် ရှင်းပြလိုပါသည်။ ကျွန်တော်သည် ထိုအချိန်က အသက်အရွယ် ငယ်သေးပြီး တရားဘာဝနာနှင့် အလှမ်းဝေးနေသောအချိန် ဖြစ်ပါသည်။ ဘာမဆို သိပ္ပံနည်းကျမှ လက်ခံတတ်ပါသည်။

သို့သော် ဆရာတော်ကြီး၏ ထူးခြားချက်များက ကျွန်တော်၏ မှားယွင်းနေသော အတွေးအခေါ်များအား ဖယ်ရှားပစ်ခဲ့လိုက်ပါသည်။ ပထမဦးစွာ သက်န်းတွင်''အရိုးစု'' ပုံရိပ်ထင်ခြင်းနှင့် ပတ်သက်၍ ဆရာတော်ကြီး ရုပ်ကလာပ်ကို မဖူးမြော်မီက ကျွန်တော်၏ အတွေးတွင် ဒွါရအပေါက်များမှ ထွက်ပေါ်လာသော သားနံ့ရည်များ စွန်းထင်းသဖြင့် ပုံရိပ်သဏ္ဌာန်ပေါ်လာခြင်း ဖြစ်နိုင်သည်ဟု ယူဆမိပါသည်။

အပုပ်ရည်များသည် ဒွါရပေါက်များမှထွက်ပြီး အိုင်ထွန်းစုပုံကာ ယင်းနေရာတစ်ဝိုက် အရိပ်ဖြစ်ပေါ်မှုကြောင့် ဒွါရပေါက်များရှိရာ ဦးခေါင်းပိုင်း၊ တင်ပါးဆုံအပိုင်း၌သာ ဖြစ်နိုင်သည်ဟု ခန့်မှန်းထားမိပါသည်။

သို့သော် ဆရာတော်၏ သက်န်းစပေါ်ရှိ ပုံရိပ်ကို တွေ့ရှိ ဖူးကြည့်မိသောအခါ ကျွန်တော်၏ သိပ္ပံနည်းကျ တွေးခေါ်မှုအားလုံး မှားယွင်းနေကြောင်း သိရှိရပါသည်။ ဤဖြစ်ရပ်သည် သိပ္ပံသမားတို့ လက်လှမ်းမမီသော ''သဘာဝလွန်'' ဖြစ်ရပ်များသာ ဖြစ်ပါသည်။

သက်န်း၌ ပေါ်နေသော အရိုးစုပုံရိပ်မှာ ဦးခေါင်း၊ လည်ပင်း၊ ပခုံး၊ နံရိုး၊ ကျောရိုး၊ တင်ပါးဆုံ၊ ပေါင်၊ လက်မောင်း၊ လက်ဖျံ၊ လက်ချောင်း၊ ခြေသလုံး၊ ခြေဖဝါး၊ ခြေချောင်းထိ အသေးစိတ်ပေါ်နေသဖြင့် X-Ray ဓာတ်မှန်ဖြင့် တစ်ကိုယ်လုံးအား ရိုက်ထားသကဲ့သို့ ဖြစ်ပေါ်နေပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**မျိုးမြင့်**
(ဆောက်လုပ်ရေးအင်ဂျင်နီယာ/ငြိမ်း)

### စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**အတည်းချုပ်**




www.burmeseclassic.com

www.burmeseclassic.com



# လေမဖြတ်အောင် ဒီဆေးတွေဆောင်



စာရေးသူသည် တပ်မတော်သားဘဝတွင် တပ်မ(၅)ခုပြောင်း၍ တာဝန်ထမ်းဆောင်ခဲ့သူ စစ်သားအိုကြီး တစ်ဦးဖြစ်ပါသည်။

စာရေးသူ တပ်မတော်ထဲတွင် ရှေ့တန်းပျော်ဘဝဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျား တိုင်းရင်းသားပေါင်းစုံဖြင့် ထိတွေ့ရင်းနှီးခဲ့ရပါ၏။

တိုင်းရင်းသား တစ်မျိုးစီတွင် အစွမ်းထက်သော တိုင်းရင်းဆေးများ သူ့ရပ်၊ သူ့ရွာ၊ သူ့စာဆိုသလို သုံးစွဲနေကြသော အမှန်လည်း ပျောက်ကင်းချမ်းသာနေကြသော ဆေးနည်းများကို မျက်ဝါးထင်ထင် တွေ့ကြုံခဲ့ရပါသည်။

အထူးသဖြင့် စာရေးသူမှာ အသက်အရွယ်အိုမင်း၍ အနားယူချိန်တွင် ဖြစ်တတ်သော လေဖြန်းခြင်း၊ လေဖြတ်ခြင်းစသည့်ရောဂါများ ဖြစ်မည်ကို လွန်စွာစိုးရိမ်ခဲ့ပါသည်။

ထိုသို့ လေဖြန်းခြင်း၊ လေဖြတ်ခြင်း ဖြစ်မည်ကို စိုးရိမ်ခဲ့သော စာရေးသူသည် (၁၉၉၆) ခုနှစ်ခန့်တွင် ညာဘက်ခြေထောက်တစ်ဖက် သွယ်ပြီး လမ်းမလျှောက်နိုင် ဖြစ်ခဲ့ဖူးပါသည်။

ထိုသို့ လေဖြန်းချင်ချင်ဖြစ်လာသောအချိန်တွင် စာရေးသူမှာ လွန်စွာကြောက်လန့်သွားပြီး ဆေးနည်းများ မှတ်စုတွင် ရှာဖွေပြီး အမြန်ဆုံး တိုင်းရင်းဆေးများ ဖော်စပ်သုံးစွဲခဲ့ပါသည်။

(၇)ရက်တစ်ပတ်ခန့် သုံးစွဲပြီးနောက် စာရေးသူခြေထောက်မှာ အကောင်းပကတိ ပြန်ဖြစ်သွားခဲ့ပြီး ယနေ့တိုင် လေဖြန်း၊ လေဖြတ်ခြင်း မပြုတော့သည့်အပြင် တခြားသူများကိုပင် ဇီဝိတဒါနပြုနိုင်လောက်အောင် ဆေးနည်းများကို ဖော်စပ် ကုသပေးနိုင်လာခဲ့ပါသည်။

**ဆေးအမည်များမှာ...**

* * *

| | | |
|---|---|---|
| ၁။ ရှောက်ရွက် | = | [လက်တစ်ကွင်း (၇–ရွက်ခန့်)] |
| ၂။ ဖုံးမသိန်ရွက် | = | [လက်တစ်ကွင်း (၇–ရွက်ခန့်)] |
| ၃။ လောက်သေရွက် | = | [လက်တစ်ကွင်း (၇–ရွက်ခန့်)] |
| ၄။ ထိကရုံးအရိုင်း (အနီ) | = | [လက်တစ်ကွင်း (၇–ရွက်ခန့်)] |
| ၅။ ကျီးအာသီးရွက် | = | [လက်တစ်ကွင်း (၇–ရွက်ခန့်)] |

အားလုံးကို ရောစင်းပြီး နေလှန်းပါ။

နေလှန်း၍ ခြောက်သွားပါက မြေအိုးတစ်အိုးကိုရှာပြီး ကြပ်ထုပ်များထုပ်၍ ကြပ်ထုပ်ထိုးရုံဖြစ်ပါ၏။ (၇) ရက်ခန့် ကြပ်ထုပ်မှန်မှန်ထိုးရုံမျှဖြင့် သက်သာသွားပြီးနောက်ထပ် လေဖြတ်မည်ကို မကြောက်ရတော့ပါ။ ပသျှူးနည်း ဖြစ်ပါသည်။

ယခုတိုင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းနှင့် ကော့သောင်းတစ်ဝိုက်တွင် သုံးစွဲနေသော မြန်မာ့ဆေးနည်း ဖြစ်ပါသည်။

**နောက်တစ်နည်းမှာ...** ထားဝယ်ဝန်းကျင် တနင်္သာရီတိုင်း အောက်ပိုင်းတွင် သုံးစွဲနေကြသော လက်တွေ့နည်းဖြစ်ပါသည်။

ရေငန်စပ်တွင်သာ သီးတတ်သော တောရှောက်သီးလေးများကို တောအရက်ထဲတွင် ဆတူရောစပ်ပြီး စိမ်ထားပါ။ (၇)ရက်ခန့်ထားပြီးလျှင် လေဖြန်းသူကို လိမ်းပေးပါ။ (၃)ရက်မျှ လိမ်းပေးရုံဖြင့် သိသာစွာ သက်သာလာပါလိမ့်မည်။ အရက်ဦးရည်ဖြင့် စိမ်လည်းရပါသည်။ (BE အရက်မရပါ။) တောအရက်စစ်စစ်ကိုသာ သုံးပါ။

**နောက်တစ်နည်းမှာ...** မြန်မာနည်းစစ်စစ် ဖြစ်ပါသည်။

ဤနည်းသည်လည်း ဘုရင့်နောင်ပွဲရုံပိုင်ရှင် ဦးတင်ထွန်း၊ ဒေါ်ခင်ဝင်း (ကျောင်းဆရာမ)တို့အမေ လက်တွေ့ပျောက်ကင်းသောနည်း တစ်ခုဖြစ်ကြောင်း စာရေးသူအား မေတ္တာဖြင့် ဝေငှလိုက်သောနည်း ဖြစ်ပါသည်။

**ဆေးနည်းမှာ...**

| | | |
|---|---|---|
| ၁။ တောအရက်စစ်စစ် | = | (၁)ပုလင်း။ |
| ၂။ မင်သော် | = | (၈)ပဲ၊ |
| ၃။ ပရုတ် | = | (၈)ပဲ၊ |
| ၄။ တောရှောက်ခါးသီး | = | (၁)လုံး။ |
| ၅။ ကင်းခြေများ | = | (၁)ကောင်။ |

တို့ကို ရော၍စိမ်ပါ။ (၃)ရက်မျှ နေပူလှန်းပြီး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်လိမ်းပေးပါ။ လေဖြတ် နေသူ သိသိသာသာ သက်သာပါ လိမ့်မည်။

စာရေးသူ တင်ပြသောနည်းများမှာ လက်တွေ့နည်းများ ဖြစ်သောကြောင့် လွယ်ကူပြီး အကုန်အကျသက်သာသော နည်းများဖြစ်သဖြင့် စေတနာရှေ့ထား၍ တင်ပြခြင်းဖြစ်ပါသည်။

***ကျေးဇူးရှင် မိခင်ကြီးအား ကန်တော့ပါ၏။***

**မောင်သျှင်မှူး *(ဘုတ်ပြင်း)***



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆဆလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com





မောင်လင်းခိုင်

အကြားအမြင်လည်းရ

ကျေးငှက်တိရစ္ဆာန်များ၏ စကားကို နားလည်သော

# ဆရာတော်ကြီး ဦးထော်

F.6A. July, 2013.

ဆရာတော်ကြီး ဦးထော်သည် ကျေးငှက်တို့၏ သဘာဝပြောဆိုကြသောစကားကို နားလည်ပါသည်။ တောတွင်းနေ သတ္တဝါများဖြစ်သည့် ကျား၊ ဆင်၊ မျောက် တိရစ္ဆာန်တို့၏ ဆိုပြောသံများကိုလည်း နားလည်ပါသည်။

ဆရာတော်ကြီး ဦးထော်သည်



www.burmeseclassic.com

www.burmeseclassic.com

မြို့တွင်း မြို့အရပ်တို့တွင် နေထိုင်ခြင်း မပြုဘဲ ကျေးတောရွာများတွင်သာ နေထိုင်ပါသည်။

သူ၏ဇာတိမှာ မန္တလေးမှ ဖြစ်ပါသည်။ မန္တလေး နန်းတွင်း ကောင်းစားစဉ်က သီပေါမင်းလက်ထက်တွင် သီပေါမင်း ကပ်လှူသော ရွှေသင်ဖြူးဖျာသုံးချပ် ရရှိပါသည်။

ရွှေသင်ဖြူးဖျာမှာ သင်ဖြူး ရက်သလို ရက်ထားခြင်းမဟုတ်ဘဲ ရွှေကို အပြားခတ်၍ ရွှေခြည်များဖြင့် အနားကွပ် ရက်လုပ်ထားသော ဖျာများဖြစ်ပါသည်။

ဆရာတော်သည် သီပေါမင်း ပါတော်မူပြီး အောက်ပြည်အောက်အရပ်သို့ ဆင်းသက်လာခဲ့ပါသည်။

အောက်ပြည်အောက်အရပ် ဆိုသော်လည်း ရန်ကုန်နှင့် အနီးဝန်းကျင် အရပ်များ မဟုတ်ဘဲ ရခိုင်ပြည်နယ်သို့တိုင် ဆင်းသက်လာခဲ့ပါသည်။ ရခိုင်ပြည်နယ်သို့ ရောက်လာသော်လည်း မြို့ပေါ်တွင်မနေဘဲ ဆိတ်ငြိမ်အေးချမ်းသည့် တောရွာများတွင်သာ သွားရောက်နေထိုင်ခဲ့ပါသည်။

ဆရာတော်ကြီး၏ ဘွဲ့အမည်ရင်းကို သိရှိသူ မရှိကြ။ ဆရာတော်ကြီး ဦးထော်ဟုသာ ခေါ်ဝေါ်ကြသည်။ ထိုဦးထော်ဆိုသည့် အမည်နာမကိုလည်း မည်သို့မည်ပုံရသည်ဟု မသိကြ။

တောနေ တောစရိုက် စပ်စုလိုခြင်းလည်းမရှိကြ။ ဘာသိဘာသာ နေထိုင်ကြသည်။ ကိုးကွယ်ကြသည်။ ဆရာတော်ကြီးသည် မန္တလေးတွင် ရှိစဉ်က သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)သို့လည်း သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

သီပေါမင်း ပါတော်မူပြီးမှစ၍ နှစ်တို့ကို ရေတွက်လျှင် နှစ်ပေါင်း(၁၀၀) ကျော်သွားခဲ့ပါပြီ။ ဆရာတော်ကြီး၏



ဂုဏ်သတင်းအား ယခုထက်တိုင် ပြောဆိုနေကြဆဲ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ရခိုင်ပြည်နယ် သံတွဲ(ယခင် ဒွါရာဝတီ)သို့ ရောက်ရှိလာသော်လည်း မြို့အနီးဝန်းကျင်တွင် နေထိုင် သီတင်းသုံးခြင်းမရှိဘဲ ဒွါရာဝတီမြို့၏ အစွန်အဖျား တောရွာများတွင်သာ သွားရောက် ကျောင်းထိုင်နေခဲ့ပါသည်။

ဒွါရာဝတီ၏ တောင်ဘက်အရပ်ဖြစ်သော ကျိန္တလီ–စလူ မြစ်ဖျားချောင်းဖျားတို့တွင် သွားရောက်ကျောင်းထိုင်လျက် ဘာဝနာတရားများ အားထုတ်၍ လောကုတ္တရာ အလုပ်များကိုသာ တစိုက်မတ်မတ် လုပ်နေခဲ့ပါသည်။

ဆရာတော်၏ ကျောင်းသခ်မ်းအား အမြဲ သန့်ရှင်းရေးလုပ်ပြီး ကျောင်း၏ ဝေယျာဝစ္စ၊ ဆရာတော်၏ ဝေယျာဝစ္စတို့ကို အမြဲလုပ်ကိုင်ပေးနေသည့် ဒကာနှစ်ဦး ရှိပါသည်။ ငမိုးနှင့် ငတိုးတို့ဖြစ်ကြသည်။

ငမိုးနှင့် ငတိုးသည် အိမ်မှုကိစ္စ လယ်ယာလုပ်ငန်း ပြီးသည်နှင့် ကျောင်းသို့ရောက်လာပြီး ဆရာတော်၏ ဝေယျာဝစ္စ၊ ကျောင်း၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်လုပ်ကိုင်ကြသည်။

ဆရာတော်သည် ပို့ဆွမ်းထက် ခံဆွမ်းကိုသာ အဓိကထား၍ ဆွမ်းစားလျက် ရှိသည်။ ငမိုး,ငတိုးတို့ကလည်း အခါအားလျော်စွာ ဆရာတော်အား ဆွမ်းကွမ်း ပို့ကြသည်။

သို့သော် ငမိုး,ငတိုး ဒကာနှစ်ဦးမှာ ဆင်းရဲလွန်းလှသည်။ လယ်ယာချောင်းမြောင်း လုပ်ကိုင်ကြပါသော်လည်း ဝမ်းရေးက မဖူလုံ။ စားရရုံ ဝတ်ရရုံသာ ရှိသည်။

ဆရာတော်ကလည်း သူ့ဒကာတွေ ဆင်းရဲလွန်းသဖြင့် ဘယ်နည်းဖြင့် ဒကာတွေကို မ,စကူညီရပါမည်နည်းဟု တွေးတောလျက်ရှိသည်။

တစ်ခါသော် ကျောင်းနား သစ်ပင်တစ်ပင်တွင် ကျီးဖို,ကျီးမ လာနား၍ ဘာသာဘာဝ ပြောကြသည်။

'ရှင်မရေ ဟိုတောစပ်က အိုင်တစ်အိုင်နားမှာ တောခွေးတွေချထားလို့ ဆိတ်ကြီး တစ်ကောင် ကျနေတယ်။ တို့ အဲဒီကိုသွားကြမယ်'

ဟု ပြောနေသည်။ ဆရာတော်က ကျေးငှက်တို့၏ ဘာသာဘာဝပြောစကားကို နားလည်သဖြင့် ငမိုး,ငတိုးတို့ကို ခေါ်ပြီး ပြောလေသည်။

'ငမိုး,ငတိုး ဟို တောစပ်က အိုင်တစ်အိုင်နားမှာ တောမုဆိုးတွေ ချထားလို့ ဆိတ်ကြီးတစ်ကောင် ကျနေတယ်။ သွားယူကြ၊ ဒါပေမယ့် အကုန်မယူနဲ့ တစ်ဝက်ချန်ခဲ့'

ဟု ခိုင်းလိုက်သည်။ ငမိုး,ငတိုးတို့လည်း သွားရောက်ရာ ဆိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင် လဲကျသေဆုံးနေသည်ကို တွေ့ရသဖြင့်...

'ဆရာတော် ဆတ်ကြီးသေနေတာ ဘယ်လို သိသလဲ မသိဘူးနော်'

ဟု ပြောကြသည်။ သူတို့နှစ်ဦးသည် ဆရာတော်မှာသလို "အကုန်မယူနဲ့ တစ်ဝက်ချန်ခဲ့" ဆိုသော စကားကို နားမထောင်ဘဲ အကုန်ယူလာခဲ့သည်။

ဆရာတော်က သိပြီးဖြစ်သည်။ ဒကာတို့ပြန်လာသောအခါ စကားမဆိုဘဲ ဆိတ်ဆိတ်နေလေတော့သည်။ နောက်လည်း မပြောတော့ပေ။

သို့သော်လည်း ငမိုး၊ ငတိုးတို့မှာ တောသားလူရိုးများ ဖြစ်ကြသည်မို့ အလိုက်အထိုက်လည်း နားမလည်၊ လူမှုရေးလည်းမသိ၊ ရိုးသားသော တောသားများ ဖြစ်ကြသည်မို့ ကြာကြာလည်း စိတ်မဆိုးနိုင်ဘဲ စိတ်ပြေရပြန်သည်။

'ဒီဒကာနှစ်ယောက်ကို ဘယ်လို မ,ရမလဲ'

ဟု တွေးနေသည်။ တစ်နေ့တွင် ငမိုးနှင့် ငတိုးတို့အား...

'နင်တို့ အလွန်ဆင်းရဲနေတယ်။ မချမ်းသာချင်ဘူးလား'

ဟုမေးသည်။

'ချမ်းသာချင်ပါတယ် ဘုရား'

ဟု ပြန်ဖြေကြသည်။

'ချမ်းသာချင်ရင် ကိုင်ရက်ကြ'

ဟု ဆိုသည်။ ကိုင်မှာ ရခိုင်တိုင်းရင်းသားအခေါ်ဖြစ်၍ ခြင်းအသေး (အချိန်တစ်ဆယ်ဝင်) ရက်နိုင်းခြင်းဖြစ်သည်။

'ကိုင်ရက်ပြီး ငါ့နဲ့လိုက်ခဲ့'

ဟု ခေါ်လေသည်။ ဆရာတော်က ငမိုးနှင့်ငတိုးအား စမ်းတစ်ခုသို့ ခေါ်သွားသည်။



'ငါက တောင်ပေါ်ကသွားမယ်။ နင်တို့က စမ်းအတိုင်းသွား၊ စမ်းထိပ်မှာ ဆုံကြမယ်။ လမ်းသွားရင်း တွေ့တဲ့အရာတွေ ကောက်ယူကြ'

ဟု မှာခဲ့သည်။ ဆရာတော်က တစ်လမ်း၊ သူတို့က တစ်လမ်းသွားကြသည်။ ငမိုး၊ ငတိုးတို့သွားသော စမ်းချောင်းထဲတွင် ငွေဒင်္ဂါးတွေ တစ်စမ်းလုံးပြည့်နေသည်။ ငမိုး၊ ငတိုးက ကောက်မယူဘဲ ခြေထောက်နှင့်ကော်ပြီး ကစားသွားသည်။

စမ်းထိပ်ရောက်တော့ ဆရာတော်နှင့် တွေ့သည်။ ဒကာနှစ်ယောက်ကို ကြည့်လိုက်တော့ ဘာမှပါမလာ။ ခြင်းအလွတ်တွေသာ တွေ့ရသည်။ ဆရာတော်က ဘာစကားမှမပြောဘဲ "ကဲ ပြန်ကြမယ်"ဟု ပြောပြီး စမ်းအတိုင်း စုန်ဆင်းလာကြသည်။

အလာခရီးက ငမိုးတို့ တွေ့ခဲ့သည့် ငွေဒင်္ဂါးတွေ လုံးဝ မတွေ့ရတော့ပေ။ ငမိုး၊ ငတိုးတို့မှာလည်း ဘာမှ ပါမလာဘဲ ခြင်းအလွတ်တွေနှင့်သာ ပြန်လာခဲ့ရသည်။ ဆရာတော်မှာ နှုတ်မှဖွင့်ဟ၍...

'နင်တို့ငွေတွေ ယူကြ'

ဟု မပြောနိုင်ပါ။ တွေ့သည့်အရာတွေ ခြင်းထဲကောက်ထည့်ဟုသာ အရိပ်ပြရသည်။ ဒကာတွေက အကောင် မထင်ပါ။ ဒကာနှစ်ယောက်ကလည်း "ငွေဒင်္ဂါးတွေ ကောက်ယူရမှန်းမသိ၊ တော်တော်ရိုးအတဲ့ ဒကာတွေပဲ"ဟုသာမှတ်ချက်ချရတော့သည်။

ဆရာတော်မှာ တရားထိုင် ဝိပဿနာ အလုပ်လုပ်ပြီး လောကုတ္တရာ ထွက်ရပ်လမ်းကိုသာ တစိုက်မတ်မတ် လုပ်နေတော့သည်။ သို့သော် ငမိုး၊ ငတိုး လူဆင်းရဲနှစ်ဦးကိုလည်း ဘယ်နည်းဘယ်ပုံ မစ,ရမည်နည်းဟု အာရုံမှာ ရှိနေသည်။

ဆရာတော်သည် တရားအလုပ်ကိုသာ စွဲစွဲမြဲမြဲ လုပ်သည်။ ဒကာ ဒကာမနှင့် သိပ်ကြာကြာ စကားပြောလိုစိတ်မရှိ။ နေ့ခင်းနေ့လယ် လာကြသည့် ဒကာ ဒကာမနှင့် ခဏတဖြုတ် စကားပြောပြီး သူ့တရားအလုပ်သူလုပ်နေလေ့ရှိသည်။ ကျောင်းမှာ ရွာနှင့် အတန်ငယ်လှမ်းသည့် တောစပ်ကလေးတွင် ဖြစ်သည်။

ညဘက်ဆိုလျှင် မည်သည့်ဒကာ ဒကာမမှ မလာရတော့ပေ။ အကြောင်းမှာ ညအချိန်တွင် တောတွင်းတိရစ္ဆာန်တို့ လာတတ်ကြပြီး ဆရာတော်၏ တရားကို နာယူတတ်ကြသောကြောင့် ဖြစ်သည်။

မာဂဓစကား နားလည်တတ်ကျွမ်းသဖြင့် သတ္တဝါများကို တရားဟောကြားပါသည်။ တစ်ခါတစ်ရံ လူတို့နှင့် ဆုံတတ်ကြသော်လည်း ရန်မူခြင်းတော့မပြုပေ။

လူတို့ကသာ အန္တရာယ်ကို ကြိုတင်ကာကွယ်၍ ညအချိန်ဆိုလျှင် ဆရာတော့် ကျောင်းအနားသို့ မည်သူမျှ မသွားကြတော့ပေ။

ဆရာတော်သည် မာဂဓ စကားကို မည်သည့်အချိန်က တတ်မြောက်ထားသည်ကို မသိပေ။ မန္တလေး ကောင်းစားစဉ်က သီပေါမင်းခေတ်ထက်



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)သို့ သွားစဉ် အခါက တတ်မြောက်လာခဲ့လေ သလား၊ မန္တလေးမှာရှိစဉ်ကပင် တတ်မြောက်ခဲ့လေသလား မသိကြပေ။

၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူသောအခါ အောက်ပြည်အောက်ရွာသို့ ဆင်း၍ ရှောင်တိမ်း လာကြသူတွေ များလှသည်။ ဆရာတော်လည်း စစ်ဘေးစစ်ဒဏ် ရှောင်တိမ်းလာခဲ့လေသလား မသိပါ။

ရခိုင်ပြည်နယ် ဒွါရာဝတီသို့ ရောက် ရှိလာသော်လည်း မြို့တွင် မနေလိုဘဲ တောစွန်တောရွာများတွင်သာ နေထိုင် ခဲ့သည်။ ဆရာတော်သည် ရိုးရိုးအေး အေး နေခဲ့သဖြင့် ဆရာတော့်အကြောင်း သိသူနည်းလှသည်။

ဆရာတော်သည် ကျေးငှက်တို့ ပြောသော စကားကို နားလည်သဖြင့် ကျေးငှက်တို့ ပြောသောစကားအရ မည်သည့်နေရာတွင် ဘာရှိသည် ဘာ တွေ ဖြစ်နေသည်ကို သိကြရသည်။

ဆရာတော်သည် သူ နေထိုင်သည့် ကျောင်းမှ တခြားရွာတစ်ရွာသို့ ခေတ္တ နားနေခိုက်တွင် ဆရာတော်၏ ကျောင်း ကို မီးလောင်သည်။ ဆရာတော်ရှိရာ သို့ ဆက်ရက်မောင်နှံ ပျံသန်းရောက် ရှိလာပြီး...

'ဆရာတော်... ဆရာတော့်ကျောင်း မီးလောင်နေပြီ။ မြန်မြန်ပြန်လိုက်'

ဟု လာပြောသည်။ ဆရာတော် သိတော့ ဒကာများကို ခေါ်၍ သူ့ ကျောင်းရှိရာသို့ အမြန်လိုက်ခိုင်း လိုက်သည်။

ဆရာတော်၏ ထွက်ရပ်လမ်းစာအုပ် များ၊ ပိဋကတ်စာအုပ်များ၊ အသုံး အဆောင်ပစ္စည်းများသာ ရလိုက်ပြီး ကျောင်းကတော့ မီးထဲ ပါသွားလေ တော့သည်။

ထိုမှစ၍ ဆရာတော် မာဂဓစကား တတ်သိနားလည်ကြောင်း သိကြတော့ သည်။ ဆရာတော်ကမူ ''ငါ သိသည် ငါတတ်သည်''ဟု တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆိုခြင်း မရှိပေ။

မီးလောင်သွားသော ဆရာတော်၏ ကျောင်းကလေးကို ငမိုး,ငတိုး ဦးဆောင်၍ ရပ်ထဲရွာထဲမှ ဒကာ ဒကာမများ ဝိုင်းဝန်းပြီး ပြန်လည် ဆောက်ပေးကြသည်။

ငမိုး,ငတိုးကတော့ ဆရာရင်း ဒကာရင်းမို့ သူတကာထက်ပို၍ လုပ် ဆောင်ပေးကြသည်။ ဆရာတော်သည် သူ့ဒကာနှစ်ဦး ဆင်းရဲလွန်းသဖြင့် မစ, ချင်နေသည်။ ဒကာတွေ ရိုးသားလွန်း သဖြင့် ငွေပုံကြီးကို တွေ့ပါလျက် ကောက်ယူရမှန်းမသိကြ။ ခြင်းအလွတ် တွေချည်း ပြန်ထမ်းလာခဲ့ကြသည်။

ဆရာတော်မှာ သက်ပြင်းချရုံမှ တစ်ပါး မတတ်နိုင်ပါ။ ဝိနည်းလွတ် ပေးပါသော်လည်း ဒကာတို့က ငွေတွေ ကောက်မယူခဲ့ဘဲ ခြေနှင့် ကန်၍ပင် ကစားခဲ့ကြပေသေးသည်။

ဆရာတော်က ဒကာများကို နောက် တစ်ကြိမ် ထပ်၍မစရန် စဉ်းစားရပြန် သည်။ နောက် (၃)နှစ်မျှ ကြာသော

အခါ ငမိုး,ငတိုး ဒကာနှစ်ဦး[illegible] ခေါ်၍ ခြင်းရက်ခိုင်းပြန်တော့သ[illegible]

'ငမိုး,ငတိုး ခြင်းတွေရက်[illegible] လိုက်ခဲ့ကြ။ ရွှေပုံပေါ်မှာသွ[illegible] ထမင်းသွားစားကြမယ်။ ရွာ[illegible] လူတွေလဲ လိုက်မယ့်သူ[illegible] ခေါ်ခဲ့[illegible]

ဟု ပြောသည်။ ငမိုး,ငတိ[illegible] လည်း ရွာကလူတွေပြောပြီး [illegible] ငွေပုံပေါ်တွင် ထမင်းစားဖို့ သွားကြ[illegible] တော့သည်။

တောစခန်း စမ်းချောင်းထိပ်[illegible] ကျောက်ပုံကြီးတစ်ပုံ ရှိသည်။ [illegible] ကျောက်ပုံပေါ်တွင် စခန်းချကြသ[illegible] ဆရာတော်က ဒကာတို့နှင့် လှမ်း[illegible] တွင် တောတောင်သဘာဝတ[illegible] ကြည့်၍ တရားမှတ်နေသည်။

စားသောက်ကြပြီး နေမွန်းလွဲသော[illegible] အခါ ပြန်ဖို့ ပြင်ကြသည်။ ဆရာတော[illegible] က"**လိုချင်တာရှိရင် ယူကြ**"ဟု[illegible] သည်၊ မည်သူမှ ဘာတစ်ခုမျှ မယူ[illegible] ပေ။ ကျောက်တွေမှာလည်း ရွှေ[illegible] တက်နေသဖြင့် အရောင်တောက်ပ[illegible] မရှိဘဲ ရွှံ့ရောင် ပေါက်နေကြသ[illegible] ရွာသားတစ်ယောက်ကသာ "**အိမ်[illegible] မားသွေးရအောင်**"ဟု ကျောက်တ[illegible] လုံး ကောက်ယူလာခဲ့သည်။

ငမိုး,ငတိုးတို့သည်လည်း ဘာတ[illegible] မျှမယူကြပေ။ လက်ချည်းပြန်လာ[illegible] သည်မို့ ဆရာတော်က "**ရွှေပုံပေါ်[illegible] ထမင်းသွားစားကြမယ်**"ဟုပြော[illegible] ပါလျက် မည်သူ့မှ သတိမထား၊ အမှ[illegible] လည်း မထားကြပေ။

ပါလာသည့် အစားအသောက်တို[illegible] စားသောက်ပြီး တောအကြော[illegible] တောင်အကြောင်း ပြောဆိုကြ[illegible] နေကုန်လာ၍ ပြန်လာခဲ့ကြသည်။[illegible] သွေးရန် ယူလာခဲ့သော တစ်ယော[illegible]



www.burmeseclassic.com

www.burmeseclassic.com



သာ အိမ်ကျ ရေဆေးလိုက်တော့ ရွှေတုံးကြီး ဖြစ်နေလေတော့သည်။

'ဟာ ဆရာတော်က ရွှေပုံပေါ်မှာ ထမင်းသွားစားကြမယ် ပြောတာ ဒါကြောင့်ပါကလား'

ဟု သိကြရတော့သည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ကျောက်တုံးကြီးသည် ရွှေဖြစ်နေမှန်း သိတော့ သူတို့သွားခဲ့ကြသည်။ အပြေးအလွှား သွားကြလေတော့သည်။ ဘာမျှ မတွေ့ကြရတော့ပေ။

ဆရာတော်ကလည်း **"အဲဒါ ရွှေတွေ ယူကြ"** ဟု မပြောနိုင်ပေ။ ဒကာ, ဒကာမများ ယူကျုံးမရ ဖြစ်ကြရသည်။ ငမိုး,ငတိုးမှာလည်း ဆရာတော်ပေးပါလျက် ဘာတစ်ခုမျှမရရှိဘဲ ဆင်းရဲမြဲဆင်းရဲနေလေတော့သည်။ နောက်သုံးနှစ်မျှ ကြာပြန်သောအခါ ဆရာတော်က ငမိုးနှင့်ငတိုးကို ခေါ်ပြန်လေတော့သည်။

'ဒီဒကာတွေ ငါကိုယ်တိုင် မပေးရင် ရတော့မှာ မဟုတ်ဘူး။ ဟိုတုန်းက သိကြားမလို့ မရတဲ့လူလို ဖြစ်နေပြီ'

ဟု တွေးမိပြီး...

'ငမိုး,ငတိုး ငါနဲ့လိုက်ခဲ့ကြ'

ဟု ခေါ်သွားပြန်တော့သည်။ ဒီတစ်ခါစမ်း တစ်ခုထဲတွင် ကျောက်တန်းတစ်တန်းရှိသည်။ ကျောက်တန်းပေါ်တွင် ကျောက်တိုင် (၉)တိုင်ရှိသည်။ တိုင်တို့၏ထိပ်တွင် လက်သီးဆုပ်မျှအသီးသဏ္ဌာန်အလုံးများရှိသည်။

'ငမိုး,ငတိုး ဟိုကျောက်တိုင် (၉)တိုင် အလယ်တိုင်ထိပ်က အသီးကို ထုခွဲပြီး ယူခဲ့'

ဟု ခိုင်းလိုက်သည်။ ငမိုး,ငတိုးတို့လည်း ဆရာတော် ခိုင်းသည့်အတိုင်း ထုခွဲပြီး ယူခဲ့သည်။ သန့်စင်လိုက်သောအခါ အရောင်တဖိတ်ဖိတ် တောက်နေသည့် ပတ္တမြားလုံးကြီး ဖြစ်နေလေတော့သည်။

'အဲဒီပတ္တမြားကို ရောင်းချပြီး မင်းတို့ ချမ်းချမ်းသာသာ နေကြစားကြသောက်ကြပေတော့'

ဟု ပြောလေသည်။ ငမိုး,ငတိုးသည်လည်း ဆရာတော့်လက်နှင့် ယူပေးမှ ရလေတော့သည်။

ဆရာတော် ဦးထော်၏ အကြောင်းကို ယခုတိုင် ဒွါရာဝတီ ကျေးရွာများတွင် ပြောဆိုနေကြဆဲ ဖြစ်ပါသည်။ ဆရာတော်၏ ဘွဲ့အမည်ကိုမူ မသိကြပေ။ "ဆရာတော် ဦးထော် မာဂဓစကားတတ်သည်" ဟုသာသိကြသည်။

နှစ်ပေါင်း တစ်ရာကျော်ခဲ့ပြီမို့ ဆရာတော့်အကြောင်း ယခင်ကလောက်တော့ ပြောဆိုခြင်း မပြုကြတော့ပေ။ သီပေါမင်း ပါတော်မူပြီး မန္တလေးမှ စစ်ဘေးစစ်ဒဏ် ရှောင်တိမ်းလာသူဟုသာ သိကြသည်။

ဆရာတော် ကျောင်းထိုင်ခဲ့သည့် ကျေးရွာမှ ငမိုး,ငတိုးတို့၏ သားစဉ်မြေးဆက်တို့ကမူ ဆရာတော်၏ ဘွဲ့အမည်ကို သိကောင်းသိကြပေမည်။ ဘာကြောင့် ဦးထော်ဟု ခေါ်ကြခြင်းကိုလည်း သိချင်သိကြပေလိမ့်မည်။

ကျွန်တော့်မှာမူ သုတရှာ ပမာသူဖုန်းစား ဆိုသည့်အတိုင်း တစ်စွန်းတစ်စ ကြားလိုက်ရလျှင် "ပြောစမ်းပါဦးဗျာ" ဟု မေးစမ်းပြီး ဆရာတော့်အကြောင်း ရေးရခြင်း ဖြစ်ပါသည်။ ပြီးပြည့်စုံခြင်းတော့ ရှိနိုင်မည်မဟုတ်ကြောင်း ဝန်ခံလိုပါသည်။

**ငမိုး,ငတိုးတို့၏ အဆက်အနွယ်များထဲမှ သိရှိမှတ်သားလိုက်သူများ ရှိကြပါက** ဆရာတော်ဦးထော်၏ အကြောင်းကို အများသိရှိနိုင်ရန် ဖော်ပြပေးကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။

မောင်လင်းခိုင်

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

ဦးကျော်မိုးသိန်း

စာတည်းချုပ်



www.burmeseclassic.com

www.burmeseclassic.com







ထွန်းလင်း (ရေနံမြေ)

ကျော်ချင်းကာဝ်

# ဆန့်ကျင်ဘက်အရပ်သို့ ခရီးသွားခြင်းအတွက်

## သိသမျှ တင်ပြပါသည်

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် **နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၁၇) စာမျက်နှာ(၁၂၇)တွင် ကလောင်ရှင် ဆရာဖီးကွက်**[+] ရေးသားထားသော **"ခြေကန်ခရီး မထွက်ကောင်းဘူးလား၊ သိသူများမှ ဖော်ပြပေးကြပါရန်"**ဆောင်းပါးနှင့် ပတ်သက်၍ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဆရာဦးကျော်မိုးသိန်းမှ ထပ်ဆင့်၍ ဤအယူအဆ မှန်,မမှန်နှင့် အကျိုးအကြောင်း အဆိုးအကောင်းကို မဂ္ဂဇင်းတိုက်သို့ ရေးသား ပေးပို့ကြပါရန် တောင်းခံမှုကြောင့် ဤစာအား ရေးသားဖြစ်ခဲ့ပါသည်။

ထိုအကြောင်းတရားနှင့် အယူအဆသည် ရာနှုန်းပြည့် မဟုတ်သည့်တိုင် မှန်ကန်သည်ဟု ပြောရပါမည်။

ဤသို့ ဆိုလိုက်ခြင်းကြောင့် ကျွန်တော်သည် ပညာရှင် သုတေသီတစ်ဦးတော့ မဟုတ်ပါ။ ကလောင်ရှင် ဆရာဖီးကွက်၏ အတွေ့အကြုံကဲ့သို့ပင် တစ်နေ့တည်း၊ တစ်ချိန်တည်းတွင် မိသားစုဝင်နှစ်ဦး ကျော်ချင်းကာဝ် ဆန့်ကျင်ဘက်အရပ်သို့ ခရီးသွားခဲ့ခြင်းကြောင့် မမျှော်လင့်သော အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည့် မိတ်ဆွေတစ်ဦး၏ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြလိုပါသည်။

၁၉၉၈ ခုနှစ်၏ နွေဦးကာလ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်သည် ဌာနရုံးတွင် တာဝန်ကျပါသည်။ နံနက်(၈)နာရီခန့်တွင် ဌာနမှ ဝန်ထမ်းအယောက်(၂၀)အား ကန်ဘောက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းရာဆီသို့ စေလွှတ်ရမည်ဖြစ်၍ လူအင်အား စုံမစုံနှင့် ပါရှိရမည့်ပစ္စည်းများ စုံမစုံ စစ်ဆေး၍ ဌာနမှူးထံ သတင်းပို့ပြီး ဌာနပိုင် အေရီးလပ်ယာဉ်ကြီးဖြင့် စေလွှတ်ခဲ့ပါသည်။

သူတို့အဖွဲ့ ထွက်ခွာသွားပြီးနောက် ကျွန်တော်လည်း ဌာနပိုင် မော်တော်ယာဉ်များအတွက် ကားနံပါတ်များ ထိုင်၍ ရေးနေလိုက်သည်။ စနေနေ့ ရုံးပိတ်ရက်ဖြစ်၍ ဌာနမှ သူငယ်ချင်း ရုံးစာရေးများက အလုပ်လုပ်ရင်း စကားပြောရင်း...

'ထန်းရည်ခါးလေး သောက်ရရင် ကောင်းမယ်'

ဟု အဖော်စပ်လာသဖြင့် မိမိတို့ အိတ်ကပ်အတွင်း ပါရှိလာသမျှ ငွေများအား စုပေါင်း၍ (၃)ဂါလံဝင် ကော်ဘူးတစ်ဘူးဖြင့် ဌာနအနီးရှိ ရွာတွင်းမှ အိမ်သို့ သွားရောက်ဝယ်ယူစေပါသည်။

ဝယ်သူ ပြန်ရောက်လာသောအခါ သူငယ်ချင်းတစ်စု ထန်းရည်သောက်လိုက်၊ ငါးရံ့ခြောက်ဖုတ် အမြည်းစားလိုက် ရောက်တတ်ရာရာ စကားစမြည် ပြောလိုက်နှင့် အဖွဲ့ကျနေလေ၏။

နေ့လယ်(၁၁)နာရီခန့်တွင် ဌာနရုံးဘေးသို့ ကားကြီးတစ်စီး မောင်းဝင်လာသံကြားသဖြင့် အပြင်သို့ ထွက်ကြည့်ရာ သစ်လုံးတင် ကားကြီးပေါ်မှ ကိုစံအောင်က ကျွန်တော့်ကို မြင်လိုက်သည်နှင့် မျက်စိမျက်နှာပျက်စွာနှင့် အသံကုန် လှမ်းအော်သဖြင့် ရုံးတွင်းမှ သူငယ်ချင်းများပါ ပြေးထွက်လာကြသည်။

'ဟော့ ပိုလ်ထွန်း လာပါပြီ။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ကား ချောက်ထဲကျသွားလို့ ဒီမှာ ဒဏ်ရာပြင်းထန်တဲ့ ကိုနိုင်ဝင်းနဲ့ ကိုခင်မောင်တို့ နှစ်ယောက်ကို ဦးဆုံးတင်လာခဲ့တယ်၊ ဆေးရုံ မြန်မြန်ပို့မှ ဖြစ်မယ်'

ကျွန်တော် စိုးရိမ်တကြီး အပြေးသွား၍ ကားပေါ်သို့ တက်ကြည့်ရာ နှစ်ဦးသား ပက်လက်အနေအထားဖြင့် ကိုနိုင်ဝင်းသည် မလှုပ်မယှက်ငြိမ်သက်လျက် လုံးဝအသက်မရှူတော့။ ခြေဖဝါးနှစ်ဖက်ကိုကြည့်ရာ သွေးဆုတ်ပြီး ဝါနေသည်ကို တွေ့လိုက်ရသဖြင့် အသက်မရှိတော့မှန်း ကျွန်တော် သိလိုက်ပြီ။

ကိုခင်အောင်ကတော့ ဦးခေါင်းနောက်စေ့ ချိုင့်ဝင်ဒဏ်ရာကြီးမှ သွေးများ ယိုစီးနေပြီး နှာခေါင်း၊ နားပေါက်တို့မှလည်း သွေးစိမ်းများ ယိုစီးလျက် အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေရသည်။

ကျွန်တော်လည်း ဌာနမှူးထံသို့ ချက်ချင်း တင်ပြပြီး ထိုသစ်လုံးတင်ကားကြီးဖြင့်ပင် ပြည်သူ့ဆေးရုံကြီးသို့ အမြန်တင်ပို့ရသည်။ ဌာနမှူးနှင့် ဌာနရှိ ဝန်ထမ်းများက ကားတစ်စီးဖြင့် ကားကျရာနေရာသို့ ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုက်သွားကြသည်။

ဆေးရုံသို့ ရောက်သောအခါ ပြင်ပလူနာ စမ်းသပ်ဆောင်တွင် ဆရာဝန် ဆရာမများက လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ဝိုင်းဝန်းပြုလုပ်၍ ကိုနိုင်ဝင်းအား အသက်မရှိတော့သဖြင့် ရင်ခွဲရုံသို့ သွားပို့ခိုင်းပြီး ကိုခင်အောင်ကိုတော့ အရေးပေါ်လူနာ ကုသခန်းရှိရာ ဆေးရုံအပေါ်ထပ်သို့ ပို့ဆောင်စေသည်။

ရင်ခွဲစစ်ဆေးချက်အရ ကိုနိုင်ဝင်းမှာ ကားချောက်တွင်း ကျလျှင်ကျချင်း နံရိုး



နှစ်ချောင်းကျိုး၍ အသည်းတွင် စိုက်ဝင်သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆရာဝန်,ဆရာမကြီးများ အစွမ်းကုန် ဝိုင်းဝန်းကြိုးစားကုသပါသော်လည်း ကိုခင်အောင်သည် ရရှိသည့် ဒဏ်ရာဖြင့်ပင် ထိုနေ့ည(၉)နာရီခန့်တွင် ဆုံးပါးသွားပြန်သည်။

ကျွန်တော် ဌာနမှူးထံ အကျိုးအကြောင်းကို ဖုန်းဖြင့်တင်ပြရန် စီစဉ်နေစဉ်မှာပင် ဌာနမှူး၊ ဝန်ထမ်းနှင့် မိသားစုများ ကား(၂)စီးဖြင့် ရောက်ရှိ လာသည်။ သေဆုံးသူနှစ်ဦး၏ ဇနီးနှင့် သားသမီးများက အော်ဟစ်ငိုကြွေးကြသည်။ ကျွန်တော့်ရင်တွင်း ဆို့နစ်လာသည်။ စိတ်မကောင်းပါ။ သူတို့တွင် သားသမီးအငယ်များ ကျန်ရစ်ခဲ့ရှာသည်။

ထိုနေ့ည မိုးအတော်ချုပ်မှ အိမ်ပြန်ရောက်၍ ကျွန်တော်၏ဇနီး ပြောပြမှ သိရသည်မှာ ခရီးမထွက်မီ ညနေက ကိုနိုင်ဝင်းသည် ဇနီးဖြစ်သူ မရီမြင့်အား ငါးပိရည်ကျို စားချင်လှသောကြောင့် ကျိုပေးရန် တောင်းဆိုသည်ဟု ဆို၏။ မရီမြင့်က အလုပ်ရှုပ်သဖြင့် လုပ်မပေးနိုင်ကြောင်းပြောရာ...

'လုပ်ပေးပါကွာ နောက်ဆို စားရတော့မှာ မဟုတ်ဘူးကွ'

လူတို့သည် ဘဝ၏ နောက်ဆုံးအချိန်များတွင် ထူးခြားမှုတစ်ခုခုကို ပြတတ်ပါသည်။ ကိုနိုင်ဝင်း၏ ထိုနောက်ဆုံး နိမိတ်စကားကလည်း သူဆုံးပါးသွားချိန်ကျမှ အိမ်သားအားလုံး ရိပ်မိကြသည်။

ခရီးသွားမည့် နံနက်အစောပိုင်းတွင်လည်း လင်မယားနှစ်ယောက် စကားများကြရာမှ မရီမြင့်က ကျိန်ဆဲသည်။ ကိုနိုင်ဝင်းတို့အဖွဲ့အား လူစစ်ပြီး လွှတ်လိုက်သည့် (၈)နာရီခန့် အချိန်တွင်မှာပင် လင်ဖြစ်သူ ခရီးသွားရာအရပ်နှင့် ဆန့်ကျင်ဘက်အရပ်ရှိ သပြေချောင်းကျေးရွာဈေးသို့ မရီမြင့်သည် မိန်းမဖော်တစ်ဦးနှင့်အတူ ဈေးဝယ်ထွက်သွားသည်။

ထို့ကြောင့် တစ်နေ့တည်း၊ တစ်ချိန်တည်းတွင် လင်နှင့်မယား ဆန့်ကျင်ဘက် ကျောခိုင်းရာ အရပ်ဆီသို့ ထွက်ခွာကြခြင်းကြောင့် အပြီးတိုင် ခွဲခွာသွားရသည်ဟု ဌာနအတွင်းမှ သက်ကြီးပိုင်းအမျိုးသမီးများ၏ ဝိုင်းဝန်းပြောဆိုနေသံအား မှတ်သားခဲ့ရပါသည်။

**[ဖော်ပြပါ ခြေကန်ခရီး (သို့မဟုတ်) ကျောချင်းကပ် ဆန့်ကျင်ဘက်အရပ်သို့ တစ်နေ့တည်း၊ တစ်ချိန်တည်း သွေးသားအရင်းအချာများ ခရီးမသွားရပါဟု တထစ်ချ မပြောပါ။**

**ကျွန်တော် တွေ့ကြုံဖူးသော ဖြစ်ရပ်နှင့် တစ်ထပ်တည်း ကျနေသောကြောင့် ဂရုပြုစရာ ဗဟုသုတအလို့ငှာ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။]**

*သတိ၊ သိက္ခာ၊ သမာဓိ မြဲကြပါစေ။*

**ထွန်းလင်း(ရေနံ[illegible])**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္ထဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား



**ဦးစိန်အောင်၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

၀၇၁၁ Y၀၀၉၀၇၉

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် ယားနာသောက်ဆေး ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတီရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် အငြေကျော်လေဆေးလျက်ဆား ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဒေါ်အေးအေးမူ၏**

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





ရှင်ဖြူရှင်လှစေတီတော်မြတ်ကြီး၏ အဝိုင်းချမ်းအောင် ဘုရားကိုးဆူနှင့် ဆင်ဖြူတော်

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ [၅]

အောင်မြေမြတ်
(စစ်ကိုင်းတောင်)

ယခင်လမှ အဆက်

ရှင်ဖြူရှင်လှစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

အလောင်းစည်သူ ၄ ရာဇေန၊
မဟာပုညေန မာပိတံ။
ရှင်ဖြူရှင်လှ မဟာထူပံ၊
ယန္တံ ဝန္ဒာမိ ဝိသုတံ။ ။

ခက်ခဲသော ပါဠိအသံထွက်

**မဟာပုညေန = မဟာပုန်ညေန**
**ယန္တံ ဝန္ဒာမိ = ယန်တံဝန်ဒါမိ**

မြန်မာပြန်

**မဟာပုညေန၊** ဘုန်းကံကြီးမား လွန်ကျော်ကြားတော်မူသော။

**အလောင်းစည်သူ ၄ ရာဇေန၊** အလောင်းစည်သူ အမည်ယူသော အရိမဒ္ဒန ပုဂံပြည့်ရှင် မင်းဘုရင်သည်။

**ဝိသုတံ၊** မြန်ပြည်တစ်လွှား လွှန်ကျော်ကြားသော။

**ယံ ရှင်ဖြူရှင်လှ မဟာထူပံ၊** အကြင် ရှင်ဖြူရှင်လှ စေတီတော်မြတ်ကြီးကို။

**မာပိတံ၊** သာသနာ ငါးထောင် ထိုမျှကြာအောင် တည်ထောင်ဖန်ဆင်းတော် မူအပ်ခဲ့လေပြီ။

**တံ၊** ထို ရှင်ဖြူရှင်လှ စေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒာမိ၊** ရိုသေ့မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၄၇၈ ခုနှစ်။

ဘုရားဒါယကာ


မူလဒါယကာမှာ ကျန်စစ်သား၏





www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်ဖြူရှင်လှစေတီတော်မြတ်ကြီးအား ဘုရားကိုးဆူကျောင်းတော်မှ ဖူးမြင်ရစဉ်

◆ ရှင်ဖြူရှင်လှစေတီတော်မြတ်ကြီး၏ အတက်မုခ်လှေကား



မြေးတော် သီရိတြိဘဝ ဒိတ္ထာပဝ
ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတ
နရပတိစည်သူဘွဲ့ခံ အလောင်းစည်သူ
မင်းကြီး။

ဒုတိယ ဒါယကာမှာ သက္ကရာဇ်
၁၃၂၄ ခုနှစ်တွင် ကျေးဇူးတော်ရှင်
ဒီပါအေးမြဆရာတော်ကြီး အရှင်နန္ဒာ
သီရိမဟာထေရ် ဖြစ်လေ၏။

တည်နေရာ

စစ်ကိုင်းတောင်ရိုး နာဂရမ္မာ
အမည်ရှိ တောင်ထက်၌ တည်ရှိပါ
သည်။

ပွဲတော်ရက်

နှစ်စဉ် တော်သလင်းလကွယ်နေ့

အောင်မြေနေရာ

ရှင်ဖြူရုပ်ပွားတော်ရှေ့။

အစောင့်အရှောက်

နာဂရမ္မာနတ်ကြီး ဖြစ်လေ၏။

ထူးခြားချက်

ဘုရားရှင် သက်တော် ထင်ရှားရှိ
ခဲ့စဉ် ထိုင်တော်မူခဲ့သော ကျောက်ဖျာ
အား သိကြားမင်းကြီးက ဖဲ့ယူ၍ ရှင်ဖြူ
အမည်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ။

ဇမ္ဗူသပြေပင်ကိုင်းကို ဖြတ်၍
သိကြားမင်း ထုလုပ်ထားသော **ရှင်လှ**
အမည်ရှိ ရုပ်ပွားတော်တစ်ဆူ ဖြစ်လေ
၏။

ရှင်ဖြူ ရုပ်ပွားတော်မှ အဓိဋ္ဌာန်ဖြင့်
ပင့်ဆောင်လာစဉ် **"ဒီဒေသ ဒီဌာန
မှာပဲ အမြဲကိန်းတော့မည်"** ဟူသော
အသံတော် ကြားလိုက်ရသောကြောင့်
နာဂရမ္မာတောင်ထက်ဝယ် ပင့်ဆောင်
၍ သီတင်းသုံးတော်မူလေ၏။

မြတ်စွာဘုရားရှင်၏ အသံတော်နှင့် ...
မှန်ဖြစ်သောကြောင့် အောင်တ...လိုသူ
များနှင့် ဝါယောဓာတ် ရရှိလို...များအတွက်
နေရာထူး ဖြစ်လေ၏။






www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်မြှရှင်လှစေတီတော်လိုဏ်အတွင်းမှ
ရှင်မြှရှင်လှဆင်းတုတော်



◆ ရှင်မြှရှင်လှစေတီတော်လိုဏ်အတွင်းမှ
ရှင်မြှရှင်လှဆင်းတုတော်

◆ ဒီပါအေးမြဆရာတော်ကြီး အကျင်နေ့ရာသီရိုမထော်ရုံးတော်(ရှင်မြှရှင်လှ)



ဒီပါအေးမြ ဆရာတော်ကြီး၏ မပုပ်မသိုးသော ကျောက်ဖြစ်ရုပ်ကြွင်းကို ဖူးမြင်နိုင်ကြလေ၏။

အောင်မြေလောကာ စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ဘိုးတော်ဦးဝိုင်း တိဝုယေန၊
မဟာရာဇေန ကာရိတံ။
ဇေယျာသောလ လောကထူပံ၊
ဝန္ဒေ ယန္တံ့ သုပါကဝုံ၊

ခက်ခဲသော ပါဠိအသံထွက်

**ဝန္ဒေယန္တံ့ = ဝန်ဒေယန်တံ**
**သုပါကဝုံ = သုပါကတံ**

မြန်မာပြန်

**ဘိုးတော်ဦးဝိုင်း တိဝုယေန၊** ဘိုးတော်ဦးဝိုင်း အမည်တွင်ပါသော၊ **မဟာရာဇေန၊** သာသနာပြုအရှင်မင်း ဘုရင်မြတ်ကြီးသည်။ **သုပါကဝုံ၊** မြန်ပြည်တင့်သွား လွှန်



www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်ဖြူရှင်လှစေတီတော်လိုဏ်အတွင်းမှ
ရှင်ဖြူရှင်လှဆင်းတုတော်



◆ ရှင်ဖြူရှင်လှစေတီတော်လိုဏ်အတွင်းမှ
ဆင်းတုတော်

ကျော်ကြားတော်မူသော။

**ယံဖေယျာသေလ လောကထူပံ၊** အကြင်သို့သော အောင်မြေလောကခေါ် ကျောက်စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** ရဟန်းရှင်လူ ပြည်သူအများ ကုသိုလ်ပွားအောင် တည်ထားကိုးကွယ်ခဲ့လေပြီ။

**တံ၊** ထို အောင်မြေလောကကျောက်စေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒေဝန္ဒာမိ၊** မြတ်နိုးရှိသေ ရှိခိုးပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၁၄၄ ခုနှစ်။

ဘုရားဒါယကာ

ဗဒုံမင်းတြား ခေါ် ဘိုးတော်ဦးဝိုင်း။

တည်နေရာ

ရောဝတီမြစ်ကမ်းအနီး ထူပါရုံစေတီတော်ကြီး၏ အနောက်တောင်ယွန်းယွန်းရှိ မနီးမဝေးအရပ်တွင် တည်ရှိလေ၏။

ပွဲတော်ရက်

နှစ်စဉ် သီတင်းကျွတ်လဆန်း (၈) ရက်နေ့။

အောင်မြေနေရာ

စေတီတော်ကြီး၏ ဒုတိယတံတိုင်းအတွင်း အဂ်ါထောင့်တွင် တည်
သည်။

အစောင့်အရှောက်

သိုက်ချုပ် သိုက်နန်းရှင်များ။

ထူးခြားချက်

ဆင်ဖြူရှင်မင်းကြီး၏ သားတေ
ငစဉ့်ကူးမင်းလက်ထက်တွင် ဘိုးတေ
ဘုရားခေါ် ဗဒုံမင်းသားအား စစ်ကို
ဘက်၌ အကျယ်ချုပ်ထားခြင်း ခံခဲ့
လေ၏။

တစ်နေ့သည်၌ "ငစဉ့်ကူးမင်း" ခ
ထွက်လေရာ"ဖောင်းကစား [illegible]
မောင်"က ထီးနန်းကို အ[illegible]ယ်တ
သိမ်းယူ၍ မင်းပြုလေ[illegible]။

ထိုအခိုက် နှ[illegible] (၇)ရက်ရှိသေ


www.burmeseclassic.com

www.burmeseclassic.com



▲ အောင်မြေလောကစေတီတော်


▼ အောင်မြေလောကစေတီတော်၏ အင်္ဂါထောင့် ဒုတိယတံတိုင်းအတွင်းမှ အောင်မြေနေရာ





www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မြေလောကစေတီတော် ရာဟုထောင့်မှ သိုက်နန်းရှင်များနှင့် ထူးဆန်းသော ကျောက်တုံးကြီး

စစ်ကိုင်းမြို့ စေတီတော်များ နေရာပြမြေပုံ




အခါ ဘိုးတော်ဦးဝိုင်းက စစ်ကိုင်းအိမ်တော်ရာ စံအိမ်မှ အင်းဝနန်းကို လုပ်ကြံအောင်မြင်ခဲ့လေ၏။

စစ်ကိုင်းစံအိမ်တော် နေရာအား အောင်မြေအဖြစ် သတ်မှတ်၍ "**အောင်မြေလောက**"စေတီတော်ဟူ၍ တည်ထားလေ၏။

ဘိုးတော်ဦးဝိုင်း၏ စံအိမ်တော်နေရာ ဖြစ်သောကြောင့် "**အိမ်တော်ရာစေတီ**"ဟူ၍လည်း အမည်တွင်ခဲ့လေသည်။

၎င်း စေတီတော်မြတ်ကြီးအား မြေအုတ်လုံးဝမပါစေဘဲ၊ ကျောက်သားများကို ထုဆစ်၍ အခိုင်အမာ တည်ဆောက်ထားသောကြောင့် "**ကျောက်စေတီတော်**" ဟူ၍ ဘွဲ့အမည်တော် (၃)ခုဖြင့် ယနေ့တိုင် "**အိမ်တော်ရာ အောင်မြေလောက ကျောက်စေတီ**" ဟု အမည်တွင်လျက် ရှိပါသည်။

ပုဂံရွှေစည်းခုံ စေတီတော်ကြီးပုံဟန် အတိုင်းဘိုးတော်ဘုရားက တည်ခဲ့လေ၏။

အောင်မြေလောကဘုရားပတ်လည်တွင် ခြသေ့(၂)ကောင်စီ စောင့်ကြပ်နေသည့် မုခ်ဦးငါးခု ထူးခြားစွာရှိလေ၏။

ထိုမုခ်စောင့်ခြသေ့ကြီးများမှာ အလွန်လက်ရာမြောက်သည့်ပန်းတမော့လက်ရာများဖြစ်ကြောင်းမြန်မာဘုရင်အဆက်ဆက်က အသိအမှတ်ပြုခဲ့ကြလေသည်။

ရာဟုထောင့်ရှိ သိုက်နန်းရှင်များ၏ နန်းဆောင်အတွင်း၌ထူးခြားဆန်းကြယ်သော ကျောက်တုံးကြီးတစ်ခု တည်ရှိလေ၏။

ဂန္ဓာရီပုဂ္ဂိုလ်များနှင့် အကျင့်စခန်းဝင် သူတော်စင်များအတွက် မဖြစ်မနေ အရောက်သွားရှိသင့်သော နေရာထူး ဖြစ်လေ၏။

**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**

www.burmeseclassic.com

www.burmeseclassic.com



# ဝ,ဥပင်(အဖို)ပွင့်၏

## ထူးခြားမှုများ ဆေးအသုံးများ

သဘာဝ တောတောင်ရေမြေတို့တွင် အဖိုးတန် သစ်ပင်၊ ဝါးပင်၊ ဆေးဖက်ဝင် အပင်များကား များပြားလှပါသည်။ ယခုခေတ်တွင် သက်ပယ်စားသုံးနေကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ အသည်းစွဲ အသားတုပြုလုပ်သော အပင်မှာ ''ဝဥ''ပင် ဖြစ်ပါသည်။

သဘာဝ တောတောင်တို့တွင် ပေါက်သော ''ဝဥ''များမှာ အတော်ကြီးလှပြီး အပင်မှာလည်း (၆)ပေခန့်အထိ ပေါက်ရောက်နေတတ်ပါသည်။ ''ဝဥ''ပင်တွင်အဖို့ အမ နှစ်မျိုးရှိပါသည်။


သည်တစ်ပတ် စာရေးသူ ဘုရားသုံးဆူ၊ နယ်စပ်မြို့ကလေးသို့ ရောက်ရှိသွားပေရာ ကြာအင်းဆိပ်ကြီးမြို့မှ တစ်ဆင့် ဇမိချောင်းမကြီးအတိုင်း ပဲ့ချိတ်လှေငယ်ဖြင့် အထက်သို့ မြစ်ချောင်းအတိုင်း ဆန်၍ တက်သွားရသော ရေလမ်းခရီး ဖြစ်ပါသည်။

လမ်းတွင် တွေ့မြင်ခဲ့ရသော ''ဝဥ''ပင် အဖိုနှင့်ပတ်သက်၍ လှေအတူစီးသွားသော လောရှမ်းတိုင်းရင်းသားအဘိုးအို ဦးတိလောင်ကွမ်း၏ ပြောပြချက်အရ...

'ဝ,ဥပင် အမမှာ မြေကြီးထဲက စ,ထွက်ကတည်းက အပွင့် တစ်ခါမှ မပွင့်ပါဘူး။ ပင်စည်ရှိတာတွေက အနည်းငယ် နှိုကြပ်ကြပ်ကလေး ရှိနေတတ်ပါတယ်။

ပင်စည်မှထွက်တဲ့ အစေးတို့ဟာ လက်နဲ့ထိရင် ယားပါတယ်။ အရွက်မှာ တောက်တဲ့ လက်ဝါးသဏ္ဍာန်ရှိပြီး တောင်ဆုပ်ခန့်ရှိပါတယ်'

ဝ,ဥအဖိုပင်မှာ မြေကြီးထဲမှ စ,ထွက်ပြီး တစ်တောင်ခန့်တွင် လှပသော အဖြူပျောက်ကလေးများ ပါသော အဝါရောင် အပွင့်ငယ်တစ်ပွင့် စတင်ပွင့်လာပါသည်။



ဆေးဖက်ဝင် ဝ,ဥအဖိုပွင့်အား အရှေ့တည့်တည့်မှ တွေ့မြင်ရစဉ်

ထိုအပွင့်သည် ပင်စည်ထိပ်တွင် တစ်ပွင့်တည်းသာ ထူးဆန်းစွာ ပေါက်နေတတ်ပါသည်။ အပင်ကြီးလာလေ အပွင့်ကြီးလာလေဖြစ်ပြီး အပွင့်၏ အလယ်မှ ဝတ်ဆံအတံမှာလည်း အပွင့်အလိုက် ကြီးလာခဲ့ပါသည်။

ထိုအပွင့်ကြီး ရက်ပေါင်း(၆၀)ကျော်လျှင် ကြွေကျသွားပြီးမှ ထိုနေရာမှ တောက်တဲ့လက်ဝါးသဏ္ဍာန် အရွက်များ ထူးဆန်းစွာ ထွက်လာသည်ဟု ဆိုပါသည်။

'ဝ,ဥပင်(အဖို)က ပွင့်တဲ့ အပွင့်ကတော့ ဆေးဖက်ဝင်တယ်လို့ဆိုပါတယ်။ ဘယ်လို ရောဂါတွေမှာလဲ ဆိုတော့ သွားပိုးစားတဲ့အနာ သွားကိုက်၊ သွားဖုံးရောင် ရောဂါတွေမှာ အသုံးပြုတယ်လို့ သိရှိရပါတယ်။

အသုံးပြုပုံနည်းကလဲ အတော်မှ လွယ်ကူပါတယ်။ ဝ,ဥပင်(အဖို)ပွင့်ကို တစ်ပွင့်လုံးယူ ပါ။ပါးလို့။ နေပူမှာ နှစ်ရက်လောက် နေလှန်းရပါတယ်။

အဲဒီနောက်တော့ ခြောက်နေတဲ့ အပွင့်တွေကို သံဒယ်အိုးသန့်သန့်က ၂၅ ပြားခဲ လေးနဲ့ ထည့်လှော်ရင် ပြာဖြစ်သွားပါမယ်။

အဲဒီပြာကို သွားပိုးစားတဲ့ ရောဂါ၊ သွားကိုက်နာတွေမှာ အသုံးပြုလို့ရသလို သွားဖုံးရောင်တဲ့ ရောဂါတွေမှာလဲ အသုံးပြုရင် ရောဂါဟာ နှစ်ရက်အတွင်း သက်သာပျောက်ကင်းတယ်လို့ ဆိုပါတယ်'

အဲဒီ ဝ,ဥပင်(အဖို)နှင့် ပတ်သက်၍ စာဖတ်သူ သုတေသီများ သွားလာရင်း ကြုံခဲ့ပါလျှင် အသုံးပြုနိုင်ရန် ရေးသားဖော်ပြအပ်ပါသည်။

**[ဝ,ဥပင်(အဖို)ပွင့်နှင့် ပတ်သက်၍ တစ်ဆင့် ပြောပြပေးသော လှေစီးခရီးသည် ဆေးဆရာကြီး ဦးတိလောင်ကွမ်းကို ကျေးဇူးတင်ပါသည်။]**

အနန္တမေတ္တာဖြင့်...

**မန်းသုတသိန်း(ကရင်ပြည်နယ်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ(၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ၇–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ၇–လွှာမှာမနေဘဲ တာ၀တိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကာလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ၇–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ၇–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းရိုနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစလူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရှေ့ကြော်ငြာထုတ်လုပ်ချင်ရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၁၆၄ ၊ ၀၉၅၀ ၄၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com





ဖားရှမ်း မင်းစေတီ

ထက်မင်းကျော်စွာ

စိမ်းရောင်စို တောင်ညိုမြိုင်းရီသည့်

# သာသနာ့အောင်မြေ ရှာနေတိုင်းဆီသို့ (၄)

**ယခင်လမှ အဆက်**

'ကျွန်တော် တွေ့ဖူးတဲ့ မော်လမြိုင် တောင်လေးလုံးဆရာတော်လဲ ဒီလိုပဲ ကလေးနဲ့ ခွေးတွေကို မုန့်၊ စားစရာ ကျွေးမွေးလှူဒါန်းလေ့ရှိပါတယ်'

'ရုပ်ကလာပ်ကို ရွှေကျုပ်ဂိုက်ထုံးစံအတိုင်း (၇)ရက်ထက် ပိုမထားဘဲ မီးသင်္ဂြိုဟ်ဖို့ ရန်ကုန်က ဒကာတွေက ပြောကြလို့ နယ်ခံ ဒကာတွေနဲ့ အတိုက်အခံ ဖြစ်ကြသေးတယ်။ နောက်ဆုံးမှာ နာယကဆရာတော်ကြီးတွေ က ဒကာ၊ ဒကာမတွေရဲ့ အလိုကို မဆန့် ကျင်ပါနဲ့လို့ ဆုံးဖြတ်ပေးမှ အခုလို ပူဇော် ဖြစ်ခဲ့တယ်'

ဆရာတော် ဦးဝေပုလ္လက ဤသို့ ဆက်၍ မိန့်တော်မူသည်။


'ရုပ်ကလာပ်ကို ဆရာဝန်တွေက ခွဲစိတ် (၆)လခံ မပုပ်မသိုးအောင် ဆေးစီမံကြတယ်။ အဲဒီတုန်းက ဦးပဥ္စင်းက ဆယ်ဝါကျော် ထေရ်ငယ် ဘဝ၊ ဆရာတော်ရဲ့ တပည့်တွေထဲမှာ ဝါရင့်ဦးပဥ္စင်းတွေ အထက်က ရှိသေး တော့ ဘာမှ မပြောသာဘူး။ ခွဲစိတ်တဲ့ အခါ သွေးစတွေ ထွက်လာလို့ တစ်ဝက် တစ်ပျက်နဲ့ ရပ်လိုက်တယ်လို့ ကြားရ တယ်။

(လက်ရှိဆရာတော် ဦးဝေပုလ္လ သည် ယခုအခါ ဝါတော် (၂၈)ဝါ ရှိပြီဖြစ်သည်။ ဆရာတော်ထက် ဝါ ကြီးရင့်သော ဦးပဥ္စင်းနှစ်ပါးရှိရာ တစ်ပါးမှာ ပျံလွန်တော်မူ၍ တစ်ပါး မှာ ပရိသုဒ္ဓပြုသွားသဖြင့် ဦးမဂ္ဂိုလ်၏ နောက် ဆက်ခံသော မြစိမ်းတောင် ညိုဆရာတော် ဖြစ်လာခဲ့သည်။)



www.burmeseclassic.com

www.burmeseclassic.com



◆ ဟားရှမ်း ဗိုလ်စေတီ

'ဆေးက (၆)လခံ ဆိုပေမယ့် (၉)နှစ်ကြာတဲ့အထိ ရုပ်ကလာပ်တော်က ကွေးလို့ ဆန့်လို့ရတယ်။ ပျော့ပျောင်းနေတယ်။ ဘုန်းကြီးတို့က နှစ်စဉ် ဝါဝင်စ ဝါဆိုလပြည့်ကျော် (၁)ရက် နေ့ခင်းမှာ သင်္ကန်းလဲလှယ် ပူဇော်ပေးကြတယ်။

ဆံပင်, မွေးညှင်းတွေ ရှည်ထွက်လာသလို တစ်ခါတလေလဲ အလိုလို ပျောက်သွားတတ်တယ်။ (၁၀)နှစ်အကြာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး အသားအရေတွေ မာကြောလာတယ်။ မြေအစိုဓာတ်ကြောင့်ထင်ပါရဲ့ မှိုတွေလဲ စွဲကပ်လာတယ်'

**(မိမိ ဖူးမြော်စဉ် မျက်နှာတော်တွင် မှိုများ စွဲကပ်နေသော်လည်း နှုတ်ခမ်းမွေး၊ မျက်ခုံးမွေး၊ မျက်တောင်မွေးများ ရှည်လျားစွာ မြင်တွေ့ခဲ့ရသည်။)**

'မျက်လုံးတော်ကလဲ အကြောအရည်နဲ့သာ ဖွဲ့စည်းထားပေမယ့် ပိန်ရှုံ့ခြောက်ကပ်သွားခြင်းမရှိဘူး။ ပကတိ ပြည့်တင်းနေတယ်။ ရုပ်ကလာပ်တော် တစ်ခုလုံး တဖြည်းဖြည်းနဲ့ မာကြောလာပြီး ကျောက်ဖြစ်သွားနိုင်တယ်လို့ ယူဆမိပါရဲ့'

## ဆရာတော်၏ အမူအကျင့်နှင့် ထူးခြားမှုအချို့

ထို့နောက်တွင် ဆရာတော်၏ တပည့်များ ဖြစ်ကြသော ဦးကျော်ညွန့်၊ ဦးကံလှ၊ ဦးတင်မြင့် အစရှိသည့် ဒေသခံများထံမှ ဆရာတော်နှင့် ပတ်သက်၍ ထူးခြားမှုအချို့ကို သိရှိခဲ့ရသည်။

ဆရာတော်သည် ဝါကျွတ်သည်နှင့် ကြိုတင် တန်းစီပင့်ဖိတ်ထားသော ဒကာများအိမ်သို့ ဆွမ်းစားကြွ မေတ္တာပို့သပေးသည်။ ဝါတွင်းကာလတွင် ကောသနိက်ဇရပ်တင် ဆောက်တည်၍ နေ့ဆွမ်းတစ်နပ်သာ ဘုဉ်းပေးသည်။

ဝါပကာလတွင် နံနက်ခင်း အံရုဏ်တက်သောအခါ ကော်ဖီတစ်ခွက်ကို ဦးကံလှက နေ့စဉ် ဆက်ကပ်ပေးရသည်။ လူ့ဘဝ အသက်(၃၅)နှစ်မှ စတင်ကာ သက်သတ်လွတ် စားခဲ့သည်။

နေအိမ်များမှ ပင့်ဖိတ်ရာတွင် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းကပ်လှူသော အိမ်ချင်းဝေးကွာလှသဖြင့် ကားဖြင့် ပင့်ဆောင်ပေးရကာ တစ်ခါတစ်ရံ နေမွန်းလွဲမှ တောင်ညိုသို့ ပြန်ရောက်ဖြစ်သည်။

ဆီးဝမ်းကျန်းမာရေးကိစ္စ ဖြေရှင်းရာတွင် ဒကာများ၏နေအိမ်တွင်လည်းကောင်း၊ လူသူကင်းဝေးသော နေရာတွင်လည်းကောင်း ကုဋီကြွလေ့မရှိဘဲ ကျောင်းသို့ ပြန်ရောက်မှပင် ကုဋီကြွလေ့ရှိသည်။

ယခင်က (၅)သုံးလုံးစီးကရက်ကို မပြတ်ဘုဉ်းပေးလေ့ ရှိသော်လည်း နောက်ပိုင်းကာလတွင် ဆေးလိပ်ကို လုံးဝဖြတ်ကာ ကွမ်းကိုသာ မြို့လေ့ရှိ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းတွင် သီတင်းသုံးစဉ် ပက်လက်ကုလားထိုင်တွင် ငြိမ်သက်စွာ ထိုင်နေတတ်သည်။

စကားနည်း၍ သုတ်၊ ပရိတ်တော်များပင်လျှင် စိတ်တွင်းမှ ပူဇော်ကာ အသံထွက်လေ့ မရှိပေ။ ညဦးအချိန်တွင် (၁၂)နာရီထိုးသည့်တိုင် တောင်ဝှေးကို ကိုင်၍ စင်္ကြံကြွနေတတ်သည်။

မည်မျှ တိတ်ဆိတ်နေစေကာမူ ခြေသံ၊ တောင်ဝှေးချသံ ထွက်ပေါ်ခြင်းမရှိဟု သိရသည်။ ည (၁၂)နာရီတွင် လျောင်းတော်မူကာ နံနက်(၃)နာရီတွင် ထ၍ တရားရှုမှတ်သည်။

တပည့်ဒါယကာများက...

'ဆရာတော်ဘုရား၊ ဘယ်လိုနည်းနာနိဿယနဲ့ ရှုမှတ်ပါသလဲ၊ တပည့်တော်တို့ကိုလဲ ကယ်တင်သောအားဖြင့် တရားရှုမှတ်နည်း ပေးသနားပါဘုရား'

ဟူ၍ လျှောက်လာလျှင်...

'ဘုရားရှင် ပေးသနားတဲ့ ကမ္မဋ္ဌာန်း (၄၀)ထဲကပဲ ရှုမှတ်ပါတယ်။ အကာတို့လဲ ကြိုက်ရာကမ္မဋ္ဌာန်းကို ရှုမှတ်ကြပါ'

ဟုသာ ဖြေကြားတော်မူသည်။

လာရောက် ဖူးမြော်သူ ပရိသတ်အတွင်း ဘုမ္မိရတ်များ၊ လောကီပညာသည်များ ပါဝင်နေပါက စေ့စေ့ကြည့်၍...

**'ဒါယကာ ကိုယ့်ကိုယ်ကိုယ်သိ၊ ဘုန်းကြီးကို မနှောင့်ယှက်ပါနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်လမ်း ကိုယ်သွားပါ'**

ဟု မိန့်ကြားတတ်သည်။


ထူးခြားမှုတစ်ခုအနေဖြင့် လက်ထောက်ကျောင်းထိုင် ဆရာတော် ဦးသီလာနန္ဒက ဤသို့ မိန့်ကြားသည်။

ကျောင်းလှေကားတွင် စုရုံးထိုက်ထားသော မိသားစုဓာတ်ပုံတစ်ပုံ ထုတ်ပြ၍...



◆ မြစိမ်းတောင်မှ တင်ပျဉ်ခွေရုပ်ပွားဘုရားကြီး

◆ စမတောင်မြစ်ကွင်း



'နောက်ဆုံးမှာ ရပ်နေတဲ့ ဒကာကြီးက ဒေါက်တာမြင့်မော်တဲ့။ အခု အမေရိကန်မှာနေတယ်။ သူ ဆယ်နှစ်ကျော်အရွယ်တုန်းက ဆရာတော်ဦးဓမ္မိကဆီမှာ ကျောင်းသားအဖြစ် အတော်ကြာအောင် နေဖူးတယ်။ တစ်နေ့မှာ ဆရာတော်က **"မင်း ဘာလိုချင်သလဲ"** လို့ မေးတာနဲ့ **"တပည့်တော် အကြားအမြင် ရချင်တယ်"** လို့ လျှောက်လိုက်တယ်။

ဆရာတော်က မျက်လုံးကို သက်နှံးစစည်းပေးပြီး **"ဘာမြင်ချင်သလဲ"** မေး၊ **"နတ်ပြည်ပါဘုရား"** လို့ ဖြေလိုက်တာနဲ့ ဘုံဗိမာန် ဝါဝါဝင်းဝင်းနဲ့ နတ်သမီး၊ နတ်သားတွေ မြင်ရသတဲ့။ ငရဲပြည်ဆိုရင်လဲ မီးလျှံတညီးညီးနဲ့ အော်ဟစ် ပြေးလွှားနေကြတဲ့ ငရဲသားတွေ မြင်ရတယ်။

ဆရာတော်က **"ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူး"** လို့ တားမြစ်



www.burmeseclassic.com

www.burmeseclassic.com



စမငစေတီ

ခဲ့တာကြောင့် ဆရာတော် မရှိတော့မှဘဲ ဦးပဥ္စင်းတို့လဲ သိခွင့်ကြရတယ်'

ဟု မိန့်တော်မူသည်။

ဆရာတော် ဦးဓမ္မိကသည် သက်သတ်လွတ်ဘုဥ်းပေးသကဲ့သို့ တောင်ညိုတွင် ကျောင်းကန်ဘုရားတည် အလှူအတန်း ပြုလုပ်သောအခါတွင် သက်သတ်လွတ်ဟင်းများသာ လှူဒါန်းလေ့ ရှိသည်။

အခြားမှ ကြွလာသော ဆရာတော် အချို့သည် ဆွမ်းဘုဥ်းပေးရာ၌ မြိန်မြိန်ရှက်ရှက် မရှိလှသည်ကို သတိပြုမိလေရာ တောင်ညိုတွင် ခြေလေးချောင်း သားမှလွဲ၍ အသားဟင်းစားခွင့်၊ လှူခွင့်ပြုခဲ့သည်။ ကိုယ်တိုင်ကမူ သက်သတ်လွတ်ဟင်းဖြင့် ရာသက်ပန် ဘုဥ်းပေးခဲ့သည်။

တစ်ညတွင် ညဥ့်သန်းခေါင်ယံ အချိန် အသားဟင်းရနံ့များ ကြိုင်လှိုင်စွာ ထွက်ပေါ်လာရာ ဆရာတော်အား မည်သူမျှ မမေးလျှောက်ဝံ့သဖြင့် ဦးကံလှက ကျောင်းပေါ်၌ ရှိနေသည့် **ရဟန်းဒါယိကာမ (ဆရာတော် ဦးဓမ္မိကအား သိက္ခာထပ်ပေးသည့် ပစ္စယာနုဂ္ဂဟအမယ်ကြီး)အား...**

**'အမေကြီး ညက အသားဟင်း ချက်နေကြတာ ဘယ်သူများလဲ'**

ဟု ဆရာတော် ကြားလောက်အောင် လှမ်းပြောသည်။ ထိုအခါ ဆရာတော်က...

**'သူတို့လဲ သားသမီးတွေ ရှိတာပဲ။ ချက်ပြုတ်စားကြမှာပေါ့ကွယ်'**

ဟု မိန့်တော်မူသည်။ တောင်ညိုတွင် မှီခိုနေထိုင်ကြသော မမြင်အပ်သူတို့ကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

တစ်ကြိမ်တွင်လည်း ဦးကံလှသည် အနည်းငယ် ထူးခြားသော အိပ်မက်တစ်ခု မြင်မက်သည်။ ယခု **နဂါးရုံရုပ်ပွားတော် တည်ထားရာ ကုန်းမြေ (ထိုစဉ်က မြေပြင်နှင့် သစ်ပင်များသာ ရှိသေးသည်။)**တွင် ကလေးသူငယ်များကို မြင်တွေ့ရကာ ဦးကံလှကို ''မုန့်ပေးပါ။ ဘောလုံးပေးပါ''ဟူ၍ ဝိုင်းဝန်းတောင်းဆိုကြခြင်း ဖြစ်သည်။

ဆရာတော်အား မေးလျှောက်ကြည့်ရာ နောင်တွင် နဂါးရုံရုပ်ပွားတော် ပွင့်ထွန်းမည့်နေရာဖြစ်သည်။ ထိုကုန်းတော်တွင် မှီခိုနေထိုင်ကြသော (မမြင်အပ်သည့်) ကလေးသူငယ်များက တောင်းဆိုခြင်းဖြစ်သည်။

**'တတ်နိုင်သလောက် ဖြည့်ဆည်းပေးလိုက်ပါ'**

ဟု မိန့်ကြားတော်မူသည်။ ဦးကံလှက မုန့်များ၊ ထန်းလျက်များနှင့် လေမှုတ်ပူဖောင်းများ ယူဆောင် သွားကာ ကုန်းမြေတွင် ဖြန့်ကြဲပေးသည်။

'ကလေးတို့ ဒီဘောလုံးပဲ အရင်ဆော့နှင့်ကြပါ။ နောင် အဆင်ပြေမှ ကန်လို့ရတဲ့ဘောလုံး ဝယ်ပေးပါ့မယ်'


ဟုလည်း နှစ်သိမ့်ခဲ့လေသည်။


'အဘ ကံလှက ဆရာတော်အနီးကပ် ပြုစုခဲ့ရသူဆိုတော့ ဆရာတော် မိန့်ကြားလေ့ရှိတဲ့ ဆုံးမဩဝါဒတွေများ မကြားမိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com





နောက်ပြန်လှည့်ကြည့်နေသော
ဗော်ဂျီရွှစ်ကုပ်

စမေဇော်နှင့် ရဟန္တာကုပ်တာများ

ပါရှုပ်ဗောင်ဗော်ကို

အိုမင်းသောဂျပ်နှင့်ဗော်ကို







www.burmeseclassic.com

www.burmeseclassic.com





◆ ဒေါင်းတောင်ဇော်ဂျီ

နောက်လှည့်ဇော်ဂျီ ◆

'ဆရာတော်က နှုတ်နည်းတယ်။ အလို မကျတာရှိရင်လဲ နှုတ်က ထုတ်မပြောဘူး။ မျက်နှာအမူအရာ နည်းနည်းပျက်သွားရုံပဲ။ ဒါကို သတိထားပြီး အလိုက်တသိ ပြုစုရ ပါတယ်။

ဆွမ်းကပ်တဲ့အခါ လက်ရိုးကျတဲ့ ဟင်းခွက် ကို မတည်းပေးဘူး။ ဒါကြောင့် ဆွမ်းခွက်တွေ အပေါ် လက်မမိုးမိအောင် သတိထားပြီး ကပ်ရတယ်။ ငေါက်ငမ်းပြောဆိုတာ၊ အသံ ထွက်ရယ်မောတာတွေ တစ်ခါမှ မကြားရ ပါဘူး။ ကျောင်း၊ ကန်၊ စေတီပုထိုး အဆောက် အအုံတွေ၊ လမ်းတွေ ဆောက်လုပ်တဲ့အခါ မှသာ သေသေချာချာ လမ်းညွှန်မိန့်ကြား တော်မူပါတယ်။

လင်မယားဖြစ်စေ၊ မောင်နှမဖြစ်စေ ကျောင်းပေါ်မှာ ဖိုနဲ့မ နီးနီးကပ်ကပ် နေရင် စကားပြောရင် လုံးဝမကြိုက် ဘူး။ ဆရာတော်က မပြောပေမယ့် ကျုပ်တို့က ပြေလည်နားရှင်းအောင် ပြောပြပေးရတယ်။ အန္တရာယ်မြင်ရင် လဲ ကြိုတင်တားဆီးပေးပါတယ်။

တစ်ညနေ အလုပ်ဆင်းချိန်မှာ ကျောင်းဆောက်တဲ့ ပန်းရန်၊ လက် သမားတွေက ကျောင်းကအပြန် လုပ်ငန်းဆိုင်ရာဌာနတစ်ခုက တီအီးကားနဲ့ ကားကြုံလိုက်ပြန် ဖို့ တိုင်ပင်ကြတယ်။ အဲဒီအချိန် မှာ ဆရာတော်ခေါ်လို့ အားလုံး သွားရတယ်။ ဦးချကန်တော့ပြီးတာနဲ့ ဆရာတော်က **"မင်းတို့ အလာတုန်း ကလိုပဲ ပြန်ကြ"**လို့ မိန့်ပါတယ်။

**"ခြေကျင်လာသလို ခြေကျင်ပဲ ပြန်ပါ"**လို့ ပြောတာပါ။ ကားထွက် သွားပြီး ခြေကျင်လျှောက် ပြန်ကြတော့ လမ်းတစ်ဝက်မှာ သူတို့စီးမယ့်ကား တုံးလုံးပက်လက် မှောက်နေတာ တွေ့ ကြရတယ်။

ဒီလို တားပေးတာပါ။ ဆရာတော့် စကား နားမထောင်ဘဲ ဇွတ်သွားမိရင် အသက်ဆုံးနိုင်တာ အဲဒီအချိန်ကျမှ သိရတယ်။

အခု ကျုပ်တို့ထိုင်နေတဲ့ကျောင်းကို ဆောက်လုပ်တဲ့ လက်သမားဆရာ ဦးတင်မောင်အဖြစ်ကတော့ ကြေကွဲ စရာပဲ။ ညနေ အလုပ်သိမ်း၊ ထမင်းစား ပြီးရင် အားလုံးစုပြီး ဆရာတော်ဆီ ဝင်ကန်တော့လေ့ရှိတယ်။

အဲဒီညက ဆရာတော်က **"ဦးတင် မောင် မနက်ဖြန် အလုပ်မဆင်းပါ နဲ့"**လို့မှာတယ်။ အားလုံးကန်တော့ပြီး ရေနွေးသောက် ကွမ်းစားတာပေါ့။ အဲ ပြန်ခါနီးမှာ **"ဦးတင်မောင် ကျုပ် ပြောတာ မမေ့နဲ့နော်"**လို့ ထပ်မှာ ပြန်တယ်။

နောက်တစ်နေ့ မနက်ကျတော့ ဦးတင်မောင်ကို ဆောက်လက်စ ကျောင်းရဲ့ ထုပ်တန်းပေါ်မှာ တွေ့ရ တယ်။ ဆရာတော်မှာတာ မေ့သွားတာ လား၊ အယုံအကြည် မရှိတာပဲလားလို့ တွေးနေတုန်း ဝုန်းဆို ထုပ်တန်းကျိုး ကျပြီး မြေပေါ်ပြုတ်ကျတယ်။ နှစ်ရက် လောက်ကြာတော့ ဆုံးရှာတာပါပဲ။ ဖြစ်သွားပြီဆိုတော့မှ သေနေ့စေ့လို့ သေရတယ်လို့ပဲ ဆိုပါတော့ကွာ'

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



# ကြွရှေမ်းရေပို့ မပြီးခင် ပြီးခင်



[ ၁ ]

ရပ်ကွက်ထဲက ဘုန်းတော်ကြီးကျောင်းမှာ တောင်ပုလု ဆရာတော်ကြီး ကြွရောက်သီတင်းသုံးတာဖြစ်လို့ ကျွန်တော်တို့ ရပ်ကွက်သူ ရပ်ကွက်သားတွေ ဝမ်းသာအားရ လှုပ်ရှားတက်ကြွနေကြတယ်။

မြို့ထဲကနေ လာရောက်ဖူးမြော်ကြတဲ့ ပရိသတ်တွေကလဲ ရပ်ကွက်ထဲမှာ ဖြတ်သန်း သွားလာနေကြတာကြောင့် ရပ်ကွက်သူ ရပ်ကွက်သားတွေနဲ့ ရောပြီးလဲ လူအုပ်ကြီးတောင် ဖြစ်နေရတော့တယ်။

အဲဒီမှာ ခေါ်ညြတဲ့သူတွေက တောင်ပုလုဆရာတော်ကြီးနဲ့ နောက်ပါ သံဃာတော်များ ရပ်ကွက်အတွင်း မနက်စောစော ဆွမ်းခံကြွမယ်လို့ ကြေညာလာပြန်တော့ လူငယ်တွေက လမ်းတွေ သန့်ရှင်းရေးလုပ်ကြ၊ အိမ်ရှင်မတွေက ချက်ဖို့ပြုတ်ဖို့ စီစဉ်ကြနဲ့ လှုပ်လှုပ်ရွရွတင် မကတော့ပါဘူး ဆူညံသံ အော်ဟစ်သံတွေပါ ထွက်ပေါ်လာပြန်ပါတော့တယ်။

တက္ကသိုလ်တွေ ကျောင်းပိတ်ရက်ဖြစ်လို့ ရန်ကုန်ကနေ အိမ်ပြန်ရောက်နေတဲ့ ကျွန်တော်လဲ ရပ်ကွက်လူငယ်တွေထဲ ဝင်ရောလိုက်ရတော့တယ်။

[ ၂ ]

မလင်းခင်ကတည်းက ခင်းကျင်းလိုက်ကြပါပြီ။

ညဉ့်ဦးကတည်းက လှည်းကျင်းထားတဲ့ လမ်းမပေါ်မှာ ရေတွေဖျန်းပြီး ဆွမ်းစားပွဲတွေကို အိမ်ရှေ့တွေမှာ ပြင်ဆင်ထားလိုက်ကြတာ ရဟန်းသံဃာ မကြွခင်ကဘဲ ဆွမ်းခံကြွနှင့်နေသလိုပုံ အစီအရီ ဖြစ်နေပါတော့တယ်။

ဒီလိုနဲ့လဲ အရှေ့ဆီက နေဝန်းကြီးထွက်ပြူအလာမှာ တောင်ပုလုဆရာတော်ကြီးနဲ့ နောက်ပါသံဃာများ ဆွမ်းခံကြွချီလာပါတော့တယ်။ သင်္ကန်းတွေရဲ့ အရောင်အဝါနဲ့ကြောင့် နေခြည်မှာ ရွှေရည်ဆမ်းထားသလိုပုံလဲ ဖြစ်တည်သွားပါတော့တယ်။

ကျွန်တော်တို့ အိမ်ရှေ့မှာတော့ ဖျာကလေးခင်းထားတဲ့ အပေါ်မှာ အဖေ၊ အမေကထိုင် အာရုံပြုပြီး ကျွန်တော်က ဆွမ်းဟင်းလျာများ လောင်းလှူဖို့ အစီအစဉ်ပါ။ အဲဒီမှာ...

'ဆရာတော်ကြီးနဲ့ သံဃာတော်များက တစ်ရပ်ကွက်လုံး ကြွချီမှာဖြစ်လို့ ဆွမ်းဟင်းလျာများကို အများလောင်းလှူသာအောင် စတိသဘောမျှသာ လောင်းလှူကြပါ'

ခေါ်ညြတဲ့သူတွေက ဒီလို အစီအစဉ်ဆွဲ ကြေညာထားတာကို စိတ်ထဲမှာ သတိရလိုက်မိတယ်။ ဒါကြောင့်လဲပဲ ဆရာတော်ကြီး အိမ်ရှေ့မှာ ဆွမ်းခံရပ်လာတဲ့အခါ ကျွန်တော်က ဇွန်းအဖျားအနားလေးနဲ့ ဆွမ်းကို ကော်ယူလိုက်တော့...

'လောင်း... လောင်း... စိတ်ကြိုက်လောင်း'

တောင်ပုလု ဆရာတော်ကြီးဆီက တိုးညှင်းညင်သာတဲ့အသံ ထွက်ပေါ်လာတော့တယ်။ တုန်ရင်သွားတဲ့လက်ကို ထိန်းလိုက်ရင်းနဲ့ပဲ ဇွန်းကို ဆွမ်းဇလုံထဲ နစ်ဝင်သွားတဲ့အထိ ထိုးနှစ်လိုက်မိတော့တယ်။

ရင်ထဲကလဲ "သဒ္ဒါအားကို တားဆီးလို့ တော်ကြပ့်ါမလားဟရို့" လို့ပါပဲ။

[ ၃ ]

ဒါနဲ့ မပြီးသေးပါဘူး။

ကြွချီဆဲ၊ လောင်းလှူဆဲ ဆွမ်းခံတန်းကြီးနဲ့ အပြိုင်လဲ...

'ငါ့ရဲ့စိတ်အကြံကို တောင်ပုလုဆရာတော်ကြီး ဘယ်လိုများ သိတာပါလိမ့်'

ငယ်ရွယ်သူ ကျွန်တော့်စိတ်ထဲမှာ အဆက်မပြတ် ဖြစ်ပေါ်နေမိပါတော့တယ်။

**သီလ(ရေတံခွန်တော)**



www.burmeseclassic.com

www.burmeseclassic.com


▶ ကြော်ငြာ ဆောင်းပါး ◀

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်

✿ မှတ်ပုံတင် - ၀၁၁၄y၀၁၀၇၃၂ လိုင်စင် ၇၂၀၁၁၊ တဆထလတိုး (၁၃၁၂) ✿

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရှုး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၅၂/၃၅၆)ပေတာပီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၈၆၁၂

**ကြော်ငြာ မောင်ယဉ်တင့်**




www.burmeseclassic.com

www.burmeseclassic.com



◆ ကြေးသွန်းမဟာမုနိရုပ်ပွားတော်

စင်ဦးယံ

ရုပ်ကလာပ်တော် မပုပ်ဖျက်ဘဲ ဆံတော် ရှည်ထွက်နေဆဲဖြစ်သည့်

# ပထမဗိုလ်ကြီးဖြူပြင်ဆရာတော် အရှင်သုရိယ

ယခင်လမှ အဆက်

အား ကြည်ညိုပူဇော်မှုဆိုး (၂)


ဓမ္မာရုံကြီး၌ အချိန်ပြည့် ယောဂီ (၆၀)ဦး တရားဝင်ရှုမှတ် အားထုတ်ကြကာ ဆွမ်း၊ ရိက္ခာမှအစ ဆရာတော်ကြီးက တာဝန်ယူ စွန့်ကြဲတော်မူသည်ဟု သိရသည်။ သင်္ကြန်ကဲ့သို့ နေ့ထူးနေ့မြတ်ကာလများတွင် အချိန်ပိုင်း တရားစခန်းဝင်ယောဂီ (၁၅၀)ခန့် ရှိတတ်သည်ဆို၏။

မြောက်ဘက်အစွန်ရှိ တန်ဆောင်းကြီးအား "**ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်**"ဟု အမည်ပေးထားကာ ခရစ် ၂၀၀၂ခု၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ပန္နက်ချ၍ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့တွင် ပြီးစီးခဲ့သည်။ ကုန်ကျငွေ ကျပ်သိန်းပေါင်း (၆၃၀)ရှိ၍ ခုနစ်ရက်သားသမီးစုပေါင်း အများကောင်းမှုဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသော အခါ ရုပ်ကလာပ်တော်ကို ဤတန်ဆောင်းအတွင်း ပူဇော်ထားရှိခဲ့သည်ဆို၏။ တန်ဆောင်းခန်းမကြီး အတွင်း ဘုရားဆောင်တွင် ကြေးသွန်းတင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ ကိန်းဝပ်တော်မူသည်။ လက်ယာဘက်တွင်ကား ဗုဒ္ဓခြေတော်ရာ ပါဒစေတီ အစုံကို ဖူးတွေ့ရသည်။ ကြေးပြားရွှေချ ပါဒစေတီ ဖြစ်သည်။

ဗိုလ်ကြီးဖြူပြင် ဆရာတော်ကြီးသည် မန္တလေးမဟာမုနိ ရုပ်ပွားတော်ကို အာရုံပြု ကြည်ညိုသောအခါ မင်းဘူး စက်တော်ရာ ပါဒစေတီကိုပါ ယှဉ်တွဲ ဖူးတွေ့ရသည်ဟု တပည့်ဒါယကာတို့အား အမိန့်ရှိသဖြင့် ဤ တန်ဆောင်းကြီးအတွင်း တိုင်ရင်းသား ဆရာတော်တစ်ပါး ဦးဆောင်၍


www.burmeseclassic.com



▲ သိတာဂူ ဓမ္မဗိမာန် ဘုရားခန်း

ကြေးပြားရွှေချ ပါဒစေတီအစုံ ▶

▼ ယောဂီများနေထိုင်ရာ ဓမ္မာရုံ





မဟာမုနိရုပ်ပွားတော်ကို တည်လုပ်ပူဇော်ခဲ့ကာ ဦးသန့်စင်ဌေးမိသားစုက ပါဒစေတီကို လှူဒါန်းပူဇော်ခဲ့သည်ဟု သိရသည်။

ဤ သာသနာ့ဗိမာန်တော်ကြီးနှင့် ပတ်သက်၍ ဖီးဖြူပင်ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ကြား ဩဝါဒပေးတော်မူခဲ့သည်။

'သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်တယ်ဆိုတာ အကျိုးများပါတယ်။ ဒီဗိမာန်ကြီးကို အမှီပြုပြီး တရားအားထုတ်တဲ့သူ ရှိရင်တော့ ပိုလို့အကျိုးများပါတယ်။ ဘုန်းကြီးကတော့ တရားကိုပဲ အားထုတ်စေလိုတယ်။ တရားအားမထုတ်ဘူးဆိုရင်တော့ ဘာမှအကျိုးမများနိုင်ဘူး။

အခု ဗိမာန်ဖွင့်ပွဲတွေလုပ်တယ်၊ ရေစက်ချပွဲတွေလုပ်တယ်၊ မွေးနေ့ပွဲတွေ၊ ပဓါနကာပွဲတွေ လုပ်တယ်။ အဲဒါ၊ အဲဒါမတွေလှူဒါန်းခွင့်ရကြတယ်။ တရားအားထုတ်ခွင့် ရကြတယ်။ ယောဂီတွေတိုးလာတယ်။ ဒါ အကျိုးရှိတာပဲပေါ့။

ဗုဒ္ဓဘုရားရှင် သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့အောင်လုပ်တာပဲ ဆက်လုပ်ကြပါ။ ဘုန်းကြီးကိုကြည်ညိုရင် ဘုန်းကြီး ဟောတဲ့တရားကို နာကြားကျင့်ကြံ ပွားများကြ။ ဒါ ဘုန်းကြီးကို အပြုပူဇော်နေတာနဲ့ အတူတူပဲ'

## ယာယီစံကျောင်းဗိမာန်

ပင်မကျောင်းဆောင်နှင့် ဓမ္မာရုံကြားကျောင်းအလယ် မြေကွက်လပ်တွင် ဆရာတော်၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်ကို ပူဇော်ထားသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ဥတုဇရုပ်ကလာပ်တော်အား (၁၅)ရက်ကြာ ပူဇော်ထားရှိကာ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် အန္တိမစျာပနသဘင် ကျင်းပရန်ဖြစ်သော်လည်း (၁၀)ရက်မျှကြာသည့်တိုင် ပုပ်သိုးပျက်စီးခြင်းမရှိဘဲ ပကတိပျော့ပျောင်းနေသဖြင့် ဤနေရာတွင် ယာယီစံကျောင်းဗိမာန် ဆောက်လုပ်ကာ ပြောင်းရွှေ့ပူဇော်ထားကြခြင်းဖြစ်သည်။

စံကျောင်းအား မှန်ခန်းကာရံကာ မှန်ခန်းအတွင်း မှန်ခေါင်းတလားဖြင့်





www.burmeseclassic.com

www.burmeseclassic.com

အဖုံးဖွင့်ပူဇော်ထားသည်။ စတင်ပင့်ဆောင်ကာစ နေ့ရက်များတွင် လေအေးပေးစက် တပ်ဆင်ထားမိသဖြင့် (၃)ရက်အကြာ၌ မျက်နှာတွင် ရေမှုံးသီးကာ မှိုများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

ထို့ကြောင့် လေအေးပေးစက်ကို ရပ်ဆိုင်းကာ သဘာဝလေ ဝင်ထွက်နိုင်စေရန် မျက်နှာကျက်အနီး လုပ်၍ နေရာချန်ပေးထားကြောင်း သိရသည်။

လက်ရှိဆရာတော်ကြီး ဦးပဏ္ဍိစ္စက မှန်ခန်းအဝင်တံခါးဖွင့်ကာ ကိုယ်တိုင် ဝင်ရောက်ပြသပေးသဖြင့် ရုပ်ကလာပ်တော်အား အနီးကပ်ကြည့်ညို့ခဲ့ရသည်။ အနံ့သက်များ ထွက်ပေါ်ခြင်း မရှိပါ။

မျက်လုံး၊ နှုတ်ခမ်း စသည်တို့မှာ ခြောက်၍ ကျုံ့သွားကာ ခြေဖဝါးပြင်နီညိုရောင် ပြောင်းလဲနေသည်။

သို့သော် ခြေသလုံးကြွက်သားများပါ ပကတိလူကဲ့သို့ ပျော့ပျောင်းနေသည်ကို လက်ဖြင့် ဖိနှိပ်ပြသဖြင့် မြင်တွေ့ရသည်။ ဦးခေါင်းတော်ရှိ ဆံပင်များမှာလည်း ဆက်လက်ရှင်သန် ရှည်ထွက်နေသည်ကို ထူးခြားစွာ မြင်ရသည်။

ပျံလွန်တော်မူခါစ အခြေအနေထက် ဆံပင်များစွာ ရှည်ထွက်လာသည်ကို ရာပနမှတ်တမ်း ရုပ်ရှင်များအရ သိရှိရသည်။

အမြဲတမ်းထားရှိ ပူဇော်နိုင်မည့် စံကျောင်းဗိမာန် ဆောက်လုပ်ရန် စီစဉ်လျက်ရှိရာ ဗိမာန်ပြီးစီးသည်အထိ ယာယီစံကျောင်း၌ ပူဇော်ထားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇီးဖြူပင် ဆရာတော်ကြီးသည် လောကီ၊ လောကုတ္တရာနှစ်ဖြာ နှံ့စပ်ကျွမ်းကျင်တော်မူသော်လည်း ခရီးတို



◆ ဇမ္ဗူအေးဆုတောင်းပြည့်စေတီတော်

◆ ရုပ်ကလာပ်တော် ပူဇော်ထားရာ ယာယီစံကျောင်း



သော ဝိပဿနာ သတိပဋ္ဌာန်လမ်းစဉ်ကိုသာ အားပြုကြစေရန် တိုက်တွန်းလမ်းညွှန်တော် မူခဲ့သကဲ့သို့ ကိုယ်တော်တိုင်လည်း ကျင့်ကြံ အားထုတ်ခဲ့ကြောင်း မပုပ်မပျက် မတောင့်တင်းသော ဤဥတုဇရုပ်ကြွင်းက ညွှန်ပြသကဲ့သို့ ရှိနေသည်။

ဆရာတော် ဟောကြားလေ့ရှိသော သတိပဋ္ဌာန်တရားတော်နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ ဗဟန်းရှိ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ဆရာတော် ဦးနာရဒါဘိဝံသက အောက်ပါအတိုင်း မှတ်တမ်းပြုခဲ့သည်။

'ထိုအချိန်တွင် (ဇီးဖြူပင်သာသနာရိပ်သာ) ကျောင်းပေါ်၌ ဆရာတော်ကြီးအနားတွင် ဝေယျာဝစ္စပြုသူ ကပ္ပိယအကာတစ်ဦး၊ ဦးပဉ္စင်းတစ်ပါးနှင့် စာရေးသူအားဖြင့် သုံးဦးသာ ရှိကြသည်။ ဆရာတော်ကြီးသည် မိမိကိုသူ့အားသို့လာရန်ခေါ်ယူပြီး ဉာဏ်စဉ်တရားများနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောကြားပါတော့သည်။

မိမိအဖို့ ဝမ်းလည်းသာသလိုကြည်နူးလည်း



www.burmeseclassic.com

www.burmeseclassic.com



◆ ခြောက်ကျုံ့သွားသော မျက်နှာတော်

◆ ရှည်ထွက်လာသည့် ဆံတော်များ



ဖြစ်ရသည်။ ဝမ်းသာရသည်မှာ ဆရာတော်ကြီးထံမှ မမျှော်လင့်ဘဲ မမေးမြန်း မတောင်းပန်ဘဲ ဝိပဿနာ ဉာဏ်စဉ်တရားတော်တို့ကို နာကြားလိုက်ရသောကြောင့် ဖြစ်သည်။

အံ့သြမှုဖြစ်ရသည်မှာ ဤမျှလေးနက်သော ဉာဏ်စဉ်တရား၊ သတိပဋ္ဌာန်တရားတို့ကို ဤဆရာတော်ကြီးလောက် အသက်မကြီးသေးဘဲ ရှစ်ဆယ်ကျော်၊ ကိုးဆယ်အရွယ်

အတွင်း၌ပင် တချို့ ဆရာတော်တို့မှ
ဇရာဒုက္ခလကြောင့် မေ့လျော့ကြရပြီး မမှ
မိကြတော့ပေ။

ဆရာတော်ကြီးကား သက်တော်(၉၇)နှ
ရှိပြီဖြစ်သော်လည်း မမေ့လျော့တဲ့သတိဉာ
ကောင်းစွာဖြင့် ဟောနိုင်ပြောနိုင်သည်
ကိုယ်တွေ့မျက်မြင်တွေ့ရသောကြောင့် ပြ
သည်'

**[ဇီးဖြူပင်ဆရာတော်ကြီး၏ သ
သနာပြု သမိုင်းမှတ်တမ်းစာအု
စာမျက်နှာ(၁၆)မှ ထုတ်နုတ်ဖော်ပြ
သည်။]**

ဇီးဖြူပင် ဆရာတော်ကြီးသ
သက်တော် (၉၇)နှစ်တွင်သာမ
သက်တော်(၁၀၄)နှစ် ပျံလွန်တော်မူ
နောက်ဆုံးကာလအထိ သတိဉာ
ကောင်းစွာ ရှိခဲ့သည်ဟု တပည့်သံ



www.burmeseclassic.com

www.burmeseclassic.com

များက ပြောပြကြလေသည်။

## အလှူခံရှိသော ဆေးလုံးများ

ဆရာတော်၏ ယာယီစံကျောင်းမှ ရုပ်ကလာပ်တော်အား ရှိခိုးဂါရဝပြုပြီးနောက် ပြန်လည်ဆင်းသက်ကာ ကျောင်းဝင်းတောင်ဘက် အုတ်တံတိုင်းအနီး စံပယ်တော်မူသော ဇမ္ဗူအေးဆုတောင်းပြည့်စေတီတော်အား သွားရောက်ဖူးမြော်သည်။


ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင် ဦးစန်းလွင်မိသားစုက ငွေ(၁၇)သိန်းကျပ် မ,တည်ကာ ခုနစ်ရက်သားသမီးစုပေါင်းအလှူငွေဖြင့် တည်ထားပူဇော်ခဲ့ကြောင်းသိရသည်။ ဇမ္ဗူအေးစေတီတော်အား ဖူးမြော်ကြည်ညိုပြီးနောက် ပြုပြီးသမျှ ကုသိုလ်အစုစု အဖို့တာဝကို (၃၁)ဘုံသားအားလုံး အမျှပေးဝေခဲ့သည်။

ထို့နောက် ကျောင်းပေါ်ပြန်တက်၍ လက်ရှိဆရာတော် ဦးပဏ္ဍိစ္စအား နှုတ်ဆက်ဂါရဝပြုရာ ဦးကေသရက ဖိုးဖြူပင်ဆရာတော်ကြီး၏ ပထမဆေးလုံးအနည်းငယ်ကို ပေးလှူ၍ ဆရာတော်ဦးပဏ္ဍိစ္စက ပထမဖိုးဖြူပင်ဆရာတော်ကြီး၏ သာသနာပြု မှတ်တမ်းစာအုပ်ကို စွန့်ကြဲတော်မူလေသည်။

ဆရာဦးကျော်မြင့်ကလည်း ဤဆေးလုံးများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောပြသည်။

'ဖိုးဖြူပင်ဆရာတော်ကြီး ပျံလွန်တော်မမူမီ တစ်လအလို တန်ဆောင်မုန်းလပြည့်နေ့ (၂၈၁၂၂၀၁၂)မှာ သွားဖူးတော့ ပရိသတ်ကို အချိန်အတော်ကြာအောင် တရားချီးမြှင့်ပေးတော်မူပါတယ်။

အဲဒီညနေပိုင်း ကျွန်တော့်နေအိမ် ဘုရားခန်းမှာ အဓိဋ္ဌာန်ကမ္မဋ္ဌာန်းဝင်ပြီးတဲ့အခါ ဆရာတော် စွန့်လှူရိုတဲ့ ဆေးဖြူလုံးကလေးတွေ



◆ နီညိုရောင်ပြောင်းသွားသော ဆေးဖတ်

◆ ပျော့ပျောင်းနေသဲ ဆေးလုံး



အလိုလို ရောက်နေတာ တွေ့ရပါတယ်။ ဆရာလဲ ကိုယ်တိုင်ဖွင့်ဟ မတောင်းဆိုပေမယ့် ပူဇော်ထိုက်လို့ ပူဇော်ရတာ အကျိုးထူးပါလိမ့်မယ်'

ဟု ဆိုလေသည်။

## ဆရာတော်ကြီး၏ ဩဝါဒအချို့

ဖိုးဖြူပင်ဆရာတော်ကြီး လာရောက် ဖူးမြော်ကြည်ညိုသူတို့အား ဩဝါဒပေးရာ၌ "**ကိုယ့်အတွက်ကိုယ် လုပ်ကြပါ**"ဟု တရားအားထုတ်ရန် အဓိက တိုက်တွန်းလေ့ရှိသည်။

၁၃၅၆ ခုနှစ်မှ စတင်ကာ မိမိမွေးနေ့ဖြစ်သော တပေါင်းလဆုတ်(၈)ရက်နေ့ အတာသင်္ကြန်ပွဲတော်နေ့နှင့် ကဆုန်လပြည့်နေ့များတွင် ဒုလ္လဘရဟန်း စုစုပေါင်း (၁၀၀)ကျော်ခန့်ကို သင်္ကန်းဆီး၍ ရဟန်းဘောင်သို့ တက်ရောက်စေကာ ဆယ်ရက်တရားစခန်း ဝင်စေသည်။ ဝိပဿနာ တရားရှုမှတ်နည်းများကို အချိန်ပြည့် ကြပ်မတ်



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြပေးတော်မူသည်။

နှစ်စဉ် ဝါတွင်းကာလများတွင်လည်း ဆယ်ရက်တရားစခန်း သုံးကြိမ်ကျင်းပကာ အနယ်နယ်အရပ်ရပ်မှ လာရောက်အားထုတ်ကြသော ရဟန်းယောဂီ၊ လူယောဂီအားလုံးကို သက်သတ်လွတ်ကျွေးမွေး၍ မေတ္တာဘာဝနာ အထူးပွားများစေကာ တရားနည်းလမ်းညွှန်ပေးခဲ့သည်။

ဆရာတော် ဟောကြားလေ့ရှိသော ဩဝါဒတစ်ခုမှာ...

'တရားကိုသာ ကိုယ်တိုင်ကျင့်ပါ။ နာနာကျင့်ပါ။ အချိန်ရတိုင်း အားထုတ်ပါ။ တရားရှာကိုယ်မှာတွေ့တဲ့။ ကိုယ်မှာရှာရင် နာသီးဖျားနဲ့ ဗိုက်မှာ တန်းတွေ့တာပဲ။ ဝင်လိုက်ထွက်လိုက်နဲ့ နာသီးဖျားကို တိုးတိုးပြီး ထိသွားတဲ့သဘောကို ထိတယ်ထိတယ်လို့မှတ်။ မှတ်တိုင်းမှတ်တိုင်း လောဘ၊ ဒေါသ၊ မောဟ ပါးသေးလားပေ့။

အဲဒီ ကိလေသာကိုသတ်တာ။ မှတ်တိုင်းမှတ်တိုင်း ကိလေသာတွေ သေတယ်။ ငါးမိနစ်ရရင် ငါးမိနစ်မှတ်။ တစ်နာရီရရင် တစ်နာရီမှတ်။ တစ်နေ့မှာ (၂၄)နာရီရှိတယ်။ (၁၀)နာရီ အလုပ်လုပ်ပြီ။ (၁၀)နာရီ အိပ်လိုက်ပြီ။ (၄)နာရီကျန်တယ်။ အလုပ်မအားလို့၊ အိပ်ရေးမဝလို့၊ အကြောင်းမပြနဲ့။ ကိုယ့်အတွက် (၄)နာရီ ကျန်တယ်။ (၄)နာရီ အချိန်ပြည့် မလုပ်နိုင်ရင်တောင် တစ်နေ့ကို တစ်နာရီပြည့်အောင် အားထုတ်ပါ။ အဲဒီ ကိုယ့်အတွက်ပဲ အချိန်မဆွဲကြနဲ့'

ဟူ၍ ဖြစ်ပေသည်။

### ဘုရားဆု ပန်ခဲ့ဖူးတယ်

ဇီးဖြူပင်ဆရာတော် အရှင်သူရိယသည် ငယ်စဉ်ကာလက ဘုရားဆုပန်ခဲ့ဖူးကြောင်း လက်ရှိဆရာတော် ဦးပဏ္ဍိစ္စက ပြောပြသည်။ ဆရာတော်သည် လောကီပညာရပ်များတွင်လည်း နှံ့စပ်တော်မူသဖြင့် ပါရမီကျင့်စဉ်လမ်းလိုက်စားသူ ပုဂ္ဂိုလ်များစွာ လာရောက်ဆည်းကပ်ကြလေသည်။

ထိုသူများ၏ အခက်အခဲများကို ကူညီညွှန်ပြပေးတော်မူသော်လည်း **သတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းကိုသာ အားကိုးအားထားပြုကြစေရန် အဆုံးတွင် တိုက်တွန်းဆွဲဆောင်တော်မူလေ့ရှိလေသည်။** ဆရာတော်ကြီးက...

'အကာတို့လို ဘုန်းကြီးလဲ လူဘဝက နှံ့စပ်အောင် လိုက်စားခဲ့ဖူးတယ်။ အဲဒီတုန်းကဆိုရင် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်အဖြစ်ရောက်ရပါလိုငါလို့ စွဲစွဲမြဲမြဲ ဆုပန်ခဲ့ဖူးတယ်။ နောက်ပိုင်း လယ်တီဆရာတော်၊ စွန်းလွန်းဆရာတော်တို့ရဲ့ စာအုပ်တွေ လေ့လာဖတ်ရှုရတော့မှ...

လူ့ဘဝဆိုတာ စိတ်မချရဘူး မဂ်ဖိုလ်ရအောင် ကြိုးစားမှ အာမခံချက်ရမယ်ဆိုတာ သိလာရတယ်။ ဒါကြောင့် ခုနိုးတိုတဲ့ ဝိပဿနာကမ္မဋ္ဌာန်း သတိပဋ္ဌာန်လမ်းကိုပဲ လိုက်ဖြစ်တော့တယ်'

ဟု မိန့်တော်မူသည်ဟု သိရသည်။

ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်သောအခါတွင်လည်း ဝေဒနာပေါ်လာသောအခါတွင် ဣရိယာပုတ်ပြင်ဆင်ခြင်း၊ ထိသိသတိဖြင့် အာရုံလွှဲခြင်းတို့ကို တားမြစ်တော်မူသည်။

'လက်ငါးချောင်းရှိရာမှာ လက်ညှိုးကိုစိုက်ပြီး ရှုမှတ်ရင် ကျန်လက်ချောင်းတွေ ပြား(ဝေဝါး)သွားတယ် မဟုတ်လား။ ဝေဒနာပေါ်လာရင် အဲဒီဝေဒနာပေါ်စိုက်ပြီး ရှုပါ။ တရိပ်ရိပ်နဲ့ ကျန်တဲ့ဝေဒနာတွေ ပြားသွားလိမ့်မယ်'

ဟူ၍ လမ်းညွှန် သွန်သင်လေ့ ရှိလေသည်။

### သာမညဂူမှ "ဝ" သုံးလုံး

သာမညဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော်ပူဇော်ထားရာ မှန်ခေါင်းတလားတွင် "ဝ" သုံးလုံး ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ဇီးဖြူပင်ဆရာတော်၏ သဘောထားမှတ်ချက်ကို ဦးထွေး (တောင်ငူ)ဆိုသူက လင်္ကာသွားဖြင့် ရေးသားပူဇော်ထားခြင်း ဖြစ်ပါသည်။

'သာမညဘုန်း နာမ်ဆိတ်သုဉ်းလည်း ရုပ်လုံးစံကျောင်း ဂူမှန်ခေါင်းမှ အကြောင်းသုံးတွေ့ အဖြေသုံးရပ် ဝလုံးဇာတ်ကို ဘုန်းမြတ်ဇီးဖြူ မိန့်တော်မူသည် မှတ်ယူအားလုံး ကျင့်ကြသုံးကြ။

ဝဝစားလေ၊ ဝေးဝေးနေ၍ မှတ်ပေသုံးချက် ဝင်မစွက်နှင့်။

အနက်သဘော ဤသို့ဟော၏။

အို နာ သေကြောင်း ဘေးအပေါင်းမှ ဝေးကြောင်းတရား ဝလားဝေသော့ ကုသိုလ်တရားမမြတ်ပွား၍ ရောင်ရှားကိလေ ဝေးဝေးနေကြ။ ကိုယ်နှုတ်စိတ်မှုအစုစုတွင် အကုသိုလ်များ မဖြစ်ပွားအောင် တရားအယူတ် လူအယုတ်နှင့် ရှုပ်ရှုပ်ယှက်ယှက် ဝင်မစွက်နှင့်၊ အပ္ပမာဒ မြတ်ဗုဒ္ဓ၏ အမှုအလား ဤတရားလည်း လေးစားလိုက်နာ ကျင့်ဆောင်ရာသည် ဆရာသမား မြတ်စကားအား မှတ်သားနာယူ သတိမူလျက် တရားလက်မလွှတ်ကြစေနှင့်'

### ကျေးဇူးတင် ဂါရဝပြုပါသည်

**တောင်ငူမြို့မှ ရုပ်ကလာပ်တော် မပုပ်မသိုး၊ ပျော့ပျောင်း၍ ဆံတော်များ ရှည်ထွက်လာသည့် ဇီးဖြူပင် သာသနာ့ရိပ်သာကျောင်း ဆရာတော် အရှင်သူရိယအား** ကြည်ညို ပူဇော်မှုခရီးအတွက် ကူညီပေးကြသော လက်ရှိဆရာတော် ဦးပဏ္ဍိစ္စမှ အစပြု၍ ရဟန်းရှင်လူ အပေါင်းအား ကျေးဇူးတင် ဂါရဝပြုအပ်ပါသည်။

ဇင်ညိုငယ်



www.burmeseclassic.com


www.burmeseclassic.com



# ရုပ်ပွားတော် သက်စေ့အဓိဋ္ဌာန်

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ





▲ ပန္နလောက လာဘာမုနိဘုရား

◀ နေလမြတ်စွာဘုရား

စေတီတော်သက်စေ့နှင့် ရုပ်ပွားတော်သက်စေ့ အဓိဋ္ဌာန်ဝင်ခြင်းတို့ကို ယခင်နှစ်များက ကျွန်ုပ် ဖော်ပြခဲ့ပြီးပါပြီ။

သို့သော် အဓိဋ္ဌာန်ဝင်သူ အတော်များများက ရုပ်ပွားတော်သက်စေ့ အဓိဋ္ဌာန်ဝင်ခြင်းအတွက် ဘွဲ့အမည် တပ်ထားသော ရုပ်ပွားတော်များ ရှာဖွေရာတွင် အခက်အခဲရှိကြောင်း၊ ဖြစ်နိုင်လျှင် ရုပ်ပွားတော်များ၏ တည်နေရာကို ဖော်ပြပေးစေလိုကြောင်း ဖုန်းဆက်ပြောကြပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ထပ်မံ ရေးသားရခြင်း ဖြစ်ပါသည်။

**ရုပ်ပွားတော် သက်စေ့အဓိဋ္ဌာန်** ဆိုသည်မှာ ဥပမာအားဖြင့် ယခု ကျွန်ုပ်၏ ရောက်ရှိဆဲ အသက်မှာ (၆၀)နှစ် ဖြစ်ရာ ရုပ်ပွားတော် အဆူပေါင်း (၆၀) အဓိဋ္ဌာန်လိုက်ဝင်ရန် ဖြစ်သည်။

နေ့စဉ်ဖြစ်စေ၊ ရက်ခြားဖြစ်စေ တစ်နေ့တွင် ရုပ်ပွားတော် (၁)ဆူသာ အဓိဋ္ဌာန်ဝင်ရန် ဖြစ်သည်။

**ရုပ်ပွားတော်၏ ဉာဏ်တော်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဘွဲ့အမည်ရေးထိုးထားသည့် ရုပ်ပွားတော်မျိုးသာ ဖြစ်ရမည်။**

အချို့မှာ ရုပ်ပွားတော်တွင် ဘွဲ့အမည် မရေးထားသော်လည်း တန်ဆောင်းတွင် "**ချမ်းသာကြီးတန်ဆောင်း**"ဆိုလျှင် ထိုရုပ်ပွားတော်မှာ ချမ်းသာကြီး ရုပ်ပွားတော်ဟု သိရမည်ဖြစ်သည်။


ပထမဆုံး အဓိဋ္ဌာန်ဝင်မည့် ရုပ်ပွားတော်ရှေ့မှာ မိမိ ယခု အသက်(၆၀) အတွင်း ရုပ်ပွားတော်အဆူပေါင်း (၆၀) ပြည့်အောင် မပျက်မကွက် အဓိဋ္ဌာန်ဝင်ပါမည်။ **(ဘယ်နှစ်ရက်)**အတွင်း အဓိဋ္ဌာန်အပြီးဝင်ပါမည် စသည်ဖြင့် အဓိဋ္ဌာန်ပြုချက်တွင် ရွတ်ဆိုရန် လိုအပ်ပါသည်။

အဓိဋ္ဌာန်ဝင်မည့် ရုပ်ပွားတော်အနီးတွင် ဖယောင်းတိုင်၊ အမွှေးတိုင် ပူဇော်ခွင့်ရလျှင် ပူဇော်နိုင်ရန် ဖယောင်းတိုင် (၁)၊ အမွှေးတိုင်(၃)တိုင် အသင့် ယူ



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာမြတ်မုနိရုပ်ရှင်တော် ဆုတောင်းပြည့်ဘုရား



◆ အတုလမာရ်အောင် မြတ်စွာဘုရား

ဆောင်သွားရမည်။ ထွန်းခွင့် မရသော နေရာမျိုးတွင် မထွန်းဘဲလည်း ရပါသည်။ ပန်းတစ်မျိုးမျိုး လှူဒါန်းရန် ယူသွား၍လည်း ရသည်။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း အချိန်မျိုးဖြစ်လျှင် ဆွမ်းကပ်လှူ၍လည်းရသည်။ ရေသန့်ဘူးနှင့် ရေခွက်ဆောင်ယူသွားပြီး ရေချမ်းတစ်ခွက် ကပ်လှူ၍လည်း ရသည်။

ရုပ်ပွားတော် အဓိဋ္ဌာန်ဝင်ရာတွင် အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

၁။ ဦးသုံးကြိမ်ချ ရှိခိုးပါ။
၂။ နမောတဿ (၃)ခေါက်ရွတ်ပါ။
၃။ အနန္တောအနန္တငါးပါး (၅)ခေါက်ရွတ်ပါ။
၄။ ဘုရားဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်ပါ။
၅။ ပဌာန်းပစ္စယနိဒ္ဒေသ (၃)ခေါက်ရွတ်ပါ။
၆။ မေတ္တာသုတ်ပရိတ်တော် (၁)ခေါက်ရွတ်ပါ။
၇။ ထိုဘုရားပရိဝုဏ်ရှိ အစောင့်အရှောက်ပုဂ္ဂိုလ်များကို အမျှပေးဝေပါ။
၈။ မိမိအလိုရှိရာ ဆုတောင်းပြီး ပြန်ပါ။

**မှတ်ချက်** ။ ။ အလိုရှိရာ ဆုတောင်းမှာ စတင်အဓိဋ္ဌာန်ဝင်ချိန်မှ နောက်ဆုံးအဓိဋ္ဌာန်အဆုံးအထိ ဆုတောင်း(၁)မျိုးတည်းသာ ဖြစ်စေရမည်။

ဤဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သော သက်စေ့အဓိဋ္ဌာန်အတွက် ရုပ်ပွားတော်ဓာတ်ပုံမှာ ရန်ကုန်မြို့လယ် ဆူးလေစေတီတော် ရင်ပြင်ပတ်လည်မှ ရုပ်ပွားတော်များ ဖြစ်ပါသည်။

၁။ နေလည်မြတ်စွာဘုရား။ ***(မွေ့ဝိန္နီဇွယလိုဏ်ဂူနှင့် ဝိနယလိုဏ်ဂူကြား ဗိနပ်တော်ပေါ်ရှိ စေတီလိုဏ်ဂူအတွင်း၊)***
၂။ ပဥ္စလောကလာဘမုနိဘုရား။ ***(ရာဟုထောင့်တန်ဆောင်းအတွင်း၊)***
၃။ မဟာမြတ်မုနိရုပ်ရှင်တော် ဆုတောင်းပြည့်ဘုရား။ ***(ရာဟုထောင့် တန်ဆောင်းအတွင်း၊)***
၄။ အတုလယာရ်အောင် မြတ်စွာဘုရား။ ***(တနင်္ဂနွေထောင့်နှင့် သောကြာအရပ်ကြား တန်ဆောင်းအတွင်း၊)***

ရုပ်ပွားတော် သက်စေ့အဓိဋ္ဌာန်ဝင်ခြင်းကို **တစ်နှစ်မှာ အနည်းဆုံး(၁)ကြိမ်မှ (၃)ကြိမ်ဖြစ်စေ၊ (၅)ကြိမ်ဖြစ်စေ ဝင်နိုင်သမျှ ဝင်ကြည့်ပါ၊** အလုပ်အကိုင်၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ အဘက်ဘက်က သိသိသာသာ ကောင်းမွန်လာသည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။

***အောင်မြင် ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်(ဥပဒေ-တွဲ)**
**လက္ခဏာဗေဒင်ပညာရှင်တသီ**



www.burmeseclassic.com

www.burmeseclassic.com





◆ ကျောင်းအနောက်တောင်ထောင့်မှ ကလျာဏီသိမ်



◆ သိမ်တော်တွင်းမှ ဗုဒ္ဓဂုဏ်ရှင်

သပြေဆောင်ကျွန်းနှင့်

# ဒိဗ္ဗဖြိုက်ရှေ့ပိုကျောင်း (၂)

ငြိမ်းဝေဟိတ

ယခင်လမှအဆက်

သမ္မာဒေဝတို့၏ အာနိသင် အစောင့်အရှောက် အစွမ်းထက်လှသော ရှင်တော် ဗုဒ္ဓရုပ်ပွားတော်အား ထိခြင်းငါးဖြာဖြင့် ဦးနှိမ်ကန်တော့ကာ ကျောင်းကြီးအောက်ခြေသို့ ဆင်းသက်လာခဲ့သည်။

## ကျောင်းကြီးဝတ်ကျောင်းတော်

ကျောင်းကြီး၏ အရှေ့မြောက်ဘက်တွင် ခြသေ့်နှစ်ကောင်ရံ လှေကားတစ်စင်းကို တွေ့ရှိရသည်။ ကျောင်းကြီး၏ ဝတ်ကျောင်းအဝင် တံခါးမ ဖြစ်ပေသည်။ တံခါးမကြီး၏ တစ်ဖက်တစ်ချက်၌ သန်လျက်ကိုင် ဘီလူးရုပ်နှစ်ခုက အစောင့်တံခါးမှူးသဖွယ် တည်ရှိနေကြသည်။


ဝတ်အတွင်းသို့ ဝင်ရောက်သွားသောအခါ သက်တော် (၆၀)ကျော်ခန့်ရှိသော ဦးပဉ္စင်းတစ်ပါးကို ဖူးမြင်ရသည်။ တရနာကျောင်းထောက် ဦးပဉ္စင်း ဦးကောဝိဒဖြစ်ကြောင်း သိရသည်။

ဦးပဉ္စင်းက ဝတ်ကျောင်းအတွင်း ပူဇော်ထားရှိသော နှစ်ပေါင်း (၂၀၀) ကျော်ခန့်က ဆင်းတုတော်များအား လိုက်လံပြသပေးသည်။ ဆင်းတုတော်များ၏ ဝဲဘက်စွန်တွင် ခရုသင်းကိုင် ရေစင်သွန်းဟန် နတ်သားရုပ်တုတစ်ခု တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com




◀ မကိုဋ်ဆောင်း ရုပ်ပွားတော်များ

အောင်သပြေဆောင်ကျွန်း (ခေါ်) တရုနာရွာ၏ အောင်နိမိတ်ဆောင် ဝိသေကို အထူးပြုထားခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆင်းတုတော်များကား မြေလွှာကို သက်သေပြုဟန် ဘူမိဖဿမုဒြာဖြင့် စံနေသော်လည်း မကိုဋ်သရဖူ ဆောင်းထားလေရာ ရှေးယွန်းရှမ်းလက်ရာ ဆင်းတုများဖြစ်ကြောင်း သိရလေသည်။

▼ ရှိုကြည်လင်သော သိမ်၏ လက်ဝဲဘက်မှ ကျုံးရေ





◀ လက်ယာဘက်မှ ကျုံးရေ

## သမိုင်းဝင် ရွှေမိကျောင်းလှေတော်

ဦးပဥ္စင်း ဦးကောဝိဒက ကျောင်းကြီးအောက် တိုင်ခြေအနီး သိမ်းဆည်းထားရှိသော လှေကြီးတစ်စင်းရှိရာသို့ ဦးဆောင် ခေါ်ငင်သွားသည်။

'လွန်ခဲ့တဲ့ နှစ် (၄၀)ကျော် အထက်ကာလ အတွင်း ဂျိုင်းမြစ် ကမ်းခြေတစ်လျှောက်မှာ အလွန်ကျော်ကြားခဲ့တဲ့ အောင်ပွဲရ လှေကြီးပေါ့။ သူ့နာမည်က မွန်ဘာသာနဲ့ "ကျုန်ဗေထာ" ရွှေမိကျောင်းလို့ ခေါ်တယ်။ (၃၆)တက်လှော် လှေပဲ့ကနေ ဦးစွန်းအထိ (၅၅)တောင်အလျား ရှိတယ်။ ကျွန်းပင်ကြီးရဲ့ ခွဆုံ နှစ်တက်အနက် တစ်တက်ကို ထွင်းထားတာပါ'

ဦးပဥ္စင်း ညွှန်ပြသော ရွှေမိကျောင်းလှေကြီးမှာ ပဲ့ထိပ်ရွက်လိပ်သည့်ပင် တစ်တောင်ကျော်ရှိသည့် ကြီးမားသော လှေတစ်စင်း ဖြစ်လေသည်။

ယခင်က နှစ်စဉ် သီတင်းကျွတ်လဆန်းသည်နှင့် လှေပြိုင်ပွဲများသည် ဂျိုင်းမြစ်အတွင်း ခြိမ့်ခြိမ့်သဲ ကျင်းပကြလေသည်။ လှေပွဲတော်ကာလ ရောက်လေလျှင် လှေကြီးမှာ တဝေါ်ဝေါ် တကွိုကွို- အော်မြည်သံများ ကြားရလေ့ရှိသည်ဟု ဆိုသည်။ ထိုအချိန်တွင် လှေသားများ ဖေးမ၍ ရွေ့သောအခါ





www.burmeseclassic.com

www.burmeseclassic.com





▲ ကျိုင်းခြမ်းကမ်းနဖူးမှ တရနာရွာ
တရနာကျောင်းကြီး
ဆုတောင်းပြည့်စေတီ ▶
▼ တရနာကျောင်းကြီး မုခ်ဦး



ပေါ့ပါးစွာဖြင့် အလွယ်တကူ "ရေဆင်း"လေတော့သည်။

အခြားသော အချိန်ကာလများတွင် အရေးကိစ္စဖြင့် သွားလာလိုသောအခါ လူအင်အားများစွာဖြင့် ပင့်မသော်လည်း မကြွမရွေ့ရှိကြောင်း သိရသည်။

ရေချသော အခါတွင်လည်း လှေဦးစီးမှသည် တက်မကိုင်အထိ သတ်မှတ်ထားသော လှေသားများသာ စီးနင်း လှော်ခတ်ခွင့် ရှိလေသည်။ လှေသားတစ်ဦး ကွယ်လွန်လျှင် သားစဉ်မြေးဆက် ယင်းနေရာအား လွှဲပြောင်းယူကြရသည်။ သမက်, တူသားစသည်တို့ပင် စီးနင်းခွင့် မရှိ။ လူသူနေရာလွဲမှား စီးနင်းပါက ရေအောက်သို့ တိမ်းမှောက် ငုပ်လျှိုးသွားသည်ချည်း ဖြစ်သည်ဟု သိရှိရသည်။


လှေကြီးအား ရေချလျှင် ချချင်း တရနာချောင်းတွင်းမှ တစ်ဆင့် ဘိုးဘိုးကြီး နတ်ကွန်းမှ အစပြုကာ ရွာကို ပတ်ပြီးမှသာ လိုရာသို့ လှော်ခတ်သွားရိုး အစဉ်အလာ ရှိခဲ့ပေသည်။

ပုံလွန်တော်မူပြီးသော ယခင်ကျောင်းထိုင်ဆရာတော် ဦးသီလ ဖက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အခိုင်အမာမြဲ အောင်ဆုယူနိုင်သည်

အခါတွင် ကျိုက်မြို့အနီး **"အစွန်ရွာ"** သို့ တစ်နံနက်ခရီးဖြင့် အရောက်သွားနိုင်သည် ဆိုသည်။ ယင်းခရီးကား စက်တပ်ပဲ့ချိတ်လှေဖြင့် စက်ကုန်ဖွင့်မောင်းပါက (၄) နာရီကြာ ခုတ်မောင်းရသော ခရီးတာ ဖြစ်လေသည်။

တရနာရွာမှ ဘီလူးကျွန်း ကညော်ရွာလှေဆိပ်သို့ (မိုင် ၄၀) အသွားအပြန်ခရီး နေ့ဆွမ်းအမီ လှော်ခတ်ပို့ဆောင်နိုင်သည်ကို သိခဲ့ရသည်။

ချောင်းနှစ်ခွ၊ ရေး၊ ဘီလူးကျွန်း၊ ရန်ကုန် စသည့် လှေပြိုင်ပွဲတိုင်း ရောက်ရှိကာ အောင်လံဆွတ်နိုင်ခဲ့သော ရွှေမိကျောင်းလှေတော်ကြီးပင်။

သို့သော် လှေသား တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ၊ ကျန်းမာရေး စသည်တို့ကြောင့်လည်းကောင်း၊ ကျောင်းကြီး၏ ဝေယျာဝစ္စ ရှုပ်ထွေးသဖြင့် လည်းကောင်း ရေမချနိုင်သော နှစ်များတွင် ကျောင်းနေသံဃာတော်များပင် ကျိန်းစက်၍ မရအောင် မြည်သံများ ထွက်လေ့ရှိကာ ရွာသားတစ်ဦးတစ်ယောက် နာမကျန်းဘေးဒုက္ခ ဖြစ်ကြရသဖြင့် ဆရာတော်ဦးသီလ ထင်ရှားရှိစဉ်ကပင် မွန်ခလေ့ထုံး ပညာရှင်တစ်ဦးမှ လှေဦးတွင် ထွာဆိုင်ခန့် ထွင်းဖောက်ယူပြီးလျှင် **"ဒိုဒေါင်"** (ခေါ်) **ဒေါင်းတောင်** (နတ်ကတော်တောင်ဟုလည်း ခေါ်ကြသည်။ တရနာရွာ အရှေ့ (၁၀)မိုင်အကွာခန့်တွင် တည်ရှိသောတောင်ဖြစ်သည်။) သို့ သွားရောက် စွန့်ပစ်ကာ အမိန့်စာ ပြန်လိုက်ခြင်းအားဖြင့် "ရွှေမိကျောင်း"ကြီးမှာ ငြိမ်သက်သွားခဲ့လေတော့သည်။

ယင်းလှေပုံစံအား တိုင်းတာပြီးလျှင် သဏ္ဌာန်တူ လှေတစ်စင်း ထွင်းလုပ်ရန်အတွက် ရေးမြို့နယ် လှေတော်သားအဖွဲ့တို့ ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်၊ တိုရှည်ကျဉ်းကျယ် အစဉ်အမြဲ ကွာ၊ ယွင်းသည်သာ ဖြစ်ရလေသည်။

### ကလျာဏီသိမ်တော်

တရနာကျောင်းဝင်း အနောက်၊ မြောက်ဘက်တွင် ရေကျိုး ပိုင်းရံထားသည့် ရှေးဟောင်း သိမ်တော်တစ်ဆောင် ရှိလေသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ကျည်ဒဏ်, ဗုံးဒဏ် ခံခဲ့ရသော်လည်း မူလလက်ရာ အတန်ပင် ကျန်ရှိသေးသည်ကို တွေ့ရသည်။

ရှေ့လ ဆက်ဖတ်ပါရန်


**ငြိမ်းသော်တာ**



www.burmeseclassic.com

www.burmeseclassic.com





# သူဌေးဂမုန်း မှို

### သိသူများမှ ဖော်ပြရေးသားပေးကြပါရန်

လွန်ခဲ့သော သုံးနှစ်လောက်က **နန်းရှေ့ အေးမေတ္တာ အုတ်ကျောင်း ဆရာတော်ထံမှ** ဤဂမုန်းကို ရရှိခဲ့ပါသည်။ ရခြင်းအကြောင်းမှာ အစ်ကိုလိုခင်သော ဦးကျော်ဝင်းထံမှ တစ်ဆင့်ရခြင်းဖြစ်ပါသည်။ ဆရာတော်မှ...

'ပန်းအိုးယူခဲ့ပါ။ မင်းဘာသာ ကူးလို့မရဘူး။ ကျောင်းက ဦးပဥ္စင်းက သူ့မြေနဲ့ ကူးမှရှင်တယ်။ တောင်းတိုင်းလဲမရှင်ဘူး'

ဟု ဆိုသဖြင့် အိုးသွားပို့ပြီး ငါးရက်ခန့် စောင့်ဆိုင်းပြီးမှ ရလာသောအပင် ဖြစ်ပါသည်။

ဤဂမုန်းပင်၏ ပုံသဏ္ဍာန်မှာ အရွက်မှာ တစ်တောင်ခန့်ဖြစ်၍ ရွက် ကြောအားလုံးမှာ အစိမ်းဖြစ်ပြီး ဖြက်တစ်ထွာဖြင့် အညွန့် ထွက်လျှင်နီညိုရောင်အဆင်းဖြစ်ပါသည်။

သုံးနှစ်နေမှ ပထမအကြိမ် ဖူး၍ ပွင့်လာပါသည်။ ပွင့်သော အခါ ရပ်ကွက်ထဲမှ ခင်သောသူများ ခေါ်၍ပြရာ အပွင့်မှာကန်း သွားလားမသိပါ။ ပြန်၍ ငုံသွားပြီး တစ်ပတ်ခန့်နေသောအခါ ကြွေကျသွားပါသည်။



**(၂၈-၂-၂၀၁၃)**နေ့တွင် တစ်ဖန် ပြန်၍ ဖူးငုံလာပါသည်။ အဖူးငုံနှစ်ငုံ ဖြစ်ပါသည်။ ကျွန်တော်လည်း စောင့် ၍ကြည့်ရာ (၅-၃-၂၀၁၃)ညတွင် အင် မတန်မှ လှပစွာ ပွင့်ဖူးလာပါသည်။

အံ့သြစရာ ကောင်းသည်မှာ (၆-၃-၂၀၁၃)တွင် ပြန်၍ငုံသွားပြီး အဖူးအတိုင်း ပြန်၍ ဖြစ်သွားပါသည်။ နောက်ထပ်တစ်ဖူးမှာ ယခု စာရေးနေ သောအချိန်အထိ မပွင့်သေးပါ။

နောက်တစ်ချက် ရှိပါသေးသည်။ မည်သည့်အနံ့မျှ မရပါ။ **ထို့ကြောင့် ဤဂမုန်းအကြောင်း သိရှိသူများမှ ကျေးဇူးပြု၍ ဖော်ထုတ်ပေးပါရန် တင်ပြအပ်ပါသည်။**

< မင်းမင်းဇော် (ခ) ဖိုးဇော် >



www.burmeseclassic.com

www.burmeseclassic.com



ဖိုးမြင့် (မင်းလှ)

# ခရီးသွားလာသူများအတွက်

## ယတြာကောင်းတစ်ခု

စာရေးသူအနေဖြင့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးသွားလာကြသူများအတွက် ယတြာကောင်းတစ်ခုကို ရေးသားဖော်ပြလိုပါသည်။

လောကတွင် (၇)ရက်နေ့သားသမီးများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရေးရာ စသည်ဖြင့် ကိစ္စများအတွက် ခရီးဟူသမျှ သွားလာကြရသည်။ သို့သော်...

"အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်" ဟူ၍ စာဆိုရှိသည်။ အသွားမတော်လျှင် ခြေတစ်လှမ်းက ဒုက္ခအမျိုးမျိုး ဖြစ်နိုင်သည်။ အစားအစာ စားသောက်ကြရာတွင်လည်း အစားမတော်က တစ်လုတ်နှင့် ဒုက္ခအမျိုးမျိုး ရောက်ကြရသည်။

ယခု ဖော်ပြမည့် ယတြာမှာ ခရီးသွားလာသူများအတွက် အန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် ပြုလုပ်သည့် ယတြာဖြစ်သည်။ ယတြာအတွက် စီမံဆောင်ရွက်ရန်မှာ...

(က) "ခရီးသွား" ဟူသော ပညတ်အရ ခရေသားကို လောက်လေးဂွ(ခွ) ပြုလုပ်၍ ထားရမည်။

(ခ) မြစ် (သို့မဟုတ်) ချောင်း(၄)ခွဆုံရာက ရေနှင့်မြေကြီး အနည်းငယ် ယူရမည်။

(ဂ) လမ်း(၄)ခွဆုံရာက မြေကြီးကို ယူပါ။

ပြီးလျှင် ယင်းမြေနှစ်မျိုးကို ရောစပ်ပြီး ချောင်းလေးခွဆုံရာက ရေနှင့်နယ်၍ ဂေါ်လီလုံးခန့် (၄)လုံး လုံးထားရမည်။ ပြီးလျှင် နေ့ည(၇)ရက်တိတိ နေပူလှန်းရမည်။ ခြောက်သွေ့သောအခါ အောက်ပါမန္တန်နှင့်...

'ဉုံ စတုဒိသာ ရပ်မျက်နှာက လာခြာလာကာ ခြာကာသွားဟ'

ဟူ၍ (၇)အုပ် မန်းပြီးထားရမည်။

**သုံးနည်းမှာ...**

မည်သူမဆို ခရီးသွားခါနီးမှာ ခရေသားလေးခွနှင့် ယင်း မြေဂေါ်လီလေးလုံးကို အိမ်လေ့ကားရှိရာဘက်သို့ (စတိ) (၄)ချက် ပစ်ရမည်။

'ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ခရီးလမ်းကြောင်း အောင်မြင်စေ'

ဟု တစ်ခေါက်ဆိုရမည်။ ပြီးလျှင် လိုရာခရီးကို သွားနိုင်ပြီ။ **ဤယတြာပစ္စည်းများ ဆောင်ယူသွားရန် မလိုပါ။**

စာရေးသူ ဤယတြာကို **ကျောက်ထရံဆရာတော်ကြီး ဦးကောဝိဒမဓ္ဓ** ထံက ရရှိခဲ့ပါသည်။

စာရေးသူတို့ ငယ်စဉ်က ဆရာတော်ကြီးနှင့် ဒုမင်္ဂလ,သုမင်္ဂလကိစ္စများ သွားလာခဲ့ရပါသည်။ ယင်းဒေသတွင် ရေကြောင်းခရီး၊ ကုန်းကြောင်းခရီး သွားလာရသည်။

ရေကြောင်းခရီးအဖြစ် လှေသမ္ဗန် မော်တော်ဘုတ်များကို အသုံးပြုသွားရသည်။ ရသေ့တောင်၊ ဘူးသီးတောင်၊ စစ်တွေ စသော မြို့များသို့ သွားလာရသောအခါ မြစ်ချောင်းများကို အသုံးပြု သွားလာရပါသည်။

အချို့နေရာများတွင် မကြာခဏ လှေမှောက်လှေနစ်၍ ဒုက္ခအမျိုးမျိုး ရောက်ကြရသည်။ အချို့သောနေရာများမှာ အသက်ဆုံးရှုံးကြရသည်။

ကုန်းကြောင်းခရီး သွားလာရာတွင်လည်း မြွေ,ကင်း စသော အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်စေရန် ဆရာတော်ကြီးက ခရီးသွားခါနီးတွင် လိုက်ပါမည့်ကျောင်းသားကို လေးခွနှင့် ဂေါ်လီလုံးခန့်ရှိသော မြေလောက်စာလုံး (၄) လုံးကို ကျောင်းလှေကားဘက်သို့ (စတိ)သဘော ပစ်ခိုင်းပါသည်။

ဆရာတော်က ဘာကြောင့် ပစ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com

သည်ကို စာရေးသူတို့ ငယ်စဉ်က သိခဲ့ပါ။ ဆရာတော် ပစ်ခိုင်း၍သာ ပစ်ရသည်။ အကျိုးအကြောင်း တိတိကျကျ မသိခဲ့ရပါ။

စာရေးသူ အသက် (၃၀)ကျော်ခန့်တွင် ဆရာတော်ကြီးနှင့်အတူ ခရီးသွားမယ့် ကိစ္စတစ်ခုကြုံပါသဖြင့် စာရေးသူကို ငယ်စဉ်ကအတိုင်း ကျောင်းလှေကားဘက်သို့ (၄)ချက် ပစ်ခိုင်းပါသည်။

စာရေးသူလည်း ဆရာတော်ပစ်ခိုင်းသည့်အတိုင်း မြေဂေါ်လီ(၄)လုံးကို (တော်)ပစ်လိုက်ပါသည်။

ပြီးမှ စာရေးသူက...

'ဆရာတော်ဘုရား ဒီကိစ္စ ဘာကြောင့်လုပ်ရတယ်ဆိုတာ တပည့်တော်အား သိခွင့်ပြုပါဘုရား'

ဟု လျှောက်ထားလိုက်ရာ...

ဆရာတော်က...

'ခု ငါတို့သွားမယ့်ခရီးလမ်း အောင်မြင်စေဖို့၊ အန္တရာယ်ကင်းဖို့ လုပ်တာပေါ့ကွာ'

ဟု မိန့်ကြားပါသည်။

စာရေးသူက...

'တပည့်တော်ကို ရှင်းပြပေးပါဦးဘုရား'

ဟု လျှောက်ထားလိုက်ရာ...

ဆရာတော်ကြီးက အထက်ပါ ခရီးသွားများအတွက် ယတြာ စီမံဆောင်ရွက်ပုံများကို ရှင်းလင်း မိန့်ကြားခဲ့ပါသည်။

**ဤယတြာ၏ ထူးခြားမှုများမှာ** ခရီးသွားနှင့် ခရေသား လောက်လေးဂွ (ခွ)၊ မြစ်(သို့မဟုတ်)ချောင်းလေးခွ၊ မြစ်(သို့မဟုတ်)ချောင်းတို့သည် လေးခွဖြစ်ရန် ခက်ခဲသည်။

နောက် လမ်းလေးခွ၊ နေရာတိုင်း လမ်းလေးခွ မရှိနိုင်။ သို့သော် လမ်းလေးခွမြေ လွယ်ကူစွာ ရရှိနိုင်သည်။

ပြီးလျှင် ဂေါ်လီလုံးနှင့် လှေကားကက်ကင်းသဘော ဖြစ်ပါ၍ ဂမ္ဘီရဆန်သော ယတြာကောင်းတစ်ခုကို ခရီးသွားလာကြသူ (၇)ရက်သားသမီးများအတွက် အန္တရာယ်ကင်း စီမံဆောင်ရွက်နိုင်ကြစေရန် စေတနာမွန်ဖြင့် ရေးသားဖော်ပြအပ်ပါသည်။

**[ဤယတြာကို ပေးခဲ့သော ကျောက်ထရံ ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်လျက်...]**

**ဗိုလ်မင်း(မင်းလှ)**

# သွေးတိုး

## သက်သာပျောက်ကင်းသည့် ဆေး



စာရေးသူ ဂန့်ဂေါ အနောက်ရွာမှာ နေစဉ်တုန်းက သွေးတိုးနှင့် ပတ်သက်သည့် ဆေးနည်းတစ်ခု ရရှိပါသည်။

စာရေးသူလည်း သွေးတိုးဝေဒနာရှင်များ **ဆေးမြီးတိုကို အထင်သေးနေကြသူများ** လက်တွေ့ ဖော်စားနိုင်အောင် တင်ပြပါရစေ။

ဂန့်ဂေါရွာ၏ မြောက်ဘက် လယ်ကွင်းမှာနေကြသည့် ဒေါ်စံဝေဖြူ၏ ကိုယ်တွေ့ သွေးတိုးရောဂါ သက်သာ ပျောက်ကင်းဆေးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် တင်ပြဖို့ စိတ်ကူးရလာသည်။

ဒေါ်စံဝေဖြူသည် ဒီဆေးနည်းကို မရမီက သွေးတိုးပြီး ထမင်းမစားဘဲ သုံး,လေးရက် ဆက်တိုက် မူးဝေနေသည်ဟု ပြောပြသည်။ ဆေးထိုးဆေးစား ခဏပဲတဲ့။

လူတစ်ယောက် ဆေးနည်းပေးသွားရာ နှစ်ခါစားလိုက်သည်နှင့် ရောဂါသက်သာ ပျောက်ကင်းသွားသည်ဟု ပြောပြပါသည်။

ဒေါ်စံဝေဖြူ ပြောပြသည်က တစ်နှစ်မှာ တစ်ခါလောက် သွေးတိုး ထပ်ပေါ်သည်ဟု ပြောပြပါသည်။ သွေးတိုးရောဂါ အမြစ်မပြတ်လည်း အရေးမကြီး၊ တစ်နှစ်မှာ တစ်ခါလောက် သွေးတိုးမပေါ်မီ စားထားလျှင် စိတ်ချရပြီဟု စာရေးသူ ထင်မိသည်။

ဒေါ်စံဝေဖြူ၏ ဆေးနည်းက အလွယ်ကလေးပါ။

ကျောက်ဖရုံသီးအူကို ထမင်းမစားဘဲ မိမိ တတ်နိုင်သလောက် ထန်းလျက် (၃)ခဲနှင့် တစ်ဝ စားလိုက်ပါ။ စိတ်မချဘူးဆိုလျှင် နောက်နေ့တစ်ခါ ဆက်ပြီး စားလိုက်ပါ။ သွေးတိုးရောဂါ သက်သာ ပျောက်ကင်းသွားကြောင်း ဒေါ်စံဝေဖြူက အားပါးတရ ကွမ်းဝါးရင်း ပြောပြပါသည်။

စာရေးလည်း ဒီဆေးနည်းကို လူတိုင်းမျှပေးချင်သည်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက တစ်ဆင့် ပြောပြလိုက်လျှင် ပိုကောင်းမှာပဲဟု ယူဆမိ၍ ရေးသား ပေးပို့လိုက်ရပါသည်။

**ရွှေဖြူသာထွန်း**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ



ဇူလိုင်လတွင် ထီဆုငွေနှင့် ပတ်သက်ဆက်နွှယ်ကာ ကံထူးကံကောင်းနိုင်စေရန် ရွေးချယ်သင့်သော ဂဏန်းခြေများကား ၆၊ ၂၊ ၃၊ ၉ ဖြစ်သည်။ ယင်းတို့ကို ဂ၊ စ၊ တ၊ ယ အက္ခရာဝလီများနှင့် တွဲဖက်ကံစမ်းနိုင်သည်။

မိမိတို့၏ မွေးနှစ်အရ ကံစမ်းလိုပါက အောက်တွင် ရှာဖွေပါ။

* * *

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| နွား၊ ကျား | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ယုန် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နဂါး၊ မြွေ | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| မြင်း | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ဆိတ်၊ မျောက် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ကြက် | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| ခွေး၊ ဝက် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |

**ဥပမာ။** ။ ခွေးနှစ်တွင် မွေးဖွားသူသည် မြေဝါရောင် လာဘ်ပွင့်စေ၍ ကံပွင့်ဂဏန်းမှာ (၂)ဖြစ်သည်။ အနောက်တောင်ထောင့်အရပ်၊ ကံလာဘ်ပွင့်စေသဖြင့် ထိုအရပ်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် ကံစမ်းသင့်သည်။ စပ်တူတွဲဖက်၍ ကံစမ်းလိုပါက စနေသားသမီးနှင့် စပ်တူထိုးပါ။ တနင်္လာနေ့သည် နေ့ကောင်းနေ့မြတ် ဖြစ်သည်။

ကျန်နှစ်ဖွားများကလည်း အထက်ပါအတိုင်း ရှာဖွေ ကံစမ်းနိုင်ပါသည်။

ဆိုင်တည်ရှိပုံအရ ဌာနဗလအင်အားယူ၍ ကံစမ်းလိုပါလျှင် ကြေး၊ သံ၊ စတီး စသည့် သတ္တုပစ္စည်း အသုံးအဆောင်များ အရောင်းဆိုင်၊ ထိုပစ္စည်းများ ထုတ်လုပ်ရာ စက်ရုံများအနီးရှိ ထီလက်မှတ်အရောင်းဆိုင်၊ စားသောက်ဆိုင်များအနီးရှိ ထီဆိုင်၊ စက်ကိရိယာ၊ အင်ဂျင်အပိုပစ္စည်းများ အရောင်းဆိုင်၊ စက်ဘီး၊ အပ်ချုပ်စက်၊ ရေတံကင် စသည့် စွမ်းအင်မဲ့စက်များ အရောင်းဆိုင်နှင့် နီးကပ်သည့် ထီဆိုင်များတွင် ရွေးချယ်နိုင်သည်။



**ထီကံမြင့်ယတြာပြုလိုပါက** ထီထိုးရန် သွားသောအခါ မုတ်ဆိတ်ရိတ်သည့် ဘရိတ်ဓား အသစ်တစ်ချောင်းကို အိတ်ကပ် (သို့မဟုတ်) ပိုက်ဆံအိတ်အတွင်း ထည့်သွားပါ။ ဘရိတ်ဓားထုပ်ပိုးထားသော စက္ကူပါကင်ကို မဖြုတ်၊ မဖျက်ပါနှင့်။ ထီထိုးပြီးသောအခါ တစ်စုံတစ်ယောက်အား လှူလိုက်ပါ။

သံဃာတော်များလည်း ဆံပင်ရိတ်ရာတွင် သုံးလေ့ရှိသဖြင့် ရဟန်းသံဃာတစ်ပါးအား ကပ်လှူပါက ပို၍ အကျိုးများပါလိမ့်မည်။ သောကြာ (သို့မဟုတ်) တနင်္ဂနွေ ညနေစောင်းအချိန်တွင် လှူဒါန်းသင့်ပါသည်။

*ဝှယုင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ*

ထက်မင်းကျော်မွှာ



www.burmeseclassic.com

www.burmeseclassic.com



စင်ဦးယံ

နွားလပို့တောင်တွေ့အနောက်ဘက်အခြေမှ ချမ်းမြေ့ဖိုပ်မြိုင်

# သပိတ်အိုင် သာသနာမြေသို့ (၃)

ယခင်လမှ အဆက်

ထို့နောက် ချက်ချင်းပင် သပိတ်အိုင်သို့ လိုက်လာရာ သူရေးမှတ်ထားသော ကျွဲကောသီးကို ကျောင်းတွင် တွေ့ရသည်။ ဤသို့ အဖြစ်အပျက်များစွာ ကြုံတွေ့ရသဖြင့် မော်လမြိုင် စိန်မမ ကျောင်းမှ ဦးသူရိယာဘိဝံသက ဆရာတော်အား လျှောက်ထားသည်။

'ဆရာတော် ကျုံကရွာမှတစ်ပါး တခြားမြို့ရွာကို ဆွမ်းခံကြွသေးသလား ဘုရား'

'ကျုံကရွာကလွဲလို့ ဘယ်မြို့ရွာကိုမှ ဆွမ်းခံမကြွပါဘူး'

'ဆရာတော် အဘိညာဉ်ရနေလို့ ကိုယ်ခွဲပြီး တခြားမြို့ရွာကို ဆွမ်းခံထွက်ပါသလား'

'အဘိညာဉ်လဲ မရဘူး ကိုယ်ခွဲလဲ ထွက်ဘူး'

'ဆရာတော်ကသာ မကြွဘူး။ ထွက်ဘူးဆိုပေမယ့် တခြားမြို့ရွာတွေမှာလဲ တစ်ချိန်တည်းမှာ သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွတယ်လို့ တွေ့ကြားတာက ဘယ်လိုဖြစ်တာလဲ ဘုရား'

'ဒါကတော့သိပ်ပြီး အံ့သြစရာ မဟုတ်ပါဘူး။ ကိုယ်စောင့်နတ် စတဲ့ နတ်တွေက သူတို့ ချစ်ခင်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ရဲ့ လာဘ်သပ်ပကာ တိုးတက်များပြားရေးအတွက် သူတို့ဘာသာသူတို့ပဲ ဖန်ဆင်းဆွမ်းခံတာ ဖြစ်နိုင်ပါတယ်။ တခြားမဟုတ်ပါဘူး။ နတ်တွေက ဒီလိုပဲ လုပ်တတ်တယ်'

ဤသို့လျှင် ရိုးသားစွာ ဝန်ခံပြောကြားလေ့ ရှိလေသည်။



▲ ဒုတိယလိုဏ်ဂူ

▼ တတိယလိုဏ်ဂူ



## သင်္ကာပါ ကယ်တင်ခြင်း


ဆရာတော်သည် ပုစွန်၊ ငါး၊ ကျေးငှက်တိရစ္ဆာန်များကို သာမက ဒုက္ခရောက်နေသူ လူများစွာကိုလည်း ကယ်တင်ပေးတော်မူလေ့ ရှိသည်။ ဆရာတော် သပိတ်အိုင်တောရတွင် သီတင်းသုံးစဉ် ကာလအတွင်း ဝေဒနာသည်များ၊ ပြန်ပေးဆွဲခံရသူ၊ သူပုန်အဖမ်းခံရသူ . အတန်များစွာတို့ ဆရာတော်ကို အကြောင်းပြု၍





www.burmeseclassic.com

www.burmeseclassic.com



◆ ဆွေးမြည့်စပြုနေသော ပျဉ်ချပ်များ

◆ သပိတ်အိုင်တောရကျောင်းကလေး (ပြန်လည်ပြုပြင်ထားသည်)



ဘေးအန္တရာယ်မှလွတ်မြောက်ခဲ့ကြသည်။

ယင်းတို့အနက် အိမ်နီးချင်းတစ်ဦး၏ အဖြစ်အပျက်ကို တင်ပြပါမည်။

ကျုံကအိမ်(ကျုံက ကျေးရွာမှ ပေါင်မြို့သို့ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု)မှ မမလေး၏ခင်ပွန်း ဦးသာခင်သည် ကျုံကရှိ ဥယာဉ်ခြံသို့အသွားလမ်းတွင် သူပုန်များ ဖမ်းဆီးခြင်းခံရသည်။

ငယ်သားနှစ်ယောက်က တောနက်တွင်း သစ်ပင်တစ်ပင်တွင် ကြိုးနှင့်တုပ်၍ ချည်ထားကြသည်။ ဦးသာခင်သည် သေဘေးကြီး ခြောက်လှန့်မှုခံနေရခိုက် သပိတ်အိုင်ဆရာတော်၏ မျက်နှာတော် စိတ်တွင်း၌ ပေါ်လာသည်။ ထို့ကြောင့် **"ဆရာတော်ဘုရား တပည့်တော်ကို ကယ်ပါဦးဘုရား"**ဟု အားကိုးတကြီး တမ်းတလျှောက်ထားမိသည်။

မကြာမီ ဦးသာခင်ရှေ့မှောက်သို့ ဆရာတော်ကြီး ကြွရောက်တော်မူကာ **"ဒကာကြီးသွားတော့"**ဟု မိန့်တော်မူသည်။ ရုတ်တရက် အံ့အားသင့်နေကာ သုံးကြိမ်တိုင် မိန့်ကြားမှ မိမိကိုယ်ကို ကြည့်လိုက်ရာ တုပ်နှောင်ထားသော ကြိုးများ ပြေနေသည်ကို တွေ့ရသဖြင့် ထွက်ပြေးလွတ်မြောက်သွားသည်။

ထို့နောက် ဦးသာခင်သည် သပိတ်အိုင်ကျောင်းသို့ လာရောက်ကာ ဆရာတော်အား ကျေးဇူးတင်ဝမ်းသာလွန်းသဖြင့် အဖြစ်အပျက်ကို လျှောက်ထားရာ ဆရာတော်၏အမူအရာမှာ မည်သို့မျှ ထူးခြားခြင်း မရှိချေ။

'အေးအေး ဒီလိုပဲ ဖြစ်တတ်ပါရဲ့'

ဟုသာ အေးဆေးစွာ မိန့်တော်မူလေသည်။ ဤကဲ့သို့ ကယ်တင်တော်မူသည်ကို ရည်ရွယ်၍ မော်လမြိုင်မှ ဆရာတော်တချို့က...

'ဆရာတော်ကိုရော သာသနာကိုပါ ဂုဏ်ငယ်များနေမလားလို့ပါ။ အားလုံးသိတဲ့အတိုင်း ဆရာတော်ဟာ စာမေးပွဲအောင်,အောင်၊ ရောဂါပျောက်ကင်းအောင်၊ သေဘေးကလွတ်အောင် စီးပွားလာဘ်လာဘ တိုးအောင် လုပ်ပေးသလိုလို ကြားနေရကာ လောကီမဆန်ဘူးလား။ ကမ္မဋ္ဌာန်းတရား တစ်ခုခုပေးလိုက်ရင် ပြီးတာပဲ။ အဲဒါ ဆရာတော်ကို လျှောက်စမ်းပါ'

ဟူ၍ ဦးဝါသဝအား ပြောကြားကြသည်။ သပိတ်အိုင်သို့ရောက်၍ ဆရာတော်အား အသိပေးသောအခါ ဆရာတော်မှ...

'ဟ... ဝါသဝရ သူတော်ကောင်းဆိုတာ မေတ္တာမထားရတော့ဘူးလား။ ငါက သူတို့ကို ဘာဖြစ်စေ ညာဖြစ်စေ မရည်ညွှန်းပါဘူးကွ။ မေတ္တာပဲ ပို့လိုက်တာပဲ'

ဟူ၍ မိန့်ကြားတော်မူလေသည်။

ဆရာတော်၏ ကျင့်ကြံမှု

သပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိ





www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားဆောင် ▶

သည် မည်သည့်တရားကို မည်သို့ ကျင့်ကြံ၍ ပေါက်မြောက်သနည်းဟု ဆိုပါလျှင် ဆရာတော်ကိုယ်တိုင် ရေးသားပြုစုခဲ့သော '**ယောဂီနန္ဒ ခေါ် ရှုသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်းကို** လေ့လာကြည့်ပါက ရှင်းလင်းသိသာပေသည်။

ထိုကျမ်းမှာ ဆရာတော် ဟောပြောဆုံးမလေ့ရှိသော တရားများကို လူအများ တောင်းပန်သဖြင့် စာအုပ်အဖြစ် ရေးသားချီးမြှင့်ခြင်းဖြစ်သည်။ ထိုကျမ်းသည် ဆရာတော် လေ့လာသင်ယူခဲ့သော ပရိယတ်၊ ကျင့်ကြံအားထုတ်ခဲ့သော ပဋိပတ်၊ ပေါက်မြောက်ခဲ့သော ပဋိဝေဓတို့ကို ညွှန်ပြလေသည်။

'ရှုသောတာပန်ဟူသည် နာမ်ရုပ် တရားနှစ်ပါးနှင့် ယင်းတို့အကျိုးအကြောင်း ဆက်စပ်ပုံကို သိမြင်သောသူဖြစ်သည်။ ထိုကျမ်းတွင် ပြဆိုသည့်အတိုင်း အားထုတ်ပါက မဟာသောတာပန် မဖြစ်သော်လည်း ရှုသောတာပန် ကေန်ဖြစ်နိုင်ပါသည်'

ဟု သဲကုန်း အရှင်ဉာဏိသသရက ရေးသားထားသည်။ ဝိပဿနာအလုပ်နှင့် စပ်လျဉ်း၍ သိမှတ်စရာများကို ဖော်ပြထားသည်။

ယောဂီများ မိမိတို့ဘဝကို မိမိတို့ အကဲခတ်နိုင်ရန် သာဝကအမျိုးအစားနှင့် သာဝကဆုတောင်းပုံများ၊ ပုဂ္ဂိုလ်အမျိုးအစားများ၊ ပါရမီဖြည့်ပုံများကို ထင် ဖော်ပြသည်။

နိဗ္ဗာန် ဖြတ်လမ်းက သွားလိုသူတို့အတွက်လည်း နည်းလမ်းပေးထားသည်။ ပကတိသာဝကဆုကိုသာ တောင်းဆိုရန် နည်းလမ်းပြသည်။ ဤနည်းသည် အတိုဆုံးနည်းလမ်း ဖြစ်သည်ဟု ရေးသားထားပါ၏။

တောရအဝင်ဆိုင်းဘုတ် ▶



▼ တောရအဝင် ဝမ်းကူးတံတား








www.burmeseclassic.com

www.burmeseclassic.com




▲ နွားလပို့တောင်ထက်မှ ဆံတော်ရှင်စေတီ (ဝိုင်းပြထားသည်)

▼ နွားလပို့တောင်



▼ တောရအနီးလမ်းခွဲ



ဓာတ်ကြီးလေးပါးတို့ လက္ခဏာကို သေချာစွာ ရှင်းပြထားသည်။ အာနပါန ကမ္မဋ္ဌာန်းကို သမထနည်း၊ ဝိပဿနာ နည်း အားထုတ်ပုံနှင့်တကွ **သက္ကာယဒိဋ္ဌိဖြစ်ပုံ၊ သက္ကာယဒိဋ္ဌိကွာပုံ၊ ရုပ်နာမ်ဖမ်း၍ရှုပုံ၊ ရှုငြသောတာပန်ဖြစ်**ပုံတို့ကို ပြထားတော်မူသည်။

ထို့အပြင် "**ဒါနသည် နိဗ္ဗာန်မရောက်**"ဆိုသော စကားနှင့် ဝေဒနာ ရှုများနေကြပုံကိုလည်း ပီပြင်ပြတ်သား စွာ ရှင်းပြထားသည်။

ထိုကျမ်းကို သာသနာရေး ဦးစီးဌာန မှ အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေထား လေရာ အလွယ်တကူ ဝယ်ယူလေ့လာ နိုင်ကြပေသည်။

ဆရာတော်၏ အကျင့်စရဏာအ ဖြင့်ကား သပိတ်ထက်ဝက်စာမျှရှိသော ရသာစုံ ရောနှောသည့် ဘောဇဉ် တစ်ထပ်တည်းသာ ဘုဉ်းပေးသည် ဓုတင်(၁၃)ပါးစလုံး ပြည့်စုံအော ကျင့်ကြံတော်မူသည်။ လူအများ ရောနှောခြင်း၊ မျက်လုံးအကြည့်ဆ ခြင်းမရှိ၊ အချိန်အားမထားဘဲ အ အမြဲရှုမှတ်အားထုတ်တော်မူလေသည်

လမ်းညွှန်

ဆရာတော်ကြီး ဦးကိတ္တိ စ တည်ထောင်တော်မူသော သပိတ် တောရသို့ လာရောက်၍ ဆရာ ကြီးနှင့်တကွ ဆရာတော် အဆက်ဆ တို့ ကျင့်ကြံအားထုတ်ခဲ့သော နေ များကို လေ့လာကြည်ညိုလိုပါက **ပြည်နယ်၊ ပေါင်မြို့၊ ကျိုက်ကော မြောက်ဘက် နွားလပို့တောင် အ လမ်းအတိုင်း နှစ်မိုင်ကျော် ဝင်ရောက်ပါလျှင်** အေးချမ်းသာ သော သပိတ်အိုင်စမ်းနှင့်အတူ တော ကျောင်းမြေသို့ အဆင်ပြေစွာ ရေ နိုင်ကြပေသည်။

ဇင်ညိုမေ



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်လိပ်အစွမ်း



### အံ့မခန်း

စာရှုသူတို့ သက်မဲ့ဖြစ်တဲ့ ကျောက်လိပ်,ကျောက်ဖားများလဲ တွေ့မြင်ဖူးကြမှာပါ။ သူတို့ရဲ့အစွမ်းသတ္တိကို မလေ့လာမိသဖြင့် တိကျစွာ မပြောဆိုနိုင်ပေမယ့် စကုမြို့ ဆွမ်းလောင်းစဉ် ရပ်ကွက်မှာ နေထိုင်တဲ့ ဦးမြညွန့်ပိုင်ဆိုင်သော ဓာတ်လိပ်ကဖြင့် သိသာထင်ရှားစွာ အကျိုးပေးနေကြောင်း ပြောဆိုနေကြပါတယ်။

အဲဒီဦးမြညွန့်ဟာ မိခင်ကြီးနဲ့အတူ ဆင်းဆင်းရဲရဲ ရှာဖွေစားသောက်ရသူပါ။ သျှောင်ဆံထုံးထားပြီး အညိုဝတ်ကို အမြဲ ဝတ်ဆင်ထားပါတယ်။ လူအချို့ကဂန္ဓာရီဦးမြညွန့်လို့ခေါ်ကြပြန်ပါတယ်၊

ဝါးသက်ငယ်မိုး၊ သုံးပင်အိမ်ကလေးမှာ နေထိုင်ပါတယ်။ တစ်နေ့ အိပ်နေတုန်း အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ဦး သူ့အနားမှာ ရောက်လာပါတယ်။

'မင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အရာဝတ္ထုတစ်ခု အရှေ့မြောက်ထောင့်အရပ်က ရရှိလိမ့်မယ်။ အဲဒီရှေးဟောင်းပစ္စည်းကို အမြဲဆောင်ထားပါ'

လို့ ပြောဆိုပြီး ထိုပုဂ္ဂိုလ် ပျောက်ကွယ်သွားပါတယ်။

ဒီလိုနဲ့ အိပ်ရာက လူးလဲထပြီး စက်ဘီးတစ်စီးနဲ့ **မင်းဘူး–စကုမော်တော်ကားလမ်း**အတိုင်း နင်းလာပါတယ်။

ကျွဲဒဲကျေးရွာ အရှေ့ဘက်မှာ ညောင်ကိုင်းကျေးရွာရယ်လို့ ရှိနေတော့ အသိအကျွမ်း အိမ်တစ်အိမ်ကို ဝင်သွားသတဲ့။ အိမ်ရှင်တွေကလဲ ညှို့ဝတ်ပြုကြပြီး သူတို့မိသားစုမှာ ရှေးဟောင်းပစ္စည်းတစ်ခု ရရှိထားကြောင်း ပြသတာပေါ့။

ဂန္ဓာရီဦးမြညွန့် စိတ်ဝင်တစားဖြစ်ရာ ကငွေကြေးတချို့ပေးပြီးဝယ်လာပါတယ်၊

ဓာတ်လိပ် သူ့နေအိမ် ရောက်တဲ့နေ့ကစပြီး ဗေဒင်မေးသူ၊ ဓာတ်ဆင်ဓာတ်ရိုက် ယတြာချေသူ များလာကြောင်း သတိပြုမိသတဲ့။ ဒီလိုနဲ့ ဓာတ်လိပ်အား အတော်ကလေး ယုံကြည်သက်ဝင်မှုတွေ များလာပါတယ်။

ဂန္ဓာရီဦးမြညွန့်ဟာ တပ်မတော်ပင်စင်စားတစ်ဦးဖြစ်တာမို့ မြန်ပြည်တလွှား အနှံ့အပြား ခရီးထွက်လေ့ရှိသူပါ။ တစ်ခါ ဂန္ဓာရီခရီးထွက်လျှင် နှစ်လ, သုံးလကြာအောင် သွားလာတတ်ကြောင်း သိရှိရပါတယ်။

ဒီလိုနဲ့ သူရဲ့အကျိုးစီးပွားဟာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပါတယ်။

သူရဲ့ ဓာတ်လိပ်ဟာ ရေထဲချထားရင် ရေများ အလိုလို ပွက်လာကြောင်း ပြောဆိုနေသူပါ။ ပြီးတော့ နေ့စဉ်နဲ့အမျှ ဓာတ်လိပ်အတွက် ပေါက်ပေါက်ပွင့်များနဲ့ ကျွေးထားတာ တွေ့မြင်ရပြန်ပါတယ်။

အဲဒီဓာတ်လိပ်ကို ရေစိမ်ပြီး အမှောင့်ပယောဂ စွဲကပ်နေသူများအား တစ်ကိုယ်လုံးအနှံ့ ပက်ဖျန်းပါတယ်။ ပြီးတော့ ယင်းရေနဲ့ ဝေဒနာသည်အား တိုက်ကျွေးခြင်းနဲ့ မကြာမီ အချိန်အတွင်း သိသာစွာ ရောဂါပျောက်ကင်းတယ်လို့ ဆိုထားပါတယ်။

ဂန္ဓာရီဦးမြညွန့်ဟာ ရောက်လေရာ ဒေသများမှာ ဘုရားတည်၊ ရပ်ပွားဆင်းတုများ ဆောက်လုပ်လှူဒါန်းကြောင်း ပြောပြပါတယ်။

ဓာတ်လိပ်အားလည်း ယခုအခါမှာလည်း ကိုယ်နဲ့မကွာ ဆောင်ထားပြီး သတ္တဝါဝေနေယျများ ဘေးဒုက္ခမှ ကင်းဝေးစေရန် ကူညီ‌ဖေးမ စောင့်ရှောက်လျက် ဂန္ဓာရီခရီးထွက်နေတာဖြစ်ကြောင်း ရှင်းလင်း ပြောဆိုသွားပါတယ်။

အဲဒီဓာတ်လိပ်ရဲ့ အလေးချိန်ဟာ **ငါးကျပ်သားခန့်**ရှိနိုင်ကြောင်း ခန့်မှန်းတွက်ဆမိပြန်ပါတယ်။

**[ပန်ကြားလွှာ။** ။ ဤဓာတ်လိပ်ကဲ့သို့ ပစ္စည်းများ ရှိသူများမှ သိသမျှ ဖော်ထုတ် ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*ဦးကျော်မိုးသိန်း*
*စာတည်းမှူး]*

// **အောင်ကြည်မော်(ဖ‌ဒ)** //




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ဇူလိုင်လအတွင်း
ပုံရိပ်ရှင်တို့၏

# ဓာတ်ကြမ္မာ



ဟူကျင်းဇီ (Hu Jin Zhi)

ဤလတွင်...

✣ ကြွက်နှစ်ဖွား

အိုးအိမ်ခြံမြေ အပြောင်းအရွှေ့ ကြုံရတတ်သည်။ စိတ်ကူးစိတ်သန်း စီးပွားကိန်းအချို့ အကောင်အထည် ဖော်ဖြစ်မည်။ ကွင်းပြင်၊ လွင်ပြင်ကျယ် ဒေသများသို့ သွားရောက်ရဖွယ်ရှိသည်။

မြေကမူ ကျင်းချိုင့်များကြောင့် ဒဏ်ရာအနာတရဖြစ်မှု သတိပြုပါ။ လူငယ်များ ချစ်သူတွေ့နိုင်သည်။

✣ နွားနှစ်ဖွား

အလုပ်အကိုင်၊ ရာထူး ဌာန ပြောင်းရွှေ့ ထမ်းဆောင်ရဖွယ်ရှိသည်။ မျှော်လင့်နေသော သတင်းစကားများ ကြားရတတ်သည်။ ရေထွက်ပစ္စည်း ငါးပိ ငါးခြောက်၊ ခရုကမာ စသည်တို့နှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရနိုင်သည်။

နွားနှစ်ဖွား အမျိုးသမီးများ မျက်နှာပွင့်လန်း၍ စန်းတက်သော ကာလ ဖြစ်သည်။

✣ ကျားနှစ်ဖွား

ယာဉ်ရထား မတော်တဆ ဖြစ်မှုဘေး သတိထား ရှောင်ရှားပါ။ ကံဇာတာ ညှိုးမှိန်သောကာလဖြစ်၍ ပြောဆိုနေထိုင်မှု ဆင်ခြင်နိုင်မှသာ ပြဿနာကိစ္စ လျော့ပါးနိုင်လိမ့်မည်။

ရေနွေးနှင့် မီးဘေးအန္တရာယ်များကြောင့် ပစ္စည်းဉစ္စာ ဆုတ်ယုတ်ပျက်ပြားရဖွယ်ရှိသည်။

✣ ယုန်နှစ်ဖွား

အကြံအစည်များ အောင်မြင်၍ လူမှုရေးတွင် မျက်နှာပွင့်လန်းသော ကာလဖြစ်သည်။ ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်၍ ပွဲနေပွဲထိုင် သွားရတတ်သည်။

ရင်ဆိုင်နေရသော အခက်အခဲ ပြဿနာများ ပြေလည် အဆင်ပြေသွားလိမ့်မည်။ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ ဝင်ကိန်းရှိသည်။

✣ နဂါးနှစ်ဖွား

အလုပ်ရာထူး တိုးတက်နိုင်သည်။ ပူဇော်သက္ကာရပြုခြင်း ခံရကိန်းရှိသည်။ ရွှင်လန်းဝမ်းမြောက်ဖွယ် အဖြစ်အပျက် သတင်းစကားများ ကြားရတတ်သည်။

ဆိုးဆေးမှ ဘေးထွက်ဆိုးကျိုးများ ဆင်ခြင်ရှောင်ရှားပါ။ နေအိမ်တွင် ရက်ရှည်ဧည့်သည်များ သောင်တင်၍ အနေကျုံ့ရဖွယ် ရှိသည်။

✣ မြွေနှစ်ဖွား

အရေးကိစ္စ၊ ပြဿနာကြုံတွေ့ ရင်ဆိုင်ရသောအခါ အကူအညီများ ကြန့်ကြာ၍ အလျဉ်မမီ ဖြစ်တတ်သည်။ မတွေ့မဆုံ၊ မရင်းနှီးဘူးသူ၏ စကားကို နားယောင်မိသဖြင့် ငွေကြေးဉစ္စာ ဆုတ်ယုတ်ပျက်စီးနိုင်သည်။

သစ်ဝါး,ဆူးငြောင့်များ အန္တရာယ် သတိပြုပါ။ အရေးကြီးသော စီးပွားကိန်း အလုပ်ကိစ္စများ ခေတ္တ ရပ်ဆိုင်းထားသင့်သည်။

✣ မြင်းနှစ်ဖွား

စိတ်ချမ်းမြေ့စရာ မြင်ကွင်း အဖြစ်အပျက်များ ကြုံတွေ့ရကိန်းရှိသည်။ အထည်အလိပ်များကြောင့် ငွေကြေး အကျိုးအမြတ် ရနိုင်သည်။

မိခင်ဘက်မှ ဆွေမျိုးသားချင်းတို့အတွင်း သုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်၍ ကိုယ်ရောစိတ်ပါ ကူညီပေးရတတ်သည်။ အိမ်ထောင်ပရိဘောဂများ ဝင်ကိန်းရှိသည်။

✣ ဆိတ်နှစ်ဖွား

နေထိုင်မှုအဆင့်အတန်း တိုးတက်မြင့်မားလာသောကာလ ဖြစ်သည်။ ဩဇာတိက္ကမကြီးမား၍ ဝန်းကျင်အသိုင်းအဝိုင်းအတွင်း အမှုကိစ္စများ၌ ပုဏ္ဏားတိုင်လူကြီးအဖြစ် စီမံဖျန်ဖြေပေးရကိန်းရှိသည်။

စကားပြောစက် Hand Setများ လက်ဆောင်ရတတ်သည်။ ပင်လယ်ရပ်ခြားခရီး အဆင်ပြေလိမ့်မည်။

✣ မျောက်နှစ်ဖွား

တွက်ချက်မှန်းဆမှုများ ချွတ်ချော် မှားယွင်းနိုင်သောကာလ ဖြစ်သည်။ မရေရာသော မျှော်လင့်ချက်ဖြင့် မှန်းဆ စွန့်စားရသော လုပ်ငန်းများကို ရှောင်ကြဉ်သင့်သည်။

လောင်းကစားနှင့် ဥပဒေ မလွတ်ကင်းသော လုပ်ငန်း၊ ငွေကြေးများကြောင့် စည်းစိမ်ဉစ္စာ လျော့ပါး၍ အမှုကိစ္စ ရှုပ်ပွေနိုင်ပါသည်။

✣ ကြက်နှစ်ဖွား

ငွေကြေးလာဘ်လာဘ ရွှင်လန်းသောကာလ ဖြစ်သည်။

စာမျက်နှာ (၈၈) သို့



www.burmeseclassic.com

www.burmeseclassic.com



# မဟာဘုတ်ချိန်ခွင်နှင့်

ကျော်ဇော်ရှင် ဆရာတော်ကြီးများ

သန်းပညာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊
ရွာမပရိယတ္တိစာသင်တိုက်
ပဓာန နာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တတိလောကာဘိဝံသအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူရာမဟာဘုတ်အရဆိုရင် (၅)ကြွင်းမဟာဘုတ်ပိုင်ရှင်ဖြစ်ပါတယ်။


**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅)ကြွင်း မဟာဘုတ်

ဆရာတော်သည် စနေသားဖြစ်တဲ့အတွက် သိုက်ဖွားဖြစ်ပါတယ်။ သိုက်ဖွားဖြစ်တဲ့အတွက် အကြံအစည်ကြီးမားတတ်ပါတယ်။ ဘာသာတရားကို အထူး ကိုင်းရှိုင်းတတ်ပါတယ်။ ဘုန်းကြီးရဟန်းဖြစ်တတ်ပြီး၊ အကြီးအကဲ ဖြစ်ရတတ်ပါတယ်။

အလှူအတန်း ဝါသနာပါပြီး သဒ္ဒါတရား အားကောင်းတတ်ပါတယ်။ ထူးကဲတဲ့ ဉာဏ်ပညာမျိုးနဲ့ ပြည့်စုံပါတယ်။ ကိုယ်ချင်းစာစိတ် ရှိပါတယ်။



ဘဒ္ဒန္တတိလောကာဘိဝံသမဟာထေရ်

စနေသား သိုက်ဖွားဖြစ်တဲ့အတွက် တစ်ခါတစ်ရံ ဒေါသကြီးပါတယ်။ တစ်ချက်လွှတ် ပြုမူတတ်ပါတယ်။ ပြည့်ပြည့်စုံစုံ နေရမယ်။ မာနကြီးပြီး ဘယ်လုပ်ငန်းကိုမဆို မလျှော့တမ်း၊ အရှုံးမပေးတမ်း ဆောင်ရွက်တတ်ပါတယ်။

**တနင်္ဂနွေဂြိုဟ်သည် မရဏဂြိုဟ်ဖြစ်တဲ့အတွက်...**

အများနဲ့ ဆောင်ရွက်ရသော လုပ်ငန်းများ၊ အုပ်စုနဲ့ ဆောင်ရွက်ရသော လုပ်ငန်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ၊ အခက်အခဲပြဿနာများ ကြုံတွေ့ရတတ်ပါတယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး စိတ်တိုင်းကျ အောင်မြင်မှုများ မရတတ်ပါဘူး။

**အင်္ဂါဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက် ကောင်းပါတယ်။**

❑ စာပေသင်ကြားရေး



www.burmeseclassic.com

www.burmeseclassic.com

❑ စာရေးသားခြင်း၊
❑ စက်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ အကျိုးဖြစ်ထွန်းခြင်း၊
❑ လျှပ်စစ်ပစ္စည်းများနဲ့ အကျိုးပေးခြင်း

တို့ ရှိပါမယ်။ ဒါကြောင့်လဲ ပရိယတ္တိစာသင်တိုက်ကြီးရဲ့ ပဓာနနာယကဆရာတော် ဖြစ်လာရခြင်းပါပဲ။

သို့ရာတွင်...

စနေဂြိုဟ်သည် သိုက်ဂြိုဟ်ဖြစ်ပြီး အင်္ဂါသည် ရာဇဂြိုဟ်ဖြစ်တဲ့အတွက် စနေဂြိုဟ်(ဝ–နေ)နဲ့ အင်္ဂါဂြိုဟ်(၃–ဂါ) တို့သည် ပက္ခမိတဲ့အတွက် မကောင်းပါဘူး။ (ဝ–နေ)ကတော့ ပုပင်သောက၊ ထောင်၊ ဆေးရုံ စသည်တို့ကို ရည်ညွှန်းပါတယ်။ (၃–ဂါ)ကတော့ ထိခိုက်ဒဏ်ရာ၊ အဖမ်းအဆီး၊ အချုပ်အနှောင် စသည်တို့ကို ညွှန်းပါတယ်။

ဒီတော့ (၅)ကြွင်းမဟာဘုတ်ပိုင်ရှင်များသည် ထောင်ကျခြင်းကို (၆)လ၊ (၁)နှစ်ခန့်ကျခံရကြောင်း စာရေးသူရဲ့ မိတ်ဆွေ (၅)ကြွင်းမဟာဘုတ်သောကြာနဲ့ စနေသားတို့ဖြစ်ခဲ့ဖူးတဲ့ အဖြစ်က သာဓကတစ်ခုပါပဲ။ အထူးအကြံပြုချင်တာက...

(၅)ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် ဥပဒေနဲ့မကင်းသော အလုပ်မျိုးကို ရှောင်ပါ။ တိတိကျကျ ပြောရန်အတွက် (၅)ကြွင်းမဟာဘုတ်ပိုင်ရှင်များကို သုတေသနပြုနေဆဲ ဖြစ်ပါတယ်။

**တနင်္ဂနွေ (၁–နွေ)ဂြိုဟ်သည် အနိုက်ဂြိုဟ်ဖြစ်ပြီး အညွန့်ဂြိုဟ်လဲ ဖြစ်တဲ့အတွက်...**

❈ ဦးခေါင်း ထိခိုက်ဒဏ်ရာရခြင်း၊
❈ အာရုံကြော အားနည်းခြင်း၊
❈ မျက်စိဝေဒနာ ဖြစ်ပေါ်ခြင်း၊
❈ ခေါင်းမူး၊ ခေါင်းနောက်ကျိသောဝေဒနာပေါ်ခြင်း္

တို့ ဖြစ်တတ်ပါတယ်။

**ဗုဒ္ဓဟူးဂြိုဟ်(၄–ဟူး)သည် အထွန်းဂြိုဟ်ဖြစ်ပြီး မိတ်ဂြိုဟ်လဲ ဖြစ်တဲ့အတွက်...**

❖ လာဘ်လာဘ ပေါများစေခြင်း၊
❖ ကံကောင်းစေခြင်း၊
❖ ဘွဲ့ထူးဂုဏ်ထူးရစေခြင်း၊
❖ လူမှုရေးလုပ်ငန်းများ အောင်မြင်ခြင်း
❖ ကြည်ညိုသူများ တိုးပွားစေခြင်း

တို့ကို ဖြစ်စေကြောင်း သုံးသပ်တင်ပြပြီး ဂါရဝပြု ပူဇော်လိုက်ရပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

စာမျက်နှာ (၈၆)မှ အဆက်

ငွေကြေး ဖြောက်မြားစွာ ပိုင်ဆိုင်ရကိန်းမရှိသော်လည်း အတန်အသင့် အားရလောက်သော ငွေကြေးပမာဏကို ပိုင်ဆိုင်ရရှိ နိုင်ကြသည်။

ရွှေငွေလက်ဝတ်တန်ဆာများ ဝင်ကိန်းရှိသည်။ ကြက်နှစ်ဖွားကို လူပျိုတို့ဖနီးရနိုင်ခြေ ရှိပါမည်။

✣ ခွေးနှစ်ဖွား

ပူဇော်ချီးမြှောက်ခြင်း ခံရတတ်သည်။ အမွေအနှစ်ကိစ္စအတွက် အချေအတင် ပြောဆိုရကိန်းရှိသည်။ ပြောစကားဆိုစကား အောင်မြင်၍ မင်းပေါက်စိုးပေါက် ဖြစ်နိုင်သည်။

ပင်လယ်ရပ်ခြားဒေသမှ အဆက်အသွယ်၊ လက်ဆောင်ပစ္စည်းများ လက်ခံရကိန်းရှိပါသည်။ အမျိုးသမီးဇာတာရှင်တို့ ခင်ပွန်းရဖွယ်ရှိသည်။

✣ ဝက်နှစ်ဖွား

ကြံစည်လုပ်ဆောင်သမျှ အောင်မြင်ဖြစ်ထွန်းနိုင်သော ကာလဖြစ်သည်။ ဆန္ဒ၊ မျှော်မှန်းချက်များ အကောင်အထည် ပေါ်လာမည်။ ကြွေထည်၊ မြေထည်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးဝင်နိုင်သည်။

သားသမီး မိမိထက် ငယ်ရွယ်သူများကို ပေးကမ်းစွန့်ကြဲ ဆန္ဒဖြည့်ပေးနိုင်မည့်ကာလ ဖြစ်သည်။

ဤလတွင် ကံဇာတာ နိမ့်ပါးသူများသည် **သောကြာနေ့တွင် အရှေ့အရပ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးအား အဖြူရောင်ပစ္စည်း နှစ်ခု(တစ်စုံ) လှူဒါန်းပေးခြင်းဖြင့်** အဆိုးတရားများ ကွယ်ပျောက်၍ သက်သောင့်သက်သာ အခြေအနေမျိုး ရင်ဆိုင်ရနိုင်ပါလိမ့်မည်။

**ဟူဂျင်းဇီ**

စာ
မူ
ပို
လို
က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၅၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com




ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော်

# ဦးအာဒိစ္စဝံသ

၏ ထူးခြားသော ရုပ်ကလာပ်တော် (၂)

ထက်မြင့်ကျော်စွာ




ဆုတောင်ပေါ်မှ ပုံတော်

ယခင်လမှ အဆက်

ဦးမျိုးညွန့်ထံမှ ကြားသိရသမျှ

ဦးမျိုးညွန့် (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်)သည်လည်း ဆရာတော်အား ကြည်ညိုစွာ ဆည်းကပ်ပူဇော်ခဲ့သည်။ ဒါယကာရင်းတစ်ဦးဖြစ်ရာ သူနှင့် ဆက်သွယ်မေးမြန်းကြည့်သည်။

'ကျွန်တော်က ရွှေတိဂုံဘုရားကို ဗုဒ္ဓဟူးနေ့တိုင်း မပျက်မကွက် တက်ရောက်ပူဇော်ပါတယ်။ ဝါဝင်တဲ့အချိန်ကစပြီး ရက်ပေါင်း (၁၀၈)ရက်ပြည့်အောင် နေ့စဉ်မပျက် အဓိဋ္ဌာန်ပြုပြီးတော့လဲ သွားလေ့ရှိပါတယ်။

၂၀၀၄ ခုနှစ် ဝါထွက်ချိန်လောက်မှာ ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော်ကို စတင် ဖူးတွေ့ပါတယ်။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့ဖြစ်လို့ ရွှေတိဂုံဘုရားပူဇော်ပြီး ဖူးတွေ့သမျှ သံဃာတော်တွေကို ဝတ္ထုငွေတစ်ထောင်စီ ကပ်လှူပါတယ်။ ဆရာတော်က လက်ခံပြီး…

"ဒကာ ဒေါသမကြီးနဲ့ အပြောအဆိုဆင်ခြင်ပါ"

လို့ ဩဝါဒပေးတော်မူပါတယ်။ ဘုရားက ပြန်လာတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပြဿနာတွေ ဆက်တိုက်ကြုံရတော့တာပဲ။ ဒေါသဖြစ်ရ စိတ်ဆိုးရ ရန်များရတော့မှ ဆရာတော်ရဲ့ ဩဝါဒကို သတိရတယ်။

ဒါနဲ့ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့မှာ အဲဒီဆရာတော်ကို လှူဒါန်းတဲ့အခါ တခြားသာမန်လူတွေလိုပဲ ထွေထွေထူးထူး မရှိဘူး။ ဒီတော့ ငါ့ကို သိနေမှတ်မိနေတာတော့ မဟုတ်ဘူး။ ဆရာတော်ရဲ့ ကမ္မဋ္ဌာန်းအာရုံနဲ့ ပေါ်လာသမျှ သတိပေးတာပဲလို့ တွေးမိတယ်။


ဒီလိုနဲ့ တဖြည်းဖြည်း မျက်မှန်းတန်းပြီး ဆရာဒကာ ရင်းနှီးလာကြတယ်။ တစ်နေ့မှာ **"သွားတာ[illegible]တာ ဆင်ခြင်ပါ"**လို့ ထူးထူး[illegible]ခြား မိန့်





www.burmeseclassic.com

www.burmeseclassic.com





▲ ကျိန်းစက်ခဲ့ရာနေရာ

ခုတင်ပေါ်မှ တောင်ဝှေးနှင့် ဓာတ်ပုံ ▶

ကြားတယ်။ အဲဒီနေ့က သတိထားနေလျက်က တံခါးမကြီးအဖွင့်မှာ ခြေမခြေသည်းလန်တဲ့အထိ ဒဏ်ရာရတယ်။

အဲဒီလိုပဲ အကြောင်းကိစ္စရှိရင် ကြိုတင်သတိပေး မိန့်မှာလေ့ရှိပါတယ်။ အဲဒီနောက် ဆရာတော်အတွက် အလိုရှိသမျှ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း ဖြစ်ခဲ့တယ်။

ဆရာတော်ပုံစံ ဗိုသီဖတ်သီနဲ့ လူအထင်မကြီးအောင် နေတတ်တယ်။ အဝါရောင်လွယ်အိတ်ကလေး တစ်လုံးမှာ လှူသမျှ အားလုံး စုံပုံထည့်ထားတယ်။ ပြီးရင် တခြားရဟန်းသံဃာတွေကို ပြန်လှူပစ်တယ်။

ရွှေတိဂုံရင်ပြင် တနင်္လာအရပ်နဲ့ အင်္ဂါထောင့်ကြားမှာ ဖူးရတတ်တယ်။ ဝါတွင်းကာလမှာသာ ကြံမ်တောမြောင်သိမ်ကျောင်းမှာ သီတင်းသုံးပြီး ဝါပမှာတော့ ရွှေတိဂုံရင်ပြင်မှာ ရှိတတ်တယ်။ ညနေ လေး,ငါးနာရီလောက်မှ ဘုရားပေါ်က ပြန်ကြွတယ်။

ဘယ်မှာ ကျိန်းသလဲ လျှောက်ကြည့်တော့ အတည်အကျ မရှိပါဘူးတဲ့။ ကိုးထပ်ကြီး ဘုရားနားက ကျောင်းတွေမှာ ကျိန်းလေ့ ရှိတယ်လို့တော့ သိရတယ်။ ကျောင်းတိုက်၊ ကျောင်းဆောင်၊ ဆိုင်ကယ်၊ မော်တော်ကား၊ တယ်လီဖုန်း စတာတွေ လှူပါ့မယ်ပြောတိုင်း လက်မခံဘဲ ငြင်းပယ်တယ်။

ပျံတော်မူခါနီး ဆယ်ရက် အလိုလောက်မှာတော့ ဆိုင်ကယ်နဲ့ တယ်လီဖုန်း လှူတာကို ခွင့်ပြုတော်မူခဲ့ပါတယ်။ ခန္ဓာဝန်ချပြီးတဲ့နောက် အခုလို ပရိသတ်စည်ကားလာမှာကို ရည်ညွှန်းပြီး လက်ခံသလား ဆိုတာတော့ မတွေးတတ်ပါဘူး'

ဦးမျိုးညွန့်သည် ဆရာတော်နာမကျန်းဖြစ်စဉ်က ရွှေတိဂုံစေတီ (၁၀၈)ရက် အဓိဋ္ဌာန်ပူဇော်မှု မပြီးဆုံးသေးသဖြင့် ကိုယ်တိုင်ပြုစု၍ လုပ်အားဒါန မပြုနိုင်ခဲ့သော်လည်း ဆေးဝါးစရိတ်နှင့် အထွေထွေ စရိတ်စကများအတွက် အဓိက မ,တည် လှူဒါန်းနိုင်ခဲ့သည်ဟု သိရသည်။

## ဆရာတော်၏ စရဏ

ဆရာတော်သည် **သက်သတ်လွတ်ဆွမ်းကို**သာ ဘုဉ်းပေးလေ့ရှိကာ နှစ်ဆယ့်လေးနာရီ တစ်ရက်တာလုံးတွင် တစ်နာရီခန့်သာ ကျိန်းစက်တော်မူကြောင်း သိရသည်။

ညဥ့်အခါတွင် သီတင်းသုံးရာ သိမ်တော်အရှေ့ မြေကွက်လပ်ရှိ ဗာဒံပင်အောက်တွင် ရုက္ခမူစုတင် ဆောင်လေ့ရှိသည်။ ဆရာတော် ရုက္ခမူစုတင်ဆောင် ကမ္မဋ္ဌာန်း အားထုတ်သောနေရာကလေးအား သံဆန်ကာဖြင့် ကာရံထားသည်ကို မြင်တွေ့ရသည်။

ရုက္ခမူစုတင်သည် အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ ငါးထွေသော အမိုးကိုပယ်၍ သစ်ပင်ရင်း၌ နေခြင်းအလေ့ရှိသော သမာဒါစေတနာကို ကောင်းစွာ တည်ဆောက်ခြင်း ဖြစ်သည်။

ရုက္ခမူစုတင်အစီအရင် ဝိဒါနတွင် ရှောင်ကြဉ်ရန် သစ်ပင်(၇)ပင်ရှိသည်။


၁။ ပင်းနှစ်ပါး၏ တိုင်းပြည်နယ်နှင့် နယ်ခြား၌ သစ်ပင်





www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်၏ သစ်သားကုလားထိုင် အနှမ်းနှင့် သင်္ကန်းအချို့

◆ သင်္ဘာဝ လက်ကျန်အရိုးပြဒယား

၂။ လူတို့၏ ပူဇော်ပသနေကြသော နတ်စိုး သစ်ပင်၊

၃။ အစေးအထုံ ပါဝင်နေသော သစ်ပင်များ။

၄။ သရက် စသော စားသုံးသီးနှံပင်များ။

၅။ လင်းနို့ စသည့် သတ္တဝါတို့ မှီတင်းနေထိုင်သော သစ်ပင်များ။

၆။ မြွေ,ကင်း စသည်တို့ ခိုအောင်းနိုင်သော အခေါင်းအပေါက်ပါသည့် သစ်ပင်၊

၇။ ကျောင်းတိုက်အလယ်ရှိ သစ်ပင်၊ ဘေးအန္တရာယ်ရှိသောသစ်ပင်ကို ရှောင်၍ ကျောင်းတိုက်အစွန်းများ၌ တည်ရှိသော သစ်ပင်တို့ကို ရွေးအပ်၏။

ဤသစ်ပင် (၇)ပင်တို့သည် ဘေးအန္တရာယ်ရှိ၍ သမာဓိရဖွယ် မရှိသောကြောင့် ရှောင်ကြဉ်ရခြင်းဖြစ်သည်။ ဓုတင်ကား မပျက်ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်လာသည်။

**(ကျော်အောင်စံထား ဆရာတော် မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။)**

ယခု ဆရာတော် ဓုတင်ဆောင်သော သစ်ပင်မှာ အဆိုပါ သစ်ပင်(၇)ပင်နှင့် ကင်းလွတ်သည်ကို တွေ့ရှိရသည်။ ကမ္မဋ္ဌာန်း ရှုမှတ်နိုင်ရန်အတွက် ပျဉ်တိုပျဉ်စကလေးများ ခင်းကာ ဖျာကြမ်းတစ်ချပ်ခံ၊ နေရာထိုင် တစ်ချပ်တင်ထားသည်ကို မြင်ရသည်။

ဆရာတော်သည် ဓုတင်(၁၃)ပါး စလုံးကို အခါအားလျော်စွာ တည်ဆောက်ခဲ့ဟန် ရှိသော်လည်း ဝါတွင်းသုံးလသာ ဤသိမ်ကျောင်း၌ စွဲမြဲစွာ သီတင်းသုံးသဖြင့် တိကျစွာ မသိရှိရကြောင်း တပည့်ဒါယကာများကပြောပြကြလေသည်။

ဆရာတော်အတွက် ဆွမ်းပွဲကို သိမ်အပေါ်ထပ်အပြင် စင်္ကြံတွင် ပြင်ဆင်ထားပေးရသည်။ ကျေးငှက်များ လာရောက် စားသောက်လေ့ရှိသဖြင့် အုပ်ဆောင်း၊ ဆန်ကာများ ဖုံးအုပ်ထားလျှင်တားမြစ်တော်မူသည်။ ငှက်များ စား၍ကျန်သမျှကို ကျေးငှက်များအတူဘုဉ်းပေးတတ်သည်။

ငှက်များကလည်း ဆရာတော်လက်တွင်းမှ ဆွမ်းလုတ်များကို ယူစားလေ့ ရှိတတ်လေသည်။ တစ်ခါတစ်ရံတွင် ဆွမ်းခဲဖွယ်များ ရက်လွန်ပုပ်သိုးနေသော်လည်း သည်းခံဘုဉ်းပေးလေ့ရှိ၏။ အရသာ၌ တပ်မက်ခြင်းကို လုံးဝထွန့်ပယ်နိုင်သော ဆရာတော် ဖြစ်သည် ဆို၏။

စင်္ကြံကြွစဉ်တွင် လည်းကောင်း၊ စကားပြောနေစဉ်တွင်လည်း ပုတီးတစ်ကုံးကို ကိုင်ဆောင်ထားတတ်သည်။

'ပုတီးလုံးတစ်လုံးချင်းကို စိပ်ပွားတာ မဟုတ်ဘူးဗျာ။ လက်နဲ့ ပွတ်ဆွဲပြီး တရစပ်လည်နေအောင် စိပ်တာဖြစ်လို့ တချို့က ဒီလောက်မြန်ချင်ရင် ပန်ကာတပ်ထားပါလားလို့ နောက်ကွယ်မှာ ပြောတတ်ကြတယ်။ သူ့အကြောင်းနဲ့ သူရှိမှာပေါ့'

ဟူ၍ တပည့်ဒါယကာ အချို့က ပြောကြသည်။ ဆရာတော်သည် လူအထင်မကြီးအောင် နေထိုင်လေ့ရှိသော်လည်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများရာ၌ အတန်အသင့် ခရီးပေါက်မြောက်ပြီး ဖြစ်သည်ဟု ယူဆကြသည်။

ရန်ကုန်ရှိ မိုးကုတ်ဝိပဿနာ တရားစခန်းတွင် တစ်ဝါဆို ကျင့်ကြံအားထုတ်ခဲ့ပြီးနောက် တစ်နှစ် ၁၉၉၅ ခုနှစ်တွင် သဲအင်းဂူဝိပဿနာ တရားစခန်း၌



www.burmeseclassic.com

www.burmeseclassic.com



ဂူကျွန်ရှုရတင်ဆောင်ရာနေရာ



ဒါယိကာမ မသင်စန်း

တစ်ဝါ အားထုတ်သည်။ သဲအင်းဂူမှ ပြန်ထွက်ပြီးနောက် ကြိမ်တောမြောင် သိမ်ကျောင်းတွင် နှစ်စဉ် ပြာသိုလ၌ ကျင်းပလေ့ရှိသည့် (၇)ရက်တရား စခန်း၌...

'ငါတော့ တရားကို တွေ့ခဲ့ပြီ။ မင်းတို့လဲ တွေ့နိုင်အောင်ကြိုးစားကြ'

ဟူ၍ မိန့်တော်မူခဲ့သည်။ ထို(၇)ရက် တရားစခန်းသည် ၁၃၇၄ ခုနှစ်တွင် (၃၁)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရ သည်။

ကျောင်းသို့ ရောက်လာသူမှန်သမျှ ကလေးသူငယ်များမှအစ အချိန်(၁၀) မိနစ်မျှဖြစ်စေ ကမ္မဋ္ဌာန်းရှုမှတ်ပြီးမှ ပြန် ကြရသည်။ ကလေးများကို မုန့်ပဲသရေ စာများပေး၍ ကမ္မဋ္ဌာန်းထိုင်ရန် ချော့မော့ ခိုင်းစေတတ်သည်။

ရဟန်းသံဃာများအပေါ် မိမိ ထက် အသက်၊ ဝါ နုနယ်ငယ်ရွယ် စေကာမူ ရိုသေလေးစားစွာ ပြောဆို ဆက်ဆံတတ်သည်။ ရသမျှ လာဘ်လာဘများကို အခြား သံဃာတို့အား ပြန်လည် ပေးလှူခြင်း၊ ပရဆေးများ ဝယ်ယူ ဖော်စပ်၍ ဆေးဝါး လှူဒါန်းခြင်းများ ပြုတော်မူသည်။

လူတိုင်း သရဏဂုံတည်ကြရန် တိုက်တွန်းလေ့ ရှိသည်။

'ဘဝတစ်သက်လုံး မကောင်းမှုတွေ ပြုလုပ်ပြီး သေခါနီးဆဲဆဲ သရဏဂုံ တည်သွားတဲ့ တံငါသည်တောင် သေ တော့ နတ်ပြည် ရောက်တယ်'

သရဏံဟာ အပါယ်ဘေးကို တားဆီး ပိတ်ပင်တတ်တာကြောင့် သရဏဂုံ



www.burmeseclassic.com

www.burmeseclassic.com

ညည်တယ်'

ဟူ၍ ဆုံးမသြဝါဒပေးလေ့ရှိသည်။ ရခဲလှသော လူ့ဘဝကို အလွဲသုံးစား မလုပ်ရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် သတိပေးဇယား ပြုလုပ် ညွှန်ပြပေးလေ့ရှိသည်။


**"သင့်ဘဝ လက်ကျန်အချိန်ကို ဘယ်လိုအသုံးချမလဲ"** ဟူသော ခေါင်းစဉ်တပ်ကာ အသက်နှစ်အလိုက် သုံးခဲ့ပြီးသောအချိန်၊ အသက်တစ်ရာ တိုင်မီ လက်ကျန်အချိန် စသည်ဖြင့် အသက်(၁၅)နှစ်မှ အသက် နှစ်(၁၀၀) အထိ ရေတွက်ပြထားသည်။

ဥပမာ အသက်(၅၅)နှစ်အရွယ် ရှိသူသည် ရက်ပေါင်း (၂၀၀၇၅)ရက် သုံးခဲ့ပြီးဖြစ်ကာ အသက်တစ်ရာနေရပါက (၁၆၄၂၅)ရက်သာ ကျန်ရကြောင်း ဇယားဖြင့်ပြသကာ **"အသေမဦးခင် အသိဦးမှ တော်မယ်"** ဟုလည်း သတိပေးထားလေသည်။

ဆရာတော် ဆွမ်းဘုဉ်းလေ့ရှိသော ကြေးနှင့် အချိန်သတိပေးဇယားတို့ကို မှတ်တမ်းပြုပြီးနောက် ဘုရားခန်းအနီးရှိ ကျိန်းစက်ရာ ခုတင်ကို လေ့လာကြည့်ရှုသည်။

'လေ့လာကြည့်ရှုကြသူတွေ အမြင်လျော်အောင်သာ ဒီလို ပြင်ဆင်ထားတာပါ။ ဆရာတော်ရှိစဉ်က သင်္ကန်းဟောင်းကလေး လွှမ်းပြီး ဖြစ်သလို ကျိန်းပါတယ်။ ထိုင်နေကျ သစ်သားကုလားထိုင်ဆိုရင်လဲ ဟောင်းနွမ်းပြီး ပြိုပျက်ခါနီးလို့ ဒကာတွေက အသစ်လဲပေးတာ လက်မခံဘူး'

ခုတင်ပေါ်တွင် ဆရာတော်၏ ဓာတ်ပုံတစ်ပုံ၊ တောင်ဝှေးတစ်ချောင်း၊ ခုတင်အနီးစားပွဲ၌ သပိတ်တစ်လုံး၊ ထိုမှ အနီးတွင် သစ်သားကုလားထိုင် အဟောင်းတစ်ခုနှင့် ရုပ်သံစက်တင်



ဆရာတော်စွန့်လှူသည့် အထုံး(၉)ထုံးပါ လက်ဖွဲ့

အမြဲ ပူဇော်ထားရှိမည့် ဗိမာန်



စင်မြင့်ကလေးတွင် သင်္ကန်းအချို့ တွေ့ရသည်။ ဤသည်တို့သည် ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ကိုင်ဆောင် သုံးစွဲခဲ့သော အသုံးအဆောင် ပရိဘောဂ အကုန်အစင်ဖြစ်ကြောင်း သိရလေသည်။

ထို့နောက် သိမ်တော်အောက်ထပ်သို့ ပြန်ဆင်းလာရာ ဒါယကာတစ်ဦးက ဆရာတော် စွန့်လှူလေ့ရှိသော လက်ဖွဲ့တစ်လုံးကို ယူပြပေးသည်။

'ဒီလက်ဖွဲ့ကို လည်ပင်းမှာ စွပ်သွားရင် မြွေတောင်မကိုက်နိုင်ဘူးလို့ ယုံကြည်ကြတယ်။ ဆရာတော်က အန္တရာယ်ကင်း အဆောင်ဆိုပြီး ကြိုးထုံးကြီးက ကြိုးစကိုယူ ဟိုလှုပ်ဒီလှုပ်နဲ့ ဆွဲဆန့်လိုက်တော့ အခုလို အထုံး(၉)ထုံးနဲ့ အဆောင်ဖြစ်သွားတာပဲ'

'ဘာဂါထာတွေ မန်းမှုတ်ရတယ်ဆိုတာကော သိလိုက်သေးလား'

'အဲဒါတော့ မသိပါဘူး။ ရွတ်တော့ ရွတ်နေတာပဲ။ သဲသဲကွဲကွဲ မကြားရဘူး'

ဆရာတော်သည် မြန်မာစာပေပညာ



www.burmeseclassic.com

www.burmeseclassic.com

ကို ကောင်းစွာ တတ်ကျွမ်းနားလည် တော်မူကာ ဤသို့ အန္တရာယ်ကင်း အဆောင်များ စသည့် စွန့်လှူလေ့ ရှိသော်လည်း လောကီပညာရပ်အပေါ် လွန်မင်းစွာ အားကိုးခြင်းကိုမူ တားမြစ် တော်မူလေ့ရှိသည်။ ဆရာတော် မိန့် ကြားလေ့ရှိသော ဩဝါဒတစ်ခုမှာ...

'ဘယ်ဗေဒင်မှ မယုံကြည်နဲ့။ ခန္ဓာက သူ့ လမ်း သူပြေးနေတာ တစ်ရက်ကုန်သွားတာနဲ့ သေဖို့တစ်ရက် နီးသွားပြီဆိုတာ ယုံလိုက်ပါ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့သည်သာ အားထား ကိုးကွယ်ရာအစစ်'

ဟူ၍ ဖြစ်လေသည်။

---

နှုတ်ဆက်ဂါရဝ

---

ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော် ဦးအာဒိစ္စဝံသ၏ နောက်ခံ ဖြစ်စဉ်တော်များကို လက်လှမ်းမီသမျှ ကောက်သင်းကောက် စုဆောင်းပြီး နောက် ဂေါပကအဖွဲ့နှင့်အတူ ဆရာ တော်၏ ရုပ်ကလာပ်တော်အား ပူဇော် ထားရှိမည့် ဗိမာန်ကို သွားရောက် လေ့လာသည်။

ကျောင်းဝင်းအပြင် တောင်ဘက် ကပ်လျက်တွင် အနောက်ဘက်သို့ အဝင်တံခါးဖွင့်ထားသည့် ဗိမာန်တော် ကို တွေ့ရသည်။ ဦးခေါင်းတော်ကို အရှေ့ဘက်ထား၍ ပူဇော်မည်ဖြစ်ရာ ခြေရင်းဝင်ပေါက် အနောက်ဘက်၌ ထားရှိကြောင်း ရှင်းပြကြသည်။

ထိုနေရာမှ ဆရာတော်ကြီးအား ရည်မှန်းရှိခိုးပြီးနောက် လာရာလမ်း အတိုင်း မြို့စိုးရွာ၊ ကျွဲပွဲမြို့၊ အုတ်တွင်း မြို့များကို ဖြတ်ကျော်လျက် တောင်ငူ သို့ ပြန်ရောက်လေသည်။

ဆရာတော် ဦးအာဒိစ္စဝံသသည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် လောကီ ဆိုင်ရာပညာရပ်များကို နှံ့စပ်တတ်ပွန် ကာ ခုနစ်ရက်သားသမီးတို့ကို ဒုက္ခ တွင်းမှ ကယ်တင်တော်မူခဲ့သော်လည်း ထာဝရကိုးစားရာဖြင့် သရဏဂုံတည် ရန်သာ တိုက်တွန်းတော်မူခဲ့သည်။

ပျံလွန်တော်မူရာတွင်လည်း သတိ အမှတ် လွတ်ကင်းခြင်းမရှိ ညည်းညူ ခြင်းမရှိ အနိစ္စတရားကို အေးချမ်းစွာ ရင်ဆိုင်တော်မူခဲ့သည့်အပြင် တပည့် ဒါယကာတို့ကိုလည်း အို၊ နာ၊ သေ ဟူ၍ မဖောက်ပြန်သော သဘာဝမေ့ သခါရတရားကို မှာကြားရစ်တော်မူခဲ့ သည်။

ကြွင်းကျန်ရစ်သော ရုပ်ကလာပ် တော်မှာလည်း ပုပ်ရိပျက်စီးခြင်းမရှိဘဲ ခြောက်သွေ့ကာ **ထူးခြားစွာ မှိုများ ဖုံးလွှမ်းခဲ့သည်။ မှို၏သဘာဝတရား ကြာရှည်ခြင်း နိမိတ်ဆောင်လေရာ** ဗုဒ္ဓသာသနာ ကြာရှည်စွာ တည်တံ့ ရှင်သန်ခြင်းအနက် ဆောင်ဟူသည်ဟု ယူဆရပေသည်။

**(ဤခရီးစဉ်တွင် ကူညီပေးခဲ့ကြ သော ဒေသခံ မိတ်ဆွေများနှင့်အတူ မအားလပ်သည့်ကြားမှ အချိန်ပေး ဖြေကြား ကူညီခဲ့ကြသည့် ဦးငွေစိုး၊ ဦးမျိုးညွန့်တို့ကိုပါ ကျေးဇူးအထူး တင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါ သည်။)**

ထက်မင်းကျော်စွာ



# လေနာပျောက်ရေး

ဆေးခေတ်ပါ

စာရေးသူမှာ လေနာရောဂါ ဖြစ်နေ သည်မှာ ကြာခဲ့ပြီ။ လေနာရောဂါ ဖြစ်စအချိန်က လေနာမှန်းပင် မသိရ။ ညနေဘက်အချိန်မှာ ရင်ခေါင်းထဲမှ အခံရခက်စွာ အောင့်၏။

မိတ်ဆွေများ၏ အကြံပေးချက်အရ ဆေးအမျိုးမျိုး စားကြည့်သော်လည်း လေရောဂါမှာ ရင့်သထက် ရင့်လာသော်လည်း မသက်သာခဲ့။

နောက်မှ ကရင်တိုင်းရင်းသား မိတ်ဆွေတစ်ဦး ပြောပြချက်အရ ဆေးကိုစား သုံးရာ အနှစ်နှစ်အလလက ခံစားနေရသော လေနာရောဂါသည် သက်သာ ပျောက်ကင်းသွား၏။

**ထိုဆေးနည်းကား...**

နနွင်းမှုန့်ဇစ်စစ် ဖြစ်၏။ သောက်နည်းကား ရောဂါပြင်းထန်ပါက နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်စားဇွန်းဖြင့် သင့်တော်ရုံ လက်ဖဝါးထဲထည့်ပြီး ရေနှင့် သောက်ချလိုက်ရုံ ဖြစ်၏။

ဤစာစုဖြင့် လေနာရောဂါပျောက် ဆေးပေးသော မိတ်ဆွေ စောပေါလုအား ကျေးဇူးတင်ပါ၏။

မင်းသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



# ဇော်ဂျီတောင်ဝေးပင်

■ အပွင့်ကတော့ထိုးပြီ



■ ဇော်ဂျီတောင်ဝေးပင် ကတော့ထိုးနေပုံ

ပုံတွင်ပြထားသည်မှာ ဇော်ဂျီတောင်ဝေးပင်၏ အရွက်များ ကတော့ထိုးနေပုံဖြစ်၏။ ဒန့်တကူးပင်နှင့် တော်တော်ဆင်တူသောအပင် ဖြစ်လေ၏။ အရွက်မှာ ဒန့်တကူးပင်ထက် အနီရောင်ကဲပြီး ငယ်ယောင်ရှိလေ၏။

၁-ရပ်ကွက်(အုတ်ကျင်း) နယ်မြေ(၅)ရှိ ဦးနောင်၊ ဒေါ်ငွေးတို့အိမ်ကို (၂၄-၈-၁၁)ခုနှစ်က ရောက်သွားစဉ် ရိုက်ကူးထားသောပုံ ဖြစ်လေ၏။ သက်တမ်း(၇)နှစ်ရှိကာမှ ဤသို့ ကတော့ထိုးခြင်း ဖြစ်လေ၏။

ယခင်နှစ် (၂၀၁၀ ပြည့်နှစ်)တုန်းကလည်း ကတော့ထိုးဖူးသည်ဟု ဆိုလေ၏။ ပိုးထိုးလို့ ဖြစ်တာနေမှာပါဟု တွေးတောကာ ကတော့ထိုးနေသော အရွက်များကို ဖြတ်ပစ်ခဲ့ဖူးလေ၏။

ယခုတစ်ဖန် ကတော့ထိုးပြန်သောအခါ တွေ့သောလူတိုင်းက လာဘ်ကောင်းသည်ဟု ပြောဆိုကြသဖြင့် ဖြတ်မပစ်ဘဲ (သဘာဝအတိုင်း) ထားလိုက်လေ၏။ ကျွန်ုပ် ရောက်သွားသော (၂၄-၈-၁၁)ရက်တွင် ကတော့ထိုးသည်မှာ (၅)လကျော်ပေပြီ။

အပင်က အရွက်နီနီလေးများ ထွက်နေသည်ကို မြင်၍ လှသည်ဟုထင်ကာ အိမ်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်၏။ အပင်ပုမျိုးဖြစ်၏။ လူတစ်ရပ်ထက် ပိုရှည်သွားလျှင် စီးပွားတက်သည်ဟု ဆိုကြ၏။

ဦးနောင်မှာ အသက်(၆၃)နှစ်ရှိပြီဖြစ်၍ သက်ကြီးပိုင်းသို့ ရောက်ရှိနေပေပြီ။ သို့ရာတွင် လူလောက ဓမ္မတာအတိုင်း စီးပွားရေးမှာ တက်လိုက်ကျလိုက်၊ စုန်လိုက်ဆန်လိုက်ဖြင့် ဘဝခရီးကြမ်းကို လက်သမားဘဝဖြင့် လျှောက်လှမ်းနေရဆဲ ဖြစ်လေ၏။

ယခင် ပျိုရွယ်စဉ်ကလို သွက်သွက်လက်လက် မလှုပ်ရှားနိုင်တော့သဖြင့် အလုပ်သိပ်မဖြစ်သော်လည်း ဇော်ဂျီတောင်ဝေးပင် စတင် ကတော့ထိုးစဉ်ကာလမှစ၍ အလုပ်နှင့်လက် မပြတ်အောင် လုပ်နေရလေ၏။

ထီပေါက်သကဲ့သို့ ချမ်းသာခြင်းမျိုး မဟုတ်သော်လည်း ကြီးမှ ဖောဖောသီသီ သုံးစွဲနေရခြင်းကိုပင် ထူးသည်ဟု ဆိုရပေတော့မည်လားမသိ။

ဦးနောင်၏ ကိုယ်တွေ့တစ်ခုကားယင်း ဇော်ဂျီတောင်ဝေးပင်အား ခုတ်စဉ်း၍ ထန်းလျက်နှင့် ကျိုချက်သောက်လျှင် သွေးဝမ်းရောဂါ ပျောက်သည်ဟု ဆို၏။

မောင်နိုး(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အုမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| နွား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | မြွေ, ကြွက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ကျား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | မျောက်, ကြွက်, နဂါး | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ယုန် | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| နဂါး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| မြွေ | ကျောက်ကပ် | အနက် | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| မြင်း | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ခွေး, မြင်း, ကျား | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ဆိတ် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြွက် | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| မျောက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| ကြက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ခွေး | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| ဝက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |

* * *

ဇူလိုင်လတွင် **ကျားနှစ်ဖွား၊ မြွေနှစ်ဖွားနှင့် မျောက်နှစ်ဖွား**တို့ ကျန်းမာရေး ချို့ယွင်းနိုင်သဖြင့် သတိဖြင့် နေထိုင်စားသောက်သင့်သည်။ ဤလအတွက် ဇယားကို မျောက်နှစ်ဖွားတို့အတွက် စံပြု၍ ရှင်းပြပါမည်။

မျောက်နှစ်ဖွား ဇာတာရှင်တို့သည် အစာအိမ်နှင့်ပတ်သက်သော ရောဂါဝေဒနာများကို ကြိုတင် သတိထား ကာကွယ်ပါ။ ညိုသောအရောင်နှင့် (၈) ဂဏန်းတို့ ကံလာဘ်ပွင့်စေနိုင်ပါသည်။ ကောက်ညှင်းနှင့် ပတ်သက်သော ဆေးဝါးဓာတ်စာတို့နှင့် သင့်၏။ အရှေ့မြောက်ထောင့်အရပ်သို့ သွားရောက်၍ အနားယူခြင်း၊ ထိုအရပ်၌ ဆေးဝါး သမားကောင်း တွေ့ခြင်းတို့ကြောင့် ကျန်းမာရေး ထူထောင်နိုင်လိမ့်မည်။

**ကျားနှစ်ဖွား၊ မြင်းနှစ်ဖွား၊ ခွေးနှစ်ဖွား**တို့မှာ မိတ်ဖက်များ ဖြစ်ကြပါသည်။ အရေးကိစ္စရှိပါက တနင်္လာသားသမီး တစ်ဦးဦးက ကူညီပေးနိုင်ပါမည်။ စနေနေ့ နေ့ကောင်းနေ့မြတ် ဖြစ်သည်။ ရသာရုံကို အားပြု ဆင်ခြင်မှုဖြင့် ကျန်းမာရေးအတွက် အထောက်အကူ ပေးပါလိမ့်မည်။



**ကျန်နှစ်ဖွားများလည်း အထက်ပါအတိုင်း ကောက်ချက်ချကြပါ။**

***ကျန်းမာခြင်းဆုလာဘ်နှင့် ပြည့်စုံနိုင်ကြပါစေ။***

**ဟူဂျင်းဇီ**
***(Hu Jin Zi)***



www.burmeseclassic.com

www.burmeseclassic.com



# မဟာစေတီ ပြဝမ်းတောင် ဘုရားတော်

## နှင့် ဒူးရင်းစမ်းတောရ သာသနာမြေ (၂)

စံလွင်နီးသာ


ယခင်လမှ အဆက်

ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေး ရွာ သခင်မတောင်ခြေတွင် ကနောင် ... င်သားကြီးကောင်းမှု သိမ်နေရာတွင် လှော်ဖြူပင်နန်းဦးသိမ် တစ်ဆောင်၊ ... ံဃာများကျောင်းဆောင်၊ ဆွမ်းစား ကျောင်းဆောင်၊ ကမ္မဋ္ဌာန်းကျောင်း များ တည်ဆောက်ကာ လှော်ဖြူ နန်းဦးသိမ်ကျောင်းကို တည်ထောင် ... ခဲ့သည်။

၁၃၅၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ... လီမြို့မှ မစ္စတာဆိုနီနှင့် ဖနီး ကစ္စနာ ... ဝီတို့ ပင့်ဖိတ်ချက်အရ ဗုဒ္ဓဂါယာသို့ ဘုရားဖူး ကြွတော်မူသည်။ ထိုနှစ်တွင် ... င် ပုံတောင်ပုံညာ ယောနယ်၊ ရွာငယ် ကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း ... လေးကျွန်းစကြာ စေတီတော်ကြီးအား ဦးဆောင် တည်ဆောက် ပူဇော်ခဲ့ သည်။

၁၃၅၉ ခုနှစ်၊ ပုသိမ်ကြီးမြို့နယ် ... တာစုကျေးရွာ တောင်ပေါ် ရေဝေစမ်း တောရ၌ အရညဇောတိနီသိမ်တော် တည်ဆောက်ခဲ့သည်။

ရေဝေစမ်းတောရတွင် ဆယ်နှစ်ခန့် သီတင်းသုံးပြီးနောက် ၁၃၆၀ ပြည့်နှစ် တွင် ရေဝေစမ်းတောရကို တပည့် ဦးသာသနအား လွှဲအပ်ကာ ကံမမြို့ နယ်နှင့် သရက်မြို့နယ်အကြား မြောက် ... င်းချောင်းနံဘေး လှိုဏ်အတွင်းသို့ သွား ရောက်လျက် တစ်ပါးကျောင်း ကမ္မဋ္ဌာန်း လိုဏ်ကလေးတွင် သီတင်းသုံး ကျင့်



▲ ကံမမြို့နယ် ပုထိုးတောင်မှ မြသီတင် စေတီ

ကြံတော်မူသည်။

တစ်ဝါ ကပ်ဆိုပြီးနောက် ကံမမြို့ နယ်၊ မင်းပြင်ကျေးရွာအုပ်စု၊ ပုထိုး ကျေးရွာအနီးရှိ ပုထိုးတောင်ပေါ်သို့ ပြောင်းရွှေ့ကာ ပြိုကျ ပျက်စီးနေသည့် ဒွတ္တဘောင်မင်းကောင်းမှု စေတီကို အသစ်တစ်ဖန် မွမ်းမံ တည်ဆောက် ပူဇော်ခဲ့သည်။ ဘွဲ့မည်ကို **မြသီတင်**



www.burmeseclassic.com

www.burmeseclassic.com

**စေတီ**ဟု ကပ်လှူသည်။

ဌာနဆိုင်ရာ အကြီးအကဲများ၊ နာမည်ကျော် သရုပ်ဆောင်များ၊ လုပ်ငန်းရှင်များ ကသိုလ်ပြု ဒါယကာ ခံယူခဲ့ကြသည်။ ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်နေ့တွင် ထီးတော်တင်လှူနိုင်ခဲ့သည်။

ပုထိုးတောင်ပေါ်တွင် (၅)နှစ်ခန့် သီတင်းသုံးပြီးနောက် မူလ တည်ထောင်ရာ ဒူးရင်းစမ်းတောရသို့ ပြန်လည် ကြွချီခဲ့ရာ ယခု ၁၃၇၄ ခုနှစ်တွင် (၇)နှစ် ပြည့်မြောက်ပြီ ဖြစ်လေသည်။

## တောရတွင်းဝယ်

ဆရာတော် မိန့်ကြားသမျှ ကြားနာမှတ်သားပြီးနောက် ခန်းနေ ဦးပဉ္စင်းတစ်ပါး၏ လမ်းညွှန်မှုဖြင့် တောရအတွင်း လှည့်လည်ကြည့်သည်။ တောရအတွင်း၌ စမ်းရေ စီးကျသံမှတစ်ပါး အခြား ဆူညံသံများမရှိ ပကတိ တိတ်ဆိတ် အေးချမ်းလှသည်။

ဆရာတော် ကျောင်းဆောင်၏ အနောက်တောင် ယွန်းယွန်းဆီသို့ ထွက်ခဲ့ကြရာ ရှေးဦးစွာ လက်ယာဘက် ကုန်းမြေ၌ ဓမ္မစကြာ ပောကြားဟန် မြတ်စွာဘုရား ရုပ်ပွားတော်ကို ပဥ္စဝဂ္ဂီများနှင့်တကွ ဖူးတွေ့ရသည်။

ထိုကုန်းမြေ၏ မျက်နှာချင်းဆိုင်၊ တောင်တက်လမ်းကလေး တစ်ဖက်၌ ဓမ္မာရုံတစ်ဆောင်ရှိ၍ **"အမွလဋ္ဌိက ဓမ္မာရုံ"**ဟု အမည် ကမ္ပည်းတင်ထားသည်။

ဓမ္မာရုံအတွင်းနံရံ၌ ဆရာတော် သက်တော် (၄၀)ကျော်အရွယ်က ပုံတူ ပန်းချီကားတစ်ချပ်နှင့် နောက်ဆုံး သီတင်းသုံးခဲ့ရာ တဲကျောင်း ပုံတူ ပန်းချီကားတို့ ချိတ်ဆွဲထားသည်။



◆ မူလတဲကျောင်းပုံ ပန်းချီကား

တဲကျောင်းမှာ မျှောတိုင်ခြေမြင့်၊ အင်ဖက်အမိုးနှင့် ဝါးထရံကာ တဲကျောင်း ဖြစ်သည်။ ခေါင်းရင်းဘက် ဘုရားခန်းတွင် တင်ပျဉ်ခွေ ရုပ်ပွားတော် တစ်ဆူ ဖူးတွေ့ရလေသည်။

ဓမ္မာရုံမှ ဆင်းသက်၍ တောင်တက် လမ်းကလေးအတိုင်း ဆက်လျှောက်ခဲ့ရာ ရေတသွင်သွင် စီးကျနေသော ဒူးရင်းစမ်းရေထွက်မှ ရေတံခွန်ငယ် ကလေးကို တွေ့ရသည်။ လက်ဝဲဘက် ကမ်းနဖူးတွင် ကျောက်တိုင်တစ်တိုင် စိုက်ကာ အုတ်အင်္ဂတေ ခင်းထားသော အောင်မြေနေရာ တည်ရှိသည်။

ဤကမ်းနဖူးနှစ်ဖက်တွင် လေးလက်မပတ်လည် သစ်သားတိုင်ကို တံတားထိုးကာ ဆရာတော် (သာမဏေကြီးဘဝဖြင့်) စင်္ကြံကြွရောက် ရှုမှတ်ခဲ့ရာမှ တရားထူး ပေါက်မြောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အောင်မြေ၏ မျက်နှာချင်းဆိုင် စမ်းချောင်းကမ်းနဖူးတွင် ပျဉ်ထောင် ပျဉ်ခင်း ကျောင်းတစ်ဆောင် ရှိသည်။ ဆရာတော် ရောက်ခါစက မင်းဘောတိုင် လေးတိုင်ဖြင့် အမိုးပါ၊ အကာမဲ့ တဲကလေး ဆောက်လုပ် သီတင်းသုံးခဲ့ ရာ နေရာ ဖြစ်လေသည်။ မြေညီ ပြ ပြင်ထားသဖြင့် ကွက်လပ် မြေပြင်ညီ ကျယ်ပြန့်စွာ တွေ့ရပါသည်။

ဒူးရင်းစမ်းမှာ တောင်ခုလတ် တောင်ခါးပန်းကြားမှ စိမ့်ထွက် စီးဆင်း လာသော စိမ့်စမ်းရေဖြစ်ကာ (၁၂ ရာသီပတ်လုံး ရေမပြတ် ထွက်ရှိခဲ့သော် လည်း ယခုအခါ ပတ်ဝန်းကျင် တောင် တန်းများပေါ်ရှိ သစ်ပင် သစ်တောများ ခုတ်လှဲကာ ရော်ဘာပင်များ စိုက်ပျိုးနေ ကြသဖြင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးကာ ရေ မနေတော့ပါ။ တော် သလင်းကာလလွန်လျှင် စမ်းရေလည်း ခန်းခြောက်လာသည်ကို ကြုံရပြီဟု သိရသည်။

အောင်မြေနှင့် တဲကျောင်းနေရာမှ ပြန်လာခဲ့ရာ ဓမ္မာရုံ၏ နောက်ကျော တွင် ဒူးရင်းစမ်းရေကို ခွဲ၍ တည် ဆောက်ထားသော ရေသိမ်တော်ကို တွေ့ရသည်။ ဟံသာဝတီဘု ဗညားထော (ခေါ်) ရှင်စောပု ဦးသိ ခံ (လူသူအင်အား ရှ တောင်း)ရာ ကျိုက်မရောနယ်တွင် ရေသိမ်ကို မြင်ရ





www.burmeseclassic.com

www.burmeseclassic.com



☗ မူလတဲကျောင်းနေရာမှ ဖျဉ်ထောင်ကျောင်း

ဖြင့် ဆိုလျော်လှသည်ဟု ယူဆမိသည်။

ညားထေ၁မင်း နောက်ဆက်ခံသော ဓမ္မစေတီမင်း လက်ထက်တွင် သိမ်တော်နှင့် ကမ္မဝါဖတ် ဆရာတော်တို့ သန့်စင်မှန်ကန်မှသာ သာနာတော် ကျိုးရှိမည်ဖြစ်၍ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ရေသိမ်သို့ သံဃာတော်များ စေလွှတ်ကာ သိက္ခာထပ်စေခဲ့သည်။

ထိုဆရာတော်များ သီဟိုဠ် (သီရိလင်္ကာ)မှ ပြန်ကြွလာသော သင်္ဘော ဆိုက်ကပ်ရာ နေရာကို **"သံဃာကျွန်း"**ဟု ခေါ်တွင်ကြရာ ယခု **"သဃံန်းကျွန်း"**ဟူ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါဝင်သည့် မြို့နယ် တစ်နယ်အဖြစ် တွင်လျက်ရှိပေသည်။ **(နှမ်ပြည်နယ် မ-ဝ-တ အဖွဲ့မှ ထုတ်ဝေသော တိုင်းရင်းသား မွန်လူမျိုးများ ထုံးစလေ့ ဆောင်းပါး ပေါင်းချုပ်မှ)**

ထိုသံဃာတော်များသည် ရာမညဒေသ အနှံ့အပြားတွင် သိမ်များ သမုတ်၍ ရဟန်းများ သိက္ခာထပ်စေသည်။ ထို့ကြောင့် ရေသိမ်သည် သာသနာ့သမိုင်းတွင် တစ်စိတ်တစ်ဒေသ အရေးပါသော သိမ်တော် ဖြစ်လာလေသည်။

ဒူးရင်းစမ်းမှ ဤရေသိမ်သည်လည်း ဖြစ်စဉ် ပညတ် ကောင်းမွန်သည်သာမက ပဋိဝေဒ သာသနာတော် ဆက်လက် ထွန်းကား ပြန့်ပွားရေးအတွက် အရေးပါသော နေရာမြတ်တစ်ခု ဖြစ်ပေသည်။

ထို့နောက်တွင် ဆရာတော်ထံသို့ တက်ရောက် ဂါရဝပြု နှုတ်ဆက်ရာ ဆရာတော်က...

'ဗဟုသုတအနေနဲ့ ပြောရဦးမယ်။ မဟာစည်ရိပ်သာ အစပြုခဲ့တဲ့ မော်လမြိုင် တောင်ဝိုင်း မဟာစည်ရိပ်သာမှာ "ဖလ်ယဉ်" ဓမ္မာရုံ ဆိုတာ ရှိတယ်။ ဘာကြောင့် "ဖလ်ယဉ်" ဓမ္မာရုံ ခေါ်သလဲဆိုတာ အကာသိလား'

'မသိပါဘုရား'

'အေး... "မောင်ကော့"လဲ ပြီးခဲ့တဲ့ ဝါဆိုလဆန်း (၈)ရက်နေ့၊ မွေးနေ့ ပူဇာသဘင်မှာ လာကန်တော့တော့ မေးကြည့်တယ်။ မှတ်သားပါရစေတဲ့။ **(မောင်ကော့ ဆိုသည်ကား ကျိုက်မရောမြို့၊ ဘိန်းပျောကျေးရွာအနီးရှိ ကော့တာတောရ ဆရာတော် ဦးတေဇကို ရည်ညွှန်းခြင်း ဖြစ်တယ်။**

**ဒူးရင်းစမ်းတောရ တည်ထောင်ကာစ ကာလများက ဦးတေဇသည် ရသေ့ဝတ်ဖြင့် ဆရာတော်၏ လမ်းညွှန်ပဲ့ပြင်မှု ခံယူကာ တရားဘာဝနာ ကျင့်ကြံ အားထုတ်ခဲ့တယ်။**

**ယခုအချိန်အထိပင် 'ဘုန်းကြီးမှာ တပည့်သာဝက စည်ကားမှာ ကြောက်တယ်။ ဒါပေမယ့် "မောင်ကော့" တစ်ပါးကိုတော့ တပည့်အဖြစ် သံယောဇဉ်ကြီးတယ်။ သူကလဲ မကြာခဏ ဆိုသလို လာပြီး ကန်တော့၊ အဆုံးအမ ခံယူလေ့ရှိပါတယ်'ဟူ၍ ထုတ်ဟ မြွက်ကြားတော်မူတယ်။)**


နယ်ချဲ့ အင်္ဂလိပ်အစိုးရ လက်ထက်က မလေးရှား ပီနန်မြို့နဲ့ နေပြည်တော် ရတနာပုံ ရွှေမြို့တော်အထိ ပင်လယ်ကူးသန်းရောင်းဝယ် ဖောက်ကားနေတဲ့ ကုန်သည် ဦးရွှေဂန်နဲ့ ဒေါ်မဲမတို့ရဲ့ စတုတ္ထသား ဦးဖန်နဲ့ သစ်ကုန်သည် ဦးသာညွှင်း၊ ဒေါ်ပွင့်တို့ရဲ့သမီး ဒေါ်ရင်ဖနီးမောင်နှံကို ရည်စူးပြီး ကျန်ရစ်သူ သားသမီးတွေက လှူဒါန်းခဲ့တယ်။

အလှပေါ် အယဉ်ဆင့်အောင် ညက လေးသတ် ယဉ်ပါလို့ ဆရာတော်ကြီးက မိန့်ကြားလို့ "ဖလ်ယဉ်"ဓမ္မာရုံ ဖြစ်လာသကွယ့်။ ဖလ်ယဉ်ဓမ္မာရုံ စုစုပေါင်း (၅)လုံး လှူဒါန်းခဲ့ကြတယ်။ ချမ်းသာသလောက် သဒ္ဓါအားကောင်းကြတဲ့ အစဉ်အဆက်တွေပါ'

ယင်းနောက် မြစိမ်းတောင် ဆရာတော်ကြီးက ဝိပဿနာ ယောဂီများအတွက် လေ့လာမှတ်သား အသိဉာဏ် တိုးပွားစေရန် တရားမှတ်တမ်းတစ်စောင်ကို ဓမ္မဒါနပြုသည်။

ဆရာတော်ကြီးသည် အခါခါ လျှော်စွာ ဝိပဿနာ အလုပ်ပေးတရား

www.burmeseclassic.com



တဲတာဆိုရ၍ စကြံလျှောက်ခဲ့ရာ ဒွာရင်းစမ်း

စခန်း ဖွင့်လှစ်၍ ရပ်ဝေးရပ်နီးမှ ရဟန်းယောဂီ, လူယောဂီများ ကမ္မဋ္ဌာနာစရိယအဖြစ် တရား ပြပေးလေ့ရှိရာ မင်္ဂိုလ်ကို လိုလား၍ ကြိုးစားပမ်းစား အားထုတ်သူ ယောဂီများ ရှိသကဲ့သို့ နောက်ခံ သားမယား၊ အခြွေအရံ တောင့်တင်းစွာဖြင့် ကိုယ်ပိုင်ကားစီးကာ ယောဂီအမည်ခံ ပျော်ပွဲစား ထွက်လာကြသူများလည်း ရှိတတ်လေသည်။

ကြိုးစားပမ်းစား အားထုတ်ကြသူ ယောဂီများအနက် သီလရှင်ယောဂီ မက္ကသဿရိယဉာဏီ၏ တရားမှတ်တမ်းကို လေ့လာရန် ဒါနပြုခြင်း ဖြစ်သည်။

ယောဂီ မက္ကသဿရိယဉာဏီ၏

ခန္ဓာဉာဏ်တွေ့ တရားမှတ်တမ်း

ပဌမ သုံးရက်

(၁၆-၁-၂၀၀၆ မှ ၁၈-၁-၂၀၀၆ အထိ)။

ဖောင်းပိန်မှတ်တယ်၊ စိတ်က မတည်ငြိမ်သေးပါ။ ဖောင်းပိန်ကပ်တာ တော့သိ၊ တစ်ခါလွတ်သွားလိုက်၊ ပြန်စိုက်ပြီး မှတ်လိုက်၊ ကပ်နေတာသိ။ ဝေဒနာတက် ခါးမှာ သပ်ထိုးထားသလို ခံရတယ်။ ခြေမျက်စိမှာလဲ မီးစနဲ့ ထိုးသလိုမျိုး ခံစားရတယ်။

နာတယ်, နာတယ် မှတ်တော့လဲ မလျော့တာနဲ့ တစ်နာရီထိုး (ပြည့်) သွားတော့ စင်္ကြံလျှောက်၊ ခြေထောက်တွေထုံပြီး လေးနေပါတယ်။

ညနေ ဖောင်းပိန်မှတ်တော့ အတော်တည်ငြိမ်လာပြီ။ ဝေဒနာ တက်လာလို့ ထိုင်တယ်, ထိတယ်မှတ်၊ ရင်ထဲ တင်းကျပ်ပြီး အသက်ရှူမဝ ဖြစ်လာ၊ ဖောင်းပိန်ဆက်မှတ်။ တစ်နာရီပြည့်တော့ စင်္ကြံလျှောက် ခြေတွေထုံပြီး လေးနေတယ်။

နောက် တစ်နာရီဆက်ထိုင်၊ ဝေဒနာ တက်လာတယ်။ ခါး, ဒူးနဲ့ ခြေမျက် တွေမှာ ဝေဒနာတက်တယ်။ ခြေချော ကလေးတွေနာနေလို့ အကြာကြီး မှ ရတယ်။ အင်မတန်နာပါတယ်။ သည ခံပြီး ဆက်မှတ်တော့ ဝေဒနာ ပျော သွားပြီး အေးလာပါတယ်။ နော တော့ တစ်ကိုယ်လုံး အေးပြီး မှတ် ကောင်း။ ဝေဒနာ ဖြစ်တာ, ပျက်တ သိနေတယ်။

▲ ၁၇-၁-၂၀၀၆။ ။ ညဘက် စင်္ကြံ လျှောက်ရာ ခြေထောက်တွေ ပြီး လျှောက်လို့ကောင်းတယ်။ ထိ တော့ ဝေဒနာတက်၊ အရင် လောက် မှတ်ရမခက်တော ဖောင်းပိန်မှတ်လို့ကောင်း။ နော ဝေဒနာ ပျက်သွားတာ သိရ

▲ ၁၉-၁-၂၀၀၆။ ။ နံနက် နာရီ စထိုင်၊ ဖောင်းပိန်မှတ် လက်နှစ်ဖက် အေးလာ၊ ခန္ဓာ

www.burmeseclassic.com



ဆရာတော်၏ အောင်မြေ

ထဲ အလင်းတွေပေါ်၊ ရုတ်တရက် လန့်မိပေမယ့် မျက်စိ ဖွင့်မကြည့်ဖြစ်။ ဝမ်းသာ, ဝမ်းနည်း ကတုန်ကယင်ဖြစ်။

ဆက်မှတ်တော့ ခန္ဓာကိုယ်ထဲ လင်းလိုက်, မှောင်လိုက်ဖြစ်၊ ဝမ်းဗိုက်မှာ မှောင်မည်းနေ။ အချိန်ပြည့်၍ တရားဖြုတ်၊ အခန်းပြန် ခဏနား၊ ရေချိုး၊ ထမင်းစား၊ စား၍မရပါ။ စားပြီး အခန်းပြန် ပြန်အန်ထွက်တယ်။

နေ့လည် (၁၂ နာရီမှ ၁ နာရီ) ဆက်ထိုင်တယ်။ ဝေဒနာ တက်လာပြီး တဖြည်းဖြည်း ခွာသွားတယ်။ ခန္ဓာကိုယ်ထဲ လေတွေ ဆူနေတယ်။ ဝင်လေ,ထွက်လေ မြန်၊ ထွက်လေပြင်း၊ နောက် အရိုးစုတွေ မြင်ရတယ်။ ရင်တုန်လိုက် ချွေးထွက်လိုက်နဲ့ အလွန်နေရခက်တယ်။ (၁ နာရီမှ ၂ နာရီ) တရားဖြုတ်, စင်္ကြံလျှောက်။

(၂ နာရီမှ ၃ နာရီ) ဆက်ထိုင်၊ ဖောင်းနေ ပိန်နေတာ တွေ့ရတယ်။ ဝေဒနာ မဖြစ်ဘဲ ခြေထောက်တွေ ထုံနေတယ်။ အသက်ရှူမြန်လာပြီး လက်နှစ်ဖက်က တဖြည်းဖြည်း ခွာသွား၊ ကားပြီး တုန်နေတယ်။

(၃) နာရီမှာ တရားဖြုတ်တော့ ဖြုတ်လို့မရတာနဲ့ ဆက်ထိုင်တယ်။ (၄) နာရီကျမှ တရားဖြုတ်လို့ရပြီး ဆရာတော်ဆီ တရားလျှောက်၊ အခန်းပြန်တယ်။ ခြေအန်လက်အန်သေပြီး မလှုပ်ရှားနိုင်၊ ရေမချိုးနိုင်။ (၅) နာရီမှာ စင်္ကြံလျှောက်တော့ မူးနေတယ်။

(၆) နာရီမှာ တရားဆက်ထိုင်၊ (၅) မိနစ်လောက် မှတ်လိုက်တာနဲ့ ဖောင်းတာပိန်တာ မြင်ရတယ်။ အပေါ်တက် အောက်ဆင်း၊ ဘယ်ညာရွေ့ပြီး ဖောင်းပိန်တာ မြင်ရတယ်။ စိတ်မှတ်မလွတ်ပါ။ ဝေဒနာ မတက်ပါ။ ခြေချောင်းလေးတွေ နာနေတာ သိရတယ်။

▲ ၂၀-၁-၂၀၀၆။ ။ (၆း၃၀) နာရီမှ (၈း၃၀) နာရီ (၁) နာရီပြည့်လို့ ထမရတော့ ဆက်ထိုင်တယ်။ ဖောင်းပိန်က (၁) နာရီ၊ ဝေဒနာက (၁) နာရီ ဖြစ်နေတယ်။ ဝေဒနာတက်တာ မြင်ရတယ်။

ခြေထောက်ကစ ထုံကျဉ်လာပြီး နောက် နာလာတယ်။ ခြေသလုံးနဲ့ ဒူးခေါင်းအထိ နာလာတယ်။ အင်မတန်နာတယ်။ နာတယ်, နာတယ် မှတ်ပေမယ့် မပျောက်သေး၊ အတော်ကလေး စိုက်မှတ်လိုက်တော့ ဝေဒနာလျော့သွား၊ ခြေသန်းလောက်ပဲနာ၊ နောက်တော့ တစ်ကိုယ်လုံး အေးသွားတယ်။

ရွှေလ ဆက်ဖတ်ပါရန်


စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com





◆ ရေကန်အတွင်း ရေကြာများ စိုက်ထားပုံနှင့် ရွှေငါးများ မြူးထူးနေပုံ

# ငွေလာ ငွေလျှံ ရေကြာ ရေကန်

**''အဝင်လိုမှု ကက်ကင်းယူ''** ဆိုသော ကျွန်ုပ်၏ ဆရာသမား ဩဝါဒကို လက်တွေ့ သုတေသန ပြုကြည့်သည်။ အိမ်မှာ၊ ဆိုင်မှာ၊ လုပ်ငန်းခွင်မှာ ငွေဝင်ကောင်းအောင်၊ ငွေလာများအောင်၊ ငွေတွေ လျှံနေအောင် ဘယ်လို လုပ်ရမလဲ ပေါ့။

**ငွေလာ၊ ငွေလျှံ၊ ငွေဝင် = တနင်္လာ+ ဗုဒ္ဓဟူး**ဖြစ်ရာ ကက်ကင်း ဖြစ်အောင် ဗုဒ္ဓဟူးအစ၊ တနင်္လာအဆုံးကို စဉ်းစားကြည့်သည်။ **ရေကန်၊ ရေကြာ၊ ရွှေငါး = ဗုဒ္ဓဟူး + တနင်္လာ** ဖြစ်၏။

**''ကံ၊ ဉာဏ်၊ ဝီရိယ''**ဆိုသော အကြောင်းသုံးပါးတွင် ကံကောင်းဖို့အတွက် ဉာဏ်ထုတ်ပြီးပြီ။ ဝီရိယစိုက်ထုတ် ကြိုးစားရန် လိုပေသေးသည်။

အိမ်ရှေ့မှာ မြေလွတ်အနည်းငယ်ရှိသဖြင့် အုတ်၊ အင်္ဂတေ၊ ကြွေပြားခင်း၍ ရေကန်ငယ်တစ်ခု လုပ်လိုက်သည်။ အဖြူရောင် အပွင့်ငယ်များ ဆယ့်နှစ်ရာသီ ပွင့်တတ်သည့် **''ရေကြာ''**ခေါ်သည့် အပင်ငယ်များကို မိတ်ဆွေတစ်ဦးအိမ်မှ ဝယ်ယူပြီး သစ်ခွပန်းစိုက်သည့် ပလတ်စတစ် ခြင်းခွက်ငယ်တွင် တစ်ခြင်းလျှင်(၃)ပင်ခန့်ထည့်ပြီး ကျောက်စရစ်ခဲများနှင့် အပင်ရင်းမှာဖိကာ ရေကန်ထောင့်နံရံများအနီးမှာ ချထားလိုက်သည်။

ထို ပလတ်စတစ်ခြင်းငယ်များ ရေမြှုပ်ရုံမျှသာ ရေဖြည့်ထားလိုက်သည်။ ထိုရေကန်ထဲမှာ ရွှေငါးအနည်းငယ်ထည့်၍ မွေးလိုက်သည်။ ရွှေငါးများကို နေ့စဉ် တစ်နေ့ (၂)ကြိမ်မှ (၄)ကြိမ်အထိ အစာကျွေးပေးပြီး ရေကန်ထဲကရေကို (၁)ပတ်တစ်ကြိမ်၊ (၂)ပတ်တစ်ကြိမ် လဲလှယ်ပေးသည်။

ရွှေငါးတွေ ပျော်ရွှင်မြူးထူး၊ ရေကြာတွေ စိမ်းလန်းရှင်းသန့် ပန်းပွင့်ဖြူတွေ ပွင့်လန်းလာကြသည်နှင့်အမျှ အလုပ်အကိုင်တွေ ပိုကောင်းလာခြင်း၊ ငွေဝင်ပိုကောင်းလာခြင်း၊ သိသိသာသာ ထူးထူးခြားခြား ဖြစ်လာသည်။

(၁) [ **ငွေလာ** = တနင်္လာ+ဗုဒ္ဓဟူး
**ရေကြာ** = ဗုဒ္ဓဟူး+တနင်္လာ ]

(၂) [ **ငွေလျှံ** = တနင်္လာ+ဗုဒ္ဓဟူး
**ရေကန်** = ဗုဒ္ဓဟူး+တနင်္လာ ]

(၃) [ **ငွေဝင်** = တနင်္လာ+ဗုဒ္ဓဟူး
**ရွှေငါး** = ဗုဒ္ဓဟူး+တနင်္လာ ]

**ကက်ကင်း(၃)ချက်** မိထားသည်။ ထို့ကြောင့် အိမ်မှာ ဆိုင်မှာ လုပ်ငန်းမှာ **ငွေလာ၊ ငွေဝင်၊ ငွေလျှံ** အမြန်ဖြစ်လာသည်။ အပိုတွေ မကြွားလိုပါ။ ကိုယ်တွေ့ဖြစ်၍ စာဖတ်သူများကိုယ်တိုင် လုပ်ကြည့်ပါ။ (ငွေလိုချင်သူများ အတွက်သာ ဖြစ်ပါသည်။)

**ဆရာကြီးဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**ယုဂန္ဓာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ

လေ့လာကြည့်ပါ။

❖ **ဥာဏ်လမ်းသည် ဖြောင့်တန်းပြီး ရှည်လျားပါတယ်။ (က)**

ဒါကတော့ စိတ်မြန်လွန်းတဲ့ စိတ်နေသဘာဝတစ်ခုပါပဲ။


❖ **လက်မသည် တိုတုတ်ပြီး ထိပ်ပိုင်းမှာ ဖုထစ်နေတယ်။ (ခ)**

ဒါကတော့ ဒေါသကြီးပြီး အဆင်ခြင်မဲ့ ပြုမူတတ်သောသဘောပါ။

❖ **လက်သန်း တိုပါတယ်။ (ဂ)**

ဒါကတော့ ရှုံးရှုံးနိုင်နိုင် ပြုမူတတ်တယ်။

❖ **စတုဂံလွင်ပြင်သည် အစပိုင်းမှာကျဉ်းပြီး အရင်းပိုင်း ကျယ်ပါတယ်။ (ဃ)**




ဒါကတော့ အတ္တကြီးပြီး ကြက်ခေါင်းဆိတ်မခံတဲ့ သဘောပါပဲ။

ဒါတွေကို ခြုံငုံသုံးသပ်ကြည့်ရင်... သူ ဘယ်လိုလူစားလဲဆိုတာ သိလောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ၊***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com



# အိမ်သစ်တက်လျှင်

ပြုလုပ်စီရင်စေချင်



အိမ်သစ်တက်မင်္ဂလာ ဆွမ်းကျွေး ပရိတ်တရားနာ၊ တိုက်သစ်တက်မင်္ဂလာ စသည်ဖြင့် ပြုလုပ်သည်များ မကြာခဏ ကြုံဖူးကြပါမည်။

ကျွန်ုပ် မိသားစု ယခုနေထိုင်သော နေအိမ်သည် အနှစ်(၂၀) ကျော်ခဲ့ပါပြီ။

ထိုစဉ်က အိမ်သစ်ပေါ် မတက်မီ ဘာမင်္ဂလာအခမ်းအနားမှ မပြုလုပ်မီ အဘဦးကြီးလှမှ နေအိမ်တွင် အန္တရာယ်ကင်းစေရန်နေထိုင်မည့် မိသားစု ဘေးသမီ ရန်မခ အေးမြကြည်လင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပုံကို အမှတ်ရမိ၍ ရေးသားတင်ပြပါသည်။



'ရှေးထုံးလဲမပယ်နဲ့၊ ဈေးသုံးလဲ မလွယ်နဲ့တဲ့ကွ။ အဘတို့ရဲ့ မိဘဘိုးဘွားတွေ လက်ထက်ကတည်းက စီရင်ဆောင်ရွက်ခဲ့တဲ့ အစီအရင် လုပ်ပေးမယ်။

ပထမဆုံး ရွှေရေ၊ ငွေရေ၊ စိန်ကျောက်ရေ လုပ်ရမယ်ကွ။**(သန့်စင်သော ရေတစ်ဖလားထဲသို့ ရွှေထည်၊ ငွေထည်၊ စိန်ကျောက်ထည် လက်ဝတ်လက်စားထည့်ပြီး ရေထည့်ခြင်းပင် ဖြစ်ပါသည်။)**

ရွှေရေ၊ ငွေရေ၊ စိန်ကျောက်ရေ ရပြီဆိုရင် မြေဖြူ တောင့်တစ်ချောင်း ကို အဲဒီရေနဲ့ တို့ ထွတ်ပြီး…

- ✤ အရှေ့တောင်ထောင့် (အင်္ဂါထောင့်)မှာ "သိ"လို့ရေး။ "သိ"လို့ ရေးနေချိန်မှာ "သိကြား"ဆိုပြီး နှုတ်ကရွတ်ဆိုရင်း ပြီးအောင်ရေး။
- ✤ အနောက်တောင်ထောင့် (စနေထောင့်)မှာ "န"လို့ရေး "န"လို့ ရေးနေချိန်မှာ "နဂါး" ဆိုပြီး နှုတ်က ရွတ်ဆိုရင်း ပြီးအောင်ရေး။
- ✤ အနောက်မြောက်ထောင့် (ရာဟုထောင့်) မှာ "ဗိ"လို့ရေး။ "ဗိ"လို့ရေးနေချိန်မှာ "ဗိဿနိုး"ဆိုပြီး နှုတ်ကရွတ်ဆိုရင်း ပြီးအောင်ရေး။
- ✤ အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) မှာ "ဘု"လို့ရေး။ "ဘု"လို့ရေးနေချိန်မှာ "ဘုရား"ဆိုပြီး နှုတ်ကရွတ်ဆိုရင်း ပြီးအောင်ရေး။

ဒီလို အစီအရင်ပြုလုပ်ရေးပြီး တစ်မိသားစုလုံး အိမ်သစ်ပေါ်တက်ရမယ်။

အဲဒီနေအိမ်ဟာ ဘုရားရဲ့ အရိပ်လို အေးမြပြီး၊ သိကြားမင်း၊ နဂါးမင်း၊ ဗိဿနိုးနတ်မင်းကြီးတို့ရဲ့ အစောင့်အရှောက်နဲ့ လုံခြုံအေးချမ်းပြီး မီးဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ လေဘေးဆိုတဲ့ ရန်သူမျိုးငါးပါး အန္တရာယ်ကင်းတဲ့အပြင် သူပြုလူပြု၊ အတိုက်အခိုက်၊ အမှောင့်ပယောဂ၊ စုန်းတိုက်နတ်တိုက် မကောင်းမကြဲစည်နိုင်တော့ဘူး။

သီရိကျက်သရေ ဖြာဖြာဝေပြီး ဘေးကင်းရန်လုံ အေးချမ်းတဲ့ သန္တိကွန်းအိမ်ဂေဟာဖြစ်ပြီပေါ့ကွာ။ မင်္ဂလာရှိကျက်သရေရှိတဲ့ အိမ်မှာ နေထိုင်သူတွေဟာ ဘုန်းမြင့်၊ ကံပွင့်၊ လာဘ်ပွင့်၊ ဓာတ်ပွင့်၊ အဆင့်အတန်း မြင့်ကြပြီပေါ့။ စားနိုင်၊ ကြွားနိုင်၊ လှူနိုင်၊ တန်းနိုင် နိဗ္ဗာန်တိုင်သည်အထိ အကောင်းတရား ကောင်းမှုများနဲ့ ပြည့်စုံနိုင်ပြီပေါ့'

ဤသို့… ဤသို့ အဘဦးကြီးလှမှ စီရင်ပေးကာ ပညာပေးခဲ့သဖြင့် ကျွန်ုပ်မိသားစုမှာ အနှစ်နှစ်ဆယ်ကျော်အတွင်း ကိုယ့်အတိုင်းအတာ၊ ကိုယ့်အထွာနှင့်ကိုယ် ပေးနိုင်ကမ်းနိုင် လှူနိုင်တန်းနိုင်ခဲ့ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ပြေလည် ပြည့်စုံအေးချမ်းသာယာခဲ့ပါသည်။

သို့အတွက် မခက်မခဲ မပင်မပန်း ရှင်လန်းစွာဖြင့် လူတိုင်း မိမိတို့၏ နေအိမ်တိုက်ခန်းတွင် စီရင်ပြုလုပ်ဆောင်ရွက်နိုင်ရန် တစ်ဆင့်မျှဝေဖြန့်ဝေ ရေးသားတင်ပြလိုက်ရပါသည်။

***တိုးတက် ကြီးပွားကြပါစေ။***

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com



ဆောင်အတိတ်ဆောင်

# သိကြားနှိုက်တောင်ကြီးဆီမှ

## ပုထိုးစေတီ နေရာထူးများ (၁၁)

ထက်မြင့်ကျော်စွာ

ယခင်လမှအဆက်

ဦးသီလလိုဏ်ဂူ



ဦးခန္တီ့ရုပ်ပွား တန်ဆောင်း

နေမိန္ဒရကုန်းတော်တွင် လေ့လာကြည့်ရှုစဉ်က လိုက်ပါကူညီပေးသော ကျော်တင့်က ဆရာတော် ဦးသီလ ရားကျင့်ကြံခဲ့သော လိုဏ်ဂူရှိရာသို့ သွားရောက်လိုက လိုက်ပို့ပေးမည်ဟု ဆိုသည်။

သူသည် လွန်ခဲ့သော ဆယ်နှစ်ခန့် က သွက်ချာပါဒ လေငန်းရောဂါ စွဲကပ် ခြင်း ချိုင်းထောက်ဖြင့် သွားလာခဲ့ရ သည်။ ထိုကာလတွင် ဘုရားပေးသည့် ဆေးနှင့် ကုလျှင် ပျောက်လိမ့်မည်ဟု ကြည်လျက် နေမိန္ဒရကုန်းတော်သို့ နေ့စဉ် ကြိုးစားလာရောက်ကာ အတိယက်ဏဝတ်ပြု ကုသိုလ်ယူသည်။ နောက် ဘာဝနာကုသိုလ်ပြုကာ နေစောင်းမှပင် အိမ်ပြန်လေ့ရှိသည်။ ဘူဦးရပ်ကွက် နေအိမ်မှ ကုန်းတော် နေ့စဉ် လမ်းလျှောက်ရခြင်းက ရောဂါကို သက်သာစေကာ သော ကုသိုလ်များကြောင့်လည်း ၏ ချမ်းသာခြင်းနှင့် ပြည့်စုံကာ အခါ ချိုင်းထောက်မပါဘဲ ကိုယ့်ခြေ ထောက်ကို အားကိုး၍ သွားလာနိုင်ပြီ ကြောင်း သိရသည်။

ခြေအနည်းငယ် ဆာနေသော်လည်း တောင်တက်ခရီးများတွင် မိမိတို့ထက် ပို၍ ခရီးတွင်သည်ကို တွေ့ရသည်။

ရှေးဦးစွာ စေတီကုန်းတော် နောက်မြောက်ထောင့်အခြေ၊ တောင် ပတ်ကားလမ်းမှ အရှေ့မြောက်ဆီသို့ မြေလမ်းကလေးအတိုင်း သွားရသည်။ တောင်ဆင်းလျှိုတစ်ခုအတွင်း ရောက် သောအခါ လက်ယာဘက် အရှေ့ ဘက်ဆီသို့ အတက်လမ်းကို တွေ့ရ သည်။ အင်္ဂတေခင်းထားသဖြင့် မော်တော်ယာဉ်များဖြင့် လွယ်ကူစွာ သွားနိုင်သည်။

နှစ်ဖာလုံခန့် ရောက်သောအခါ လက်ယာဘက်၊ ဒူးရင်းခြံမြေအတွင်း ချိုးဝင်ရသည်။ လိုဏ်ဂူမှာ ဒူးရင်းခြံ ကျယ်ကြီးတစ်ခုအတွင်း တည်ရှိ၍ ခြံပိုင် ရှင်က ဘုန်းကြီးကျောင်းတစ်နေရာ ဆောက်လုပ် သီတင်းသုံးရန် ခွင့်ပြု ထားသည်ဟု သိရသည်။

ဒူးရင်းခြံမြေလမ်းအတိုင်း (၁၀)မိနစ် ခန့် လျှောက်မိသောအခါ တောင် စောင်းတွင် မေးတင်၍ ဆောက်လုပ် ထားသော ခြေတံရှည် တောကျောင်း တစ်ဆောင် မြင်တွေ့ရသည်။ ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

အနီး၊ ကျောက်နံရံတွင် **"ဦးသီလ လိုဏ်ဂူ"**တည်ရှိသည်။

လိုဏ်ဂူအထက်၌ ကျောက်ထီးတင်ထားသော ရှေးဟောင်း စေတီငယ်တစ်ဆူ ကိန်းဝပ်တော်မူသည်။ ကျောက်လိုဏ်ဂူအဝမှနေ၍ အတွင်းသို့ လှေလာကြည့်ရာ ဦးပဥ္စင်းတစ်ပါး ကမ္မဋ္ဌာန်းဆောက်တည်နေသဖြင့် ချွတ်နင်းကာ ပြန်ဆုတ်လာခဲ့သည်။

ထို့နောက် ဝန်းကျင်ရှုခင်းများ လှေ့လာနေစဉ် ဦးပဥ္စင်းက ဂူတွင်းမှ ထွက်ကြွလာသည်။


'အရှင်ဘုရားအတွက် အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါဘုရား'

'ရပါတယ်။ အခုကလေးတင် ဝင်သွားတာ။ လူသံကြားလို့ ဘုရားဝတ်ပြုပြီး ပြန်ထွက်လာတာပါ။ ဘယ်ကလာကြတာလဲ'

ဤနေရာတွင် တောကျောင်းကလေးဖြင့် တောရ ဆောက်တည်နေသည်မှာ နှစ်နှစ်ခန့် ရှိပြီဖြစ်ကြောင်းနှင့် ဦးတိဿ ဘွဲ့မည်ရှိကြောင်း သိရသည်။

လိုဏ်ဂူတည်နေရာမှာ နေမိန္ဒရတောင်၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာ လာဝတောင်နှင့် ကေလာသတောင်နှစ်ခု၏ အခြေတွင်ရှိကြောင်း မှတ်သားရသည်။ ဤနေရာမှ အရှေ့တောင်ဘက် တောင်ကုန်းထက် တက်သွားပါက လာဝတောင် ဖိုခုံလောက်သို့ ရောက်ရှိ၍ အရှေ့မြောက်ဘက်သို့ တက်သွားပါက ကေလာသတောင်ပေါ် ရောက်သည်ဆို၏။

ဦးပဥ္စင်းနှင့် စကားပြောဆို လျှောက်ထားပြီးနောက်' လိုဏ်ဂူအတွင်း ဝင်ကြည့်ရာ လူတစ်ယောက် လဲလျောင်းနိုင်အောင် ကျယ်ဝန်း၍ တောင်နံရံဘက်သို့ နိမ့်ဆင်းသွားသော ဥမင်အဝကို တွေ့ရသည်။ မြေပြို၍ ပိတ်ဆို့နေ



◆ ဦးချွန်ကျောက်စာနှင့် နောင်းသေတ်မြှုပ်ပြီမှ ကမ္မည်း

◆ ရဟန္တာကျောင်းအဝင်



ကာ အဝတွင် ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။

လိုဏ်အထက်တွင်ရှိသော စေတီ၏ အုတ်ခုံတွင် **"အောင်သမ္မောဓိဂူ"** ဟူ၍ ကမ္ပည်းထိုးထားသည်။ နှောင်းခေတ် မွမ်းမံသူတို့ ကပ်လှူတွင်ခေါ်ခြင်း ဖြစ်သည်။ ဂူမျက်နှာစာတွင် အရိုးဂူ စေတီငယ်တစ်ဆူ တွေ့ရသည်။ ကုန်းတော်အခြေ လျှိုစောင်းတွင်လည်း အုတ်ဂူ သုံး,လေးခု တွေ့ရသည်။

ရှေးကာလက ဤနေရာတွ[illegible] တောရဆောက်တည်သီတင်းသုံးသ[illegible] သံဃာရှိကြောင်း ပြယုဂ်များ ဖြစ်[illegible] သည်။

'ဦးပဥ္စင်းက စစ်မှုထမ်းဟောင်းပါ။ သံသ[illegible] လွတ်လမ်းရှာဖို့ တောထွက်လာတာ ခု[illegible] ကျော်ပါပြီ။ တစ်နေရာတည်းမှာ [illegible] မနေဘူး။ နေမိန္ဒရတောင်တစ်ပိုင်း ရွှေ့[illegible] ပြီး အားထုတ်ပါတယ်။

ဒီနေရာရောက်လာတော့ လူအသွားအ[illegible]





www.burmeseclassic.com

www.burmeseclassic.com





▲ ရဟန္တာသိမ်တော်

◀ ရဟန္တာသိမ် ရှေ့တည့်တည့်မြစ်ကွင်း

▼ ခြေတော်ရာတန်ဆောင်း



ရှိပေမယ့် နောင့်ယှက်သူမရှိလို့ အားထုတ်လို့ ကောင်းတယ်။ ဒါပေမယ့် မိုးရွာရင် သိုက်ရှု အမိုးက မိုးယိုတာကြောင့် ထန်းလက်မိုး တဲကျောင်းကလေးတစ်ဆောင် မြို့ရှင်ဆီက ခွင့်တောင်းပြီး ဆောက်လုပ် သီတင်းသုံး ရတယ်'

'အခုထိ မြဲနေပေမယ့် နေရာ ယောဇဉ် မတွယ်ချင်ဘူး။ တစ်ချိန် များလာရင် စွန့်ပြီး တစ်နေရာ ရှာရ ။ ဒါတွေကိုတော့ ဘယ်ရဟန်း၊ ယ်လိုလူပုဂ္ဂိုလ်နေနေ ထားရစ်ခဲ့မှာ နေလို့ အတော်ကလေးကြာတော့ တချို့ ပေါ်လာပြီး သွပ်မိုးကလေး တယ်။ နွေဘက် သီတင်းသုံးနိုင် ာင် အရှေ့က ဖက်မိုးအဖီလေး လုပ် တယ်။

တစ်ခါ သွပ်မိုးလှူချင်တယ်ဆိုလို့ ြူလိုက်တာ ကြောင့်ကြမှုတွေ ပိုလာ တယ်။ သူက တွက်ချက် လှူဒါန်း က်ပေမယ့် သွပ်တစ်ချပ်စာ လိုနေ ယ်။ ဒီတော့ သွပ်တစ်ချပ်စာအတွက် ကြောင့်ကြရ၊ လှံ့လစိုက်ရပါလေရော။ မတောင့်မတ မကြောင့်မကြဘဲ နေနိုင်အောင် ကြိုးစားနေပါတယ်'

ဦးပဥ္စင်း မိန့်ကြားသော စကားကြောင့် ကျောင်းအတွင်း ဝေ့ဝဲကြည့်ရာ သပိတ်, သင်္ကန်း စသည်မှလွဲ၍ အပို အသုံးအဆောင်ဟူ၍ ဓာတ်ဘူးဟောင်း တစ်လုံးသာ တွေ့ရလေသည်။

'ရေနွေးသောက်ပါလား။ လက်ဖက် ခြောက်တော့ မရှိဘူး'

'နေပါစေဘုရား၊ ရေအေးပဲ သောက်ပါ့မယ်။ အရှင်ဘုရား သီတင်းသုံးနေတဲ့ ကာလအတွင်း ထူးထူးခြားခြား ကြုံရတာများ ရှိပါသလား'

'မနေ့က ကဆုန်လပြည့်နေ့ဆိုတော့ အနီးက ဒကာတွေ ဆွမ်း လာပူဇော်ကြတယ်။ သူတို့ပြန်သွားတော့ ဦးပဥ္စင်းလဲ ဂူထဲဝင် ဘုရားဝတ်ပြု ကမ္မဋ္ဌာန်းဝင်ပါတယ်။ မေတ္တာပို့ အမျှဝေပြီးတဲ့အခါ ကျောင်းရှေ့ ကွပ်ပျစ်မှာ ထိုင်နေတုန်း အရှေ့ဘက်က အလင်းရောင်




www.burmeseclassic.com

www.burmeseclassic.com

တွေ လင်းတက်လာတယ်။ တကယ့် နေ့ခင်းလိုပဲ။

လျှပ်စီးများ လက်သလား လို့ လိုက်ကြည့်တော့ ၄ ထက်စေတီက အလင်း ရောင်တွေ ပြိုးပြိုးပြက်ပြက် ထွက်နေတာ ကလား။ ဦးပဥ္စင်းဘဝမှာ ဒီတစ်ကြိမ် သာ ဖူးရဖူးတယ်။ ရောင်ခြည် တော် ကွန့်မြူးတယ်ဆိုရမယ် ထင်ပါရဲ့။ ဒီလိုဖူးရတော့ ဓာတ်တော်မြတ်တွေ ဌာပနာ ပြုထားတဲ့ ရှေးစေတီလို့ ဦးပဥ္စင်း ယုံကြည်တယ်'



◆ ရှင်အရဟံ ခြေတော်ရာ

◆ ခြေတော်ရာ တန်ဆောင်းတွင်း မြင်ကွင်း



## ဦးသီလနှင့် ပတ်သက်သမျှ

ဘုန်းတော်ကြီး ဦးသီလသည် လွန်ခဲ့သော နှစ်တစ်ရာကျော်က ပဋိပတ္တိ အရာ၌ နာမည်ကျော်ကြားသော ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။ ပဲခူးမြို့ကို အခြေပြုကာ တောတောင်အနှံ့ တောရ ဆောက်တည် ကျင့်ကြံသဖြင့် ဆရာတော်၏ ဝါဆိုစဉ် ဌာနများကို မှတ်တမ်း မပြုနိုင်ခဲ့ကြပေ။

ထိုဆရာတော်ကြီး သီတင်းသုံးခဲ့သည်ဟု အစဉ်အဆက် ပြောစမှတ်ပြုကြသော ဤနေရာတွင် ဆရာတော်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ တွေ့ရလေမည်လောဟု လိုက်လံ ရှာဖွေကြည့်ရာ ဦးပဥ္စင်း တောကျောင်းအတွင်း ဆရာတော် ဦးသီလပုံတော်ကို ဖူးတွေ့ရသည်။

'ဒကာတစ်ယောက်က စာအုပ်ထဲက ပုံကို ကူးပေးထားတာပါ'

ဆရာတော်သည် အရပ် ငါးပေခွဲခန့် ပျပ်ပျပ်ပါးပါး ရှိ၍ အသားအရေ ဖြူဝင်းဝါဝင်းသည်ဟု သိရသည်။

'ဆရာတော် ဦးသီလနေခဲ့တာ မှန် မမှန် ဆိုတာကတော့ ကျင့်ကြံ အား ထုတ်ကြည့်မှ သိနိုင်ပါတယ်။ ရှေးမှတ်တမ်းအရကတော့ ၁၂၅၅ ခုနှစ်မှာ ဆရာတော်ကြီး ဦးသီလ သထုံမှာ တောရဆောက်တည်ဖို့ ကြွလာတယ်။ မြို့ခံ ဘုန်းကြီးတချို့က တောကောင် ဝင်ရင် မြို့နာတယ်ဆိုပြီး လှူ့ဆော်လို့ မြို့ရွာလူကြီးတွေက ဘုန်းတော်[...] ဦးသီလအား ဆွမ်းလောင်းသူ ဒဏ်[...] ငါးကျပ်ဆိုပြီး တားမြစ်ကြတယ်။ [...] တွေလဲ ကြောက်ပြီး သုံးရက်လော[...] အထိ ဆွမ်း မလောင်းရဲကြဘူး။


နောက်တစ်နေ့ကျတော့ [...] လာတဲ့ ခြရှင် ဦးဝိုင်းက

'မိန်းမရေ တို့ခြံထဲက [...]စ်ပင်အော[...]



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဆံတော်စေတီ

◆ ရွှေဆံတော်စေတီ အနောက်တက်မုခ်မြင်ကွင်း



ဘုန်းတော်ကြီးကို တွေ့ခဲ့ရတယ်။ ခြံအေး စမ်းချောင်းထဲသွားပြီး ရေစစ်နဲ့ သပိတ်ထဲ ရေထည့်သောက်နေတယ်။ ဆွမ်းမစားရတာ သုံးရက်တောင်ရှိပြီလို့ ကြားရတာ ဟုတ်မှာ ပါပဲ။ ဒထာငွေ တပ်ချင်တပ်ပါစေ၊ နက်ဖြန်

တို့ ဆွမ်းလောင်းကြမယ်'

လို့ ဖနီးကို တိုင်ပင်တယ်။

ဦးဝိုင်း ဆွမ်းလောင်းတာတွေ့တော့ တချို့လဲ ချုံကွယ်ကလှူ၊ တချို့က ပြောင်ပြောင်တင်းတင်းပဲလောင်း။ မကြာ ပါဘူး တစ်မြို့လုံး စုစုရုံးရုံး ဝိုင်းလှူကြတာ ဆွမ်းတွေ လှည်းနဲ့ကို တိုက်ယူရတယ်တဲ့။

၁၂၆၀ ပြည့်နှစ်ကျတော့ ဦးဝိုင်းရဲ့ ခြံ တချို့တစ်ဝက်ကို ဦးဘလိပ်၊ ဒေါ်ဘွားစုံတို့က ဝယ်ပြီး ဦးဇာနုတ္တရ ဆိုတဲ့ ဆရာတော်ကို ကျောင်းဆောက်လှူတယ်။ **"တောင်ဝိုင်းကြီးတောရ"** လို့ ခေါ်သတဲ့။ အဲဒီတောရဟာ ဒီနေရာနဲ့ တောတန်းကလေးပဲ ခြားတယ်။

နောက်ပြီး ဦးသီလ ရေဆင်းယူတယ်လို့ ယူဆရတဲ့ စမ်းချောင်းကလေးလဲ ရှိတယ်။ ဒါကြောင့် ဦးသီလ သီတင်းသုံးခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဦးသီလ ပြောင်းကြွသွားတော့ နောက်ပိုင်း ဆက်လက် သီတင်းသုံးတဲ့ သံဃာတွေ ရှိပါလိမ့်မယ်။ ဒီအရိုးဂူ စေတီတွေ ကြည့်ပါဦး အကာကြီး။



www.burmeseclassic.com

www.burmeseclassic.com

ဟိုးအဝေးကျောင်းက သံဃာရဲ့အရိုးကို ဒီနေရာမှာလာပြီး မြှုပ်နှံမှာ မဟုတ်ဘူးလေ'

'တင်ပါ့ဘုရား။ အောက်နားက အုတ်ဂူတစ်ခုမှာ **၁၃၀၀ ပြည့်လွန်နှစ် ကာလက အသက် (၄၀)ကျော် အရွယ်မှာ ကွယ်လွန်တဲ့ အမျိုးသမီး တစ်ယောက်ရဲ့ နာမည်ကမ္ပည်းကို** တွေ့ရတယ်။ အစဉ်အဆက် သင်္ချိုင်းမြေ မဟုတ်တာကြောင့် ခြံပိုင်ရှင် အဆက်အနွယ် ဒါမှမဟုတ်ရင် ဒါယိကာမရင်း ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီနေရာမှာ သံဃာတော်တွေ သီတင်းသုံးခဲ့တယ်လို့ ယူဆစရာ ရှိပါတယ်ဘုရား'

## ထူးခြားသော ရုပ်ပွားတစ်ဆူ

'အတော်ပဲ ဒကာကြီးတို့ နေရာအစုံ သွားလာနေရတော့ အတွေ့အကြုံရှိမှာပဲ။ ဟောဒီ ရုပ်ပွားတော်ကို ကြည့်ပါဦး'

ဦးပဥ္စင်းက ဉာဏ်တော်အမြင့် တစ်လက်မကျော်ခန့်ရှိသော တင်ပျဉ်ခွေ ရုပ်ပွားငယ်တစ်ဆူ ပင့်ဆောင်ပြသည်။ မင်းဝတ်တန်ဆာ ဆင်မြန်းထားသည်။ မုံရွာ၊ ဗောဓိတစ်ထောင် ဆရာတော် စွန့်လှူလေ့ရှိသော ဆင်းတုငယ်များနှင့် ဆင်တူသည်။

သို့သော် ဤဆင်းတုက ပို၍ လက်ရာ အနုစိတ်သည်။ မျက်နှာတော်နှင့် ကေတုမာလာ (ခေါ်) ဦးခေါင်းထက် ရောင်လျှံတော် ဖွဲ့စည်းပုံအရ ရှေးလက်ရာ ဖြစ်နိုင်ပေသည်။

'လိုဏ်ဂူထဲက ရတာလား ဘုရား'

'ဂူထဲကရတာတော့ မှန်ပါတယ်။ ဒီလိုဗျ။ လွန်ခဲ့တဲ့ နှစ်လလောက်က လူတစ်ယောက် ပုံမှန်လမ်းက မဟုတ်တဲ တောင်ပေါ်ကနေ တောတိုးပြီး ရောက်လာတယ်။ တပည့်တော် ဒီနယ်မှာ တာဝန်ကျလို့ပါ။ ဦးသီလဂူကို လိုက်ရှာတာ လမ်းမှားပြီး တောတိုးလာရတယ်လို့ ပြောပါတယ်။



◆ ပုံတော်ခေတ်ီ

နောက်တော့ ဒီဘုရားကလေးကို လိုဏ်ဂူထဲမှာ ပူဇော်ခဲ့ပါရစေ။ တပည့်တော် ပြန်လာပြီး ပင့်ပုံမယ်လို့ ပြောဆို ပြန်ဆင်းသွားတာပဲ။ အခုအချိန်အထိ လာမယူသေးတော့ ပျောက်ရှမှာစိုးတာနဲ့ ကျောင်းထဲ ပင့်ထားလိုက်တယ်။ ဆင်းတုက သေးလွန်းတော့ ကလေးတွေ ချစ်စနိုးနဲ့ ကောက်သွားရင် အဂါရဝ ဖြစ်မယ်။ သူလာယူတဲ့အခါ မရှိတော့ရင် ဦးပဥ္စင်းမှာ တာဝန်ရှိတယ် မဟုတ်လား'

ဆင်းတုငယ် ထုဆစ် သွန်းလောင်းထားပုံမှာ ရာမည‌ဒေသရှိ ခရုံဂူ၊ ကော့ဂွန်းဂူ စသည်တို့မှ ရှေးမွန်လက်ရာများနှင့် ဆင်တူနေသည်။ ဤဆင်းတုကို စနစ်တကျ လေ့လာ သုတေသနပြုခြင်း (သို့မဟုတ်) ပင့်ဆောင်လာသူထံမှ နောက်ခံဖြစ်စဉ်ကို မှတ်တမ်းတင်ခြင်းဖြင့် ပျောက်ဆုံးနေသော လာဝမြို့တော်နှင့် ပတ်သက်၍ အကျိုးထူး တစ်စုံတစ်ရာ ရှိနိုင်သည်ဟု ထင်မြင်မိသည်။

## ကျောက်သေတ္တာကလေး

ဦးပဥ္စင်းက ဘုရားစင်ထောင့်တွင် သိမ်းထားသော ကျောက်တုံးကလေး တစ်ခု ယူပြသည်။ လက်ဆွဲသေတ္တာ ကလေးနှင့် ဆင်တူ၍ အလယ်လိုင်း၊ သော့ စသည့်အရာများ ပါဝင်သည်။

ဦးသီလ လိုဏ်ဂူကုန်းတော်တွင် ဤကဲ့သို့ ပုံသဏ္ဌာန် ထူးခြားသော ကျောက်များ တွေ့ရတတ်သည်ဟု သိရသည်။ ပင်ကိုမြေသားတော့ မဟုတ်ပါ။ ကုန်းတော်မှာ ရွှေဝါရောင် ဂဝံမြေနှင့် သက်ရင့်ကျောက် ရောစပ်တည်ရှိသည်။ ဤကျောက်သေတ္တာ ကလေးမှာ ပင်ကိုကျောက်သားနှင့် အတန်ပင် ကွဲပြားနေပေသည်။

ထို့နောက်တွင် ဦးပဥ္စင်းအား နှုတ်ဆက်ကာ ပြန်ထွက်လာစဉ် လေ့ကား ထိပ်အရောက်၌ မိုးထစ်ချုန်းကာ သည်းထန်စွာ ရွာသွန်းလေသဖြင့် တဲကျောင်းအတွင်း မိုးခိုလျက် ဒေသခံ ဦးအေးဝေနှင့် လာဝတောင်အကြောင်း ပြောဆို မှတ်သားဖြစ်ခဲ့လေသည်။

ရွှေလ ဆက်ဖတ်ပါရန်


**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com





▲ ရေတော်ဆရာတော် ဦးပညာဝံသ၏ ရှားပါးဓာတ်ပုံနှင့် ကျွန်ုပ်ကို စွန့်လှူပေးခဲ့သော ဆရာတော်၏ ကြေးပုတီး

# ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ ၏ ကြေးပုတီး

လွန်ခဲ့သော အနှစ် (၂၀)ခန့်က ကျွန်ုပ်သည် မန္တလေးမြို့၊ မဟာမြတ်မုနိ ဘုရားကြီး ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသထံ ရောက်ရှိပြီး နေ့စဉ် နံနက်ပိုင်း ဆရာတော်၏ ဝေယျာဝစ္စ ဆောင်ရွက်ပုံများကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့ဖူးပါသည်။

ယခု ဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သော ပုံတော်မှာ နံနက်ပိုင်းတွင် ရေတော်ဆရာတော်မှ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကို သွားပွတ်တိုက် သန့်စင်ပေးနေပုံ ဖြစ်ပါသည်။

ယခုခေတ်အနေဖြင့်ဆိုလျှင် ရှားပါး ဓာတ်ပုံဖြစ်၍ မည်သူ့ထံတွင်မှ ဤလို ဓာတ်ပုံမျိုး လုံးဝ မရှိနိုင်ပေ။

ထိုစဉ်က ဆရာတော်ကြီး၏ လက္ခဏာတော်များကို ပုံနှိပ်ရယူခြင်း၊ လက္ခဏာစစ်ဆေး ဟောပြောခွင့်ရခြင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါး ရေးသားဖော်ပြခွင့် ရခြင်း များရှိခဲ့ပါသည်။

ဆရာတော်ကြီးက လိုရာဆုတောင်း ပါဆိုသဖြင့် "**ငွေများများ မြန်မြန်ရပါစေ**"ဟု တစ်ခုတည်းသာ ဆုတောင်း လိုက်ရာ ကျွန်ုပ်ကို ဆရာတော် စိပ်ခဲ့သော ပုတီးများထဲက ကြေးပုတီး(၁) ကုံး စွန့်လှူပေးပါသည်။

ထိုပုတီးနှင့် နေ့စဉ် နံနက် အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ပုတီးပတ် တတ်နိုင်သလောက်စိပ်၊ ရှစ်မြဲမြဲ မပျက်မကွက်စိပ်ဟု မိန့်ကြားပါသည်။

ဂါထာရှည်ရှည် ပုတီးမစိပ်ချင်ဟု ကျွန်ုပ် လျှောက်ထားသဖြင့် အောက်ပါ ပုတီးစိပ် ဂါထာတိုတို ပြောပြပါသည်။

"ဇိနေ့ာ မယံ့ လာဘံ ဒေတု"

*[ပုတီး ၁ - လုံးစီချ]*

အာရုံပြုရန်အနက်

**ဇိနော** = မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည်။

**မယံ့** = တပည့်တော်ကို။

**လာဘံ** = လာဘ်လာဘ ငွေကြေး ပစ္စည်း ဥစ္စာများစွာ။

**ဒေတု** = ပေးတော်မူပါဘုရား။

ကျွန်ုပ်လည်း ထိုပုတီး ရရှိခဲ့သော အချိန်မှစပြီး **ယနေ့ခုတိုင် [illegible]**ကြိမ် လျှင် အနည်းဆုံး ပုတီးပတ် (၃)ပတ် စိပ်ခဲ့ပါသည်။ စိပ်နေဆဲ ဖြစ်ပါသည်။ ထူးလည်းထူးခြားပါသည်။

ထိုစဉ်က ကိုယ်ပိုင် အိုးအိမ်၊ ယာဉ် ကား လုံးဝမရှိသော ကျွန်ုပ်တို့မိသားစု မှာ ယခုတော့ ပြည့်စုံနေပါပြီ။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၇)နှစ် မြောက် နှစ်ပတ်လည် အထူးထုတ် အတွက်၊ ကျွန်ုပ်၏ အသက် (၆၀)ပြည့် မွေးနေ့အတွက် စာဖတ်ပရိသတ်များကို ဟင်းစားလည်းပေး၊ ကွန်ချက်လည်း ပြလိုက်ပါသည်။ အားလုံး ချမ်းသာကြပါစေ။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာရှင်တသီး



www.burmeseclassic.com

www.burmeseclassic.com

# ဥရုတိုင်
# ဘိသိက်မင်္ဂလာပွဲနှင့်

ကြာခဲ့ပြီဖြစ်ပါသည်။ ရေးရန် တာစူပြီးမှ မရေးဖြစ်ခြင်းလည်း ဖြစ်ပါသည်။ စာရေးသူ လွန်ခဲ့သည့် (၄၀)ခန့်က ကသာမြို့နယ် ဆိပ်သာကျေးရွာ၊ ရွှေလီမြစ်ကမ်းဘေးရှိ အုပ်စုတွင် အုပ်စုစာရေးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ရပါသည်။

ကျေးရွာတွင် စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်တွင် စတားဖြစ်သည်။ ရပ်ကြည်ညို လူကြည်ညိုလည်း ဖြစ်ခဲ့သည်။ ထိမ်းမြားမင်္ဂလာ၊ ကင်ပွန်းတပ်၊ စပါးရပ်နှင့် အိမ်တိုင်ထူအိမ်ဆောက်သည့် ကိစ္စများတွင်လည်း ဖိတ်ကြသည်။

စာရေးသူ တာဝန်ကျသော ဆိပ်သာရွာမှာ အင်းရွာနှင့် (၁၄)မိုင်နီးပါး ဝေးမည် ထင်ပါသည်။ စပါးရပ်များတွင် ငါးကြော်ချက်များဖြင့် ညှော်ခံကျွေးမွေးကြသည်။

အိမ်ဆောက်တိုင်ထူ မင်္ဂလာအခါဆောင်ရွက်သည့်အခါ ဥရုတိုင်ကို ဘိသိက်မြောက်သည်နှင့် ကြုံခဲ့ရပါသည်။ ဘိသိက်မြောက်သည့်သူမှာ စာရေးသူနေသည့် အိမ်က ဘကြီးကြူး (ခေါ်) ဦးရွှေကြူးဖြစ်ပါသည်။

စာရေးသူမှာ မကြုံစဘူး၊ မတွေ့ဘူးခဲ့ပါ။ ထိမ်းမြားမင်္ဂလာနှင့် ရှင်ပြုမင်္ဂလာများ၌သာ ဘိသိက်မြောက်သည်ကို သိရသည်။ ယခုမူ အိမ်၏ ဥရုတိုင်ကို မြောက်သည်ဆိုတော့ အထူးအဆန်းဖြစ်နေပါသည်။

စကားလုံးအဆင်တန်ဆာမှာ ပြောင်မြောက်ချင်မှ မြောက်ပါမည်။ သူ့နေရာသူ့ဒေသနှင့်သူမှာ အဟုတ်ကြီး ဖြစ်နေပါသည်။ မည်သူ့ထံကရသည်၊ မည်သည့်စာအုပ်မှရသည်ဟု မပြောနိုင်ကြပါ။ လက်ဆင့်ကမ်းလက်ရေးမူ သတ်ပုံမမှန်မကန် မလှပသည့် လက်ရေးများမှ ကူးယူဖော်ပြပါသည်။

မြန်မာ့ကျေးလက် တောရွာက လက်ဆင့်ကမ်း တစ်ယောက်စကား တစ်ယောက်နားမှ ရရှိသည့် မြန်မာရိုးရာ အမွေကလေး မပျောက်ပျက်စေလို၍ ရေးသားအပ်ပါသည်။

❖ ဗုဒ္ဓါနုဘာဝေန ဂင်္ဂါသဲလုံးမကရှုံးအောင် ပုံနှုန်းထပ်တူ ပွင့်တော်မူကြကုန်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်လည်းကောင်း။

❖ ဓမ္မာနုဘာဝေန အဿတာတတ် အသင်္ခတာတတ် မင်္ဂလေးတန်ဖိုလ်လေးတန် တရားတော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်လည်းကောင်း။

❖ သံဃာနုဘာဝေန ပရမတ္ထအရိယာ သံဃာတော် အရှင်သူမြတ်တို့နှင့် ယခုရှိ သမုတိသံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်လည်းကောင်း။

ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အတိုက်ခံရန်ခပ်သိမ်းတို့အပြင် ဂြိုဟ်ဆိုးကြမ္မာဆိုး အန္တရာယ်ဆိုးတို့သည် အိမ်တွင်းအိမ်ပြင် ရွာတွင်းရွာပြင်မှ ကင်းစင်လွင့်ပျောက် မလာရောက်နိုင်ကြပါစေကုန်သတည်း။

❖ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ... [?]

❖ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြွက်၊ ပူး၊ နဂါး၊ ဟိုင်းယောက်ျား၊ မိန်းမဟူသမျှလည်း မြင်ကစုံမက် ချစ်ခင်ကြ၍ မြှောင်မေတ္တာ မှူစေသော်။



❖ ဆေးဝါးမွှန်နှံ မြုပ်ထစက်အပ် အနုနတ်ဆေးဟူသမျှလည်း စိတ်ကလိုတိုင်း ရစေသော်။

❖ လာဘ၊ လာဘာ လာဘ်မိုးရွာ၍ ချမ်းသာသုခ လိုတိုင်းတ၍ စိတ်မှထင်တိုင်း ရစေသော်။ သိကြားမင်းသွင် စိတ်ကထင်၍ ချစ်ခင်ခဏာ လိုတိုင်းရ၍ ချမ်းသာသုခရစေသော်။

သမ္မာဒေဝ နတ်များနတ်ကောင်း နတ်အပေါင်းတို့ သောင်းသောင်းဖြဖြ လိုတိုင်းတ၍ သုခများစွာ မစေသော်။ ဘေးရန်ကွာပြီး သူလျှိုအပေါင်းကိုလည်း အောင်မြင်ပြီးစီးပါစေကုန်သတည်း။ အောင်ကာသီး စောင့်ရှောက်ပါစေကုန်သတည်း။

အောင်ဘုန်းတန်ခိုး တိုးတက်ပါစေသတည်း။ အောင်တစ်ရှေ့ရှစ်ကွက် ဗုဒ္ဓစက် တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် တက်သစ်စနေထွန်း သစ်စလကဲ့သို့ စီးပွားဥစ္စာ ချမ်းသာတိုးတက်ကြပါစေကုန်သတည်း။

တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဖြစ်ပါမည်။ သူ့ရပ်နှင့်သူ့ရွာ၊ သူ့နေရာနှင့် သူ့ဒေသအရမူ အဟုတ်ကြီး ဟုတ်နေပါသည်။ မည်သူမဆိုစေ မြန်မာ့ရိုးရာ လက်ဆင့်ကမ်း ပညာကို မပျောက်ပြယ်စေလို၍ ရေးသား တင်ပြလိုက်ရပါကြောင်း...။

*အာယု ဝဏ္ဏော သုခံ ဗလံ*

**မောင်ဗဟိန်း(ဆေးတော်)**



www.burmeseclassic.com

www.burmeseclassic.com





◆ တရားရွှေပေါင်လောင်စေတီ နောက်ဘက်မြင်ကွင်း

ဇင်သိုက်

# ပေါင်လောင်ရှင်ကဿပမထေရ်

ကောင်းမှု စေတီတော်များ ပူဇော်မှုခရီး

### တရားရွှာ နှစ်ကျိပ်ရှစ်ဆူ ရွှေဂူကြီး ဘုရား

ပေါင်လောင်ရှင် ကဿပမထေရ် တည်ထားခဲ့သော တရားရွှေပေါင်လောင်ဘုရား (ခေါ်) နှစ်ကျိပ်ရှစ်ဆူ ရွှေဂူကြီးဘုရားသည် ဆားလင်းကြီးမြို့ အနောက်တောင်ထောင့်အရပ်ရှိ တရားရွာဦးတွင် ကိန်းဝပ်တော်မူပါသည်။

တရားရွာမှာ နရပတိစည်သူမင်း၏ မိဖုရားငယ်တစ်ဦးဖြစ်သည့် ဥယျာဉ်သည်သမီး "မဒူမကျင်"၏ ဖွားရာဇာတိ ဖြစ်သည်။ မဒူမကျင် မိဖုရား၏ သားတော် ဇေယျသိင်္ခ (ခေါ်) ဥဇနာသည် နရပတိစည်သူ နောက်ဆက်ခံသော ထီးလိုမင်းလိုမင်းဖြစ်ကာ မဒူမကျင်၏ သမီး ကျောင်းတော်သည် ရှင်မင်းလှမှာ မင်းနန်းသူ (ခေါ်) အနန္တသူရိယအမတ်၏ ဇနီး ဖြစ်သည်။

### တရားရွာသို့

ညောင်ပင်ကြီး ဆိပ်ကမ်းမှ ဆားလင်းကြီးမြို့သို့ သွားကာ မြို့လယ်အရောက်တွင် အနောက်ဘက်ဆီသို့ ဦးတည်ခဲ့သည်။

'ဦးလေး မေးကြည့်မှကောင်းမယ်။ ကိုယ်မရောက်ဖူးတဲ့ နေရာမို့ပါ'

'အေးလေ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝင်ပြီး စုံစမ်းတာပေါ့'

အတန်ကြာ သွားမိသောအခါ မြို့နယ်တရားရုံးရှေ့၌ ဆိုင်တစ်ဆိုင်တွေ့ရ၏။

'တရားရွာသွားဖို့ တရားရုံးရှေ့မှာ စုံစမ်းတာကောင်းတယ်'

မောင်ရန်နိုင်စိုးက ပြောပြောဆိုဆို ဆိုင်အနီး သစ်ပင်အောက်တွင် ဆိုင်ကယ်ရပ်ကာ ဝင်ထိုင်ကြသည်။ တရားရွာ သွားရာလမ်းကို စုံစမ်းကြည့်သောအခါ "ကျားတက်ရွာမှ သွားပါ၊ တောင်ဘက်လမ်းအတိုင်း သွားပါ၊ တာပေါင်လမ်းအတိုင်းသွားပါ" ဟူသည်ဖြင့် တစ်ယောက်တစ်မျိုးစီ ပြောဆိုကာ





www.burmeseclassic.com

www.burmeseclassic.com

စကားမဆုံးမီ ထွက်ခွာ သွားကြသည်။ သူ့အပူနှင့် သူ့ဗာဟီရနှင့် ရှိကြပေမည်။

နောက်ဆုံးတွင်ဆိုင်ရှင်ဖြစ်ဟန်တူသူ လူရွယ်က စားပွဲသို့လာကာ လမ်းညွှန်၏။

'ဦးလေးကျွန်တော်ပြောတဲ့အတိုင်း သွားပါ။ ကျားတက်က သွားရင် (၇)တိုင်လောက် ဝေးတယ်။ ပြန့်ကြီးဘက်က သွားပါ။ အလွန်ဆုံး (၅)တိုင်ပဲ ရှိတယ်'



◆ စေတီ ရှေ့ဘက်မြင်ကွင်း



◆ ရှေးရုပ်ပွား တစ်ဆူ

'ကောင်းပါပြီ မြေပုံညွှန်းကလေး လုပ်ပါဦး'

'ပုသိမ် – မုံရွာ လမ်းဆုံရောက်ရင် တောင်ဘက်ကိုချိုးပါ။ အတော်ကလေး သွားမိရင် အနောက်ဘက် မြေလမ်း အတိုင်းဆက်သွား၊ တာပေါင်တစ်ခု တွေ့မယ်။ တာပေါင်အတိုင်း လိုက်သွားရင် အဆုံးမှာ ပြန့်ကြီးရွာရောက်မယ်။ ရွာလယ်လမ်းအတိုင်း တောင်ဘက် ဆက်သွားပါ။ အဲဒီကနေ လှည်းလမ်း အတိုင်း လိုက်သွားရုံပဲ။ တရားရွာ ရောက်ပါပြီ'

မြေပုံညွှန်းဖြင့် ရေးမှတ်၍ ဝမ်းဖြည့်ပြီးသည်နှင့် ခရီးဆက်ကြသည်။

ပုသိမ် – မုံရွာ လမ်းဆုံ (ဆားလင်းကြီး)သို့ ရောက်သော် လက်ဝဲဘက် ပုသိမ်ဘက်သို့ ဦးတည်မောင်းနှင်သည်။ (၁၅)မိနစ်မျှကြာသောအခါ လမ်းနံဘေး သစ်ပင်ရိပ်တွင် တောင်းတစ်လုံးချ၍ နားနေသော အမျိုးသမီးတစ်ဦး တွေ့ရသဖြင့် စုံစမ်းကြည့်သည်။

'ဟိုးရှေ့က ပျပျမြင်နေရတဲ့ ထနောင်းပင်အောက်က မြေလမ်း အတိုင်း မောင်းသွားပါ။ တာပေါင်ကို ရောက်မယ်။ အဲဒီကမှ တာပေါင် အတိုင်း တောင်ဘက်ကိုလိုက်ပါ'

သူ လမ်းညွှန်သည့်အတိုင်း ဆက်သွားသော် တာပေါင်သို့ ရောက်၏။

'ဘယ်ဘက်ချိုးရမလဲ ဦးလေး'

'တောင်ဘက်လို့ ပြောတာပဲ'

'မိုးရိပ်အုံ့နေတာ အရှေ့၊ အနောက်၊ တောင်၊ မြောက် မှန်းလို့ မရဘူး။ ကျွန်တော်လဲ တစ်ခေါက်မှ မရောက်ဖူးလို့ မသိဘူး'

ကင်မရာအိတ်တွင်းမှ လမ်းပြအိမ်မြှောင်ကို ထုတ်ကြည့်ရသည်။

'အင်း... ဘယ်ဘက်ကို ထင်တာပဲ။ အရှေ့တောင်ထောင့်လို့ ပြတယ်။ ဟော့... တာပေါင်က မသွားနဲ့လေ။ ဆိုင်ကယ်တော့ မသိဘူး။ လှည်းမောင်းရင် ဒဏ်ငွေ ငါးသောင်းတဲ့။ အောက်က လှည်းလမ်းအတိုင်း သွားတာ ဘေးကင်းပါတယ်'

လှည်းလမ်းအတိုင်းလိုက်၍ (၁၅) မိနစ်ခန့်အကြာတွင် တာပေါင်နှင့် ဝေးရာသို့ ဦးတည်နေလေသည်။ လမ်းဆုံးလျှင် ရွာတွေ့မည်။ ရွာမတွေ့သော်မှ ယာခင်း၊ ယာတဲတော့ တွေ့ပေမည်။

ကွမ်းတစ်ယာညက်မျှ ကြာသောအခါ ရွာမတွေ့၊ ယာမတွေ့သော်လည်း ထင်းလှည်းတစ်စီးကို တွေ့ရ၏။ ထင်းလှည်းမောင်းသူ၏ လမ်းညွှန်မှုဖြင့် မြေလမ်းတစ်ခုအတိုင်း နာရီဝက်မျှ မောင်းနှင်ပြီးသောအခါ ဆည် လက်တံမြောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် သစ်သားတံတားကို မြင်ရလေသည်။

'တံတားကျော်ရင် ရွာရောက်ပြီတဲ့'

အားရဝမ်းသာ ဖြတ်ကျော်လိုက်သောအခါ အုတ်ဂူစေတီဖွေးတစ်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com






◆ လှိုဏ်တွင်းမှ မှင်ပယ်အချို့

◆ အာရုံခံတွင်းမှ အရှေ့ဘက်မှုခ်

◆ လှိုဏ်ပတ်လမ်း တစ်နေရာ



လမ်းနှစ်ခွကို တွေ့ရ၏။ လူသူကင်းဝေးသဖြင့် မေးစရာလဲမရှိပါ။ အတန်ကြာသော် နွားသံ, ဝက်သံ သဲ့သဲ့ကြားရသဖြင့် တောင်ကုန်းကလေးပေါ်သို့ မောင်းတက်ခဲ့ကြသည်။

တောင်ကုန်းထိပ်တွင် ''ကတုတ်'' ဟု ခေါ်နိုင်သော အခင်းမပါ၊ အမိုးအကာသာရှိသော တဲတစ်လုံးနှင့် နွားနှစ်ကောင်၊ ဝက်နှစ်ကောင်ကို တွေ့ရ၏။

'အိမ်ရှင်တို့... အဲလေ... တဲရှင်တို့'

အတန်ကြာ အသံပေးသော်လည်း လူသံ မကြားရပါ။ တံခါးသာရှိ၍ တံခါးရွက်မရှိသော တဲကြီးအတွင်း ဝင်ကြည့်သောအခါ ကွပ်ပျစ်တစ်ခုပေါ်၌ အိပ်ရာတစ်စုံ၊ အိုးခွက်အနည်းငယ်နှင့် ''ကာချီဘို'' ရေဒီယိုတစ်လုံးသာ တွေ့ရလေသည်။

'ယာခင်းထဲ ရောက်နေတယ် ထင်ပါရဲ့'

ကြံရာမရသည့်အဆုံး လှည်းလမ်းအတိုင်း ဆက်၍ ထွက်ခဲ့ရာ နာရီဝက်မျှ ကွေ့ဝိုက် ဆင်းတက်ပြီးနောက် နွားကျောင်းသူတစ်ဦး တွေ့ရ၏။

'အစ်မကြီး ပြန့်ကြီးရွာကို ဘယ်က သွားရသလဲ'

'ဒါပဲလေ'

သူက ''ဒါပဲလေ''ဟု ဆိုသော်လည်း (၁၅)မိနစ်ခန့်ကြာမှ ပြန့်ကြီးရွာသို့ ရောက်၏။ ပြန့်ကြီးရွာ၌ ထပ်မံစုံစမ်းကာ တောင်ကုန်းသုံးခုနှင့် ချောင်းတစ်စင်းကို ဖြတ်သန်းပြီးလေမှ တရားရွာသို့ ရောက်တော့သည်။

'ဦးလေးနဲ့ ကျွန်တော် ကလေး၊ ချင်းတောင်အထိ ဆိုင်ကယ်တစ်စီးနဲ့ ခရီးဆန့်ဖူးတယ်နော်'

'အင်းလေ နေရာအစုံ ရောက်ခဲ့ကြတယ်။ မိုးရေထဲမှာ အစာတော်ခံပြီး အိပ်ခဲ့ရတာတွေလဲ မနည်းဘူး'

'အဲဒီ သွားသမျှ ခရီးတွေထဲမှာ ဒီခရီး အပင်ပန်းဆုံးပဲ၊ မေးစရာ လူမရှိ




www.burmeseclassic.com

www.burmeseclassic.com



◄ ကျောက်ဆစ်ကျားရုပ် (၂)ခု



အနီးမှ သမ္ဗုဒ္ဓေစေတီ ►

သောက်စရာ ရေမရှိ၊ ခိုစရာ အရိပ်မရှိနဲ့'

'မောင်ရင် ကိုယ်နဲ့တွဲဖြစ်တာ ဝါသနာ အရင်းခံတယ် မဟုတ်လား'

'ဟုတ်တယ်လေ တိမ်မြုပ်နေတဲ့ ရှေးနေရာတွေ၊ အထောက်အထားတွေ၊ ဘုရားစေတီတွေ လေ့လာ ဖော်ထုတ်ရတာ ဝါသနာပါတယ်'

'ကိုယ် ကုန်သည်ဘဝကနေ စာရေးဆရာ အယ်ဒီတာအဖြစ် ခံယူလှုပ်ရှားတော့ ညီငယ်တွေက အားမလို အားမရ စကားဆိုကြတယ်။ အစ်ကို ဘယ်လိုဝင့်ကြွားကြောင့် စာရေးဆရာ ဖြစ်တာလဲတဲ့။

ကိုယ့်ဆရာကတော့ ခင်ဗျားလုပ်ခဲ့တာတွေက ဘယ်သူမှ ခိုးယူလို့မရတဲ့ ကုသိုလ်ဘဏ်တိုက်ကြီးကို ဖြည့်နေတာလို့ ပြောတယ်။ မောင်ရင်လဲ အခုလို ဖွဲ့နပဲနဲ့လိုက်ပြီး ကူညီတာ ကုသိုလ်ဘဏ်တိုက် ဖြည့်တာပဲပေါ့'

## ရွှေတော်မှောက်ဆီသို့

တရားရွာတွင်း၌ ဝင်ရောက် စုံစမ်းကြည့်သောအခါ ရွာအရှေ့ဘက်ရှိ နှစ်ကျိပ်ရှစ်ဆူ ရွှေဂူကြီးဘုရားသို့ လမ်းညွှန် ပို့ဆောင်ပေးသည်။ အရှေ့ဘက် အာရုံခံတန်ဆောင်း ပါရှိ၍ အလယ်မဏ္ဍိုင်ခံကာ ပတ်လည်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော် (၂၈)ဆူ ပူဇော်ထားသော လိုဏ်ပါဂူဘုရား ဖြစ်သည်။

မြောင်မြို့နယ် ကျောက်ရစ်ရွှေပေါင်လောင်စေတီနှင့် အရွယ်အစား မတိမ်းမယိမ်း ရှိသည်။ ဤစေတီကား တရားရွာ ရွှေပေါင်လောင်ဘုရား ဖြစ်လေသည်။

ရုပ်ပွားတော်များမှာ အတန်ပင် ရှေးကျ၍ နံရံပတ်လည်တွင် တိုးလျှိုပေါက်ပြတင်းများ တပ်ဆင်ထားသဖြင့် ပတ်လမ်းတစ်လျှောက် လင်းလင်းရှင်းရှင်း ရှိသည်။

ရွာအပြင်၌ ရှိသော်လည်း လန်းဆန်းဝေဆာသော ပန်းများ၊ သောက်တော်ရေများ ကပ်လှူထားကာ အတွင်း၌ အမှိုက်သရိုက်၊ တိရစ္ဆာန် အညစ်အကြေးများ ကင်းစင်နေသည်။

လိုဏ်ဂူအထက်တွင် ပြာသာဒ်ဘုံကိုးဆင့်တင်၍ ထီးတော် ကပ်လှူထားသည်။ ပေါင်းမိုး နေရာအချို့တွင် အက်ကွဲနေသော်လည်း ခိုင်ခံ့နေဆဲဖြစ်သည်။ အနည်းငယ် မွမ်းမံ ထိန်းသိမ်းရုံဖြင့် ရေရှည် တည်တံ့နိုင်သော အုတ်တိုက်လိုဏ်စေတီ ဖြစ်သည်။

စေတီ၏ အရှေ့တောင်ထောင့်တွင် ပေါင်လောင်ရှင်ကဿပ သီဟိုဠ် (သီ လင်္ကာ)မှ ယူလာသော ဗောဓိညောင်ပင်ကြီး ရှိခဲ့သော်လည်း ယခုအခါ သေဆုံး ပျောက်ပျက်သွားပြီဟု သိရသည်။

စေတီအရှေ့ဘက် မြေပြင်တွင်ကား ကျားရုပ်နှစ်ခုနှင့် သာဝက ရဟန္တာ ရုပ်တစ်ခုကို တွေ့ရသည်။ ကျားရုပ်များမှာ အတန်အသင့် ကောင်းမွန်သော်လည်း ရဟန္တာရုပ်တုမှာ ဦးခေါင်း မရှိတော့ပါ။ ထိန်းသိမ်းကင်းမဲ့နေဟန် ရှိသည်။

ဤရုပ်တုများမှာ ပေါင်လောင်ရှင်ကဿပနှင့် ဆက်နွယ်သော ကျောက်ဆစ်လက်ရာများဖြစ်ကြရာ ကြာရှည် တည်တံ့စေရန် ဝါယမစိုက်ထုတ်ရမည့် သမိုင်းဝင် အထောက်အထားများ ဖြစ်လေသည်။

ယင်း၏ မြောက်ဘက်တွင် ထုလုံး



www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့မြောက်ထောင့်မှ ပွတ်စေတီ

ညည် မဏ္ဍိုင်ပတ်လည် ရုပ်ပွားငယ်များ ရှာ ပူဇော်ထားသည့် သမ္ဗုဒ္ဓေစေတီ တစ်ဆူ တွေ့ရသည်။ ဘုရားတစ်ထောင် စေတီဟု ခေါ်ကြသည်။ မလှမ်းမကမ်း၊ အရှေ့မြောက်ထောင့်အရပ်တွင် ပွတ်စေတီတစ်ဆူနှင့် ပျက်ယွင်းနေသော ရှေးဟောင်းစေတီ (၃) ဆူတို့ကို မြင်ရသည်။

တရားရွာတွင် ရှေးဟောင်းစေတီ မြောက်မြားစွာ တည်ရှိရာ အများစုမှာ စောင့်ရှောက်မှု ကင်းမဲ့၍ ပြိုပျက်နေသည်ကို တွေ့ရလေသည်။

ထီးလိုမင်းလိုမင်းသည် ပုဂံထီးနန်းကို ဆက်ခံရသောအခါ မယ်တော် ဇာတိ တရားရွာကို မြို့တည်ကာ ခြသေ့် သဏ္ဌာန် မြို့ရိုးပတ်ရံ ပြုလုပ်ထားခဲ့သည် ဆို၏။ မြို့ရိုးအုတ်တန်း အကြွင်းအကျန်အချို့ တွေ့မြင်ရသည်။

တောကျောင်းနေရာကား စုံစမ်း၍ မရပေ။ သိမ်မှာ အာသောကကျောင်းဝင်း၌ ရှိခဲ့၍ နှစ်အတန်ကြာကပင် ပြိုပျက်သွားပြီ ဖြစ်သည်။ ရဟန္တာသိမ်ဟု ခေါ်တွင်ခဲ့ကြသည် ဆို၏။

ပေါင်လောင်ရှင်ကဿပသည် ထီးလိုမင်းလိုမင်း လက်ထက်တွင် ပုံလွှန်တော်မူရာ မင်းကြီးက မထေရ်၏ သီတင်းသုံးခဲ့ရာ နေရာများ၌ အထိမ်းအမှတ် လွှမ်းစေတီ တည်ခဲ့သည်ဆို၏။ တရားရွာမှာ မယ်တော်၏ ဇာတိရွာဖြစ်ရာ ဤ၌လည်း လွှမ်းစေတီ တည်ခဲ့နိုင်သည်။

စေတီ အရှေ့မြောက်ထောင့်မှ ပွတ်စေတီသည် လွှမ်းစေတီ ဖြစ်နိုင်ဖွယ်ရှိသည်။ သို့သော် ပွတ်စေတီ သဘာဝအတိုင်း ဘီလူးပန်းဆွဲ၊ ကနုတ်ခြူးနွယ် အပြောက်အမွမ်းမရှိ၊ စက်ဝိုင်းပုံ လုံးချောသာဖြစ်ရာ လေ့လာစရာ မရှိပေ။

သို့ဖြင့် နှစ်ကျိပ်ရှစ်ဆူ လိုဏ်အတွင်း၌ ဆေးရေးပန်းချီများ ရှိနိုးဖြင့် ဝင်ရောက်ရှာဖွေကြည့်၏။ အတန်ကြာအောင် ရှာဖွေသော်လည်း စုတ်ချက်တစ်ချက်တလေမျှ မမြင်ရ၊ စုတ်ထိုးနေသော အိမ်မြှောင်နှင့် အိမ်ဖွဲ့နေသော ပင့်ကူတို့ကိုသာ မြင်ရ၏။

ပင့်ကူကို မြင်ရလေမှ အရှင်နာဂသိန်၏ ပင့်ကူဥပမာ ဩဝါဒကို သတိရမိသည်။

'မိလိန္ဒမင်းကြီး ခရီး၌ အမြွေးတန်းသော ပင့်ကူသည် ခရီးလမ်း၌ မြွေးသော ကွန်ကရက်ကိုပြု၍ ထိုကွန်ကရက်၌ ပိုး, ယင်, နှံတို့ မိလာအံ့။ ယင်းတို့ကို ဖမ်းယူ၍စားသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်သည် ခြောက်ပါးသော ဒွါရတို့၌ သတိပဋ္ဌာန် တရားတည်းဟူသော အဆီးအတား ကွန်ရက်ကိုပြု၍ ထိုကွန်ရက်၌ ကိလေသာတည်းဟူသော ခြင်, မှက်တို့ ဖွဲ့ယှက်လာကုန်အံ့။

ထိုအခါ၌ပင် ကိလေသာတို့ကို သတ်အပ်ကုန်၏။ မင်းကြီး ဤသည်ပင် ခရီးလမ်း၌ အမြွေးတန်းသော ပင့်ကူ၏ တစ်ပါးသော အင်္ဂါကို ယူအပ်၏။ မင်းကြီး ငါသာလျှင် ဤစကားကို မဆို၊ ရှင်အနုရုဒ္ဓါသည်လည်း ဤသို့ပင် ဆိုဖူးတယ်'

ဘာသိတမ္ဘေတံ မဟာရာဇ ထေရေန အနုရုဒ္ဓေန...

"စိတ္တံ နိယမေ ဆသု ဒွါရေသု၊
သတိပဋ္ဌာန ဇာလုတ္တမေ။
ကိလေသာ တတ္ထ လဂ္ဂါ စေ၊
ဟန္တဗ္ဗာ တေ ဝိပဿိနာ"တိ။

ဟူ၍ ဖြစ်သည်။

မိမိသည်လည်း အမြင်တန်း၍ ရသမျှ ရှာဖွေပြီးပြီ ဖြစ်ရကား ပန်း, ရေချမ်း စုံလင်စွာ ပူဇော်သူ မပြတ်လပ်သော ဤစေတီတော်အား ပူဇော်ဆုပန်ပုံ အထူးကို စူးစမ်း လေ့လာကြည့်မိသည်။

## အထူးပြု ဆုပန်ခြင်း

တရားရွာကား ထီးလိုမင်းလိုမင်း တည်သောမင်း ဖြစ်သည်။ ဥဇနာမင်းသားဘဝက မယ်တော် တောင်းဆိုသဖြင့် နရပတိစည်သူမင်းက နန်းလျာအဖြစ် လျာထားလို၏။

သို့သော် အညီအမျှ ဖြစ်စေရန် သားတော် ငါးပါးအလယ်တွင် ထီးတော်စိုက်ကာ ညွှတ်သူကို နန်းလျာ



www.burmeseclassic.com

www.burmeseclassic.com

ပေးမည်ဟု စီစဉ်၏။

ထီးတော်က ဘုရင်လိုလားသော ဥဇနာမင်းသားဆီသို့ပင် ညွှတ်သဖြင့် ထီးလိုမင်းလိုမင်းဟု တွင်သည်။

သက်တော် (၃၇)နှစ်တွင် စည်းစိမ် ရရှိသောအခါ တိုင်းရေးပြည်ရာ ကိစ္စ အဝဝကို နောင်တော်လေးပါးနှင့် တိုင်ပင်ပြီးမှသာ ဆောင်ရွက်၏။ သမိုင်းတွင် လွှတ်တော်စနစ်ကို စတင်ခဲ့သောမင်း ဖြစ်သည်။ မင်းကျင့်တရားနှင့်ညီ၍ အနေအထိုင် အေးဆေးတည်ငြိမ်၏။ ဘာသာရေး ကိုင်းရှိုင်း၏။

နှစ်ကျိပ်ရှစ်ဆူ ရွှေဂူကြီးစေတီသည် လူအများ ချစ်ခင်လေးစားမှု ခံရသော ဘုရင်တည်သောမြို့၏ အရှေ့အရပ် တွင် ရှိ၏။ နံတော် အင်္ဂါသားဖြစ်၍ သိင်္ဂီအရပ်၌ ကိန်းဝပ်တော်မူ၏။ သိင်္ဂီမှာ တင့်တယ်ခြင်း, ပြည့်စုံခြင်း, ပညာ, ဘုန်း, အသရေ စသည် အနက်ညွှန်း၏။

ထို့ကြောင့် ဤစေတီတွင် ကုသိုလ် ပြုကာ ဉာဏ်ပညာ ထက်မြက်ခြင်း၊ ဘုန်းတန်ခိုး ထွန်းတောက်ခြင်း၊ ကျက် သရေမင်္ဂလာ ပြည့်ဝခြင်း၊ တောင့်တ အပ်သော အရာဆန္ဒတို့ ပြည့်စုံခြင်း၊ လှပတင့်တယ်ခြင်း စသည် တောင်းဆု ပြုနိုင်ကြသည်။

တည်မှီကိန်းဝပ်ရာ **"တရား"**ရွာ ပညတ်အရ **"တော်ရင်း"** မိတ် ဖြစ် သည်။ "လံတော" အောင်ဓာတ်ဖြင့် လည်း ပံ့ပိုးပေးသည်။ ဂြိုဟ်သက်ပေါင်း စနေ + ဗုဒ္ဓဟူး = ၁၀ + ၁၇ = ၂၇ ဖြစ်၍ နဝင်းကျေ၏။

ဤသို့ ကာရကစွမ်းအင်များ ပြည့်စုံ သော တရားရွာ နှစ်ကျိပ်ရှစ်ဆူ၊ ရွှေ ပေါင်လောင်စေတီတွင် ဒါနကုသိုလ် အဖြစ် ယပ်တောင်၊ ရေတွင်းကဲ့သို့ "တရား"နှင့် ကက်ကင်းလုန်၍ လှူဒါန်း



ပြိုပျက်နေသော ရှေးစေတီအချို့

နိုင်သည်။ နံတူထပ်ကာ "တရား" အလှူပေးနိုင်သည်။ ယခုအခါ ဓမ္မ ကထိက ဆရာတော်တို့၏တရား ဓာတ် ပြားများ လွယ်လင့်တကူ ဝယ်ယူ ရရှိ နိုင်ပေသည်။

သီလဘာဝနာ ကုသိုလ်ပြုလိုပါက ပုတီး (၂၈)ပတ်စိပ်ခြင်း၊ သုတ်ပရိတ် ဂါထာတော်များ (၂၈)ကြိမ် ရွတ်ဖတ် ပူဇော်ခြင်း၊ (၂၈)ရက် အဓိဋ္ဌာန်ခြင်း စသည်ဖြင့်လည်း အားထုတ်နိုင်လေ သည်။

## အပြန်လမ်းညွှန်

တရားရွာ ရွှေပေါင်လောင်စေတီ လေ့လာပူဇော်ရာ ပုဂံခေတ်နှောင်း လက်ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်များ ကို ဖူးတွေ့ခဲ့ရသည်။ ကိန်းဝပ်တော် မူသော ဂန္ဓကုဋိ လိုဏ်ဂူတော်မှာလည်း အဝင်မုခ် ပေါင်းခုံးနိမ့် နိမ့်၍ ထူထဲသော နံရံများရှိသည့် ပုဂံခေတ် ဗိသုကာ လက်ရာပင် ဖြစ်သည်။

စေတီအနီး၌ မထေရ်မြတ် ကုန်း လမ်းခရီးကြွရာတွင် ကျောထက်တင်၍ ပင့်ဆောင်လေ့ရှိသည်ဆိုသော ကျား ရုပ်၊ ကျောက်ဆစ်လက်ရာများ လေ့ လာခွင့်ရခဲ့သည်။ စေတီ၏ အရှေ့ မြောက်ထောင့်ရှိ ပွတ်စေတီမှာ မထေရ် မြတ် ပျံလွန်တော်မူပြီးနောက် သီတင်း သုံးရာ နေရာများတွင် ထီးလိုမင်းလို မင်းက အထိမ်းအမှတ်အဖြစ် တည် သော စေတီဟု ယူဆဖွယ်ရှိ၏။

သို့ဖြစ်၍ ပူဇော်ခရီးသည် အတန် အသင့် ပြည့်စုံသည်ဟု ကောက်ချက်ချ နိုင်၏။ ပို၍ ပြည့်စုံရသည်ကား အပြန် ခရီး ဖြစ်သည်။ အလာခရီးတွင် ယောင် ချာချာ စမ်းတဝါးဝါး ရှိခဲ့သော်လည်း အပြန်ခရီးမှာ အဆင်ပြေ လွယ်ကူပါ သည်။

ရွာအနောက်ဘက်တွင် ညီညာ ဖြောင့်ဖြူးသော ကျောက်ခင်းကားလမ်း ရှိ၏။ ထိုလမ်းမှ လေးမိုင်ခန့် သွားမိလျှင် **"ကျားတက်"**ရွာရောက်၏။ ပခုက္ကူ– မုံရွာ (မြစ်တစ်ဖက်ကမ်း ညောင်ပင်ကြီး ရွာ) မူလ ကားလမ်းဟောင်း၏ လမ်းခု လတ်၌ရှိသောရွာ ဖြစ်သည်။ ပခုက္ကူသို့ (၄၅)မိုင်၊ မုံရွာ(ညောင်ပင်ကြီး)သို့ (၂၅) မိုင် ကွာလှမ်း၍ ကတ္တရာလမ်း ဖြစ် သည်။

မုံရွာမှလာလျှင် မုံရွာ–ပုသိမ် လမ်းဆုံ (ဆားလင်းကြီး) အရောက်တွင် အနောက်ဘက်လမ်းအတိုင်း ကျား တက်ရွာသို့ ဦးတည် သွားရောက်နိုင် လေသည်။

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com



# အခက်အခဲ အကျပ်အတည်းတွေ့နေသူများ

## အမြန်ပြေလည်စေမည့် အစီအရင်

အလွန်ထိရောက်လှကာ မိမိ အကြံဆေး လမ်းညွှန်၍ လိုက်နာ လုပ်ဆောင်ကြသူအားလုံး ရာခိုင်နှုန်းပြည့် အောင်မြင်ရကြသည်ဟု အရှင်သီလာစာရက မိန့်ကြားသည်။

**ရှေးဦးစွာ ဘုရားစင်ရှေ့တွင် သာသနာပွဲ ပြင်ပါ။**

ငှက်ပျော် (၅)ဖီး
အုန်း (၁)လုံး
အမွှေးတိုင် (၁)ထုပ်
ဖယောင်းတိုင် (၁)ထုပ်

ကွမ်း၊ ဆေး၊ လက်ဖက်၊ နံ့သာရည်တို့ဖြင့် ပွဲပြင်ကာ မိမိ အလိုရှိရာကိစ္စသည် **ပွင့်လန်းရေး (လာဘ်ရလိုမှု၊ အခွင့်အရေး၊ ရာထူး၊ ဥစ္စာပစ္စည်းရလိုမှု စသည်)**အတွက် ဖြစ်လျှင် **ပန်း(၁)ပွင့်၊ ပိတ်,ပျက်ရေး(ရန်ငြိမ်းခြင်း၊ အမှုပြီးလိုခြင်း၊ ရောဂါပျောက်လိုခြင်း၊ ဘေးအန္တရာယ်ဒုက္ခ အေးချမ်းလိုခြင်း စသည်)**အတွက်ဖြစ်လျှင် ပိတ်စ (ကြက်သွန်သဏ္ဍာန် ပြုလုပ်နိုင်သည်) (၉)စ ထည့်သွင်းပါ။

ထို့နောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးအတွက် ရည်မှန်းကာ မိမိတတ်နိုင်သမျှ ဝတ္ထုငွေကြေးကို ခွဲဖြုတ်ထည့်သွင်းပါ။

ထိုသို့ပြင်ဆင်ပြီးလျှင် ဖယောင်းတိုင်သုံးတိုင်ယူ၍ “စတင်သည့်နေ့နံ၊ အသက်၊ မွေးနေ့နံ၊ စတင်သည့်နေ့(ပြန်ပိတ်)၊ အလိုရှိရာကိစ္စ”တို့ကို အရင်းမှ စ၍ ရေးပါ။ ဥပမာ အသက်(၄၅)နှစ်ရှိ စနေသား ဦးတင်သည် ရိုက်မှုအတွက် အမှုရင်ဆိုင်နေရသဖြင့် ငြိမ်းအေးစေရန် အင်္ဂါနေ့တွင် ဤအစီအရင်ကို စတင်ပြုလုပ်သည် ဆိုပါစို့။

* * *

ဖယောင်းတိုင်

အရင်း (ဂါ၊ ၄၅၊ စ,နေ၊ ဂါ၊ ဦးတင်ရိုက်မှု အမြန်ကျေအေးစေ) — ဖျား



◆ အရှင်သီလာစာရ (ဒေါ်မေအုတ်ကျောင်း)

ဖယောင်းတိုင်သုံးတိုင်စလုံးတွင် ဤသို့ ရေးသားပါ။ ထို့နောက်...

❖ ရတနာသုံးပါးကို ရည်မှန်း၍ (၁)တိုင်။
❖ သာသနာ့ပါလနတ်များအား ရည်မှန်း၍ (၁)တိုင်။
❖ အိမ်၊ မြို့၊ ရွာ၊ ဌာနစောင့်နတ်များအား ရည်မှန်း၍ (၁)တိုင်

ထွန်းညှိပူဇော်ပါ။ နေ့စဉ် နံနက်(၉)နာရီတွင် တစ်ကြိမ်၊ ည(၉)နာရီတွင် တစ်ကြိမ် ပူဇော်ရပါမည်။ ကန်တော့ပွဲကိုလည်း ကိစ္စမပြီးမီ မစွန့်ပါနှင့်။ ဤသို့ ပူဇော်နေစဉ်ကာလ ရက်များအတွင်း နေ့စဉ် ပဋ္ဌာန်း(၂၄)ပစ္စည်း (အကျဉ်း သို့မဟုတ် အကျယ်)ကို တတ်အားသရွေ့ ရွတ်ဖတ်ပူဇော်ပေးပါ။

နဝင်းသုံးဆက် (၂၇)ရက် အတွင်း အောင်မြင်ကြသည်ချည်း ဖြစ်သည်ဟု ကြားနေရသည်။ အလွန်အရေးကြီးမှသာ စီရင်ရန် ဖြစ်သည်။ သာမန်ကိစ္စ၊ ဆန္ဒကလေးများအတွက် အစဉ်အမြဲ မပြုလုပ်မိရန် မှာသည်။

ကန်တော့ပွဲ စွန့်သောအခါတွင် ဆွမ်းခံသံဃာ တစ်ပါး သို့မဟုတ် အများအား ဆွမ်းလောင်းလှူပါ။ တတ်နိုင်လျှင် ဆွမ်းထမင်း၊ ဟင်း၊ ခဲဖွယ်ချိုချဉ်စုံ လှူဒါန်းပါ။

◆ သင်္ကန်း(၉)မျိုးအနက် မိမိ တတ်နိုင်သည့် တစ်မျိုးမျိုး ကပ်လှူပါ။
◆ ဆောက်လက်စကျောင်းတွင် အလှူငွေ ထည့်ဝင်ပါ။ ပြင်ဆင်နေသောကျောင်း လည်း ဖြစ်နိုင်ပါသည်။
◆ ရဟန်းသံဃာတို့နှင့် စပ်လျဉ်းသော (ဥပမာ စတုမဓု) ဆေးတစ်မျိုးမျိုး ကပ်လှူပါ။ ပုဂ္ဂလဓိဋ္ဌာန် မထားဘဲ ကြုံရာရဟန်းတစ်ပါးပါးကို လှူဒါန်းရန်ဖြစ်သည်။

သာသနာပွဲ မစွန့်မီလည်း ကြိုတင်လှူဒါန်းနိုင်ပါသည်။

**[ဒါနပြုသော အရှင်သီလာစာရ (မုံရွာ မဟာလယ်တီတိုက်၊ ဒေါ်မေအုတ်ကျောင်း)အား ဂါရဝပြု ရှိခိုးလျက်...]**

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# သရက်တစ်ခက် မျက်သမာရွက်

၂၀၁၂ ခုနှစ်၊ ဖွန်လ (၂၀)ရက်နေ့တွင် သစ်ပင်စိုက်ပွဲတော်ကို ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အိုးဖိုစုကျေးရွာတွင် ကျေးရွာချင်းဆက် ပြည်တော်သာလမ်းတွင် ကျင်းပသဖြင့် ဦးသိန်းဦး (တောခေါင်း)မှ ဖိတ်ကြားသဖြင့် စာရေးသူနှင့် ရပ်မိရပ်ဖများ စုံလင်စွာ တက်ရောက်အားပေးကာ သစ်ပင် စိုက်ပျိုးကြသည်။

စာရေးသူနှင့် ဘေးချင်းယှဉ်ကာ စိုက်ပျိုးနေသော အမျိုးသမီးငယ်တစ်ဦး မျက်နှာပေါ် လက်တစ်ဖက်အုပ်ကာ လက်တစ်ဖက်မှ သစ်ပင်စိုက်နေသည်ကို မြင်ရသဖြင့် သွားရောက်ကာ ကူစိုက်ပေးလိုက်သည်။

'တူမလေး မျက်စိထဲ ဖုန်ဝင်သွားတာလား'

'မဟုတ်ဘူးလေးလေး မျက်သမာပေါက်နေလို့'

'ငါ့ညီ စိုက်ပြီးပလား'

'ဟုတ်ကဲ့ ပြီးသွားပြီ၊ ဒီမှာ အစ်ကိုရေ ကလေးမလေးတစ်ယောက် **မျက်သမာပေါက်နေတာ** ရောင်ကိုင်းနေတာပဲ။ မျက်သမာ မန်းတတ်သူရှိရင် ပြောလိုက်ပါ၊ သနားပါတယ်'

'လွယ်ပါတယ် ငါ့ညီရာ မင်းပဲ လိုက်ပို့လိုက်၊ မင်းအစ်မ နီနီဆီ ခေါ်သွား၊ မန်းလဲ မမန်းဘူး၊ တစ်ပြားမှလဲ မကုန်ဘူး။ သွား... သွား'

'လာ... လာ တူမ ဆိုင်ကယ်နဲ့ သွားမယ်'

စာရေးသူတို့ တောခေါင်း ဦးသိန်းဦး အိမ်သို့ ရောက်လာသောအခါ ဆိုင်ဈေးရောင်းနေသော ကျွန်တော့်အစ်မ မနီနီ ဆီးကြိုပါသည်။

'အမယ်... အမယ် ငါ့မောင် မျက်စိလည်လာတာ ဖြစ်မယ်'

'မဟုတ်ပါဘူး အစ်မနီရယ် ဒီမှာ ကလေးမလေး မျက်သမာပေါက်နေလို့ အစ်ကိုက အစ်မနီဆီ သွားဆိုလို့ ကူညီပါဦး'

'လာ သမီးလေး၊ ဘာနေ့သမီးလဲ အန်တီကို ပြောပါဦး'

'သောကြာပါရှင့်'

'ဒါဆိုရင် အိမ်ရှေ့က သရက်ပင်က သရက်ကိုင်း ချိုးလာခဲ့ ခုနစ်ရွက် ပါအောင်ချိုးနော်'

'ဒီမှာ အန်တီ ဒီအကိုင်းဆိုရလား'

'အေး... အေး၊ ရတယ်'

'မျက်လုံးလေးမှိတ်ထားသမီး သောကြာသမီးမှာ ပေါက်ရောက်နေတဲ့ မျက်သမာရောဂါ ဒီနေ့ ဒီအချိန်မှာပျောက် (၇)ရွက်၊ (၇)ခါ ဆိုရပါမယ်။

သရက်ရွက် တစ်ရွက်စီခူးချိုးကာ သရက်ရွက် အညှာလေးဖြင့် မျက်သမာအဖုကို ထိရုံလေးထိကာ တစ်ရွက်ပြီးတစ်ရွက် ခုနစ်ခါတို့ပြီး နီးတစ်ချောင်းကိုယူကာ သရက်ရွက်ကို အရင်းနားဆီမှဖောက်၍ ပန်းသီသလိုစီပြီး နီးစကိုထုံးလျက် နီးစပ်ရာ လက်လှမ်းမီရာ တံစက်မြိတ်တွင် ချိတ်ထားပါ။

နှလျှင်ပိန် ရင့်လျှင်ပေါက်ကာ မျက်သမာရောဂါ သက်သာ ပျောက်ကင်းသွားပါတယ်။ ပျောက်တယ်ဆိုတာ နောက်ထပ် မျက်သမာ ပေါက်ချင်တယ်ဆိုတောင် မပေါက်တော့ပါ'

အစ်မနီနီ ပြောပြသည်မှာ သူငယ်စဉ်က မျက်သမာပေါက်တာ ဆေးထိုး၊ ဆေးစား၊ မန်းလုပ်တာ အရက် နှစ်ဆယ်လောက်ကို ငိုနေရတယ်။ ကံကောင်းတယ် ဆိုရမလား၊ ပျောက်ချင်လာတော့ ရွာမှာ နွားတွေ တစ်အုပ်ကြီး လာကျောင်းနေတဲ့ အိန္ဒိယလူမျိုး အမျိုးသားကြီးတစ်ဦးက အစ်မနီနီတို့အိမ်မှာ



အမြဲလာပြီး ရေသောက်တယ်။ သူ... နာမည်က ဦးဘူးသီးပါ။ ဘောင်းဘီ... ပွပွကြီးနဲ့ မုတ်ဆိတ်မွေးတွေနဲ့ပါ။

ပါးမြိုင်းမွေးတွေကလဲ အရှည်ကြီး... ရေလာသောက်ရင်း...

'ကလေး ဘာလို့ ငိုတာလဲ၊ ... မကောင်းလို့လား'

လို့ မေးတော့...

'မျက်သမာညှော်မိပြီး ကိုက်နေ... ငိုတာပါ'

လို့ ပြောလိုက်တော့...

'အိုကွာ လွယ်လွယ်လေး သရက်... ကိုင်းချိုးလာပြီး အထက်မှာ ပြောသ... တို့ပေးလိုက်တာ အခုချိန်ထိ မျက်သမ... မပေါက်တော့ဘူး'

ဟု ပြောပါသည်။

အစ်မနီနီမှ စာရေးသူအား နက္ခ... ရောင်ခြည်မဂ္ဂဇင်းတိုက်မှ အများပြည်... သူတွေ ငွေကုန်ကြေးကျမရှိ အလွယ်တ... ကူ အသုံးပြုလျက် ကျန်းမာသုခ ပြည့်... အောင် ရေးသားတင်ပြပေးရန် ပြောပ... သဖြင့် စာရှုသူအနေဖြင့် ဘယ်နေရာ... ဘယ်ကိုရောက်ရောက် မျက်သမ... ပေါက်သူရှိခဲ့လျှင် ကုသိုလ်ဖြစ် ကုသ... ပေးနိုင်ရန် ရည်သန်၍ ရေးသား တင်... အပ်ပါသည်။

***ကျန်းမာသုခ အဖြာဖြာ ပြည့်စုံ... ကြပါစေ။***

ရွှေကော်မြေ ကိုစိန်လန်း
(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း (၂၇)နှစ်ပြည့် အမှတ်တရ အထူးထုတ်

# ရိုတ်ခါးဆင်းတုတော်

**၏ လျှို့ဝှက်ချက် နောက်ဆက်တွဲ ဒေသစာငြိကြွခဲ့ရသော ဒေသများ ဖော်ပြပေးပါရစေ**

ရွှေတောင်ကိုနိုင် (မြောက်ဦး)



**နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၁၁၈) ဇန်နဝါရီလထုတ်၊ စာမျက်နှာ (၅၄)ပါ မောင်သိန်းနိုင်(စစ်တွေ)၏ ရိုတ်ခါး ဆင်းတုတော်နှင့် လျှို့ဝှက် ချက်ဆောင်းပါး**ကို ဖတ်ရှုလိုက်ရ၍ ဆောင်ပါးရှင် မောင်သိန်းနိုင်(စစ်တွေ) ရေးသားသော စာမှုများသည် သမိုင်း အထောက်အထားများနှင့် ပြည့်စုံ ကောင်းမွန်လှပါသည်။ သို့အတွက် ဆောင်းပါးရှင်အား ကျေးဇူးတင်ရပါ သည်။

သို့သော် ဆောင်းပါးရှင် တင်ပြရန် ကျန်နေခဲ့သော ရိုတ်ခါးဘုရား၏ ဒေသ စာငြိကြွခဲ့ရသော ဒေသများကို သိ သလောက် ဖြည့်စွက်တင်ပြခြင်းသာ ဖြစ်ပါသည်။

ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ် ရခိုင်ထီးနန်း ပျောက်ကွယ်ပြီးနောက် တိုင်းပြည် ဆူပူသဖြင့် လုံခြုံစိတ်ချမှု မရှိသော မူလ ရိုတ်ခါးကျောင်းမှ ဒါယကာအချို့သည် လျှို့ဝှက်စွာ ပင့် ဆောင်ပြီး **မြောက်ဦးမြို့နယ်၊ ပြလှ ကျေးရွာရှိ မြောက်ဘက်ရေကန်**၌ အမှတ်အသားပြုကာ ရေထဲတွင် (၄) နှစ်ကြာ မြှုပ်နှံကာ ကိန်းဝပ်စံပယ်ခဲ့၍ ဆင်းတုတော်အား ပြန်လည် ပင့် ဆောင်ပြီး (သကျံရွှေဂူ)တောင်ခြေရှိ ကျောက်စေတီထံ၌ ကိန်းဝပ်စံပယ်ခဲ့ သည်။

ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ခရစ်နှစ် အေဒီ ၁၉၂၀ ပြည့်နှစ်တွင် မူလ ရိုတ်ခါးကျောင်း၌ပင် ကိန်းဝပ် စံပယ်ခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၈၅ ခုနှစ်၊ ခရစ်နှစ် အေဒီ ၁၉၂၃ ခုနှစ်၊ မတ်လတွင် မြောက်ဦးမြို့အား နယ်ချဲ့ ဗြိတိသျှအင်္ဂလိပ်တို့မှ ဗုံးကြဲတိုက်ခိုက် သဖြင့် လူအများအပြား သေဆုံးမှုနှင့် တွေ့ကြုံရပြီးနောက် ရိုတ်ခါးဘုရား အား မြောက်ဦးမြို့နယ်၊ နောင်မင်း ကျေးရွာသို့ ပြောင်းရွှေ့ စံပယ်နေပါ သည်။

ကောဇာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၄၈ ခုနှစ်) မြန်မာနိုင်ငံ လွတ်လပ်ရေး ရသောအခါ ဆင်းတု တော်အား ပင့်ဆောင်ရန် သွားသည့် အခါ မပေးလိုသဖြင့် ဗန္ဓုလကျောင်း တိုက်ဆရာတော်ကြီး (ယခုအခေါ် စန္ဒာမုနိဘုရားကြီးကျောင်း) ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဦးပဏ္ဍိစ္စ (ပျံလွန်)နှင့် မြို့လူကြီး ဦးရှောက်ဖွယ် (ကွယ်လွန်) သွားရောက်ပင့်ဆောင် လာခဲ့ရာ မူလ ရိုတ်ခါးကျောင်းတွင်

နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း ၁၂၁ (စာမျက်နှာ (၁၂၄) သို့)



www.burmeseclassic.com

www.burmeseclassic.com

လိုတရစေသော

# ငွေပွားစမ



မြောင်းမြ မောင်ယဉ်တင့်

ရှေးနှစ်ပေါင်း တစ်ရာခန့်မှ စမ အစီအရင် တစ်ခုအား ဆင့်ပွားသင်ယူခဲ့ ရာမှ လက်ဆင့်ကမ်းလိုသော ပညာ တစ်ရပ်ဖြစ်သည့် **ငွေပွားစမအစီအရင်**ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုပါသည်။

ထိုပညာရပ်သည် မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ် ပညာတစ်ရပ်ဖြစ်ပြီး သိပ္ပံနယ်လွန် ပညာတစ်ခုလည်း ဖြစ်ပါသည်။ မျိုးဆက်သစ်များ သိရှိမှတ်သားစေလိုသော ဆန္ဒအကျိုးကို ရည်ရွယ်၍ လွန်ခဲ့သော (၁၀)နှစ်ခန့်က စာရေးသူနှင့် အကျွမ်းတဝင် ရှိခဲ့ဖူးသော မိတ်ဆွေတစ်ဦးထံမှ ဆင့်ပွားရရှိခဲ့ခြင်းဖြစ်ပါသည်။

ငွေပွားစမ စီရင်ရာတွင် ရှေးဦးစွာသတိပြုရမည့် အချက်မှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်စေ၊ အမြိတ္တစုတ်ရက်ဖြစ်စေ၊ ရက်ရာဇာဖြစ်စေ ထိုသုံးနေ့မှ တစ်နေ့နေ့တွင် စီရင် ပြုလုပ်နိုင်ပါသည်။

အကောင်းဆုံးနေ့မှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်ပြီး ဒုတိယကောင်းသောနေ့မှာ အမြိတ္တစုတ်ရက် ဖြစ်သည်။ မဖြစ်မနေ စီရင်ပြုလုပ်ရမည်ဆိုပါက **ရက်ရာဇာနေ့**ကို ရွေးချယ်ရပါမည်။

**အမြိတ္တစုတ်ရက်မှာ** မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးမြောက်နိုင်ကြောင်း ဝေဒကျမ်းဟောင်းများတွင် ဖွင့်ဆိုထားပါသည်။

**ရက်ရာဇာနေ့၌** လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝကို ဆောင်ရွက်ပြီးမြောက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ငွေပွားစမ အစီအရင် ပြုလုပ်ရာတွင် မိမိ ပြုလုပ်လိုသော ငွေစက္ကူ (၁)ကျပ်တန်မှ (၁၀)ကျပ်၊ (၂၀)ကျပ်၊ (၅၀)ကျပ်၊ (၁၀၀)ကျပ်တန် အသီးသီးကို လိုအပ်သလို ပြုလုပ်နိုင်သကဲ့သို့ ငွေပြား၊ ကြေးပြား၊ ရွှေပြားတို့တွင်လည်း ပြုလုပ်နိုင်ပါသည်။

ရှေးဦးစွာ **ငွေပွားစမ စီရင်လိုသူသည်...**

★ ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်မှု ပြုရမည်။

★ မိမိအိမ်ရှိ ဘုရားစင် (သို့မဟုတ်) ဘုရားတစ်ဆူဆူရှေ့တွင် ပါးပါးသီလ ဆောက်တည်ရပါမည်။

★ သဗ္ဗေသတ္တာ ဝေနေယျများအား မေတ္တာပို့ အမျှဝေရပါမည်။

အထက်ပါ ကိစ္စအဝဝ ပြီးမြောက်ပါက ငွေပွားစမ ပြုလုပ်ပေးရမည့်သူအတွက် ဖယားကွက်တစ်ခု ရေးရပါမည်။

ပြုလုပ်ပေးရမည့်သူ၏ မွေးသက္ကရာဇ်ကို ၇(ခုနှစ်)နှင့်စားပါ။ အကြွင်းကို ပထမအကွက်မှ စ,ရေးပြီး (၉)နှင့် ပေါင်းသွားကာ လက်ယာရစ်အတိုင်း ရေးသွားပါ။ (၉)နှင့် ပေါင်းခြင်းမှာ ဂြိုဟ်ကြီး (၉)လုံးအား ကိုယ်စားပြုခြင်းဖြစ်ပါသည်။ နောက်ဆုံး အလယ်ကွက်တွင် ပြုလုပ်ပေးရမည့်သူ၏ မွေးနံဂဏန်း ထည့်ရပါမည်။

**ဥပမာ ။ ။ ၁၃၀၈ ခုနှစ်မှာ မွေးဖွားသော ကြာသား တစ်ဦးအတွက်** နမူနာ ရေးပြပါမည်။

* * *

```
   ၁၈၆
 ၇|၁၃၀၈
  | ၇
   ၆၀
   ၅၆
    ၄၈
    ၄၂
     ၆-ကြွင်း
```

ပုံစံပြ ဖယားကွက်


| | | |
|---|---|---|
| ၆ | ၁၅ | ၂၄ |
| ၆၉ | ၆ | ၃၃ |
| ၆၀ | ၅၁ | ၄၂ |



F.16B. July, 2013.

www.burmeseclassic.com

www.burmeseclassic.com




ငွေပွားစမ အစီအရင် မရေးဆွဲမီ ဖယားကွက်ချရာတွင် အလျားလိုက် ပထမတစ်ကြောင်း ရေးဆွဲစဉ် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုပြီး မျဉ်းတစ်ကြောင်းဆွဲပါ။ ဒုတိယ **"ဓမ္မံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုပြီး နောက်မျဉ်းတစ်ကြောင်းဆွဲပါ။ တတိယ **"သံဃံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုပြီး နောက်ထပ် မျဉ်းတစ်ကြောင်း ဆွဲပါ။

နောက်ဆုံး မျဉ်းကြောင်း ရေးဆွဲရာတွင် ပထမအကွက်ကို **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုလျက် ရေးဆွဲပြီး ဒုတိယအကွက်အား **"ဓမ္မံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုကာ ဆက်ဆွဲလျက် တတိယအကွက်အား **"သံဃံ သရဏံ ဂစ္ဆာမိ"**ဟူ၍ ရွတ်ဆိုကာ သတ်မှတ်နေရာထိ ဆက်ဆွဲရပါမည်။

အနံလိုက် မျဉ်းဆွဲရာတွင်လည်း အလျားလိုက် ရွတ်ဆို ရေးဆွဲသကဲ့သို့ ရေးဆွဲရပါမည်။ ထိုသို့ ရေးဆွဲပြီးသောအခါ ဖယားကွက်(၉)ကွက် ရပါမည်။

ဖယားကွက်အတွင်း ဂဏန်းရေးသွင်းရာတွင် ပြုလုပ်ပေးရမည့်သူ၏ မွေးသက္ကရာဇ်အား ဂု(ခုနစ်)နှင့် စား၍ အကြွင်းကို ပထမကွက်တွင် စတင်ရေးရပါမည်။

မရေးမီ **"ဉီ အကွရ မဗ္ဗေ ဌာနေ"** ဟု ရွတ်ဆိုပြီး ပထမဂဏန်းတစ်လုံး ရေးပါ။ လက်ယာရစ်အတိုင်း ဂဏန်းကို (၉)နှင့်ပေါင်းသွားကာ ဂဏန်းရေးသွားတိုင်း၊ **"ဉီ အကွရ မဗ္ဗေ ဌာနေ"** ဟူ၍ ရွတ်ဆို ရေးသွင်းသွားရပါမည်။


နောက်ဆုံး အလယ်ကွက်တွင် ပြုလုပ်ပေးရမည့်သူ၏ မွေးနံဂဏန်း ရေးသွင်းရာတွင်လည်း **"ဉီ အကွရ မဗ္ဗေ ဌာနေ"**ဟု ရွတ်ဆိုရေးသွင်းရပါမည်။

ဂဏန်း ရေးသွင်းပြီး၍ ဖယားကွက် ပြီးမြောက်သောအခါ ငွေပွားစမအစီအရင်ကို ပြုလုပ်ရပါမည်။



၁။ ၀,လုံး ကြီးကြီးရေးပါ။

၂။ စ...အက္ခရာ ၀,လုံးအကြီးထဲတွင် ရေးပါ။



၃။ ဓ...အက္ခရာ၀ ,လုံးအကြီးထဲတွင် ရေးပါ။



၄။ ဗ...အက္ခရာ ၀,လုံးအကြီးအတွင်းတွင် ရေးပါ။



၅။ ဝ...အက္ခရာ ၀,လုံးအကြီးအောက်ဆုံးတွင်ရေးပါ။



၆။ က...အက္ခရာအား ၀,လုံးအကြီးပေါ်တွင် ရေးပါ။




၇။ ထ...အက္ခရာအား ၀,လုံးအကြီးဘေးတွင် ရေးပါ။



၈။ ဃ...အက္ခရာအား ၀,လုံးအကြီးအောက်တွင် ရေးပါ။



၉။ ဋ...အက္ခရာအား ၀,လုံးအကြီး လက်ဝဲဘက်တွင် ရေးပါ။




၁၀။ ရ...အက္ခရာအား ဃ,ကြီး အောက်တွင် ရေးပါ။



၁၁။ ထ...အက္ခရာအား ရ,အောက်တွင် ရေးပါ။



၁၂။ ဍ(အစ်ကောက်)...အက္ခရာအား ထ,ကြီး အက္ခရာ၏ လက်ယာဘက်တွင် ရေးပါ။



၁၃။ ဌ...အက္ခရာအား ထ,ကြီးအက္ခရာ၏ လက်ဝဲဘက်တွင် ရေးပါ။





www.burmeseclassic.com

www.burmeseclassic.com


၁၄။ ဗ…အက္ခရာအား ဏ,ကြီးအောက်တွင် ရေးပါ။



၁၅။ စ.ဓ.ဗ.ဝ,အက္ခရာအား ဗ,အက္ခရာ၏ အောက်တွင် ထိအောင်ရေးပါ။



၁၆။ ဌ…အက္ခရာ၏ အဆုံးထိပ်နှင့်ထိ၍ "ငွေ" ဟူသောစာလုံးရေး၍ ၃(အရင်ကောက်) အက္ခရာ၏ အဆုံးထိပ်တွင် "လာစေ"ဟူသော စာလုံးရေးပါ။



၁၇။ နဝင်းအညွန့်အား ထိပ်ဆုံးမှ က,ကြီး အက္ခရာ၏ထိပ်တွင် နဝင်းညွန့်တင်ပါ။



အထက်ပါအတိုင်း ရေးဆွဲပြီးသော အခါ ငွေပွားစမအဆောင်ကို ရရှိပါမည်။ ငွေပွားစမအား ပထမ ရေးဆွဲခဲ့သော ဇယားကွက် ဂဏန်းများနှင့် ကျောချင်းကပ် ရေးရမည် ဖြစ်ပါသည်။

ငွေပွားစမ ရေးဆွဲရာတွင် စမစာလုံး တစ်လုံးနှင့်တစ်လုံး ထိစေရပါမည်။ အားလုံးပြီးစီးသောအခါ ဓာတ်ကြီးလေးပါး စမဂါထာဖြစ်သော…

* စက္ခု မာစရ မာ စိဏ္ဏော၊
* ဓမ္မည့ ဓမ္မ သာပိကော၊
* ဗလုပေတော ဗလဓရော၊
* ဝရဒေါ အောဂု မေဝရံ။

ဟူသော **စ.ဓ.ဗ.ဝ ဓာတ်ကြီးလေးပါးဂါထာအား** (၃၇)ကြိမ် ရွတ်ဆိုရပါမည်။

ထိုအခါ အစွမ်းထက် အောင်မြင်သော ငွေပွားစမအဆောင်တစ်ခု ပြီးစီးအောင်မြင်သွားပြီ ဖြစ်ပါသည်။

ငွေပွားစမအဆောင်အား ဈေးရောင်းသော ပိုက်ဆံသေတ္တာတွင်ဖြစ်စေ၊ မိမိပိုက်ဆံအိတ်တွင်ဖြစ်စေ ရောနှောထားပါ။ မကြာမီ ငွေများဝင်လာမစဲ တသဲသဲ ပွားများလာမည် ဖြစ်ပါသည်။

လောကီပညာရှင်များသည် လျှို့ဝှက်နက်နဲသော ဂမ္ဘီရအစီအရင်များ၊ စမအဆောင်များကို လျှို့ဝှက်စွာ ထားရစ်ခဲ့ကြပါသည်။

လူတိုင်း သင်ယူတတ်မြောက်နိုင်သောပညာဖြစ်သော်လည်း၊ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူများနှင့် ပါရမီထူးသူများအတွက် အကျိုးပေးအကြောင်းထင်သော်လည်း သီလ၊ သမာဓိ၊ သစ္စာ မရှိသူများအတွက် အကျိုးပေးနည်းပါသည်။

သမ္မာအာဇီဝလုပ်ငန်း လုပ်သူများအတွက် အကျိုးပေး အကြောင်းထင်စေသော်လည်း၊ လောင်းကစားသမားများအတွက် အကျိုးသက်ရောက်မှုနည်းပါလိမ့်မည်။

စာရေးသူသည် နှစ်အတန်ကြာ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဓမ္မမိတ်ဆွေများနှင့် မိမိကိုယ်တိုင် စမ်းသပ်ကာ လက်တွေ့ အကျိုးသက်ရောက်မှုရှိသောအခါမှ မျိုးဆက်သစ်များ၊ လုပ်သားပြည်သူများအတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ထုတ်ဖော်ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**မြောင်းမြ မောင်ယဉ်တင့်**

စာမျက်နှာ (၁၂၁)မှ အဆက်

ကိန်းဝပ်စံပယ်နေခဲ့ပါသည်။

နှစ်ပေါင်း အနည်းငယ် ကြာသော အခါ ဆင်းတုတော်အတွင်း၌ ရတန များရှိမည့်အထင်နှင့် လူဆိုး(ဓားပြ)ငါး တို့သည် ဆင်းတုတော်အား ဒိဗ္ဗအကျ ကို ကျင့်လျက် ဆင်းတုတော်အ ပုဆိန်ဖြင့် ထုခွဲကြပြီး ထုခွဲ၍ မရသော အခါ ကြောက်လန့်ထွက်ပြေးကြ မကြာမီအချိန်အတွင်း၌လည်း လူဆိုး (၅)ဦးသည် သွေးအန်ပြီး သေဆုံးခဲ့ သည်ဟု သိရှိရပါသည်။

ဆင်းတုတော်အား လုံခြုံစိတ်ချ မရှိသော မူလ ရိုတံခါးကျောင်းဟောင်း ပြိုပျက်ပြီး ကျောက်ရင်ကေရွာ ယ လက်ရှိ ကျောက်ရင်ကေ ဘုန်းတော် ကြီးကျောင်း၌ ကိန်းဝပ် စံပယ်လျက် သည်မှာ ယနေ့တိုင် ဖြစ်၍ ဤဆင်း တော်သည် (၇)နေရာတိုင်တိုင် ဒေသ စာရီ ကြွမြန်းခဲ့သော ရှေးဟောင်း မဟာကျန် ဆင်းတုတော်တစ်ဆူ ဖြ ပါသည်။

စာရှုသူများကို ဒေသစာရီ ကြွမြန်း ခဲ့ရသော ရိုတံခါးဘုရားသမိုင်းကို သိ နိုင်ပါရန်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင်ပါရှိသော မောင်သိန်းနိုင်(စစ်တွေ ၏ ဆောင်းပါးကို ရှာဖွေဖတ်ရှုပါက ရိုတံခါးဘုရားသမိုင်းအကြောင်း ပို ပြည့်စုံနိုင်မည်ထင်၍ ညောဝ ဦးအောင်ဇေယျ(မြောက်ဦး)၏ ရက္ခပု ကြေးမုံကျမ်းကို ကိုးကားပြီး ၂၀၀ ခုနှစ်၊ မတ်လတွင် ကွယ်လွန်သွားပြ ဖြစ်သော ရိုတံခါးဘုရား၏ လျှို့ဝှ ချက် ဆောင်းပါးရှင် ဦးမောင်သိန်းနိ (စစ်တွေ)အား ဂါရဝပြု ဦးခိုက်လျ ရေးသား တင်ပြလိုက်ရပေသည်။

**ရွှေတောင်ကိုနိုင်(မြောက်ဦး)**

www.burmeseclassic.com

www.burmeseclassic.com



ဝန်းသိုက်အောင်

# လူဆိုးမဝင်နိုင်သည့် ကိုယ်ရံကြီးဂမုန်း

လူဆိုးများသည် စာရေးသူတို့ အိမ်ဝင်းအတွင်းဝင်ရန် ကြိုးစားကြသည်။ ဝင်၍မရကြောင်း **"အိမ်တွင်းတွင် အစောင့်ရှိတယ်။ အိမ်ထောင့်တွင် အဝတ်ဖြူဝတ်သူတို့ စောင့်နေကြတယ်"**ဟု လူဆိုးအချင်းချင်း ပြောကြရာတွင် စာရေးသူတို့ ဆွေမျိုးတော်သူ ရှေ့တွင် ပြောမိခြင်းဖြစ်၏။

ကြားသူသည် စာရေးသူတို့ကို သာရောက် ပြန်ပြောခြင်းဖြစ်သည်။ လူဆိုးတို့၏ အမည်ကိုမူ ပြောပြခြင်း မရှိချေ။

အချိန်မှာ အောင်ဘာလေသိန်းဆု ဖွင့်ပွဲ ပထမအကြိမ် ကျင်းပချိန်ကဖြစ်သည်။ ဤအဖြစ်အပျက်ကို ဖခင် ပြန်ပြောပြခြင်းကို ရေးသားဖော်ပြမည် ဖြစ်ပါသည်။ ဖခင်မှာ မြေစာရင်းအင်ပက်တော်ဖြစ်သည့်အပြင် မြန်မာဆေးဆရာကြီးလည်းဖြစ်၏။

ဝက်သား တစ်ပိဿာကို တစ်ကျပ်မျှသာ ပေးရချိန်ဖြစ်သည်။ ငွေအလွန်တန်ဖိုးရှိချိန်ဖြစ်သည်။ ပထမအကြိမ် အောင်ဘာလေသိန်းဆုထီကို မိခင်ဖြစ်သူက 'ရွှေထီးရ'အတိတ်ဖြင့် ထိုး၍ ငါးရာဆုပေါက်ချိန် ဖြစ်သည်။

လူဆိုးရန် ကာကွယ်နိုင်ရန် ကိုယ်ရံကြီးဂမုန်းကို အိမ်လေးထောင့်ဝင်းခြံတွင် စိုက်ရ၏။ လက်ယာရစ်စိုက်ရသည်။ တနင်္ဂနွေထောင့် အင်္ဂါထောင့် စနေ ထောင့် ရာဟုထောင့် စသည်ဖြင့် စဉ်၍ စိုက်ရ၏။

စိုက်ပျိုးချိန်သည် အရေးကြီးသည်။ **အိမ်ဦးစီးမွေးနံ နဝင်းပေါ်ချိန်၌ စိုက်ရသည်။ မွေးနံဆိုသည်မှာ မိမိ အမှန်မွေးနေ့ကို မယူရပါ။ အိမ်ဦးစီး၏ နာမည်အရင်းလုံးကို ယူရပါမည်။**

**ဥပမာ** ။ ။ **တနင်္လာနေ့**မွေးသူ မောင်အောင်ကြိုင်ဟု အမည်ခေါ်လျှင် အရင်းလုံး **'အောင်'**ကိုယူ၍ **တနင်္ဂနွေသားဟုယူ၍** ဗုဒ္ဓဟူးအခါတွင် **ကိုယ်ရံကြီးဂမုန်းကို စိုက်ခြင်းဖြင့် တနင်္ဂနွေနဝင်းပေါ်နေမည် ဖြစ်ပါသည်။**

- ❖ နာမည်အရင်းတွင် တနင်္ဂနွေ ပါသူ **တနင်္ဂနွေသား**သည် အင်္ဂါနံနက် (၁၁)နာရီ (၁၅)မိနစ်တွင် စိုက်ရပါမည်။
- ❖ **တနင်္လာသား** ဗုဒ္ဓဟူးနေ့ နံနက် (၁၁)နာရီ (၁၅)မိနစ်။
- ❖ **အင်္ဂါသား** ကြာသပတေးနေ့ နံနက် (၁၁)နာရီ (၁၅)မိနစ်။
- ❖ **ဗုဒ္ဓဟူးသား** သောကြာနေ့ နံနက် (၁၁)နာရီ (၁၅)မိနစ်။
- ❖ **ကြာသပတေးသား** စနေနေ့ နံနက် (၁၁)နာရီ (၁၅)မိနစ်။
- ❖ **သောကြာသား** တနင်္ဂနွေနေ့



www.burmeseclassic.com

www.burmeseclassic.com

နံနက် (၁၁)နာရီ (၁၅)မိနစ်။

❖ **စနေသား** တနင်္လာနေ့နံနက် (၁၁)နာရီ (၁၅)မိနစ်

စသည်ဖြင့် နေ့သားအလိုက် ယင်းတို့၏ နဝင်းပေါ်ချိန်၌ ကိုယ်ရံကြီးဂမုန်းကို မိမိတို့၏ အိမ်လေးထောင့်တွင် စိုက်ကြရပါမည်။

နေ့သားအလိုက် နဝင်းပေါ်ချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * *

နံ့သင့်ဂြိုဟ်ကို ယူရပါမည်။

ကိုယ်ရံကြီးဂမုန်း စိုက်ပျိုးပြီးသောအခါ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်း၊ ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေ စသည်တို့ကို ခုနစ်အုပ်စီ ရွတ်ဖတ်ရပါမည်။

ရေကို ဂြိုဟ်သက်အလိုက် ခွက်ရေဖြင့် လောင်းရပါမည်။ တနင်္ဂနွေထောင့် ကိုယ်ရံကြီးပင်ကို ခြောက်ခွက်၊ အင်္ဂါတွင် ရှစ်ခွက်၊ စနေတွင် ဆယ်ခွက်၊ ရာဟုတွင် တစ်ဆယ့်နှစ်ခွက် လောင်း

'ကိုယ်ရံကြီးသည် အရွက်နှစ်တောင်သုံးတောင်အထိရှိ၏။ တစ်မိုက်ခန့် ကျယ်၏။ နူးညံ့၏။ အပွင့်ဖြူ၏။ အနီမျိုးလည်းရှိ၏။ မွှေး၏။ ဥဖြူ၏။ ရှေးသူဟောင်းတို့သည် မိမိအိမ်ဆောက်ရာ၌ အကြောင်းအမျိုးမျိုးတို့ကြောင့် မြေကြမ်းသည်ဟု ယူဆကြလျှင် ကာကွယ်နိုင်ရန် ယင်းအပင်ကို အိမ်လေးထောင့်တစ်ထောင့်၌ စိုက်ပျိုးကြကုန်၏။ လူဆိုးဘေးမှ ကင်းဝေးစေရန် ရေးသားဖော်ပြလိုက်ပါသည်။

| **တနင်္ဂနွေသား** | **တနင်္လာသား** | **အင်္ဂါသား** | **ဗုဒ္ဓဟူးသား** | **ကြာသပတေးသား** | **သောကြာသား** | **စနေသား** |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၄ **အခါ** | ၅ **အခါ** | ၆ **အခါ** | ၀ **အခါ** | ၁ **အခါ** | ၂ **အခါ** | ၃ **အခါ** |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ **နေ့** | ၄ **နေ့** | ၅ **နေ့** | ၆ **နေ့** | ၀ **နေ့** | ၁ **နေ့** | ၂ **နေ့** |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |

**နေ့ဆိုသည်မှာ** စိုက်ပျိုးရမည့်နေ့ဖြစ်၍ **အခါဆိုသည်မှာ** စိုက်ပျိုးရမည့်အခါ ဖြစ်သည်။ **နေ့သားဆိုသည်မှာ** စိုက်ပျိုးလိုသူ၏ နာမည်အရင်းလုံးပေးပါ။

ကိုယ်ရံကြီးပင်ကို ရှင်နာဂသိန်ပုံပြ ဆေးအဘိဓာန်တွင် ဖော်ပြသည်ကို အကျဉ်းချုံး ဖော်ပြပါသည်။

***နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ***

**ဝန်းသိုအောင်ခင်**

# ညှင်း

**သက်သာပျောက်ကင်းဆေး**



ကျွန်တော့်သူငယ်ချင်း အောင်မင်းစိုးတွင် ညှင်းများ ပေါက်နေတာ ကြာပါပြီ။ တခြားဆေးများနှင့် လိမ်းလိုက်၊ သက်သာလိုက်၊ ပြန်ပေါက်လိုက်ဖြင့် ကြာတော့ ဒီအတိုင်း မေ့မေ့လျော့လျော့ထားခဲ့ရာမှ နှစ်လခန့်ကြာသောအခါ တစ်ကိုယ်လုံး ကျောပြင်နှင့် ရင်ဘတ်များမှာ ညှင်းများဖြင့် ပြည့်နေတော့သည်။

အောင်မင်းစိုးနှင့် အသိဖြစ်သော ဒေါ်ခင်ရွှေမှ ညှင်းပျောက်ဆေးမှာ လွယ်ကူကြောင်းပြောပြီး **အုန်းပင်မှ အမြစ် (အုန်းမြစ်)ကို လက်လေးလုံးခန့်ဖြတ်ပြီး ကျောက်ပျဉ်တွင် ရေနှင့်သွေးကာ လိမ်းပေးလိုက်ပါသည်။ လိမ်းစတွင် အနည်းငယ် စပ်ပါသည်။**

သုံး,လေးရက် ဆက်၍ လိမ်းပြီးသောအခါ ညှင်းများမှာ ကွာကျ၍ လုံးဝ ပျောက်သွားသည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။ ညှင်းပေါက်၍ စိတ်ညစ်နေသော စာဖတ်သူများသို့ ငွေမကုန်ဘဲ လက်တွေ့ ညှင်း သက်သာပျောက်ကင်းဆေးကို တစ်ဆင့် ဒါနပြုလိုက်ရပါသည်။

**သူရ (ရေကြည်)**



www.burmeseclassic.com

www.burmeseclassic.com



စွယ်စုံအစွမ်းထက်

# ဇိ(၉)ချက်

ဗြောင်ပေါက်

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် **ဆရာကြီး ဦးသာအုံ(တလိုင်းကံ့ရွာ)** ၏ မှတ်တမ်းကျမ်းကြီးမှ **ဖခင်ကြီး ဦးသောင်း(ဓမ္မသူရိယ)** အမြဲဆောင်ရွက်အောင်မြင်ခဲ့သော အစွမ်းထက် ဇိ(၉)ထပ် ဂါထာတော်ကြီးအား ရေးသားဖော်ပြလိုက်ပါသည်။

ဇိ (၉)ထပ်ဂါထာတော်

ဇိနပါပံ ဇိနံသေဋ္ဌော၊
ဇိနပါပံ ဇိနံဓမ္မော။
ဇိနံပါပံ ဇိနံသံဃော၊
ဇိနောရသံ ဇိနံဂုရု။
ဇိနဗီဇံ ဇိနံနမေ။

**အနက်**

**သေဋ္ဌော၊** မြတ်စွာဘုရားသည်။ **ဇိနပါပံ၊** အောင်အပ်သော မကောင်းမှုကို။ **ဇိနံ၊** အောင်တော်မူ၏။ **ဓမ္မော၊** တရားတော်သည်။ **ဇိနပါပံ၊** အောင်အပ်သော အဝိဇ္ဇာတဏှာ စသော မကောင်းမှုတရားကို။ **ဇိနံ၊** အောင်မြင်တော်မူ၏။ **သံဃော၊** သံဃာတော်သည်။ **ဇိနံပါပံ၊** အောင်အပ်သော မကောင်းမှုကို။ **ဇိနံ၊** အောင်တော်မူ၏။ ဂုရု၊ ငါတို့၏ ဆရာသည်။ **ဇိနောရသံ၊** မြတ်စွာဘုရား၏ သားတော်ရတနာဖြစ်၍။ **ဇိနံ၊** အောင်သင့်ရာကို အောင်တော်မူ၏။ **ဇိနံဗီဇံ၊** ဘုရားတည်းဟူသော အောင်မျိုးစေ့ဖြစ်သော။ **ဇိနံ၊** အောင်သူတကာ မြတ်ရတနာကို။ **ဝန္ဒေ၊** ရှိခိုးပါ၏။

**ဇိ(၉)ထပ်ဂါထာတော်၏ အကျိုးကား...**

နေ့၊ ညာ၊ နံနက် ရွတ်ပါက ဘေးရန်ကင်း၏။ မိမိ၏ ကိုယ်စောင့်နတ် မစ၏။ ဂြိုဟ်စီးဂြိုဟ်နင်း ညှံ့လျှင်သော်လည်းကောင်း၊ တစ်ရပ်,တစ်ရွာ,တစ်မြို့သွားသော် လည်းကောင်း ရွတ်လျှင်



အန္တရာယ်ကင်း၏။ ကျော်စော၏။ ဘုန်းတန်ခိုးကြီး၏။ အသက်ရှည်၏။ အနာမဲ့၏။ ကျက်သရေမင်္ဂလာရှိ၏။

ရေကို ယင်းဂါထာဖြင့် မန်း၍ သောက်သော်၊ တိုက်သော် ဘေးအန္တရာယ်ကင်းပြီး မကောင်းသော အိမ်၊ ကျောင်း၊ လှည်း၊ ကား စသည်တို့အား လက်ဖွဲ့ထိုး၍ ရေစိမ်ပက်၍ သော်လည်းကောင်း၊ ဆောင်ထား၍ သော် လည်းကောင်း အပြစ်အမျိုးမျိုး ဖြစ်သော စုန်းတိုက်၊ ကဝေတိုက်၊ နတ်တိုက်၊ ဓာတ်တိုက်၊ လမိုင်းတိုက်တို့ ကင်းရှင်းပြီး ကောင်းကျိုးရစေပါသည်။

ကျောက်ခဲ သန့်သန့်လေးလုံးအား မန်းပြီး ထောင့်လေးထောင့်မြှုပ်သော် သူခိုးမဝင်နိုင်၊ သက်ကယ် (၇)ညွန့်အားမန်း၍ နတ်စင်မှာထားသော် နတ်မနေနိုင်၊ မြေနှင့် အဆိပ်ရှိသော သတ္တဝါတို့ကိုက်လျှင် ယင်းဂါထာဖြင့် မန်း၍ တိုက်သော်၊ သောက်သော် အဆိပ်ပြယ်၏။

လယ်ယာကိုင်းကျွန်းတို့ ကြွက်ဖျက်လျှင် ကျီးမနားထန်းရွက်၌ ရေးပြီး (၃၇)အုပ်စုတ် (၄)ထောင့်မှာ မြှုပ်၊ ချိတ်ထားလျှင် ပြေး၏။

ရွှေ,ငွေပြားတွင် ရေး၍ ထောင်ထားလျှင် မြင်မြင်သမျှ လူ,နတ်တို့ ချစ်မြတ်နိုး၏။ ယင်းဂါထာတော်အား မရွတ်ဖတ်နိုင်သည်ရှိသော် အောက်မေ့မှတ်ထင်ရုံဖြင့် အကျိုးကား များလှပါသည်။

ယခုခေတ်တွင် ဂါထာတော်၊ မန္တန်တော်၊ ပဌာန်းတော်များစွာ၏ အကျိုးကျေးဇူးများကို ဆရာတော်များ၊ ဆရာကြီးများနှင့် ကိုယ်တွေ့အောင်မြင်အကျိုးပေးသူတို့မှ အသီးသီး ဉာဏ်စွမ်းကိုယ်စွမ်းရှိသရွေ့ ခုနစ်ရက်သားသမီးတို့အား ဘုရားသာသနာတော်ကြီး၏ အုံ့ဩချီးမွမ်းဖွယ် အသွယ်သွယ်တို့နှင့်အတူ အင်မတန်ဆန်းကြယ်ပြီး လျှို့ဝှက်နက်နဲသည့် တရားတော်တို့ကား ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်ပါသည်။

သို့သော် လူအချို့ကား ဂါထာတော်၊ မန္တန်တော်၊ ပဌာန်းတော်တို့ကို ရွတ်ဖတ်ပူဇော်ကြသော်လည်း မြန်မြန်အောင်မြင်ချင်ကြပေသည်။

**အကျိုးဖြစ်ရန်ကား...**

★ ဌာန်ကရိုင်းကျနခြင်း အနေအသံ



www.burmeseclassic.com

www.burmeseclassic.com

ထား ဗျည်းသံ သရသံမှန် အချိန်မှန်ပြီး ရွတ်ဖတ်သူတို့သည် လည်းကောင်း...

★ ကိုယ်ကျင့်တရား စောင့်ထိန်းခြင်း။ ရှောင်သင့် ရှောင်အပ်သော မကောင်းမှုကို ရှောင်ကြဉ်ခြင်း။ မိတ နှင့် အလားသဏ္ဌာန်တူသော ကျွဲ၊ နွား စသည့် အသားတို့ကို ရှောင်ခြင်း၊ ခင်ပွန်းကြီး (၁၀)ပါးကို မစော်ကားမိအောင် စောင့်ထိန်းနိုင်ခြင်း စသူတို့သည် လည်းကောင်း...

★ ဘဝအဆက်ဆက်နှင့် ယခုပစ္စုပ္ပန်ဘဝတွင် ဆောင်ရွက်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့၏ အကျိုးပေးချိန်တန်၍ လည်းကောင်း...

★ ရွတ်ဖတ်သူတို့နှင့် အကျိုးပေးတိုက်ဆိုင်မှုကြောင့် လည်းကောင်း...

နေ့ချင်းညချင်းဖြင့် အောင်မြင်နိုင်ပါသည်။

မိမိတို့၏ ယုံကြည်မှုဖြင့် အမြဲဆောင်ရွက်သွားပါကလည်း သက်ရှည်ကျန်းမာကာ ဘေးအန္တရာယ် ကင်းဝေးပြီး ကောင်းကျိုးချမ်းသာမှု အမျိုးမျိုးကို ခံစားနိုင်သည့်အပြင် သံသရာ ဘဝအဆက်ဆက် ကောင်းသော ရှင်သန်မှုများနှင့်သာ ဆုံတွေ့ရမည် ဖြစ်ပါသည်။

တစ်ဆက်တည်း တင်ပြလိုသည်မှာ ဖခင်ကြီး(အဘသောင်း)မှ အမြဲသွန်သင်မိန့်မှာသည့် စကား(၄)ခွန်းရှိပါသည်။ ယင်းတို့မှာ...

၁။ အများတကာထက်သိခြင်း၊ တတ်ခြင်း၊ တော်ခြင်း၊ အကျိုးပေးရခြင်းလျှင် **ဝီရိယ**ရှိရမည်။

၂။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကိစ္စများ ဆောင်ရွက်တိုင်းတွင် အမှား၊ အမှန်၊ အတု၊ အစစ် သင့်မသင့်ကို **ဉာဏ်ဖြင့်** ဆုံးဖြတ်နိုင်ရမည်။

၃။ ထိုနှစ်ဖြာသော ကိစ္စရပ်တို့ကို ဆောင်ရွက်ရာမှာ ကောင်းရမည်။ မှန်ရမည်။ အရှည် တည်တံ့ခိုင်မြဲရန်အတွက် **သတ္တိ**ကောင်းရပါမည်။

၄။ အများတကာတို့ထက် ပိုပြီး **ဇွဲ**ရှိရပါမည်။ အဲဒါကတော့ ကြံ့ကြံ့ခံနိုင်ခြင်း ဘယ်သောအခါမှ တွန့်ဆုတ်ခြင်းမရှိရ၊ အချိန်ကို တန်ဖိုးထားပြီး မိမိ ဆောင်ရွက်နေသည့် အလုပ်မှန်သမျှ (လောကီအလုပ် လောကုတ္တရာအလုပ်)ကို ဇောက် လုပ်ဆောင်နိုင်ရမည်။

ဒီမှာမှ "ကံ"ဆိုသည့် အကျိုးတရား ကို ခံစားရမည်။ ကောင်းတာလုပ်လျှင် ကောင်းသည့်ကံ ခံရမည်။ မကောင်း တာလုပ်လျှင် မကောင်းသည့်ကံ ခံရမည်။


ထို့ကြောင့် ခုနစ်ရက်သားသမီး အပေါင်းတို့အား အထူးမှာကြား သည်မှာ မြတ်စွာဘုရားရှင်၏ ပရိတ်တော်၊ ပဋ္ဌာန်းတော်၊ ဂါထာတော်၊ မန္တန်တော်တိုင်းတွင် ခက်ခဲနက်နဲသော အကျိုးတရားများစွာနှင့် အစွမ်းသတ္တိ တို့ကား ဖော်ပြ၍ပင် မကုန်နိုင်ပါ။

ထို့ကြောင့် မိမိတို့ရရှိပြီးသော ဂါထာ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်းတို့ကို နေ့ နေ့ည အခါအားလျော်စွာ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် သာသနာ့အကျိုး ဘာသာအကျိုးကို တတ်နိုင်သမျှ တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နိုင် စေရန် ဆန္ဒပြုလိုက်ပါသည်။

**အောင်ပေါ်စံ**

## ရေစတ်ဝမ်းကျနာ အတွက် ဝါးရွက်

နံနက်တိုင်း မြင်တွေ့ရသည့် ဝါးရွက်ရေ



နံနက်ချိန်ခါများ၌ ဝါးပင်အခက် ထိပ်ဖျားအလယ်ရွက်မှ စီးကျသော ဝါးရွက်ရေများကို ခွက်သန့်သန့်ဖြင့် စုဆောင်းပါ။

(霍乱) **ဟွော့လွမ့်**(Huò Luàn) ဟုခေါ်သော ရေစတ်ဝမ်းကျနာရောဂါ အတွက် **တစ်နာရီခြား တစ်ကြိမ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းမျှ**သောက် သုံးပေးခြင်းဖြင့် သိသာစွာ သက်သာ ပျောက်ကင်းစေလေသည်။

**[ကျုံးယောက်ရှွယ် (Zhōng Yào Xué) တရုတ်ပုံပြဆေး အဘိဓာန် စာမျက်နှာ(၁၁၈၄) မှ ထုတ်နုတ်ဖော်ပြပါသည်။]**

**ဝူခန်းယဲန်**(*Wu Kan Yan*)



www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၅)နှစ်ပြည့် အမှတ်တရ အထူးထုတ်

နှစ်ပေါင်း(၃၆၀)ကျော်က

# ဆရာတော်ကြီးတစ်ပါး၏ စိပ်ပုတီး

ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

**တောင်ငူမြို့၊ မဟောသဓဆေး ဆိုက်မှ ဆရာဦးကျော်မြင့်၏ နေအိမ် ဘုရားခန်းတွင်** ထူးခြားသော ပုတီး တစ်ကုံးကို တွေ့ရသည်။

ပုတီးခေါင်း ဝက်မြီးကြိုးထုံးအသုံးတွင် အက်ဝေါ်မြာနှင့် ကြာပွင့်သဏ္ဍာန် အဝိုင်းပုံ ထုံးကျစ်ထားကာ ကြိုးထုံးဝါးထုံး ဖြာ ထွက်နေသည်။ အလယ်မဏ္ဍိုင်ကြိုး ထုံးတွင် တင်ပျဉ်ခွေရုပ်ပွားငယ်တစ်ဆူ ဖော်ထားသည်။

ပုတီးလုံးများမှာ အလေးအချိန် အတန်စီး လေး၍ နှစ်ကာလရှည်ကြာ ကိုင်သားရသဖြင့် နက်ပြောင်နေသည်။ အလယ်ကူး ပုတီးခေါင်းနှင့် ကြိုးပေါက် များကို သေချာစွာ လေ့လာကြည့်မှ ဆင်စွယ်ပုတီးဖြစ်ကြောင်း မှန်းဆရ သည်။

'ကျွန်တော် လေ့လာရသလောက် ကိုသို တန်ဆာဆင်မှုတွေအရ ပုတီးရဲ့ မူလပိုင်ရှင်က ဆုကြီးပန်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နိုင်ခြေ ရှိပါတယ်'

'ဟုတ်တယ်ဆရာ၊ **သာလွန်မင်း လက်ထက်က ဘုရားဆုပန် မင်းဆရာ တော်ဖြစ်ခဲ့တဲ့ စစ်ကိုင်းတောင်ဖီလာ ဆရာတော် ရှင်ဘွဲ့မုနိန္ဒဃောသ၊ နာမ်းဘွဲ့ အရှင်ဥပါလိကိုယ်တိုင် စိပ်ပွားခဲ့တဲ့ ပုတီးပါ'**

'ဆရာ ဘယ်လို ရခဲ့တာလဲ'

'ဒီပုတီးက တောင်ဖီလာကျောင်းမှာ အဆင့်အဆက် ထိန်းသိမ်းခဲ့ကြရာက လွန်ခဲ့တဲ့ (၆)နှစ်လောက်မှာ မူလပုတီး ကြိုးပြတ်သွားလို့ တောင်ဖီလာအနား နှစ်ရွာက ဒါယကာတွေက ကြိုးသစ် ပြီး မူလ အခြေအနေအတိုင်း ပြန် ချစ်ပေးကြတယ်။

အဲဒီနောက် ပုတီးကို ရွာနှစ်ရွာ အပြိုင်လုကြရာက ရန်မီးပွားလာလို့ "ဒိုဘာရော်ရွာ" မြောက်ကျောင်း ဆရာ တော် အရှင်ကုဏ္ဍိယက နှစ်ရွာ သဘော



ပြိုဘာရော်ရွာ မြောက်ကျောင်းဆရာတော် ဦးကုဏ္ဍိယ

တူ အလှူခံယူခဲ့တာနဲ့ ရန်ပြေငြိမ်းကြ တယ်။

မရှေးမနှောင်းမှာပဲ ဆရာတော် ဦးကုဏ္ဍိယ တောင်ငူကြွလာတော့ ပုတီး အကြောင်းသိရတာနဲ့ ကျွန်တော် ခံယူ ငှားပြီး စိပ်ဖြစ်ပါတယ်'




www.burmeseclassic.com

www.burmeseclassic.com



▲ ပုတီးကြိုးထုံးမှ ရှင်မှားတယ်

▼ ခက်မြှောင်းရ ကြာမွတ်ပုံ ကြိုးထုံး





www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ဖီလာဆရာတော်၏ သင်ပွားသုံးပုတီး

'ငါ့တရော်ရွာဆိုတာ စစ်ကိုင်းက ငါ့တရော်လား'

'ဟုတ်တယ်လေ **ရွာသစ်ကြီးနား က ငါ့တရော်ရွာ။** ရွာမှာ တောင် မြောက် နှစ်ကျောင်းရှိတာ ဆရာတော် က မြောက်ကျောင်းကပါ။ အဲဒီလို ယူ ပြီး ဆရာတော်ပြန်ခါနီး ပုတီးကို တောင်းတယ်။ **တပည့်တော်က နီတောင်ဖီလာ ဆရာတော်ရဲ့ တပည့်ရင်းပါ။ စစ်ကိုင်းတောင်ဖီ လာလဲ တောင်ဖီလာခေတ်ကျတာပဲ။ တပည့်တော်ကိုပဲ စွန့်လိုက်ပါတော့**လို့ လျှောက်ထားတယ်။ ဆရာဒကာ နီးပြီးသားလဲ ဖြစ်နေလို့ပါ။

ဆရာတော်က **"အေးပါ ငါလဲ သိဋ္ဌာန်ပြုကြည့်ပြီးပါပြီ။ မင်းပဲ ထိန်းသိမ်းထားလိုက်ပါတော့"**လို့ ခွင့် ပြုတော်မူတာနဲ့ ကျွန်တော် စိပ်ပွားခွင့် ရခဲ့ပါတယ်။

တောင်ဖီလာ ဆရာတော်ကြီးသည် သက်တော်(၇၂)နှစ်အရွယ် မြန်မာ သက္ကရာဇ် ၁၀၁၂ ခုနှစ်တွင် ပျံလွန် တော်မူသည်ဖြစ်ရာ ဆရာတော် စိပ်ပွား ခဲ့သော **ဤပုတီးသည် နှစ်ပေါင်း (၃၆၀)နှစ်ကျော် သက်တမ်းရှိသည့် ရှေးဟောင်းရတနာတစ်ပါး ဖြစ်ပေ သည်။**

ထို့ကြောင့် လူအများ လေ့လာနိုင် ကြစေရန် မှတ်တမ်းပြု၍ ဖော်ပြ လိုက်ပါသည်။

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

စာမျက်နှာ (၁၃၃)မှ အဆက်

ရှည်ကြိုး (၁၂)ချောင်း **(ဖြောက်အိုး ပုံစံ ကြိုတင်ကျစ်ထုံးထားပါ။)**

★ ပင်မချည်နည်းအတွက် (၄)မီတာ ရှည် ကြိုး(၁)ချောင်း။

စတင် ပြုလုပ်ခြင်း

**ပုံ(၁)** ကြယ်သီးပုံထုံးချည်နည်း (တရုတ်ကြိုးထုံးပညာ (၇၄)၌ ဖော်ပြ ပြီး)ဖြင့် စတင်ပါ။

ထို့နောက် ယခု လေ့လာထားသော မောင်နှံလက်ဆက်ချည်နည်းဖြင့် ပေါင်း စပ်ပါ။

ယင်းနောက်တွင် **မင်္ဂလာကြိုးထုံး** (တရုတ်ကြိုးထုံးပညာ (၅၄)၌ ဖော်ပြပြီး) တစ်လှည့်၊ မောင်နှံလက်ဆက်ချည် နည်းတစ်လှည့် ချည်ထုံးပါ။

**ပုံ(၂)** ကြိုးတစ်စစီတွင် အရုပ် ကလေးတစ်ရုပ်စီ လျှိုသွင်းပြီး မောင်နှံ လက်ဆက်ချည်နည်းဖြင့် ဆက်လက် ချည်ထုံးပါ။

**ပုံ(၃)** ကျစ်ထားသော ဖြောက်အိုး ပုံစံတစ်ခု တွဲချည်ပါ။

**ပုံ(၄)** အခြားတစ်ဖက်မှ ဖြောက်အိုး နောက်တစ်ခု ထပ်တွဲပါ။

**ပုံ(၅)** ဖြောက်အိုးများ တစ်ဖက် တစ်ချက်စီ အဆင့်ဆင့်ဆွဲပါ။

**ပုံ(၆)** မင်္ဂလာဖြောက်အိုး အတွဲရရှိ ပါပြီ။

**ပုံ(၇)** ပါအတိုင်း တန်ဆာဆင် အလှခြယ်နိုင်ပါသည်။


တရုတ်ဓလေ့တွင် ဖြောက်အိုးတွဲ များ ဖောက်ခြင်းသည် မကောင်းဆိုးဝါး များ ပပျောက်၍ ကျက်သရေမင်္ဂလာ ပြည့်စုံစေကာ စည်ကားသိုက်မြိုက်ခြင်း၊ ပျော်ရွှင်တက်ကြွခြင်း အနက်အဓိပ္ပာယ် ဆောင်ယူပါသည်။

**ဟူဂျင်းဇီ**




www.burmeseclassic.com


www.burmeseclassic.com




(၁) မောင်နှံလက်ဆက်ချည်နည်း တစ်ဖက်အမြင်



(၂) မောင်နှံလက်ဆက်ချည်နည်း တစ်ဖက်အမြင်



(၃) မောင်နှံလက်ဆက်ချည်နည်း တစ်ဖက်အမြင်



(၄) မောင်နှံလက်ဆက်ချည်နည်း တစ်ဖက်အမြင်

# တာရှတ် ကြိုးထုံးပညာ (၁၀)

ဟူကျင်းဇီ

ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း( ၈၀ )

双联结

(ရှွမ်းလျန်ကျဲ) Shūang Lián Jié


မောင်နှံလက်ဆက်ချည်နည်း


အခြေခံကြိုးထုံးချည်နည်းတစ်ခု ဖြစ်သည်။ ဤကြိုးထုံးနည်းကို ယခင်လေ့လာခဲ့ပြီးသော ကြိုးထုံးနည်းများနှင့် ပေါင်းစပ်၍ **"မင်္ဂလာပြောက်အိုး"** အဆင်တန်ဆာကို ဖန်တီးနိုင်ပါမည်။

အခြေချည်နည်းကို လေ့လာပါ။


မောင်နှံလက်ဆက်ချည်နည်း ပုံ(၁) နှင့် တစ်ဖက်မှ မြင်ရပုံ တွဲဖက်ဖော်ပြထားပါသည်။

(၁)၊ (၂) မင်္ဂလာပြောက်အိုးချည်နည်း






(၃) မင်္ဂလာပြောက်အိုးချည်နည်း



www.burmeseclassic.com

www.burmeseclassic.com










◆ (၄)၊ (၅)မင်္ဂလာပြောက်အိုးချည်နည်း

◆ (၆)မင်္ဂလာပြောက်အိုးချည်နည်း



◆ (၇)မင်္ဂလာပြောက်အိုးအဆင်တန်ဆာ

◆ မင်္ဂလာပြောက်အိုး ချည်နည်းအတွက် လိုအပ်သော ပစ္စည်းများ



**ပုံ(၂)အတွဲ** = တစ်စ လျှိုသွင်းပါ။ ဘန့်လန့်မြေညီမျဉ်းအတိုင်း ဖြစ်သည်။

**ပုံ(၃)အတွဲ** = ထောင်လိုက်မျဉ်း အတိုင်း ထပ်လျှိုပါ။

**ပုံ(၄)အတွဲ** = မြေညီမျဉ်းအတိုင်း လေးဖက်ပြည့်အောင် လျှိုပါ။

တင်းတင်းရင်းရင်းဖြစ်အောင် ဆွဲပါ။ ညှိပါ။ မောင်နှံလက်ဆက်ချည်နည်း ရပါပြီ။

## မင်္ဂလာပြောက်အိုးချည်နည်း

လက်ထပ်မင်္ဂလာပွဲတွင် ပြောက်အိုး ဖောက်ကာ စည်စည်ကားကား သိုက် သိုက်မြိုက်မြိုက် ဆင်နွှဲကြသည့် မင်္ဂလာအထိမ်းအမှတ် အဆင်တန်ဆာ ဖြစ်သည်။

## လိုအပ်သော ပစ္စည်းများ

★ စုံတွဲအရုပ်ကလေးနှစ်ရုပ်၊

★ ပြောက်အိုးလုပ်ရန် (၃)စင်တီမီတာ

 စာမျက်နှာ (၁၃၁) သို့

www.burmeseclassic.com



စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



၁။

* * *




ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၄၁ ခုနှစ်၊ ကဆုန်လ၊ ကြာသပတေးသမီး**ဖြစ်ပြီး အသားဖြူဝင်းနေသူ ဖြစ်ပါတယ်။ မိဘများ ပေးထားတဲ့ နာမည်က "**မာလာဆွေ**"ဖြစ်ပြီး သူမရဲ့ ထိုးမြဲလက်မှတ်ကတော့ အင်္ဂလိပ်အက္ခရာနဲ့ "**မာလာ**"ကိုသာ ထိုးထားခြင်းဖြစ်တယ်။ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ ချကြည့်ရင်...

* * *

+ ဗုဒ္ဓဟူးဖြစ်လို့ နာမက္ခရတိုင်စဉ်မှာ၊ ဝုဒ္ဓိမှာ၊ **အနိဋ္ဌ + အနိဋ္ဌ**ဖြစ်လို့ အထူး ညံ့လွန်းပါတယ်။

ဒီနာမည်မျိုးမှာ နာမည်နောက်ဆုံး

နံပါတ်- ၁





(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်) (ဝုဒ္ဓိ)

ကြာသပတေး ပုတိဖွား ဖြစ်ပါတယ်။ နာမည်က **ကြာသပတေး + ဗုဒ္ဓဟူး + အင်္ဂါ**ဖြစ်လို့ **ပုတိ + အထွန်း** နာမည်ဟာ အချို့ဗေဒင်ဆရာများက ပက္ခမိတယ်လို့ သတ်မှတ်တယ်။ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှားဖြစ်တယ်။ နာမည်ပေး ညံ့ပါတယ်။ ကြာသပတေးအစ သောကြာအဆုံး မွေးနံကို အညွှန့်အုပ် နာမည်ဆိုရင် ပိုကောင်းမယ်။

ထိုးမြဲလက်မှတ်က ကြာသပတေး စာလုံး "ဆွေ"ကို လက်မှတ်ပြုပြင် ရွေးချယ်ထိုးသင့်တယ်။

* * *



(ပြုပြင်သင့်သော လက်မှတ်နမူနာပုံစံ)

လက်မှတ်အောက်က မျဉ်းမသား ပါ။ အညွှန့်နေရာမှာ ပွင့်ဖတ် (၅)ခု တဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။

၂။

* * *





www.burmeseclassic.com

www.burmeseclassic.com

ယခုလအတွက် **နံပါတ်(၂)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၅၃ ခုနှစ်၊ တပေါင်းလ၊ အင်္ဂါနေ့ဖွား** အမျိုးသားလူငယ်တစ်ဦး ဖြစ်ပါတယ်။

သူ့မိဘများ ပေးထားတဲ့ နာမည်က **"စိုးဝေဖြိုး"**ဖြစ်ပြီး လက်မှတ်ကတော့ **"ဖြိုး"**တစ်လုံးတည်းကိုသာ အင်္ဂလိပ်အက္ခရာနဲ့ ရွေးထိုးထားခြင်းဖြစ်ကြောင်း သိရတယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်က ဘယ်ဘက်ကိုစောင်းပြီး လက်မှတ်ပေါ်မှာ ကန့်လန့်မျဉ်းတွေ ဖြတ်ထားခြင်းတွေက မကောင်းပါဘူး။

ကြိုးစားသလောက် ခရီးမရောက်နိုင်ဘူး။ အနှောင့်အယှက် အဖျက်အဆီးတွေကို ကြုံရပြီး ဘေးဥပဒ်အန္တရာယ်တွေနဲ့ မကင်းဘူး။ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်တို့ ချကြည့်ရင်...


* * * ———→

အင်္ဂါ ပုတိဖွားဖြစ်ပြီး အင်္ဂါ + ဗုဒ္ဓဟူး + ကြာသပတေး နာမည်ပေးထားလို့ **ပုတိ + သိုက် + မရဏ = အနိဋ္ဌ + အနိဋ္ဌ** နာမည်ဖြစ်တယ်။ နာမည်ပေးညံ့တယ်။ နာမက္ခရတိုင်စဉ် မှန်ပါတယ်။

လက်မှတ်က မရဏဌာန ကြာသပတေးဖြစ်လို့ မကောင်းပါဘူး။ ဒီနာမည်မျိုးမှာ **"စိုးဝေ"**နှစ်လုံးတွဲထိုးရင် **ပုတိ + သိုက် = အနိဋ္ဌ + ဣဋ္ဌ**ဖြစ်လို့ ပိုကောင်းမယ်။

**သချာဗေဒင်ပညာအရ စိုး = ၁၅၊ ဝေ = ၈၊** စုစုပေါင်း (၂၃)ဂဏန်းတွဲရလို့ သူ ဝါသနာပါတဲ့ အနုပညာအလုပ်မှာ အောင်မြင်ကျော်ကြားမှု ရနိုင်တယ်။


* * *



(ပြုပြင်ထိုးသင့်သော လက်မှတ်နမူနာပုံစံ)

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ တော်သလင်းလ၊ သောကြာနေ့ဖွား** အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

ဘာလုပ်လုပ် အဆင်မပြေဘူး။ ငွေထွက်များတယ်။ ဝမ်းနည်းကြေကွဲ ပူဆွေးရမှုတွေ မကြာခဏ ကြုံရတယ်ဆိုပြီး ခိုညည်းသလို ညည်းပြတယ်။

သူမရဲ့ နာမည်က **"သီတာစန်း"**

**နံပါတ်- ၂**

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ * |

**(မူလမဟာဘုတ်ခွင်)**

| | |
|---|---|
| ၁ | |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

**(နာမက္ခရတိုင်စဉ်)**

**နံပါတ်- ၃**

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | * ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

**(မူလမဟာဘုတ်ခွင်)**

| | |
|---|---|
| ၁ | |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

**(နာမက္ခရတိုင်)**

←
၃ ၄ ၅ ၆ ၀ ၁ ၂

**(ဝုဒ္ဓိ)**



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး ထိုးမြဲလက်မှတ်ကို နာမည် အပြည့်အစုံ ထိုးထားတယ်။ လက်မှတ် ပုံသဏ္ဍာန်က အပေါ်မှာ ခွက်မှောက်ပုံစံ နဲ့ အောက်ကို ထိုးဆင်းတဲ့ ဒေါင်လိုက် မျဉ်းတွေက မကောင်းပါဘူး။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင် စဉ်နဲ့ ဝုဒ္ဓိတွေ ချကြည့်ရင်...

* * * ***(နံပါတ်–၃)***

သောကြာ အဓိပတိဖွားဖြစ်တယ်။ သောကြာအစ၊ အင်္ဂါအဆုံးအပြင် မိတ်ဂြိုဟ်တွဲနဲ့ နာမည်ပေးထားပေမယ့် **အဓိပတိ + ပုတိ**၊ နာမည်က **ဣဋ္ဌ + အနိဋ္ဌ** ဖြစ်ခြင်း၊ နာမက္ခရတိုင်စဉ်မှား ခြင်း၊ ဝုဒ္ဓိမှားခြင်းတွေကြောင့် နာမည် ပေးညံ့တယ်။ အချစ်ရေး၊ အိမ်ထောင် ရေး၊ ငွေကြေးကိစ္စတွေ စိတ်ညစ်ရ မယ်။ ပူပန်သောကများမယ်။

ဒီနာမည်မျိုးမှာ **"သီတာ"**ဆိုတဲ့ နှစ်လုံးတွဲကို လက်မှတ်ရွေးထိုးရင် မွေးနံကို အညွှန့်အုပ်၊ **အဓိပတိ + ရာဇ** နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန် အားလုံးကောင်းသွားမယ်။ လက်မှတ် ပုံသဏ္ဍာန်ကောင်းအောင် ပြုပြင်သင့် တယ်။

* * *



**(ပြုပြင်ထိုးသင့်သော လက်မှတ်နမူနာပုံစံ)**

လက်မှတ်အောက်က မျဉ်းမသားရ ပါ။ ငွေအိတ်သင်္ကေတ တည့်အောင် ဆွဲပါ။ အညွှန့်နေရာမှာ ပွင့်ဖတ်(၆)ခု ပါ ပန်းပွင့်ပုံဆွဲပါ။

၄။

* * *

ယခုလအတွက် နံပါတ်(၄)နေရာ မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ် ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၅၀ ခုနှစ်၊ တပို့တွဲလ၊ ကြာသ ပတေးသား** ဖြစ်ပါတယ်။ ပညာရေး မှာ အချစ်ရေး၊ အိမ်ထောင်ရေး အနှောင့် အယှက်တွေ ကြုံရတယ်။ ဉာဏ် ကောင်းပေမယ့် ရည်မှန်းချက် မပြည့် ဘူးလို့ သူ့မိဘက ပြောပြတယ်။

**"မျိုးသန့်"**ဆိုတဲ့ နာမည်နှစ်လုံး တွဲကို လက်မှတ်ရေးထိုးထားခြင်း မှန်၊မမှန်သိရဖို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင်...

* * *

နံပါတ်– ၄

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |


| | ၃ | |
|---|---|---|
| *၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

**(မူလမဟာဘုတ်ခွင်)**

| | ၅ |
|---|---|
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |

**(နာမက္ခရတိုင်စဉ်)**

ကြာသပတေးသား အထွန်းဖွား ဖြစ် တယ်။ ကြာသပတေးအစ၊ သောကြာ အဆုံး မွေးနံကို အညွှန့်အုပ် နာမည်ပေး နည်း မှန်တယ်ဆိုပေမယ့် **အထွန်း + ဘင်္ဂ = ဣဋ္ဌ + အနိဋ္ဌ** ဖြစ်သလို နာမက္ခရတိုင်စဉ်လဲ မှားတဲ့အတွက် နာမည်ညံ့ပါတယ်။ ဘာလုပ်လုပ် အစ



ကောင်း၊ အနှောင်းပျက် ကြိုးစား သလောက် ခရီးမရောက် ဖြစ်တတ် တယ်။

ဒီလို နာမည်ညံ့ကို လက်မှတ်တွဲ ထိုးတာဟာ မကောင်းပါဘူး။ လက်မှတ်ပုံသဏ္ဍာန်ကလဲ အပေါ်ရော အောက်ပါ အပြိုင်သင်္ကေတတွေရှိ တော့ အချစ်ရေး၊ အိမ်ထောင်ရေး အလုပ်အကိုင်၊ စီးပွားရေးတွေမှာပါ အပြိုင်အဆိုင်ပေါ်များ အရှုပ်အထွေး ပေါ်များ ဖြစ်တတ်တယ်။

မျိုးတစ်လုံးတည်း ထိုးသင့်တဲ့ လက်မှတ်နမူနာပုံစံကို ဖော်ပြပေးလိုက် ပါတယ်။

* * *



***အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com






▲ ဒဂုံ ဆယ်တော်မှုဘုရားကြီးမုခ်ဦး [လွန်ခဲ့သော (၁၀)နှစ်ခန့်က]

# ဒဂုံ ဆယ်တော်မှုဘုရားနှင့်

## ကျွန်ုပ်ကိုယ်တွေ့အဓိဋ္ဌာန်

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

BURMESE CLASSIC .com

**ရွှေလင်းယုန် ဆရာတော်ကြီး၏ သာသနာပြုဌာနဖြစ်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ အနော်ရထာလမ်းမကြီးဘေးရှိ ဒဂုံဆယ်တော်မှုစေတီတော်မြတ်** ဝင်းဝတ်သို့ လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းက မကြာခဏ သွားရောက်အဓိဋ္ဌာန်ဝင်ခဲ့ဖူးပါသည်။

တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ အောင်မြင်တိုးတက် စည်ကားမှုများကို ထူးထူးခြားခြား တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် တပည့်ဒကာများ ညီညာစွာ ကြိုးစားမှုကြောင့် ယခုအခါ ဝင်းဝတ်တစ်ခုလုံး သာသနိက အဆောက်အအုံများနှင့် ပြည့်နေပြီ။ စေတီတော် ပရိဝုဏ်အနီးဝန်းကျင်မှာလည်း လူနေရပ်ကွက်များ စည်ကားလာနေပြီ။

ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းမှာ လူလာအလွန်ပါးပြီး ငွေဝင်အလွန်နည်းခြင်းမျိုးကို (၂)ရက်၊ (၃)ရက် ဆက်တိုက် ကြုံရပြီဆိုလျှင် ဒဂုံဆယ်တော်မှုဘုရားသို့ သွားရောက် အဓိဋ္ဌာန်ဝင်မြဲ ဖြစ်ပါသည်။

အဓိဋ္ဌာန်ကလည်း များများမဟုတ် တစ်နေ့တာမျှသာဖြစ်သည်။ နောက်တစ်နေ့မှစပြီး ကျွန်ုပ်ဟောခန်းမှာ လူလာများ ငွေဝင်ကောင်းဖြစ်လာကြောင်း အံ့ဩဖွယ် ကြုံရတတ်ပါသည်။

ကျွန်ုပ်ကိုယ်တွေ့ အဓိဋ္ဌာန်ဝင်ပုံကို ပြောပြပါမည်။ စေတီတော်ပရိဝုဏ်ရှိ ရုပ်ပွားတော်များတွင်သာ အဓိဋ္ဌာန်ဝင်ခြင်း ဖြစ်သည်။ ကျွန်ုပ်အဓိဋ္ဌာန်ဝင်သော အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် ဒဂုံဆယ်တော်မှုမြတ်စွာဘုရား။ ***(စေတီတော်အောက်ခြေတနင်္ဂနွေနှင့် သောကြာအရပ်ကြား ဂန္ဓကုဋီတိုက်)***

၂။ ဆန္ဒတော်ပြည့် မြတ်စွာဘုရား။ ***(တနင်္ဂနွေထောင့်)***





www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်
အုံ့ ဆယ်တော်မှ မြတ်စွာဘုရားရုံတော်

BURMESE CLASSIC .com

၃။ ဆုတောင်းပြည့်ကံကြီးအောင် မြတ်စွာဘုရား။ **(တနင်္လာအရပ်)**

၄။ အလိုတော်ပြည့်ဘုရားကြီး။ **(တနင်္လာအရပ်နှင့် အင်္ဂါထောင့်ကြား)**

၅။ အနန္တဝင်းပါး ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး။ **(ဗုဒ္ဓဟူးအရပ်)**

၆။ ပတ္တမြားမျက်ရှင် ဆုတောင်းပြည့်ဘုရား။ **(စနေထောင့်)**

၇။ မဟာအုံ့ထူးကံသာမြတ်စွာဘုရား။ **(ကြာသပတေးအရပ်)**

၈။ အောင်ရိုးပြီးရင်းရှိ မြတ်စွာဘုရား။ **(ရာဟုထောင့်)**

၉။ ပြည့်ဝေလျှံ မြတ်စွာဘုရား။ **(ရာဟုထောင့်)**

၁၀။ ဆုတောင်းပြည့် ဆယ့်တစ်ပီးငြိမ်း မြတ်စွာဘုရား။ **(သောကြာအရပ်)**



ငါရန်အောင်ဘုရားကြီး

အထက်ပါ (၁၀)ဆူမှာ ယခင်က
လက်ယာရစ်လှည့်၍ အဓိဋ္ဌာန်ဝင်ခြင်း
ဖြစ်သည်။ ယခုအခါ အောင်မင်းခေါင်
စေတီတော် အရှေ့ဘက်ကပ်လျက်
ကုန်းတော်တွင် အသစ်တည်ထား
သော အောက်ပါ ရုပ်ပွားတော်များကို
အဓိဋ္ဌာန်ဝင်ပါသည်။

၁၁။ ငါရန်အောင်ဘုရားကြီး။ **(ရပ်တော်မူ)**

၁၂။ အကျွတ်အလွတ် မြတ်စွာဘုရားကြီး။ **(ရပ်တော်မူ)**

၁၃။ အုံ့ ပြည့်ဝလာဘ်ရှင်ဘုရားကြီး။ **(ရပ်တော်မူ)**

အထက်ပါ ရုပ်ပွားတော်များ၏ရှေ့
တွင် ဖယောင်းတိုင်(၁)တိုင်၊ အမွှေးတိုင်
(၃)တိုင် ထွန်းလှူပူဇော်ပြီး ဦးသုံး
ချရှိခိုး၍ အောက်ပါမန္တန်တော်က
တစ်ဆူမှာ (၁၀)ခေါက်စီ ရွတ်ပွားပူဇော်
ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မင်းခေါင်
ခေတီ



◆ ဒဂုံ ပြည့်ဝလာဘ်ရှင်ဘုရားကြီးနှင့်
အကျွတ်အလွတ် မြတ်စွာဘုရားကြီး

'ဥုံ အရဟံ ဗဟိ အလ္လူဇယံ၊ သုဂတံ၊ အမိတံ၊ ဝိရဇံ၊ လလိတံ၊ အတုလံ၊ စရဏံ၊ တိဘဝရူပသမံ၊ ယမကံ၊ သုခဒံ၊ သရဏံ၊ ပနမာမိဇိနံ၊ လာဘံ၊ ခနံ၊ ဇယံ၊ သုခံ၊ သိဒ္ဓိ ဥုံ'

**မှတ်ချက်** ။ ။ မျဉ်းသားထားသော နေရာတွင် မူလစာလုံးမှာ "**အန္တ**"ဖြစ်သော်လည်း ကျွန်ုပ်က "**အလ္လူ**"ဟုပြင်ဆင်ထားပြီး ပွားမှသာ လူဝင်များ၊ ငွေဝင်ကောင်းသဖြင့် ပြင်ဆင်ရွတ်ပွားရန် ဖြစ်သည်။

မူလက **ရသေ့ကြီး ဦးခန္တီ ပုတီးစိပ်ဂါထာ**ဖြစ်ရာ ဂါထာတော်အဆုံးတွင် "**ပဏာမာမိဇိနံ**"တွင် အဆုံးသတ်ပါသည်။ ကျွန်ုပ်က "**လာဘံ ခနံ ဇယံ သုခံ သိဒ္ဓိ**"ဟူသော အပိုဒ်တစ်ပိုဒ် ထပ်တိုးရွတ်ဆိုခြင်း ဖြစ်သည်။ ထို့ပြင် ဂါထာတော်၏ရှေ့မှ "**ဥုံ**"၊ နောက်မှာလည်း "**ဥုံ**"ထည့်ကာ မန္တန်အဖြစ် ပြောင်းလဲရွတ်ဆိုပါသည်။

ဤကဲ့သို့ ပြောင်းလဲရွတ်ဆို အဓိဋ္ဌာန် ဝင်ရာတွင် ငွေဝင် ချက်ချင်းကောင်းသည့်အပြင် ဝင်ငွေမှာလည်း မူလ ထက် (၁)ဆမက ပိုမိုတိုးပွားရရှိခဲ့ပါသည်။

အခက်အခဲကြုံလျှင် ဒဂုံဆယ်တော်မှ ဘုရားပုရိဂုဏ်သို့ သွားရောက် အဓိဋ္ဌာန်ဝင်ကြည့်ဖို့ လမ်းညွှန်ပေးလိုက်ပါသည်။ အဆင်ပြေကြပါစေ။

*အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေကွဲ)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com





ဝါးနဂါးထိပ်ဦးခေါင်း

BURMESE CLASSIC .com

ထူးခြားဆန်းပြား

# ဝါးနဂါး

ဒုဏ္ဏာရီ
(စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း)

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"၊ "သစ်ပင်စိုက်က အရိပ်ရ" ဆိုသကဲ့သို့ "တစ်သက်တာ ပျော်ချင်လျှင် သစ်ပင်စိုက်"ဟူ၍ သစ်ပင်နှင့် ပတ်သက်သော ဆောင်ပုဒ်များစွာ ရှိလေသည်။

စာရေးသူသည် သစ်ပင်စိုက် အလွန်ပင် ဝါသနာပါသည်။ အထူးသဖြင့် တခြား တစ်နယ်တစ်ဒေသ တစ်အိမ်သို့ သွားရောက်တိုင်း မတွေ့ဘူး၊ မမြင်ဘူး၊ မကြုံဘူးသော သစ်ပင်ပန်းပင်များကို တွေ့လျှင် စိတ်ဝင်တစား ကြည့်ရှုပြီး သစ်ပင်၏ ထူးခြားဆန်းကြယ်မှု၊ ဆေးဖက်ဝင်ပုံ၊ အကျိုးရှိရှိ အသုံးပြုပုံတို့ကို စူးစမ်းလေ့လာမေးမြန်းပြီး တောင်းယူစိုက်ပျိုးလေ့ ရှိပါသည်။

တစ်နေ့တော့ စာရေးသူအိမ်မှာ စိုက်ပျိုးထားသော ဝါးမင်း(ခေါ်)ဝါးပင် အုပ်စုမှ ထူးခြားစွာ ဝါးရိုးတံတစ်ချောင်း ထွက်ရှိနေသည်ကို သတိထားမိလေသည်။

သေချာ လေ့လာစစ်ဆေးကြည့်တော့ ဝါးပင်ကလေးမှာ အခြားဝါးပင်များနည်းတူ ကိုင်းတက်ကိုင်းလက်များ လုံးဝမထွက်ဘဲ ရိုးတံပမာ အပေါ်ကို (၃)ပေခန့် မြင့်တက်ပြီး ဝါးရုံပင်အောက်မှ ထိုးထောင်ထွက်ကာ ပေါက်နေခြင်း ဖြစ်ပါသည်။

ဤဝါးမျိုးမှာ အပင်နိမ့်နိမ့်နှင့် ကိုင်းလက်များ ဝေဆာဖြာထွက်သော ဝါးမျိုးဖြစ်ပါသည်။ အချို့ တိုက်အိမ်များမှာ အလှအိုးများနှင့် ဧည့်ခန်းမှာ စိုက်ပျိုးထားတတ်ပါသည်။

ဝါးပင်ပေါက်ပုံမှာလည်း တခြားဝါးပင်များ၏ အမြစ်များအပေါ်မှ ဦးခေါင်းထွက်ပြီး ပေါက်နေခြင်းဖြစ်ပါသည်။

ဝါးပင် ဆိုသည်မှာလည်း ရိုးရိုးဝါးမျိုး မဟုတ်ပေ။ ဝါးမင်းဟုခေါ် ကြောင်းနှင့် အဆိုပါ ဝါးပင်အား အိမ်ခြံဝင်းအတွင်း စိုက်ထားပါက အတိုက်အခိုက်များ၊ ပယောဂများ၊ ရောဂါဘယများ ကင်းရှင်းပြီး လာဘ်လာဘ ကောင်းမွန်ကြောင်း လူတချို့က ပြောကြသည်။

ဒါတွေကို အဓိက မထားဘဲ လှပဆန်းကြယ်သည့် ဝါးပင်ဆိုပြီး တစ်ဖက်ရွာ အသိအိမ်မှ တောင်းယူစိုက်ပျိုးထားခြင်း ဖြစ်ပေသည်။ ဝါးရုံပင်လေးများမှာ အရပ်(၆)ပေ (၇)ပေခန့်ထက် ပိုမတက်ပေ။ ဝါးဆစ်ကလေးများမှာလည်း ပုအိုင့်ပြီး အတစ်တိုလေးများဖြစ်ပြီး အရိပ်ရကာ အင်မတန်လှပပြီး ရှုချင့်စဖွယ် ဖြစ်ပါသည်။


သို့နှင့် စာရေးသူလည်း အ...
ထူးခြားသည့် ဝါးပင်လေးကို တ...
ဝါးပင်များ၏ အမြစ်များအ...
အလွယ်တကူ ဖဲ့ယူလိုက်ပြီး ဓော...
ထောင်ထားပါက ဦးခေါင်းမှ...
တစ်ကောင်၏ ဦးခေါင်းနှင့်တူ...
သည်။

ထို့ကြောင့် စာရေးသူလည်း ထ...



www.burmeseclassic.com

www.burmeseclassic.com



ဝါးပင်အမြစ်များပေါ်မှ တစ်ဆင့် အပေါ်တိုးထွက် ပေါက်နေပုံ

အပင်အောက်ထိုးထား၍ ဦးခေါင်းထောင်ထားပုံ



စွာ ပေါက်ရောက်နေသော ဝါးပင်လေးမှာ ရေနဂါးတစ်ကောင်နှင့် အလွန်တူလွန်းလှသဖြင့် ထူးခြားဆန်းပြားဝါးနဂါးဟုသာ အမည်ပေးကာ စာဖတ်သူများ ဗဟုသုတ တိုးပွားစေခြင်းငှာ ရေးသားလိုက်ရပေတော့သည်။

(ဤဝါးမင်းနှင့် ပတ်သက်၍ ဗဟုသုတကြွယ်ဝလှသော သုတေသီများအနေဖြင့် ဝါးမင်းပင် စိုက်ခြင်း၏ ကောင်းကျိုးဆိုးကျိုးများကို စာဖတ်သူများ ဗဟုသုတ တိုးပွားစေခြင်းငှာ တစ်ဆင့် ရေးသားဖော်ပြပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ဒဏ္ဍာရီ
(စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ကျမ်းတော်ကြီး (၇၀)



လက်မင်းကျော်စွာ

တုတ်ကောက်

◎ လမ်းလျှောက်ရာတွင် ကိုင်တွယ်အသုံးပြုသော တုတ်ကောက်ဖြစ်သည်။ တောင်ဝှေး၊ ချိုင်းထောက်၊ လမ်းလျှောက်ရာ၌ လက်ဖြင့် အားပြုရသော သုံးချောင်းထောက်စင်၊ လေးချောင်းထောက်စင်များ အားလုံး အကျုံးဝင်ပါသည်။

✤ **အမျိုးသားက တုတ်ကောက်ကို မြင်မက်ခြင်းသည်...**

ဘဝတွင် ခက်ခဲပင်ပန်းမှုများ ကြုံတွေ့ရမည့်နိမိတ် ဖြစ်သည်။

✤ **အမျိုးသမီးက မြင်မက်ပါက...**

နေအိမ်ဂေဟာသို့ သူခိုးဝင်ရောက်တတ်သည်။

✤ **နာမကျန်းဖြစ်နေသူ လူမမာက မြင်မက်ပါက...**

တဖြည်းဖြည်း နာလန်ထူလာနိုင်သည်။

✤ **ကျောင်းသူကျောင်းသား ပညာသင်ကြားနေသူက မြင်မက်လျှင်...**

ပညာရည်တိုးတက်မှု လျော့ပါးသွားလိမ့်မည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

ကာယိန္ဒြေနှင့်ပတ်သက်၍ မဟုတ်မတရား ပြောဆို စကားတင်းဖွဲ့ခြင်း ခံရဖွယ်ရှိသည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**

စာရိတ္တမကောင်းသော မိန်းမနှင့် ဖောက်ပြားငြိစွန်းနိုင်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ရှုံးတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတု အဖျက်ဘေးကြုံ၍ ကောက်ပဲသီးနှံပျက်စီးမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

အနှောင့်အယှက်နည်းပါး၍ ကူညီသူတွေ့လိမ့်မည်။

✤ **ဆရာဝန် ဆေးသမားက မြင်မက်လျှင်...**

နေထိုင်ရာ မြို့ရွာဒေသ ကပ်ဘေးကြုံတတ်သည်။

✤ **ရှေ့နေက မြင်မက်လျှင်...**

မတော်တဆ တရားခံဘဝ ရောက်သွားဖွယ်ရှိသည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

ပြစ်ဒဏ်လျော့ပေါ့ သက်ညှာပေးခြင်း ခံရကိန်းရှိသည်။

✤ **ရာသီဥတုနှင့် သဘာဝဘေး ဒဏ်သင့်သူက မြင်မက်လျှင်...**

အထောက်အပံ့၊ အကူအညီများ ရရှိနိုင်သည်။

◎ ရန်သူ ဖိနှိပ်နှင့်မယှဉ်မြတ်သူက တုတ်ကောက်ကိုင်ထားသည်။ တုတ်ကောက်ဖြင့် လမ်းလျှောက်သွားလာနေသည်ကို မြင်မက်ပါက အန္တရာယ်ရှိကြောင်း သတိပေးခြင်းဖြစ်သည်။

✤ **အမျိုးသား အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားရေး ဘေးအန္တရာယ်သင့်ကာ ပျက်စီးဆုံးရှုံးနိုင်သည်။

✤ **အိမ်ရှင်မ အမျိုးသမီးက မြင်မက်လျှင်...**

စားဝတ်နေရေး အခက်အခဲကြုံရတတ်သည်။

✤ **အိမ်ထောင်မဲ့ လူလွတ်က မြင်မက်လျှင်...**

မတော်တဆ ထိခိုက်မှုကြောင့် သွေးထွက်သံယို ဖြစ်ကိန်းရှိသည်။

✤ **အဖော်မဲ့ အမျိုးသမီးက မြင်မက်လျှင်...**

မဟုတ်တမ်းတရမ်း ယိုးစွပ် ပြောဆိုခြင်း ခံရတတ်သည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

ဆေးဝါး၊ အစားအစာ မှားယွင်းသဖြင့် ဝေဒနာ ပိုမို ကြီးလေးနိုင်သည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

လုယက်ခိုးဝှက်ခြင်း ခံရဖွယ်ရှိသည်။

✤ **ကိုယ်ဝန်ဆောင် အမျိုးသမီးက မြင်မက်လျှင်...**

ခက်ခဲစွာ မွေးဖွားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...

ကျားကုတ်ကျားခဲ ကြိုးစား အား ထုတ်ပါမှ စာမေးပွဲ အောင်မြင်မည်ဟု သတိပေးခြင်းဖြစ်သည်။

✤ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန် စီစဉ်နေစဉ် မြင်မက်ပါက...

နှစ်ဦးသဘောတူ ခိုးပြေးခြင်းကသာ အဓိက ဖြေရှင်းနိုင်မည့်နည်းလမ်း ဖြစ်ကြောင်း ညွှန်ပြသည်။

✤ ရှေ့နေက မြင်မက်လျှင်...

ကိုင်စွဲချက် မှားယွင်းသဖြင့် မရှုံမလှ အမှုရှုံးနိုင်သည်။

✤ ဆေးသမား၊ ဆရာဝန်က မြင်မက်လျှင်...

ဆေးဝါးကုသ ဆုံးဖြတ်မှု မှားယွင်းသဖြင့် အမှုပေါ်နိုင်သည်။

✤ အချုပ်အကျဉ်းကျနေသူ၊ အကျပ်အတည်းကြုံနေရသူက မြင်မက်လျှင်...

ဘုရားလေးရာ ဖရုံဆင့်၍ အပြစ်ဒဏ် တိုးပွားရကိန်းရှိသည်။

✤ တောင်သူလယ်သမားက မြင်မက်လျှင်...

ရောဂါဘေး၊ ပိုးမွှားဘေးကြောင့် သီးနှံများ ဆုံးရှုံးတတ်သည်။

◎ မိတ်ဆွေသူငယ်ချင်းကို တုတ်ကောက်နှင့် အတူမြင်မက်ရပါက မိမိ အတိဒုက္ခရောက်နေချိန်တွင် ကူညီ ကယ်ဆယ်သူ ပေါ်ပေါက်မည်။

✤ တုတ်ကောက်ဖြင့် တစ်စုံတစ်ယောက်အား ရိုက်ရသည်ဟု မက်လျှင်...

ကောင်းသော နိမိတ်မဟုတ်ပါ။

✤ အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...

နာမည်ဆိုးနှင့် ဟိုးဟိုးကျော်ကာ ကောင်းသတင်း ထင်ရှားတတ်သည်။

✤ အိမ်ရှင်မ အမျိုးသမီးက မြင်မက်ပါက...

အိမ်မှုကိစ္စနှင့် အိမ်တွင်းရေးကိစ္စများ အတွက် အများသူငါ ရှုတ်ချပြောဆိုခြင်း ခံရဖွယ်ရှိသည်။

✤ လူပျိုလူလွတ် မြင်မက်ခြင်း ဖြစ်ပါလျှင်...

စာရိတ္တချို့ယွင်းသူ မိန်းမများနှင့် ပတ်သက်၍ နာမည်မကောင်းသတင်း ကျော်ကြားတတ်သည်။

✤ အပျိုလူလွတ်က မြင်မက်ပါက...

ရောဂါသည့် ခင်ပွန်းလောင်းနှင့် မကောင်းသတင်း စွပ်စွဲခြင်း ခံရကိန်း ရှိသည်။

✤ ကုန်သည် ရောင်းဝယ်သူက မြင်မက်လျှင်...

ရောင်းဝယ်တာ ဆုံးရှုံးနစ်နာမည်။

✤ တောင်သူလယ်သမားက မြင်မက်လျှင်...

ကောက်ပဲသီးနှံ အထွက်နည်း၍ အရောင်းထိုင်း ဈေးအေးနေမည်။

✤ ခရီးသွားစဉ် မြင်မက်ပါက...

ဒုက္ခကြုံစဉ် ဖဲခွာသွားသော မိတ်ဆွေတု မိတ်ဆွေယောင်နှင့် တစ်ခရီးတည်း သွားရတတ်သည်။

✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...

သဘောထား စာရိတ္တ မတိုက်ဆိုင်သူနှင့် အတူယှဉ်ထိုင်ကာ ကျောင်းသားဆိုး စာရင်းဝင် ဖြစ်သွားနိုင်သည်။

✤ လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲရန် စီစဉ်ခိုက် မြင်မက်ပါက...

ကြားဝင် နှောင့်ယှက်ကာ ပွဲဖျက်သူ ပေါ်ပေါက်တတ်သည်။

✤ ရောဂါဘယ ခံစားနေသူက မြင်မက်လျှင်...

ရောဂါအနာ တာရှည်တတ်သည်။

✤ အချုပ်အကျဉ်းကျနေက မြင်မက်လျှင်...

လွတ်ရက်ဝေး၍ အနာရောဂါ ခံစားရဖွယ်ရှိသည်။

✤ အမှုအခင်းရင်ဆိုင်နေရစဉ် မြင်မက်ပါက...

ရှေ့နေ၊ သက်သေ စသူတို့ ကိုယ်လှူ သူဖက်သား ဖြစ်နေတတ်သည်။

◎ တစ်စုံတစ်ယောက်က လမ်းလျှောက်တုတ်ဖြင့် မိမိကို ရိုက်သည်ဟု မြင်မက်လျှင်ကား ထင်ပေါ်ကျော်ကြားမည့် သဘောဆောင်သည်။

✤ အိမ်ထောင်ရှင် ယောက်ျားက မြင်မက်လျှင်...

အမည်သတင်းကောင်း ကျော်ကြား၍ ဝန်းကျင် လူမှုဆက်ဆံရေးတွင် မျက်နှာပွင့်လန်းမည်။

✤ အိမ်ရှင်မက မြင်မက်လျှင်...

စားဖိုဆောင်လိုအပ်ချက်များ ပြည့်စုံ၍ တိုးတိုးဖော် ကူညီဖက် ရရှိမည်။

✤ လုလင်ပျိုက မြင်မက်လျှင်...

ပျိုတိုင်းကြိုက်သော နှင်းဆီခိုင် ဖြစ်နိုင်သည်။

✤ မိန်းမပျိုက မြင်မက်လျှင်...

လာရောက် စပ်ဟပ်ကြောင်းလမ်းသူ ပေါ်များမည်။

✤ နာတာရှည်ရောဂါသည်က မြင်မက်လျှင်...

ဆေးဝါးတွေ့၍ နာလန်ထူလာမည်။

✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...

စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်မည်။

✤ ကုန်သည်က မြင်မက်လျှင်...

ရပ်ဝေး စီးပွားခွဲလုပ်ငန်း တိုးချဲ့ဖြစ်မည်။

✤ တောင်သူလယ်သမားက မြင်မက်ပါလျှင်...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်သောမြေယာ တိုးပွားမည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

ကူညီသူ ခရီးဖော်ကောင်းရရှိမည်။

✤ **အချုပ်အကျဉ်း အကျပ်အတည်း ကျသူ၊ ကြုံနေသူက မြင်မက် လျှင်...**

လွတ်ငြိမ်းချမ်းသာခွင့် ရရှိ လွတ် မြောက်မည်။

✤ **လက်ထပ်မင်္ဂလာပွဲ စီစဉ်နေစဉ် မြင်မက်ပါက...**

မင်္ဂလာပွဲကြီး ဝိုခြိုးကျင်းပဖြစ်မည်။

✤ **အမှုအခင်းရင်ဆိုင်ရစဉ် မြင် မက်ပါက...**

အမှုပြီးမြောက် အောင်နိုင်မည်။

❂ သူတစ်ပါးကို တုတ်ကောက်လက်ဆောင် ပေးရသည်ဟု မြင်မက်လျှင် မိတ်ဆွေ အပေါင်းအသင်း တိုးပွားမည့်နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက် လျှင်...**

လုပ်ဖော်ကိုင်ဖက် ဝါသနာတူ မိတ်ဆွေတိုးပွားမည်။

✤ **ဇနီးသည်က မြင်မက်လျှင်...**

အိမ်အကူ တိုးတိုးဖော်ရရှိမည်။

✤ **လူပျိုက မြင်မက်လျှင်...**

မိန်းကလေးအသိအကျွမ်း ရရှိတတ် သည်။

✤ **အပျိုက မြင်မက်လျှင်...**

အရေးပေးဆက်ဆံသူ ပေါများ၍ မျက်နှာပွင့်လန်းမည်။

✤ **မကျန်းမာသူက မြင်မက်လျှင်...**

ဆေးဝါးကုထုံး၊ သမားတော် ပြောင်းလဲကုသခြင်းဖြင့် ရောဂါဝေဒနာ သက်သာပျောက်ကင်းနိုင်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အကျိုးတူ ပူးပေါင်းဖက်၊ စီးပွားဖက် ရရှိမည်။

✤ **တောင်သူလယ်သမားက မြင် မက်လျှင်...**



စိုက်ပျိုးသီးနှံ အမျိုးအစားအသစ် ကြောင့် ဝင်ငွေတိုးပွားမည်။

✤ **ကျောင်းသူကျောင်းသားက မြင် မက်လျှင်...**

ကူညီအားပေးသူ အဖော်ကောင်း ရမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးစဉ် ချောမွေ့အဆင်ပြေမည်။

✤ **မင်္ဂလာပွဲစီစဉ်နေစဉ် မြင်မက်ပါ က...**

စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာ ကင်းရှင်း၍ အောင်မြင်မည်။

✤ **အချုပ်အကျဉ်းကျနေသူ မြင် မက်ပါက...**

ဝမ်းမြောက်ဖွယ် သတင်းစကား ကြားရတတ်သည်။

❂ သူတစ်ပါးက မိမိကို တုတ်ကောက်ပေးလာ သည်ဟု မြင်မက်လျှင် အဆင့်အတန်း မြင့်မား တိုးတက်မည့် လက္ခဏာဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက် လျှင်...**

ရာထူးတိုးနိုင်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိုးအိမ်၊ နေထိုင်မှုအဆင့်အတန်း မြင့်မားလာမည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**

ဘဝအဖော် ချစ်သူရတတ်သည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

ရုပ်ဂုဏ်၊ ဓနဂုဏ် ပြည့်စုံသူ ခင်ပွန်း လောင်းတွေ့မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရောင်းရေးဝယ်တာ တိုးတက် သွက်လက်လာမည်။

✤ **တောင်သူလယ်သမားက မြင် မက်လျှင်...**

ကောက်ပဲသီးနှံ အထွက်တိုး၍ ဝင်ငွေ ပိုမိုလာမည်။

✤ **မကျန်းမာသူက မြင်မက်လျှင်...**

ရောဂါဘယများ ဆေးဝါးတွေ့ရှိ၍ ပျောက်ကင်းမည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင် မက်လျှင်...**

ဒုက္ခသုက္ခများ ချုပ်ငြိမ်းပါပြီ။

✤ **ကျောင်းသူကျောင်းသားက မြင် မက်လျှင်...**

စာမေးပွဲအောင်မည်။

✤ **အမှုအခင်းရင်ဆိုင်ရစဉ် မြင် မက်ပါက...**

ပြီးဆုံး ပြေလည်မှုရရှိမည်။

✤ **အရွယ်လွန်၊ မလွန့်တလွန် အဖော်မဲ့တို့က မြင်မက်လျှင် ကား...**

ရုတ်တရက် အိမ်ထောင်ကျကာ ချက်ချင်းလက်ငင်း အိုရကိန်းရှိသည်။

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



# ကျက်သရေတိုး ဂါထာတော်

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

နှင့် ကျွန်ုပ်တို့ယုံကြည်ချက်တွေ


မြောက်ဥက္ကလာမြို့နယ်၊ (၄) ရပ်ကွက်၊ သုနန္ဒာလမ်းမကြီး၊ စိန်ရတီ လမ်းသွယ်ထိပ်ရှိ မဟာကျိန်သစ္စာ ရှင်ဘုရားကြီးသို့ ကျွန်ုပ်တို့မိသားစု သွားရောက် ဘုရားဖူးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလဆန်းပိုင်းက ဖြစ်သည်။

ရခိုင်ပြည်နယ်မှ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော် ဦးကုသလရက္ခိတ ဦးဆောင်တည်ထား ပူဇော်သည့် အမြင့် ဉာဏ်တော် (၁၀၈)ပေရှိသော မဟာ ကျိန်သစ္စာရှင် ဘုရားရုပ်ပွားတော်ကြီး မှာ လွန်စွာသပ္ပာယ်လှပါသည်။

ဘုရားပုရိဝုဏ်အတွင်း နှစ်ထပ် အဆောက်အအုံကြီး ခမ်းနားထည်ဝါ စွာရှိရာ အပေါ်ထပ်တွင် ဘုရားခန်း၌ မဟာကျိန်သစ္စာရှင် ဘုရားရုပ်ပွားတော် ငယ်ကို ပူဇော်ခံထားသည်။

ဘုရားခန်း၏ နံရံတစ်ဖက်ပေါ်မှာ အဓိဋ္ဌာန်ဆရာတော်ကြီး၏ ဓာတ်ပုံ တော်ကို ချိတ်ဆွဲပူဇော်ထားသည်။

ဆရာတော်၏ပုံတော် ဦးခေါင်းပိုင်း အယ်ညာမှာ မြန်လိုရော၊ အင်္ဂလိပ်လိုပါ ရေးဖော်ပြထားသည့် ဂါထာတော်ကို တွေ့ရှိရသည်။



◆ ဉာဏ်တော်(၁၀၈)ပေရှိသော
မဟာကျိန်သစ္စာရှင်ဘုရား

ကျက်သရေတိုးဂါထာတော်

အဓိဋ္ဌာန မဟာထေရ်၊
မဟာဇေယျ သိဒ္ဓိနာမံ။
နိစ္စံ ဝန္ဒာမိ အာစေရံ၊
ဘဝတု သဗ္ဗမင်္ဂလံ။

[တစ်နေ့(၅)ကြိမ် ရွတ်ဖတ် ပူဇော်ရှုပါ။]


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





တန်ဆောင်းအတွင်း မြင်ကွင်း

အဓိဋ္ဌာန်ဆရာတော်ဓာတ်ပုံနှင့်

ကျက်သရေတိုး

ဂါထာတော်

အနက်

**မဟာဖေယျသိဒ္ဓိနာမံ၊** မဟာဖေယျသိဒ္ဓိ အမည်တော်ရှိသော။ **အဓိဋ္ဌာနမဟာထေရံ၊** အဓိဋ္ဌာန်မထေရ်ဖြစ်သော။ **အာစေရံ၊** ဆရာကို။ **နိစ္စံ၊** အမြဲ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။ **သဗ္ဗမင်္ဂလံ၊** အားလုံးသော မင်္ဂလာသည်။ **ဘဝတု၊** ဖြစ်ပါစေသတည်း။

***(ဤကျက်သရေတိုးဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီးဦးစံတင့်(မှော်ဗီရိယ၊ ဝိနယဝရစတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)***

ကျွန်ုပ်လည်း ထိုဂါထာတော်ကို ဓာတ်ပုံရိုက်ယူခဲ့ပြီး ရွတ်ဖတ်သရဇ္ဈာယ်မည်ဟု ဆိုသောအခါ တစ်နေ့ (၅)ကြိမ်မှာ ဘယ်အချိန်တွေ ရွတ်ပွားပူဇော်ရမည်နည်း၊ တစ်ကြိမ်မှာ ဘယ်နှစ်ခေါက် ရွတ်ပွားရမည်နည်းကို စဉ်းစားရပြန်သည်။

ထိုအခါ ကရင်ပြည်နယ် သာမညတောင် ဆရာတော် (ဦးဝိနယ)၏ အခါ (၅)ပိုင်းကို သတိရမိသည်။

၁။ နံနက်(၆)နာရီမှ (၈)နာရီ(၂၄)မိနစ်အတွင်း။
၂။ နံနက်(၈)နာရီ(၂၅)မိနစ်မှ (၁၀)နာရီ(၄၈)မိနစ်အတွင်း။
၃။ နံနက်(၁၀)နာရီ(၄၉)မိနစ်မှ မွန်းလွဲ(၁)နာရီ(၁၂)မိနစ်အတွင်း။
၄။ မွန်းလွဲ(၁)နာရီ(၁၃)မိနစ်မှ (၃)နာရီ(၃၆)မိနစ်အတွင်း။
၅။ မွန်းလွဲ(၃)နာရီ(၃၇)မိနစ်မှ ညနေ (၆)နာရီအတွင်း။

ထိုအခါအတိုင်း နည်းမှီ၍ တစ်နေ့ (၅)ကြိမ်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်ပါသည်။

❖ နံနက် (၆)နာရီတစ်ကြိမ်၊
❖ နံနက် (၉)နာရီတစ်ကြိမ်၊
❖ မွန်းတည့် (၁၂)နာရီတစ်ကြိမ်၊
❖ မွန်းလွဲ (၃)နာရီတစ်ကြိမ်၊
❖ ညနေ (၆)နာရီတစ်ကြိမ်

တစ်ကြိမ်တွင် ရွတ်ပွားပူဇော်ရမည့် ခေါက်ရေအတွက် မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ဂုဏ်တော်(၁၀၈)ပေါ စုစုပေါင်းလျှင် (၉)ရသဖြင့် တစ်ကြိမ် (၉)ခေါက် ရွတ်ပွားရန် သတ်မှတ်လို ပါသည်။

ကျွန်ုပ်၏ မွေးနေ့မှစတင်ပြီး (၉)ပ တိတိ မပျက်မကွက် အဓိဋ္ဌာန် ရွတ်ပွားပူဇော်ပါမည်ဟု သစ္စာပြု ဂါထာတော်ကို ရွတ်ပွားပူဇော်ခဲ့ သည်။

ကျွန်ုပ်၏ အလုပ်ခန်းစားပွဲတွ မဟာကျိန်သစ္စာရှင်ဘုရား၏ ဓာတ် တော်နှင့် အဓိဋ္ဌာန်ဆရာတော်ကြီး ဓာတ်ပုံတော်တို့ကို တင်ပြီး အလု စားပွဲမှာပင် ရွတ်ပွားပူဇော်ခြင်း ပြ သည်။ လက္ခဏာဗေဒင်ဟောပရိသ ရှိနေလျှင် ဘုရားစင်အနီးမှာ သွာ ရွတ်သည်။

အပြင်သွားနေသည့်အချိန် ကာ ပေါ်မှာကြုံလျှင်လည်း ကားပေါ်မှာ ရွတ်ပွားပူဇော်သည်။ လမ်းလျှော နေစဉ် ထိုဂါထာတော်ရွတ်ပွား အချိန်ရောက်ပါက လမ်းလျှောက် ရင်း ရွတ်ပွားပူဇော်ပါသည်။





www.burmeseclassic.com

သူရောင်းရွာမှ ဦးကျော်ဟန်က **သူ့**
**...ဒ်မှာ ထူးခြားတဲ့ သိဒ္ဓိဝင်ပစ္စည်း**
**...တစ်ခု ရောက်နေတယ်။ လော့လာပြီး**
**...ရေးမယ်ဆိုရင် မနက်ဖြန်လာခဲ့ဖို့**
**...သွားတယ်**လို့ အိမ်ရှင်မ ပြောတာ
... ၂၀၁၃ ခုနှစ်၊ မတ်လ(၁)ရက်နေ့
...က်(၈)နာရီ ဆိုင်ကယ်စီးပြီး
...ရောင်းရွာကို ထွက်ခဲ့ပါတယ်။ အိမ်နဲ့
...ရောင်းရွာက တစ်မိုင်ကျော်ကျော်မျှ
...ပါတယ်။

သူရောင်းရွာ ရောက်လုနီးခင်မှာ
...တော့ သီရိဓမ္မာသောကမင်းကြီး တည်
...ခဲ့တဲ့ ဒီပင်္ကရာမဟာစေတီတော်
... ဖူးတွေ့ရပါတယ်။

သူရောင်းရွာရောက်တော့ ဦးကျော်
...န်ကို အဆင်သင့်တွေ့ရပါတယ်။
...န်တော် ရောက်တယ်ဆိုရင်ပဲ
...ကျော်ဟန်က ရေနွေးကြမ်းဓာတ်ဘူး
...ခါးပန်းကန်တစ်လုံး လာချပြီးတော့
...ဆေးအိတ်ထဲက ပစ္စည်းတစ်ခု
...တ်ယူလာပြီး ကျွန်တော့်ကိုပြတယ်။
...ည့်လိုက်တာနဲ့ ဂျို(ချေ)ချိုဆိုတာ
...လိုက်ပါတယ်။

'ဒါ ဟိုအရင်တစ်ခါတုန်းက ခင်ဗျား
...န်တော့်ကို ပြောပြထားဖူးတဲ့ ဂျို(ချေ)
...စ်ပင်တိုင်ချိုဆိုတာ မဟုတ်လား'

လို့ မေးလိုက်ရင်ပဲ ဦးကျော်ဟန်က
...ချေ)တစ်ပင်တိုင် ဟုတ်မှန်ကြောင်း
...ပြောပြပါတယ်။

ဒီပစ္စည်းကို မိုးညှင်းအထက် နမ္မား
...ရွာကို ဆေးကုသွားရင်း ကိုဖိုးချိန်
...ထံမှ ရခဲ့ကြောင်း။ ဦးကျော်ဟန်က
...ချိန်ရဲ့ဇနီးကို ဆေးကုသရာ
...က်သာပျောက်ကင်းလို့ ငွေနဲ့ ပူဇော်
...တော့တာကို ငွေမယူဘဲ ဒီဂျို(ချေ)
...စ်ပင်တိုင်ချိုကို မေတ္တာနဲ့တောင်းခံ
...တော့ ကိုဖိုးချိန်လဲ မိမိအနေနဲ့ ဘာသုံး



ဦးမင်းထက်
(မြန်မာစာ၊ မော်လူး)

သိဒ္ဓိဝင်

# ဂျို(ချေ)တစ်ပင်တိုင်ချိုနှင့်

### သူ့အစွမ်း၊ သူ့သတ္တိ

ရမှန်းလဲ မသိ။ ဖခင်လက်ထက်က ဆေးပညာလောကမှာ သုံးခဲ့တာပဲ သိတယ်။

မိမိအတွက် တစ်ပင်တိုင်ချိုရဲ့ သိဒ္ဓိ စွမ်းအင်ကိုလဲ ထိထိမိမိ မသိတာက တစ်ကြောင်းကြောင့် ဦးကျော်ဟန်ကို လှူခဲ့ကြောင်း၊ ဒီတစ်ပင်တိုင်ချိုကို တပို့တွဲလဆန်းတစ်ရက်နေ့က စတင် ရရှိခဲ့ကြောင်း...

ဂျို(ချေ)တစ်ပင်တိုင်ချိုမှာ အရွယ် အစားအားဖြင့် အရှည်(၅)လက်မခန့် ရှိပြီး အရင်းမှ (၂)လက်မခွဲအကွာတွင် ကွေးကွေးသဏ္ဍာန်ရှိပြီး ဖြက်မှာ (၁)လက်မခွဲခန့်ရှိပြီး အဖျားကို သွယ် သွားကြောင်း တွေ့ရပါတယ်။

ဦးကျော်ဟန်က ဒီ ဂျို(ချေ)တစ်ပင် တိုင်ချိုကို ဆေးပညာလောကမှာလဲ အသုံးချကြောင်း၊ အပူနာများရှိတဲ့သူ တွေ ဥပမာ ဆီးနီဆီးဝါဖြစ်ခဲ့ရင် ဒီ ပစ္စည်းကို ရေနဲ့သွေးပြီး ဆီးဆေးနဲ့

www.burmeseclassic.com

ရောစပ်တိုက်ရင် သက်သာကြောင်း ပြောပြပါတယ်။

ပြီးတော့ သူ့ကို ကာယသိဒ္ဓိအဖြစ်လဲ သုံးနိုင်တယ်လို့ ဆိုပါတယ်။ ဂျီ(ချေ) တစ်ပင်တိုင်ချိုဆိုတာ ရခဲတယ်။ သိဒ္ဓိရှိပြီး ရှားပါးတဲ့ပစ္စည်းတစ်မျိုး ဂျီ(ချေ) သတ္တဝါတို့ရဲ့ ဦးချိုဟာ အများအားဖြင့် ချိုနှစ်ချောင်း ပေါက်လေ့ပေါက်ထရှိကြောင်း၊ ဦးချိုတစ်ချောင်းတည်းရှိတဲ့ ဂျီ(ချေ)ကို ဘယ်လိုမှဖမ်းလို့ ပစ်လို့ မရကြောင်း၊ ချိုရဲ့ အစွမ်းသိဒ္ဓိတွေကြောင့် သေနတ်နဲ့ပစ်လဲ မသေနိုင်ကြောင်း၊ မတော်တဆ သစ်ပင်မှာ ကျိုးပဲ့စိုက်ဝင်ပြီး ကျန်ခဲ့တာတို့၊ ဒီလိုမှမဟုတ် သူ့သဘာဝနဲ့သူ သေဆုံးသွားတဲ့အချိန်ကျမှသာ ဒီချိုကို ရနိုင်ကြောင်း သူသိသမျှ ရှင်းပြပါတယ်။

ဆက်လက်ပြီး ကျွန်တော်က မိမိဖတ်ထားမှတ်ထားဖူးတဲ့ အကြောင်းအရာတွေလဲ ဦးကျော်ဟန်ကို ပြန်လည်ဖောက်သည်ချမိပါတယ်။

'ဟုတ်တယ် ဦးကျော်ဟန် ဒီလိုသိဒ္ဓိဝင်ပစ္စည်းတွေဟာ ဘယ်တော့မှ လူဆိုးသူခိုးလက်ထဲမှာ မနေဘူး။ ကျွန်တော် သိသလောက်ပြောရရင် ဂျီ( ချေ )တစ်ပင်တိုင်ချိုကို ကိုင်ဆောင်ထားခွဲ့သူဟာ သီလ သမာဓိနဲ့ ပြည့်စုံသူဖြစ်ရမယ်။ ဘာသာသာသနာကို ရိုသေလေးစားတဲ့သူ ဖြစ်ရမယ်။ မတော်လောဘတရားတွေများသူ မဖြစ်စေရဘူးတဲ့။ ဒီပစ္စည်းမှာ သိဒ္ဓိတန်ခိုးတွေရှိတယ်။

အဲဒါတွေက သေနတ်နဲ့ ပတ်သက်ရင် မီးမကူးဘူး။ ကျည်ကို လွှဲစေတယ်။ ဒီပစ္စည်းရှိနေရင် မီးမလောင်နိုင်ဘူး။ အိမ်ကို မီးမကူးနိုင်ဘူး။ ကာယသိဒ္ဓိတွေ ပြည့်စုံပြီး မကောင်းတဲ့ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်ဆိုးဂြိုဟ်ညံ့တွေကို ကာကွယ်ပေးတယ်။

ယုံယုံကြည်ကြည်နဲ့ စမ်းသပ်မှု မပြုရဘူး။ စမ်းသပ်ရင်တော့ သက်ဆိုင်ရာ အစောင့်အရှောက်တွေရဲ့ အထိခိုက်မှုကို ခံရတယ်လို့ ဆိုထားတယ်။ နောက် ချေတစ်ပင်တိုင်ချိုအပြင် ဂျီ( ချေ )လက်ဝါးကာ ဆိုတာလဲ ရှိသေးတယ်။ တွေ့ရင် အကြောင်းကြားပေးပါဦး။ သူလဲ သိဒ္ဓိတွေ အပြည့်ရှိတယ်လို့ ဆိုတယ်။

ဦးကျော်ဟန်အနေနဲ့ ဒီ ဂျီ(ချေ) တစ်ပင်တိုင်ချိုကို ယုံယုံကြည်ကြည်နဲ့ သုံးဗျာ။ စမ်းတော့ မစမ်းသပ်နဲ့။ ပြီးရင်လဲ မြင့်မြတ်တဲ့နေရာမှာ ထားပါ။ အချို့ကလဲ မိမိအိမ်ရဲ့ တံခါးမကြီး ဝင်ပေါက်ထွက်ပေါက် အပေါ်မှာ ထားကြတယ်။ မကောင်းတဲ့ အန္တရာယ်တွေကို ကာကွယ်တယ်၊ တားဆီးတယ်ပေါ့။

အချို့က ချိုကို လိုသလောက်ဖြတ်စိတ်ပြီး ပဥ္စလောဟာနဲ့ လက်စွပ်ကွင်းပြီး အဆောင်အနေနဲ့ ဝတ်ဆင်ထားတာကိုလဲ တွေ့ရတယ်။ အလိုရှိသူတွေ၊ ဥပမာ သီလ သမာဓိ မရှိတဲ့သူတွေကို လုံးဝ မပေးမိဖို့တော့ သတိပြုပါဗျာ'

ငွေကြေး ဘယ်လောက်ပုံပေးပေး ကာယကံရှင်က ခင်ဗျားကို လှူခဲ့တဲ့ ပစ္စည်းဖြစ်တာက တစ်ကြောင်း၊ ပြီးတော့ ဒီပစ္စည်းက သီလ သမာဓိနဲ့ ပြည့်စုံတဲ့ ဦးကျော်ဟန်တို့လို ဆေးဆရာဆီမှာ တည်မြဲနေတာ ပိုပြီး သင့်လျော်ကြောင်းနဲ့ ဒီပစ္စည်းဖြင့် အများသူငါအတွက် ကောင်းကျိုးပြုနိုင်ပါစေလို့ ဆန္ဒပြုလျက် ဂျီ(ချေ) တစ်ပင်တိုင်ချိုကို ဓာတ်ပုံ မှတ်တမ်းရိုက်ယူပြီး ပြန်ခဲ့ပါတော့တယ်။

ညိုမင်းထက်
*(မြန်မာစာ၊ မော်လူး)*

စာမျက်နှာ (၁၄၆)မှ အဆက်

အချိန်နာရီအတိအကျ တစ်ခါတ
မရွှတ်ဖြစ်ပါ။ သို့သော် ပထမတစ်ကြ
နံနက်(၆)နာရီမှ (၈)နာရီအတွင်
ဒုတိယတစ်ကြိမ်ကို နံနက်(၉)နာ
(၁၀)နာရီအတွင်း၊ တတိယတစ်ကြိမ်
နံနက်(၁၁)နာရီမှ မွန်းလွဲ(၁)နာ
အတွင်း၊ စတုတ္ထတစ်ကြိမ်ကို မွန်း
(၂)နာရီမှ (၃)နာရီအတွင်း၊ ပဥ္
အကြိမ်ကို ညနေ(၄)နာရီမှ (၆)နာ
အတွင်း ရွှတ်ဖြစ်အောင်တော့ ရွှတ်
သည်။

(၃)ပတ် (၂၇)ရက်မျှ ရွှတ်
ပူဇော်ပြီးသည်နှင့် ထူးခြားမှုကို သိ
ရသည်။ အိမ်တွင်းရေး သာယ
ပျော်ရွှင်မှု အထူးရရှိလာသည်။ အလု
အကိုင် စီးပွားရေးနှင့်ပတ်သက်၍ အ
အညီကောင်းများ ရလာသည်။

မိတ်ဆွေကောင်း၊ ဖောက်သည်
ကောင်းများ တိုးပွားလာသည်။ ငွေ
လာဘ်ရွှင် ပိုဖြစ်လာသည်။ ဟိုမှ
ကန်တော့ပစ္စည်း၊ လက်ဆောင်ပစ္စည်
တွေ များစွာရရှိလာသည်။

ယခု အဓိဋ္ဌာန် (၉)ပတ်ပြည့်ခဲ့ပြ
ခဏရပ်နားထားပါသည်။ မကြာ
ဒုတိယ (၉)ပတ်အဓိဋ္ဌာန် ပြန်စလုပ်
မည်။

စာဖတ်သူများလည်း လက်တွေ့
ဆောင်ရွက်ကြည့်ပါ။ အကျိုးထူး မှ
ရရှိကြပါမည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြ
ပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာရှင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com

ခရေဇီ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် ဖြစ်၏။ ကဗျာဆရာနှောင်းသစ် ရောက်လာခဲ့သည်။

သူ့ကျောင်းပညာ ထူးချွန်ဆုပေးပွဲတွင် စာပေဟောပြောပွဲများကဲ့သို့ ဟောပြောပေးပါရန် ပြောလာခဲ့သည်။ ကဗျာဆရာ ကျော်စိုးနိုင်လည်း ပြောမည်ဆိုသည်။ ကျွန်ုပ်က ကလေးများအတွက် ကိုယ် ရေးသားထုတ်ဝေပြီးခဲ့သော ပုံပြင်များထဲမှ ပုံပြင်တစ်ပုဒ်ပြောရန် စိတ်ကူးမိလိုက်ပါသည်။

ဆရာမများကတော့ မဂ္ဂဇင်းများတွင် ဗေဒင်ဆောင်းပါးများ ကျွန်ုပ်ရေးနေသည်ကိုသိ၍ ဗေဒင်အကြောင်းလေးပါ ထည့်ပြောရန် တိုက်တွန်းခဲ့သည်။

ထိုနေ့က ကျွန်ုပ်သည် ကလေးများအကြိုက် ပုံပြင်အကြောင်းလည်း ပြောပါသည်။ ဘာသာရေးနှင့်နွယ်သော ဗေဒင် တွက်နည်းတိုလေးကိုလည်း ဆရာ၊ ဆရာမတို့ကို ပေးခဲ့ပါသည်။

'ဒီနည်းက ကောင်းမှုပြုလုပ်တဲ့နည်းလေးဖြစ်တာမို့ လူကြီးများသာမက အတွက်အချက် နားလည်တဲ့ ကလေးများပါ ပြုလုပ်နိုင်ပါတယ်။

**ကလေးတွေ အတွက်ကတော့ ရောက်နေတဲ့အသက်ကိုတည်ပြီး(၇)နဲ့ စားပါ။ ကြွင်းတဲ့ဂဏန်းအရ အညွန့်၊ အခက်လှူရုံနဲ့ လုံလောက်ပါတယ်။**

**ဥပမာ ။ ။** (၁)ကြွင်းတဲ့ ကလေးဆိုပါတော့ အုန်းညွန့်၊ အုန်းသီးမုန့် ဘုရားမှာ ကပ်လှူရုံပါပဲ'

ကျွန်ုပ်သည် ကလေးတစ်ဦး၏ အသက်ကိုတည်ကာ တွက်ချက်ပြထိုက်ပါသည်။

လူကြီးများအတွက်ကား...

ကံဇာတာမြင့်စေသော နည်းကောင်းလေးတစ်ခု ဆင့်ပွား တင်ပြ





ကျော်ဇိုးလွင်
(ပါးခယ်မ)

ခုနစ်ရက်သားသမီးများအတွက်

# ကံမြှင့်ယတြာ

လိုက်ရပါသည်။

**အသက်တည်၊ အမြဲစားကိန်း (၇)နှင့်စားပါ။**

(၃၆)နှစ်ရှိသူ တွက်ကြည့်လျှင်
၃၆ ÷ ၇ = ၅ = (၁)ကြွင်းပါမည်။

အကြွင်း(၁)ကိုမူတည်၍ အင်္ဂဝိဇ္ဇာတိုင်ထူရပါမည်။

(၁)ကြွင်းသားမားဖြစ်လျှင်

* ⑤ **တိုင်ထိပ်,ပဥ္စပွတ်**
၂
၆
**အရိမေတ္တယျ** * ၁
၄
၀
၃

[တိုင်ထိပ်,ပဥ္စပွတ်(၅)ဂဏန်းနံ့များဖြစ်သော မေမြို့ပန်း(၁၉)ပွင့်၊ မြေပဲမုန့်(၁၉)ခုလှူပါ။ အကြွင်းသည်(၁) ဖြစ်၍ **(အရိမေတ္တယျဘုရား)** ရည်မှန်းကာ ကပ်လှူရပါမည်။]

(၂)ကြွင်းသားမားဖြစ်လျှင်

* ⑥ **တိုင်ထိပ်,ပဥ္စပွတ်**
၃
၀
**ကကုသန်** * ၂
၅
၁
၄

[တိုင်ထိပ်,ပဥ္စပွတ်(၆)ဂဏန်းနံ့များဖြစ်သော သပြေ(၂၁)ညွန့်၊ သကြား(၂၁)ဇွန်း ကပ်လှူပါ။ အကြွင်းသည်(၂)ဖြစ်၍ **(ကကုသန်ဘုရား)** ရည်မှန်းကာ ကပ်လှူရပါမည်။]


(၃)ကြွင်းသားမားဖြစ်လျှင်

* ⓪ **တိုင်ထိပ်,ပဥ္စပွတ်**
၄
၁
**စိန္တာမုနိ** * ၃
၆
၂
၅



www.burmeseclassic.com

www.burmeseclassic.com



[တိုင်ထိပ်,ပဋ္ဌပွတ်(၀)ဂဏန်းနံများ ဖြစ်သော ဒေါနံ(၁၀)ခက်၊ ထန်းလျက် (၁၀)ခု ကပ်လှူပါ။ အကြွင်းသည် (၃)ဖြစ်၍ **(စိဋ္ဌာမုနိဘုရား)** ရည်မှန်းကာ ကပ်လှူရပါမည်။]

(၄)ကြွင်းသားဖြစ်လျှင်

*(၁) **တိုင်ထိပ်,ပဋ္ဌပွတ်**

၅

၂

**ဝိပဿီ** * ၄

၀

၃

၆

[တိုင်ထိပ်,ပဋ္ဌပွတ်(၁)ဂဏန်းနံများ ဖြစ်သော အုန်းညွန့်(၆)ညွန့်၊ အုန်းသီး စိတ်(၆)စိတ်လှူပါ။ အကြွင်းသည် (၄)ဖြစ်၍ **(ဝိပဿီဘုရား)** ရည်မှန်းကာ ကပ်လှူရပါမည်။]

(၅)ကြွင်းသားဖြစ်လျှင်

*(၂) **တိုင်ထိပ်,ပဋ္ဌပွတ်**

၆

၃

**ပဒုမ** * ၅

၁

၄

၀

[တိုင်ထိပ်,ပဋ္ဌပွတ်(၂)ဂဏန်းနံများ ဖြစ်သော ကံ့ကော်(၁၅)ညွန့်၊ ကြာသကာ (၁၅)ခု ကပ်လှူပါ။ အကြွင်းသည်(၅) ဖြစ်၍ **(ပဒုမဘုရား)** ရည်မှန်းကာ ကပ် လှူရပါမည်။]

(၆)ကြွင်းသားဖြစ်လျှင်

*(၃) **တိုင်ထိပ်,ပဋ္ဌပွတ်**

၀

၄

**သုမန** * ၆

၂

၅

၁

[တိုင်ထိပ်,ပဋ္ဌပွတ်(၃)ဂဏန်းနံများ ဖြစ်သော ဇီး(ဆီး)(၈)ညွန့်၊ ဇီး(ဆီး)ယို လှူပေးပါ။ အကြွင်းသည်(၆)ဖြစ်၍ **(သုမနဘုရား)**ရည်မှန်းကာ ကပ်လှူရ ပါမည်။]

(၀)ကြွင်းသားဖြစ်လျှင်

*(၄) **တိုင်ထိပ်,ပဋ္ဌပွတ်**

၁

၅

**နာရဒ** * ၀

၃

၆

၂

[တိုင်ထိပ်,ပဋ္ဌပွတ်(၄)ဂဏန်းနံများ ဖြစ်သော ရွက်လှ(၁၇)ညွန့်၊ ရှောက်ယို လှူပေးပါ။ အကြွင်းသည် (၀)ဖြစ်၍ **(နာရဒဘုရား)** ရည်မှန်းကာ ကပ်လှူ ရပါမည်။]

လွယ်ကူ၍ ကုသိုလ်ရစေသော ကံမြင့်ယတြာဖြစ်သောကြောင့် စာပေ ဟောပြောပွဲမှသည် ကျွန်ုပ် စာ ပရိသတ်ထံသို့ တင်ပြလိုက်ရပါသည်။

***ကံကောင်းကြပါစေ။***

**ကျော်မိုးလွင် (ဝါးခယ်မ)**

# အကြော်ထုံး အကြောချစ်

**အကြောသပ် နာကျင်ကိုက်ခဲ့အတွက် ဆေးမြန်တစ်ခက်**

တစ်ရက်မှာ ကျွန်တော် အလုပ်လုပ်နေတဲ့ တရားရုံးရှေ့က တယ်လီဖုန်းဆိုင်လေးမှာ ညည်းသည်တွေရော၊ သူငယ်ချင်းတွေရော စုံစုံလင်လင် စကားပြောနေကြတုန်း မိတ်ဆွေ ဖြစ်သူ ကိုမျိုးလဲ ရောက်လာတယ်။

ကြည့်လိုက်တော့ လက်မှာလဲ ပတ်တီးကြီး ပတ်ထားတယ်။

'ဘာဖြစ်လာတာလဲ'

လို့ မေးကြည့်တော့...

'ဘူတာ ပါဆယ်ထဲမှာ ပစ္စည်းတင်ရင်းနဲ့ ခိုက်မိ သွားတာ။ အကြောထုံးသွားတာလား၊ အကြောညပ် သွားတာလား မသိပါဘူးဗျာ။ ဆေးတွေလိမ်းပြီး ပတ်တီးစည်းထားရတယ်၊ နာလိုက်တာ၊ ဒီလက်လေး နဲ့ လုပ်စားနေရတာ၊ အခု လက်ကလဲ အရမ်းနာနေ တော့ အလုပ်လုပ်ရတာ အရမ်းကို အခက်တွေ့ရ တယ်။ နာကျင်ကိုက်ခဲတာတွေ အမြန်ဆုံး သက်သာ စေတဲ့ ဆေးနည်းလေးများရှိရင် ပြောပါဦး'

လို့ ဆိုတော့ တယ်လီဖုန်းဆိုင်ကို အရင် ရောက်နေပြီး အစ်ကိုတစ်ယောက်လို ခင်မင်ရတဲ့ မြန်မာ့လက်ဝှေ့သမား ဟောင်း ကိုထွန်းထွန်း (ယခုနည်းပြ)မှ...



'ညော် လက်ကို အကြော ညပ်သွားတာ၊ အကြောထုံးသွားတာ၊ ရောင် ရမ်းနေတာလွယ်ပါတယ်။ အစ်ကိုတို့ လက်ဝှေ့သမားတွေဆိုရင် လက်၊ မျက်နှာ တွေမှာ အမြဲတမ်း ဖြစ်လေ့ဖြစ်ထ ရှိနေတာပဲ လေ။ အိပ်နေရင်းလဲ လုပ်လို့ရသလို၊ ထိုင်နေ ရင်းလဲ လုပ်လို့ ရပါတယ်။ အကုန်အကျလဲ သိပ်မရှိပါဘူး။ နာကျင်နေတာတွေ အမြန်ဆုံး သက်သာသွားလိမ့်မယ် လုပ်ကြည့်ပါ'

ဆိုပြီး အကြောထုံး အကြောညပ်အကြော ကပ် နာကျင်ကိုက်ခဲမှုအတွက် ဆေးနည်း လေး လက်ဆောင်ပေးခဲ့ပါတယ်။

**ဆေးနည်းလေးကတော့...**

နာကျင်ကိုက်ခဲနေသော အကြောပေါ်မှာ သံပရာသီး တစ်လုံး တင်ပြီး လှိမ့်ပေးပါ။ အချိန်များများလှိမ့် လေ ပိုပြီး သက်သာလေပါပဲ။ သံပရာသီးရဲ့ အစွမ်း ဟာ တော်တော်လေး ထူးခြား တွေ့ရပါလိမ့်မယ်

ဒါကြောင့် အကြောထုံးတာတွေ အကြောညပ်တာတွေ၊ အကြောကပ် တာတွေ နာကျင်ကိုက်ခဲပြီး ရောင်ရမ်း နေတာတွေ အမြန်ဆုံး သက်သာစေကြောင်း မြန်မာ့လက်ဝှေ့သမားဟောင်း ကိုထွန်းထွန်း (ယခု နည်းပြ)ရဲ့ သံပရာသီးရဲ့ အစွမ်းကို ဖော်ပြပေးလိုက်ပါတယ်။

***ကျန်းမာကြပါစေ။***

**ကိုထွေး (မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com



# မိမိနေထိုင်သော မြို့၊ ရွာ နှင့်

## ထီး၊ တံခွန်၊ စက် ရ၊ မရတွက်နည်း

ကောင်းခန့်
(သခွတ်မြေ၊ ဝက်လက်)

ကျွန်ုပ်သည် ဗေဒင်ပညာဘက်၌ လူတိုင်း အလွယ်တွက်ကြည့်၍ ကောင်းဆိုး ကျိုးပြစ်တို့ကို သိရှိနိုင်သော ဗေဒင်တွက်နည်း။ ဟောနည်းတို့ကို ရှေးလက်ရေးမူ မှတ်စုအမျိုးမျိုး၊ ကျမ်းအဖုံဖုံတို့မှ ရှာဖွေကောက်နုတ်၍ ဗေဒင်ဝါသနာရှင်တို့အတွက် စေတနာရှေ့ထားပြီး ရေးသားလာသည်မှာ ယခုဆိုလျှင် တွက်နည်း အပုဒ်ရေ ငါးဆယ်နီးပါးမျှပင် ရှိခဲ့ပြီဖြစ်၏။

ယခုလည်း အလွယ်တွက်ကြည့်၍ သိနိုင်သော မိမိတို့ နေထိုင်ရာ မြို့၊ရွာတို့တွင် မိမိအတွက် **ထီး၊ တံခွန်၊ စက်** ရ၊ မရ တွက်နည်းကို ရေးပါဦးမည်။

လူ တစ်ဦးတစ်ယောက်အတွက် ကောင်းကျိုးပြုမည့်၊ သင့်တင့်မည့် အချိန်၊ အရွယ်၊ နေရာဌာန၊ အလုပ်သေဖြင့် ကံအပိုင်းအခြား နေရာဌာနတို့သည် မိမိ မွေးဖွားလာကတည်းက ကံဇာတ်ဆရာ၏ သတ်မှတ်ချက်ဖြင့် တစ်ပါတည်း ပါလာပြီးဖြစ်၏။

ထို့အတူ မကောင်းကျိုးကို ဖြစ်စေမည့် အချိန်၊ နေရာ၊ အလုပ် စသည်တို့သည်လည်း ကံဇာတ်ဆရာအလိုကျ တွဲဖက်၍ ပါလာကြ၏။

လောက၌ အရာရာတိုင်းပင် ဘယ်အရာမျှ မတည်မြဲ၊ ဖြစ်ပျက်ပြောင်းလဲကာ စီမံရာကို ခံရစမြဲပင် ဖြစ်သည်။

ထိုကောင်းကျိုးဆိုးပြစ်တို့ကို လူတိုင်း ကြိုတင်၍ သိလိုကြ၏။

မိမိနှင့်သင့်မည့် နေရာဌာန၊ မိမိအတွက် ကြီးပွားတိုးတက်မည့်အလုပ်၊ မိချမ်းသာမည့်အချိန်၊ အသက်အရွယ်သည် စသည်တို့ကို သိလို၍လည်း ငွေကြေးလာဘ်တင်၍ ဗေဒင်ဆရာတို့ထံသို့ သွားရောက်မေးမြန်းကြရ၏။

ယခု ကျွန်ုပ်ရေးမည်ဖြစ်သော တွက်နည်းသည် ဆရာတို့ထံသို့ သွားစရာမလိုတဲ ပေါင်း၊နုတ်၊မြှောက်၊စား သင်္ချာအနည်းငယ်တတ်ရုံနှင့် မိမိကိုယ်တိုင် မိမိ ကြီးပွားတိုးတက်မှုရှိမည့် နေရာမြို့၊ရွာတို့ကို တွက်ကြည့်သိရှိနိုင်သော တွက်နည်းတစ်နည်း ဖြစ်ပါသည်။

ရှေးလက်ရေးမူ မှတ်စုစာအုပ်ထဲမှ တွက်နည်းလင်္ကာကို ပထမ ရေးပြပါမည်။

✤ မြို့ရွာနာမ် ဂြိုဟ်သက်များ အရင်းအဖျားတည်ပါလေ… မေးလာသူ နာမ်ဂြိုဟ်သက် ရောစွက်ကာတည်ကိန်း… စားအငွေ ဖူညီးကျန်လျှင် "ထီး"အမှန် ရလိမ့်မယ်ပ်း… စားသတ္တကြွင်းကော "တံခွန်"သာမတိမ်း… လေးခုမှာ"စက်"ကိန်း ကြွင်းတိုန်းသေသာ… ထီးရက ကြီးအာဏာ တံခွန်မှာ လွှန်ကျော်စေလို့… "စက်"ဟောက များဥစ္စာ ပေါ်ကြွယ်ဝပါ… နေထိုင်ဖို့ မြို့ရွာမှာ သင့်တင့်ရာ ဟောရန့်ဖို့လေး…

အထက်ပါတွက်နည်း ဝေးထပ်လင်္ကာသည် နှစ်ပေါင်း (၉၀)ကျော်က မှတ်စုစာအုပ်ထဲမှ ဖြစ်ပါသည်။

ယခုတစ်ဖန် ဗေဒဝိဇ္ဇာလင်္ကာရ ကျမ်းထဲမှ တွက်နည်း သံပေါက်လင်္ကာကို ထပ်မံရေးပါဦးမည်။

✤ ရွာနံရင်းဖျား ဂြိုဟ်သက်ထား မမှားတည်လေပါ… နေမည့်အမှန် လူတို့နာမ် ရောပြန်ဂြိုဟ်သက်ပါ… သုံးဘော်ထားကြ စားအငွေ သေသရှုဖို့ရာ… ငါးခုကြွင်းပြန် ထီးရပါန်အမှန်ဟောလေပါ… အလယ်ဖွဲ့မှာ စားသတ္တာ ကောတစ်ခုသာ… ကောကြွင်းတုန် တံခွန်ကြုံ အကုန်ဟောလေပါ… အောက်ခြေစတု စားခြေရှု ကြွင်းမှုတြိသာ… ထီး၊တံခွန်၊စက် သုံးပါးနက် မပျက်ဟောလေပါ…

အဟော

◎ **ထီးရမှု…** ချမ်းသာယာစွာ နေထိုင်ရမည်။

◎ **တံခွန်ရမှု…** နာမည်သတင်း ကျော်စောခြင်းကို ရမည်။



www.burmeseclassic.com

www.burmeseclassic.com

◎ **စက်ရမှု...** ဩဇာအာဏာ ကြီးမား စွာ နေထိုင်ရမည်။

ကြီးပွားချမ်းသာစွာ နေထိုင်လိုသူ တိုင်း အထက်ပါ ထီး,တံခွန်,စက် ရ သော မြို့ရွာများကို ရွေးချယ်၍ အခြေ စိုက် နေထိုင်သင့်ပါသည်။

တွက်နည်းကို ရှင်းလင်းစွာ သိစေ ရန် ဥပမာ တွက်နည်းနှင့် တွက်ပြပါ မည်။

**ဥပမာ** "မဝင်းမာ"ဆိုသူသည် ပြင်ဦးလွင်တွင် ပြောင်းရွှေ့နေထိုင်လို သည် ဆိုပါစို့။

**ပြင်ဦးလွင်မြို့၏ အရင်းအဖျားနံ ကို ယူလျှင်...**

**ပြင်** ၅-တေးဂြိုဟ် ဂြိုဟ်သက်-၁၉နှစ်

**လွင်** ၄-ဟူးဂြိုဟ် ဂြိုဟ်သက်-၁၇နှစ်

**မဝင်းမာသည်** ၄-ဟူးသမီး ဖြစ် သဖြင့် ၄-ဟူးဂြိုဟ်သက် ၁၇-ဂြိုဟ် သက်တို့ကို သိထားရန် လိုပါသဖြင့် တစ်ဖက်တွင် ပြထားသော ဇယားမှာ အထက်ဂြိုဟ်, အောက်ဂြိုဟ်သက်တို့ ဖြစ်ပါသည်။

* * *

**ပြင်** ⇨၅-တေးဂြိုဟ်သက် ၁၉

**လွင်** ⇨၄-ဟူးဂြိုဟ်သက် ၁၇

**မဝင်းမာ** ⇨၄-ဟူးဂြိုဟ်သက် +၁၇

၅၃ သုံးဘော်တည်ရန်

| | | |
|---|---|---|
| ၃/၆ | ၂/၁၅ | ၃/၈ |
| ၆/၂၁ | | ၄/၁၇ |
| ၈/၁၂ | ၅/၁၉ | ၀/၁၀ |

**ပထမစားကိန်း** ၈÷၅၃-၆

၄၈ / ၅

**ဒုတိယစားကိန်း** ၇÷၅၃-၇

၄၉ / ၄

**တတိယစားကိန်း** ၄÷၅၃-၁၃

၅၂ / ၁

အထက်ပါ ဥပမာတွက်ရာတွင် ပြင်ဦးလွင် နေထိုင်လိုသည့် မဝင်းမာကို တွက်ကြည့်ရာ အထက်ဆုံး (၈)ခုစား ထီးစက်ကိန်းတွင် (၅)ခု ကြွင်းသဖြင့် "ထီး"ရသည်ကို တွေ့မြင်ရပါမည်။

တွက်နည်းတွက်ပုံတို့ကို သိပြီဆိုပါ စို့။ အောက်ပါ ဗေဒဝေါဟာရ အသုံး အခေါ်တို့ကို ဆက်ပြီးလေ့လာပါ။

**[(၀)သုညကို စနေဟု ယူပါသည်။]**

၁။ **ကေ** -၁ ခု

၂။ **ခွေး** -၂ ခု

၃။ **တြိ** -၃ ခု

၄။ **စတု** -၄ ခု

၅။ **ဗျည်း**-၅ ခု

၆။ **ဆ** -၆ ခု

၇။ **သတ္တ**-၇ ခု

၈။ **အဋ္ဌ** -၈ ခု

၉။ **နဝ** -၉ ခု

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့်**
***(သခွတ်မြေ၊ ဝက်လက်)***



ငွေကုန်သော

"သွေးတိုး"

သက်သာသည့်ဆေး

ကျွန်မတို့လို အသက်အရွယ်ကြီးသော လူများအတွက် အမြဲတမ်း သွေးတိုးတတ်တာ သဘာဝပါ။ ဒီထက် ပိုပြောရရင် ကြက်သား ဝက်သား အဆီတွေနဲ့သာ စားလိုက်၊ အဲဒီနေ့ ကတော့ သွေးတိုးနေပါပြီ။

ကျွန်မလဲ တော်တော်ကို အစားကြီးတဲ့ လူထဲမှာ တစ်ယောက်အပါအဝင်။ အစုံစားပြီ ရင် အမြဲတမ်း အပေါ်သွေး(၁၅၀)ဖြစ်နေတတ် တယ်။ ဆေးခန်းကို ပြေးရတာလဲမောပြီ ငွေကုန်တာလဲ မတတ်နိုင်တော့ဘူး။ အစား ကလဲ လုံးဝမလျှော့။

နောက်တော့ ကျွန်မ စဉ်းစားပါတယ်။ မြို့ပေါ်မှာ ဆေးခန်းရှိလို့ တော်သေးတယ်။ ကျွန်မတို့လို နယ်ကို အမြဲတမ်း ခရီးထွက်နေ တဲ့ ဝန်ထမ်းဆို ဘယ်လိုလုပ်မလဲ။ သွေးတိုး ရင် လေဖြတ်တတ်တယ်။ အသက်ဆုံးရှုံးရတဲ့ အဖြစ်အပျက်တွေ အများကြီးပါ။

ဒီတော့ ကျွန်မ ကြက်သွန်ဖြူကို စမ်းသပ် ပါတယ်။ ကြက်သွန်ဖြူအစိမ်း (၃)မြွာလောက် ကို ထမင်းနဲ့ စားတယ်။ ထမင်းနှပ်တဲ့အခါ ကြက်သွန်ဖြူ အနေတော်တစ်လုံးကို ထမင်းနဲ့ နှပ်စေတယ်။

ထမင်းစားပြီးတဲ့အခါမှ စားပြီး (၁၅) မိနစ် ကြာရင် ရှုံးသွားမှာမို့ သွားတိုက် လိုက်တဲ့ အတွက် အနံ့အသက်အတွက် စိတ်ချရပြီ။

ကြက်သွန်ဖြူကို လိုအပ်တာထက် ပိုမစား ရတဲ့အပြင် ထမင်းအိုးမှာ နှပ်ပြီး စားတဲ့ အတွက် (၂)လနေတဲ့အခါ ကျွန်မအမြဲတမ်း သွေးတိုးနေတဲ့ရောဂါ သက်သာလာပါတယ်။ မယုံရင် စားကြည့်ပါ။

ကြက်သွန်ဖြူဟာ အလွယ်တကူရတဲ့ ပစ္စည်းမို့ ငွေမကုန်ဘဲ တဖြည်းဖြည်း သွေးတိုး ပျောက်တဲ့ ဆေးစွမ်းကောင်းဖြစ်ပါတယ်။ **(ပျောက်ချင်တဲ့ ဇောနဲ့ အများကြီး မစား လိုက်ပါနဲ့။ ဆေးမရှိတဲ့ နယ်မြေမှာ လက် တွေ့ အသုံးပြုတဲ့နည်း ဖြစ်ပါတယ်။)**

**ပိုးဝါဖြူ** ***(မကွေးတောမြို့)***



www.burmeseclassic.com

www.burmeseclassic.com






◆ အာယုဒီဃ ပျိုးညွှာချဉ်စာသင်တိုက်
ပဓာန နာယကဆရာတော်
ဂန္ထဝါစကပဏ္ဍိတ
မဟာသဒ္ဓမ္မဇောတိကဓဇ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တအရိယဝံသ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ
အာယုဒီဃပျိုးညွှာချဉ်စာသင်တိုက် ပဓာန နာယကဆရာတော်
ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တ အရိယဝံသ

## ၏ လက္ခဏာတော်

ဦးဘေအောင် (ဟသ်ာတ)




## ဘေရုပ္ပတ္တိ

ဆရာတော်သည် မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာနေ ခမည်းတော်ကြီး ဦးဖိုးခ၊ မယ်တော်ကြီး ဒေါ်ကုလားမတို့က ၁၃၀၂ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့ နံနက် (၁၀)နာရီတွင် ဖွားမြင်ပြီး ငယ်မည်မှာ မောင်ရွှေမိုး ဖြစ်သည်။ မွေးချင်း (၃)ယောက်ရှိပြီး အစ်ကို၊ အစ်မများမှာ ဦးကျော်သာဖ၊ ဦးနီနှင့် ဒေါ်အေးကြွယ်တို့ ဖြစ်သည်။

သက်တော်(၇)နှစ်တွင် ပျဉ်းမပင်ကျေးရွာ အာယုဒီဃကျောင်းတိုက် သုဓမ္မာနိကာယ ဂိုဏ်းချုပ်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com




ဘဒ္ဒန္တဝါယာမသီရိထံတွင် အခြေခံ သင်ရိုးကို ကျေညက်အောင် သင်ယူခဲ့ သည်။

ပိဋကတ်အခြေခံသဒ္ဒါ သဂြိုဟ် တို့ကို အနက်၊ သရုပ်၊ အဓိပ္ပာယ်နှင့် တကွ စနစ်တကျ ဆရာတော် ဘဒ္ဒန္တ သောဘိတထံ၌ သင်ယူခဲ့သည်။

အငယ်တန်း စာဝါကို ရွေးဦးမြို့ မင်္ဂလာရာမတိုက် ဆရာတော် ဘဒ္ဒန္တအာစရာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)ထံတွင် သင်ယူပြီး ၁၃၂၃ ခုနှစ်တွင် အစိုးရ ပထမငယ်တန်း အောင်မြင်သည်။

တစ်ဖန် တွံတေးမြို့ ဝိနယာဓိက အငယ်တန်းစာမေးပွဲကို အခက်အခဲမရှိ အောင်မြင်ခဲ့ပြီး တောင်ဥက္ကလာပ မြို့နယ် ဝိနည်းစာပြန်ပွဲကို ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တသောဌိလ (အဘိဓဇမဟာရဋ္ဌဂုရု) ထံတွင် ပြန်ဆိုအောင်မြင်ခဲ့သည်။

ပထမလတ်တန်းစာဝါကို အလုံ ကွင်းကျောင်း စာသင်တိုက် ဆရာ တော် ဘဒ္ဒန္တပညာသီရိနှင့် ဘဒ္ဒန္တပညိန္ဒ (မူလ ဓမ္မာစရိယ)တို့ထံ၌ သင်ယူကာ ၁၃၂၅ ခုနှစ်တွင် ဖြေဆိုအောင်မြင်ခဲ့ သည်။

ထို့နောက် မုံရွာမြို့ အိုးဘိုတော ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ(အစိုး ဓမ္မာစရိယ)နှင့် အလုံကွင်းကျောင်း စာသင်တိုက် ဆရာတော် သောဘဏ (အစိုးရဓမ္မာစရိယ)ထံတွင် စာဝါလိုက် ခဲ့သည်။

အစိုးရပထမကြီးတန်းကို ၁၃ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ဓ စရိယတန်းကို ဘဒ္ဒန္တ ဥက္ကဋ္ဌ(အစိုး ဓမ္မာစရိယ၊ ဘီအေ)နှင့် ဘဒ္ဒန္တ တေဇ ဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ) အလုံမြို့နယ် အောင်မင်္ဂလာ ပါဠိတက္ကသိုလ်တွ ကျမ်းရင်းသုံးရင်း သင်ယူခဲ့သည်

**လက္ခဏာတော် လေ့လာချက်**

★ **ဓေယျထီးရိုး ပါ,ပါတယ်။(က**
ရည်ရွယ်ချက်တိုင်း ပြီးမြောက် တဲ့ သင်္ကေတထူးပါ။

★ **ဘယ်ဘက် စနေဂြိုဟ်ခုံတွ ဉာဏ်လမ်းကလာသော လမ်းနှင့် ဩဇာလမ်းငယ် တွေ့ရပြီး ညာဘက်တွင် ဩဇ လမ်းတစ်ကြောင်းကို တွေ့ တယ်။ (ခ)**

ကံကောင်းစေခြင်း၊ ဉာဏ်ပညာ အကြောင်းပြုပြီး အောင်မြင်မှု ရစေခြ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိ တော်များ ရရှိခြင်း၊ ပရဟိတလုပ်ငန်း များ ဆောင်ရွက်ရခြင်း ပြယုဂ်တွေ ပဲ။

★ **ဘယ်ဘက် နှလုံးလမ်းကြော ထက် တနင်္ဂနွေဂြိုဟ်ခုံအော မှာ သရဖူထွန်းပြီး အောင်မြ ရေးလမ်းငယ် ညာဘက်**


www.burmeseclassic.com

www.burmeseclassic.com





▲ ဦးတိုက်လမ်းမှ အိမ်မြေကွက်ကို မြင်ရပုံ [အိမ်ရှေ့မှာ ကြွက်ပုံသဏ္ဍာန်တနှင့် ကိုယ်ရံကြီးပင်များ စိုက်ထားပုံ]

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# လမ်းဦးတိုက် အကာအကွယ်တစ်နည်း

အချို့က အယူသီးကြသည်။ အချို့က အစွဲအလမ်းကြီးသည်။ **လှေဦးတိုက်၊ လှည်းဦးတိုက်၊ လမ်းဦးတိုက် မြေကွက်၊ အိမ်** စသည်တို့မှာ မနေရဲ၊ မဝယ်ရဲ ဖြစ်ကြသည်။

ဝယ်သူ၊ နေထိုင်ကြသူတို့မှာလည်း စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ လူမှုရေး တစ်ခုခု အဆင်မပြေဖြစ်သည်နှင့် လှေဦးတိုက်၊ လှည်းဦးတိုက်၊ လမ်းဦးတိုက်ကြောင့်ဟူ၍ အပြစ်ဖို့ကြပြန်သည်။

လှေဦးတိုက်၊ လှည်းဦးတိုက်၊ လမ်းဦးတိုက် မြေကွက်၊ နေအိမ်တို့မှာ နေထိုင်ကြသူတို့မှာလည်း ဘယ်နေ့ ဘာတွေပေးလေမလဲဟူ၍ စိုးရိမ်စိတ် အနည်းနှင့်အများ ဆိုသလို ရှိနေကြသည်။

သို့ဖြစ်၍ ဂမ္ဘီရပညာရှင်များထံ အကာအကွယ် အစီအမံများ တောင်းခံဆောင်ရွက်လေ့ ရှိကြသည်။ ''တစ်ရွာ တစ်ပုဒ်ဆန်း''ဆိုသော စကားအတိုင်း အကာအကွယ်နည်းလမ်း အမျိုးမျိုး ရှိပါသည်။

'ဝန်ထမ်းဘဝနဲ့ ကျွန်မခင်ပွန်းအတွက် မဲနှိုက်ပြီး ဒီမြေကွက်ကို ရခဲ့တာပါ။ လမ်းဦးတိုက် ဖြစ်ပေမယ့် ကျွန်မတို့ အယုံအကြည်မရှိပါဘူး။ ဒါကြောင့် ဘာအကာအကွယ်မှုလဲ မလုပ်ဘူး။ အိမ်ငယ်(၃)လုံးဆောက်ပြီး တစ်အိမ်မှာ ကျွန်မတို့မိသားစုနေတယ်။ ကျန်(၂)အိမ်ကို လခနဲ့ အိမ်ငှားတင်ထားတယ်။

ဒီမြေဒီအိမ်မှာ နေထိုင်ပြီး မကြာခင် ကျွန်မခင်ပွန်း ရုတ်တရက် ကွယ်လွန်သွားတယ်။ လုပ်ငန်းခွင်မှာ ကွယ်လွန်တာပါ။

အဲဒီအချိန်ကစတင်ပြီး မုဆိုးမဘဝနဲ့ သားသမီးတွေရဲ့ စားဝတ်နေရေးကို ကျွန်မ ရုန်းကန်ကြိုးစားပေးခဲ့ရတယ်။ စီးပွား တဖြည်းဖြည်းကျလာတယ်။ ကျန်းမာရေး ညံ့လာတယ်။ အကြွေးတွေ တင်လာတယ်။

ဒါကြောင့် ဒီမြေ ဒီအိမ်ကို ရောင်းချပြီး အစွန်အဖျား ဈေးပေါတဲ့နေရာမှာ အိမ်မြေပြန်ဝယ်ပြီးနေမှာမို့ ဒီမြေ ဒီအိမ်ကို ပြန်ရောင်းချင်တာပါ'

လမ်းဦးတိုက်ဖြစ်နေသော မြေကွက်နှင့် အိမ်ကို ပြန်ရောင်းချင်သဖြင့် အမြန်ဆုံး ရောင်းထွက်ဖို့ ယတြာအစီအရင် လာရောက်တောင်းခံသူ အမျိုးသမီးတစ်ဦး၏ ပြောပြသောစကားကို အရင်းအတိုင်း ပြန်ဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ လမ်းဦးတိုက်မြေကွက်အနေအထားမှ လမ်းကို မြင်ရပုံ

ထိုမြေကွက်နှင့် အိမ်တို့ကို ပြန်လည်ဝယ်ယူထားသူက လမ်းဦးတိုက် ဒုက္ခမပေးနိုင်အောင် အကာအကွယ် လုပ်ပေးပါဆိုသဖြင့် ဦးတိုက်လျက်ရှိသည့် လမ်းဘက်ကို ထောင့်ချွန်းထိပ်ထားသော ဩဂံပုံ အုတ်အင်္ဂတေ သင်္ကေတတစ်ခု ပြုလုပ်စေသည်။

ထိုဩဂံပုံသင်္ကေတထဲတွင် သဲ၊ မြေဆွေး၊ ကျောက်စရစ်တို့ ထည့်စေသည်။ ထို့နောက် သိမ်(၉)သိမ်မှ မြေလက်တစ်ဆုပ်စီ၊ ဘုန်းတော်ကြီးကျောင်း (၉) ကျောင်းမှ ရေ(၁)ခွက်စီ တောင်းယူထည့်သွင်းစေပြန်သည်။

ထို့ပြင် ကျွန်ုပ် စုဆောင်းထားသော ချောင်း(၉)ချောင်းမှ သဲလက်တစ်ဆုပ်စီ၊ တောင် (၉)တောင်မှ ကျောက်ခဲတစ်လုံးစီ ထည့်ပေးလိုက်သည်။ **ထိုဩဂံပုံထဲမှာ ကိုယ်ရံကြီးပင်များ စိုက်ပျိုးစေသည်။**

နေ့စဉ် နံနက်,ည ရေမှန်မှန် လောင်းစေပြီး ရေလောင်းသည့်အခါ အောက်ပါမန္တန်တော်ကို (၉)ခေါက် ရွတ်ပွားပူဇော်ခိုင်းပါသည်။

'ဥုံတုမ္ဗ ဒေဝံ လာဘာမိ၊
ဥုံတုမ္ဗ ဒေဝံ နဘယံ အရောဂျံ ဓနံ သုခံလာဘံ ဘောဂဥ္စယာစာမိ သမ္ပတ္တိ အေဟိ မင်္ဂလံ၊
ဥုံရုက္ခသ ဒေဝံ လာဘာမိ၊
ဥုံရုက္ခသ ဒေဝံ နဘယံ အရောဂျံ ဓနံ သုခံလာဘံ ဘောဂဥ္စ ယာစာမိ သမ္ပတ္တိ အေဟိ မင်္ဂလံ'

ထိုမြေကွက်နှင့် အိမ်ကို ဝယ်ယူပြီး မကြာမီ စီးပွားဖြစ်ထွန်းလာသည်။ အိမ်ဟောင်းများ ဖြိုဖျက်၍ အိမ်သစ်ပြုပြင်ဆောက်လုပ်လာနိုင်သည်။

ယခုအချိန်ထိ ကျန်းမာဘေးကင်း အိမ်တွင်းရေး သာယာပျော်ရွှင် စီးပွားရေး အဆင်ပြေလျက် ရှိပါသည်။ ဝယ်ယူပြီး (၃)နှစ်မျှအတွင်း မူလ ဝယ်ဈေးထက် (၁၀)ဆ ပိုပေး၍ ထိုမြေကွက်နှင့် အိမ်ကို တောင်းဝယ်နေခြင်းမျိုး ရှိနေကြောင်း ပြောပြသည်။

စာဖတ်သူများ နည်းမှီ ဆောင်ရွက်နိုင်ကြစေရန် ဖြစ်ပါသည်။

*အောင်မြင် ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



စာမျက်နှာ (၁၅၄)မှ အဆက်

တွေ့ရတယ်။(ဂ)

ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ ဘုရားစေ...
များ တည်ထားကိုးကွယ်ပြုပြင်မွမ်း...
ရခြင်းတို့ရဲ့ သင်္ကေတပါပဲ။

★ **ညာဘက်၌ အင်္ဂါလမ်း ထင်ရှား...**
**ပါတယ်။ (ဃ)**

အန္တရာယ်ကင်းစေခြင်း၊ ကျန်း...
အသက်ရှည်ခြင်း၊ ဥပဒ္ဒေဝက...
ကင်းခြင်းရဲ့ ပြယုဂ်ပါ။

★ **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ် ...**
**ထင်ရှားပါတယ်။(င)**

လာဘ်ရခြင်း၊ ဝတ္ထုငွေကြေး အ...
ခံရလွယ်ခြင်းရဲ့ ပြယုဂ်ပါ။

★ **အသက်လမ်းကြောင်းမှ အတ...**
**ငယ်တစ်ခုကို တွေ့ရတယ်။ (...**

အခြေအနေ တိုးတက်မြင့်မား...
ခြင်းရဲ့ ပြယုဂ်ပါ။

★ **ရတနာဘဏ်တိုက် ပါတယ်၊**
**(...**

ငွေကြေးများစွာ အလှူခံရလွ...
မှု၊ တိုးတက်ကြီးပွားမှု၊ ချမ်းသာ...
စတဲ့ ကောင်းကျိုးပေးကြောင်းပြ...
သင်္ကေတပါ။ မချို့တဲ့သော အကျိုး...
ရစေပါမယ်။

★ **ညာဘက်တွင် ခေါင်းမျက်...**
**ပါတယ်။ (ဈ)**

ရိက္ခာ ပြည့်စုံခြင်း၊ အစားအသော...
ပေါများခြင်း၊ ပစ္စည်းလေးပါး မချို့...
ခြင်း၊ ကောင်းစားစေခြင်းများရဲ့ ပြယု...
ပါ။

★ **နှလုံးလမ်းကြောင်းရင်းမှာ ကြ...**
**မြီးသဏ္ဌာန်ပါတယ်။ (ဈ)**

ခြွေရံပရိသတ် တပည့်တပန်း ...
များစေခြင်းရဲ့ ပြယုဂ်ပါ။

**ပရံ ရက္ခန္တော အတ္တာနံ ...တိ၊**

**ဦးသော်ခင်(...)**

www.burmeseclassic.com

www.burmeseclassic.com



# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီး ဦးအောင်မြိုင် (ဥပဒေတွဲ) လက္ခဏာဗေဒင်ပညာသုတေသီ


ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက် (၄၀)ဝန်းကျင် အမျိုးသမီး တစ်ဦး ဖြစ်ပါတယ်။** လက်ဖဝါးပုံစံကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေဆိုကြည့်ပါ။

၁။ ဂျိုတိရပညာနဲ့ ဆရာတစ်ဆူ ဖြစ်နိုင်သလား။ ဘာကြောင့်လဲ။

၂။ စကား ပရိယာယ် ကြွယ်သူလား။ ဘာကြောင့်လဲ။

၃။ အောင်မြင် ကျော်ကြား နိုင်သလား။ ဘာကြောင့်လဲ။

စာဖတ်သူများရဲ့ အဖြေကို သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီး ပဟေဠိ အဖြေနဲ့ ညှိနှိုင်း တိုက်ဆိုင် ကြည့်မှ လက္ခဏာ ပညာ သုတ ပိုမို တိုးပွား ရရှိကြပါလိမ့်မယ်။




ပဟေဠိ အဖြေများကို စာမျက်နှာ ( ၁၆၀ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး။** ။ အလုပ်ရှင်များ ပုံမှန်လုပ်ကိုင်နေရမည်။ မိတ်ဆွေများ သို့မဟုတ် နိုင်ငံခြားအကူအညီများရမည်။ လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

ရွှေထည်ပစ္စည်းများ အမြတ်အစွန်းများမည်။ ခရီးသွားလုပ်ငန်း၊ ယာဉ်ကားလုပ်ငန်းများ သိပ်အလုပ်မဖြစ်ပါ။

**ဝန်ထမ်းရေးရာ။** ။ လမ်းတံတားဆိုင်ရာ အလုပ်များ၊ အဆောက်အအုံဆိုင်ရာအလုပ်များ အလုပ်အကိုင်ကောင်းမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများအတွက် ငွေကြေးကုန်ကျမည်။ အိမ်တွင် ငွေအခက်အခဲ ဖြစ်နေမည်။ မိသားစုခရီးမထွက်သင့်သေးပါ။ အခက်အခဲနှင့် တွေ့နိုင်သည်။

**အချစ်ရေး။** ။ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ သတိထားနေပါ။ လူတကာနှင့် တွဲသွားတွဲလာ မပြုပါနှင့်။ အထင်အမြင် လွဲမှားစွာဖြစ်ပြီး အစွပ်အစွဲ ခံရတတ်သည်။

**ပညာရေး။** ။ ပညာရေးတွင် ကြိုးစားရမည့်ကာလ ဖြစ်သည်။ ရပ်ဝေးတွင် ပညာသွားရောက် သင်ရကိန်းရှိနေသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ညံ့မည်။ သို့သော် ရောဂါဖြစ်သော်လည်း အပျောက်မြန်မည်။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘော။** ။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ပုတီးတစ်လုံးကျဖြင့် (၁၀၈)လုံး ပုတီးကုံးဖြင့် မွေးနေ့တွင် အဓိဋ္ဌာန်တင်စိပ်ပါ။

## တနင်္လာ

**စီးပွားရေး။** ။ အလုပ်အကိုင်များ ကောင်းမည်။ ငွေကြေးကိစ္စများ အဆင်ပြေ၍ ငွေဝင်မည်။ ငွေကြေး အရောင်းအဝယ်လုပ်ငန်းများ၊ လဲလှယ်ရေးလုပ်ငန်းများ အမြတ်အစွန်းများမည်။

အလုပ်ရှင်များ၊ အောက်ခြေအလုပ်သမားများနှင့် အဆင်ပြေမည်။ လုပ်ငန်းတိုးတက်မည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ၏ အထက်ဆင့် လူကြီးများနှင့် အဆင်ပြေမည်။ လုပ်ငန်းများ ချပေးမည်။

**အိမ်တွင်းရေး။** ။ ငွေကြေးကလည်း ဝင်သောကာလဖြစ်၍ အိမ်ထောင်ရေးမှာ ပို၍ သာယာမည်။ သားသမီးအတွက် ငွေကုန်စရာကိစ္စလေး ပေါ်လာမည်။ သားသမီး၏ ပညာရေး ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေးမှာ ငွေကြေးနှင့် ဆက်နွှယ်နေပါသည်။ မင်္ဂလာကိစ္စများ အဆင်ပြေမည့်ကာလ ဖြစ်သည်။

**ပညာရေး။** ။ ပညာရေး ကံဇာတာတက်နေသောကာလ ဖြစ်သည်။ ဝိဇ္ဇာပညာရပ်၊ သိပ္ပံပညာရပ် ကြိုက်ရာကိုသင်ယူပါ။ ထူးချွန်စွာ အောင်မြင်မည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ညံ့သော်လည်း တာရှည် မခံစားရ။ အမြန်ဆုံး ပြန်လည် သက်သာပျောက်ကင်းသွားမည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၂၂၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၅၊ ၆ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘော။** ။ မိမိ၏ မွေးနေ့ (၉)နာရီ(၅)မိနစ်အချိန်မှစ၍ အိမ်ရှိဘုရား (သို့မဟုတ်) ဘုရားတစ်ဆူဆူ၏ရှေ့တွင် သရဖီဂုံသုံးဆယ်ကို အဓိဋ္ဌာန်တင်၍ (၁၅)ကြိမ် ရွတ်ပွားပေးပါ။

## အင်္ဂါ






**စီးပွားရေး။** ။ ငွေကြေးအရောင်းအဝယ်၊ ငွေကြေး လဲလှယ်မှုလုပ်ငန်းများ ပြန်လည်ဦးမော့လာမည်။ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ အမျိုးသမီး အဝတ်အထည်၊ အသုံးအဆောင်များ၊ အလှကုန်များ ရောင်းအားကောင်းမည်။ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ အပိုကြေး၊ ဆုကြေးများ ရရှိမည်။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရမည်။

**အိမ်တွင်းရေး။** ။ ငွေကြေးမပူပင်ရ၍ အိမ်တွင်းရေးအဆင်ပြေသော်လည်း သားသမီးနှင့် ပတ်သက်၍ ပူပန်ရမည်။ သားသမီးနိုင်ငံခြားခရီးအတွက် ငွေကုန်များမည်။

**အချစ်ရေး။** ။ အချစ်ရေး အောင်မြင် ပျော်ရွှင်နေမည်။ မင်္ဂလာကိစ္စများ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သောကာလ ဖြစ်သည်။

**ပညာရေး။** ။ ပညာရေးကို ပေါ့ပေါ့တန်တန် သဘောမထားပါနှင့်။ ဘဝ၏ ရှေ့ရေးတို့သည် ပညာရေးအပေါ်တွင် မှီနေသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေး ညံ့မည်။ လေထိုးလေအောင့် စသော လေရောဂါများ ဖြစ်တတ်သည်။ ဝမ်းရင်တွင် အနာဖြစ်ခြင်း၊ ထိခိုက်မိခြင်း ဖြစ်တတ်၍ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၅၊ ၈၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘော။** ။ လာဘ်လာဘ ပေါများစေရန် မွေးနေ့ နံနက်(၉)နာရီ (၁၅)မိနစ်တွင် "ဝေဒဗ္ဗမန္တန်"ကို သုံးခေါက်ရွတ်ပါ။ အကျိုးထူးပါလိမ့်မည်။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ လုပ်ငန်းများကို ထိန်း၍လုပ်ပါ။ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ရွှေ၊ ရွှေထည်ပစ္စည်းများ အမြတ်ရရှိမည်။

ရေနေလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ပွဲစားလုပ်ငန်းများ၊ အလုပ်သစ်များ၊ ဖောက်သည်သစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ။** ။ ရာထူးမတက်သေးသော ဝန်ထမ်းများ ရာထူးတက်ပြီး နေရာပြောင်းရွှေ့ရကိန်းရှိသည်။ ဂုဏ်သိက္ခာတက်မည်။

**အိမ်တွင်းရေး။** ။ မိသားတစ်စု ငွေကြေး အဆင်မပြေသည့်ကြားမှ ခရီးထွက်ရတတ်မည်။ ငွေကြေး အကုန်အကျ များနေဦးမည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် မရေရာ မသေချာ ဖြစ်နေသည်။ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စ မစီစဉ်ပါနှင့် ပျက်တတ်သည်။







**ပညာရေး။** ။ ပညာရေးတွင် အတော်လေး ကြိုးစားရမည်။ အခက်အခဲ ကြီးကြီးမားမားရှိလေ အောင်မြင်မှု ကြီးကြီးမားမား ရမည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးကောင်းပါသည်။ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက် ခြင်းဖြစ်တတ်၍ ဝမ်းနှုတ်ဆေးများ၊ အချဉ်များကိုရှောင်ပါ။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သတြော။** ။ အောင်တော်မူတဲ့ရှိသော စေတီတစ်ဆူဆူ (သို့မဟုတ်) စေတီတစ်ဆူဆူ၏ တနင်္ဂနွေထောင့်တွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို(၁၇)ကြိမ် ရွတ်ပွားပူဇော်ပါ။ လိုရာဆုတောင်းပါ။

## ကြာသပတေး

**စီးပွားရေး။** ။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေ ကောင်းမွန်မည်။ တစ်ခု သတိထားရမည်မှာ အောက်ခြေအလုပ်သမားများနှင့် အဆင်မပြေ ဖြစ်ရတတ်သည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ အဆင်ပြေပြေ လုပ်ကိုင်နိုင်ပါလိမ့်မည်။ ခရီးသွားလုပ်ငန်း၊ ယာဉ်ကားလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများ အဆင်မပြေ ဖြစ်ရတတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးများ၏ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မည်။

**အချစ်ရေး။** ။ လူကြီးမိဘများကြောင့် အချစ်ရေး အဆင်မပြေ ဖြစ်ရတတ်သည်။ ချစ်သူချင်း ခွဲခွာနေရတတ်သည်။

**ပညာရေး။** ။ ပညာရေးကံဇာတာတက်နေသော ကာလဖြစ်ပါသည်။ သို့သော် ပညာရေးနှင့် အချစ်ရေး ရောထွေးနေ၍ အခက်အခဲ ပြဿနာ တွေ့ရမည်။

**ကျန်းမာရေး။** ။ သွေးတိုး၊ သွေးကျ သွေးနှင့်ပတ်သက်သော ရောဂါ ဖြစ်၍ အအိပ်အစား၊ အနေအထိုင် စည်းကမ်းရှိပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၆၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သတြော။** ။ ကြိုး(၉)ကြိုးအပါအဝင် စေတီ (သို့မဟုတ်) ဘုရားတစ်ဆူဆူတွင် မွေးနေ့ နံနက်(၉)နာရီ (၁၅)မိနစ်အချိန်၌ (ဆန္ဒပြည့်ချင်တာကို အဓိဋ္ဌာန်တင်၍) ရတနာဂုဏ်သုံးပါးနှင့် ဘုရားဂုဏ်တော်ကိုးပါးကို သက်စေ့ ရွတ်ပွားပူဇော်ပါ။

## သောကြာ

**စီးပွားရေး။** ။ အလုပ်များ ခေတ္တ အရှိန်ကျသွားမည်။ ငွေကြေးအခက်အခဲရှိမည်။ အမျိုးသမီးအသုံးအဆောင်များ၊ အဝတ်အထည်များ၊ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

အိုးအိမ်၊ အဆောက်အအုံ၊ အလုပ်ရုံများ ပြဿနာ အနည်းငယ်ရှိသည်။

**ဝန်ထမ်းရေးရာ။** ။ တာဝန်ယူထားရသော အလုပ်၊ လုပ်ငန်းကိစ္စရပ်များ အဆင်မပြေ တာဝန်မကျေ၍ အထက်လူကြီးတို့၏ အငြိုအငြင်ကို ခံရတတ်သည်။

**အိမ်တွင်းရေး။** ။ မ,ကိစ္စကြောင့် အိမ်တွင်းရေး မသာမယာ ဖြစ်တတ်သည်။ သားသမီးများ၏ အလုပ်ကိစ္စ အဆင်ပြေမည်။

**အချစ်ရေး။** ။ အချစ်ရေး ကံဇာတာ တက်နေသောကာလ ဖြစ်သည်။ လက်ထပ်ဖို့ကိစ္စ အဆင်ပြေအောင်မြင်မည်။

**ပညာရေး။** ။ မိမိတက်ချင်သည့်သင်တန်းကိုတက်ပါ။ သင်ယူချင်သည့် ပညာကိုသင်ယူပါ။ ထင်တာထက် ပို၍အောင်မြင်မည်။

**ကျန်းမာရေး။** ။ ခေါင်းမူးခြင်း၊ သွေးနှင့် ပတ်သက်သောရောဂါ၊ နှလုံးအားနည်းသောရောဂါဖြစ်တတ်၍ အစားအသောက် သတိထားပါ။ အပင်ပန်းမခံပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သတြော။** ။ အင်္ဂါနံ့အမည်၊ တွဲပါသော စေတီ (သို့မဟုတ်) ဘုရားတစ်ဆူဆူတွင် မွေးနေ့ နံနက်(၉)နာရီ (၁၅)မိနစ်အချိန်တွင် "ဇ-ရှစ်ချက်"ဂါထာကို အဓိဋ္ဌာန်တင်၍ သက်စေ့ရွတ်ပွားပူဇော်ပါ။

## စနေ

**စီးပွားရေး။** ။ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများ၏ အကူအညီကို ရလိမ့်မည်။

အလုပ်ရုံ၊ အိုးအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းများ အောင်မြင်တိုးတက်မည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ အလုပ်များကို အဆင်ပြေပြေ လုပ်ကိုင်နိုင်မည်။ ရာထူးတက်ပြီး နေရာရွှေ့ရတတ်သည်။ အစစအရာရာ အဆင်ပြေပါမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးတို့နှင့် ပတ်သက်၍ ငွေကြေးကုန်ကျရန် ရှိသည်။ ရွှေဝင်မည်။

**အချစ်ရေး။** ။ အချစ်ရေးမှာ မဟုတ်မတရား အစွပ်အစွဲ ခံရတတ်သည်။ မနာလိုသူများက ခြေထိုးတတ်သည်။ မင်္ဂလာကိစ္စ မဆောင်ရွက်ပါနှင့်ဦး။

**ပညာရေး။** ။ ရပ်ဝေးတွင် ပညာသွားရောက် သင်ကြားရမည်။ ငွေကြေး အခက်အခဲရှိသော်လည်း မကြာခင် ပြေလည်သွားလိမ့်မည်။

**ကျန်းမာရေး။** ။ ခြေဆစ်နာခြင်း၊ အကြောနာခြင်း၊ အကြောတက်ခြင်းတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သတြော။** ။ မွေးနေ့ နံနက်(၉)နာရီကျော်လျှင် မိမိအိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ သောက်တော်ရေတို့ဖြင့် ကပ်လှူပူဇော်ပြီး ရှင်သီဝလိ(ဆယ်ဂါထာ)ကို ရွတ်ပွားပါ။ ခင်ပွန်းကြီးဆယ်ပါးကို ရည်မှန်း၍ ပူဇော်ကန်တော့ပါ။


*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



▲ နတ်ထိန်း ဝါးပျံ့အမြုတေ

# နတ်ထိန်းဝါးပျံ့ အမြုတေ

တောနက်များအတွင်း သစ်ပင်ကြီးများပေါ်တွင် ရှင်သန်ပေါက်ရောက်သော ဝါးပင်များကို **ဝါးပျံ့**ဟုခေါ်၍ လာဘ်လာဘအတွက် အဆောင်ပြုလေ့ရှိကြသည်။

ယခုတွေ့ရသော ဝါးမှာ ထိုကဲ့သို့သော ဝါးပျံ့မဟုတ်ပါ။ ဝါးပင် ချုံတွင်းမှ ဝါးတစ်လုံးအား ခုတ်ဖြတ်လှဲချရာ အရင်းပိုင်း အဆစ်အတွင်းမှ ခလောက်ဆံကဲ့သို့ တစ်ခုခုရှိကြောင်း သတိပြုမိကြသည်။

ထိုအဆစ်အား ဖြတ်တောက်ကာ ခွဲစိတ်ကြည့်ရာ အတွင်းမှ သတ္တဝါတစ်ကောင် ပျံထွက်ကာ အနီးရှိ သစ်ပင်ကြီးပေါ်ရှိ ကိုင်းခွကြားသို့ ရောက်သွားသည်။

အပင်ခြေတွင် လူစုလူဝေးဖြင့် ဝိုင်းကာ ကိုင်းခွကြား တက်ကြည့်သောအခါ သက်ရှိ သတ္တဝါမဟုတ်ပါ။ ဝါးမြစ်တစ်ခု ဖြစ်နေလေသည်။

ထိုဝါးမြစ်ကို ပိုင်ဆိုင်ခွင့်ရသော ဝါးခုတ်အလုပ်သမား ခေါင်းဆောင် လူပျိုကြီးမှာ အသက် (၄၀)လောက်မှ (၂၀)ကျော် မိန်းမပျိုနှင့် ဖူးစာဆုံကာ မျိုးနွယ်ဆက်ခံမည့် သားယောက်ျား မွေးဖွားသည့်အပြင် လုပ်ငန်းစီးပွား တိုးတက်သဖြင့် ဘုံဘုရားကျောင်းများစွာ ဆောက်လုပ်လှူဒါန်းနိုင်ခဲ့လေသည်။

ထို ရှမ်းတရုတ်အမျိုးသားမှာ ဦးမောင်မောင်နှင့် လွန်စွာရင်းနှီးလှသဖြင့် သူမြတ်နိုးလှသော ဤနတ်ထိန်းဝါးပျံ့အမြုတေအား လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

**သုတေသီတစ်ဦး**

---

စာမျက်နှာ (၁၅၇)မှ အဆက်

**လက္ခဏာပဟေဠိ အဖြေများ**

၁။ **ဂမ္ဘီရပညာနဲ့ ဆရာတစ်ဆူ ဖြစ်နိုင်တယ်။**

ဘာကြောင့်လဲဆိုတော့...

လက်ညှိုးရင်းကပ်လျက် ခက်ရင်းခွ သဏ္ဌာန် လျှို့ဝှက် မပေါ်သော လက်စွပ် သင်္ကေတရှိခြင်း၊ **(စ)အက္ခရာ။**

လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ ထောင်လိုက် ဂမ္ဘီရတောင်ဝှေးရှိခြင်း၊ **(င)အက္ခရာ။**

ကြာသပတေး ဂြိုဟ်ခုံအောက် ဦးခေါင်းလမ်းပေါ်မှာ ဆရာသင်္ကေတများရှိခြင်း၊ **(ဆ)အက္ခရာ။**


* * * ⟶

၂။ **စကားပရိယာယ်ကြွယ်သူ ဖြစ်ပါတယ်။**

ဘာကြောင့်လဲဆိုတော့...

လက်သန်းထိပ်ဖျားက လက်သူကြွယ်ဘက်ကို မသိမသာ ကွေးနေခြင်း၊ **(ဃ)အက္ခရာ။**

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ဗုဒ္ဓဟူးတောင်ဝှေးရှိခြင်း၊ **(က)အက္ခရာ။**




၃။ **အောင်မြင် ကျော်ကြားနိုင်ပါတယ်။**

ဘာကြောင့်လဲဆိုတော့ တနင်္ဂနွေ ဂြိုဟ်ခုံမှာ ကျောက်မျက်ပုံ သင်္ကေတရှိခြင်း၊ **(ဂ)အက္ခရာ။**

ကြိုးဇွေတစ်လုံးရှိခြင်း၊ **(ခ) အက္ခရာ။**

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ကျုန့်စစ်မင်း၏ အဓိကရုအောင်မြေ

# ရွှေလုံကျုံမြွတ်စွာဘုရား

ထံတော်ပါးသို့

စင်သိုငယ်

နီဒါန်းမြင်ကွင်း

တစ်ခါသော် ဥသာပဲခူးကို ဌမ်းစစ်သည် များစွာ ချီလာသည်တွင် အနော်ရထာမင်း စစ်ကူလွှတ်လိုက်သည့် **ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး**ဟူသည့် နတ်မြင်းသည်လေးဦးတို့ ဦးဆောင်ဖယ်ရှားပေးခဲ့သည်။


ဥသာမင်း လွန်စွာ အားရသဖြင့် ဆုလာဘ်များစွာ ချီးမြှင့်သည့်အပြင် အနော်ရထာမင်းလည်း ဥသာမင်း အဆက်ဆက် ကိုးကွယ်ခဲ့သည့် ဓာတ်တော်များနှင့် သမီးတော် မဏိစန္ဒာကို ဆက်၏။

လမ်းခရီးတွင် မင်းသမီးနှင့် ကျန်စစ်သားတို့ ငြိစွန်းမိသဖြင့် ပုဂံသို့ရောက်လျှင် မင်းကြီးလည်း အမျက်ကြီးစွာဖြင့် သက်ပြန်ကြိုးတည်းကာ အရိန္ဒမာလှံဖြင့် ထိုး၏။

ကြိုးကို ထိုးမိ၍ ကြိုးပြတ်သောအခါ ကျန်စစ်သားက အရိန္ဒမာလှံကို ကောက်ကာ မြစ်တစ်ဖက်သို့ ကူးပြေးလေသည်။

မင်းကြီးလည်း ခြေလျင်တပ်သား နှစ်ဦးအား လိုက်သတ်စေ၏။ ကျန်စစ်သားကား ဘုန်းကြီးသူဖြစ်၍ အမြင်အထင်ဖမ်း၍ မရနိုင်။ အိပ်ပျော်သောအခါမှ ဖမ်းမည်ဟု နောက်ယောင်ခံလိုက်ကြသည်။

ကျန်စစ်သားသည် အစာငတ် ခရီးပန်း၍ တောအုပ်တစ်ခုတွင် အိပ်မည်



ရွှေလုံကျုံမြွတ်စွာဘုရား

ဟူ၍ လှံကိုစိုက်၏။ စိုက်တုံလဲတုံ ဖြစ်နေသောကြောင့် အမျက်ထွက်ကာ လှံကို တောအုပ်တွင်း ပစ်လွှတ်လိုက်သည်။


ချုံတွင်ကွယ်၍ စောင့်နေသော ခြေလျင်စစ်သည် ခုနစ်ဦးကို သီသကဲ့သို့ ထိုးမိ၏။ ကျန်စစ်သား အိပ်ရာမှ နိုးသောအခါ ချုံတွင်း ရှာဖွေရာ သီနေသောလှံကို တွေ့ရသဖြင့် နတ်သမီး ကာ ကြောင်းဖြူအရပ်သို့ ကူးလေ





www.burmeseclassic.com

www.burmeseclassic.com



ရွှေလုံကျဘုရားတန်ဆောင်းတော်

သည်။

နောင်တွင် ကျန်စစ်မင်း ထီးနန်းစံရသောအခါ လုံကျရာအရပ်ကို **'အောင်မြေ'**သမုတ်၍ ဘုရားတည်ကာ **"ရွှေလုံကျဘုရား"**ဟု ဘွဲ့မည်ကပ်လှူလေသည်။

## ဖူးမြော်ပူဇော်ခြင်း

ဤဖြစ်စဉ်သမိုင်းကို မိန့်ကြားတော်မူသည့် ရန်အောင်မင်္ဂလာ ဆရာတော် ဦးဝါယမိန္ဒအား စေတီကိန်းဝပ်ရာဌာနကို မေးလျှောက်၍ သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။

အမြင့်မြို့၏ အရှေ့ဘက် တောကျောင်းကျေးရွာသို့သွားသော မြေသားလမ်းမနံဘေး၌ **"ရွှေလုံကျမြတ်စွာဘုရား"**မုခ်ဦးကို တွေ့ရသည်။

ဝင်းအတွင်း မြောက်ဘက်၌ သွပ်မိုးတန်ဆောင်းနှင့် တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူသည်။ ရွှေလုံကျမြတ်စွာပေတည်း။ ကျန်စစ်သား အရိန္ဒမာလှံကို မြေ၌စိုက်ရာစိုက်တုံ့လဲတုံ့ ဖြစ်သည့်နေရာ၊ ကျန်စစ်သား အိပ်စက်သည့်နေရာ ဖြစ်သည်။

ဘုန်းတော်ကြီး ကြီးမားသူဖြစ်၍ နတ်သိကြားတို့ ကူညီစောင့်ရှောက်ကာ

ရွှေလုံကျဘုရားအဝင်မုခ်





www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်စစ်ခဲ့သော အောင်မြေနေရာလည်း ဖြစ်သည်။

ဤရုပ်ပွားတော်အား ရှိသေစွာ ရှိခိုးကန်တော့၍ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အခက်အခဲ အဟန့်အတားများ ပျက်ပြယ်၍ အောင်မြင်ခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။

ကျုန်စစ်သား၏ ရန်အောင်ကုန်းတော်မြေဟူသော ဌာနဗလ အင်အားပြည့်ဝသည့်အပြင် နတ်ဒေဝတာများ၏ ပံ့ပိုးကူညီမှုကို ရနိုင်သောကြောင့် ဖြစ်သည်။


ပုဂံနယ်မြေအတွင်း သီတင်းသုံး သံဃာ မပြတ်သော ရှင်အရဟံ ပရိနိဗ္ဗာန်ပြုရာ ထီးတန်ဆောင်းစေတီတော်ဝင်း၌ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပူဇော်ခြင်းဖြင့် နှစ်ရှည်လများ သီတင်းသုံး သာသနာပြုနေတော်မူသော ဆရာတော် ဦးဉာဏက ဤသို့ မိန့်တော်မူသည်။

'အရင်က ဒီကုန်းတော်မှာ သံဃာမပြတ်ဘူး။ ကျောင်းထိုင်ဘုန်းကြီး သုံး,လေးဆက် ပြောင်းသွားတယ်။ ဘုန်းဘုန်း ရောက်လာတော့ ပဋ္ဌာန်းကိုသာ နေ့စဉ်ရက်ဆက် ပူဇော်တာပဲ။ ဘာအနှောင့်အယှက်မှ မတွေ့ရဘူး။

နှစ်တွေကြာတော့ မှီခိုနေထိုင်ကြတဲ့ ပရလောကသားတွေ လာလျှောက်ကြတယ်။ ပဋ္ဌာန်းတရားကို နတ်တွေကသာ နာချင်တာမဟုတ်ဘူး။ သူတို့လဲ နာချင်ကြပါသတဲ့။

ဟဲ့ နင်တို့လို နိမ့်ကျတဲ့ ဘဝမှာ ပဋ္ဌာန်းကို နာလို့ ရရဲ့လားလို့ မေးတော့ ဟိုးရှေးခေတ်က တိရစ္ဆာန်စင်စစ် လင်းနို့သား ငါးရာတောင် ပဋ္ဌာန်းတရား နာရလို့ နတ်ဘုံ ရောက်ကြသေးတယ်လို့ ပြန်ပြီး တရားဟောသွားသကွယ်။

ဒါကြောင့် အကျယ် မပူဇော်နိုင်ရင်တောင် ပဋ္ဌာန်းအကျဉ်း ၂၄ ပစ္စည်းကို ရွတ်ဖတ်



ကြိုပင်ပြေန်ပြေ ရှစ်မှုစ်စေတီ

သရဇ္ဈာယ်ပါ။ မမြင်ရတဲ့ အကူအညီတွေ ရနိုင်ပါတယ်'

အလားတူပင် မန္တလေးမြို့ ဗန်းမော်တိုက်ကျောင်းဆရာတော် ဦးကုမာရ၏ တရားဟော ရုပ်သံခွေများတွင်လည်း ဤသို့ ပါရှိ၏။

'ပဋ္ဌာန်းကို ပီပီသသနဲ့ အချိန်မှန်မှန် ပူဇော်ပါ။ ရွတ်ဖတ်ပူဇော်နေတဲ့ အချိန်မှာ ခန္ဓာကိုယ်ကလဲ သန့်ပြန့်နေအောင် ဂရုပြုပါ။ နတ်ဒေဝတာတွေက ပဋ္ဌာန်းတရားနာရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မိမိတို့ လိုရာဆန္ဒတွေဖြစ်အောင်၊ ပြည့်အောင် ကူညီဖြည့်ဆည်းပေးနိုင်ကြပါတယ်'

ဟူ၍ ဆရာတော် ကိုယ်တွေ့ဖြစ်စဉ်များဖြင့် သာဓကပြကာ တိုက်တွန်းတော်မူလေသည်။

ထို့ကြောင့် မိမိသည်လည်း ဆရာဖြစ်သူ လမ်းညွှန်ပေးသော ပဋ္ဌာန်းနှင့်ဂုဏ်တော် တွဲဖက်ပူဇော်ကာ ကုန်းတော်နေ ဝေနေယျများနှင့်တကွ နတ်ဒေဝတာတို့အားလည်း အမျှပေး



www.burmeseclassic.com

www.burmeseclassic.com



◆ ရှစ်မှုစ်စေတီနှင့် တန်ဆောင်း

◆ အရှေ့မြေညီမှ တမာပင်စု



ဝေခဲ့လေသည်။

ရွှေလုံ့ကျုံရုပ်ပွားတော်မှာ နှောင်းခေတ်မွမ်းမံမှုများ ပါဝင်သော်လည်း မူလအခြေအနေအချို့ကို မြင်တွေ့ရသည်။ သွပ်မိုးတန်ဆောင်းအတွင်း သီတင်းသုံးတော်မူသော်လည်း ကျန်စစ်မင်း တည်ထားစဉ်က လိုဏ်မုခ်ပါစေတီအတွင်း ပူဇော်ခဲ့ကာ ခေတ်ကာလကြာရှည်သဖြင့် မူလစေတီ ပျက်ယွင်းကာ ယခုအခြေအနေအတိုင်း ဖူးမြင်ရသည်ဟု ယူဆမိသည်။

အမြင့်မြို့မှ အဘိုးအိုအချို့က သူတို့ငယ်စဉ်က ရွှေလုံ့ကျုံစေတီ အပြိုအပျက်ကို လက်လှမ်းမီ မြင်တွေ့ခဲ့ရသည် ဆိုသောကြောင့် ဖြစ်လေသည်။

## ဘဝအခြေအနေ တိုးမြင့်ရေး ဆုပန်နိုင်သည့် ရုပ်ပွားတော်

ရွှေလုံ့ကျုံရုပ်ပွားတော်သည် စေတီပုထိုး၏လိုဏ်တွင်း ကိန်းဝပ်ခဲ့သည်

ဖြစ်စေ၊ နေပူခံကိုယ်တော်အဖြစ် ထီး
တည်းကိန်းဝပ်တော်မူဖြစ်စေ အရှေ့
အရပ် မြတ်သောအရပ်သို့ မျက်နှာမူ
လျက် စံပယ်တော်မူသဖြင့် ဒီသာဗလ
အရပ်အညွှန်းအင်အား ပြည့်စုံကာ
မိမိတို့၏ နေထိုင်မှု ဘဝအခြေအနေ
တိုးတက်မြင့်မားရေးအတွက် အထူးပြု
ဆုပန်နိုင်ကြပေသည်။

အကြောင်းသော်ကား မြတ်စွာ
ဘုရားရှင်တို့သည် ဗောဓိပင်၏ အရှေ့
ဘက်မျက်နှာ၌ ရှေ့သို့ မျက်နှာမူလျက်
ထိုင်တော်မူကာ ဘုရားအဖြစ်သို့ ရောက်
တော်မူကြသည်။

မြတ်စွာဘုရား ဟောကြားရာ၌
မဇ္ဈိမဒေသ၌ နေထိုင်ကြသူ သူတော်
ကောင်းတို့သည် မြတ်စွာဘုရား၏ ဓမ္မာ
သနပလ္လင်နေရာကို အဆောက်အအုံ
သို့မဟုတ် မဏ္ဍပ်၏အလယ် မင်္ဂလာ
တိုင်ကို အမှီပြု၍ အရှေ့ကို မျက်နှာမူ
ကာ တည်ထားကုန်၏။

ရဟန်းတို့ နေရာအတွက် ဓမ္မာသန
ပလ္လင်၏နောက်မှ အနောက်ဘက်နံရံ
ကို အမှီပြု၍ အရှေ့သို့ မျက်နှာမူကာ
ခင်းကျင်းကြကုန်၏။

လူတို့တရားနာယူရန် နေရာအတွက်
ဓမ္မာသနပလ္လင်ရှိရာ အနောက်သို့
မျက်နှာမူကာ အရှေ့ဘက်နံရံကို အမှီပြု
၍ ခင်းကျင်းကြ၏။ မြတ်စွာဘုရားသည်
အရှေ့သို့ မျက်နှာမူကာ တရားဟော
ကြားတော်မူလေသည်။ **(မုံရွာမြို့
အရှေ့လယ်တီတိုက် ဆရာတော်
အရှင်ကုဏ္ဍလ ရေးသားတော်မူ
သည့် မဟာသုတဒီပနီကျမ်း ပထမ
တွဲ၊ စာမျက်နှာ-၁၃၉)**

ထို့ကြောင့် မြတ်သောအရပ်သို့
မျက်နှာပြုသော ဤရွှေလုံ့ကျုံရုပ်ပွား
တော်ထံ မိမိဘဝ အခြေအနေ တိုးတက်
မြင့်မားရေးအတွက်လည်း အထူးပြု

(စာမျက်နှာ (၁၆၇) သို့



www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာတမြို့ ဝိုးဓာတောစာသင်တိုက် ထိပိဋကလင်္ကာရတိုက်ကျောင်း ဆရာတော်

# ဦးဇာယန္တ

(နက္ခတ္တဒေဝသုတေသီ) ချီးမြှင့်တော်မူသော

# ကြဲတိုင်းအောင်

## အဓိဋ္ဌာန်ပုတီးစိပ်နည်း

ဦးသော်ခင် (ဟင်္သာတ)

ဤကြဲတိုင်းအောင် ပုတီးစိပ်နည်းကို ပုဂ္ဂိုလ်တစ်ဦးက ပေး၍ ဆရာတော် ရခဲ့ခြင်းဖြစ်၏။ ဆရာတော်ထံမှ ကျွန်တော်က ထပ်မံ၍ရခဲ့သည်။

ထူးထူးခြားခြား အောင်မြင်မှုရခဲ့သော ပုတီးစိပ်နည်းဖြစ်၍ (၇)ရက်သားသမီးများ ကောင်းကျိုးချမ်းသာ ရစေခြင်းငှာ ကျွန်တော်က တစ်ဆင့် တင်ပြပေးလိုက်ပါသည်။

မိမိတို့၏ ရာသီစက်ဇာတာ၌ စနေ(ခေါ်) တနင်္လာဂြိုဟ်မှာ မည်သည့်ရာသီတွင် ရှိသည်ကို ဦးစွာကြည့်ပါ။

* * * [နံပါတ်–၁]


ယခု ဖော်ပြထားသော ရာသီစက်တွင် စနေခေါ်သော တနင်္လာဂြိုဟ်မှာ ခနုရာသီ၌ တည်ရှိပါသည်။ စနေတည်ရာကို သိလျှင် မည်သည့်ဂုဏ်တော်ကို အဓိဋ္ဌာန်ပြုရန် သိဖို့တွက်ယူရပါသည်။ ထို့ကြောင့် ကာသစ်ဂြိုဟ်များ တည်နေပုံကို သိရန်လည်း လိုပါသည်။ ကြည့်ပါ။

* * * [နံပါတ်–၂]

ကာသစ်ဂြိုဟ်နေပုံ ဖြစ်ပါသည်။ ကာသစ်ချပုံမှာ **"စ, သာ, ရွှေ, ကူ, အင်း, ဝ, သူ, ဆန်, ဖြူ, တစ်, တင်း, ပေး"** လင်္ကာဖြင့် မိဿရာသီကစ၍ ရေးရပါသည်။ သေချာစွာ မှတ်သားထားပါ။

- ✦ စနေခေါ်သော တနင်္လာဂြိုဟ်မှ **လက်ဝဲရစ်(၉)ခွင်** ရောက်အောင် ရေတွက်ကြည့်ပါ။ (၉)ခွင်မြောက်တွင် တနင်္ဂနွေ ကာသစ်ဂြိုဟ်ကို တွေ့ရမည်။ မှတ်သားထားပါ။
- ✦ တစ်ဖန် စနေခေါ်သော တနင်္လာဂြိုဟ်မှ **လက်ဝဲရစ်(၅)ခွင်** ရောက်အောင် ရေတွက်ကြည့်ပါ။ (၅)ခွင်မြောက်တွင် အင်္ဂါ ကာသစ်ဂြိုဟ်ကို တွေ့ရမည်။ ကြည့်ပါ။

* * *




ကာသစ်ဂြိုဟ်များ၏ ဂြိုဟ်သက်များ သိရန်လိုပါသည်။ သို့မှသာ တွက်ချက်ရာ၌ အခက်အခဲမရှိ လွယ်ကူမှာ ဖြစ်ပါသည်။ ဂြိုဟ်သက်များကို မှတ်သားလိုက်ပါဦး။



◆ ဆရာတော်
ဦးဇယန္တ(နက္ခတ္တဒေဝသုတေသီ)

* * *

| ကာသစ် | ဂြိုဟ်သက် |
|---|---|
| ၃–ဂ်ီ | ၇ နှစ် |
| ၆–ကြာ | ၂၁ နှစ် |
| ၄–ဟူး | ၁၇ နှစ် |
| ၂–လာ | ၁၅ နှစ် |
| ၁–နွေ | ၆ နှစ် |
| ၅–တေး | ၁၆ နှစ် |
| ၀–နေ | ၁၉ နှစ် |

ဂြိုဟ်သက်များ သိပြီဖြစ်၍ တွက်ရန် လွယ်ကူသွားပါပြီ။ ကြည့်ပါ။

- ✦ စနေသခင်ဂြိုဟ်သက်ကို တည်ပါ။
- ✦ စနေမှ (၉)တန့်သခင် ဂြိုဟ်သက်ဖြင့် မြှောက်ပါ။
- ✦ စနေမှ (၅)တန့်သခင် ဂြိုဟ်သက်ဖြင့် စားပါ။



www.burmeseclassic.com

www.burmeseclassic.com

စားလဒ်မှာ **'ရာသီ'**ဖြစ်၍ အကြွင်းမှာ **'အံသာ'**ဖြစ်ပါသည်။ စားကိန်းမှာ **'လိတ္တာ'** ဖြစ်ပါသည်။

ထို့ကြောင့် ကသစ်ဂြိုဟ်နေပုံတွင် ကြည့်လျှင် စန်းသခင်ဂြိုဟ်၌ ကြာသပတေးကသစ်ကို တွေ့ရမည်။ ကြာသပတေးဂြိုဟ်သက်မှာ (၁၉)နှစ်ဖြစ်သည်။

ထို့အတူ စန်းမှ (၉)တန့်သခင် တနင်္ဂနွေဂြိုဟ်သက် (၆)နှစ်၊ စန်းမှ (၅)တန့်သခင် အင်္ဂါဂြိုဟ်သက် (၈)နှစ် ဖြစ်ကြောင်း တွေ့ရမည်။

* * *[ နံပါတ်–၃ ]

(၁၃)ရာသီဖြစ်၍ (၁၂)ရာသီဖြင့် စားရသည်။ ထို့ကြောင့် (၁)ရာသီရ၏။ ထိုရာသီ အံသာ လိတ္တာများကို လိတ္တာဖွဲ့ရမည်။ လိတ္တာဖွဲ့ပြီးလျှင် (၂၇)ဖြင့် စားရမည်။ ကြည့်ပါ။

* * *

**ရာသီ　အံသာ　လိတ္တာ**


```
  ၁        ၅        ၈
× ၃၀     + ၃၀    + ၂၁၀၀
────     ────    ──────
  ၃၀       ၃၅     ၂၁၀၈[လိတ္တာဖွဲ့ပြီး]
         × ၆၀
         ────
         ၂၁၀၀
```

(၁)ရာသီ၌ (၃၀)အံသာရှိ၍ (၃၀)ဖြင့် မြှောက်ပြီး အံသာ၌ ပေါင်းသည်။ (၁)အံသာ၌ (၆၀)လိတ္တာရှိ၍ (၆၀)ဖြင့် မြှောက်ပြီး လိတ္တာ၌ပေါင်းသည်။ လိတ္တာဖွဲ့နည်း ဖြစ်ပါသည်။ လိတ္တာကို (၂၇)ဖြင့် စားမည်။ အကြွင်းကို မှတ်ထားပါ။

```
၂၇ | ၂၁၀၈ | ၇၈ (မလိုပါ)
   − ၁၈၉
   ──────
     ၂၁၈
   − ၂၁၆
   ──────
       ၁ (အကြွင်း)
```

✦ အကြွင်းကို ၀ိပိရောက်ဆဲအသက်နှင့် ပေါင်းပါ။

နံပါတ်–၁




နံပါတ်–၂




နံပါတ်–၃


စန်းသခင် ကြာသပတေးဂြိုဟ်သက် = ၁၉နှစ်

စန်းမှ ၉–တန့်သခင် တနင်္ဂနွေဂြိုဟ်သက် = × ၆နှစ်

စန်းမှ ၅–တန့်သခင် အင်္ဂါဂြိုဟ်သက် = ၈

```
၈ | ၉၆ | ၁၃ရာသီ
  − ၈
  ────
    ၂၆
  − ၂၁
  ────
     ၅ အံသာ
```

နံပါတ်–၄




စတုရပါဒ်နက္ခတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

✦ (၂၇)ဖြင့်စားပါ။
✦ အကြွင်းကိုကြည့်၍ စတုရပါဒ်နက္ခတ်တူရာက စ,သွင်းပါ။
✦ အကြွင်းကို (၉)လုံးစီ တိုးပေါင်းကာ ရာသီကုန်သည့်ထိ ရေးသွင်းပါ။

* * *[ နံပါတ်–၄ ]

**အကြွင်း ၁**

**ရောက်ဆဲအသက်** ＋၄၃

```
၂၇ | ၄၄ | ၁
   |−၂၇|
   -----
    ၁၇(အကြွင်း)
```

အကြွင်းမှာ (၁၇)ဖြစ်၍ စတုရပါဒ်နက္ခတ်တူရာက စသွင်းလျှင် (၁၈)လုံးမြောက်ပါဒ် (၁၈)က စ,သွင်းရမည်။ ကြည့်ပါ။

✦ စ,သွင်းသော ကိန်းနှင့် သမသတ်ကိန်းတို့ကို ကေသချာတစ်လုံးတည်းကျန်အောင် ပေါင်းပါ။

သွင်းသောကိန်း＝၁၇
＋
သမသတ်ကိန်း ＝၇၁
၈၈ ⟶ ၁၆＝၇
(ကေသချာ)

ကေသချာ (၇)ရ၏။ ထို့ကြောင့် ဘုရားဂုဏ်တော် အမှတ်(၇)ကို အဓိဋ္ဌာန် ပုတီးစိပ်ရမည်။

အမှတ်(၇)ဂုဏ်တော်မှာ "**သတ္ထာဒေဝမနုဿာနံ**"ဖြစ်ပါသည်။ နဝင်းကျေရန် တစ်နေ့လျှင် (၉)ပတ်စိပ်ပါ။

အဓိဋ္ဌာန်ဖြင့် အားထုတ်လိုလျှင် အမှတ်(၇) ဂုဏ်တော်ဖြစ်၍ (၇ × ၉ ＝ ၆၃) (၆၃)ရက် အားထုတ်အပ်ပေသည်။ ကျန်ဂုဏ်တော်များကိုလည်း ဖော်ပြပေးလိုက်ပါသည်။

* * * ⟶

မိမိ တွက်ထားသည်ကို မှန်,မမှန် အချိန်ကိုက်နည်း ရှိပါသည်။ အချိန်ကိုက်နည်းမှာ နောက်ဆုံးသွင်းသောဂဏန်းနှင့် မျက်နှာချင်းဆိုင် ဂဏန်းကို ခြားနားကြည့်လျှင် (၅၄)ရ,ရပါသည်။ ရလျှင် မှန်ပါသည်။ မရလျှင် မှားပါသည်။ ကြည့်ပါ။

နောက်ဆုံးသွင်းသောဂဏန်း ＝ ၁၁၆
မျက်နှာချင်းဆိုင်ဂဏန်း ＝ −၆၂
၅၄

| စဉ် | ဂုဏ်တော် | ပတ် | ရက် |
|---|---|---|---|
| ၁။ | အရဟံ | ၉ | ၉ |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ | ၉ | ၁၈ |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | ၉ | ၂၇ |
| ၄။ | သုဂတော | ၉ | ၃၆ |
| ၅။ | လောကဝိဒူ | ၉ | ၄၅ |
| ၆။ | အနုတ္တရောပုရိသဒမ္မသာရထိ | ၉ | ၅၄ |
| ၇။ | သတ္ထာဒေဝမနုဿာနံ | ၉ | ၆၃ |
| ၈။ | ဗုဒ္ဓေါ | ၉ | ၇၂ |
| ၉။ | ဘဂဝါ | ၉ | ၈၁ |

ယခု ဖော်ပြထားသည့် ပုတီးစိပ်နည်းမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းသလို ပညာဗဟုသုတ တိုးပွားစေနိုင်ပါသည်။ ထို့ပြင် ကြံတိုင်းအောင်စေသော ကောင်းကျိုးကို ရစေသောငှာ ကြိုးစား၍ အားထုတ်ကြည့်ကြရန် ဖြစ်ပါပေသည်။

**ဦးသော်ခင် (*ဟသ်ာတ*)**

စာမျက်နှာ (၁၆၄)မှ အဆက်

ဆုပန်နိုင်ကြပေသည်။

### အခြား လေ့လာရသမျှ

ဘုရားဝင်းအတွင်းအရှေ့ဘက်၌မြေညီပြင်နှင့်တမာပင်အစုကိုတွေ့ရ၏။တမာရွက်ကြွေမှုတစ်ပါးအမှိုက်သရိုက်များမရှိချေ။

ရုပ်ပွားတော် တန်ဆောင်း၏ တောင်ဘက်တွင် လိုဏ်မှန်ပါအုံစေတီ(၈)ဆူ ဝန်းရံထားသော စေတီငယ်တစ်ဆူ ကိန်းဝပ်တော်မူသည်။ ကျန်စစ်သား လုံချက်ဖြင့် စစ်သည်(၇)ဦးသီတန်း ကျဆုံးသောနေရာ ဖြစ်သည်ဆို၏။

နှောင်းခေတ်လက်ရာ စေတီဖြစ်လေရာ ကျန်စစ်သား၏အထိမ်းအမှတ်နေရာတွင်နောက်ပိုင်းကာလရောက်လေမှဖြိုဖျက်ပြီးပြေစေတီ တည်ခဲ့ခြင်း ဖြစ်မည်ဟု ခန့်မှန်းရလေသည်။

စေတီတော်အရှေ့ဘက်တွင်အုတ်တိုက်အာရုံခံတန်ဆောင်းအနိုင်အမာ တွေ့ရသည်။ ရက်ကြီးအခါကြီးများတွင် ဤတန်ဆောင်း၌ သံဃာတော်များ စုဝေးကာ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နေကြသည့် မြင်ကွင်းကို မြင်ယောင်ကြည့်နူးမိသည်။

### နှုတ်ဆက်အာသီသ

ရွှေလှံကျဘုရားဝင်းအတွင်း ကြည်ညိုလေ့လာပြီးနောက်တွင် ရွှေသက်နှ်ရောင်ဝင်းစွာဖြင့် ဖူးတွေ့ရသည့် ရုပ်ပွားစေတီများ၊ ကောင်းမွန် ခိုင်ခံ့သော အာရုံခံတန်ဆောင်းများ၊ အမှိုက်သရိုက် ကင်းရှင်းသော ပရိဝုဏ်မြေ စသည်တို့အရ ဖူးမြော်ပူဇော် ပရိသတ် မကင်းမလပ်ကြောင်း မှန်းဆမိသည်။

ထို့ထက်ပို၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး နေ့စဉ် ကပ်လှူကာ ထိန်းသိမ်း စောင့်ရှောက်မည်၊ ရဟန်း၊ သာမဏေ၊ ရှင်ငယ်ရသေ့ တစ်ပါးပါးရှိလျှင် သာသနာတော်အတွက် အထူးအားရဖွယ်ဖြစ်ကြောင်း ဆုတောင်းဆန္ဒပြုကာ ရှိခိုးပူဇော် နှုတ်ဆက်ထွက်ခွာခဲ့၏။

**ကျန်စစ်မင်း၏ အဓိက အောင်မြေတစ်ဌာနဖြစ်သော ရွှေလှံကျမြတ်စွာဘုရား သာသနာ့မြေ မြန်မကြာ စည်ကားတိုးတက်နိုင်ပါစေ။**

ဇင်ညိုငယ်



www.burmeseclassic.com


www.burmeseclassic.com

သွေးချို

# ဆီးချိုအတွက် ဆေး

ကျွန်တော်နှင့် ကုမ္ပဏီတစ်ခုတွင် အတူလုပ်ကိုင်နေသူ ကိုတင်ဝင်းထွန်း တစ်ယောက်မှာ သွေးချို၊ ဆီးချိုရောဂါကြောင့် ခွင့်(၃)လယူထားသူ ဖြစ်ပါသည်။ ကိုတင်ဝင်းထွန်းမှာ မူလက ဝဝဖိုင့်ဖိုင့် ကျန်းမာရေး အလွန်ကောင်းသူတစ်ယောက် ဖြစ်ပါသည်။

တစ်နေ့တွင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ကုန်ပို့သွားရင်း ဘတ်(စ်)ကားပေါ် လှမ်းအတက် ခြေလက်များ တုံ့ဆိုင်းပြီး ပက်လက်လန်ကျရာမှ ဆေးရုံရောက်ခဲ့ပါသည်။



ဆေးရုံတွင် စစ်ဆေးကြည့်ရာ သွေးချိုနှုန်း(၄၂၀)ထိ တက်နေကြောင်း တွေ့ရပါသည်။ ဆီးမှာလည်း အုတ်ခဲရောင် ပေါက်နေပါသည်။

ယင်းနောက် ဆေးရုံဆေးခန်းမှ ပေးသော ဆေးများဖြင့် ပုံမှန်ကုသနေပါသည်။ ဆန်ကြမ်းနှင့် အသီးအရွက်များသာစားပြီး မတည့်သည့်အစာများ ရှောင်ရမှုကြောင့် မူလ ဝဝဖိုင့်ဖိုင့်လူကြီး တစ်ယောက်မှာ အရိုးပေါ် အရေတင်ပြီး အိမ်အပြင်သို့ပင် မထွက်နိုင်တော့ပါ။ လေတိုက်ပင် မခံနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

ကျွန်တော်လည်း အလုပ်ကိစ္စကြောင့် ကိုတင်ဝင်းထွန်းနှင့် မတွေ့ဘဲ (၂)လခန့် ပြတ်တောက်နေရာမှ ခွင့်(၃)လပြည့်၍ ရုံးပြန်တက်သော ကိုတင်ဝင်းထွန်းကိုတွေ့၍ များစွာအံ့အား သင့်ခဲ့ရပါသည်။ ကိုတင်ဝင်းထွန်းမှာ ကျန်းမာဝဖြိုးပြီး မူလ အသားအရေအတိုင်း တွေ့ရ၍ ဖြစ်ပါသည်။

ကိုတင်ဝင်းထွန်းမှ သူ ယခုလို ကျန်းမာလာခြင်းမှာ ရန်ကုန်မှ ဘိုကလေးမြို့သို့ အပြန်ခရီးတွင် ရေယာဉ်ပေါ်၌ ခ… ဖော် ကရင်တိုင်းရင်းသား အဘိုးကြီးတစ်ယောက်မှ ဆေးနည်းပေး၍ ယင်းဆေးနည်းအတိုင်း ကျိုချက်သောက်ရာ… ပျောက်ကင်း ချမ်းသာခဲ့ကြောင်း ပြောပြပါသည်။

**ဆေးနည်းမှာ**

သင်္ဘောသီးစိမ်း ခပ်ရွယ်ရွယ်တစ်လုံးကို ထိပ်ဝဖြတ်၊ သင်္ဘောသီးအစေ့များကို ကုန် အောင်ထုတ်ပြီး ယင်းအပေါက်ထဲသို့ ရှိုးရှိုး လက်ဖက်ခြော… အပြည့်သိပ်။ ထိပ်ဝကို ဖြတ်ထားသည့်အတိုင်းဖြင့် ပြန်ပိတ်။ ပြုတ်မထွက်အောင် ဝါးနှီး သွားကြားထိုးတံ စသည့် ရရာဖြင့် ထိုး၍ ထားပြီး မတ်ခွ… (၃)ခွက် (၁)ခွက်ကျန်အောင်ပြုတ်။ ကျန်သည့်ရေကို နံနက်မှ ညအထိ ကုန်အောင် ပုံမှန်သောက်နိုင်ရုံသောက်။

သွေးချို(၄၀၀)အထက်ရှိနေလျှင် တစ်ပတ် တစ်ကြိမ်၊ (၂၀၀)အထက်ရှိလျှင် နှစ်ပတ်တစ်ကြိမ်သောက်ရန်။ **(လိုအပ်သည်ထက် ပို… သောက်ရန် သွေးချိုတိုင်းပြီးမှ ချိန်သောက်က ပိုကောင်းသည်။)**

ဤဆေးနည်းကို လူမျိုးဘာသာမရွေး ပေးခဲ့ရာ သုံးသူတိုင်း သက်သာပျောက်ကြပါသည်။ ပွဲတွေ့ကိုယ်တွေ့ ဖြစ်… သည်။

*ဦးကရင်ကြီးအား ဂါရဝထား၍...*

***စကြာသီဟ (ဘိုကလေး)***



www.burmeseclassic.com

www.burmeseclassic.com





ရွှေကုဋေ
(သီရိခေတ္တရာ)

# ဇော်ဂျီပြိုင်ဆရာတော်ရှင်

## အဂ္ဂိရတ်မီးအတတ် ဖိုရုံဆောက်နည်းနှင့် ဖိုခွင်တည်နည်း

တစ်နေ့ အိမ်ရှေ့တွင် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို ဆွမ်းထွက်လောင်းပြီး ကန်တော့လိုက်ပါသည်။

'ဒကာကြီး... ဖိုထိုးလို့ ဒုက္ခတွေ အမျိုးမျိုး တွေ့နေတာတောင် စိတ်ကုန်သေးဘူးလား'

ဟု မေးလာသည်။

'တပည့်တော် စိတ်ကုန်နေပါပြီ ဘုရား။ ဝါသနာအရ စွဲနေပြီမို့ တစ်နေ့နေ့မှာ ဖြစ်လိမ့်မယ်ဆိုပြီး အားခဲပြု သုပ်နေပါတယ်ဘုရား'

'ဒကာကြီးက ဘာရည်ရွယ်ချက်နဲ့ ဖိုထိုးတာလဲ'

'မှန်ပါ့ ဘုရား၊ တပည့်တော် ရည်ရွယ်ချက်က ပြဒါးကို သေအောင်ထိုးပြီး ဓာတ်လုံးတန်ခိုးနဲ့ အနာရောဂါ ကင်းငြိမ်းစေမယ့်ဆေး လိုချင်ပါတယ် ဘုရား။

နောက်ပြီး အသက်ရှည်ချင်ပါတယ် ဘုရား။ အဲဒီဓာတ်လုံးတန်ခိုးနဲ့ ပစ္စည်း ဥစ္စာကြွယ်ဝပြီး အလှူဒါနပြု အပူအပင်သောက ငြိမ်းငြိမ်းနေချင်တာပါ ဘုရား'

'ဒကာကြီး အောင်မြင်တဲ့အခါ တရားထိုင်ဖို့ စိတ်မကူးဘူးလား'

'နောက်ဆုံးတော့ အဲဒါပါပဲ ဘုရား။ တပည့်တော် စကားကျန်သွားပါတယ်'

'အေးပေါ့လေ လူဆိုတာ ဝါသနာ စရိုက်ချင်း တူမှမတူကြတာကိုး။ ဒကာက ဒီလမ်းနဲ့ ပါရမီပါပါတယ်။ ပါရမီဆက်ချင်ရင်တော့ နည်းကောင်းတစ်ခု ချီးမြှင့်ခဲ့မယ်'

'မှန်ပါဘုရား တပည့်တော်အိမ်ထဲ ကြွပါ ဘုရား။ စာနဲ့ ရေးမှတ်ပါ့မယ်'

'စာနဲ့ ရေးပြီး မှတ်မှလဲ ရလိမ့်မယ် ရေးပေါ့ ဒကာ'

ဟုပြောကာ အိမ်အတွင်းသို့ ကြွရောက်ပြီး...

'ပေးရမယ့်နည်းက ဖိုရုံဆောက်နည်းနဲ့ ဖိုခွင်တည်နည်းသာလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေတယ် ဒကာ'

စာရေးသူမှာ အံ့ဩသွားမိသည်။ ပြဒါးသတ်နည်းထင်ခဲ့မိရာ **"ဖိုရုံဆောက်နည်းနှင့် ဖိုခွင်တည်နည်း"** ဟု ဆိုသဖြင့်...

'မိန့်ကြားပါဘုရား... တပည့်တော် သိချင်ပါတယ်'

'ဒီလိုဒကာရဲ့... ငါလဲ ရဟန်းဘ၀ မရောက်ခင်မှာ ဖိုထိုးခဲ့တယ်။ အတော် ဒုက္ခခံခဲ့ရပြီး ဒကာ့လိုပဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရချိန်မှာ ဆရာကောင်းတွေ့ရလို့ အောင်မြင်ခဲ့ရတယ်။

အစက ဖိုရုံဆောက်ပုံ၊ ဖိုခွင်တည်ပုံ မသိလို့ ကြုံရာနေရာမှာ ဖြစ်သလို ထိုးခဲ့လုပ်ခဲ့လို့ ဘာမှ မည်မည်ရရ မအောင်မြင်ခဲ့ပါဘူး။


အဲဒီနည်းနဲ့ ပညာကို တန်ဖိုးထားပြီး အလုပ်လုပ်မှ ဓာတ်လုံးအောင်မြင်ခဲ့ရတယ်။ ဒီဓာတ်လုံးလဲ ဘုရားလှူပြီး ရဟန်းဘ၀ကို ရောက်လာခဲ့ရတာပါ။

ဒကာကြီးလဲ ဖိုရုံဆောက်ထားတာ ကြည့်ပြီး ဟုတ်မဟုတ်၊ မှန်မမှန် ဝေဖန်ဖို့ နည်းပေးချင်တယ် မှတ်ပေတော့။

ဒကာကြီး အဂ္ဂိရတ်ထိုးတိုင်းလဲ မမွဲပါဘူး။ အောင်မြင်သူ ရှားလွန်းလို့ပါ။ ပြဒါးဆိုတာ တန်ခိုးကြီးတယ်။ သူ့ကို သေအောင်သတ်တဲ့လူကို ဓာတ်နိုက်ခြင်း၊ နာမ်လောကမှ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးသူ ပေါ်ပေါက်ခြင်းဆိုတာတွေ ရှိတယ်။

'အဲဒါ အစကတည်းက အစ မကောင်းရင် အနှောင်း မသေချာဘူး။ ဖိုရုံဆောက်တဲ့အခါမှာ မိမိရဲ့ ဘုမ္မိအရပ်မှာ ဖိုရုံမထားရဘူး။ အခု မင်းရဲ့ ဖိုရုံဟာ ဘုမ္မိအရပ်တော့ မင်းရဲ့ နေ့နံနဲ့ဆိုရင် မကျဘူး။ ဒါပေမယ့် အိမ်ရဲ့ အောက်ခြေရင်းဘက် ဖြစ်နေတယ်။

လောကီပညာ စွယ်စုံကျမ်းမှာ အိမ်



အောက် ကမ်းထိပ်၊ မြေနိမ့် သုသာန်၊ သားငါးသမင်၊ ဖုတ်ကင်ကြော်လှော် သချိုင်းခေါ်တွင် စဖိုခွင်၌ မထိုးမလုပ် အပ်...

မိမိကိုယ်မှာ (၆)ဖြာဆန္ဒ နီဝရဏ စွန့်ထပယ်ခွာ မလိုက်နာနှင့် ကာ္လသာ မစ္ဆရိယ ပယ်ဘိရှင်းရှင်း သီတင်းဖြူစင် ကြည်လင်စိတ်ထား မမှားသတိ နှိုင်းညှိ ပညာ ချိုသာစကား ဤတရားတော်တို့ စောင့်ငြားမပြတ် နိစ္စပတ်ဖြင့် လမ်းမမှားအောင် သတိထားပြီး (၉)ပါး သောဓာတ်မဏိရပ်ကို ဖြောင့်မတ်ကောင်းစွာ စီရင်လေလို့ ဖော်ပြတယ်။

(၆)ဖြာဆန္ဒဆိုတာ အာရုံ (၆)ပါး မလိုက်စားဖို့ ဖြစ်တယ်။ နီဝရဏတရား ငါးပါးဖြစ်တဲ့

**၁။ ကာမစ္ဆန္ဒနီဝရဏ**

စိတ်ကြိုက်အာရုံတွေကို ကြဲစည်နေမိခြင်း၊

**၂။ ဗျာပါဒနီဝရဏ**

စိတ်ကြိုက်နှင့် ဆန့်ကျင်သော စိတ်ပျက် စိတ်ဆိုးခြင်း၊

**၃။ ထိနမိဒ္ဓနီဝရဏ**

စိတ်၌ထိုင်းမှိုင်း ပျင်းရိတွေဝေနေခြင်း၊

**၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ**

စိတ်မတည်မငြိမ် ပျံ့လွင့်ခြင်း၊ ပူပင်သောကဖြစ်ခြင်း၊

**၅။ ဝိစိကိစ္ဆာနီဝရဏ**

မိမိလုပ်နေတာ မှန်ပါမလား၊ အကျိုး ရှိပါမလား စသည်ဖြင့် တွေးတောနေ ခြင်း၊

အပါအဝင် အဲဒီငါးပါးကို မဖြစ်စေ ဘူး။

နောက်ပြီး မစ္ဆရိယငါးပါးရဲ့ အတိ ချုပ်က **"မနာလိုဝန်တိုခြင်း"**ပေ သီတင်းဖြူစင် ဆိုတာဟာ ငါးပါးသီလ ကို လုံခြုံပါစေတဲ့။ လမ်းမမှားအောင်လဲ အထက်ဝိဇ္ဇာ၊ အောက်ဝိဇ္ဇာ ခွဲခြားသိစွာ စီရင်ရမယ်လို့ ဆိုလိုတယ်။

ဒါက ဖိုရုံမဆောက်ခင်၊ ဖိုခွင်မတည် ခင် လိုက်နာနိုင်စေဖို့ ကျင့်ဝတ်တွေ ဖြစ်တယ်'

'ဖိုထိုးဖို့ဟာ မလွယ်ပါလား ဘုရား'

'အေးဟုတ်တယ်၊ လွယ်လွယ်နဲ့ လုပ်တော့ အဖျက်အနှောက်ရယ် များတတ် တယ်။ ဆက်ပြီး မှတ်သားဦး။

## ဖိုရုံဆောက်နည်းနှင့် ဖိုခွင်တည်နည်း

ဖိုရုံဆောက်မယ့် သစ်ဝါးမှန်သမျှ သန့်ရှင်းရမယ်။ အိမ်သာ၊ ထဘီတန်း သုံးပြီးသားတွေ ထည့်မသုံးမိစေနဲ့ အိမ်ဆောက်သလို ရက်ကောင်းရက် မြတ် ရွေးရမယ်။ အစီအရင်တွေက များလွန်းလို့ဆိုပြီး စိတ်မပျက်နဲ့ ရှေးဆရာတွေက စေတနာနဲ့ ရေးသား ထားခဲ့ကြတာ။

မိမိ နေ့နံရဲ့နောက်က ဥပမာ မင်းက ဗုဒ္ဓဟူးသား မင်းရဲ့နောက်က အင်္ဂါ သား၊ ရှေ့က ကြာသပတေးသား ရှိ မယ်။

အင်္ဂါသားနဲ့ ကြာသပတေးသားကို ပန္နက်ကြိုးကိုင်ခိုင်းပြီး ကိုယ်က ငုတ် ရိုက်ရတယ်။ ကြိုးကိုင်မယ့်လူမရှိရင် ဆီးသားနဲ့ ပေါက်သားဘေးအစွန်မှာ ရိုက်ပြီး အလယ်မှာ ဝါးငုတ်စိုက်ရ တယ်။

ကိုယ့်အိမ်ရဲ့ တေဇရပ်၊ ပရိဝါရ





www.burmeseclassic.com

www.burmeseclassic.com

အရပ်မှာဆိုရင် ပိုပြီး ကောင်းတယ်။ ဘုမ္မိအရပ်က မကောင်းဘူး။ ကျန်တဲ့ အရပ်တွေက သင့်တယ်။

တကယ်လို့ ဘုမ္မိအရပ်မှာ ဆောက်လို့ မဖြစ်ရင် ကျန်တဲ့ အစီအရင်တွေက ထိန်းသွားလိမ့်မယ်။ ရိုက်မယ့်ငုတ်တွေကို တရော်ကင်ပွန်းနဲ့ ဆေးပြီး မြေကို ညီအောင် ညှိပြီးရိုက်ပါ။

ကိုင်း ကန်တော့ပွဲပြင်ရဦးမယ်...

ကန်တော့ပွဲမှာ ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျော၊ ရွှေနီငှက်ပျော ကြိုက်ရာ တင်နိုင်တယ်။ ငှက်ပျောက (၃)ဖီး၊ ဘွမ်းရှစ်ရာ၊ လက်ဖက်ရှစ်ပွဲ၊ ပန်းရှစ်ခိုင်၊ ဆီမီးရှစ်တိုင်၊ အမွှေးတိုင်ရှစ်တိုင်၊ မုန့်ငါးမျိုး၊ သစ်သီးငါးမျိုး၊ ရေက တစ်ခွက်သားဖြစ်ဖြစ်၊ တစ်ဖန်ချိုင့် ဖြစ်ဖြစ် တင်ရတယ်။

အကောင်းဆုံး အစီအရင်က ဝိဇ္ဇာပုံ (၄)ပုံပန်းချီဖြစ်စေ၊ ရုပ်တုဖြစ်စေ ထားရတယ်။ ရုပ်ပုံတွေမှာ...

၁။ **တစ်ပုံက** ဝိဇ္ဇာအဝတ်နဲ့ သန်လျက်ကို ဘယ်လက်နဲ့ ထမ်းဟန်၊ ညာလက်က ဓာတ်လုံးကိုင်ဟန်၊

၂။ **တစ်ပုံက** ဝိဇ္ဇာအဝတ်နဲ့ ဆေးကြိမ်လုံးကို ဘယ်လက်နဲ့ ကိုင်ဟန်၊ ညာလက်မှာ ဓာတ်လုံးကိုင်ပြီး ဆေးလွယ်အိတ် လွယ်ထားပုံ၊

၃။ **နောက်တစ်ပုံက** ကျောက်ပျဉ်မှာ ဆေးကြိတ်နေတဲ့ ဝိဇ္ဇာပုံ၊

၄။ **နောက်တစ်ပုံက** တောင်ဝှေး ကိုင်ဆောင်တဲ့ ရသေ့ပုံ ဖြစ်တယ်။

**ရုပ်(၉)ပါးမှာ သံဓာတ်ကို ပြီးမြောက်စေတဲ့** သန်လျက်နဲ့ ဝိဇ္ဇာပုံကို အနောက်အရပ်မှာ ထားရမယ်။

**ရွှေနဲ့ဒန်ကို စီရင် ပြီးမြောက်စေတဲ့ ရသေ့ပုံကို** အရှေ့အရပ်မှာ ထားရမယ်။



**ဘော်ဘင်နာကို ပြီးမြောက်စေဖို့အတွက်** ဆေးကြိတ်နေတဲ့ ဝိဇ္ဇာကို တောင်အရပ်မှာ ထားရမယ်။

**ပြဒါး၊ သွပ်၊ ဂျတ်ကို စီရင်နိုင်ဖို့အတွက်** ဆေးကြိမ်လုံး ဆေးလွယ်အိတ်နဲ့ ဝိဇ္ဇာပုံကို မြောက်အရပ်မှာ ထားရမယ်။

အဲဒီလို ဖိုခန်းထဲမှာထားရှိပြီး ဖိုခန်းရဲ့ ခေါင်းရင်းဘက်မှာ ကန်တော့ပွဲတင်ဖို့ စင်တစ်ခု ရိုက်ထားရတယ်။

ဖိုခန်း ဆောက်ပြီးသွားလို့ ဖိုခွင်တည်တော့မယ်ဆိုရင် ညဉ့်ဦးယံထဲ က ကန်တော့ပွဲ တင်ရတယ်။

ကန်တော့ပွဲကို တင်တဲ့အခါမှာ ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘ အားလုံးကို ကန်တော့ပြီး သီလငါးပါးခံယူ၊ ဝိဇ္ဇာဇော်ဂျီအပေါင်းနဲ့ မိမိနဲ့ သက်ဆိုင်တဲ့ ဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီးတွေကို ပင့်ဖိတ်၊ ဖိုခွင်တည်ရန် ခွင့်ပြုတော်မူကြပါလို့ လျှောက်ရတယ်။

အဲဒီအချိန်မှာ ဆန်ကို ပန်းကန်ပြားထဲမှာ ပေါက်ပေါက် လက်ရှစ်ဆုပ်နဲ့ ရောမွှေပြီး မန်းရတယ်။

"ဉုံ အိမ်ပြုံ အိမ်ဖြူ အိမ်ဟားပြုတ် ဖွာဖွဲ့ သွားဟုန် သွားဟယျကပ်"

လို့ (၃)ကြိမ် ရွတ်ပြီး ဖိုခန်းအတွင်း ဆန်မန်းပေါက်ပေါက် ပက်ရတယ်။

ပြီးရင် ဖိုခန်းခေါင်းရင်းဘက်မှာ လက်ဝဲ,လက်ယာနှစ်ဖက်၊ ထောင့်နှစ်ထောင့်မှာ ဖယောင်းတိုင်တစ်တိုင်စီ တစ်ပြိုက်နက်တည်း ထွန်းညှိပူဇော်ရတယ်။

နှုတ်က ရွတ်ဆို အဓိဋ္ဌာန်ရတယ်။ ဖိုခွင်တည်ထားရမယ့်ဘက်မှ မီး အရင်ငြိမ်းပါစေလို့ ဆိုရတယ်။ မီးငြိမ်းတာ စောင့်ကြည့်နေစဉ်မှာ လေတိုက်လို့ပဲ ငြိမ်းငြိမ်း အရင်ငြိမ်းတဲ့ ဘက်မှာ မီးဖိုကို ထားရမယ်။

မီးငြိမ်းတဲ့ဘက်ကို သိရပြီး မီးဖိုထားမယ့်အခါမှာ . ရောက်ဆဲလမှာ နဂါး လှည့် ဘယ်ဘက်လှည့်သလဲ ကြည့်ပြီး အရှေ့နဲ့အနောက်ကို လှည့်ရင် တောင်မြောက်တန်းပြီး ဖိုကိုထား၊ တောင်နဲ့ မြောက်နဂါးလှည့်ရင် အရှေ့နဲ့ အနောက်တန်းပြီး ဖိုကိုထားရမယ်။

အဲဒီညမှာ ဖိုကို ထားသိုပြီးတာနဲ့ မနက်ဖြန်မနက်မှာ မွန်းမလွဲခင် ကန်တော့ပွဲမှာ မုန့်ငါးမျိုး၊ ပန်းငါးမျိုး ထပ်မံတင်။ ဆီမီးရှစ်တိုင်၊ အမွှေးတိုင် ရှစ်တိုင်ထွန်း နှမ်းဆီ လက်ဖက်ရည် ပန်းကန်နဲ့ ရှစ်ပန်းကန်တင် ထမင်း တစ်ပန်းကန်ကို ထမင်းဆုပ်(၇)ဆုပ် လုပ်ထည့်ပြီး ဝိဇ္ဇာဇော်ဂျီများအတွက်လို့ လှူရတယ်။

မလှူခင် မန်းရတယ်။ ပန်းကန်ကို ကိုင်ပြီး...

"ဗုဒ္ဓေါသုရိယ ဒီပေါစ အနမတ္တရာ အဟံ သာမိ ဉုံရုဏ္ဏရက္ခာ မဟာမုနိ"

လို့ (၇)ကြိမ်မန်းပြီး လှူထားပါ။

အဲဒီ ဖိုရုံဆောက်ပြီး ဖိုခွင်တည်တဲ့ နေ့ကြီးဟာ ထူးခြားတဲ့ အစီအရင်ပြုလုပ်တဲ့နေ့ ဖြစ်တဲ့အတွက် ဇော်ဂျီဖိုဝင်သား စားရဖို့ အခွင့်ကြုံလာပြီဖြစ်တယ်။

ဇော်ဂျီဖိုဝင်သားကို အဲဒီဖိုခန်း အတွင်းမှာ တစ်ခါတည်း ပြုလုပ်စီရင်ရတယ်။ ဂျုံမှုန့်ကို သကြား၊ ပဲမှုန့်၊ နို့ပို ဖြစ်အောင် ရေနွေးနဲ့ နှဲပြီး ဇော်ဂျီရုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

တောင်ငှေးထမ်းနေဟန် ပြုလုပ်ရတယ်။

ဖော်ဂျီမှာ အင်္ဂါစုံပါ,ပါစေ။ အပေါ်က ဂျုံနဲ့ အဝတ်အစားသဏ္ဍာန် ဖုံးအုပ်ဝတ်ဆင်ပြီး ပန်းကန်ပြားထဲမှာ ထည့်ထားရမယ်။

အဲဒီအချိန်မှာ ရေသန့်သန့်ကို ရေဖလားကြီးကြီးထဲမှာ ထည့်ပြီး မန်းရမယ်။ ပထမဦးဆုံး...

'ဉုံ...ဗုဒ္ဓကာရော ဓမ္မောကာယံ၊
ဉုံ...ဓမ္မကာရော သံဃောကာယံ၊
ဉုံ...သံဃကာရော ဗုဒ္ဓေါကာယံ'

လို့ သုံးကြိမ်ရွတ်ပြီး ရေကို အတွင်းစည်းအဖြစ် မီးဖိုပတ်လည် တစ်ထပ်လောင်းမယ်။ လက်ယာရစ်လှည့်ပြီး လောင်း...

**ဒုတိယစည်း တစ်ထပ်အတွက်** အဲဒီရေကို...

'ဉုံ...ဗုဒ္ဓေါမေ ဓမ္မပါကာရံ၊ ,
ဉုံ...ဓမ္မောမေ သံဃပါကာရံ၊
ဉုံ...သံဃောမေ ဗုဒ္ဓပါကာရံ'

လို့ သုံးကြိမ်ရွတ်ဖတ် မန်းပြီး လက်ယာရစ်တစ်ပတ်ထပ်မံပြီး လောင်း...

နောက် **တတိယစည်းအတွက်** ရေကို မန်းရမှာက...

'ဉုံ...နမောမေ ဗုဒ္ဓပါကာရံ၊
ဉုံ...နမောမေ ဓမ္မပါကာရံ၊
ဉုံ...နမောမေ သံဃာပါကာရံ'

လို့ မန်းပြီး လက်ယာရစ်လှည့်ပြီး အပြင်ဘက်ဆုံးစည်းအဖြစ် လောင်းပြီး သွားရမယ်။

အဲဒီလို စည်းသုံးတန်ချပြီးကာမှ ဆိုရင် ဖိုခန်းအတွင်းကို ဝင်မိသူ အပြင်မထွက်စေရဘူး။ ထွက်မိသူ မဝင်စေရဘူး။

စကားပြောရင် မကောင်းစကား မဆိုရဘူး။ ဖိုထဲကို သနပ်ခါး၊စ၊ နံ့သာဖြူစနဲ့ မီးမွှေးပြီး ဒယ်အိုးအသစ်ကို



ဖိုခွင်ပေါ် တင်လှူထားတဲ့ ဆီရှစ်ခွက်ကို ထည့် ဖော်ဂျီရုပ်ပုံကိုယူ။ **"အသင်ဖော်ဂျီတို့ ဖိုဝင်ပါလော့"**လို့ ပြောပြီး ဆီထဲကို အသာလေးထည့်။

ဖော်ဂျီရုပ်ပုံ မှန့်ကျက်ပြီဆိုရင် ဒယ်အိုးကို ဖိုခွင်ပေါ်ကချပြီး အေးအောင် စောင့်နေပါ။ အဲဒီဆီတွေ အေးအောင် စောင့်နေချိန်မှာ မေတ္တာပွားများနေရတယ်။

အေးပြီဆိုတော့မှ ပန်းကန်ပြားထဲ ထည့်ပြီး **"ဖော်ဂျီဖိုဝင်သား စားခွင့်ပြုပါ"**လို့ ထပ်မံပြောဆိုပြီး လှူထားတဲ့ ထမင်း(၇)ဆုပ်နဲ့ ရောပြီး စားရတယ်။ စားမယ်ဆိုရင် ဒီဂါထာနဲ့ မန်းပြီးမှ စားရမယ်။

"ဒေဝန္တေ ဒေဝ သံဃယော အဏ္ဏဝရ
ဘုဋ္ဌာဟိ သဗ္ဗကိစ္စံ အဟံ အစိန္တိယန္တု"
လို့ ရွတ်ရတယ်။

ဖော်ဂျီဖိုဝင်သားလဲစားပြီး။ သစ်သီးငါးမျိုး။ မုန့်ငါးမျိုးလဲစားပြီးရင် မိမိတည်လိုတဲ့ ဓာတ်တစ်ခုကို မီးမွှေးပြီးသား ဖိုထဲမှာ လုံတစ်လုံ တစ်မီးခန့်ထည့်ပြီး ထိုးရတယ်။

အဲဒီဖိုခန်းထဲမှာ ဝင်မယ့်သူတွေဟာ ခေါင်းလျှော်၊ ရေချိုး၊ အမွှေးနံ့သာ လိမ်းကျံပြီး အဝတ်အစား သန့်ပြန့်စွာ ဝတ်ပြီး ပခုံးပေါ် တဘက်တင်ပြီးမှ စီရင်ဆောင်ရွက်ကြရတယ်။

အခု ဒကာကြီးဟာ အောင်မြင်မယ့် ကံဇာတာ ပါလာပြီး ဖိုရှုံဖိုခွင် မဆောက်

တတ် မတည်တတ်လို့ ဝိဇ္ဇာဆ...
အပေါင်းက မရှိသေးရကောင်းလား...
ပြန်မကြည့်တာလဲ ရှိချင်ရှိမယ်။

အဖျက်ဓာတ်တွေ ဝင်လို့ မအော...
တာလဲ ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်...
ရှေးရှေးက ဆရာရသေ့တွေဟ...
လောကီကောင်းကျိုး ချမ်းသာစေ...
စေတနာကောင်းနဲ့ထားခဲ့တာ။ ငါ...
လက်တွေ့ခံစားခဲ့ရပြီး ဒကာကြီး...
ဒီအတိုင်းလုပ်ပါ။

လုပ်ထုံးလုပ်နည်း နားမလည်...
ဘယ်ကိစ္စမှ မအောင်မြင်ဘူး။ ဝိဇ္ဇာ...
သောင်း ဆရာအပေါင်းရဲ့နည်းကို အ...
လို အကျဉ်းချုပ်ပြီး ပေးခဲ့တဲ့ ပုဂ္ဂိုလ်...
ထွက်ရပ် အောင်မြင်သွားခဲ့ပါပြီ။ ကို...
ဒကာကြီး ဆွမ်းချိန်မီသေးတယ်။ ပြ...
ကြွတော့မယ်'

ဟု ပြောသည့်အတွက် အိမ်ရှ...
ဆွမ်းစားရန် လျှောက်သော်လည်း...
"သည်းခံပါ"ဟု ပြောကာ ထွက်...
သွားတော့သည်။

စာရေးသူသည် ထိုရဟန်းတော်...
ပြောသည့်အတိုင်း ကျနသေချာစွာ ဖို...
ဆောက်၍ ဖိုခွင်တည်သည့်အခါတွ...
အောင်မြင်ခဲ့ရပေတော့သည်။

ထို့အတွက်ကြောင့် နက္ခတ္တရော...
ခြည်မဂ္ဂဇင်း၏ စာဖတ်ပရိသတ်ကြီး...
များမှ အဂ္ဂိရတ်ဝါသနာရှင်များ အော...
မြင်စေလိုကြောင်း နည်းကောင်းတစ်...
ကို ဖော်ပြလိုက်ရပေတော့သည်။

**[ထူးခြားသော ဖော်ဂျီဖိုဝင်သာ... စားပုံနှင့် ဖိုရုံဆောက်ပုံ၊ ဖိုခွင်တည်... ပုံ၊ ကျင့်ဝတ်ဆောက်တည်ပုံတို့အ... လမ်းညွှန်ခဲ့သော ဆရာအရှင်အ... ကန်တော့ပါ၏။]**

ရွှေကုဋေ (သီရိခေတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com




# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ

(၁၈)

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)







ယခင်လမှ အဆက်

### ကျိုသင် သိုင်းပွဲ

ကျွန်တော်၏ သိုင်းသမားဘဝ အတွေ့အကြုံများတွင် တည်တည်ခံ့ခံ့ အဖြစ်အပျက်များနှင့် တွေ့ကြုံခဲ့ရသလို ဟာသဆန်သော အဖြစ်အပျက်များ နှင့်လည်း တွေ့ကြုံခဲ့ရပါသည်။ ကြောက်လန့်ထိတ်ရွံ့စရာ အဖြစ်အပျက်များ၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ အဖြစ်အပျက်များ၊ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်များ၊ ရဲသွေးရဲမာန် တက်ကြွစေသော အဖြစ်အပျက်များ၊ သနားကရုဏာ သက်စေသော အဖြစ်အပျက်များကိုလည်း တွေ့ကြုံခဲ့ဖူးပါသည်။

ထိုသို့သော ဘဝအတွေ့အကြုံများ ထဲမှ ဟာသဆန်သော ရယ်ရွှင်ဖွယ်ရာ ကိစ္စတချို့ကို တင်ပြလိုပါသည်။ ဟာသဆန်သည်ဟု ဆိုရသော်လည်း မူလက အတည်အခံ့ကိစ္စသာ ဖြစ်ပါသည်။

ဟာသဖြစ်စေရန် ကြိုတင်စီစဉ်ထားခြင်း မဟုတ်ဘဲ၊ မမျှော်လင့်ဘဲ အတည်အခံ့မှ ဟာသဘက်သို့ ရုတ်တရက် ကူးပြောင်းသွားခြင်းသာ ဖြစ်ပါသည်။ သုတ၊ ရသ အစုံအလင် ခံစားရရှိနိုင်စေရန် အလျဉ်းသင့်သလို တင်ပြသွားမည် ဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၇၄ ခုနှစ် တစ်ဝိုက် **မော်လမြိုင်ကျွန်းမြို့ ကန္တာရကျောင်းဆရာတော် ဦးကောသည္တ (ဆရာတော် ဦးကောဟု ကျော်စောပါသည်။)၏**ကျောင်းတွင် သိုင်းသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ဖူးပါသည်။

ဆရာတော် ဦးကောသည် ဆရာကြီး ဓားတစ်လက် ဦးနေဝင်း၏ တပည့်ကြီး သုံးဆယ်တွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ဆရာကြီး ဓားတစ်လက် ဦးနေဝင်း၏ **'ဓားတစ်လက်သိုင်းဝိုင်းထွက်ပညာ'**ကို အမွေ ဆက်ခံထားသူ ကျွန်တော်(မင်းယက္ခ)အား ဆရာတော် ဦးကောက ဓားတစ်လက်သိုင်းဝိုင်းထွက်ပညာကို သင်ကြားပေးရန် မော်လမြိုင်ကျွန်းသို့ ဖိတ်ကြားခဲ့ပါသည်။

ဆရာတော်၏ ကန္တာရကျောင်းတွင် ဓားတစ်လက်သိုင်း ဝိုင်းထွက်ပညာ သာမက ဆရာကြီး ဦးပြည်သိမ်း၏ ပညာရပ်များ၊ ဆရာကြီး ဦးသန်းတင်၏ ပညာရပ်များ၊ ဆရာကြီး စိုင်းခင်သောင်းနိုင်၏ ပညာရပ်များကိုပါ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ဆရာတော် ဦးကော၏ ကန္တာရကျောင်းတွင်သာမက မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆရာတော် ဦးကောနှင့် ထိုစဉ်က **မော်လမြိုင်ကျွန်းမြို့နယ်၊ ရဲတပ်ဖွဲ့ စခန်းမှူး ကော်ကို(လက်ရှိလောကတွင် အာရှကော်ကိုဟု နာမည်ကျော်သူ လက်ဝှေ့ချန်ပီယံ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး ဌာနချုပ်(ဗ-လ-စ) သိုင်းသင်တန်း ဆရာကြီး ဦးပြည်သိမ်း၊ ဆရာကြီး ဦးချစ်သန်းတို့၏ ညွှန်ကြားမှု အောက်တွင် အတူတကွ သိုင်းသင် ယူလာသူ]တို့၏** ကျေးဇူးကြောင့် သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကျေးဇူး တင်ထိုက်သူများထဲတွင် စာရေးသူအား မော်လမြိုင်ကျွန်း ကန္တာရကျောင်းဆရာတော် ဦးကောထံသို့ ခေါ်ဆောင်သွားခဲ့သော ကွဲတေးမြို့



www.burmeseclassic.com

www.burmeseclassic.com

လူငယ်ရေ့ဆောင်သိုင်းအဖွဲ့ ပင်မဦးစီး ဆရာကြီး ဦးငွေသိန်းမှစ၍ ထိုစဉ်က ရှောက်ချောင်းကျေးရွာအုပ်စု ကောင်စီဥက္ကဋ္ဌ ဦးတိန်ရင်နှင့် ဝဲချောင်းကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင် ဦးခင်တို့၏ ကျေးဇူးတရားကိုလည်း မေ့ထား၍ မရပါ။

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း သိုင်းသင်တန်းများ သွားရောက်ပို့ချလေ့ ရှိပါသည်။

ထိုနှစ်... ထိုတစ်နှစ်...

မော်လမြိုင်ကျွန်းမြို့နယ်၊ ကျုံသင်ကျေးရွာတွင် ဆရာတော် ဦးကောကြီးမှူးသော သိုင်းသင်တန်းဆင်းပွဲတစ်ရပ် ရှိခဲ့ပါသည်။ အဆိုပါ သိုင်းသင်တန်းဆင်းပွဲတွင် ဆရာတော် ဦးကော၏ တပည့်များနှင့် စာရေးသူ လေ့ကျင့် သင်ကြားပေးထားသော ဆရာတော် ဦးကော၏ တပည့်များ ပူးပေါင်း၍ သင်တန်းဆင်း သိုင်းသရုပ်ပြပွဲတစ်ရပ် ကျင်းပရန် အစီအစဉ် ရှိပါသည်။

ထို့ကြောင့် စာရေးသူကလည်း ဓားသိုင်း၊ တုတ်သိုင်း၊ လှံရှည်သိုင်း၊ ဓားတစ်လက်သိုင်း ဗိုင်းထွက်ပညာရပ်တို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိပါသည်။ ထိုပွဲတွင် စာရေးသူ (မင်းယက္ခ)နှင့် တပည့်ဖြစ်သူ ဆရာထွေးသောင်းတို့၏ ခွမ့်ဟော့ကပ်နှင့် လှံရှည်တိုက်ကွက်ကိုပါ ထည့်သွင်းပြသမည် ဖြစ်ပါသည်။

**"ခွမ့်ဟော့ကပ်"** ဆိုသည်မှာ တုတ်တိုနှစ်ချောင်း (သို့မဟုတ်) တုတ်တိုတစ်ချောင်း၊ လှံတိုတစ်ချောင်းကို သံကြိုးကွင်း (သို့မဟုတ်) မြင်းမြီး (သို့မဟုတ်) နွားသားရေကြိုးဖြင့် ဆက်ထားသော ပလောင်တိုင်းရင်းသားတို့၏ လက်နက်တစ်ခု ဖြစ်ပါသည်။

ပလောင်ရိုးရာ ကြိုးဆက်တုတ်သိုင်းဟု စာရေးသူက အမည်ပေးခဲ့ဖူးပါသည်။ တုတ်တိုနှစ်ချောင်းကို ကြိုးဖြင့် ဆက်ထားသောကြောင့် ရုတ်တရက်ကြည့်လျှင် တရုတ်လက်နက် နံချပ်ကူ (နှစ်ချောင်းဆက်တုတ်)ဟု ထင်စရာ ရှိပါသည်။

သို့သော် **ခွမ့်ဟော့ကပ်နှင့် နံချပ်ကူ**တို့မှာ အရွယ်အစားများ ကွာခြားသလို နည်းစနစ်လည်း ကွာခြားပါသည်။ ထို့ပြင် **ခွမ့်ဟော့ကပ်** တုတ်တိုတစ်ချောင်း၏ ထိပ်တွင် လှံသွား တပ်ထားပါသည်။


ထို့ကြောင့် ခွမ့်ဟော့ကပ်ကို တုတ်သဖွယ်၊ ဓားနှစ်လက်သဖွယ်၊ လှံသဖွယ် အမျိုးမျိုး ကစားနိုင်ပါသည်။ ခွမ့်ဟော့ကပ်တစ်ချောင်းကို ပြုလုပ်ပုံမှာ ကိုင်ဆောင်သူ၏ တောင်ဆုပ်ခန့်ရှိ တစ်ကျပ်လုံးအရွယ် တုတ်တိုနှစ်ချောင်းကို တုတ်တိုတစ်ချောင်းအရှည်ရှိ သံကြိုးကွင်း (သို့မဟုတ်) နွားသားရေကြိုးဖြင့် ဆက်သွယ်ပါ။

ကြိုး၏ တစ်ဝက်တွင် သံကွင်းတစ်ခု တပ်ဆင်၍ ထိုသံကွင်းတွင် နိုင်လွန်ကြိုး (သို့မဟုတ်) နွားသားရေကြိုးကို ချည်ပါ။ တုတ်နှစ်ချောင်းကို စုကိုင်လိုက်လျှင် ကြာပွတ်ဖြစ်သွားပါသည်။ ခွမ့်ဟော့ကပ် တုတ်ချောင်း၏ တစ်ဖက်ထိပ်တွင် လှံသွား တပ်ဆင်ရပါသည်။

လေ့ကျင့်ခါစတွင် လှံသွား မတပ်ဘဲ လေ့ကျင့်ရပါသည်။ ကျွမ်းကျင်လာလျှင် လှံသွားတစ်ချောင်း တပ်ဆင်ကစားခွင့် ရပါသည်။ ဆရာဆင့် ရရှိသွားပါက လှံသွားနှစ်ချောင်းတပ်ကစားခွင့် ရပါသည်။

ခွမ့်ဟော့ကပ် တစ်ချောင်း(တစ်စုံ)ကို တတ်မြောက်ကျွမ်းကျင်လျှင် ခွမ့်ဟော့ကပ် နှစ်ချောင်း(နှစ်စုံ)ကို ကစားခွင့် ရပါသည်။

ခွမ့်ဟော့ကပ် နှစ်ချောင်း(နှစ်စုံ)ကို ကျွမ်းကျင်လျှင် ခွမ့်ဟော့ကပ်သုံးချောင်း(သုံးစုံ)ကို ကစားခွင့် ပြုပါသည်။ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့သိုင်းပညာစဉ် ပြပွဲကြီးတွင် ဆရာကြီးစိုင်းခင်သောင်းနိုင်၏တပည့် ရှမ်းပြည်နယ်တောင်ပိုင်းမှ နန်းယဉ်မေအေးက ခွမ့်ဟော့ကပ်နှစ်ချောင်းကို မျက်စိတွင် အဝတ်စည်း၍ ကစားပြခဲ့ပါသေးသည်။



ခွမ့်ဟော့ကပ်(ပလောင်ရိုးရာကြိုးဆက်တုတ်သိုင်း)

* * *

**[စာရေးသူအား ခွမ့်ဟော့ကပ်ပညာကို အခြေခံမှ ဆရာဖြစ်အဆင့်ထိ သင်ကြားပေးခဲ့သူမှာ ယ (တအန်း လိုင်းမွန်းသိုင်းပင်အဖွဲ့ကြီး၏) ပင်မဦးစီးဆရာကြီး စိုင်းခင်**



www.burmeseclassic.com

www.burmeseclassic.com

သောင်းနိုင် ဖြစ်ပါသည်။

တစ်ချိန်က စိုင်းခင်သောင်းနိုင်သည် စာရေးသူ၏ တိုက်ပွဲဝင်သိုင်းသင်တန်းတွင် ညီအစ်ကိုအရင်းသဖွယ် အတူတကွ နေထိုင်ရင်းလောင်ရှိးရာ သိုင်းပညာရပ်များကို သင်ကြားပေးခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီး စိုင်းခင်သောင်းနိုင်သည် ယခုအခါ လင်းခေးခရိုင် မိုးနဲမြို့တွင် နေထိုင်လျက် ရှိပါသည်။ *စကားချပ်*]


ဆရာတော် ဦးကောတွင် တပည့်များစွာ ရှိသော်လည်း ဘယ်လက်ရုံး၊ ညာလက်ရုံးသဖွယ် အားကိုးရသော ဒါရင့်တပည့်ကြီးနှစ်ဦးမှာ ဆရာ ဦးတင်ညွန့်နှင့် ဆရာ ဦးချစ်တင်တို့ ဖြစ်ကြပါသည်။

ဆရာတော် ဦးကောသည် သူ့ကျောင်းတွင် သိုင်းတပည့်များကို (၅) နှစ် ပညာသင်စေပါသည်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ ကျောင်းပညာရေးတို့ကို တာဝန်ယူပါသည်။

ထို (၅)နှစ်တာကာလအတွင်း အိမ်ထောင်မပြုရပါ။ ဆရာတော်သည် မြန်မာ့သိုင်းပညာ ပြန့်ပွားတိုးတက်ရေးအတွက် ဤသို့ ထောက်ပံ့ကူညီခဲ့ပါသည်။

ထိုစဉ်က ဆရာ ဦးတင်ညွန့်သည် ငယ်လှည့်ပြီး သိုင်းပညာ သင်နေသောကြောင့် သက်ကြီးဝါကြီး တပည့်ထဲမှ ဆရာ ဦးချစ်တင်သာ ကျန်ရှိပါသည်။ ကျန်တပည့်များ၊ လက်ထောက်ဆရာများမှာ ကျောင်းသားအရွယ်မျှသာ ရှိကြပါသေးသည်။

ဆရာ ဦးချစ်တင်မှာ ကန္တာရကျောင်းအနီးတွင် နေထိုင်၍ ပန်းပဲအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းပါသည်။



မော်လမြိုင်ကျွန်းတွင် နာမည်ကျော် ပန်းပဲဆရာကြီး ဖြစ်ပါသည်။

ဆရာဦးချစ်တင် အမှူးပြုသော ဆရာတော် ဦးကော၏ ဆရာဖြစ်ပြီးသော တပည့်များသည် စာရေးသူ၏ ဓားတစ်လက်သိုင်း ဗိုင်းထွက်ပညာ သင်တန်းနှင့် ဆရာကြီး ဦးပြည်သိမ်း၏မူဖြစ်သော ဓားနှစ်လက်သိုင်း သင်တန်းနှင့် တုတ်ရှည်သင်တန်းကိုလည်း တက်ကြရပါသေးသည်။

ဆရာ ဦးချစ်တင်က ခွမ့်ဟော့ကာပ်နှင့် လုံ့ရှည်တိုက်ကွက်တွင် ဝင်ရောက်ကစားချင်သည်။ ထို့ကြောင့် စာရေးသူအား...

'ဆရာ ကျွန်တော့်မှာ ဆရာ့ကို ပြောချင်တာတစ်ခု ရှိတယ်။ အဲဒါ ပြောရင် ကောင်းမလား၊ မပြောရင် ကောင်းမလားဆိုပြီး ဝေခွဲမရ ဖြစ်နေတာ။ ဆရာက ပြောခွင့်ပြုရင်တော့ ပြောချင်တယ် ဆရာရယ်'

ဟု မဝံ့မရဲ တင်ပြလာပါသည်။ စာရေးသူကလည်း ဆရာချစ်တင် ပြောရဆိုရ ခက်နေသည်ကို ရိပ်မိ၍ အားပေးသည့်အနေဖြင့်...

'ပြောစရာရှိရင် ပြောပါ ကိုချစ်တင်ရယ်၊ ခွင့်ပန်နေစရာ မလိုပါဘူး။ ခင်ဗျား ပြောချင်တာကို ပွင့်ပွင့်လင်းလင်းသာပြောပါ။ ကဲ ပြော ကျွန်တော် ပြောခွင့်ပေးပါတယ်'

ဟု အားပေးစကား ပြောလိုက်ရာ ဆရာ ဦးချစ်တင်က...

'ဒီလိုပါဆရာ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဆရာကစားနေတဲ့ ခွမ့်ဟော့ကာပ်ကို ကစားတတ်ချင်တယ်၊ နောက်ပြီး အခု ကျုံသင်မှာ ပြမယ့်ပွဲမှာ ကျွန်တော်က ဆရာ့နေရာမှာနေပြီး ခွမ့်ဟော့ကာပ်နဲ့ လုံ့ရှည်သမားကို ယှဉ်တိုက်ပြချင်တယ်။

အဲဒါ ဆရာက ကစားခွင့်ပြုမယ်ဆိုရင် ကျွန်တော် ကစားချင်ပါတယ် ဆရာ၊ ကျွန်တော့်ကို ကစားခွင့်ပေးပါလို့ ပြောချင်တာပါဆရာ။ ဆရာက ခွင့်မပြုရင်လဲ ကျွန်တော် မကစားပါဘူး'

ဟူ၍ သူ၏ ရင်တွင်းဆန္ဒကို မဝံ့မရဲ တင်ပြလာပါသည်။ ကျွန်တော် ခွင့်မပြုလျှင် သူတို့ ဘာမှမလုပ်နိုင်။ ကျုံသင်ပြပွဲအတွက် ဆရာတော် ဦးကောက ကျွန်တော့်အား ကြီးကြပ်ရန် တာဝန်ပေးထားသောကြောင့်ပင် ဖြစ်သည်။

ထိုပွဲတွင် စာရေးသူက ခွမ့်ဟော့ကာပ်ကို ကျွမ်းကျင်စွာ ကစားပြပြီး လုံ့ရှည်သမားကို လှလှပပ အနိုင်ယူပြသည့် တိုက်ကွက်ကို စီစဉ်ထားသည်။ ဒီလိုပြကွက်မျိုးက ဒီနယ်တစ်ကြောတွင် မည်သူမျှ မပြဘူးသေး။ ရှားပါးသည့် အတတ်ပညာ၊ တတ်မြောက်သူ နည်းသေးသည့် အတတ်ပညာ။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com





# ငှက်ပျောနှင့် မာလကာ တွဲစိုက်ပါ

တစ်နေ့တွင် ကျွန်တော်သည် ခရောက်သည်မှာ ကြာပြီဖြစ်သော မိမိ ဇာတိကျေးရွာသို့ အလည်ရောက်ရှိ သွားပါသည်။

ရွာမှ ဘကြီးလန်းမောင် အိမ်တွင် တည်းခိုကိ တစ်ညနေတွင် ဘကြီးတို့ အိမ်နောက်ဖေးခြံထဲသို့ သွားရောက် ကြည့်ရှုမိသည်။

ခြံထဲတွင် စိုက်ထားသော မာလကာ ပင်နှင့် ငှက်ပျောပင်များကို ကြည့်ပြီး အားရကြည်နူးနေမိသည်။ ခြံက တစ်ဧကခန့်ရှိမည်။ မာလကာပင်နှင့် ငှက်ပျောပင်များကို မြောင်းပေါင် တစ်ပေါင်စီ ခြားပြီး ခွဲစိုက်ထားခြင်းဖြစ် သည်။

နွေလရာသီ ဖြစ်သော်လည်း မာလကာပင်နှင့် ငှက်ပျောပင်များမှာ စိုပြည်လန်းဆန်းလျက် ရှိနေကြသည်။ ငှက်ပျောပင်များတွင် ထွားကျိုင်းလှ သော သီးခိုင်များကို တွေ့ရသလို မာလကာပင်များမှာလည်း အသီးအပွင့် တို့နှင့် ဝေဆာလျက် ရှိနေကြသည်။

ကျွန်တော်သည် ထိုစိုက်ပျိုးထား သော ခြံကိုကြည့်ကာ စိတ်ဝင်စားခြင်း ဖြစ်ရပြီး အိမ်ပြန်ရောက်သည်နှင့် ဘကြီးလန်းမောင်ကို မေးမိသည်။

'ဘကြီး စိုက်ထားတဲ့ ငှက်ပျောနဲ့ မာလကာပင်တွေက အတော် စိုစို ပြည်ပြည် ရှိတာပဲနော်၊ အခုလို နွေ ရာသီမှာ ခြံထဲကို ရေတင်ပေးလေ့ရှိ လား'

'အေးကွ၊ နွေရာသီ ပူပြင်းချိန်မှာ တော့ နှစ်ခါလောက်တော့ မြစ်ထဲကနေ ပိုက်နဲ့ ရေလွှတ်တင်ပေးတယ်'

'ဓာတ်မြေသြဇာတွေ ကျွေးလဲ'

'ဘကြီးက ဓာတ်မြေသြဇာမှ မကျွေးဘူး။ တို့အရပ်က မြစ်ဝကျွန်းပေါ် ဒေသပဲ။ နုန်းတင်မြေနုမြေဖြစ်လို့ မြေဆီဓာတ်က ရှိပြီးသားပါ'

မှန်ပါသည်။ ဘကြီးလန်းမောင် စိုက်ထားသော အပင်များမှာ သဘာဝ အတိုင်း စိုက်ထားသည်ဖြစ်၍ ဘကြီးတို့ အိမ်က ကျွန်တော့်ကိုကျွေးသော ငှက်ပျောသီးမှည့်နှင့် မာလကာသီးများ ကို စားရသည်မှာ ချိုမြိန်လျက် အရသာ ရှိလှသည်။

'တစ်ခုတော့ ရှိတယ်ကွ ငါ့တူရ… ငှက်ပျော ပင်နဲ့ မာလကာ တွဲစိုက်မိတာ အတော် တွဲဖက်မိတယ်လို့ ပြောရမယ်။ ငှက်ပျောပင် အရွက် ဖားကြီးတွေက အရိပ်ထိုးပေးပြီး မာလကာပင်ရဲ့ နေပူဒဏ်ကိုလဲ ကာကွယ် ပေးတယ်။

နောက်ပြီး နှင်းကျချိန်မှာ ငှက်ပျောရွက်ပေါ် ကျတဲ့ နှင်းစက်တွေဟာလဲ မာလကာပင် အောက်ခြေကို ကျရောက်ပြီး မြေအစိုဓာတ် ရတယ်။ အဲဒါကြောင့် အခုလို ထူးခြား အောင်မြင်ဖြစ်ထွန်းတယ်လို့ ယူဆမိတ ကွ'

ဘကြီးလန်းမောင် ပြောပြ၍ စိုက်ပျိ ရေးနှင့် ပတ်သက်ပြီး ဗဟုသုတဖြ ရပါသည်။ ကျွန်တော်သည် ရွာမှ နေစဉ်က အသီးအပင်များ စိုက်ပျိ လုပ်ကိုင်ခဲ့ဖူးသူဖြစ်၍ ဘကြီးလန် မောင် ပြောပြသည်ကို လက်ခံယုံကြည် မိပါသည်။

ရွာမှာ (၄)ရက်ကြာမျှ နေခဲ့ပါသည် မြို့သို့ ပြန်ရောက်သည်နှင့် **မာလကာ ပင်နှင့် ငှက်ပျောပင် တွဲဖက်စိုက်ပျိ သင့်ကြောင်း**ကို အများအကျိုး ရေးသားတင်ပြလိုက်ရပါသည်။

**ကိုမောင်ကျော်ညွှန့်**
**(မအူ…)**



www.burmeseclassic.com

www.burmeseclassic.com




ပဲခူးမြို့ စမ္ပဝုဏ်ရည် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တကောသလ္လ

ဦးဇော်ခင် (တည်ဘော)

••••••••••••• ၏ လက္ခဏာတော် •••••••••••••






စမ္ပဝုဏ်ရည် ကမ္မဋ္ဌာန်းကျောင်းတိုက် မှ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဆရာတော် ဘဒ္ဒန္တကောသလ္လ


## ဘေရုပ္ပတ္တိ

ဆရာတော်သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်တလုံးရွာနေ ခမည်းတော် ဦးသိန်းမောင်၊ မယ်တော် ဒေါ်မရင်တို့က ၁၂၉၆ ခု၊ ကဆုန်လဆန်း (၁၅)ရက်နေ့ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။

၁၃၀၈ ခု၊ ကဆုန်လဆန်း (၁၅)ရက်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်တလုံးကျေးရွာ၊ ကျောက်တလုံးကျောင်း ဆရာတော် ဘဒ္ဒန္တအာသဘကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ ပြုခဲ့သည်။

၁၃၁၆ ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက် ရဟန်းအဖြစ်သို့ ရောက်ရှိပြီး ကျိမ်းရိုးပေါက် အောင်မြင်ခဲ့သည်။ ရဟန်းသာမဏေ (၃၀)ကျော်တို့အား ပရိယတ္တိစာပေများ ပို့ချပေးခဲ့သည်။ ဘုန်းတော်ကြီးသင် ပညာရေးအဖြစ်

www.burmeseclassic.com




စတုတ္ထတန်းအထိ ပညာဒါနပြု ခဲ့သည်။

မူလ ကသစ်ပိုင်နည်းဖြင့် တရားပြရာ (၃၄)နှစ်တိုင်ခဲ့ပါပြီ။ အချိန်ပိုင်းယောဂီ (၃၀၀)၊ အချိန်ပြည့်ယောဂီ (၁၈၀)တို့ကို တရားပြသပြီး သာသနာပြုလျက် ရှိပါသည်။

## လက္ခဏာတော် လေ့လာချက်

❒ သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ပြီး အားကောင်းပါတယ်။ **(က)**

ဒါကတော့ ကျန်းမာရေးကောင်းခြင်းနဲ့ မွေးရပ်မြေမှာ အကျိုးကျေးဇူး မများကြောင်းရဲ့ ပြယုဂ်ပါ။ ဒါ့ပြင် ကြည်ညိုသူ ပေါ်စေခြင်း၊ စားသောက်စရာ ပေါ်များစေခြင်း၊ ကူညီထောက်ပံ့သူ များပြားစေခြင်းရဲ့ သင်္ကေတ ဖြစ်ပါတယ်။

❒ ဘယ်,ညာတွင် **ဖေယျထီးရိုး** တွေ ပါတယ်။ **(ခ)**

ဒါကတော့ ရည်ရွယ်ချက် ကြီးမားခြင်း ပြယုဂ်ပါ။ ကြီးမြင့်လိုတဲ့ စိတ်သဘော သင်္ကေတပါ။ သို့သေ ဖေယျ ထီးရိုးသည် ကွေးညွှတ် နေ အတွက် ရည်ရွယ်သ မဖြစ်တဲ့ မရည်ရွယ်သ က အဖြစ်များတတ် တယ်။

❒ ဘယ်,ညာ လက် အားကောင်းပါတယ်။ (ဂ)

ဒါကတော့ စိတ်ဓာတ်ကြံ့ခိုင် နဲ့ ရဲဝံ့ခြင်းရဲ့ ပြယုဂ်ပါ။

❒ ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ခေါင် **လိုက်မျဉ်း** ပါ,ပါတယ်။ **(ဃ)**

ဒါကတော့ တရားဟော ကောင်းခြင်း။ စာအသင်အ ကောင်းခြင်း သင်္ကေတပါ။

❒ အသက် လမ်းပေါ်မှာ **တြိဂံ**အုပ်ထားတယ်။ (င)

ဒါကတော့ အအေးမတ် ဖွဲ့တဲ့ဝေဒနာ ခံစားရတတ်တယ် အအေး မခံနိုင်ပါဘူး။

❒ ဘယ်,ညာ ဉာဏ်လမ်းသည် တနင်္လာဂြိုဟ်ခုံဆီသို့ ကွေးညွှတ်ပြီး ဆင်းသွားတယ်။ **(စ)**

ဒါကတော့ အတွေးကောင်းခြင်း၊ စိတ် ကြံစည်မှုများခြင်းကို ဖြစ်စေပါမယ်။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ***

**ဦးသော်ခင် (ဟင်္သာတ)**



www.burmeseclassic.com

www.burmeseclassic.com

**"သုံးတတ်လျှင် နတ်ဆေး၊ မသုံး** **တတ်လျှင် သေဆေး"**ဆိုသကဲ့သို့ အထူးသတိပြု ဆင်ခြင်၍ သုံးရသော ဆေးမျိုးဖြစ်သည်။

ရှောင်ဆေးသည် ဓာတ်ဆေး အမျိုး အစားဖြစ်၍ ဆေးပညာ၊ ဓာတ်ပညာ၊ ရောဂါဗေဒပညာတို့ကို ကျွမ်းကျင် ားလည်သော ပညာရှင်များသုံးလျှင် တ်ဆေးတမျှ အစွမ်းထက်၍ သိ ယောင်ကား၊ တတ်ယောင်ကား ကြားဖူးနားဝ ပညာသင် ဝါသနာရှင် များ အသုံးမပြုအပ်ပေ။

ဝေဒနာရှင်များအတွက် လွန်စွာ ဆေးကြောင့် လေးရမည်ကိန်း ဆိုက် ပေသည်။ ရှောင်ဆေးကို ကိုင်တွယ် သော ဆရာသည် မိမိ၏ ကျွမ်းကျင်မှု အဆင့်အတန်းကို သေချာ သုံးသပ်ပြီးမှ ရှောင်ဆေးကို အသုံးပြု ဟု အထူး ပန်ကြားလိုပါသည်။

**ဂါထာပေး တေးဖြစ် ဆိုသကဲ့သို့** **ခွင်း၊ စာစောင်များ အလျှံပယ်** **ါများစွာ ထွက်ရှိနေသော ယနေ့** **ယာခေတ်မှာ နက်နဲခက်ခဲသော** **ညာရပ်ပိုင်းဆိုင်ရာ နည်းနာများကို** **နည်းငယ် ကြားဖူးနာဝ သိရုံမျှနှင့်** **တ်တည့်စမ်း ကလောင်သွေးနေ** **ကြသော ဆရာ့ဆရာများ သတိပြု** **ချင်ပါသည်။**

မိမိ ရေးသားလိုက်သော အကြောင်း ရာ ပညာရပ်တွင် မည်သည့်အတိုင်း ာအထိ ကျွမ်းကျင်တတ်မြောက်ပါ သည်။

မိမိတင်ပြသော အကြောင်းအရာ ညာရပ်အပေါ်မှာ အတိမ်အနက် များအမှန်ကို ဆင်ခြင်ထောက်ရှုနိုင်မှ လျှင် လူအများကို ရေးသားတင်ပြ သင့်ပါသည်။

ဤသို့ ပန်ကြားတောင်းပန်ရသည့်



# ရှောင်ဆေးအကြောင်း

သိကောင်းစရာ (၁)

ဦးမင်းဇင် (ရွှေနဝင်း)



အကြောင်းမှာ ယနေ့ မဂ္ဂဇင်း၊ စာစောင်၊ စာအုပ်များတွင် ပါဝင်ဖော်ပြလာသော ဆေးနည်း၊ အင်္ဂရတ်နည်းများကို ဉာဏ်နှ၍ အဆင်ခြင်နည်းပါးသော ဝါသနာရှင် ပညာသင်အချို့သည် ရေး သားတင်ပြလာသော နည်းပညာ ကွက်ကွက်ကလေးပေါ်တွင်သာ အာရုံ ဝင်စားပြီး အကြောင်းအကျိုး အတိမ် အနက်ကို မဆင်ခြင်ဘဲ လိုက်လံ လုပ်ဆောင် အကောင်အထည် ဖော် နေကြ၍ အကျိုးနည်း ဆုံးရှုံးမှုများစွာ နှင့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ပင် ဖြစ်သည်။

သို့ပါ၍ မိမိက အမှန်တကယ် စေတနာရှိပြီး အများပြည်သူ ဝါသနာ ရှင်များကို သိစေချင်သည်ဆိုလျှင် ကိုယ်တိုင် ကျွမ်းကျင်သော ပညာရပ် တို့ကိုသာ သေချာဂဏစွာ ရေးသား တင်ပြကြပါဟု မေတ္တာရပ်ခံအပ်ပါ သည်။

ယခု အဓိကသော့ချက်အပိုင်း ဖြစ် သော ရှောင်ဆေးအကြောင်း သိ ကောင်းစရာများကို စေတနာရှေ့ထား၍ ရိုးသားစွာ တင်ပြပါတော့မည်။

**ရှောင်ဆေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များမှာ...**

(၁) ရှောင်ဆေး၏ သဘောသဘာဝ၊

(၂) ရှောင်ဆေးဖော်နည်း သဘောတရားများ။

(၃) ရှောင်ဆေးကောင်း၏ အရောင်၊ ရှောင် သေ,မသေ၊

(၄) ရှောင်ဆေးကို မသုံးသင့်သည့် ရောဂါ များ။

(၅) ရှောင်ဆေးသုံး၍ ကုသနိုင်သည့် ရောဂါ များ။

(၆) ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းဝင်ပြီး ထား ရှိရမည့် အချိန်အတိုင်းအရှည်နှင့် ဆေး ပမာဏ၊

(၇) ရှောင်ဆေးကို ခန္ဓာကိုယ်မှ ပြန်ထုတ်ခြင်း။

(၈) ရှောင်ဆေး တိုက်ကျွေးနည်းစနစ်၊

(၉) ရှောင်ဆေးတိုက်ပြီး ပြုမူနေထိုင် စားသောက်နည်း စသည့် အချက်များကို မသိမဖြစ် သိထားရန် လိုအပ်ပါသည်။

## (၁) ရှောင်ဆေး၏ သဘောသဘာဝ

ရှောင်ဆေးတွင် ပါဝင်သော **ပြဒါး၊ ကျောက်ချဉ်၊ ဒုတ္ထာ၊ ယမ်းစိမ်း** စသည့် ဓာတ်(၄)ပါးတွင် ကျောက်ချဉ်၊ ဒုတ္ထာ၊ ယမ်းစိမ်း ဓာတ်(၃)ပါးသည်



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကူပစ္စည်းများအဖြစ် ဓာတ်ပြု ပေးသည်။

အဓိက ဓာတ်လိုက်မှာ ပြဒါးဓာတ် ပင်ဖြစ်သည်။ ထိုပြဒါးဓာတ်သည် မစင်ကြယ်လျှင် (သို့မဟုတ်) ပမာဏ များစွာ ခန္ဓာကိုယ်အတွင်း ဝင်ရောက် စုအောင်း နေခဲ့လျှင် လွန်စွာ အန္တရာယ် များပေးသည်။

ပြဒါးဆိပ်သင့်၍ အသည်း၊ ကျောက် ကပ်၊ ဦးနှောက်အာရုံကြောနှင့်တကွ ခန္ဓာကိုယ်တစ်ခုလုံးကို ပျက်စီးအောင် လုပ်ဆောင်စေသည်။

ထို့ကြောင့် ပင်မဓာတ်ဖြစ်သော ပြဒါးဓာတ်ကို ဆေးမဖော်မီ ကောင်းမွန် စင်ကြယ်စွာ သုဒ္ဓိပြုရန် အထူး လိုအပ် ပေသည်။

ပြဒါးကို စင်ကြယ်စေရာတွင် အချို့က အင်္ဂလိပ်နည်းတွင် သုံးသော အလွယ်နည်း ငရဲမီးနှင့်စား၍ ပြဒါးကို သန့်ပြီး ဆေးတွင် သုံးကြသည်။

ထိုနည်းဖြင့် သန့်စင်ထားသော ပြဒါး ကို ခန္ဓာကိုယ်တွင်းသို့ တိုက်ကျွေး သည့် ရှောင်ဆေးဖုတ်ရာတွင် မသုံးမိ စေရန် အရေးကြီးပါသည်။

**[လုံးဝ မသုံးရပါ။]**

ဝါသနာရှင်များ အကျိုးရှိ ဆင်ခြင် နိုင်စေရန် ကိုယ်တွေ့ဥပမာလေးတစ်ခု ပြောပြပါမည်။ အင်္ဂလိပ်နည်းဖြင့် ပြဒါး ကို ငရဲမီးဖြင့် အမ်စီချက်ပြီး ထွက်လာ သည့် ပြဒါးဓာတ်သားသည် ရွှေရောင် ဝင်းပြီး လွန်စွာ မျက်စိပသာဒ ဖြစ်ပါ သည်။

ယင်းပြဒါးဓာတ်လုံးကို လွန်စွာ တန်ဖိုးထား အထင်ရောက်ပြီး ငရဲမီး ဖြင့် ချက်ပြီးပြီးချင်း ယင်းပြဒါးဓာတ်လုံး ကို ရေနွေးနှင့် စိမ်သောက်ခဲ့သော ပုဂ္ဂိုလ်တစ်ယောက်သည် ညဘက် တွင် သောက်ပြီး နံနက်တွင် အိပ်ရာမှ



မထတော့ဘဲ အနိစ္စရောက်ခဲ့သည့် အကြောင်းကို တွေ့မြင်ဖူးပါသည်။

**[အထူးသတိပြု ဆင်ခြင်ပါ။]**

ထို့ကြောင့် ခန္ဓာကိုယ်တွင် သောက် သုံးရန် စီမံရသော ဆေးတို့တွင် ပြဒါး ကို အခြားသဘာဝ ဆေးဖက်ဝင်အပင် တို့ဖြင့် စင်ကြယ်အောင် သုဒ္ဓိပြုပြီးမှ သာ ဖော်စပ်သုံးစွဲကြပါ။

**နနွင်းမှုန့်၊ ထမင်း၊ ကြက်သွန်ဖြူ များရည်၊ ဆား** စသည့် မိမိ ကျွမ်းကျင်ရာ သဘာဝနည်းများဖြင့် ပြဒါးကို စင်ကြယ်အောင် သုဒ္ဓိပြု၍ သုံးကြပါ။

## (၂)ရှောင်ဆေးဖုတ်နည်း သဘောတရားများ

ရှောင်ဆေးဖုတ်ရာတွင် ဓာတ်တို့၏ သဘောသဘာဝသတ္တိနှင့် စွမ်းဆောင် နိုင်မှုအပိုင်းတို့ကို ပိုင်နိုင်စွာ သိထားရ ပေမည်။

အတော်များများ ရှောင်ဆေးဖုတ် သူတို့သည် ပြဒါးကို အောက်မှခံပြီး ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်းစိမ်းတို့ကို အစဉ်လိုက် တစ်မျိုးချင်းကို တစ်ထပ်စီ အုပ်၍ ဖုတ်ကြသည်။ **ဤနည်းသည် ဓာတ်ဆေးများ ဆေးဓာတ်ပြုမှုကို အားနည်းစေပါသည်။**

ကျောက်ချဉ်၊ ဒုတ္တာ၊ ယမ်းစိမ်းဓာတ် တို့ကို တစ်မျိုးစီ အရင် ကျောက်ဆုံဖြင့် အမှုန့်ညက်စွာပြု၍ ဆန်ကာစိပ်ဖြင့် ချထားပါ။ ပြီးလျှင် ဒုတ္တာမှုန့်ထဲတွင် သန့်စင်ပြီး ပြဒါးကို ထည့်၍ ဆုံ... သမသွားအောင် နာနာကြိတ်ပါ။

ဓာတ်နှစ်ပါး သမ၍ ကောလီ... သွားလျှင် ကျောက်ချဉ်ကို ထည့်... သမအောင် ကြိတ်ပြီး နောက်ဆုံး... ယမ်းစိမ်းကို ထည့်၍ အားလုံး သမ... အောင် ကြိတ်ပါ။

ဓာတ်(၄)ပါး ကောလီဖြစ်သွား... လက်ညှိုး၊ လက်မ နှစ်ချောင်း... ဆေးမှုန့် အနည်းငယ်ကိုယူ၍ ... လိုက်ပါက ဓာတ်ဆေးမှုန့်တို့သ... လက်ဖွေ အရေးအကြောင်းထဲ... စွဲဝင်နေသည်ကို တွေ့ရမည်။ ဓာ... (၄)ပါး ကောလီဖြစ်၍ သမသွားပြီ... သည်။

ဤအဆင့်ကို စနစ်ကျစွာ ... ဆောင်မှ ဆေးဖုတ်ရာတွင် ဓာတ်... တစ်ပါးနှင့်တစ်ပါး လွယ်ကူသိမ်မွေ့... ဓာတ်ပြုပြီး ဆေးကောင်း ရှောင်ကော... ကို ရပေမည်။

ရှောင်ဆေးဖုတ်ရာတွင် မီး... ကောင်းစွာ နားလည်ကျွမ်းကျင်... အထူးလိုအပ်ပါသည်။ ထမင်းချ... ဟင်းချက်ရာတွင် မီးပေး မမှန်ပါ... ထမင်းကောင်း၊ ဟင်းကောင်းကို မ... ရတတ်ပေ။

ထို့အတူ ဓာတ်ဆေးတို့ကို ... ဖုတ်လုပ်ရာတွင် မီးနားလည်ကျွမ်း... ရန် ထိုထက် အဆများစွာ သာလွ... ခက်ခဲပါသည်။ မီးသဘောကို နား... ကျွမ်းကျင်ရန် ကြိမ်ဖန်များစွာ လေ့... လေ့ကျင့်ပါ။

ထို့ကြောင့် ရှောင်ဆေးဖုတ်သ... အစ ဦးဆုံးမီးသည် ဝါးကို ထင်း... သော ဝါးမီးဖြင့် မီးပေးခြင်း... အကောင်းဆုံး ဖြစ်သည်။ ဝါးမီး... မီးရှိန်ကို လိုသလို မီးအ... ထိန်း၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com

**[ဝါးပေါက်စ၊ ဝါးခြမ်းပြား၊ ဝါးလုံးအသေး၊ ဝါးလုံးအကြီး၊ ထင်းချောင်း၊ မီးသွေး စသည် လိုအပ်သော ဓာတ်ကြိုက် မီးအနုအရင့်ကို ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်၍ မီးပေးရသည်။]**

ပထမ(၁)နာရီ (၁)နာရီခွဲခန့်အထိ မီးမျှဉ်း၊ ဝါးမီးဖြင့် ပေးသွားပြီး နောက်ပိုင်း ကြေပန်းကန်ဖင်ခွက်မှ ရေအပူချိန်ကို ကြည့်၍ မီးအပြင်းအပျော့ ညှိ၍ ပေးသွားပါ ရှောင်ဆေးကောင်းကိုရမည်။

**[ဤသည်တို့ကို ပြောပြရေးပြရသည်မှာ လွယ်သကဲ့သို့ ထင်ရသော်လည်း လက်တွေ့ လုပ်ကြည့်ပါက မီးကို ချိန်ဆရန် အလွန်ခက်ခဲပါသည်။]**

## (၃) ရှောင်ဆေးကောင်း၏ အရောင်အဆင်းနှင့် ရှောင်သေ,မသေ၊

မီးကို နားလည်ကျွမ်းကျင်စွာဖြင့် ဖုတ်၍ရလာသော ရှောင်ဆေး၏ အရောင်မှာ **ကြက်သွေးရင့်အရောင်၊ နီညိုရင့်အရောင်ရှိပြီး၊ အောက်ခြေ ကြေပန်းကန် အနားပတ် အရောင်သည် ပုစွန်ဆီအရောင် ရှိပါသည်။** ယင်းသည် ပထမတန်းစားဆေး၏ အရောင်ဖြစ်သည်။ **[ဆေးကောင်းစွာ မီးနပ်၍ ဆေးကျက်သော အခြေအနေကို ဖော်ပြနေသည်။]**

ဆေးမီးမနပ်၍ ရလာသော ဆေးအရောင်မှာ **အဝါရင့်** (သို့မဟုတ်) **အဝါနုရောင်** (သို့မဟုတ်) **အဝါနုတွင် အနီရောင်** အနည်းငယ်စွက်၍ နေပြီး အောက်ခြေ အနားပတ်မှာ ဖြူဖျော့ဖျော့အရောင် ပေါက်နေသည်။

**[ဤအခြေအနေသည် ဆေးကောင်းစွာ မီးမနပ်ခြင်းကို ဖော်ပြနေသည်။]**



ဖုတ်၍ရလာသော ရှောင်ဆေးမှုန့်တို့ကို လေလုံသော ဖန်ပုလင်းတွင် (၁)လ၊ (၂)လခန့် သိမ်းထားစဉ် ဆေးမှုန့်များထဲတွင် ပြဒါး မှုလာပြန်၍ ပြဒါးရည်ဥကလေးများကို တွေ့ရပါက **"ရှောင်မသေပါ"** ရှောင်မသေဘဲ သုံးလျှင် အန္တရာယ်ကြီးပါသည်။ **ပြဒါးဆိပ်သင့်နိုင်သည်။ အထူးသတိပြု၍ သုံးစွဲပါ။**

## (၄)ရှောင်ဆေးကို မသုံးသင့်သည့် ရောဂါများ

ရှောင်ဆေးသည် အစွမ်းထက်ပြင်းထန်၍ အဖျက်စွမ်းအားကြီးသည့် ဓာတ်တစ်မျိုး ဖြစ်သောကြောင့်...

(က) အသက်အရွယ် အိုမင်းကြီးရင့်သူများ။ ***[အသက်(၇၀)ဝန်းကျင်နှင့် အထက်အရွယ်]***

(ခ) နုနယ်သော ကလေးသူငယ်များ။ ***[အသက် (၁၂)နှစ်နှင့် အောက်အရွယ်]***

(ဂ) သွေးပေါင်ချိန် အလွန်မြင့်မားစွာ တက်တတ်သူများ။

(ဃ) မကြာခဏ သွေးပေါင်ချိန်ကျ သွေးအားနည်းသူများ။

(င) သွေးထဲတွင် ဟေမိုဂလိုဘင်ဓာတ် လျော့နည်းပြီး သွေးနီဥသက်တမ်း မပြည့်မီသူများ။

(စ) မွေးရာပါ သွေးတွင် သံဓာတ် မြင့်မားသူများ။ ***[ထိုသူများသည် အသည်း၏ လုပ်ဆောင်ချက် မကောင်းတတ်ကြပေ။]***

(ဆ) အသည်းကျစ် အသည်းလုပ်ဆောင်ချက် အားနည်းသူများ။

(ဇ) သွေးထဲတွင် ဆိုဒီယမ်၊ ပိုတက်စီယမ် ကလိုရိုဒ် စသော ကိုယ်တွင်းဓာတ်သားများ လျော့နည်းသူများ။ ကိုယ်တွင်း ဓာတ်သား မတည်ငြိမ်သူများ။

(ဈ) နှလုံးသွေးကြောပိတ်ပြီး(Heart attack) ရ၍ နှလုံးကြွက်သားသွေးငတ်ပြီး နှလုံးကြွက်သား ပုပ်ခြင်းဒဏ် ရှိခဲ့သော (Myocardial infaretion) ရခဲ့ဖူးသူများ။

(ည) စတီးရွိုက်ဆေးများ၊ သွေးကျဲဆေးများ စွဲ၍ သောက်နေရသော ရောဂါရှင်များ။

(ဋ) ကျောက်ကပ်ရောင်ရောဂါ၊ ကျောက်ကပ်မကောင်း၍ ဓာတ်နှင့် သွေးသန့်စင်နေသော သူများ။

(ဌ) ဦးနှောက်သွေးကြောပေါက်၍ သွေးယိုပြီး လေဖြတ်သည့် လေငန်းရောဂါသည် များ။

(ဍ) ဦးနှောက်သွေးကြောဖောင်းရောဂါ၊ နှလုံးသွေးကြောမကြီး ဖောင်းသောရောဂါများ။

(ဎ) အာဟာရဓာတ် ချို့တဲ့နေသူများ။

(ဏ) ကျား,မ အင်္ဂါဇာတ်နှင့်တကွ တစ်ကိုယ်လုံး ဖောရောင်နေသူများ။ ***[ကမ္မဇ ပထဝီ ပျက်ပြီး ဖောရောင်နေသူများ၊]***

စသည့် ရောဂါသည်များကို ရှောင်ဆေး သုံးစွဲတိုက်ကျွေးခြင်း မပြုရပါ။

ရှောင်ဆေးသည် အဖျက်စွမ်းအားကြီးသည့် ဓာတ်ဆေးမျိုးဖြစ်၍ ဥပမာဆိုရသော် တိုက်ပွဲတစ်ပွဲတွင် အဖျက်စွမ်းအားကြီး အစွမ်းထက်လက်နက်ကြီးဖြင့် တိုက်ခဲ့သော် ရန်သူကိုတော့ ဖြိုခွင်းနိုင်ပါသည်။

သို့သော် တိုက်ပွဲဖြစ်ရာ စစ်တလင်း မြေပြင်တွင် လက်နက်ကြီး၏ ဒဏ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကြေမွပျက်စီးခဲ့ရပါသည်။

ထိုအတူ အဖျက်စွမ်းအားကြီးသည့် ဓာတ်ဆေးမျိုးတို့နှင့် ရောဂါကို တိုက်ဖျက်သည့်အခါ ဆေး၏ဒဏ်ကို ရောဂါစွဲကပ်ရာ ခန္ဓာအိမ်သည် ခံစားရပါသည်။ ယင်းကိုဆေး၏ (Side effect) ဘေးထွက်ဆိုးကျိုးဟု ခေါ်ပါသည်။

ခန္ဓာအိမ် တောင့်တင်းခိုင်ခံ့လျှင် ဆေး၏ ဒဏ်နှင့် ဘေးထွက်ဆိုးကျိုးကို ခံနိုင်သော်လည်း ခန္ဓာအိမ် ချည့်နဲ့အားနည်းနေလျှင် ဆေး၏ဒဏ်၊ ဆေး၏ ဘေးထွက်ဆိုးကျိုးကြောင့် ခန္ဓာအိမ် ပျက်စီးကြေမွ မြေခသွားနိုင်သည် ဆိုသည့်အချက်ကို အထူးသတိပြု ဆင်ခြင်၍ ဆေးကုသခြင်းအမှုကို ပြုကြပါဟု သတိပေးချင်ပါသည်။

## (၅)ရှောင်ဆေးသုံး၍ ကုသနိုင်သော ရောဂါများ

ရှောင်ဆေးသည် အစွမ်းထက် ပြင်းထန်သော အဆိပ်ဓာတ်ဆေးမျိုး ဖြစ်သည့်အတွက်...

**(က) မြွေကိုက်ခံရသည့်လူနာ မြွေဆိပ်တက်ခြင်းတို့တွင် လွန်စွာအသုံးဝင် ထက်မြက်ပါသည်။ အဆိပ်ကို အဆိပ်ဖြင့် တန်ပြန်၍ ကုသသောနည်း ဖြစ်ပါသည်။**

မြွေဆိပ်၏ ပြင်းထန်မှုပေါ် မူတည်ပြီး ဆေးအချိန်အဆကို ချင့်ချိန်၍ ပေးရသည်။

**အရေးကြီးသော အချက်မှာ...**

မြွေကိုက်ခံရသော လူနာတွင် ရှောင်ဆေးကို ဆေးမန်ကျည်းစေ့ (၁)စေ့ (သို့မဟုတ်) (၂)စေ့ခန့်ကို ဝမ်းတွင်းသို့ ဝင်အောင်တိုက်ပြီး ရှောင်ဆေးမှုန့် ရွေးကြီး(၁)စေ့ခန့်ကို သံပရာရည်နှင့် ဖျော်၍ လူနာ၏ယေထိပ် အရေခွံ



ဦးရေပြားကို ပိုးသတ်သန့်စင်ထားသော ဓားဖြင့် အနည်းငယ်ခွဲ၍ ယင်းဆေးကို သိပ်ထည့်ပြီး အပေါ်မှ ကြေးပိုက်ဆံပြား (သို့မဟုတ်)ငွေဒင်္ဂါးပြားကို မီးရဲအောင် ဖုတ် အပူပေး၍ ရေထဲတွင် အခိုးငြိမ်းပြီး ကျန်ရှိနေသော ကြေးပြား(သို့မဟုတ်) ငွေပြားအပူရှိန်နှင့် ယေထိပ်မှာ ဖိကပ်ပေးပါ။**[ဤသို့ ပြုလုပ်ပေးပါက သတိလစ်နေသော လူနာ သတိပြန်ပြီး လည်လာနိုင်သည်။]**

မြွေကိုက်သည့် ဒဏ်ရာတွင်လည်း အထက်ပါနည်းအတိုင်း စပါးလုံး တစ်ထောက်ခန့် ဓားသန့်သန့်ဖြင့် အနည်းငယ်ခွဲပြီး ဆေးမှုန့်ကို သံပရာရည်နှင့် ဖျော်၍ သိပ်ပေးပါ။

**အထူးသတိပြုရသည်မှာ** မြွေကိုက်ခံရသည့် လူနာကို ရေလုံးဝ မတိုက်ရဘဲ ရေဆာ ရေတောင်းတိုင်း **အုန်းစိမ်းရည်ကိုသာ အဝတိုက်ပေးရမည်။** ထိုနည်းအတိုင်း (၁)ပတ်ခန့် အုန်းစိမ်းရည်ကိုသာ ဆက်၍ တိုက်ပေးပါ။

ရှောင်ဆေးတိုက်ပြီး အခြား "**တွန်စုပ်**"ခြင်းနည်းဖြင့်လည်း တွဲ၍ လူနာကို ကုသပေးနိုင်သည်။ အဆိပ်ရှိသော သတ္တဝါများ ကိုက်သည့် ဝေဒနာရှင်များတွင် ရှောင်ဆေး၏ အသုံးဝင်မှုမှာ အလွန်ထိရောက် အစွမ်းထက်လှပါသည်။

မြွေဆိပ်တက်ခြင်းနှင့် အလားတူသည့် ဒဏ်ရာရပြီး **မေးခိုင်ရောဂါပိုးဝင်၍ မေးခိုင်ပြီး** နောက်ဆုံးအဆင့် ဆေးရုံဆေးခန်းများမှ လက်လွှတ်လိုက်ရသည့် လူနာများကိုလည်း ရှောင်ဆေးဖြင့် မြွေဆိပ်တက် ကုသနည်းစနစ်အတိုင်း ကုသပေးနိုင်ပါသည်။

**(ခ) ဦးနှောက်သွေးကြော ပိတ်၍ လေငန်းဖြစ်သည့်သူများ။**

**မှတ်ချက်** ။ ။ လေငန်းဖြစ်ရာတွင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။

(A) ဦးနှောက်သွေးကြော ပိတ်၍ လေငန်းဖြစ်ခြင်း၊

(B) ဦးနှောက်သွေးကြော ပေါက်၍ ဦးနှောက်တွင်း သွေးယို၍ လေငန်းဖြစ်ခြင်း...

ဟု (၂)မျိုးရှိရာတွင် အထူး သတိပြုရမည်မှာ...

(A) ဦးနှောက်သွေးကြော ပိတ်၍ လေငန်း ဖြစ်သူကိုသာလျှင် ရှောင်ဆေးနှင့် ကုသနိုင်သည်။

(B) ဦးနှောက်သွေးကြော ပေါက်၍ ဦးနှောက်သွေးယိုပြီး လေငန်းဖြစ်သော ရောဂါတွင် ရှောင်ဆေးကို လုံးဝမသုံးရန် အထူးသတိပြုဆင်ခြင်ရမည်။

**(ဂ) အဆုတ်တီဘီရောဂါ အဆုတ်နှင့် ပတ်သက်သည့် ရောဂါများ။**

**(ဃ) ခြေလက်ထုံကျဉ်သော ရောဂါများ။**

**(င) သွေးကြောပိတ်၍ သွေးမလျှောက်သော ရောဂါများ။**

**(စ) ဆေးပညာ သဘောတရားအရ ကုသ၍ ခက်ခဲသော ဓာတ်လိုက်ရောဂါ (ဦးနင်း ပုံထောင်၊ ပုံနင်း ဦးထောင်)**

ရှေ့လ ဆက်ဖတ်ပါရန်

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com



# အုန်းပင်စိုက်နည်း

အသီးသေးပါရစေ

ရေဦး မောင်ကျော်သူ



သောကြာနေ့ ညနေခင်း...

ကျွန်တော် အလုပ်အားတာနဲ့ အုန်းပင်ပေါက်ကလေးတစ်ပင် စိုက်ပျိုးရန်အတွက် အိမ်ရှေ့ ရေတွင်းနားမှာ ကျင်းတူးနေပါတယ်။ အဲဒီအချိန်ကလေးမှာပဲ ညီရင်းအစ်ကိုလို အင်မတန် ရင်းနှီးခင်မင်တဲ့ သူငယ်ချင်း စာရေးဆရာ အောင်ဟိန်း(ရေဦး) တစ်ယောက် မမျှော်လင့်ဘဲ အလည်ရောက်လာပါတယ်။

'ဟော့... ကိုကျော်မြိုင်ကြီး ဘာတွေလုပ်နေတာလဲဗျ၊ ချွေးတွေကလဲ ရွှဲလို့ပါလား'

'သူငယ်ချင်းရေ အုန်းပင်ပေါက်ကလေး စိုက်မလို့ ကျင်းတူးနေတာပါကွာ'

အောင်ဟိန်းက နှုတ်ဆက်စကားပြောရင်း ကျွန်တော် ကျင်းတူးနေတဲ့ နေရာနားရောက်လာပြီး ကျွန်တော်တူးနေတဲ့ကျင်းကို သေချာကြည့်ပြီး...

'ခင်ဗျား တူးနေတဲ့ ကျင်းက နက်လွန်းတယ်ဗျာ၊ ပြန်ပြီး မြေဖို့လိုက်ပါ။ ပြီးတော့ ဒီနေ့က သောကြာနေ့ဆိုတော့ အုန်းပင် မစိုက်ရဘူးဗျ။ အုန်းပင်စိုက်နည်းကို ကျွန်တော် ပြောပြမယ်။ သေချာနားထောင်'

'အောင်မာ... အောင်ဟိန်းရာ ကြီးကျယ်လိုက်တာကွာ၊ မင်းက ဘာသိလို့ ပြောပြမှာလဲ'

'ကျွန်တော် သိတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော့်အဘိုး မသေခင်က ပြောပြခဲ့တဲ့ အုန်းပင်စိုက်နည်းလေးပါ။ ကျွန်တော် ကြုံတဲ့လူတိုင်းကို ပြောပြခဲ့တာ တကယ်မှန် တကယ်အကျိုးရှိကြတယ်ဗျ။ ခင်ဗျား လက်တွေ့စိုက်ကြည့်ပါလား အကျိုးရှိမှာ သေချာပါတယ်'

'ကဲဗျာ ဒီလိုဆိုလဲ ပြောပြပါဦး၊ စမ်းစိုက်ကြည့်ရတာပေါ့ကွာ'

'**ငှက်ပျောတစ်နှိုက် အုန်းတစ်မိုက်**လို့ စာဆိုရှိတယ်ဗျ။ ငှက်ပျောပင်စိုက်တော့မယ်ဆိုရင် ကျင်းကို ယောက်ျားလက်တစ်နှိုက် နက်အောင်တူးရတယ်။ လက်တစ်ဆုံးပေါ့ဗျာ၊ အကျယ်ကတော့ သင့်သလောက်ပေါ့။ အဲဒီလို ကျင်းတူးစိုက်မှ ငှက်ပျောပင် သန်မာကြီးထွားပြီး ငှက်ပျောသီး ကောင်းကောင်း သီးသတဲ့ဗျာ။

အဲဒီလိုပါပဲ အုန်းပင်စိုက်တော့မယ်ဆိုရင် ကျင်းကို တစ်မိုက်အနက်ပဲ တူးရတယ်။ ဒါမှ အုန်းပင်မြန်မြန်သီးသတဲ့ဗျာ။ ကျင်းက သိပ်နက်ရင်တော့ နှစ်အတော်ကြာမှ အုန်းသီးတယ်လို့ ဆိုပါတယ်။

**ဆင်စီးမြင်းရံ ဆားခံလို့စိုက်**တဲ့။ ဒါကတော့ အုန်းပင်စိုက်ဖို့ တူးထားတဲ့ တစ်မိုက်အနက်ရှိတဲ့ ကျင်းထဲကို **ဆင်တုံးမနွယ်ရယ်၊ မြင်းချေးရယ်၊ ဆားရယ် သင့်သလောက်ရောစပ်ပြီး ထည့်ရတယ်**။ အဲဒီလိုစိုက်မှ အုန်းပင်ဖြစ်ထွန်းပြီး အသီးမြန်မြန်သီးတယ်လို့ ဆိုပါတယ်။

အုန်းပင်စိုက်မယ့်ကျင်း အဆင်သင့်ဖြစ်လို့ အုန်းပင်စိုက်တဲ့အခါမှာ မနက်ခင်းစိုက်မယ်ဆိုပါတော့ လူက အုန်းပင်စိုက်မယ့်ကျင်းရဲ့ အနောက်ဘက်အရပ်

 စာမျက်နှာ (၁၈၆) သို့

www.burmeseclassic.com

www.burmeseclassic.com

# ပိန်ကျိုးသော မြင်း



ဝဖြိုးစေရန်

မကွေးတိုင်းဒေသကြီး ရုံးသို့ အလုပ်ကိစ္စတစ်ခုနှင့် သွားရောက်ရာ ကားဂိတ်မှ ရုံးသို့ မြင်းလှည်းတစ်စီး ပုတ်ပြတ်ငှားစီးရာ ဦးကုလားကြီး (ခေါ်) ဦးဂျမားဆိုသော မြင်းလှည်းဆရာနှင့် လမ်းခရီးတစ်လျှောက် စကားပြောဖြစ်ခဲ့ပါသည်။

ကိုယ်ပိုင်မြင်းလှည်းကို ကိုယ်တိုင်မောင်းနေခြင်း ဖြစ်ပါသည်။ 'ဒါဆိုရင် ဦးဂျမားက အုံနာဒရိုင်ဘာပေ့ါ' ဟု ကျွန်တော်မှ ပြောလိုက်သော စကားကို သဘောကျသွားပြီး တဟားဟား ရယ်မောကာ တိုင်းရုံးသို့သာမကပါ ရုံးကိစ္စပြီးသောအခါ မြသလွန်ဘုရားဖူးပင် သူ့မြင်းလှည်းနှင့် (စေတနာ မေတ္တာဖြင့်) လိုက်ပို့ပါသည်။

စာရေးဆရာပီပီ ဦးဂျမားထံမှ သိလိုသည်များကို တစ်ခွန်းပြီးတစ်ခွန်း မေးခဲ့ရာ ဗဟုသုတများစွာ ရရှိခဲ့ပါသည်။

အထူးသဖြင့် သူ၏လှည်းမှ မြင်းနီညိုကြီးမှာ ဝဖြိုးအရောင်ထွက်နေပြီး နေရောင်ထဲတွင် အရောင်များ ဝင်းပလက်နေအောင် လှပသဖြင့် မေးမြန်းရာ...

'ဆရာက အခု ကျွန်တော့် မြင်းကြီး ဝနေ၊ လှနေမှ မြင်ရလို့ဗျ။ မူလအစ တုန်းက မြင်ရရင် ဆရာ အလကားပေးရင်တောင် ဒီမြင်းကို ယူချင်မှာ မဟုတ်ဘူး'

'ဘာလို့လဲဗျ ဆိုစမ်းပါဦး'

'ဒီလိုဆရာရဲ့။ ဒီမြင်းက ငါးလလောက်ပဲ မိခင်နို့ စို့ခဲ့ရပြီး မိခင်မြင်းမကြီးက သေသွားတယ်။ နို့မျက်ခဲ့တဲ့ မြင်းပေါ့ ဆရာရယ်။ ပိန်လှီခြောက်ကပ်နေတာ။ လေတိုက်ရင် လဲသွားမတတ်။

ပြီးတော့ မြင်းလေးကို နေချင်သလိုနေ လွှတ်ထားတော့ အပူမိပြီး မြင်းက စားသရွေ့ အသားမဖြစ်ဘဲ ပိန်ခြောက်နေတာပေ့ါ။ ဒီမြင်းလေး တစ်နှစ်သားသာသာမှာ ကျွန်တော်ရခဲ့တာ။ အလကားလောက်နီးနီးပါပဲ၊ ဈေးတော့ မပြောတော့ပါဘူး'

'ဩော် ဟုတ်လား၊ အဲဒီလိုလား။ ဆက်စမ်းပါဦး။ ဒီမြင်းပိန်လေးကို ဝလာအောင် ဘယ်လိုပြုစုခဲ့တယ်ဆိုတာ ပြောစမ်းပါဦး'

'ပြောမှာပါ ဆရာရယ်။ ဒီလိုပါ ပထမဦးဆုံး မြင်းလေးကို အေးမြခြောက်သွေ့တဲ့ မြင်းဇောင်းမှာ ထားတယ်။ အစာနုနုလေးတွေ ကျွေးတယ်။ အသားပြုတ်ရည်တိုက်တယ်။ ဆီး၊ ဝမ်း၊ လေမှန်အောင် ပြုပြင်ပေးတယ်။ သုံးလလောက်ရှိတော့ အမွေးလေးတွေ ပြောင်လက်စ၊ ဝဖြိုးစ ပြုလာတယ်'

'အင်း အင်း ဟုတ်ပြီ'

'နောက်ဆုံး ကျွေးမွေးနည်းကတော့ ဒီလို ဆရာရဲ့။ မြန်မာလို **တပို့တွဲလမှာ တူးဖော်တဲ့ ကြက်သွန်ဖြူ**ကို ရအောင် ဝယ်ယူထားရတယ်'

'ဘာလို့ တပို့တွဲလထွက်တဲ့ ကြက်သွန်ဖြူကို ရယူတာလဲ'

'ဒီလို ဆရာရဲ့ တပို့တွဲလမှာရတဲ့ ကြက်သွန်ဖြူဟာ အရင့်ဆုံးဖြစ်ပြီး ရသာ၊ ဩဇာ၊ ဂုဏ်သတ္တိ အပြည့်အဝရှိတယ်'

'ဩော် ဒီလိုလား။ အင်း အင်း'

'အဲဒီ ကြက်သွန်ဖြူကို ပထမ ငါးကျပ်သား ထုထောင်းပြီး အသားပြုတ်ရည်နဲ့ ရောမွှေ၊ သံပရာရည်ညှစ်ထည့်ပြီး ကျွေးပေး၊ တိုက်ပေး။ နောက်နေ့မှာ တစ်ဆယ်သားကျွေးပေး။နောက်နေ့တွေမှာ ငါးကျပ်သား တိုးတိုး ထည့်ပြီး ရက်နှစ်ဆယ်လောက် ဂရုစိုက်ကျွေးပေး၊ တိုက်ပေးရတယ်။ မြင်းဟာ မမှတ်မိလောက်အောင် ရုပ်ရည်အဆင်းပြောင်းလဲဝဖြိုးလာစေပါတယ်'

'အလွန်တော့ မခက်ပါဘူးဗျ'

'ဒါက ကျွန်တော် သိပြီးသားမို့ပါ။ မသိရင် ဘယ်အရာမဆို ခက်တာပေ့ါ ဆရာရယ်။ အဲ ခုနက တိုက်ကျွေးတာမှာ လျှို့ဝှက်ချက်ရှိသေးတယ် ဆရာရဲ့။

ဆောင်းရာသီနဲ့ နွေရာသီမှာ ကျွေးရင် အကြောင်းမထူးဘူး ဆရာရဲ့။ မိုးရာသီမှာသာ ကျွေးရမယ်။ **မိုးရာသီမှာ ကြက်သွန်ဖြူသားပြုတ်ရည် ကျွေးမှ အကျိုးထူးမှာ။** မြင်း ဝဖြိုးလှလာတာ'

'ဟာ ဟုတ်လား။ မသိပါဘူးဗျာ ကျွန်တော်က ဘယ်အချိန်အခါ ကျွေးကျွေး ရသလားလို့'

'ဟား ဟား ဟား ဟား အဲဒါ ပညာပဲ ဆရာရဲ့'

ဦးဂျမားမှ တဟားဟား ရယ်မောပါသည်။ မြသလွန်ဘုရားခြေတော်ရင်း ရောက်ပြီဖြစ်၍ မြင်းလှည်းပေါ်မှ ကျွန်တော် ဆင်းလိုက်ပါတော့သည်။

**နတ်မောက် ကောင်းမြင့်**




www.burmeseclassic.com

www.burmeseclassic.com



# ဦးဆွေးဆံမြှည်

**လက္ခဏာရှင်**




**သာရာကြီးဦးအောင်မြင့်**
**(ဥပဒေအဖွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**

အသက်(၇၀)အထိ ဝန်ထမ်းဘဝမှာ ဦးဆွေးဆံမြှည့် အမှုထမ်းခဲ့ရပြီး ပြစ်မှုပြစ်ဒဏ် ကင်းရှင်းစွာနဲ့ အငြိမ်းစားယူခွင့်ရခဲ့တဲ့ အမျိုးသားတစ်ဦးရဲ့ ညာဘက်လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါတယ်။ သေချာ ကြည့်ရှုလေ့လာပါ။


သာမန်ဝန်ထမ်းတစ်ဦးတော့ မဟုတ်ပါဘူး။ တပ်မတော်မှာ ဗိုလ်ချုပ်ကြီးရာထူးအထိ ထမ်းဆောင်လုပ်ကိုင်ခဲ့ပြီး နယ်ဘက်လုပ်ငန်းမှာ ဝန်ကြီးရာထူးနဲ့ တာဝန်ယူ လုပ်ဆောင်ပေးခဲ့ရသူ ဖြစ်ပါတယ်။

လက်ညှိုးရဲ့ပထမဆစ်မှာ **ကြယ်ပွင့်သင်္ကေတ** ထင်ရှားတွေ့ရှိရပါတယ်။

ဒီသင်္ကေတဟာ ဘဝမှာ အထူးခြားဆုံး ကုသိုလ်ကံကောင်းတဲ့ ဖြစ်ရပ်မျိုး ကြုံတွေ့ရတတ်ကြောင်း လက္ခဏာပညာကျမ်းအချို့က ဖော်ပြပါတယ်။

ကြာသပတေး လက်ချောင်းဖြစ်တဲ့ အတွက် စီမံခန့်ခွဲအုပ်ချုပ် ဆရာလုပ်နိုင်း စေညွှန်ကြားဆိုတဲ့ အာဏာရဲ့ သင်္ကေတ၊ လက်ညှိုးညွှန်ရာ ရေဖြစ်ဆိုတဲ့ ဘုန်းတန်ခိုးဩဇာရဲ့ သင်္ကေတလို့ ဆိုရပါမယ်။ **(က)အကွက်**

* * *








www.burmeseclassic.com

www.burmeseclassic.com

**လက်ညှိုးအောက် ကြာသပတေး** ဖြိုဟ်ခုံမှာ ရည်မှန်းချက်လမ်းကြောင်းရဲ့ထိပ်နဲ့ ထိစပ်နေတဲ့ ခက်ရင်းခွ သဏ္ဍာန် ဆော်လမွန်ကွင်းသင်္ကေတ ရှိတယ်။

ဒီသင်္ကေတဟာလဲ စီမံခန့်ခွဲ အုပ်ချုပ် ညွှန်ကြား ဆရာလုပ် ဦးဆောင်မှုတွေမှာ ရည်မှန်းသမျှ အောင်မြင်ပြီးမြောက်စေမယ့် အကျိုးကိုပေးပါတယ်။ **(ခ)အကွရာ**


* * *




အသက်လမ်းကြောင်းရဲ့ အတွင်းဘက်မှာ အင်္ဂါလမ်း၊ အရံလမ်းတွေ အထူးထင်ရှားနေတယ်။

ဒါဟာ အကာအကွယ်ရဲ့သင်္ကေတတွေပါ။ ကျန်းမာခြင်း၊ ဘေးကင်းခြင်း အမှုပြဿနာရှင်းခြင်း၊ အညံ့အပျက်တွေကို ကျော်လွှားနိုင်ခြင်းလို့ အဟော ရှိပါတယ်။ **(ဂ)အကွရာ**

* * *





ဒီ အကာအကွယ်လမ်းတွေကြောင့် ပြစ်မှုပြစ်ဒဏ်ကင်းရှင်း၊ ကျန်းမာ ဘေးကင်းစွာနဲ့ အသက်(၇၀)ခန့်အထိ တာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဦးခွေးဆံမြည့်လမ်းကြောင်းလို့ ခေါ်သင့်ပါတယ်။

အသက်လမ်းကြောင်းရင်း လက်ဖနောင့်ပိုင်းမှာ ငါးကြင်းမြီး မင်္ဂလာအခြံအရံသင်္ကေတ ထူးခြားစွာ တွေ့ရှိရတယ်။

ဒီသင်္ကေတရှိသူများဟာ မြို့ကြီးပြကြီးမှာ နေထိုင်ရခြင်း အိုဇာတာကောင်းခြင်း ကျန်းမာ သန်စွမ်း အရွယ်တင်နုပျို အသက်ရှည်ခြင်းတွေ ဖြစ်နိုင်ပါတယ်။ **(ဃ)အကွရာ**

* * *





အသက်လမ်းကြောင်းရဲ့ အသက်(၅၀)မှ (၇၀)အတွင်း အပေါ်ထောင်တက်တဲ့ လမ်းခွဲတွေ အလွန် ထင်ရှားနေတယ်။

ဒါကြောင့် အဲဒီကာလအတွင်းမှာ အလုပ်အကိုင်၊ အဆင့်အတန်း၊ တာဝန်ကြီးတွေ တိုးတက်ရရှိ ထမ်းဆောင်ခဲ့ရတာပါ။

**(င)အကွရာ၊ (စ)အကွရာ**

* * *




***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသ)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၁၈၃)မှ အဆက်**

ကနေပြီး အရှေ့ဘက်အရပ်(နေထွက်ရာ အရပ်)ကို မျက်နှာမူပြီးစိုက်ပါ။

အုန်းပင်ကို နေရောင်ပေးပြီး စိုက် တယ်လို့ ခေါ်ပါတယ်။ တစ်နည်းပြော ရရင်တော့ နေရောင်မူပြီး စိုက်တယ်လို့ ခေါ်တယ်။

အခုပြောတဲ့ နည်းအတိုင်းပါပဲ အုန်းပင်ကို ညနေခင်းမှာ စိုက်ပျိုးမယ် ဆိုပါက လူက အုန်းပင်စိုက်မယ့်ကျင်း ရဲ့ အရှေ့ဘက်အရပ်ကနေပြီး အနောက် ဘက်အရပ်(နေဝင်ရာအရပ်)ကို မျက်နှာ မူပြီး စိုက်ရပါတယ်။ အုန်းပင်ကို နေရောင်ပေး၊ သို့မဟုတ် နေရောင်မူပြီး စိုက်တယ်လို့ ခေါ်တာပေါ့ဗျာ။

နောက်ပြီးတော့ အုန်းပင်ကို စိုက်ချင် တဲ့ရက်မှာ စိုက်လို့မရဘူးဗျ။ အုန်းပင် စိုက်ရမယ့်နေ့ကတော့ **တနင်္ဂနွေနေ့** စိုက်တာ အကောင်းဆုံးပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ တနင်္ဂနွေ ဂြိုဟ်သက်က (၆)နှစ်ဖြစ်တာကြောင့် အဲဒီနေ့စိုက်တဲ့ အုန်းပင်ဟာ သက် တမ်း(၆)နှစ်နဲ့ အသီး သီးပါတယ်။ အခြားနေ့တွေမှာ စိုက်ရင်လဲ ဂြိုဟ် သက်ရှ နှစ်ကြာမှ အသီးသီးမှာ ဖြစ်ပါ တယ်လို့ ဆိုပါတယ်'

သူငယ်ချင်း အောင်ဟိန်း ပြောပြမှ အုန်းပင်စိုက်နည်းကို သေသေချာချာ သိနားလည်ရပါတယ်။ ဒါကြောင့် ကျွန်တော်တူးထားတဲ့ ကျင်းကို မြေဖို့ လိုက်ပါတယ်။ လာမယ့် တနင်္ဂနွေနေ့ ကျမှ ကျင်းသစ်တူး လိုအပ်တာတွေ ဆောင်ရွက်ပြီး စိုက်ရန် ဆုံးဖြတ်ချက် ချလိုက်ရပါတယ်။

**ရေးသူ မောင်ကျော်**

www.burmeseclassic.com

www.burmeseclassic.com



ဗေဒဆေးဝါးပညာ

ကျော်ကျော်ဟိန်းထို

ဝေးဆောယိုင်ငါးရုတ်အတွင်း

# အကြားတက် အမြင်တက် အထင်တက်

ရေးသော ကျော်စိုး

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် အကြား၊ အမြင်၊ အထင်တက် ရစေသော နည်းလမ်းကောင်းတို့ကို မကြာမကြာ ဖော်ပြပေးသောကြောင့် ဖတ်ရှုရပါတယ်။

တရားသမားတိုင်း၊ ပုတီးသမားတိုင်း အကြား၊ အမြင်၊ အထင်တက်ရစေသော နည်းလမ်းကောင်းကလေး တစ်ခု ကျွန်တော် ရထားပါတယ်။

မိမိနေအိမ်ရှိ ဘုရားခန်းရှေ့တွင် ကျင့်ကြံရန်သာ ဖြစ်ပါတယ်။ တစ်နေကုန်အချိန်လဲ ပေးစရာမလိုဘဲ လူတိုင်းအားလပ်သော အကာလညအခါတွင် ကျင့်ရန်သာ ဖြစ်ပါတယ်။

ဒီ နည်းလမ်းကောင်းကလေးကို တင်ပြမီ နည်းလမ်းပေးသော ပုဂ္ဂိုလ်အကြောင်းကို အရင်ရေးမှ ပြည့်စုံမယ်ထင်ပါတယ်။ တစ်နေ့တော့ ကျွန်တော်အလုပ်လုပ်နေတဲ့ဆိုင်ကို အသက်(၆၀)ကျော်၊ (၇၀)လောက် ခန့်မှန်းရတဲ့ ဘကြီးတစ်ယောက် အလုပ်လာအပ်ပါတယ်။

ဘကြီးနဲ့ တွေ့ရာလေးပါး စကားပြောရင်း အတော်ကို ခင်မင်သွားကြပါတယ်။ နောက်ရက်များမှာ မကြာခဏဆိုသလို ဆိုင်ကိုလဲ အလည်လာတတ်ပါတယ်။

လာတိုင်းလဲ ဘုရားအကြောင်း၊ တရားအကြောင်းတွေကို ဆွေးနွေးကြပါတယ်။

တစ်နေ့မှာ... **"တရားထိုင် ပုတီးစိပ်လို့ အကြား,အမြင်,အထင်တက် ရပါ့မလား"**လို့ မေးမြန်းမိပါတယ်။ ဘကြီးက ပြန်မဖြေသေးဘဲ ခေါင်းညိတ်ညိတ် လုပ်နေတယ်။ ပြီးမှ ဘကြီးက...

'ရတာပေါ့ ငါ့တူရဲ့'

လို့ ပြန်ဖြေတယ်။

'ကျွန်တော်တော့ သိပ်မယုံချင်ဘူး'

'ဘာဖြစ်လို့ မယုံချင်တာလဲ'

လို့ မေးတော့...

'ကျွန်တော်ကျင့်တာလဲ နှစ်ချီနေပြီ ဖြစ်မှ ဖြစ်မလာဘဲ'

'ဟကောင်ရ မင်းမဖြစ်တိုင်း မယုံလို့ ရမလား။ ဖြစ်တဲ့သူတွေလဲ ဖြစ်တာပေါ့ကွာ'

'ဒါဆိုရင် ဖြစ်တဲ့သူတွေကို လက်ညှိုးထိုးပြစမ်းပါဦး'

'ဟကောင်ရ ဖြစ်တဲ့သူတွေကလဲ ငါဖြစ်နေပြီ၊ ငါရနေပြီဆိုပြီး ဆိုင်းဘုတ်တပ်မထားကြဘူး။ လူသိမှာတောင်စိုးလို့ သိုသိုသိပ်သိပ် နေထိုင်ကြတယ်။

ကိုယ်လုပ်နေတဲ့ လုပ်ငန်းကိုလဲ လူမြင်သူမြင် သိပ်မခံချင်ဘူး။ ဒီလုပ်ငန်းတွေဟာလဲ နည်းစနစ်တွေနဲ့လဲ ဆိုင်တယ်။ နည်းစနစ်မရှိလို့ကတော့ ရေစုန်ကို လက်ပစ်ကူးသလို တစ်ဖက်ကမ်းကို ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။

နည်းစနစ်ကလဲ မှန်၊ သင်ပြတဲ့ ဆရာကလဲ ကောင်းဆိုရင်တော့ လောကီပဲဖြစ်ဖြစ်၊ လောကုတ္တရာပဲ ဖြစ်ဖြစ် အောင်မြင်ကြတာပဲ။

မင်းတော့ ယုံမှာ မဟုတ်ဘူး။ ငါ့သူငယ်ချင်းဆာမိအကြောင်း ပြောပြဦးမယ်။ မင်းမယုံလဲ ပုံပြင်လို သဘောထားပေါ့ကွာ။ သူဟာ ဘယ်လောက်တော်သလဲဆိုရင် နှစ်ကျပ်ခေတ်က အစိုးရထီကို ပေါက်အောင်ထိုးနိုင်တယ်။

ဒါပေမယ့် လောဘသိပ်မကြီးဘူး။ ရာဂဏန်း၊ ထောင်ဂဏန်းလောက်ပဲ သူထိုးယူတယ်။ ငါတို့သူငယ်ချင်းတွေကတော့ သူသိနေလို့ ထီပေါက်တယ် မထင်ဘူး။ ကံရှိလို့ပေါက်တာပဲ ထင်နေကြတာ ဘယ်ဟုတ်မလဲ သူက သိကို သိနေတာကွ။

တစ်နေ့ သူရယ်,ငါရယ်,စံငွေရယ် သူငယ်ချင်းတစ်စု လမ်းလျှောက်ကြတယ်ကွ။ လမ်းလျှောက်ရင်း ဈေးထိပ်



www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်လာကြတယ်။ တိုက်တိုက် ဆိုင်ဆိုင်ပဲ စက်ဘီးနဲ့ ရပ်ရောင်းနေတဲ့ ထီဆိုင်ကို တွေ့ရတယ်။

ငါတို့နှစ်ယောက်ကို ခဏလောက် စောင့်ပါဦး၊ ထီဝင်ထိုးလိုက်ဦးမယ် ဆိုပြီး ထီဆိုင်ထဲ ဝင်သွားတယ်။ ထီစာအုပ် တစ်အုပ်,နှစ်အုပ်ကို လျှောက်လှန်နေတာ တွေ့ရတယ်။

သူလိုချင်တဲ့ ထီစာရွက်တွေ့ရော "ဒါထိုးမယ်"ဆိုပြီး ဆိုင်ရှင်ကို ပြောလိုက်တယ်။ နောက်ပြီး ငွေရာတန်တစ်ရွက်ကို ကမ်းပေးလိုက်တယ်။ ဆိုင်ရှင်က ငွေပြန်အမ်းမယ်လုပ်တော့...

"ပြန်မအမ်းနဲ့ကောင်လေး မင်းယူထားလိုက်။ မင်းဆိုင်မှာ တင်ထားတဲ့ ထီစာရွက်တွေအားလုံးမှာ ဒီစာရွက်ပဲ ပေါက်ဂဏန်းပါတယ်၊ ကျန်တာ မပါဘူး"

လို့ ပြောလိုက်တော့ ဆိုင်ရှင်က စိတ်ဆိုးလို့ ငါတို့လဲ မနည်း ဗိုင်းတောင်းပန်ရသေးတယ်။ အဲ့ထီပေါက်စဉ်တွေလဲထွက်ရော သူ့ဆိုင်က ကျန်တဲ့ ထီစာရွက်တွေ ပေါက်ဂဏန်းမပါဘူး။ သူ ထိုးထားတဲ့ထီက ပေါက်နေတယ်။ ငါးထောင်ကွ'

'တော်လှချည့်လား ဘကြီး၊ ဒီဦးလေးကြီးကော တရားထိုင် ပုတီးစိပ်တဲ့လုပ်ငန်းကို အမြဲလုပ်သလား'


လို့ မေးလိုက်တော့...

'အမြဲ မလုပ်ဘူး။ တစ်ပတ်မှာ သုံးရက်ပဲ ကျင့်တာကွ'

'ဘယ်လိုကျင့်စဉ်တွေကို ကျင့်သလဲ ဘကြီး'

'သုံးရက်လုံးလုံး ထမင်းမစားဘဲ ရေဘူးတစ်လုံးနဲ့ ရေသောက်ကျင့်တာကွ'

'ဒါဆိုရင် အားပြတ်ပြီး လဲမနေဘူး



လား'

'မလဲဘူးကွ သန်သန်မာမာပဲ'

'သူ့ကျင့်စဉ်က ဆန်းလှချည်းလား ဘကြီးရယ်။ ကျွန်တော်တို့ဆို အမြဲတရားထိုင် ပုတီးစိပ်နေတာတောင် အကြားဓာတ်၊ အမြင်ဓာတ်ရတယ်ဆိုတာ ဘကြီးပြောမှ ယုံရတော့မယ် ဖြစ်နေတယ်'

'အဲဒါပြောတာပေါ့ ဘယ်အရာမျိုးမဆို နည်းစနစ်က အရေးကြီးတယ်။ နည်းစနစ်မရှိဘဲ အလုပ်လုပ်နေလို့ကတော့ ခုနက ငါပြောသလိုပဲ ရေစုန်ကို လက်ပစ်ကူးနေသလို တစ်ဖက်ကမ်းကို ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး'

'ဘကြီးကော ဒီပညာရပ်တွေကို လေ့လာ တတ်မြောက်မထားဘူးလား။ လေ့လာ တတ်မြောက်ထားတယ်ဆိုရင် နည်းကောင်းလမ်းကလေး သင်ပြပေးပါဦး'

လို့ ပြောလိုက်တော့ ကျွန်တော်ပြောနေသောစကားကို ဂရုမထားသလို အင်းမလုပ်အဲမလုပ် သရော်ပြုံး ပြုံးနေပါတယ်။

ပြီးမှ...

'ဟကောင်ရ မင်းပြောတော့ မယုံဘူးဆို။ ခုတော့လဲ လိုချင်လိုက်တာ ငမ်းငမ်းတက်ဖြစ်နေတယ် မဟုတ်လား။ ပညာဆိုတာ ဘယ်ပညာ အလကားပဲတင်း မရဘူးကွ'

'ဒါဆိုလဲ တန်ရာတန်ကြေး ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်'

'ကြိုက်သွားပြီ ကိုယ့်လူ... ငါ ပေးရမယ့် တန်ရာတန်ကြေးကတော့ အဲ အချိန်ပဲ'

'ဟာ ဝမ်းသာလိုက်တာ၊ အချိန် ဘယ်လောက်ပေးရပေးရ ကျွန်တော် လုပ်ပါ့မယ်'

လို့ ဝန်ခံလိုက်တော့တယ်။

## ကျင့်စဉ်တွင် လိုအပ်သော ပစ္စည်းများ

၁။ အပိတ်မပါသော အလတ်စားပုံ ဗိုင်း (သို့မဟုတ်) လေးထောင့်သံပုံ တစ်ခု၊

၂။ ခွေးခြေထိုင်ခုံတစ်ခု၊

၃။ သေးငယ်သော မီးခွက်တစ်ခုတို့ဖြစ် ပါသည်။ (မှတ်ချက်။ ။ ဖယောင်းတိုင် မသုံးရပါ။)

ပြုလုပ်ပုံအဆင့်ဆင့်

ပထမဦးစွာ ဆီမီးခွက်ကို ရေနံဆီ ဖြည့်ပါ။ ထို့နောက် မီးခွက်ကို ထွန်း ညှိလိုက်ပါ။ ပြီးလျှင် ထွန်းညှိထားသော မီးခွက်ကို အပိတ်မပါသော သံပုံးဖြင့် စွပ်လိုက်ပါ။

အထဲမှ မီးညွန့် ငြိမ်နေပြီဆိုပါက မီးညွန့်အလယ်မှနေ၍ ပုံးဆီသို့ ထင်ရှား သော အမှတ်အသားမှတ်ပါ။ ထို့နောက် ပုံးကို မီးခွက်မှနေ၍ ချွတ်၍ စောစောက အမှတ်အသားပြုထားသော နေရာကို သေးငယ်သော သံချွန်ဖြင့် အပ်ပေါက် လောက်ဖောက်ပါ။

သံချွန်ဖြင့် ဖောက်ရာတွင် အပေါက် ကျယ်ခြင်း၊ လေးထောင့်ဖြစ်နေခြင်း၊ ရှည်မျောခြင်း လုံးဝ မရှိစေရ။ ထို့ နောက် မီးခွက်ဖြင့် ပြန်ချိန်ပါ။ အနေ



www.burmeseclassic.com

www.burmeseclassic.com

တော်ရပြီဆိုက ရပါပြီ။

### ဘုရားထိုင်ပုံနှင့် ကျင့်ပုံအဆင့်ဆင့်

ထိုင်၍ဖြစ်စေ၊ ကုလားထိုင်နဲ့ ဖြစ်စေ ကျင့်နိုင်ပါတယ်။ ခြင်ကိုက်မခံနိုင်သူများ ခြင်ထောင်ထဲတွင် ကျင့်နိုင်ပါတယ်။

ပထမဦးစွာ မိမိထိုင်နေသောနေရာမှနေ၍ အကွာအဝေး (၃)ပေခွဲနေရာတွင် ထိုင်ခုံကို ဦးစွာချပါ။ ထို့နောက် မီးခွက်ကို ထွန်းပါ။ ပြီးရင် သံပုံးကို စွပ်ချပါ။ အပေါက်သေးဖြင့် မီးခွက်ကို ချိန်ပါ။ ထိုင်ခုံကို နိမ့်ရင် မြင့်ပါ။ မြင့်ရင် နိမ့်ပါ။


အနေတော်ရပြီဆိုရင် မျက်စိမှနေ၍ သံပုံးအထိ (၃)ပေခွဲအထိ အပိုအလိုမရှိဘဲ ထိုင်၍ဖြစ်စေ၊ ကုလားထိုင်ဖြင့်ဖြစ်စေ ကျင့်ပါ။ အချိန်မှာ (၃)နာရီဖြစ်ပါတယ်။ ကျင့်တော့မယ်ဆိုရင် အခန်းကို အမှောင်ချလိုက်ပါ။

မျက်စိသည် မီးစက်ဝန်းကို ကြည့်နေသဖြင့် ကြာရှည် ကြည့်နိုင်မယ်မထင်ပါ။ သို့အတွက်ကြောင့် အာရုံပြောင်းစေရန် သင်နှစ်သက်သော ဂုဏ်တော်တစ်ခုခုကို ရွတ်ပွားနေပါ (သို့မဟုတ်) ပုတီးစိပ်ပါ။

အပေါက်မီးစက်ဝိုင်းသို့ သင်ကြည့်နေစဉ် မျက်စိ၊ နှာခေါင်းတို့မှ မျက်ရည်,နှပ်ရည်များ ကျလာပါလိမ့်မယ်။ လက်ကိုင်ပဝါ (သို့မဟုတ်) အဝတ်စတို့ဖြင့် သုတ်ပစ်၍ရပါတယ်။ မျက်တောင်လဲ ခတ်၍ရပါတယ်။

ထိုင်နေသူများ ညောင်းရင် ပြင်၍ထိုင်ပါ။ မျက်စိကတော့ စက်ဝိုင်းကိုမကြည့်ဘဲ မနေရပါ။ မကြာခဏပြင်ထိုင်ခြင်းတော့ မကြိုက်ပါ။

မိန်းမရှိသူများ မိန်းမဖြင့် ခွဲအိပ်ကပိုကောင်းမယ်ထင်ပါတယ်။ မအိပ်နိုင်




လဲ အပြစ်မရှိပါ။ သက်သတ်လွတ်မစားနိုင်သူများ မစားပါနဲ့။

ဒီကျင့်စဉ်မှာ စူးရှထက်မြက်သောကြောင့် လူတစ်ဦးတစ်ယောက်ကို အကြောင်းမဲ့သက်သက် ဒေါသစိတ်ဖြင့် သေကျေစေရာ သေကျေကြောင်း၊ ဒုက္ခရောက်စေရာ ရောက်စေကြောင်း မပြောဆိုပါနဲ့။ အမှန်တကယ် ဒုက္ခရောက်ပါတယ်။ ပါးစပ်ကို အတတ်နိုင်ဆုံး စည်းစောင့်ပါ။

### ကျင့်စဉ်၏ စည်းကမ်းချက်နှင့် မြင်မှု

၁။ ထိုကျင့်စဉ်ကို စကျင့်၍ ပထမရက်မှ ကိုးရက်အထိ ထူးခြားမှု သိပ်မရှိသေးပါ။

၂။ ကိုးရက်မှ ဆယ့်ရှစ်ရက်အတွင်းတွင် အမျိုးအမည်မသိသော အကောင်ငယ်ကလေးများ အေးပတ်ဝန်းကျင်မှ ပြေးလာ၍ မီးစက်ဝိုင်းအတွင်း ပျောက်ကွယ်သွားလိမ့်မယ်။

၃။ ဆယ့်ရှစ်မှ နှစ်ဆယ့်ခုနစ်ရက်အတွင်း မီးစက်ဝိုင်းထဲတွင် တီဗွီကြည့်နေရသကဲ့သို့ မြင်တွေ့နေရမယ်။

၄။ နှစ်ဆယ့်ခုနစ်ရက်မှ သုံးဆယ့်ခြောက်ရက်အတွင်း မီးစက်ဝိုင်းထဲတွင် မိမိပုံကို ပြန်မြင်ရပါလိမ့်မယ်။

ထိုအချိန်တွင် အများဆုံး သတိထားရန် ဖြစ်၏။ ခိုက်ရန်လဲ အကြီးအကျယ်ဖြစ်တတ်ပါတယ်။ မသွားမဖြစ် ညအိပ်ညနေခရီးများ ပေါ်ပေါက်လာတတ်ပါတယ်။

မိမိဝန်းကျင်ရှိ နာနာဘာဝပုဂ္ဂိုလ်တို့ကို ညအချိန်တွင် တွေ့ရတတ်တယ်။ ညအိပ်ခရီးသွားမိပါက ကျင့်စဉ်ပျက်ပါတယ်။

၅။ သုံးဆယ့်ခြောက်ရက်မှ လေးဆယ့်ငါးရက်အတွင်းတွင် မီးစက်ဝိုင်းအတွင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်အမျိုးမျိုးကို တွေ့ရမယ်။ ထိုရက်များတွင် မေတ္တာ များများပို့ပေးပါ။

အဲဒါဆိုရင်တော့ ကျင့်စဉ် အောင်ပြီပေါ့။ ကျင့်စဉ်အတွင်းတွင် အရက်သောက်ခြင်းနဲ့ သူများသားမယားတို့ကို ပြစ်မှားမိသော် ကျင့်စဉ် ပျက်ပါတယ်။ အစမှ ပြန်လုပ်ပါ။ ရန်ဖြစ်ရင်လဲ ပျက်ပါတယ်။

(မရှင်းလင်းသူများ ပုံတွင်ကြည့်ပါ။)

**ကျော်ကျော်ဟိန်းစိုး**



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နှန်းစန္ဒာ တိုင်းရင်းဆေးခန်း

# ဆရာမ ဒေါ်မြင့်စန်း (သိမ်ဖြူ)

## တဆ-၁၁၅၇ နှင့် တွေ့ဆုံဆွေးနွေးခဲ့သော မီးယပ်ဖြူဆင်းနှင့် ပတ်သက်၍ သိကောင်းစရာများ

မြောင်းမြ မောင်ယဉ်တင်



ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ) တဆ-၁၁၅၇

မီးယပ်ဖြူဆင်းခြင်းဟာ မျိုးဆက်ပွားနိုင်တဲ့အရွယ် အမျိုးသမီးတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားတစ်ခု ဖြစ်ပါတယ်။ တစ်လတစ်ကြိမ် သားဥကြွေချိန်မှာ ပုံမှန်မီးယပ်ဖြူဆင်းခြင်းရှိသလို မှိုပိုးကြောင့်ဖြစ်စေ၊ ဂနိုရောဂါကြောင့်ဖြစ်စေ၊ ရောဂါတစ်ခုခုကြောင့် မီးယပ်ဖြူ ဆင်းတတ်ပါတယ်။

အမျိုးသမီးတိုင်း ဖြစ်တတ်လေ့ရှိတဲ့ မီးယပ်ဖြူဆင်းရောဂါနဲ့ ပတ်သက်ပြီး သိထားသင့်သည်များနဲ့ ကာကွယ်ကုသနည်း အချက်အလက်အကြောင်းအရာများကို ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ကို ရောက်တဲ့အခါ အမျိုးသမီး တိုင်းရင်းဆေးဆရာမ ဒေါ်မြင့်စန်း (သိမ်ဖြူ)နဲ့ ဆွေးနွေးခဲ့ပါတယ်။

ဆရာမဒေါ်မြင့်စန်းက သိမ်ဖြူဆရာတော် ရှင်နာဂသေနာဘိဝံသနဲ့ သိမ်ဖြူဆရာကြီး ဦးအောင်ကျော်တို့ရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။ ဆေးကုသက်နှစ်(၃၀)ကျော်နေပြီဖြစ်တဲ့ ဆရာမဒေါ်မြင့်စန်းနဲ့ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❒ "ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးချင်တာကတော့ မီးယပ်ဖြူဆင်းရောဂါ သိကောင်းစရာများကို ဆွေးနွေးချင်ပါတယ်။ ခု ပထမ မီးယပ်ဖြူဆင်းရောဂါရဲ့ သဘောသဘာဝကို ပြောပြပေးပါ"

❍ 'မီးယပ်ဖြူဆင်းခြင်းဟာ အမျိုးသမီးတိုင်းရဲ့ သဘာဝတရားတစ်ခုပါ။ ဖြစ်ရိုးဖြစ်စဉ်မို့ သဘာဝတရားလို့ ပြောလို့ရပေမယ့် သဘာဝထက်ပိုပြီးဖြစ်ရင် ရောဂါလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

မြန်မာဝေါဟာရအရ မီးယပ်ဖြူဆင်းခြင်းကို တိုင်းရင်းဆေးပညာဝေါဟာရအရ **သေတပဒရ**ရောဂါလို့ ခေါ်ပါတယ်။

သည်းခြေဒေါသတို့ဟာ သားအိမ်အတွင်းရှိ သွေးမာတ်များကို လောင်ကျွမ်းတဲ့အတွက် နီရာမှ ကြက်ဥအကာရည်များပမာ အဖြူရောင်ဖြစ်ကာ အပါနလေနဲ့ ပေါင်းစပ်ပြီး ယောနိမှ အဖြူရည်များ ကျဆင်းခြင်းကို မီးယပ်ဖြူဆင်းလို့ ခေါ်ပါတယ်။ သိပ္ပံပညာရှင်များက ရာသီဖြူဆင်းခြင်းလို့ ခေါ်ကြပါတယ်'

❒ "မီးယပ်ဖြူဆင်းခြင်းကို ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပေးပါဦး"

❍ 'မီးယပ်ဖြူဆင်းခြင်းကို ဖြစ်စေတဲ့ အကြောင်းများကတော့ အတော်များပါတယ်။ အဲဒီအကြောင်းများကတော့...

၁။ အညောင်းထိုင်မှုများခြင်း၊

၂။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊

၃။ ပူ,ခါး,စပ် အရသာရှိသော ဆေး, အစာအများကို စားသုံးမှုများခြင်း

၄။ ပဋိဇီဝဆေးများ လွန်ကဲစွာ သုံးစွဲခြင်းနှင့် ပုံမမှန် သုံးစွဲခြင်း။

၅။ အာဂန္တုကခေါ် ပြင်ပအကြောင်းများဖြစ်သည့် သားအိမ်အား



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်ဒဏ်ဖြစ်ခြင်း၊ ကာလသားရောဂါ၊ ဂနိုရောဂါကဲ့သို့သော ကူးစက်ရောဂါပိုး ရှိသူများနှင့် လိင်ဆက်ဆံမှုပြုခြင်း။

၆။ သားအိမ်တွင်း သန္ဓေတားပစ္စည်း ထည့်သွင်းခြင်းကြောင့် ဓာတ်မတည့်ခြင်းနှင့် ပုံမမှန်ဖြစ်ခြင်း၊

၇။ ကိုယ်ဝန်ပျက်ခြင်း။

၈။ သားအိမ်ကျခြင်း၊

၉။ သွေးဆုံးပြီးနောက်ပိုင်း ယောနိလမ်းကြောင်းများ၌ အစိုဓာတ်နည်းပါးခြင်း၊

၁၀။ မေထုန်မှု လွန်ကဲခြင်း၊

၁၁။ မီးတွင်း၌ မီးလိုခြင်း (သို့မဟုတ်) မီးတွင်းမီးမကျက်ခြင်း၊

၁၂။ ခရီးရှည် အသွားများခြင်း။

၁၃။ သားအိမ်နှင့် မျိုးပွားလမ်းတစ်လျှောက် ရောဂါများဖြစ်ခြင်း (သားအိမ်ခေါင်း ကင်ဆာရှိနေခြင်း)၊

၁၄။ နာတာရှည်ရောဂါတစ်ခုခု စွဲကပ်ခြင်း၊

၁၅။ တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိခြင်း၊

၁၆။ ပူသောရာသီဥတု နေရာဒေသတွင် တာရှည်ရပ်၍ အလုပ်လုပ်ရခြင်း၊

၁၇။ စိတ်သောက များခြင်း၊

၁၈။ တင်းကျပ်သော အတွင်းခံများ ဝတ်ဆင်ခြင်း၊

၁၉။ မသန့်ရှင်းသော အတွင်းခံများ ဝတ်ဆင်ခြင်း

စသည်တို့ဟာ မီးယပ်ဖြူဆင်းသော ရောဂါကို ဖြစ်စေနိုင်သော အကြောင်းများ ဖြစ်ပါတယ်'

❒ 'မီးယပ်ဖြူဆင်းခြင်းရဲ့ နက်ရှိုင်းမှုများကိုလဲ သိပါရစေ'

❍ 'ယောက်ျားမှာဆီး၊ မိန်းမမှာမီးဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ယောက်ျားများ ဆီးရောဂါဖြစ်လာရင် အသက်အန္တရာယ်နီးသလို မိန်းမများ မီးယပ်ရောဂါဖြစ်လာရင် အသက်အန္တရာယ် နီးကပ်ပါတယ်။

ကြိုတင် သွေးဆုံးတဲ့ အမျိုးသမီးတို့မှာ သားအိမ်၌ ပိုမိုလောင်ကျွမ်းခြင်းခံရမှု (သို့မဟုတ်) ဆီးရောဂါဆိုးရှိတဲ့ အမျိုးသားများနဲ့ ဆက်ဆံခြင်းများခဲ့မှု (သို့မဟုတ်) ပင်ကိုကပင် ဆီးပူရောဂါရှိနေမှုတို့ကြောင့် ဖြစ်ပါတယ်။

သားအိမ်တစ်လျှောက်၌ တင်းခြင်း၊ ရောင်ခြင်း၊ ကိုက်ခဲခြင်းများလဲ ဖြစ်တတ်ပါတယ်။ ညို၊ ပြာ၊ ဝါ၊ နက်စတဲ့ ရောင်စုံ သွေးအညစ်အကြေးများလဲ အနည်းငယ် ဆင်းတတ်ပါတယ်။ ဆီးအောင့်ခြင်းနဲ့လဲ ယှဉ်တွဲဖြစ်တတ်ပါတယ်။

မီးယပ်ဖြူဆင်းရာမှာ နှစ်မျိုး ရှိပါတယ်။ သာမန်အဖြူဆင်းခြင်းနဲ့ အညစ်အကြေးများရောပြီး လွန်စွာ အနံ့ဆိုးလျက်ဆင်းခြင်း နှစ်မျိုးရှိတဲ့အနက် သာမညဆင်းခြင်းကို သာမန်ဆေးနဲ့ သက်သာပျောက်ကင်းနိုင်ပေမယ့် နက်ရှိုင်းသော မီးယပ်ဖြူဆင်းခြင်းကို ရှေးအခါက "**ယောနိအိုင်းနာ**" လို့ ခေါ်ပါတယ်။ ယောနိအဖျူဒရောဂါတွင် အပါအဝင်ဖြစ်သွားကာ သက်သာပျောက်ကင်းသူ ရှားပါတယ်။

အချို့ အရွယ်ရောက်စ အမျိုးသမီးများက ပိန်ကြုံခြောက်ကပ်ကာ အသားများပုရှိန်းပြီး ဖျားနေသကဲ့သို့ဖြစ်ခြင်း၊ ကြက်ကိုယ်၊ ကြောင်ကိုယ်ကဲ့သို့ ဖြစ်ခြင်းများလဲ တွေ့ရပါတယ်။

အဲဒီလိုဖြစ်ရခြင်းဟာ ပူ၊ စပ်၊ ချဉ်သော အစာအာဟာရတို့ကို စားသုံးမှုများခြင်း၊ အပင်ပန်းခံလွန်းခြင်း၊ ပူပင်စိတ်သောက များခြင်းတို့ကြောင့် တစ်နေ့တခြား သွေးသား ခန်းခြောက်လာပြီး ပိန်ချုံးလာခြင်း၊ လစဉ် ဓမ္မတာသွေးမမှန်ခြင်း၊ သွေးအန်ခြင်း၊ နှာခေါင်းသွေးလျှံခြင်းတို့မှ မီးယပ်ညောင်းဆင်းခြင်းများ ဖြစ်လာတတ်တာကို တွေ့ရှိရပါတယ်'

❒ 'ဆီးပူညောင်းကျရောဂါဟာ အမျိုးသား အမျိုးသမီး မခွဲခြားဘဲ ဖြစ်တာ တွေ့ရပါတယ်၊ အမျိုးသမီးများ ဆီးပူညောင်းကျရောဂါ ဖြစ်ပြီဆိုရင် ဘယ်လိုလက္ခဏာတွေ ရှိတတ်ပါသလဲ၊ ပြောပြပေးပါဦး'

❍ 'ဆီးပူညောင်းကျရောဂါဟာ ကမ္ဘာပေါ်မှာ ယောက်ျားနဲ့မိန်းမ နှစ်ဦးစလုံး ဖြစ်နိုင်ပါတယ်။ အမျိုးသမီးများ ဆီးပူညောင်းကျရောဂါ ခံစားရပြီဆိုရင် အောက်ပါလက္ခဏာများ တွေ့ရှိရပါတယ်။

၁။ ဆီးကိုစစ်ကြည့်တဲ့အခါ ဆီးထဲမှာ ထိုပိုးကို တွေ့ရခြင်း၊

၂။ လူပိန်၍ ရုပ်ညိုးနွမ်းခြင်း၊

၃။ ဆီးဟာ အမြဲလိုလိုပူခြင်း၊

၄။ စိတ်အာရုံ ထိုင်းမှိုင်းခြင်း၊

၅။ လှုပ်ရှားမှု လေးလံခြင်း၊

၆။ အသားအရေ ညစ်ထေးခြင်း၊

၇။ မျက်လုံးများ မှုန်မှိုင်းခြင်း၊

၈။ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊

၉။ ယောနိ၊ သားအိမ်တို့ ကိုက်ခဲခြင်း၊

၁၀။ ယားယံခြင်း၊ နာကျင်ခြင်း၊

၁၁။ အဖျားရောဂါနှင့်အတူ ယှဉ်တွဲဖြစ်တတ်ခြင်း၊

၁၂။ မျက်ရိုးကိုက်ခြင်း၊ ကိုယ်သားကိုယ်ရေပူခြင်း၊

၁၃။ ကိုယ်သားကိုယ်ရေ ဖြူဖျော့ခြင်း၊

၁၄။ ကိုယ်လက်ညောင်းညာ ကိုက်ခဲခြင်း၊

၁၅။ အားအင်ကုန်ခန်း မောပန်းခြင်း၊

၁၆။ နှလုံးတုန်ရင်ခုန်ခြင်း၊ မူးဝေထိုင်းမှိုင်းခြင်း၊ စိတ်မကြည်မလင်ခြင်း စတဲ့ လက္ခဏာရပ်များအပြင် မိန်းမကိုယ်ကနေ ပုံမမှန် အဖြူ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းခြင်း ၊အဖြူဆင်းတဲ့အခါမှာလဲ ငါးညှီနံ့လို ညှီစို့စို့အနံ့မျိုး ရနေပြီဆိုရင်တော့ ပုံမှန်အဖြူဆင်းခြင်းမျိုး မဟုတ်တော့ပါဘူး။ ရောဂါလွန်နေပြီလို့ ပြောနိုင်ပါတယ်။ ယောနိမှ ပူသောခံစားမှုနဲ့ ဆင်းခြင်း၊ တစ်ခါတစ်ရံ ဆီးအောင့်ခြင်းနဲ့လဲ ယှဉ်တွဲတတ်ပါတယ်'

❒ 'ဆရာမ အထက်မှာ ပြောခဲ့တဲ့ ရောဂါအခြေအနေဆိုးနေတဲ့ ရောဂါရှင်တွေအတွက် ဆောင်ရွက်ချက်များကို ဆက်ပြီး ပြောပြပေးပါဦး'

◯ 'အဲဒီလို ရောဂါအခြေအနေဆိုးတဲ့သူတွေကို သောက်ဆေး၊လိမ်းဆေးအပြင် ဖန်ထိုင်ဆေးပါ ပေးရပါတယ်။ ပြင်းထန်စွာ အနံ့ဆိုးရွှားပြီး အဆက်မပြတ် မီးယပ်ဖြူ ဆင်းနေရင် တြိဖလပြုတ်ရည်တွင် ဖန်ဆေးမှုန့်ထပ်ထည့်ပြီး ခပ်နွေးနွေးအနေအထားတွင် သားအိမ်အား တစ်ပတ်(၂)ကြိမ်ခန့် ဆေးပေးစေပါတယ်။

ပူ၊ စပ်၊ ခါး၊ ချဉ် အရသာရှိတဲ့ဆေး၊ အစာအာဟာရများစားသုံးခြင်း၊ နေပူမီးပူခံခြင်း၊ မေထုန်မှုပြုခြင်း၊ ကြမ်းတမ်းသောယာဉ်များ အစီးများခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကို လုံးဝ ရှောင်ကြဉ်စေပါတယ်။

အေး၊ ချို၊ ဆိမ့်၊ မွှေးသော ဆေး၊ အာဟာရများစားသုံးခြင်း၊ အိပ်ရေးဝဝအိပ်စေခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေများများ သောက်ပေးခြင်းတို့ကို ပြုလုပ်စေပါတယ်။

သားအိမ်ကင်ဆာရောဂါလို့ သက်မကောင်းသူများနဲ့ နာတာရှည်ရောဂါပုံစံဖြစ်ပွားနေသူများကို တတ်သိကျွမ်းကျင်သော တိုင်းရင်းဆေးဆရာ၊ ဆရာမ (သို့မဟုတ်) သိပ္ပံနည်းကျ မီးယပ်ရောဂါကု ဆရာဝန်များထံ ညွှန်ပြပြီး ဆေးခန်း၊ ဆေးရုံများကို လွှဲပြောင်းပေးရ... ဖြစ်ပါတယ်'

❒ 'ခုလို မီးယပ်ဖြူဆင်းရောဂါနဲ့ ပတ်သက်ပြီး လိုရင်း တိုရှင်း ... ပြောကြားပေးခဲ့တဲ့အတွက် ကျေးဇူး... တင်ကြောင်း ပြောပါရစေ'

◯ 'ဆရာမ ဒေါ်မြင့်စန်းနဲ့ ဆက်... သွယ်နိုင်တဲ့လိပ်စာကတော့...

ဆရာမ ဒေါ်မြင့်စန်း (သိမ်ဖြူ)
နန်းစန္ဒာတိုင်းရင်းဆေးကုစ...
အမှတ်(၂၃)၊ မင်္ဂလာလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၁၀၇၇၀
ဆေးခန်းဖွင့်ချိန်
နံနက် (၇)နာရီမှ ညနေ (၅)နာရီအ...
(ဥပုသ်နေ့တိုင်း ပိတ်ပါသည်)

မြောင်းမြ မောင်ယဉ်တင့်


၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွင်း


# လာဘ်လာဘ

ရွှင်လန်းစေဖို့

ဇူလိုင်လတွင် ငွေကြေးဆိုင်ရာ အခက်အခဲ ပြဿနာများ ပြေလည်၍ လာဘ်လာဘ ရွှင်လန်းစေရန်အတွက် လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိသည့် ပစ္စည်းတစ်မျိုးကို အောက်ပါအတိုင်း မိမိတို့ မွေးနှစ်အလိုက် လှူဒါန်းဒါန ပြုနိုင်ပါသည်။

* * * ⟶

**ဥပမာ။** ။ ကျားနှစ်တွင် မွေးသူတို့သည် လိမ္မော်သီး(၄)လုံးကို ကြာသပတေးနေ့တွင် အရှေ့တောင်ထောင့်အရပ်ရှိ တနင်္ဂနွေသားသမီး



အား လှူဒါန်းဒါနပြုကာ သမ္မာဒေဝတို့အား တိုင်တည်လျှက် ငွေကြေးလာဘ် လာဘများ ရွှင်လန်းဝေဆာစေရန် ... တောင်းပါ။

*လာဘ်လာဘ ရွှင်လန်းကြပါစေ...*

ထက်မင်းကျော်စွာ

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| နွား ကျား | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပ... |
| ယုန် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နဂါး မြွေ | ၁ | မြောက် | အင်္ဂါသားသမီး | သောကြာ |
| မြင်း | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ဆိတ်၊ မျောက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ကြက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသ... |
| ခွေး ဝက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |




www.burmeseclassic.com

www.burmeseclassic.com





# ယုံကျပြီး ရွှေသားအစစ် (၁)

ရွှေတောင် ဘိုမြောင်ကြည်

စနေ,တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ ဖိုးဟန် မီးကစားတယ်။ အဂ္ဂိရတ် ထိုးတယ်။ အိမ်မှာ လေးထပ်ဖိုလေး ရှိပေမယ့် အိမ်မှာ ဖိုခွင် မဝင်ဘူး။

ဘကြီးဦးတက်တိုး ဖိုခွင်မှာ မီးကစားတာပါ။ စနေ,တနင်္ဂနွေနေ့တိုင်း မနက် (၈)နာရီထိုးတာနဲ့ ဘကြီးဦးတက်တိုး အိမ်ကို ဖိုးဟန် ရောက်နေပြီ။

ဘကြီးကလဲ ရေနွေးပွဲနဲ့ ကြိုတယ်။ လက်ဖက်သုပ်ကတော့ နေ့တိုင်း။ ကြွေရေနွေးကရားလေး တစ်လုံးကလဲ အပြည့်။ ရေနွေးဓာတ်ဘူးနှစ်လုံးကလဲ အပြည့်အလျှံ ဝန်းရံ။

ရေနွေးဝိုင်းမှာ လူစုံရင် (၄)ယောက်၊ လူမစုံရင် (၃)ယောက်။ ဘကြီးဦးတက်တိုးရယ်၊ ဦးညွန့်မောင်ရယ်၊ ဦးအုန်းရွှေရယ်၊ ဖိုးဟန်ရယ် လေးယောက်သား ဆုံမိပြီဆိုရင် လူစုံတက်စုံ။

တစ်ခါတစ်ရံ ဦးအုန်းရွှေက မလာတတ်ဘူး။ မလာမသွား ရှိတဲ့အခါ ရှိတယ်၊ သူ ရောက်မလာရင် (၃)ယောက်၊ လူမစုံတက်မစုံ တစ်ခုခု လိုနေသလို ဟာတာတာကြီး။

အဲဒီအခါ ဘကြီးက...

'မောင်အုန်းရွှေကွာ မလာဘူး။ ဒီကောင် ခက်တော့တာပဲ'

လို့ ညည်းညည်းညူညူ ပြောတတ်တယ်။

ဦးအုန်းရွှေ ရောက်လာတဲ့ နေ့များမှာဆိုရင် ဝိုင်းကို စိုပြည်နေတာ။ ပြောလိုက်ကြတဲ့ အဂ္ဂိရတ်အကြောင်းတွေ။ ဘာမှလဲ ဖြစ်မလာဘူး၊ အရာမထင်ဘူး။ အကုန်ကုန်။ အဲဒီအချိန်က ပြဒါးတစ်ကျပ်သားကို (၄)ကျပ်။ လက်ကျန်မရှိအောင်ကို ထိုးပစ်တာ။ ရှိထည့်၊ ရှိထည့်။ မရှိမယ့် ရှိမယ့်။

'ဖိုးဟန် မင်းဘကြီးက ခေသူမဟုတ်။ ရွှေဖြစ်တဲ့သူကို အိမ်ပေါ်တင်ထားခဲ့တာ၊ တပည့်ခံခဲ့တာ၊ အတူနေခဲ့တာ သူသာ ဘာမှမဖြစ်တာ မေးကြည့်'

လို့ ပြောတော့ ဖိုးဟန်မှာ သိချင်လိုက်တာ။ ဘကြီးကို ကြည့်လိုက်တော့...

'အေး ဟုတ်တယ် အဖေရှိတုန်းက မင့်ကို မွေးတောင် မမွေးသေးဘူး'

ဒါဆို ကြာပြီပဲ။ ဘကြီးရဲ့အဖေက ဦးမြတဲ့၊ အမေက ဒေါ်လှသွယ်။ ဦးမြကိုတော့ ဖိုးဟန် မြင်ဖူးလိုက်တယ်။ ဒေါ်လှသွယ်ကိုတော့ မမီလိုက်ဘူး။

ဦးမြက တရုတ်မော်သူကြီး။ ခရိုင်တို့၊ မြို့နယ်တို့ကို ဟိုတုန်းက အခေါ်က တစ်မျိုး။ ရွှေတောင်က ရွှေတောင်စီရင်စု။ ပြည်က ပြည်ဒိစတိတ်။

ပြည်ဒိစတိတ်၊ ရွှေတောင်စီရင်စု တရုတ်မော်တိုက်နယ်။ တရုတ်မော်က တိုက်နယ်ဆိုတော့ ဦးမြက တိုက်သူကြီး။ နှစ်လုံးပြူးသေနတ် ကိုင်ရသူ။ နာမည်ကောင်းလက်မှတ်နဲ့ ငါးလုံးပြူးသေနတ်လဲ ရထားသူ။

ဟိုခေတ်ကတော့ (၁၁)အိုးဝံစုကို

F.25A. July, 2013.



www.burmeseclassic.com

www.burmeseclassic.com

ပိုင်တာ။ အခုခေတ်လိုဆိုရင် အုပ်စု (၂၀)ကျော်ကို ပိုင်တာ။ သူက ဒါဆိုဒါ။ ဟိုဟာမရဘူး။ သူပြီးမှ ပြီးရတာ။ အထက်ကိုလဲ အကြီးအကျယ် ဝင်ဆံ့တာ။

သူ့ဖခင်တိက ညောင်စာရေး။ ညောင်စာရေးကနေ တရုတ်မော်မှာ လာပြီး အိမ်ထောင်ကျတာ။ သူ့ညီ ဦးဖိုးသီးကလဲ တရုတ်မော်သူနဲ့ပဲ ရတာ။

ဦးဖိုးသီးမှာ မြင်းဖြူကြီးတစ်ကောင်ရှိတယ်။ နာမည်က ဝေလာ။ ဝေလာကို စီး,စီးပြီး ဦးဖိုးသီး ခရီးသွားတတ်တယ်။ တရုတ်မော်ရွာကိုလဲ (၇)ရက်တစ်ခါ ပတ်,ပတ်ပြီး မြင်းစီးတယ်။


မြင်းကုံးထိပ်မှာ ဆာလာအိတ်ကလေးတစ်လုံး ချိတ်ထားတယ်။ ဆာလာအိတ်ကလေးထဲမှာ ငွေဒင်္ဂါးတွေက အပြည့်။

တရုတ်မော်ရွာရဲ့ တောင်ဖျား, မြောက်ဖျားနဲ့ အရှေ့ဖျားကို ရောက်ပြီဆိုရင် မြင်းကို အသားကျ ဖြည်းဖြည်းလေးစီးတယ်။ မြင်းစီးတာများ တယ်လှဆိုပဲ။ မြင်းကလဲ ဆတ်ကော့လတ်ကော့။ လူကလဲ ကြော့ကြော့မော့မော့ လူရည်ချော။

တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး ရွာစွန်ရွာဖျားက မိသားစုတွေကို တစ်အိမ်ထောင်၊ တစ်အိမ်ထောင် ငွေဒင်္ဂါးတစ်ပြားစီ၊ တစ်ပြားစီ ပစ်,ပစ်ပြီး ပေးသွားသတဲ့။ အလွန် စေတနာကောင်းတယ်ဆိုပဲ။

ဟိုခေတ်က ငွေဒင်္ဂါးတစ်ကျပ် နည်းမှတ်လို့။

ဦးဖိုးသီးက ရက်ပတ်နဲ့ လာတာဆိုတော့ နွမ်းပါးတဲ့သူတွေမှာ အဲဒီရက်ကို စောင့်ကြရတာပေါ့။ မျှော်တော်ဖောနဲ့ မောခဲ့ကြတယ်။ အဲဒီရက်ကို ရောက်



ပါစေ။ မြန်မြန်လာပါစေ။

အဲဒီအထိတော့ ဖိုးဟန် သိတယ်။ အဖေ ပြောပြထားတာ။

မသိတာက ဦးညွန့်မောင်ပြောတဲ့ အင်္ဂရတ်ဆရာကြီးအကြောင်း။ မသိရင် မေးမှ၊ မစင်ရင်ဆေးမှ။ မေးကို မေးရမယ်။ ဖိုးဟန်က…

'ဘကြီး ပြောပြပါဦး'

ဆိုတော့ ဘကြီးက ပြုံးတယ်။

'ဆရာကြီးက ရွှေဖြစ်ပေမယ့် တစ်ခါတလေ မီးပေးမီးယူမှားရင် ပျက်သွားတာလဲ ရှိတယ်'

ဆယ်ကြိမ်မှာ တစ်ကြိမ်ပျက် ဖိုးဟန် လက်ခံတယ်။ ပျက်လိုက်စမ်း တစ်ကြိမ်၊ ကိုးကြိမ်ကအဖြစ် ရွှေအနှစ်။

'တို့ ညံ့တယ်ကွာ ပညာမရလိုက်ဘူး'

'နာလိုက်တာ ဘကြီးရယ် ပညာရှင်ကို အိမ်ပေါ်တင်ထားပြီးတော့'

'ဟ…အဲဒီခေတ်က ရွှေတစ်ကျပ်သားကို ငွေဒင်္ဂါး(၁၅)ပြားပဲ ပေးရတယ်။ အဖေနဲ့အမေတို့က နှစ်ဖက်မိဘချမ်းသာကြတယ်။ အဖေက တိုက်သူကြီး။ ဘယ်နှိုက်နှိုက်၊ ညာနှိုက်နှိုက် ငွေဒင်္ဂါးက အိတ်လိုက်၊ အိတ်လိုက်'

ဟုတ်တာပေါ့။ ဖိုးဟန်တို့ ငယ်ငယ် (၅)နှစ်၊ (၆)နှစ်သားလောက် ကလေးအရွယ် တူပုန်းတန်း ကစားကြတဲ့အခါ စပါးထည့်တဲ့ ကိုထောင်ကြီး(၃)လုံး အောက်မှာ ပုန်းခဲ့ကြတာပဲ။

စပါးတစ်သောင်းဆံ့တဲ့ ကိုထောင်ကြီးတွေ။ ကိုထောင်အောက်မှာ ကွန်က…ကိုင်ထားတဲ့ အုတ်မြောင်းတွေ ခံထား…တယ်။ မြောင်းလိုက်ကြီးတွေ။ အုတ်…မြောင်း တစ်မြောင်း တစ်မြောင်းက…အရှည်ကြီး။

မြောင်းတွေကြားမှာ တူပုန်းကြတာ…မြေပြင်မှာ ပြားကပ်ပြီး ဝပ်နေလိုက်ရ…ပုန်းသူကို မိဖို့ မလွယ်ဘူး။ လိုက်တဲ့သူ…မှာ ဒေါင်ချာစိုင်းနေတော့တာပဲ။ လိုက်…သူဘဝက မကျွတ်နိုင်တော့ဘူး။

'အဲဒီတော့ ရွှေဖြစ်တဲ့ အင်္ဂရတ်မီး…အတတ်ကို အထင်မကြီးဘူးပေါ့ကွာ…အဲဒီခေတ်မှာ တို့လိုချင်တာက ကာယ…သိဒ္ဓိ။ တကယ်လဲ ပြီးချင် စီးချင်ကြတာ…ကလား။ ဆရာကြီးက စီရင်ပေး…တယ်။ တစ်ယောက် တစ်လုံး…မြွေလေးစင်း၊ မင်းလေးပါး။ စိန်,ဆေး…ကန့်,ဟင်း'

'ဘယ်သူတွေ ရကြသလဲ'

'ကြခင်းက မောင်ဘတင်က…တစ်လုံး၊ အဖေက တစ်လုံး၊ မောင်ဘ…သောင်းက တစ်လုံး၊ ငါက တစ်လုံး'

'ဆရာကြီးက တရုတ်မော်ကို ဘယ်…လိုရောက်လာတာလဲ ဘကြီး'

'အေး ပြောပြမယ် နားထောင်'

ဘကြီးဦးတက်တိုး ပြောပြတဲ့…ဇာတ်လမ်းက ဒီလို…

* * *

ကျုပ်နာမည် ဦးမြိုင်။ လူတကာ…ခေါ်ကြတာက ဘမြိုင်။ ကျုပ် ဆရာ…တော်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ရဟန်း…မြတ်တစ်ပါး။ ရတနာပုံ မန်းနေပြည်…တော်က စာတတ်ပေတတ် အကျော်…ဆရာတော်တစ်ပါး။

'ဆရာတော်က ကျုပ်တို့ရွာကို ကြ…ရောက်လာတော့ ကျုပ်က ဆယ့်သုံး…လေးနှစ်သား လူပျိုပေါက်။


ဆရာတော့် ထံမှောက်မှာ ပညာ





www.burmeseclassic.com

www.burmeseclassic.com



သင်။ ကိုရင်ဝတ်နဲ့ကတင် အကြာကြီး။ (၅)နှစ်ကျော်ကျော် (၆)နှစ်နီးနီး။ မြန်မာစာလဲတတ်၊ ပါဠိစာလဲတတ် စာတတ်ပေတတ်ဖြစ်လာ ကျုပ်တို့ရွာမှာ။

သေစာရှင်စာတောင် မဖတ်တတ်တဲ့ ဘမြိုင်။ ဆရာတော့် ကျေးဇူးကြောင့် စာကြီးပေကြီးနဲ့ နီးခဲ့ရတယ်။ ကျမ်းပေါက်သော်လဲ အထိုက်အလျောက်တော့ ကျမ်းလျှောက်နိုင်ခဲ့တယ်။

ဆရာတော်ရဲ့လက်သပ်မွေး တပည့်ဦး ကျောင်းသားကြီး။ သာမဏေဘဝမှာ ကျုပ်ကဖိုဆွဲ၊ ဆရာတော်က အမြဲမီးကစားတယ်လေ။ ရက်ကနေ လ၊ လကနေ နှစ်။ (၁)နှစ်၊ (၂)နှစ်မက လေး,ငါးနှစ်ကျော်ကျော်။

ဆရာတော်က ဖိုပညာ,ဓာတ်ပညာကို လက်တွေ့နဲ့ ဟပ်ဟပ်ပြီး ဟောဖော်ညွှန်ပြ ဆိုဆုံးမတယ်။ ပညာပေးတယ်။

ဖိုခွင် လုံထား ဆေးတစ်ပါးတဲ့။ မီးနေမီးထား ဆေးတစ်ပါးတဲ့။ နှစ်ခုပေါင်းမှ မီးပညာတဲ့။ နည်းပညာကို မီးပညာနဲ့ ပေါင်းရမတဲ့။ အဲဒါမှ အဂ္ဂိရတ်မီး အတတ်တဲ့။

အဂ္ဂိရတ်မီးပညာမှာ ဆရာက အသီးသီး၊ နည်းက အသွယ်သွယ်။ အမည်တွေက များလှ။ အယူအဆတွေ မတူ။ မူတွေက ကွဲပြား။ ရည်ရွယ်ထားကြတာကတော့ တစ်ခုတည်း။

ထွက်ရပ်သွားမလား၊ လုပ်ရတ်ပဲလား။ လမ်းစဉ်တောင် နှစ်ပါး။

ဆရာတော်က နှစ်စွယ်အစုံ အကုန်တတ်တယ်။ ထွက်ရပ်စခန်းမြန်းဖို့ ကြိုးပမ်းနေသလို လုပ်ရတ်မှာ ရွှေဖြစ်၊ ငွေဖြစ်ကို ရွှေပြာငွေပြာ ပစ်လို့ အောင်မြင်နေပြီ။

ဒကာ,ဒကာမတို့ ချမ်းသာကြွယ်ဝကြလေပြီ။

ဆရာတော်ရဲ့ ရိက္ခာထောက် စားလမ်း။ လမ်းမျိုးကို အတော်စုံမယ်ထင်တယ်။ ကျုပ်ကို သင်ပေးခဲ့တာတောင် အများသား။ ပြဒါးလမ်း၊ ဘော်ဝါလမ်း၊ ကြေးဖြူလမ်း၊ နာရဏီလမ်း လမ်း... လမ်း...လမ်း...

အကုန်အစင်တော့ ကျုပ်မသိဘူး။ သိလဲ သိထိုက်တဲ့အရာ မဟုတ်လေဘူး။ ထူးခြားဆန်းကြယ်တဲ့ပညာ၊ မသူတော်တွေလက်ထဲ မရောက်အောင် လျှို့ဝှက်ထားတဲ့ပညာ၊ လျှို့ဝှက်အပ်တဲ့ပညာ။

ဒီပညာလွယ်မှတ်လို့ လိုက်စားကြည့်ပါ။ ခက်ခဲနက်နဲတဲ့ ရတနာပညာ။

အဂ္ဂိရတ်မီးအတတ်နဲ့ ကိတ်ဓာတ်မြတ်မဟာ ရွှေဆိုတာကြီးကို ဖြစ်အောင်မှ မကြံနိုင်ရင် ထွက်ရပ်မြန်းဖို့များ မစဉ်းစားလေနဲ့။ ရွှေဖြစ်ဆိုတာ ထွက်ရပ်လမ်းရဲ့ အခြေခံပင်မ။

ဒယ်အိုးနဲ့သာ ရွှေဖြစ်ပြီဆိုရင်တော့ မကြာဘူး။ အသင့်ပြင်ထားပြီ။ အနည်းဆုံး(၃)နှစ်၊ အလွန်ဆုံး(၅)နှစ်။ ရစ်နေတဲ့ သံယောဇဉ်တွေ အကုန်ဖြတ် ထွက်ရပ်မြန်းပြီပဲ။

အမီလိုက်ဖို့ကတော့ လေဖမ်းပြီး ဒန်းစီးသလို နေမယ်။

မြင်မြင်ထင်ထင် "အရှင်ထွက်လား"။

အတ္တိမနောက်ဆုံးခရီးကို လာကြတဲ့ ရွှေပွဲလာပရိသတ်တို့ရဲ့ အလယ် မြင်ကွင်းရှေ့မှာ **"မသေသော ရုပ်ပန"** နဲ့ ထွက်ရပ်စခန်း မြန်းကြမှာလား။

တစ်ခုခုတော့ တစ်ခုခုပဲ။ နှစ်ခုထဲက တစ်ခုတော့ အသေအချာ။

အေး နှစ်ခုတာ တစ်ခုကတော့ "သက်ချုပ်ဝိဇ္ဇာ"။

တပည့်တွေသာ မလိမ္မာကြလို့ကတော့ ခိုင်းတာကို လုပ်ကြမှာ မဟုတ်ဘူး။ ဆရာ့စကား မလိုက်နာ ထင်ရာလုပ်မယ်။ ခရီးတစ်ထောက်နား။ ပြီးမြောက်မသွား။ ရင်ကွဲမတတ် ကြေကွဲခံစား။

ဒီဘဝမှာ ဝိဇ္ဇာဖြစ်နိုင်ပါလျက် အဖျက်ဝင်လို့သွား။ အဲဒါ "သက်ချုပ်ဝိဇ္ဇာ"ပဲဖျား။ မှတ်ထား။

အရှင်ထွက်ဆိုတာ ရှိတယ်။ အသေထွက်ဆိုတာ ရှိတယ်။ သက်ချုပ်ဝိဇ္ဇာဆိုတာလဲရှိသေးတယ်။ အရှင်ထွက်နဲ့ အသေထွက်ဆိုတာကို "ဝိဇ္ဇာစာရင်း" မှာ အထင်းသား မြင်သာတယ်။ အဂ္ဂိရတ်နယ်ပယ် အသွယ်သွယ် အတွေ့နောမတီနဲ့တော့ဖြင့် သိနားလည်ဖို့ မလွယ်။ တကယ့်... တက...။

ကျမ်းတတ်တဲ့ ကျုပ်ဆရာတော် လမ်းမြတ်ကို ရွေးနိုင်ခဲ့တယ်။ အချိန်စောင့်နေတာ အဲဒီအချိန် အရာရာ ချိန်ဆလို့ ကျုပ်တို့ရွာနဲ့ (၂)မိုင်သာသာ ဝေးတဲ့အရပ် ပဲခူးရိုးမအနောက်ဘက် တောအစပ် တောင်ရိုးတောင်တန်းလေးမှာ ဆရာတော် တောရဆောက်တည်နေပြီ။ တောင်ရိုးတန်းမှာ တရားရှုမှတ်ဖို့ တရားဂူ(၅)လုံးကို ထွင်းဖောက်လို့ တူးထားတယ်။

တစ်နေ့တော့ ကျုပ်တို့ရွာကလေး ငွေပေါတဲ့အကြောင်း၊ ရွှေပေါတဲ့အကြောင်း အင်္ဂလိပ်နယ်ချဲ့ အစိုးရ သိသွားပါလေရော။ ဘူးတစ်ရာအပေါက်က ပိတ်လို့ ရချင်ရမယ်။ လူ့လော ယောက်ရဲ့ ပါးစပ်ပေါက်က ဘယ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com

လို့ရမလဲ ကြည့်လေ...

နယ်ချဲ့အင်္ဂလိပ်ရဲ့ စစ်ဗာရီပုလိပ်တွေ ကျုပ်တို့ရွာကို ရောက်လာကြတယ်။ ကျုပ်က ရွာမှာ မရှိဘူး။ ဆရာတော့်ဆီ ရောက်နေတာ ကြာလှပေါ့။

ကျုပ်မှာ အိမ်ထောင်မရှိဘူး။ လူပျိုကြီး။ တစ်ကိုယ်တည်းသမား။ ပူပင်ကြောင့်ကြမှုကင်း။ သံယောဇဉ် တင်းစရာမလို။ မိအိုဖအိုတွေလဲ ကွယ်လွန်ကြရှာပြီ။ မိဘလက်ငုတ်လက်ရင်း လယ်နဲ့ယာ ကိုယ့်ဘာသာ ကိုယ်တိုင်လုပ်ကိုင်လို့စားသောက် ပျောက်တိပျောက်ကျား မီးလေးလဲ ကစားလို့။

ပါးစပ် တစ်ပေါက်တည်းပေမယ့် ဗာဟီရများတယ်။ ရှာဟယ်ဖွေဟယ်၊ ချက်ဟယ်ပြုတ်ဟယ် ဟယ်တွေအများကြီး။ ကြာတော့ ငြီးငွေ့လာတယ်။

ဆရာတော့် ခြေတော်ရင်းမှာ ခိုလှုံတော့တာပဲ။ ကပ္ပိယဘမြိုင်၊ အင်္ဂရိတ်ဘမြိုင်။

အဲဒီနေ့ ကံကြမ္မာ ဂြိုဟ်ဆိုးဝင်တဲ့နေ့။ စိတ်ဂနာမငြိမ်ဘူး။ ယောင်တိယောင်ချာ။ သရိုးသရီနဲ့။ ဟိုလိုလို ဒီလိုလို ယောက်ယက်ခတ်နေတယ်။

ဆရာတော်ကတော့ တည်တည်ငြိမ်ငြိမ်။ ဣန္ဒြေအပြည့် သတိပဋ္ဌာန်တရား လက်ကိုင်ထားလို့ ရှုလို့မှတ်လို့ စရဏာမပျက်။

ကျုပ်မှာတော့ ပုတီးတောင်စိပ်လို့ မရဘူး။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ တိုက်တွန်းလို့ နှိုးဆော်နေပြီ ထင်ပါရဲ့။ စိတ်တွေ လေးလိုက်တာ။

နေ့ဆွမ်းဘုဉ်းပေးချိန်နီးပြီ။

စစ်ဗာရီတွေ ရောက်လာကြပြီ။ မြန်မာစကား မတတ်ဘူး။ တတ်တဲ့သူတွေကလဲ မပီဘူး။ စကားပြန်နဲ့။

သူတို့တွေမေးသမျှ ကျုပ်တို့က



ပြန်ဖြေ။ ရွာသားတွေကလဲ တစ်ပြုံကြီးလိုက်လာကြ။ အုပ်စုလိုက်ကြီးပ။ ဆရာတော့်အတွက် စိုးရိမ်သောကဆူလိုက်ပွက်လိုက်ကြတာက ညံ့မစဲ။

ဆရာတော်ကို အင်္ဂရိတ်ကျော်စောနဲ့လာပြီး ဖမ်းကြတာတဲ့။

သူတို့တွေ လျှောက်ထားသမျှ ဆရာတော် ကြားလိုက်ရတော့ ထိုင်ရာကထ...

'ခဏနေကြဦး တရားဂူထဲကို သွားလိုက်ဦးမယ်'

ပြောပြောဆိုဆို ကမ္မဋ္ဌာန်းကျောင်းလေးရဲ့ ခေါင်းရင်းဘက် တောင်ရိုးအစွယ်လေး ကမ်းပါးပြတ်က တရားရှုမှတ်တဲ့ တရားဂူနံပါတ်(၁)ထဲကို မြန်းကြွလို့ သွားတယ်။

စစ်ဗာရီတွေလဲစောင့်၊ ရွာသားတွေလဲစောင့်၊ ကျုပ်လဲ စောင့်ပေါ့။

မကြာ တစ်ခဏနဲ့ ပြန်ကြွမလာ၊ ကွမ်းတစ်ယာညက်နဲ့လဲ ပြန်ကြွမလာ၊ ကွမ်းနှစ်ယာညက်နဲ့လဲ ပြန်ကြွမလာ။

စောင့်ရတာ ကြာလေတော့ စစ်ဗာရီတွေက တရားဂူကို ဝိုင်းထားပြီ။

ဂူတံခါးက ပိတ်မထားတော့ ဆရာတော်ကို အပြင်ဘက် ထွက်ကြွလာ ဖို့ စကားပြန်က လှမ်းပင့်တယ်။

တုတ်တုတ်မလှုပ်။ အသက်အသံ မကြား။ ငြိမ်လို့ အပ်ချသံတောင် ကြားရမတတ်။

(၃)ကြိမ်မက၊ (၄)ကြိမ်မက၊ (၅) ကြိမ်တောင် ပင့်လို့ မရလေတော့...

စစ်ဗာရီတွေ သေနတ်တကားကားနဲ့ ဂူထဲကို ဝင်သွားကြပြီ။ စစ်ဗာရီ (၆) ယောက်ကတော့ သေနတ်တွေမြှောက် လို့ ကျုပ်ကို ချိန်ထားတယ်။ မလှုပ်နဲ့ ပစ်ထည့်လိုက်မယ်။ ဘာမှတ်သလဲ ဟဲ...ဟဲ... တဟဲဟဲနဲ့ သွားကြီးတွေ လို့ အစိစိကို မျက်စပစ်လို့၊ ဒယ်အိုးကြီး မယ့်ကောင်တွေ။ သနားစရာ ကျွတ် ကျွတ်...ကျွတ်...။

တရားဂူက တစ်ယောက်ထိုင် ကျဉ်းကျဉ်းလေးပဲ။ ကျယ်တာမှတ်လို့ သင်ဖျာလေးတစ်ချပ်ပဲ ခင်းထားတာ ကျန်တာ ဘာပစ္စည်းမှမရှိ။ ဂူအောက် ခြေ ဘေးနှစ်ဖက် အထက်က ဂူအမိုး အထိ မြေသား။

ဂူတံခါးက တစ်ပေါက်တည်း။ ဂူ အတွင်းဘက် နောက်ကျော ကျောက်စရစ်ရော မြေသားထုတောင် ကြီး။

ကျုပ်နဲ့ ရွာသားတွေ သောက တောက်နေကြပြီ။ ဘာမှတော့ မတတ် နိုင်။ လက်မှိုင်ချလို့၊ ကြည့်နေကြရပြီ ဆရာတော့်အတွက် ရင်ပူလိုက်ရတာ ပဋိဝေဓ ဗျာပါရနဲ့။

မသေကောင်း မပျောက်ကောင်း ဘယ်လိုများ မြင်ကြရလေမလဲ။ မြတ် ဗုဒ္ဓရဲ့ သာဝကအရှင်။ ဟင်...

'အရှင်ထွက် ထွက်သွားပြီ'

ထွက်ရပ်စခန်း မြန်းကြွလေပြီ။

စစ်ဗာရီတွေ ဂူထဲက အပြင်ဘက် ထွက်လာကြပြီ။ ပါရင်းစွဲ သေ ကိုယ်စီနဲ့။ ကျုပ်တို့ကို စောင့်နေတဲ့ အပြင်စောင့်တွေနဲ့ အစောင့်ဝင်တွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်။ ပဟေဠိ မချိတရိ ခံစားကြ။

ဆရာတော် ဂူထဲဝင် မျက်စိရှေ့မှောက် မြင်ကွင်းတစ်ဆုံးမှာပင် တစ်ခဏနဲ့ ပျောက်သွားလေတော့ မခံချိမခံသာ မချင့်မရဲ မျက်နှာတွေနဲ့။

မထေရ်ရဟန်းကို လက်ရဖမ်းကြမယ့် စစ်ပုလိပ်တွေ။

ဘွတ်ဖိနပ်တွေ တခွပ်ခွပ်နဲ့ ကျုပ်အနားကို ကပ်လာကြတယ်။

သူတို့အလာ ဆရာတော့်အနားမှာက ကျုပ်တစ်ယောက်တည်း။ ကဲခက်ချေပြီ။ ပြေးလမ်းမရှိ ပိတ်မိ။

ကျုပ်ကို လက်ရဖမ်းလို့ လာရာလမ်းကို သူတို့ပြန်ကြ။ လက်မောင်းနှစ်ဖက် နောင်ကြိုးတည်းလို့ ကြိုးနှစ်စကိုလဲ တစ်ယောက်တစ်စစီ ဆွဲထားကြလို့။

ကျုပ် ရွာကို မရောက်ခင် ကျုပ်ကိုဖမ်းလာပြီဆိုတဲ့ သတင်းက ရောက်ပြီးနေပြီ။ နှစ်မိုင်သာသာခရီး ပြေးပြီးပြောကြထင်ပါ။ သံယောဇဉ်။

ဆွေသားမျိုးချင်း သူငယ်ချင်းတွေ အသံထွက်လို့ ငိုသူငို၊ ကြိတ်,ကြိတ်ပြီးရှိုက်တဲ့သူက ရှိုက်။ အံကို ကြိတ်လိုက်ငိုတစ်ရှိုက်နဲ့ အသည်းခိုက်အောင် နာကြပြီ။

ငိုချင်ငို၊ ရှိုက်ချင်ရှိုက်။ လက်ပိုက်လို့သာ ကြည့်နေကြရ။ သူ့ကျွန်ဘဝ။

အခုတော့ အချိန်အခါ အခြေအနေ ကြည့်နေရ။ အားမတန် မာန်လျှော့ကြရ။ သေနတ်ကို ကြောက်ကြရ ဒါပေမယ့်...

သူတို့ မျက်နှာတွေကို ကြည့်ပြီး ကျုပ်သိလိုက်ရတာက နောင်တစ်ချိန်ကြရင်တော့ဂွာ ဟင်း...ဟင်း...ဟင်း... လည်ပင်းနင်းလိုက်ကြမယ်။

ကျုပ်ကို ကြာကြာမထားဘူး။



နောက်တစ်နေ့ ပြည်မြို့ကို ပို့တာပဲ။ ငါ့လက်ကလွတ် ပြွတ်။

ပြည်မြို့ ဂတ်ထဲမှာ ချုပ်ထားတာ ကျုပ် (၁၅)ရက်ကြာနေခဲ့ရတယ်။

အရေးပိုင်မင်း အမိန့်တော် ချလိုက်တာက...

'အင်္ဂလိပ်ကျော်စော ဘမြိုင်၊ နယ်ပြောင်း တရုတ်မော်တိုက်သူကြီး ဦးမြရဲ့ လက်ကို အပ်လိုက်တယ်။ ပိပိပြားပြား ငြိမ်ငြိမ်ဝပ်ဝပ်နေလေ။ လွန်သော် ထိတ်တုံးချ။ ရာဇဝတ်မှုနဲ့ စွဲချက်တင် တရားခွင်မှာ ပြစ်ဒဏ်သင့်စေ၊ ကြီးလေးစေ'

ဟေ...ဟေ...ဟေ...ဟေ...ဟေ...

အင်္ဂလိပ်ထိုးလို့ ရွှေဖြစ်တာ အပြစ်လားဗျာ။ လျှို့ဝှက်နက်နဲတဲ့ပညာ လုပ်ကြည့်ကြစမ်းပါ။ လုပ်ရင်း နှစ်ပြီး မဖြစ်ကြတဲ့သူတွေက "လူလေ အတတ်အင်္ဂလိပ်" လို့တောင် ကင်ပွန်းတပ်ခဲ့ကြတာ။ လောကီမှာ အထွတ်အထိပ်။

တရုတ်မော်တိုက်သူကြီး ဦးမြ ပြည်မြို့ကအပြန် ညောင်စာရေးမှာ တစ်ညအိပ်တယ်။ သူ့အဖေကလဲ သူကြီးပဲ၊ ညောင်စာရေးသူကြီး ဦးမြို့။

ညစာ စားကြတော့ ဦးမြက ကျုပ်ကို သူတို့ထမင်းဝိုင်းမှာ အတူစားစေတယ်။ တစ်ဝိုင်းတည်းမှာဗျ။ ဟင်းတွေလဲ ခပ်,ခပ်ထည့်ပေးတယ်။ ဟင်းကလဲ စုံပါ့။ ကြက်,ဝက်,အမဲ,ချေသားနဲ့ငါး။

အချုပ်သားငမြိုင် ငတ်တာကြာပေါ့။ ဘာပြောကောင်းမလဲ စားလိုက်တာ။ တဝတကာန်။ ဗိုက်ပြဲချက်လန်။

ညစားလဲ စားပြီးရော ကျုပ် တွေးမိတယ်။ ညောင်စာရေးသူကြီး ဦးမြို့က ကျုပ်ထမင်းရှင် ဖြစ်သွားပြီ။ ကျုပ်ကို (၇)ရက် အသက်ရှင်စေတဲ့သူ။ ကျေးဇူးရှင်။

နောက်နေ့မနက် တရုတ်မော်ကို ခရီးဆက်ကြတယ်။ ခြောက်စ မထောင်တဲ့ လှည်းယာဉ်ကျော့လေးနဲ့။ ညောင်စာရေးက စောင့်နေတဲ့ တပည့်တွေက လက်နက်ကိုယ်စီနဲ့။

တစ်ယောက်က နှစ်လုံးပြူး သေနတ်ထမ်းလို့၊ တစ်ယောက်က ငှက်ကြီးတောင်ဓားလွယ်လို့၊ တစ်ယောက်က ဒူးလေးနဲ့ မြားအသင့်ထားလို့။

သူကြီးဦးမြက ရှေ့ဆုံးလှည်းမှာ စီးတယ်။ ကျုပ်ကို သူနဲ့အတူ စီးခိုင်းတယ်။ အောင်မယ် သူ့ခါးပုံကြားမှာ (၅)လုံးပြူးသေနတ်နဲ့ပါလား။အားပါးပါး။

နောက်လှည်းမှာတော့ သူ့တပည့် (၃)ယောက် လက်နက်တွေ ကိုယ်စီနဲ့ ဘာမထီတဲ့ဟန်ပန် ပုံစံတွေကအပြည့်။

ညောင်စာရေးက ထွက်တော့ ဆင်ရွာဆင်သေ လှေကြီးစုရွာတွေကို ဖြတ်ရတယ်။ လှည်းမောင်းလာလိုက်ကြတာ သရက်တစ်ပင် ရွာအဝင် မြင်မြင်သမျှ ဘေးကို ကပ်ရပ်နေကြတယ်။ တွင်းမြဲရွာအဝင်လဲ ဒီအတိုင်း။

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေတောင် ခင်မောင်ကြည်




www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြာသယ သရဏဂုံ

# လိုတရအင်း



ရှေ့လွင်

ဆယ်ကျော်သက် အများစုနှင့် လူငယ်ပိုင်း၊ လူလတ်ပိုင်း အရွယ်ရှိသော သူများသည် ကျွန်ုပ်ထံ မကြာမကြာ လာရောက်၍ အချစ်ရေး၊ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အစရှိသော ကိစ္စများအတွက် ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်နိုင်းကြ၏။ အစီအရင် ပြုလုပ်ခိုင်းကြ၏။

ကျွန်ုပ်ကလည်း မေတ္တာဖြင့် အခမဲ့ လုပ်ဆောင်ပေးလေ့ရှိ၏။

ထိုသို့ လုပ်ဆောင်ရာမှ ထူးခြားမှုရှိသော နည်းစနစ်များကို အကျိုးရှိစေရန်အတွက် အလျဉ်းသင့်သလို တင်ပြသွားမည်ဖြစ်၏။

ဣန္ဒြာသယ သရဏဂုံ လိုတရအင်း

> ကြိုက်ဇီဝဖော် ဉာဏ်တော်ဆပွား ဒွေးစားလာဘ ပါယ်လေးဝနုတ် ဗုဒ္ဓကော
> တစ်ခုရောက်လျှက် သွားလော့မြင်းကွက်
> ဗိုလ်တက်ဗိုလ်ဆင်း အတွင်းအင်းဆန်
> ဂုဏ်ကိုးတန်နှင့် စားလဒ်ကားတည်ရင်း
> အကြွင်းသရဏဂုံ ချစ်မျိုးစုံသည်
> ရန်မှုန်မြူမှ ရှင်းရှင်းတည်း

**အဓိပ္ပာယ်မှာ...**

**ကြိုက်ဇီဝဖော်ဆိုသည်ကား** မိမိ အလိုရှိသောသူ၏ မွေးနံကြိုက်သက် (သို့မဟုတ်) အလိုရှိသော အဓိပ္ပာယ် စကားလုံးများ၏ နံသင့်ဂဏန်းများ၏ ပေါင်းလဒ်ကို ဆိုလိုသည်။

**ဉာဏ်တော်ဆပွား** ဆိုသည်မှာ ကြိုက်သက် (သို့မဟုတ်) ရလဒ်ကို တည်ထားပြီး **မြတ်စွာဘုရား၏ ဉာဏ်တော်(၆)ပါးဖြင့်** မြှောက်ရမည်။

**ဒွေးစားလာဘ** ဆိုသည်မှာ မြှောက်ရကိန်းကို (၂)ဖြင့် စား၍ ရလဒ်ကိုယူပါ။

**ပယ်လေးဝနုတ်** ဆိုသည်မှာ ရလဒ်မှ အပါယ်လေးပါးကို နုတ်လိုက်ပါ။

**ဗုဒ္ဓကောတစ်ခုရောလျှက် သွားလော့မြင်းကွက် ဗိုလ်တက်ဗိုလ်ဆင်း** ဆိုသည်မှာ ကျန်သော ဂဏန်းများတွင် ဘုရားတစ်ဆူဆူကို ရည်မှန်းလျက် တစ်ခုစီတစ်ခုစီ တိုး၍ **ဗိုလ်တက်ဗိုလ်ဆင်း**အင်းကို ချပါဟု ဆိုလိုပါသည်။

**အတွင်းဆင်းဆန် ဂုဏ်ကိုးတန်နှင့် စားလဒ်ကား တည်ရင်းအကြွင်း သရဏဂုံ ဆိုသည်မှာ...**

ထိုအင်းကွက်မှ အင်းဆန်ဂဏန်းများကို ထောင့်တန်းဖြစ်စေ၊ အထက်၊ အောက်ဖြစ်စေ၊ ဘယ်,ညာဖြစ်စေ (၃)ကွက်စီပေါင်း၍ ရသမျှကို ဂုဏ်တော်ကိုးပါးနှင့်စားက ရလဒ်မှာ မူလတည်ရင်း ဂဏန်းပင် ပြန်ဖြစ်၍ အကြွင်းမှာ မည်သည့်အခါမဆို သရဏဂုံသုံးပါးသာလျှင် အမြဲဖြစ်ရမည်။

သောကြာသားသမီး '...'ကို ချစ်စေသည့် ဆိုကြပါစို့။ **သောကြာကြိုက်သက်(၂၁)နှစ်ကို တည်ရမည်။ ဉာဏ်တော်ဆပွားဟု ဆိုသည့်အတိုင်း** (၆)နှင့်မြှောက်ပါက (၂၁ × ၆ = ၁၂၆) ရ၏။ **ဒွေးစားလာဘ** ဆိုသည့်အတိုင်း (၂)ဖြင့် စားရာ (၁၂၆ ÷ ၂ = ၆၃) ရ၏။ **ပါယ်လေးဝနုတ်** ဆိုသည့်အတိုင်း ထိုရလဒ် (၆၃)မှ (၄)ကို နုတ်ပါက (၆၃ – ၄ = ၅၉) (၅၉)ကျန်၏။ **ဗုဒ္ဓဇကော တစ်ခုရော** ဆိုသည့်အတိုင်း (၅၉)တွင် (၁)ခုရောပါက (၆၀)ဂဏန်းရ၏။ ယင်းသည် ပထမအင်းဆန်ဖြစ်၏။ ပထမအင်းဆန်တွင် တစ်ခုတစ်ခုတိုး၍ ဗိုလ်တက်ဗိုလ်ဆင်း အင်းသွားနည်းအတိုင်း သွင်းရမည်။

* * *

| | | |
|---|---|---|
| ၆၁ | ၆၈ | ၆၃ |
| ၆၆ | ၆၄ | ၆၂ |
| ၆၅ | ၆၀ | ၆၇ |

တွက်ရသော အင်းပုံစံ

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

အင်းဆန်သွင်းနည်းပုံစံ



www.burmeseclassic.com

www.burmeseclassic.com

**အတွင်းအင်းဆန် ဂုဏ်ကိုးတန်နှင့် စားလဒ်ကား တည်ရင်းအကြွင်းသရဏဂုံ**ဆိုရာတွင် အတွင်းဂဏန်းများကို အစဉ်အတိုင်းဖြစ်စေ၊ အထက်၊ အောက်ဖြစ်စေ၊ ထောင့်တန်းဖြစ်စေ ပေါင်းကြည့်လျှင် မည်သို့ပင် ပေါင်းစပ်စေကာမူ (၁၉၂)ကို ရလိမ့်မည်။ သို့ရာတွင် (၃)ကွက်မျှကိုသာ အစဉ်အတိုင်းပေါင်းရပါသည်။ နမူနာ တွက်ပြဦးမည်။

**အစဉ်လိုက် ဝဲမှယာသို့ ပေါင်းပုံ**

၆၁ + ၆၈ + ၆၃ = ၁၉၂

၆၆ + ၆၄ + ၆၂ = ၁၉၂

၆၅ + ၆၀ + ၆၇ = ၁၉၂

**အထက်မှ အောက်သို့ ပေါင်းပုံ**

၆၁ + ၆၆ + ၆၅ = ၁၉၂

၆၈ + ၆၄ + ၆၀ = ၁၉၂

၆၃ + ၆၂ + ၆၇ = ၁၉၂

**ထောင့်တန်းပေါင်းပုံ**

၆၁ + ၆၄ + ၆၇ = ၁၉၂

၆၃ + ၆၄ + ၆၅ = ၁၉၂

ပေါင်း၍ရသော အင်းဆန်ဂဏန်းပေါင်းလဒ်ကို ဂုဏ်တော်ကိုးပါးနှင့် စားပါက ၁၉၂ ÷ ၉ = ရလဒ် (၂၁)နှင့် အကြွင်း(၃)ကို ရရှိပါသည်။ (၂၁)သည် တည်ရင်း သောကြာဂြိုဟ်သက်ဖြစ်၍ အကြွင်း(၃)သည် သရဏဂုံသုံးပါး ဖြစ်ပါသည်။

နောက်တစ်နည်းမှာ အင်းကိုးကွက်လုံးမှ ဂဏန်းအားလုံးကို ပေါင်းလိုက်ပါက ၅၇၆ ရ၏။ **(ဗိုလ်တက်ဗိုလ်ဆင်း အင်းမှန်က တနင်္ဂနွေဂြိုဟ် အလယ်မှာ သေရမည်။)**

ဂုဏ်တော်ကိုးပါးနှင့် စားလိုက်ပါက ရလဒ်(၆၄) အလယ်အင်းကွက်မှ ဂဏန်းကိုရသည်။ (၆၄)ကို သရဏဂုံသုံးပါးနှင့် စားလျှင် ရလဒ်မှာ တည်ရင်း သောကြာဂြိုဟ်သက်ဖြစ်၍ **အကြွင်း (၁)မှာ တနင်္ဂနွေဂြိုဟ်ဂဏန်းပင်** ဖြစ်ပါသည်။

**အကျဉ်းချုံး၍ချနည်း**

ဗိုလ်တက်ဗိုလ်ဆင်း အင်းဟူသမျှသည် စမ္မာနဝမူလအင်းမှ အခြေခံ၍လာသော ဝိဇ္ဇာများ၏ လက်သုံးအင်းတော်များ ဖြစ်သောကြောင့် ဂဏန်းများစွာ ရေးသွင်းရန်မလို (၁) မှ (၉)အထိ ဂဏန်းများနှင့်သာ ပြီးစေရမည်။

ထိုအင်းများမှာ တွက်ရပ်ပညာများတွင်မျှမက လုပ်ရတ်လမ်း အဂ္ဂိရတ်ဓာတ် ကောက်ရာတွင်လည်း ထုတ်ယူသုံးစွဲနိုင်ကြောင်း **'ပဌမံ–ဆရာလင်း'** မှ အမိန့်ရှိခဲ့ဖူးပါသည်။

ဓာတ်(၉)ပါး နက္ခတ်(၂၇)လုံးတို့နှင့်အညီ ဝေဖန်ပိုင်းခြားထားသဖြင့် (၉)ဂဏန်းထက် ပို၍ မသင့်တော်ဟု ဆိုပါသည်။

**ဥပမာ**

၆၀ = ၆ + ၀ = ၆

၂၁ = ၂ + ၁ = ၃

၂၈ = ၂ + ၈ = ၁၀(၁+၀=၁)=၁

| | | |
|---|---|---|
| ၇ | ၅ | ၉ |
| ၃ | ၁ | ၈ |
| ၂ | ၆ | ၄ |

အတွင်းအင်းဆန် ဂုဏ်ကိုးတန်နှင့် စားလဒ်ကား တည်ရင်း **'အကြွင်းသရဏဂုံ'**ဟူသော တွက်နည်းမဟုတ်ဘဲ **'လဒ်ကားနေမင်း အကြွင်းသရဏဂုံ'**ဖြစ်၏။ ထိုနည်းအတိုင်း တွက်ကြည့်ပါက အတွင်းဂဏန်း များကို ပေါင်းက ၃ + ၁ + ၈ = ၁၂ ရ၏။ (၁၂)ကို (၉)ဖြင့်စားပါက ရလဒ် မှာ (၁)ဂဏန်းဖြစ်၍ နေမင်းနှင့် အကြွင်း (၃)ဂဏန်းမှာ သရဏဂုံသုံးပါးကို တွေ့ရသည်။

သောကြာဂြိုဟ်သက် (၂၁)နှစ်ကို တည်၍ တွက်နည်းအပြင် အခြားလိုရာကိစ္စများတွင်လည်း အသုံးပြုနိုင်ပါသေးသည်။

**နမူနာအားဖြင့်...**

ထွန်းထွန်းနိုင် စာမေးပွဲအောင်စေ

၇ ၇ ၇ ၃ ၅ ၅ ၁ ၃ = ၃၈

အေးမြသီတာ အမြန်ပြန်လာစေ

၁ ၅ ၆ ၇ ၁ ၅ ၅ ၄ ၃ = ၃၇

အလိုရှိရာကိစ္စများကို နံသင့်ဂဏန်းကောက်၍ ပေါင်းပြီး ထိုပေါင်းရဂဏန်းကို မူတည်ကာတွက်၍ အင်းချ၍ သုံးနိုင်၏။ အချို့ကိစ္စများတွင် စက္ကူတွင် အင်းချ၍ မီးထွန်းရ၏။ အချို့ကိစ္စများတွင် ရွှေပြားငွေပြား၌ရေး၍ လက်ဖွဲ့စီရင်ရ၏။ အဆောင်အင်းအဖြစ်သုံး၍ရ၏။

တစ်ဦးတည်းက နှစ်သက်စေလိုခြင်း၊ အများက နှစ်သက်စေလိုခြင်း၊ ကံဇာတာ တက်စေလိုခြင်း၊ ကျန်းမာရေးကောင်းစေလိုခြင်း၊ ဘုန်းကြီးစေလိုခြင်း၊ ရာထူးတက်စေလိုခြင်း၊ လာဘ်လာဘများစေလိုခြင်း၊ ချစ်သူနှစ်ဦး ပေါင်းသင်းစေလိုခြင်း၊ ထွက်သွားသူ ပြန်လာစေရန် အမှုအခင်း နိုင်စေလိုခြင်းအပြင် အခြားအကြောင်းအရာများ တွင်လည်း အသုံးပြုနိုင်ပါသည်။

***ဆုတောင်းမေတ္တာ ပို့သလျက်..:***

**နေထွဋ်**



www.burmeseclassic.com

www.burmeseclassic.com

# ကြက်နာပျောက်ဆေး



ကြက်နာရောဂါသည် ကူးစက်မှု လျင်မြန်သောရောဂါ ဖြစ်ပါသည်။ ကြက်နာဝင်ပါက သုံး,လေးရက် အတွင်း ကြက်ခြံတစ်ခုလုံး ပြုတ်သွား တတ်ပါသည်။

မွေးမြူရေးသမားများကို စီးပွားရေး အကြီးအကျယ် ထိခိုက်စေသည့် ရောဂါလည်းဖြစ်ပါသည်။ ရိုးရာကြက် များထက် မွေးမြူရေးကြက်များ(ဥစား ကြက်များ)က ရောဂါဒဏ်ကို ပို၍ မခံနိုင် သည်ကို တွေ့ရပါသည်။

ကြက်နာကျပါက ကြက်သည် အစာမစားဘဲ မကြာခဏ ဝမ်းလျှော နေတတ်သည်။ ကိုယ်အလေးချိန်မှာ လည်း အံ့သြစရာကောင်းလောက် အောင် ထိုးကျသွားတတ်ပါသည်။ အချို့ကြက်များသည် လည်လိမ်ရောဂါ ပါ ဝင်လာကြပါသည်။

တစ်နေ့၌ ကျွန်တော်သည် မိတ်ဆွေ ကြီး ဦးတင်ထွန်းအောင်၏အိမ်သို့ ထွက်လာခဲ့ပါသည်။ ညနေပိုင်း ကြက်စာ ကျွေးနေချိန်လည်း ဖြစ်သည်။ ကြက် တစ်ကောင်သည် လည်လိမ်ရောဂါ ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ ကျွန်တော်က လည်လိမ်ရောဂါ ဖြစ်နေ သော ကြက်ဖကြီးကိုကြည့်ပြီး…

'ဆရာရေ ဒီကြက်ဖကြီးကတော့ နှစ်ရက်, သုံးရက်အတွင်း သေမှာပဲဗျို့'

ဟု ပြောလိုက်မိသည်။ ထိုအခါ ဦးတင်ထွန်းအောင်က…

'မသေပါဘူးဗျာ၊ သတ္တိရှိရင် အလောင်းအစားတောင် လုပ်ချင်သေး တယ်၊ ကျုပ်က ငွေအကုန်အကျ မရှိတဲ့ ဆေး တိုက်ထားပြီးပြီဗျ'

'ဟ… တယ်ဟုတ်ပါလား၊ ဒီလိုဆို ရင်လဲ ဆေးနည်းလေးမစ,စမ်းပါဦးဗျာ'

'ဟဲ…ဟဲ… ရပါတယ်ဗျာ၊ အချင်း ချင်းပဲ ပေးရမှာပေါ့။ ကုသိုလ်လဲ ရပါ တယ်ဗျာ'

ကျွန်တော်သည် သူပြောသည့် ဆေးနည်းကို စာရွက်နှင့်ရေး၍ ယူခဲ့ပါ သည်။ သို့သော် အကြောင်းမညီညွတ်၍ မရေးဖြစ်ခဲ့ပါ။ ယခုမှသာ ရေးမိခဲ့ ခြင်း ဖြစ်ပါသည်။

**ဆေးနည်းကား**

ဝံအူနွယ်ပင်၏ အမြစ်ကို ထုထောင်း၍ ကြက်သောက်ရေဇလုံထဲသို့ စိမ်ထားပေးရ မည်။ ကြက်သောက်ရေနှင့် ဆေးမြစ်ကို နှစ်ရက်တစ်ကြိမ် လဲလှယ်ပေးရမည်။

ထိုနည်းအတိုင်း (၁၀)ရက်လောက် လုပ်ပေးပါက ကြက်နာရောဂါမှ ကာကွယ်နိုင်ပါသည်။ ကြက်နာဖြစ်နေ ပါက ကြက်နာရောဂါကိုလည်း ပျောက် ကင်းစေနိုင်ပါသည်။

**[ဝံအူနွယ်သည် အနွယ်အမျိုး အစားပင် ဖြစ်ပါသည်။ ပင်စည်သည် လက်ညှိုး၊ လက်မအရွယ်မှ သက်တမ် အလိုက် လက်မောင်း၊ ခြေသလုံ အရွယ်အထိလည်း ရှိတတ်ပါသည်။ အခြားအပင်များအပေါ် နွယ်၍တက် သွားသော အပင်မျိုး ဖြစ်ပါသည်။ ဝံအူနွယ်ပင်တွင် အနီနှင့်အဝါ ဟူ၍ နှစ်မျိုး ရှိပါသည်။ နေရာအနှံ့အပြာ ပေါက်တတ်သော နွယ်ပင်မျိုး ဖြစ်ပါ သည်။]**

***ဝေနေယျသတ္တဝါအားလုံး ကျန်း ချမ်းသာကြပါစေ။***

**မိုးမိတ် သျှင်နော်**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိသော

# ဘ,ရာကျော်

ကျွန်တော် သိသော ဘ,ရာကျော်လို့ ...လိုက်ရပေမယ့် ဘ,ရာကျော် ပျံလွန်တော် ...ထိ ကျွန်တော့်ကို မမွေးသေးပါ။ သို့ဆို ...င် ကျွန်တော် သိသော ဘ,ရာကျော်လို့ ...ကြောင့် ပြောရသနည်းလို့ မေးစရာ ...ပါတယ်။

အကြောင်းက ဒီလိုပါ။ **အဖေနဲ့ အမေ ...ပြောပြလို့ သိခဲ့ရတာပါ။** နောက်ပြီး ...တော့်ကို မွေးပြီးတော့ ကျွန်တော်ရယ်၊ ...ဖေရယ်၊ မေမေရယ် အတူတူလာပြီး ...ရာကျော်ရဲ့ ဂူဗိမာန်မှာ ဆုတောင်းမှု ...ကြာခဏ ပြုလေ့ရှိတာက တစ်ကြောင်းလို့ ...ရမှာပါပဲ။

ဘာပဲဖြစ်ဖြစ်ပေါ့ ကျွန်တော် ...သလောက်တော့ ကြည်ညိုဖွယ်ဖြစ် ...အောင် တင်ပြချင်ပါတယ်။

ဘ,ရာကျော်လို့ အများက ခေါ်ကြပါ ...တယ်။ ဆရာတော်ဘွဲ့က **"ဒေဝသဒ္ဒမှ ...ထွဋ်"**လို့ ပြောကြပါတယ်။ တချို့က **"ဒေဝသတ္တမကိတ္တိ"**လို့ ပြောကြပြန်ပါ ...တယ်။

ယခုလို ကျင့်စဉ်စခန်း ပြီးမြန်းခဲ့တာ ...ကြိမ်ရှိပြီလို့ ပြောကြပါတယ်။

**ဣဒ္ဓိသာသယလွယ်အိတ်** အကြောင်း ...ပြောချင်မိပါသေးတယ်။ တစ်နေ့ ညနေ ...က်မှာ ဖြစ်ပါတယ်။ ဆရာတော် သီတင်း ...ရာကျောင်းမှာ တပည့်များက နှိပ်ပေးကြ ...တယ်။ ပရိသတ်လဲ အနည်းငယ် ရှိနေပါ ...တယ်။

ဆရာတော်က တပည့်တစ်ယောက်ကို ...သတ်ထဲမှာ ဝတ္ထုငွေ အလှူခံခိုင်းလိုက်ပါ ...တယ်။ တစ်ယောက်ကို တစ်ကျပ်စီ လှူခိုင်း ...ဖြစ်ပါတယ်။ ပိုပြီးတော့လဲ လှူလို့ ...ပါဘူး။ ယုံကြည်သူများက လှူပါတယ်။ ...ချို့ကတော့ မလှူကြပါဘူး။

ရတဲ့ငွေ တစ်ကျပ်များကို လွယ်အိတ်ထဲ ...ည့် အကုန်လုံး ထည့်လိုက်ပါတယ်။ ...တော့ ဆရာတော်က လွယ်အိတ်ထဲကို



နှိုက်ပြီး တစ်ယောက်ပြီးတစ်ယောက် ပြန်ပေးလိုက်ပါတယ်။

အလှူခံတုန်း ငွေတစ်ကျပ် ဖြစ်ပေမယ့် ပြန်စွန့်တဲ့ ပိုက်ဆံကတော့ ငွေတစ်ဆယ်တန်များ ဖြစ်ပါတယ်။ နောက်ပြီး လွယ်အိတ်ထဲကနေ နှိုက်ပြီး အစားအသောက်များလဲ စွန့်ပြီး ကျွေးလေ့ ရှိပါတယ်။ စားချင်တာကို မေးပြီးမှ ကျွေးတာ ဖြစ်ပါတယ်။

ဘ,ရာကျော် အမြဲရွတ်ပွားတဲ့ ဂါထာကတော့ **သရဏဂုံသုံးဆယ်နဲ့ အဠာနမေတံဂါထာ** ဖြစ်ပါတယ်။ **ဆရာတော်ရဲ့ ဂူဗိမာန်မှာ ဆန္ဒပြည့်ဝအောင် ဆုတောင်းနည်းကို** ပြောပြပါတယ်။

**ဘ,ရာကျော်ရဲ့ ဂူဗိမာန်ခေါင်းရင်းမှာ** အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းလှူဖို့ နေရာရှိပါတယ်။ အဲဒီနေရာမှာ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး မိမိရဲ့ဆန္ဒကို ပြည့်ပြည့်စုံစုံ လျှောက်ထားရပါတယ်။ နမူနာ ပြောပြပါမယ်။ ဖေဖေနဲ့ မေမေတို့ရဲ့ ဆုတောင်းပုံ ဖြစ်ပါတယ်။

'ဘ,ရာကျော် ဆရာတော်ဘုရား...

ဘုရား တပည့်တော်၊ တပည့်တော်မတို့အား တပည့်ရင်းများပမာ မှတ်ယူပါဘုရား။ အရှင်ဘုရားရဲ့ မေတ္တာကို ခံယူပါတယ်ဘုရား။

ယခု တပည့်တော်၊ တပည့်တော်မတို့ဟာ လုပ်ငန်း(...)တစ်ခုကို ဆောင်ရွက်ဖို့ ရှိပါတယ် ဘုရား။ အဆင်ပြေအောင် မေတ္တာရှေ့ရှုကာ စောင့်ရှောက်ပေးသနားပါဘုရား။

အကယ်၍ တပည့်တော်၊ တပည့်တော်မတို့ရဲ့ လုပ်ငန်းဟာ အဆင်ပြေ အောင်မြင်ခဲ့ပါရင် ဘ,ရာကျော်ကို ဆရာအမှတ်ထားကာ ပုံတော်ကို ယုံကြည်စွာဖြင့် ပင့်ဆောင်ကိုးကွယ်ပါမယ်ဘုရား'

ယခုကဲ့သို့ ဆောင်ရွက်ခဲ့ရင် မုချ အဆင်ပြေပါတယ်။ ကိုယ်တွေ့ဖြစ်ပါတယ်။ **အခက်အခဲကြုံရင် ဘ,ရာကျော် ဂူဗိမာန်ကို သွားရောက်ဆုတောင်းကြည့်ပါလားလို့ လမ်းညွှန်တိုက်တွန်းအပ်ပါတယ်။**

*အေးမြရင်မှာ ရှိပါစေ။*

**သန်းခေါင်(ပညာရေး)**





www.burmeseclassic.com

www.burmeseclassic.com



စိုးရန်နိုင်

**၁၉၈၆ ခုနှစ်၊** မေလထဲမှာ ဖြစ်သည်။

ရန်ကုန်မှ ကုမ္ပဏီပိုင်ရှင် အကယ်ဒမီ ရုပ်ရှင်မင်းသားကြီးတစ်ဦးက သူ ပိုင် ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သော ဇာတ်ကားနှင့် သူကိုယ်တိုင်လည်း ထိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ပြီး အကယ်ဒမီ ရရှိခဲ့ပါသည်။

သို့အတွက် မန္တလေးမှ သူနှင့် ခင်မင်ရင်းနှီးသူ အနုပညာသည်အပေါင်းကို ဖိတ်ကြားကာ **အမရပူရမြို့၊ တောင်သမန်အင်းစောင်းရှိ ဆရာတော် ဦးပညာ** (ကိုပညာ–အမရပူရ)၏ တောင်လေးလုံးကျောင်းတိုက်တွင် ဖိတ်ကြား၍ ညှိခံပွဲတစ်ခုလုပ်ကာ ကျွေးမွေးပေးခဲ့ပေသည်။

ထိုညှိခံပွဲသို့ ကျွန်တော်လည်း မန္တလေးမှ စာပေပညာရှင်များနှင့်အတူ ပါရှိသွားခဲ့သည်။

တောင်သမန် တောင်လေးလုံးကျောင်း၏ အစဉ်အလာအရ အရောင်အဆင်းမလှပသော ဝက်သားဟင်းလေးချက် မည်းမည်းသဲသဲကြီးဖြင့် ထမင်းကျွေးရာ ထိုမလှမပသော ဝက်သားဟင်း မည်းမည်းနှင့်ပင် လွန်စွာစား၍ မြိန်ရှက်လှတော့သည်။

ထမင်းစားကြပြီးနောက် **ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ စာရေးဆရာ ဦးကြည်မြ၊ မင်းသားကြီး၊ ဓာတ်ပုံ ဦးမြအောင်(ကောသီပန်)၊ ဦးသန်းမောင် (မြို့မ)** စသည့် လူကြီးပိုင်းမှ အချို့ပွဲဝိုင်းတွင် စကားလက်ဆုံကျနေကြသည်။

ထို့အတူ ကျွန်တော်တို့ လူလတ်ပိုင်းမှလည်း **ဦးဝင်းမောင်(တမ္ပဝတီ)၊ ဦးစိန်မြင့်(ရွှေချည်ထိုး)၊ ဟာသစာရေး ဆရာပေမျိုးနှင့်** ကျွန်တော်တို့က ဆရာတော် ဦးပညာအနီးတွင် အာလာပသလ္လာပ စကားပြောဆိုရန် စုဝေးမိကြ၏။

'ဆရာတော် ကျန်းခံ့သာလို့ မာပါစဘုရား'

ကျွန်တော်က ဆရာတော့်ကို စ
ပေသံဖြင့် နှုတ်ခွန်းဆက်ရာ ဆရာ
က...

'ကောင်းပါတယ်ကွ စိုးကြီးရေ၊ မင်းက
ရှိုးရှိုးလုပ်စမ်းပါကွာ'

ဟု ပြန်နောက်သည်။

ဆရာတော်သည် ကျွန်တော်တို့တစ်
နှင့် လွန်စွာချစ်ကြည်ရင်းနှီး၍ ညီရင်းအစ်
တမျှ ပြောဆိုဆက်ဆံတတ်ပါသည်။

ဆရာကြီး ဦးမောင်မောင်တင်၊ ဦးဝ
မောင်(တမ္ပ)၊ ဦးစိန်မြင့်(ရွှေချည်ထိုး)
ကျွန်တော်တို့သည် လွန်စွာပူအိုက်
မန်းနွေညများတွင် တောင်သမန်၏
အေးကို ရှူရှိုက်ရန် တစ်ခါတစ်ရံ
ကျောင်းသို့ ညအိပ်လာတတ်ကြပြီး တစ်





www.burmeseclassic.com

www.burmeseclassic.com



လည်း တဝေါဝေါ တသော
သာဖြင့် လေပေါကာ
က်လင်းမှ ကျောင်းမှ
ြန်လာခဲ့တတ်ကြသည်။

အိုးဝေဦးညိုမြသည်လည်း ငယ်စဉ်က မန္တလေးလာလျှင် ကုန်းမှ ဆရာကြီး မောင်မောင်တင်အိမ်နှင့် တောင်သမန်ရှိ ဆရာတော့် ကျောင်းမှာပဲ နေတတ်သည်။

ဆရာတော်က...

'လူကတော့ နေကောင်းပါတယ်ကွာ။ ဒါပေမယ့် မျက်စိကတော့ မကောင်းဘူးကွ။ စာရေးစာဖတ်တောင် အတော်လျှော့ထားရတယ်။ ဒီအတိုင်းဆို ဒုက္ခပဲ။ ဒေဝစက္ခုရမှပဲ မျက်စိ ကောင်းပြီး ရေရှည် စာရေးစာဖတ်နိုင်တော့မှာ'

ဟု ရှည်လျားစွာ အမိန့်ရှိပါသည်။

ကျွန်တော်က ဆရာတော် အမိန့်ရှိ သော ဒေဝစက္ခုဆိုသည်မှာ မျက်စိ ဆေးမှတ်၍ ဆရာတော်ကို ဆေးလှူ နေသောသူပီပီ လှူရန် မေးမိပါတော့သည်။

'ဆရာတော် အမိန့်ရှိတဲ့ ဒေဝစက္ခုဆိုတာ မျက်စိ စားဆေးလား ဘုရား။ တပည့်တော် လှူမယ်လေ'

ဆရာတော် ဦးပညာက ကျွန်တော်၏ လျှောက်တင်ချက်ကို တဟားဟားနှင့် သဘောကျသွားသည်။ ပြီးမှ ပြုံးပြုံးလေး အမိန့်ရှိသည်။

'ဒေဝစက္ခုဆိုတာ ဝယ်လို့မရဘူးကွ စိုးကြီးရဲ့ ဘုတ်သိုက်ထဲမှာရှိတာ'

မှတ်ကရော။ ဒေဝစက္ခုဆိုတာ ဝယ်လို့ ရဘူးတဲ့ဗျာ။ ဘုတ်သိုက်ထဲမှာရှိ ဆိုပဲ ဘုံရော။

'ဘုတ်သိုက်ဆိုတာ ခေါင်းမဖြီးတဲ့ လူကို ဆိုလိုတာလားဘုရား၊ ဥပမာ ဦးဝင်းမောင် လိုလူ'

ဟာသစာရေးဆရာ ပေမှေးက အစဉ် သဖြင့် ကပိုကရို ဖိုသီဖတ်သီနေတတ်သော ဦးဝင်းမောင်ကို စောင်းပဲ့ကြည့်၍ ဆရာတော် ကို ပြုံးဖြီးဖြီးနှင့် ဝင်၍ လျှောက်လိုက်ရာ ဦးစိန်မြင့်က ပေမှေးခေါင်းကို ဒေါက်ခနဲ အသံမြည်အောင် ခေါက်၍...

'ပေမှေး လူကြီးတွေ စကားပြောနေတဲ့ အထဲ ဝင်မရှုပ်နဲ့။ ဒါ ဟာသဝတ္ထုရေးနေ တာ မဟုတ်ဘူး'

ဟု ငေါက်လိုက်ပါသည်။ ပေမှေးလည်း ခေါင်းကိုပွတ်၍ မဲ့မဲ့လေး နောက်ဆုတ်သွားရှာ၏။

ဆရာတော်က...

'ခေါင်းမဖြီးတဲ့လူက ဖုတ်သိုက်ပါဟ ပေမှေးရာ။ ဒါက ဘုတ်သိုက်ကွ၊ ဘုတ်ငှက်ရဲ့ အသိုက်'

ဟု ရှင်းရှင်းလင်းလင်းဖြစ်အောင် အမိန့်ရှိပါသည်။

ကျွန်တော်လည်း ဘုတ်ငှက်၏ အသိုက် အတွင်းမှ ဒေဝစက္ခု (ခေါ်) နတ်မျက်စိဆေး အကြောင်း မကြားဘူးလေသဖြင့် ဆရာ တော်အား ရှင်းလင်းပြောပြပေးပါရန် ရိုသေစွာ လျှောက်ထားမိပါသည်။

ထိုအခါကျမှ ဆရာတော်က စာရေးနေ သော စာရေးဆရာပီပီ လွန်စွာ ထူးဆန်း ဘနန်း အံ့ဖွယ်ကောင်းသော ဂမ္ဘီရဝတ္ထု ဇာတ်ကြောင်းပမာ စကားတန်ဆာဆင်၍ အဖြစ်အပျက်တစ်ခုကို ပြောပြပါတော့ သည်။

ကျွန်တော်တို့အားလုံးလည်း တအံ့ တသြ နားထောင်နေကြကာ စကားဖြတ် ၍ပင် မမေးမိကြဘဲ စိတ်ပါဝင်စားစွာ နားထောင်နေမိကြပါသည်။

ဆရာတော်က သူ ပြောပြသော **ဘုတ်သိုက်ထဲမှ ဒေဝစက္ခုနတ်ဆေးမြစ် အကြောင်းကို** ရှည်လျားစွာ ပြောပြနေပြီးမှ သူ့ဇာတ်လမ်းကို အဆုံးသတ်သွားပါတော့ သည်။

'ကျုပ်လဲ အဲဒီ နတ်ဆေးမြစ်ရဖို့ မျက်စိတို့လိုက် ရင် (၁၅)နှစ်သား မျက်စိပြန်ဖြစ်မှာ။ ဒါပေမယ့် အဲဒီ နတ်ဆေးမြစ်ကို မဆိုထားနဲ့၊ ဘုတ်သိုက် ကိုပဲ တွေ့အောင် ရှာမရဖြစ်နေတယ်။ ဘုတ်ငှက်ဟာ သူ ရှိနေမှန်း အသံသာ ကြားရမယ်။ ပျံသွားတာလဲ မြင်ရမယ်။ ချုံထဲမှာ အသိုက်ကတော့ ဘယ်တော့မှ မရှာလေနဲ့၊ လုံးဝ ရှာမတွေ့ ဘူး။ ကျုပ်အသက်နဲ့အမျှ ဘုတ်သိုက် ရှိခဲ့တယ် ဆိုတာ ကျုပ် ပြောခဲ့တဲ့ ဇာတ်လမ်းထဲမှာပဲ ရှိမယ်။ ယနေ့ထိတော့ ရောက်လေရာရာ သွားလေ ရာရာ ရှာခဲ့ပေမယ့် မတွေ့ရဖူးသေးဘူး'

ဟု အားရှိစဖွယ် အမိန့်ရှိပါသည်။ ကျွန်တော်တို့လည်း အချိန်တန်၍ ဆရာ တော့်ကျောင်းမှ ပြန်ခဲ့ကြရာ ဘုတ်သိုက် အကြောင်းကို နားထောင်ခဲ့ရသူအပေါင်း မှ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပေ မည့် ကျွန်တော့် ဦးနှောက်ထဲမှာတော့ **ဘုတ်သိုက်ထဲမှ နတ်ဆေးမြစ်အကြောင်း** ကို ယနေ့တိုင် မေ့ပျောက်၍ မသွားသေးဘဲ အစဉ်သဖြင့် သတိရကာ နေမိသည်။

ကျွန်တော်က ဘုတ်ငှက်များအကြောင်း ကို မိမိတွင်ရှိသော စာအုပ်စာတမ်းများ ထဲမှ ရှာဖွေ၍ လေ့လာကြည့်မိသည်။

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)၊ စာ (၃၇၂)တွင်** ဘုတ်ငှက်အကြောင်း အောက် ပါအတိုင်း ရေးသားထားသည်ကို လေ့လာ ဖတ်ရှုရပါသည်။

ဘုတ်ငှက်သည် ဥဩငှက်မျိုးနှင့်အတူ ကျူကျူလီဒီးမျိုးရင်းတွင် ပါဝင်၍ ပါဠိဘာသာအားလို အားဖြင့် စင်ဘ ဂိုဟတ်ဆိုဒ်နှင်းသစ်ဟု ခေါ်သည်။ ဥဩနှင့် မျိုးတူသော်လည်း ဥဩကဲ့သို့ အခြား ငှက်၏ အသိုက်တွင် ဥလေ့ မရှိ၊ မိမိ အသိုက်နှင့် မိမိ ဥ ဥ၏။ တောကြီးကန်းအရွယ် အလျား (၁၈)လက်မရှိ၍ ကိုယ်မှာ တောက်ပြောင် မည်းနက်ပြီး အတောင်မှာ အုန်းခွံရောင် နီကြင်ကြင်ဖြစ်သည်။

အတောင်နှင့် အမြီးသည် ကြီး၍ လေးလေး ပျံတတ်သည်။ အဝိုင်းအမ ပုံသဏ္ဌာန်ချင်းတူသည်။ ဘုတ်သည် ပုန်းလျှိုးနေ၍ မြေပြင်ပေါ် တွင် အစာရှာစားသည်။

အထူးသဖြင့် ဆိုက်ခင်းနှင့် မြေကွက်လပ် များတွင် တွေ့ရတတ်သည်။ ချုံထူ၍ မှောင်မိုက် သော နေရာများကို ကြိုက်နှစ်သက်၍ ကြောင် တောတောမနေတတ်ချေ။ တောတွင်ရှိ စင်ကျောင်း တမ်းပါးတစ်လျှောက် ပေါက်သော ...ဘောတော၊



www.burmeseclassic.com

www.burmeseclassic.com



**ပိစပ်တောများတွင် ဗိုကောင်များ၊ နုံကောင်၊ ဖွတ်၊ ပုတတ်၊ မြွေနှင့် အလားတူ အစာများကို ရှာဖွေစားကြသည်။**

**အစာ ရှာဖွေရာတွင် မြေပေါ်၌ အမြီးကို မ,၍ တည်ငြိမ်စွာ သွားလာနေသည်ကို တွေ့ရ တတ်သည်။ အနောင်အယှက်နှင့် တွေ့သော အခါ ထူးခြားစွာ ဖြည်းဖြည်းနှင့်မှန်မှန် မြက်တော ချုံတောထဲသို့ ပုံးလွှားလေ့ရှိသည်။ မိုးရွာပြီးစ တွင် ဘုတ်သည် ချုံပြစ်စေ၊ ဝါးရုံများ၌ဖြစ်စေ နမ်းပြိုက်စွာ နေထားလှုံလေ့ ရှိသည်။**

ဘုတ်၏အသံမှာ လေးနက်၍ အှု၊ အှုဟု ဖြည်းဖြည်းနှင့်မှန်မှန် အော်လေ့ရှိသည်။ အထူးသဖြင့် နွေဦးတွင် အော်တတ်၍ အဝေးကပင် ကြားနိုင်သည်။

အော်သည့်အခါ အမြီးကို မ,၍ ဖြန့်ထားသည်။ ဦးခေါင်းသည် အောက်သို့ စိုက်လာ၍ လည်ချောင်းလည်း ပွလာသည်။ တစ်ကိုယ်လုံး လည်း တုန်နေသည်။ တစ်ကောင်အော်လျှင် အနီးအနားတစ်ဝိုက်မှ ဘုတ်များကပါ ဝိုင်း၍ အော်တတ်ကြသည်။

ဘုတ်သည် အသိုက်ကို ချုံပုတ်၊ မြက်ပုတ်၊ သစ်ကိုင်းခွများတွင် ပြုလုပ်၍ မိုးဥတုတွင် သားပေါက်တတ်သည်။ တစ်မြှုလျှင် (၃)ဥမှ (၅)ဥထိရှိ၍ **ပုံသဏ္ဌာန်မှာ ရှည်မျောမျော ဖြစ်ပြီး ကြမ်းတမ်းသည်။**

**အပြောက်အစက် မရှိချေ။ အရောင်မှာ အဖြူမွဲရောင်ဖြစ်သည်။ အဖို၊ အမနှစ်ဦးလုံးပင် အသိုက်လုပ်ခြင်း၊ ဝပ်ခြင်းနှင့် သားငယ်များ ထိန်းကျောင်းပြုစုခြင်းများကို ခွဲဝေလုပ် ဆောင်ကြသည်။**

ဘုတ်များကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နေ၍ အမြင့်ပေ(၄,၀၀၀) အထိ တွေ့ရတတ်သည်။

**မြန်မာ့စွယ်စုံကျမ်းကတော့ ဆရာ တော် ဦးပညာ** ပြောပြသော ဂမ္ဘီရဇာတ်လမ်း ကဲ့သို့ ထူးထူးခြားခြား မပါပါချေ။

ကျွန်တော်သည် ယနေ့တိုင်ပင် သွား လေရာရာတွင် လေ့လာရှာဖွေနေသော ဘုတ်သိုက်ထဲမှ ဒေဝ = နတ်၊ စက္ခု = မျက်စိ၊ နတ်မျက်စိ ခေါ် နတ်ဆေးမြစ် အကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိတ်အပေါင်းအား ဆရာတော် ဦးပညာ ပြောပြခဲ့သော အဖြစ်အပျက်မှ ဖြန့်ဝေ လက်ဆင့်ကမ်းအပ်ပါသည်။

သိပြီးသူများလည်း အသုံးပြုနိုင်ကာ မသိရှိသေးသူများလည်း သိရှိကာ ရှာဖွေ နိုင်စေခြင်းဖြင့် အသုံးပြုနိုင်စေရန် ရည်သန် ၍ မကွယ်မထောက်ဘဲ အမှန်အတိုင်း တင်ပြအပ်ပါသည်။

ကံဆိုသည်မှာ အတိတ်ဘဝက ပြုလုပ် ခဲ့ဖူးသော ကောင်းသော လုပ်ဆောင်ချက် များ ဖြစ်ပါသည်။ ဒေဝစက္ခုနတ်ဆေးမြစ် ကို ကျွန်တော်ကိုယ်တိုင် ရှာဖွေ၍ မတွေ့ရှိ ခဲ့သော်လည်း ပဋ္ဌာန်းဆက်ရှိပြီး ကံကောင်း သူများအနေဖြင့် တစ်နေ့သောအခါ ရှာဖွေ တွေ့ရှိကာ မျက်စိဝေဒနာရှင်များကို ကုသ ပျောက်ကင်းချမ်းသာ ရခဲ့သော် ကျွန်တော် ၏ အသိပေးဖြန့်ဝေမှု (တစိုးတစိမျှ ပါရှိခဲ့ ခြင်းကြောင့်) ဤသံသရာတွင် ကျွန်တော် ကိုယ်တိုင် နတ်မျက်စိရသကဲ့သို့ ခံစားရ ပါစေသတည်းဟု ဆုတောင်းမိပါတော့ သည်။

* * *

လက်ပန်ရွာကလေးသည် မန္တလေး - မိုးကုတ်သွား ကားလမ်းပေါ်မှာရှိပြီး လူနေ စည်ကားသော တောမကျ မြို့မကျ ရွာက လေးတစ်ရွာ ဖြစ်ပါသည်။ ရဲစခန်းနှင့် ဆေးရုံ လည်း ရှိသည်။ လက်ပန်လှရွာကလေး၏ အရှေ့ဘက် (၅)မိုင်ခန့်တွင် မိုးကောင်း ကြီးနှင့် ထမင်းသချောင်းဟူသော ရွာက လေးနှစ်ရွာ နီးကပ်စွာတည်ရှိသည်။

တစ်ရွာတစ်ရွာတွင် အိမ်ခြေ(၇၀)မျှ ရှိသော တောတွင်းမှ ရွာကလေးများ ဖြစ် သည်။ ကျေးရွာလူထုသည် သစ်ဝါး ခုတ်၍ လည်းကောင်း၊ တောင်ယာလုပ်၍ လည်း ကောင်း ဆင်းရဲစွာဖြင့် အသက်မွေးမြူကြ သည်။

ထမင်းသချောင်းရွာတွင် မုဆိုးမဖြစ်
ဒေါ်မြတင်သည် သားဖြစ်သူ မောင်ထွေး
အတူ သားအမိနှစ်ဦး ထင်းဝါးခုတ်
အသက်မွေးကြသည်။ တစ်နေ့သေ
ဒေါ်မြတင်သည် အဖော်များနှင့် တော
ကာ ထင်းဝါးခုတ်လိုက်သွားရာ ဝါးကိုင်
ထိုးနှံမှုကြောင့် ဘယ်ဘက်မျက်လုံးတွ
ဒဏ်ရာရခဲ့လေသည်။

**ဆင်းရဲနွမ်းပါးခြင်း၊ ဆေးဝါးကောင်းမ**
**လက်လှမ်းမမီခြင်းကြောင့် ထား၊ နှင်းမှု**
**အဏ်ရာကို လိမ်းကျံခဲ့ရာ ရက်ကြာလာသေ**
**မျက်စိတွင် အနာဖြစ်၍ ပါးရဲ့လာခဲ့တော့**
**အမြင်အာရုံ ချို့တဲ့ခဲ့ရလေတော့သည်။**

သားဖြစ်သူ မောင်ထွေးက မိခင်ဖြစ်
သူကို လက်ပန်လှဆေးရုံသို့ ပို့ခဲ့သော်လည
ဆေးရုံအမှုထမ်းများက မန္တလေးမှ အထူ
သမားတော်ကြီးများနှင့်သာ သွားရော
ပြသရန် အကြံပေးကြသဖြင့် ရွာသို့ ပြန်
ခဲ့ရသည်။

မန္တလေးသို့ တက်၍ မျက်စိအထူ
သမားတော်ကြီးများနှင့် ကုသရန်မှာ သူ
အတွက် အလှမ်းဝေးလှသလို စိတ်ကူ
ပင် မထည့်ဝံ့ပါပေ။

သားဖြစ်သူ မောင်ထွေးက မိခင်ဖြစ်
ကို ကြည့်ကာ ယူကျုံးမရဖြင့် သူတို့ရွာ
အရှေ့ ရွှေမြင်တင်တောင်တွင် သီတင်း
နေထိုင်သော အရှည်ဝါသီတောရ ဆ
တော်တစ်ပါးထံ သွားရောက်၍ မိခင်ဖြ
၏ အဖြစ်အပျက်ကို ပြောပြလျက် 
အညီ တောင်းခံခဲ့လေသည်။

ဆရာတော်မှာ ဝိပ
ဆေးဝါးမရှိဘဲ ပရိတ် သာ ပေးလို

www.burmeseclassic.com

www.burmeseclassic.com

နိုင်ပြီး ရက်များမကြာမီ အမြန်ပျောက်ပါစေကြောင်း ဆုတောင်းပေးလိုက်လေသည်။ မောင်ထွေးက ပရိတ်ရေပုလင်းလေးကို လွယ်အိတ်တွင်းထည့်၍ ရွှေမြင်တင်တောင်ပေါ်မှ စိတ်ပျက်အားငယ်စွာ ဆင်း၍လာခဲ့သည်။

မောင်ထွေးက ရတနာသုံးပါးမှတစ်ပါးကိုးကွယ်ရာမရှိဟူသော အသိဖြင့် သရဏဂုံသုံးပါးကို တရစပ် ရွတ်ဆိုရင်း တောင်ပေါ်မှ ဆင်း၍လာရာ စောင်းတန်းအနီး ဇရပ်တစ်လုံးပေါ်တွင် အဝတ်ထုပ်ကြီးတစ်ခုကို မှီ၍ အနားယူနေသော အဖြူရောင်ဝတ် လူသူတော်ကြီးတစ်ဦးကို တွေ့ရှိရလေသည်။

မောင်ထွေးက စောင်းတန်းအနီးရှိ ဇရပ်ကြီးရှေ့မှ ဖြတ်သွားရင် သရဏဂုံသုံးပါးကို စိတ်ထဲမှ မပြတ်တမ်း ရွတ်ဆိုလျက်ရှိစဉ် ဇရပ်ပေါ်မှ လူသူတော်ကြီးက သူ့ကိုကြည့်၍...

'ဟေ့ သရဏဂုံရွတ်နေတဲ့ မောင်ရင်၊ မင်းလွယ်အိတ်ထဲက ရေပုလင်းကို ငါ့လှူစမ်းပါကွာ၊ ငါ ရေဆာလို့ပါ'

ဟု လှမ်း၍ ပြောလိုက်ရာ မောင်ထွေးသည် လှမ်းလက်စ ခြေလှမ်းများပင် ရပ်၍သွားရလေသည်။ သူက ဇရပ်ပေါ် တက်သွားပြီး လွယ်အိတ်ထဲမှ ရေပုလင်းကို လူသူတော်ကြီးအား လှူသင့်၊ မလှူသင့် စဉ်းစားလျက် ရှိသည်။


'ဟေ့ မောင်ရင် မင့်ရေပုလင်းကို ငါ့လှူစမ်းပါကွ၊ ငါ ရေဆာလွန်းလို့ပါ'

'အဘရယ် မလှူချင်လို့ မဟုတ်ပါဘူးဗျာ။ ဆရာတော်က ကျွန်တော့်အမေအတွက် မန်းပေးလိုက်တဲ့ **ပရိတ်ရေမို့ပါဗျာ**'

လူသူတော်ကြီးက **''မင်းအမေက ဘာဖြစ်နေလို့လဲကွ''**ဟု အထုပ်ကြီးကို မှီနေရာမှ တင်ပျဉ်ခွေ ပြင်ထိုင်ရင်း မေးလိုက်၏။ မောင်ထွေးက သူ့မိခင်ကြီး၏ အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ရှင်းပြလိုက်ရာ လူသူတော်ကြီးက...

'အမယ်လေး ငါ့လူရာ မျက်စိရောဂါအတွက်ကတော့ ဆေးနည်းပေးခဲ့ပါမယ်။ မင်းသာရအောင်ရှာပါ။ တကယ့် နတ်ဆေးမှ နတ်ဆေးကွ။ မျက်ဆန်သာ မပေါက်ပါနဲ့ ပြန်မြင်ရစေပါမယ်'

ဟု ရဲဝံ့စွာ အာမခံလိုက်လေသည်။



'အဘပြောတာ ဟုတ်ရင် ဘယ်လောက်ခက်ပါစေ ကျွန်တော် ရအောင်ရှာပါ့မယ်။ ကဲ အဘသောက်တော့ ကျွန်တော် ဒီရေပုလင်းကို လှူပါတယ်'

လူသူတော်ကြီးက သာဓုခေါ်၍ မောင်ထွေးရေပုလင်းကို အားပါးတရ မော့သောက်ရင်း သူ့မိခင်အား ကုသရန် ဆေးနည်းကို ပေးခဲ့လေသည်။ ဆေးနည်းပေးပြီးနောက်လည်း မောင်ထွေးကို သတိပေး ဆုံးမခဲ့သေးသည်။

'မင်း အဲဒီဆေးမြစ် ရခဲ့ရင် မျက်စိဝေဒနာရှင် အပေါင်းကို အဖိုးအခမဆိုဘဲ စေတနာနဲ့ ကုသပေးပါကွာ၊ အေး မင်း သစ္စာမဲ့ခဲ့ရင်တော့ ဆေးမြစ်ဟာ မင်းလက်ထဲမှာ ကြာရှည်မြဲမှာ မဟုတ်ဘူးကွ။ ဒါကိုတော့ ငါ့လူ မြဲမြဲ သတိထား'

'ကျွန်တော် မှတ်ထားပါ့မယ် အဘ'

အထုပ်ကြီးတစ်ထုပ်ထမ်း၍ ဂန္ဓာရီခရီး လှည့်နေသော လူသူတော်ကြီးတစ်ဦးက သူ့ကို နတ်ဆေးမြစ် ရှာဖွေနည်းကို တိတိကျကျ ပြောကြားပေးခဲ့လေသည်။

* * *

မောင်ထွေးက သူတို့ရွာ မြောက်ဘက်ရှိ ထူထပ်စွာ ပေါက်နေသော ဝါးရုံတောများအတွင်းရှိ နဘူးချုံကြီးတစ်ခုအတွင်း ငြိမ်သက်တိတ်ဆိတ်စွာ ပုန်းအောင်းလျက် ရှိသည်။ ယနေ့ပါနှင့်ဆို သူ ဤနဘူးချုံကြီးတွင်း လာရောက်ပုန်းအောင်းနေသည်မှာ သုံးရက်မျှရှိပြီး နဘူးချုံကြီးနှင့် မလှမ်းမကမ်းရှိ ပေါင်ပဲ့ချုံကြီးကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေသည်။

ဝါးရုံတောတစ်ခုလုံးလည်း အု အု အု ဟူသော ဘုတ်ငှက်များ၏ နေပူပူတွင် အော်မြည်သံများက လွှမ်းခြုံလျက်ရှိသည်။ သူက နဘူးချုံကြီးထဲမှာ ပုန်းအောင်းနေရင်း လူသူတော်ကြီး၏ မှာကြားစကားများကို နားထဲမှာ ပြန်လည် ကြားယောင်ကာလာသည်။

'မင်း ဘုတ်ငှက်ရဲ့ အသိုက်ကို တွေ့အောင်ရှာရမယ်။ ကဲ တွေ့ပြီဆိုပါတော့ ဘုတ်ငှက်မကြီး အစာရှာသွားတဲ့အချိန်မှာ အသိုက်ထဲက ဘုတ်ငှက်ပေါက်ကလေးတွေရဲ့ မျက်စိကို ဒဏ်ရာရအောင် မင်း လုပ်ရမယ်။ လုပ်ပြီး မလှမ်းမကမ်းက စောင့်ကြည့်နေရမယ်။ အဲဒီအခါမှာ အစာရှာရက ပြန်လာတဲ့ ဘုတ်ငှက်မကြီးဟာ သူ့ကလေးတွေ မျက်စိမှာ ဒဏ်ရာတွေ့တာနဲ့ အသိုက်ထဲက ပြန်ထွက်သွားပြီး နတ်ဆေးမြစ်ကို သွားရှာလိမ့်မယ်။

မကြာခင်မှာ သူ့နှုတ်သီးမှာ နတ်ဆေးမြစ်ကိုက်ချီပြီး ပြန်လာတာ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် မင်း အိမ်ပြန်ခဲ့ပေတော့။

အဲဒီနေ့မှာပဲ ဘုတ်ငှက်မကြီးဟာ သူ့ကလေးတွေနဲ့ အသိုက်ပြောင်းသွားလိမ့်မယ်။ ဒါပေမယ့် သူ ချီလာတဲ့ နတ်ဆေးမြစ်ဟာ အသိုက်ထဲမှာ ကျန်ရစ်ခဲ့ပြီကွ။ အဲဒီဆေးမြစ်ကို မင်း တွေ့အောင် ရှာရမယ်။ ရှာဖို့တော့ နည်းမသိရင် လုံးဝမလွယ်ဘူးကွ။ ဒါပေမယ့် ရှာနည်းကို ငါ ပြောခဲ့ပါမယ်။ သေသေချာချာ မှတ်ထား'

မောင်ထွေးက လူသူတော်ကြီး၏ စကားကို ပြန်လည် ကြားယောင်လာရင်း မလှမ်းမကမ်း ပေါင်ပဲ့ချုံကြီးထဲတွင် သူ ရှာဖွေတွေ့ရှိထားသော ဘုတ်သိုက်ကို ငြိမ်သက်စွာ စောင့်ဆိုင်းကြည့်ရှုလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘုတ်မကြီးက အသိုက်ထဲမှ ပျံထွက်သွားသည်ကို မောင်ထွေး တွေ့ရှိလိုက်ရသည်။

သူက တွေဝေစဉ်းစားနေခြင်း မရှိဘဲ သွက်လက်စွာ နဘူးချုံထဲမှ ထွက်လိုက်ပြီး ဘုတ်သိုက်ရှိရာ ပေါင်ပွဲချုံကြီးသို့ ကူးသွားပြီး ဘုတ်ငှက်ကလေးများကို မျက်စိ၌ ဒဏ်ရာရအောင် လုပ်လိုက်သည်။ ထိုသို့ လုပ်လိုက်ခြင်းဖြင့် သူ့မှာ စိတ်မကောင်း ဖြစ်မိသော်လည်း မိခင်ကြီး၏ မျက်စိရောဂါ ပျောက်ချင်ဇောဖြင့် လုပ်သင့်မလုပ်သင့် စဉ်းစားမနေနိုင်ဘဲ ဆုံးဖြတ်ချက်အတိုင်း လုပ်လိုက်မိလေသည်။

သူက ရုတ်တရက် ချက်ချင်းပင် သူ ပုန်းအောင်းခဲ့သော နဘူးချုံကြီးသို့ ပြန်ပြေးလာပြီး ဆက်လက်စောင့်ဆိုင်းကာ ကြည့်နေမိသည်။ ထိုသို့ စောင့်ဆိုင်းနေရချိန်သည် သူ့အဖို့ တစ်ကမ္ဘာမျှ ကြာလွန်းလှ၏ဟု စိတ်မှာ ထင်နေမိသည်။ တကယ်တော့ သူ စိတ်စောနေ၍သာ ဖြစ်သည်။

စောင့်ဆိုင်းချိန်မှာ မကြာလှပါချေ။ ဘုတ်မကြီးက အသိုက်ထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရပြီး ရုတ်တရက် ချက်ချင်းဆိုသလို သူ့သားသမီးများ ဖြစ်ပျက်ခံစားနေသည်ကို တွေ့လိုက်ရသဖြင့် အသိုက်ထဲမှ ပြန်ထွက်သွားသည်။ သူက စိတ်မောစွာနှင့် ချုံကြီးထဲမှ မျက်စိကို ဖြဲ၍ ဆက်လက်ကြည့်ရှုနေမိသည်။

မကြာပါချေ။ ဘုတ်မကြီးပါးစပ်၌ တစ်ခုသော ရှည်မျောမျော အရာလေးတစ်ခု ကိုက်ချီ၍ ပျံသန်းလာပြီး အသိုက်ထဲသို့ လျင်မြန်စွာ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။ ထိုအခါကျမှ လူသူတော်ကြီး မှာကြားချက်ဖြင့် . စိတ်ချကာ သူ့အိမ်သို့ တိတ်တဆိတ် ပြန်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မောင်ထွေးက ရွာမြောက်ဘက်မှ ဝါးရုံတောအတွင်း သူ မှတ်သားထားသော ပေါင်ပွဲချုံကြီးသို့ လာခဲ့ရာ လူသူတော်ကြီး ပြောသကဲ့သို့ အသိုက်ထဲ၌ ဘုတ်ငှက်ကလေးများ မရှိတော့ဘဲ အသိုက်ပြောင်းသွားပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

သူက ချုံပုတ်၊ မြက်ပုတ်၊ သစ်ကိုင်း သစ်ခက်တို့ဖြင့် တည်ဆောက်ထားသော ဘုတ်သိုက်ကို မကြွေမပျက်စေရန် သတိနှင့် မ,ယူလိုက်ပြီး သူတို့ရွာအနောက်ရှိ ချောင်းရှိရာသို့ သွက်လက်စွာ လာခဲ့တော့သည်။ ထိုသို့လာရင်း လူသူတော်ကြီး၏ မှာကြားသော စကားတို့က သူ့နားထဲမှာ ပြန်လည်၍ ကြားယောင်လာပြန်သည်။

'ဆေးမြစ်ရှာပြီး ပြန်လာတဲ့ ဘုတ်မကြီးဟာ မျက်စိမှာ ဒဏ်ရာရနေတဲ့ သူ့သားသမီးတွေကို ဆေးမြစ်နဲ့ တို့ပေးလိုက်တာနဲ့ မျက်စိက ဒဏ်ရာတွေဟာ တစ်မုဟုတ်ချင်း ပျောက်သွားလိမ့်မယ်ကွ။ မယုံမရှိနဲ့။ အဲဒါ တကယ်ကွ။ ဘုတ်ငှက်မကြီးဟာ သူ့အသိုက်ကို လူသိသွားလို့ အသိုက်ပြောင်းလိမ့်မယ်။

အသိုက်ပြောင်းတာ လူက ကြည့်ခွင့်မရှိဘူး။ ဒါကြောင့် မင်းကို အိမ်ပြန်ခိုင်းတာ၊ အသိုက်ပြောင်းသွားပေမယ့် သားသမီးဇောကြောင့် နတ်ဆေးမြစ်ကို မေ့ပြီး အသိုက်ထဲမှာပဲ ထိုးထည့်ထားတတ်တယ်။ အဲဒါကို မရှာတတ်ရင် ဆင်ကောင်ကြီး အမြီးကျမှတစ် ဆိုသလိုပဲကွ။ ရှာနည်းကို ငါ ပြောခဲ့မယ်။

အဲဒီအသိုက်ကို မကြွေမပျက် အသာ မ,ယူလာပြီး တသွင်သွင်စီးနေတဲ့ စမ်းချောင်းထဲမှာ ဖျက်ပြီး တစ်စစီ ချကြည့်ပေတော့။ မင်း ထူးခြားတာကို တွေ့ရမယ်။ တွေ့ပြီဆိုရင် အဲဒါဟာ အလွန်အစွမ်းရှိတဲ့ ဒေဝစက္ခုနတ်ဆေးမြစ်ကွ'

မောင်ထွေးက ဘုတ်သိုက်ကို လက်နှင့် ဖြည်းညင်းစွာ မ,၍ သူတို့ရွာအနောက်ဘက်တွင် တသွင်သွင် စီးဆင်းနေသည့် စမ်းချောင်းသို့ လာခဲ့သည်။ စမ်းချောင်းသို့ ရောက်သော် ဘုတ်သိုက်ကလေးများကို စိတ်ရှည်လက်ရှည် တစ်စစီဖျက်၍ စမ်းချောင်းထဲသို့ ချလိုက်သည်။ ပျက်စီးသွားသော ဘုတ်သိုက်အစအနလေးတို့က ရေစီးထဲမှာ မျော၍ ပါသွားကြသည်။

သူက ဘုတ်သိုက်ကလေးကို ဖျက်ရင်းချရင်း မမှိတ်မသုန်ကြည့်ရင်း ပြုလုပ်လျက်ရှိသည်။ သူ့လက်ထဲ၌ ဘုတ်သိုက်အစအနလေးများက များစွာ မကျန်ရှိတော့ဘဲ ရှိသည်။

**ထိုစဉ် တစ်ခုသော သစ်ကိုင်းစလေ... တစ်ခုက ရေစီးကိုဆန်၍ ရေဆန်... တိုးကာ ရုတ်တရက် အထက်သို့ တ... လာသည်ကို ထူးဆန်းစွာ တွေ့ရှိလိုက် တော့သည်။** သူက ရေစီးကိုဆန်၍ ရေဆ... ကို တိုးတက်လာသော သစ်ကိုင်းစလေး... လျင်မြန်စွာ ဖမ်းယူလိုက်ရာ သူ့လက်ထဲ... မိမိရရပင် ရရှိသွားတော့သည်။

'အဲဒါ အလွန်တရာ အစွမ်းရှိတဲ့ ဒေဝစ... နတ်ဆေးမြစ်ကွ။ မင်း အယူနောက်ကျ... မျက်စိအောက်မှာပင် ပျောက်သွားလိမ့်မ... လက်သွက်သွက်နဲ့ ယူမိပါစေ၊ မယူနိုင်ရင်တေ... မရလိုက်တော့ဘူး။ အဲဒါကို နတ်ဝှက်တယ်... ခေါ်တယ်'

သူက ဆေးမြစ်ကလေးကို လက်မှ... တင်းတင်းဆုပ်၍ လူသူတော်ကြီး... စကားကို နားမှာ ကြားယောင်လာရ... အိမ်သို့ သုတ်ခြေတင်၍ ပြန်ပြေးလာခဲ့တေ... သည်။

လူသူတော်ကြီး၏ ပြောစကားများသ... အလွန်မှပင် မှန်ကန်လှတော့သည်။ သူ... သူ၏ နတ်ဆေးမြစ်နှင့် သူ့မိခင်၏ မျက်... ဝေဒနာကို ကုသပေးရာ မယုံကြည်နို... လောက်အောင်ပင် နာရီပိုင်းအတွင်း မူ... ပြကတေ့အတိုင်း အလင်းရောင်ကို ပြန်ရ... မိမွေးတိုင်း ဖမွေးတိုင်းအဖြစ်ကို ရရှိခဲ့တေ... သည်။

မောင်ထွေးက လူသူတော်ကြီး၏ မိ... မှာမှုအရ ဒေဝစက္ခု နတ်ဆေးမြစ်နှင့် မျက်... ဝေဒနာရှင်များကို ကုသပေးရာ အကုသ... ရသူ ဝေဒနာရှင်အပေါင်းမှာ နတ်ဆေးမြ... ၏ အစွမ်းကြောင့် ပျောက်ကင်းချမ်းသာ... ရခဲ့ကြလေသည်။

မောင်ထွေး၏ ဂုဏ်သတင်းမှာ နေ့ချင်း... ညချင်းဖြင့်ပင် ကျော်ကြားသွားက...

စာမျက်နှာ (၂၀၈) သို့



www.burmeseclassic.com

www.burmeseclassic.com





# ကျောက်ဘီလူးရှင် အံ့မခန်း

မှတ်စု၆၀ (သဲကုန်း)

၁၉၈၅ ခုနှစ် ပတ်ဝန်းကျင်အချိန်က ဖြစ်သည်။

စာရေးသူ၏ အစ်ကိုသည် **ပြည်-အောင်လံ ကားလမ်း ပြုပြင်ရေးအတွက်** ကျောက်ရရှိရေးလုပ်ငန်း တာဝန်ယူလုပ်ကိုင်ခဲ့ရသည်။ သဲကုန်းမှ ရွှေနေတစ်ဦး၊ ပြည်မြို့မှ စက်မှုကျောင်းသားနှစ်ဦးနှင့် အစ်ကိုတို့ လေးယောက်ပေါင်း လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

စာရေးသူ၏ အစ်ကိုသည် လမ်းပေါ်သို့ ကျောက်ချရန် တင်ဆောင်သည့် ကားများကို ဦးဆောင်စီစဉ်၍ တစ်ဖက်မှလည်း ကျောက်ခွဲလုပ်သားများကို ဦးစီး၍ စီမံခန့်ခွဲရေးတာဝန် ပူးတွဲယူရသည်။ ညဘက်တွင် ပြည်မြို့ရှိ တည်းခိုဆောင်တစ်ခုတွင် ပြန်အိပ်ကြပြီး အစုဝင်လေးဦး တွေ့ဆုံကြသည်။

တစ်နေ့နံနက် အစ်ကိုသည် လုပ်ငန်းခွင်သို့ ရောက်လျှင်ရောက်ချင်း အလုပ်သမားလူကြီး ဦးခန့်မောင်မှ ဆီးကြိုပြောလေသည်။

'ဆရာရယ် ညက ကျွန်တော်တို့တစ်ပွဲလုံး မအိပ်ရပါဘူး။ ဟိုဘက်တဲက အလုပ်သမားတစ်ယောက် ဘီလူးဝင်စီးပြီး ကြမ်းနေလို့ ဒုက္ခများ လိုက်ကြတာ'

အစ်ကိုလည်း ဦးခန့်မောင်ကိုခေါ်၍ ထိုအလုပ်သမားဆီသို့ တန်းသွားပြီး ဖြစ်ပုံကို မေးရလေသည်။ အလုပ်သမားသည် ပြီးခဲ့သည့် **ညနေပိုင်းက ထူးဆန်းသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ခဲ့ရကြောင်း၊ အချက်ပေါင်းများစွာ ရိုက်ခွဲသော်လည်း ခွဲမရကြောင်း...**

နောက်ဆုံးတစ်ချက်တွင် မီးဝင်းဝင်း တောက်ပြီး မျက်လုံးထဲတွင် ဘီလူးကြီးတစ်ကောင်ကို အထင်းသား မြင်လိုက်ရကြောင်း၊ ဆက်မခွဲရဲတော့ဘဲ ထားခဲ့ရကြောင်း၊ ညရှစ်နာရီခန့်တွင် ဘီလူးကြီး ရောက်လာပြီး နောက်ဆက်တွဲဖြစ်ရပ်များကို သူကိုယ်တိုင် ဘာမှ မသိတော့ကြောင်း ကြောက်ရွံ့ထိတ်လန့်စွာနှင့် ကတုန်ကယင်နှင့် ပြောပြရှာသည်။

## ကျောက်ဘီလူး တွေ့ရှိပုံ

ရိုက်ခွဲမရသည့် ဂဝံကျောက်တုံးကြီးရှိရာသို့ အစ်ကိုနှင့် အလုပ်သမား လေး၊ငါးယောက် သွားကြည့်ကြသည်။ ဘီလူးစီးခံရသော အလုပ်သမားမှာ မလိုက်ပါရစေနှင့် တောင်းပန်၍ ကျန်ခဲ့သည်။

အစ်ကိုသည် ကျောက်တုံးကြီးကို သေချာစစ်ဆေး ကြည့်ရှုသည်။ **အလယ်မှ အက်ရာပြေးနေသည့် လမ်းကြောင်းမရေးရေးလေးကို မြင်ရ၏။** အလုပ်သမားများကို အက်ကွဲကြောင်းပြ၍ ဆက်ခွဲကြည့်ရန် ပြောသောအခါ မည်သူမျှ မခွဲရဲ ဖြစ်နေကြ၏။

အစ်ကိုသည် ကြောက်စိတ်ရှိသူ မဟုတ်။ **'ကဲ မင်းတို့ မခွဲရဲရင် ငါခွဲမယ်'**ဟု ပြော၍ နတ်ကောင်းနတ်မြတ်တို့ကို လက်အုပ်ချီ၍ တိုင်တည်ပြီး တူနှင့် စတင်ခွဲတော့၏။ သုံးချက်မြောက်တွင် အက်ကွဲကြောင်းအတိုင်း ဂွမ်းခနဲ ကွဲထွက်သွားတော့သည်။

ဂဝံကျောက်တုံးကြီး အလယ်တွင် ကြက်ဥလုံးအရွယ်ခန့် လေးမိုးပါက်အတွင်းမှ ကျောက်ရစ် အမျိုးအစား အမြင့် တစ်လက်မကျော်ကျော်၊ လုံးပတ် တစ်လက်မနီးပါးခန့် ဘီလူးရုပ်ကို တွေ့ရသည်။

ဘီလူးရုပ် ကျောက်ခဲမှာ စိမ်းညိုရောင်ရှိသည်။ ခေါင်းပိုင်းတွင် ပါးစပ်ပြဲပြဲ၊ နှာခေါင်းပုနေရှုး၊ မျက်လုံးပြောက်ပက်နှစ်လုံး၊ လက်နှစ်ဖက်မှာ တံတောင်ဆစ်မှ ကွေးထား၍ လက်သီးဆုပ်ပုံသဏ္ဌာန် ရင်ဘတ်နှင့် တစ်ဆက်တည်း ဖြစ်နေ၏။ တင်ပျဉ်ခွေထိုင်နေပုံ ဖြစ်သည်။ မပီမပြင် ပုံသွင်းထားသည့် ဘီလူးရုပ်တစ်ခုနှင့် တူနေ၏။ ပုံကိုကြည့်ပြီး အလုပ်သမားများ အံ့သြသွားကြသည်။

'ဆရာ ညတုန်းက စံကြီးကို ဝင်ပူးတဲ့ ဘီလူးကို ရေတိုက်တော့ ငါ မျက်စိမမြင်ဘူး လက်ကိုပေးလို့ ပြောတယ်'

ဘီလူးရုပ်ကလည်း စုံလုံးကန်း ဆန်းကြယ်တော့၏။

'ကဲ ဘီလူး၊ ငါတို့တဲကိုလိုက်ခဲ့၊ မင်းကို နေရာလဲပေးမယ်။ အစာလဲကျွေးမယ်။ ဘာမှတော့ အနှောင့်အယှက် မလုပ်နဲ့'

ဟု အစ်ကို ခပ်ရွှင်ရွှင် ပြော၍ အိတ်ထဲ ထည့်ယူခဲ့လေသည်။

## ကျောက်ဘီလူး၏ ထူးခြားပုံ

အစ်ကိုဖြစ်သူထံတွင် တစ်ပတ်ကျော်သည်အထိ ဘီလူးရုပ်တုမှ ဘာမျှ ထူးခြားမှု မရှိခဲ့။ အစ်ကိုလည်း သဲကုန်းမြို့မှ အိမ်သို့ ခဏပြန်လာ၏။ စာရေးသူ၏ခြင်ထံသို့



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးရုပ်ကို ပေးထားခဲ့သည်။ အဖေသည် အင်္ဂရိတ်ထိုးသူဖြစ်၍ **သွပ်ရွှေဝါစာတ်လုံး သေးသေးလေးနှစ်လုံး ပြုလုပ်၍ ဘီလူး၏ မျက်လုံးအိမ်ပေါက်ထဲသို့ သွင်းလိုက်ရာ** အံ့ဝင်ခွင်ကျဖြစ်၍ ကြည့်ကောင်းသွား၏။ ဗိုခန်းတွင်းမှ ကြေးကွမ်းအစ်အဟောင်းကြီးထဲတွင် ထည့်၍ မေ့မေ့ပျောက်ပျောက်နေခဲ့သည်။

တစ်ပတ်ခန့်ကြာသောအခါ ဗိုခန်းတွင်းမှ **ကြေးကွမ်းအစ်ဖွင့်သံများ၊ ဗိုကြိုးဆွဲ၍ တရှီးရှီးမြည်သံများ တစ်အိမ်သားလုံး ကြားနေရသည်။** မီးဖွင့်ကြည့်သောအခါ ဘာမျှ မတွေ့ရ။ ညစဉ်မဟုတ်ဘဲ တစ်ပတ်ခြား၊ နှစ်ပတ်ခြားလောက် အမူမဲ့ အမှတ်မဲ့ နေသောအခါ ကြားရ၏။

တစ်နေ့ ညဘက် ဗိုခန်းနားသို့ စာရေးသူ၏အမေ ဖြတ်သွားသောအခါ ဘီလူးကြီးပုံရိပ်ကို ထင်ထင်ရှားရှား တွေ့ရပြီး လန့်ဖျပ်၍ နေမကောင်း ဖြစ်ခဲ့ရလေသည်။ အဖေလည်း ဘီလူးရုပ်ကိုယူ၍ စိတ္တသုခကန်သာယာကျောင်း ဆရာတော် ဦးသုန္ဒရလက်သို့ အကျိုးအကြောင်း ပြောပြ၍ အပ်ထားလိုက်ရသည်။

## ကျောက်ဘီလူးရုပ်၏အစွမ်း

ဆရာတော် ဦးသုန္ဒရသည် ဘီလူးရုပ်ကို နေရာပေး၍ အသီးအနှံများနှင့် ဆွမ်းတော်တင် စွန့်ပြီး ပုံချကျွေးမွေးခြင်းမျိုး ပြုလုပ်ထားခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနှစ်က ခြောက်ဆူဘုရားပွဲတွင် နယ်ပေါင်းစုံသို့ ဖိတ်၍ လှည်းပွဲများ ပါဝင်လေသည်။

နွားနင်းနွားပြေးမွေးသော ကိုသန်းသည် ဆရာတော်ထံ ချဉ်းကပ်၍ နွားလှည်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ အဆောင်ပြုလုပ်ပေးပါရန် လျှောက်ထားလေ၏။

ဆရာတော်သည် ကျောက်ဘီလူးရုပ်ကို အမှတ်ရလိုက်၏။ ကျောက်ဘီလူးရုပ်ကို စေ့စေ့ကြည့်ပြီး…

'ကဲ အသင်ဘီလူး ငါဟာ သင့်ရဲ့ဆရာ ဘုန်းတော်ကြီးတစ်ပါး ဖြစ်တယ်။ သင့်ကိုလဲ ကျွေးမွေးစောင့်ရှောက်ထားတယ်။ ဒီနေ့ ငါ့ရဲ့ ဒကာ ကိုသန်းနောက် လိုက်သွားပါ။ ကိုသန်းရဲ့ နွားတွေကို စောင့်ရှောက်ပြီး အောင်နိုင်အောင် စွမ်းဆောင်ပေးပါ'

ဟု အမိန့်ပေး၍ ကိုသန်းလက်ထဲ အပ်လိုက်လေသည်။ **အသီးအနှံနှင့် ထမင်းကျွေးပါရန် မှာလိုက်လေသည်။**

နွားပွဲမှာ သရက်၊ အောင်လံ၊ ဟသ်ာတ၊ ပုတီးကုန်းမြို့များမှ နာမည်ကြီးနွားများနှင့် ယှဉ်ပြိုင်ရမှာဖြစ်၏။ ကိုသန်းနွားများမှာ ပွဲစဉ်အလေ့အကျင့်လည်းမရှိ၊ နွားတစ်ရှဉ်း၏အားမာန်မှာ ပြိုင်ဘက်နွားတစ်ကောင်နှင့်ပင် မယှဉ်သာ။ ပြိုင်ဘက်နွားများက နှစ်စ၊ တစ်စ ကြေးထပ်၍ပင် လောင်းကစားပြုလေသည်။

နယ်ခံနွားဖြစ်၍ နောက်ဆုတ်၍ မဖြစ်။ ကိုသန်းမှာ စိတ်ရဲကိုယ်ရဲရှိ၏။ ရှုံးရှုံးနိုင်နိုင် ငွေကြေးများများထပ်၍ မာန်ဟုန်ပြင်းပြင်းနှင့် ကိုယ်တိုင်ဝင်မောင်းသည်။

လှည်းပေါ်သို့ တက်ခါနီး…

'အသင်ဘီလူး ကျွန်ုပ် နွားများကို သင် အစွမ်းကုန်စောင့်ရှောက်ပါ။ အသင်ရဲ့ အစွမ်းကြောင့် အောင်ရမယ်ဆိုတာ ကျွန်ုပ် ယုံကြည်တယ်၊ အားကိုးတယ်'

ဘီလူးကိုလည်း ပြော၏။ ရတနာသုံးပါးကို တရိုတသေ အာရုံပြုပြီးမှ လှည်းပေါ်တက်၏။ အားပေးနေသော ပရိသတ်ကြီးမှာ ကိုသန်း နွားတစ်စုံကိုကြည့်၍ စိတ်ပျက်နေကြသည်။ ကိုသန်းက တာလွှတ်လိုက်ကတည်းက ကြိမ်တံကိုမြှောက်ပြီး…

'ဟဲ့ ငါ့သား နွားညီနောင်တို့ မင်းတို့မှာ ရတနာသုံးပါးနဲ့ မင်းတို့ဘေးမှာ ဘီလူးအဖော်ပါတယ်။ ဘာမှ အားမငယ်နဲ့။ ငါ့သားကြီးတွေ ပညာအစွမ်းကုန် ပြကြစမ်းဟေ့'

ပွဲစဉ်တိုင်း အော်ဟစ်ကြွေးကြော်သံပေး၍ မောင်းလေသည်။ ပွဲသိမ်းသောအခါ ကြက်ပျံမကျ စည်ကားလှသော ပရိသတ်ကြီးမှာ ဟာခနဲ အံ့အားသင့်သွား၏။

ကိုသန်း၏ နွားညီနောင်မှာ ခြေတစ်ချက်မှမပျက်၊ ကရွတ်တစ်ချက်မှ အချိုးမခံရဘဲ တစ်ဖက်နွားကို အပြစ်ကင်းစင်စွာနှင့် အနိုင်ရ အောင်လံ ဆွတ်ခူးနိုင်ခဲ့သည်။ ကိုသန်း၏ နွားများ တန်ဖိုးတက်သွားသလို ဘီလူးလေးသတင်းကလည်း ပျံ့လွင့်သွားလေ၏။

ဆရာတော် ဦးသုန္ဒရထံ ဘီလူးလေး ပြန်ရောက်သွားသောအခါ ကျောင်းတွင် လူဝင်လူထွက်များ၍ ဝိသမလောဘသားများ ခြေရှုပ်လာသည့်အတွက် ကျောက်ဘီလူးနှင့် သင့်လျော်မည့်နေရာကို ရွေးချယ်ရတော့၏။

စာရေးသူ၏ ဖခင်နှင့် ဆရာတော် ဦးနန္ဒရတို့ တိုင်ပင်၍ (…)သာသနာ့နယ်မြေရှိ (…)ဆရာတော်ထံ ကျောက်ဘီလူးရုပ်ကို ပို့ထားလိုက်ရပါတော့သည်။

မြတ်စုဝေ(သဲကုန်း)

## စာမျက်နှာ (၂၀၆)မှ အဆက်

မန္တလေး၊ မုံရွာ၊ မတ္တရာ၊ စစ်ကိုင်း၊ ရွှေဘို စသော မြို့များမှ မျက်စိဝေဒနာရှင်များ သူ့ထံ လာရောက်၍ မျက်စိဝေဒနာများကို ကုကြသည်။

သူ့ထံ လာရောက်ကုသသော ဝေဒနာရှင်များကို ကြေးမပစ်ဘဲ စေတနာနှင့် ကုသပေးခဲ့ရာ ရောဂါတိုင်းပင် ပျောက်ကင်းချမ်းသာကုန်ကြသည်။

ဝေဒနာရှင်များကလည်း တတ်အားသမျှ သူ့ကို ကန်တော့သွားကြသည်။ တစ်နေ့ မိုးကုတ်မြို့မှ ကျောက်သူဌေး မျက်စိဝေဒနာရှင်တစ်ဦး သူ့ရွာသို့ ကားဖြင့် ရောက်လာပြီး မျက်စိရောဂါ အကုအသလာခံသည်။

ထိုဝေဒနာရှင်မှာ အင်္ဂလိပ်-မြန်မာ ဆရာပေါင်း စုံခဲ့ပြီဟု သိရသည်။ ထိုဝေဒနာရှင်က ကားနောက်ပိုင်း၌ ငွေစက္ကူများကို ဝီနန်အိတ်ဖြင့် ထည့်ယူလာသည်ကို အတိုင်းသား မြင်နေရသည်။ **ထိုငွေများကို မြင်ကာ မောင်ထွေးသည် လောဘတက်၍ စိတ်ပြောင်းကာလာသည်။** ထို့ကြောင့် ဝေဒနာရှင်ကို ငွေစကား၊ ကြေးစကား ဆိုမိတော့၏။

'ဆရာ ငွေစကား မပြောပါနဲ့။ ကျွန်တော့် ရောဂါ ပျောက်လို့ကတော့ ကားနောက်ပိုင်းမှာ တစ်သိန်းကျော်ကျော် ပါတယ်။ ဆရာ့ကို အကုန်ကန်တော့ခဲ့မယ်'

ဝေဒနာရှင်က ကားနောက်ပိုင်းမှ ငွေအိတ်ကို သွားယူခိုင်းကာ သူ့ရှေ့ချပေးရင်း ရဲဝံ့စွာ ဆိုလိုက်သည်။

'ဗိုက်ဆွေစကား တည်ပါစေနော်၊ ဗိုက်ဆွေ ဝေဒနာ နာရီပိုင်းအတွင်း ပျောက်စေရမယ်။ မနက်မှ ကုကြတာပေါ့ဗျာ'

သူကလည်း နတ်ဆေးမြစ်အစွမ်းနှင့် ရဲဝံ့စွာ စကားပြန်လိုက်သည်။

နံနက်လင်းသော် မိုးကုတ်မှ ဝေဒနာရှင်ကို ကုရန် သူ့လည်ပင်းတွင် အမြတ်တနိုး အစဉ် ဆွဲထားသော ငွေကြုတ်ထဲမှ နတ်ဆေးမြစ်မှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားကြောင်း တွေ့ရှိလိုက်ရပါတော့သည်။

ထိုအချိန်မှစ၍ လောဘတက်၍ သစ္စာမဲ့ခဲ့သော မောင်ထွေး၏ အမည်သတင်းသည် တစ်စတစ်စ မှေးမှိန်ကာသွားပြီး လူ မသေသော်လည်း ဘဝ သေခဲ့ရပါတော့သည်။

စိုးရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဇင်းကျိုက် ကုလားမတောင်ဟု ဆိုလျှင် စာဖတ်ပရိသတ်များ အားယဉ်နေပြီး ဖြစ်ပါလိမ့်မည်။ ကုလားမတောင် အကြောင်းကို စာရေးဆရာ အတော်များများက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာပေါ်၌ ရေးသား တင်ပြခဲ့ကြပါသည်။

ယခု စာရေးသူ ရေးသားတင်ပြလိုသောအကြောင်းမှာ ကုလားမတောင်နှင့် ကုလားမအကြောင်း ဖြစ်ပါသည်။ တချို့က ကုလားမတောင်မှ ကုလားမသည် မကျွတ်လွတ်သေးသော ဘဝဖြင့် တောင်စောင့်ဖြစ်နေသည်ဟု ယူဆကြလေသည်။

အချို့သော လူတို့က ကုလားမသည် သိဒ္ဓိတစ်ခုခု ပြီးမြောက်သွား၍ ဝိဇ္ဇာနွယ်ဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း အမျိုးမျိုး ဝေဖန် သုံးသပ်ကြလေ၏။

မည်သို့ပင်ဆိုစေကာမူ စာရေးသူ တင်ပြလိုသော ဖြစ်ရပ်မှန်လေးကို ဖတ်ပြီး စာဖတ်ပရိသတ်များထဲမှ အဖြေတစ်ခု ပေးနိုင်လိမ့်မည်ဟု စာရေးသူ ယုံကြည်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ကုလားမတောင်ပေါ်မှ ကုလားမနှင့် ဆုံပြီး စကားပြောဆိုခဲ့သူ လူတစ်ဦး၏ ကိုယ်တွေ့အဖြစ်မှန်လေးကို ရေးသားတင်ပြရမည်ဆိုလျှင်...



သန္တာခိုင် (ဇင်းကျိုက်မြို့)

# ကုလားမတောင်မှ

## ကုလားမအဘွားအိုနှင့် တွေ့ခဲ့သူ၏ ဖြစ်ရပ်ဆန်း

* * *

ဟေမာန်ဆောင်း၏ တစ်ခုသော နံနက်ခင်း။ ငွေနှင်းမှုန်မှုန်တို့က ကုလားမတောင် တစ်တောင်လုံးကို ဇာပဝါအပါးလေးဖြင့် လွှမ်းခြုံထားဘိကဲ့သို့ အုံ့ဆိုင်းထားလျက်ရှိ၏။ အချိန်က နံနက် ငါးနာရီထိုးပြီးခါစ။ ကုလားမတောင် တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်နေလျက်ရှိ၏။

အခါတိုင်းနံနက်ဆို ကုလားမတောင် ဆရာတော်ကျောင်းမှ မီးရောင်မှိန်ပျပျကို တွေ့ရသည်။ ယခု ဆရာတော်၏ ဇေတဝန်တစ်ပါးကျောင်းလေးမှာ နှင်းမှုန်ကြားတွင် ကွယ်ပျောက်နေလျက်။

မနေ့နံနက်က ဆရာတော် ခရီးထွက်သွားသည်။ မိမိတဲလေးထဲသို့ ဆရာတော် ကြွရောက်လာပြီး စားစရာ



www.burmeseclassic.com

www.burmeseclassic.com

များ လိုအပ်လျှင် ယူသုံးနိုင်စေရန် မိမိအား မီးဖိုသော့ ပေးခဲ့သည်။

မိမိကိုလည်း အားသည့်အခါ ကျောင်းကို ကြည့်ရှုပေးရန် တာဝန် ပေးခဲ့၏။ ဒီမနက် ကျောင်းသို့ သွား ကြည့်ဦးမည်ဟု ညကတည်းက စိတ်ကူးပြီးသား။ မိမိမှာက မီးသွေးဖို တစ်ဖက်နှင့်ဆိုတော့ အားသည့်အချိန် ဆိုတာ သိပ်မရှိ။

ဒီနံနက် ခပ်စောစောထပြီး ဆရာ တော့်ကျောင်းသို့ သွားရန် အလင်း ရောင်ကို မျှော်နေမိ၏။ တဖြည်းဖြည်း နှင့် အလင်းရောင် ဖျော့ဖျော့လေး ရလာ၏။ နှင်းမှုန်များလည်း လွင့်ပြယ် စပြုနေပြီ။ မိမိသည် တဲအတွင်းမှ ထွက်လာ၍ ဆရာတော်ကျောင်းသို့ သွားရန် ခြေလှမ်းများ ရွေ့လျားလိုက် တော့သည်။

မိမိ မီးသွေးဖိုနှင့် ဆရာတော့် ကျောင်းသည် အလှမ်းသိပ်မကွာလှ။ လှမ်းကြည့်လျှင်မြင်ရ၏။ မိမိသည် ဓား တစ်လက်ကိုင်ပြီး ထွက်လာခဲ့ရာ ဆရာ တော်ကျောင်းနားသို့ ရောက်လာခဲ့ သည်။

သင်းပျံ့မွှေးကြိုင်သော ရနံ့ကို ရှူရှိုက်မိလိုက်သည်နှင့် မိမိကိုယ် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထမိ၏။ ပန်းရနံ့လည်း မဟုတ်။ ဤ တောင်တန်းပေါ်တွင် မိမိ မီးသွေးဖုတ်၍ နေထိုင် လာခဲ့ရာ ဆယ်နှစ်ကျော်ခန့်ရှိ လေပြီ။ ဒီလိုရနံ့မျိုး တစ်ခါမှ မရှူရှိုက် ဘူးပေ။

ဆရာတော့်ကျောင်းရှေ့ ရောက်လာ ခဲ့၏။ အမွှေးရနံ့က ပိုပြင်းလာသည်။ ကျောင်းတံခါးလည်း ဖွင့်ထားသည်။ ဆရာတော် ပြန်ရောက်နေပြီလား။ သို့ လိုဇော်ဖြင့် ကျောင်းထဲသို့ ကြည့်မိ သည်။ မည်သူမျှမရှိ။



ဘုရားခန်းမှာ ဖယောင်းတိုင်မီးများ ထွန်းထားသည်။ အမွှေးတိုင်လည်း ထွန်းထားလေသည်။ မွှေးရနံ့က ဒီက ရမှန်း သိလိုက်ရသည်။ တစ်ဦးတစ် ယောက်တော့ ရောက်နေတာ ဖြစ်လိမ့် မည်။ စောင့်ကြည့်ဦးမည်ဟု မိမိလည်း ကျောင်းရှေ့ရှိ ကျောက်ဖျာပေါ်၌ ထိုင်ချ လိုက်လေ၏။

အချိန်တော်တော်ကြာ စောင့်ကြည့် ၏။ အဖြေကမပေါ်။ ကျောင်းခေါင်းရင်း ရှိ တောင်ကုန်းပေါ်မှ ခေါင်းလောင်း ထိုးသံ ကြားလိုက်ရသည်။ ဆရာတော် မဟုတ်သော်လည်း ဒကာအရင်း တစ် ယောက်,ယောက်ဖြစ်မည်ဟု ယုံကြည် လျက် မိမိသည် ထိုနေရာမှာပင် ထိုင် နေမိသည်။ ခေါင်းလောင်းထိုးသံ တိတ် သွား၏။ ဘာသံမျှ မကြားရ။

တစ်တောင်လုံး တိတ်ဆိတ် ငြိမ် သက်နေသည်။ ငှက်ကလေးများ သီချင်းဆိုသံပင် မကြားတော့။ ဘာ ကြောင့်နည်း မိမိစိတ်ထဲတွင် ထူးခြားမှု တစ်ခုဖြစ်နေသလားဟု ထင်ရသည်။ ကျောင်းထဲတွင် မီးများ ငြိမ်းနေပြီ။ အမွှေးတိုင်လည်း မီးငြိမ်းသွားပြီ။ အမွှေးရနံ့က နှာခေါင်းထဲသို့ တိုးဝင် လာဆဲ။

မိမိသည်ထိုင်ရာမှ ထပြီး ကျော[illegible] ပတ်ပတ်လည် လိုက်ကြည့်သေ[illegible] လည်း ဘာကိုမှမတွေ့ရ။ နောက်ဆုံ[illegible] တော့ စိတ်လျှော့၍ ဖွင့်ထားသော ဆရာတော့်ကျောင်းတံခါးကို ပိတ်ပြီး မိမိ၏ မီးသွေးဖိုသို့ ပြန်လာခဲ့လေ၏။ တဲရောက်မှ နံနက်စာအတွက် ထမင်း ချက်၏။ ထို့နောက် ဟင်းချိုရွက်ခူး[illegible] မိမိတောထဲသို့ ဝင်လာခဲ့သည်။

* * *

နံနက်က အဖြစ်လေးကို စဉ်းစားပြီး မိမိ အိပ်၍မပျော်။ ရေနွေးကြမ်းထ သောက်ရင်း ဆရာတော့်ကျောင်းလေး ကို လှမ်းမျှော်ကြည့်မိ၏။ မီးအလင်း ရောင်ကို မြင်လိုက်ရသဖြင့် ရင်ထဲမှာ အုံ့သြသွားသည်။ နံနက်က ပြန်ရောက် လာပြီးကတည်းက အလုပ်တွေများ၍ ကျောင်းသို့ပင် သတိမရ။ ယခု အိပ်မပျော်၍ ကြည့်လိုက်တော့ ကျောင်းမှာ မီးက လင်းနေသည်။

မိမိသည် ထွေထွေထူးထူး ဘာကိုမျှ မစဉ်းစားတော့ဘဲ ဓားရှည်ကို လွယ် ကာ ဓာတ်မီးထိုး၍ ဆရာတော့်ကျောင်း သို့ ထွက်လာခဲ့သည်။ နှာခေါင်းထဲသို့ အမွှေးရနံ့များ ဝင်လာသည်။ နံနက်က အမွှေးရနံ့မျိုး။ တော်တော်ကို ထူးခြား သည့်ရနံ့။

ကျောင်းရှေ့ကို မိမိ ရောက်လာခဲ့ သည်။ ထူးခြားမှုကတော့ နံနက်က တံခါးကို စေ့ထားခဲ့သည်။ ယခု ပွင့် နေ၏။ ဘုရားခန်းထဲမှာလည်း မီးများ ပူဇော်ထားသည်ကို တွေ့ရသဖြင့် ဆရာတော်များလား (သို့မဟုတ်) တစ်ယောက်ယောက် ရှိနေမလားဟု စိတ်အထင်ဖြင့် ကျောင်းထဲသို့ ကြည့် လိုက်မိ၏။

တစ်ဦးတစ်ယောက်ကို မှ မတွေ့ရ။ အတန်ကြာကြာ ကျောင်း အတက်





www.burmeseclassic.com

www.burmeseclassic.com

အဆင်းမှာ ရပ်နေမိ၏။ မိမိသည် ကျောင်းအတက်အဆင်းကပင် စေတီကို လှမ်းကြည့်မိသည်။ မီးပူဇော်ထားသည်ကို တွေ့ရလေသည်။

တစ်ယောက်,ယောက်တော့ တစ်ယောက်,ယောက်ပဲဟု မိမိမှာ မှတ်ချက်ချ၍ နံနက်က ထိုင်ခဲ့သော ကျောက်ဖျာပေါ်၌ ထိုင်ပြီး စဉ်းစားနေမိသည်။ ဘအောင့်ကြာလာတော့ လမင်းကြီး ထိန်ထိန်သာ ထွက်လာသည်။

ဒီနေ့က ပြာသိုလပြည့်ကျော်နှစ်ရက်ဆိုတော့ လထွက်တာ ဆယ်နာရီကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြည့်သည်။ လမင်း အလင်းရောင်ကြောင့် ကုလားမတောင်တစ်တောင်လုံး သာယာလှပနေလျက် ရှိ၏။

လမင်း၏ အလင်းရောင် အောက်တွင် ဗုဒ္ဓ၏ရုပ်ပွားတော်များ၊ စေတီပုထိုးများ ကြည့်ညိုဖွယ်ရာ ကောင်းလှသည်။ ချေဟောက်သံ၊ သစ်ရွက်ကြွေသံမှလွဲပြီး ဘာသံကိုမျှ မကြားရပေ။ လေအဝေ့မှာ တောပန်းရနံ့များကို ရှူရှိုက်မိ၏။ ဂမုန်းအင်ပန်းရနံ့က သင်းပျံ့မွှေးကြိုင်လှ၏။

အအေးဓာတ်ကလည်း ပိုကဲလာလေသည်။ နံနက်လင်းမှ လာတော့မည်ဟု မိမိ ဆုံးဖြတ်ချက်ချ၍ ထိုင်ရာမှ ထလိုက်လေသည်။ တောင်ဝှေး ထောက်သံ ခပ်သဲ့သဲ့ ကြားနေရသည်။ သေချာ နားထောင်ကြည့်မိသည်။ အရှေ့အရပ် ဘုရားကုန်းတော်ပေါ်မှ ဆင်းလာသော တောင်ဝှေးထောက်သံဖြစ်မည်ဟု သုံးသပ်ပြီး ထရာမှပင် ပြန်ထိုင်လိုက်၏။

တဖြည်းဖြည်းနှင့် အသံက နီးလာသည်။ လူကိုတော့ မတွေ့သေး။ မိမိမှာ တောထဲ၌သာ အနေကြာလာသည်မို့ ကြောက်စိတ်တော့ သိပ်မရှိ။ အရေး



ထဲ တောင်ခိုးတွေက ကျလာသည့်အတွက် တစ်တောင်လုံး မည်းမှောင်သွားလေသည်။

မိမိသည် ထိုင်ရာမှထပြီး မိမိလက်ထဲမှ အသင့်ရှိနေသော ဓာတ်မီးကို ဖွင့်လိုက်လေသည်။ တောင်ဝှေးထောက်သံသည် တဖြည်းဖြည်းနှင့် နီးကပ်လာလေပြီ။

မိမိလည်း ထိုအသံကြားရာဆီသို့ လမ်းပြသည့်အနေဖြင့် မီးထိုးပြပေးနေသည်။ တဖြည်းဖြည်း တောင်ခိုးများ လွင့်ပါးလာသည်။ လရောင်မှုန်ပျပျကို ပြန်တွေ့လိုက်ရ၏။ ထိုအခါ တောင်ဝှေးပိုင်ရှင်သည် မိမိအနားသို့ ရောက်နေပြီဖြစ်သည်။

ကြည့်လိုက်တော့ အသက်အရွယ် အလွန်အိုမင်း ရင့်ရော်နေပြီဖြစ်သော အဘွားအိုတစ်ဦးကို တွေ့လိုက်ရလေ၏။ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းနှင့် ခါးကိုင်းကိုင်းဖြင့် မိမိရှေ့တည့်တည့်သို့ လျှောက်လာလေသည်။

မိမိလည်း အဘွားအိုကို ကြည့်လျက် ဘာပြောရမှန်းမသိ ဖြစ်နေသည်။ မိမိနှင့် တစ်လံကွာမှာ အဘွားအိုမှ ခြေလှမ်းကို တုံ့ခနဲရပ်ပြီး ခေတ္တမျှ ငြိမ်နေသည်။ မိမိလည်း ဘာပြောရမှန်းမသိ ဖြစ်နေမိ၏။ အမွှေးရနံ့က နှာခေါင်းထဲကို စူးရှစွာ ဝင်လာလေသည်။

'လူလေး ဘယ်ကို သွားမလို့လဲ၊ ညကြီးမင်းကြီး'

'ကျောင်းမှာ မီးရောင်တွေ့လို့ လာကြည့်တာ၊ ဆရာတော်က မှာသွားလို့။ အဘွားက ဘယ်သွားမလို့တုံး'

'လူလေးလိုပဲ ဆရာတော့်ကျောင်းကို လာကြည့်ပေးတယ်ဆိုပါတော့၊ ကဲ အဘွား သွားလိုက်ဦးမယ်'

* * *

နောက်နေ့ညနေ ဆရာတော် ပြန်ရောက်လာသည်။ မိမိ တွေ့ဆုံခဲ့ရသော အဘွားအိုအကြောင်း ဆရာတော့်အား တင်ပြလျှောက်ထားလိုက်သည်။ ထိုအခါ ဆရာတော်က...

'ကုလားမအဘွားကြီး ဖြစ်မှာပေါ့'

ဟုသာပြောပြီး စကားကို ဖြတ်လိုက်လေသည်။

မိမိသည် ကုလားမတောင်ပေါ်တွင် မီးသွေးဖုတ်အလုပ်ကို လုပ်ခဲ့သည်မှာ ဒီတောင်ပေါ်သို့ ဆရာတော် မရောက်မီကတည်းက ဖြစ်ပါသည်။ တစ်ယောက်တည်း နေတာများ၏။ ဘာကိုမျှ ထူးထူးဆန်းဆန်း မတွေ့မိခဲ့။

ဆရာတော်သည် တောင်ပေါ်ကို ရောက်လာပြီး တစ်နှစ်ကျော်လောက်မှာ ထူးထူးဆန်းဆန်းများကို ကြုံတွေ့ခဲ့ရသည်ဟု ဆရာတော်မှ မိန့်ကြားတာကို သိရပါသည်။

မိမိတစ်သက်၌ တောင်ကြီးမျက်မည်းထဲ၌ အရွယ်အိုလွန်းပြီဖြစ်သော အဘွားအိုတစ်ယောက်ကို ညအချိန်မတော် တွေ့လိုက်ရသည်က အထူးအဆန်း ဖြစ်ခဲ့ပါသည်။

အဆွေ စာဖတ်ပရိသတ်များအနေဖြင့် ဤဆောင်းပါးကိုဖတ်ပြီး အဖြေထုတ်ပေးနိုင်လိမ့်မည်ဟု စာရေးသူမှ မျှော်လင့်မိပါ၏။

**သန္တာစိုး (ဝေးကျိုက်မြို့)**




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့

# ဒေါင်းဦးဒေါင်းအလွမ်း

ဦးကိုကိုကြီး(စစ်ဆေးရေး)
(၂) မဟာယာ၊ ထုံးဘို



လွန်ခဲ့သည့် နှစ် (၂၀) လောက်က စာရေးသူသည်ကြခင်းမြို့နယ်၊ ခုံကြီးကျေးရွာသို့ ခယ်မဖြစ်သူ မတင်အောင်ထံ ဇနီးချစ်ညိုနဲ့အတူ အလည်အပတ် သွားရောက်ခဲ့ကြပါသည်။

မတင်အောင်အား တွေ့ရသည့် အခါ မတင်အောင်သည် နေ့စေ့၊ လစေ့ သားဦးလေးမွေးဖွားရန် ကိုယ်ဝန်လွယ်ထားရသည်ကို တွေ့လိုက်ရပါသည်။

ဘယ်မှာ မီးဖွားမလဲဟု မေးကြည့်မိသောအခါ မတင်အောင်မှ ခုံကြီးကျေးရွာသည် ကြခင်းမြို့နှင့် မိုင် (၂၀)ကျော်မျှ ဝေးလံလှပြီး ခုံကြီးကျေးရွာတွင် ဆေးခန်းမရှိသဖြင့် သားဦးလေးမွေးရန် ကျေးရွာလက်သယ် (သည်)နှင့် မွေးဖွားမည်ဖြစ်ကြောင်း ပြောပြပါသည်။

လက်သယ် ဆိုသည်ကတော့ ကလေးမွေးဖွားပေးမည့်သူကို ကျေးရွာအသုံးအနှုန်းဖြင့် ခေါ်ဆိုလိုက်ခြင်း ဖြစ်သည်။

ထိုနေ့ည စာရေးသူတို့ မတင်အောင်တို့အိမ်တွင် အိပ်ဖြစ်ကြပါသည်။

စာရေးသူတို့လည်း ခရီးပန်းလာသဖြင့် စောစောစီးစီး အိပ်ရာဝင်ကာ အိပ်လိုက်ကြပါသည်။

ည (၁၁)နာရီလောက်အချိန်တွင် မတင်အောင်၏ အခန်းထဲမှ ညည်းညူသံ ကျယ်ကျယ်လောင်လောင် ကြားရသဖြင့် ဇနီးချစ်ညိုအား လှုပ်နှိုးကာ မတင်အောင် အခန်းထဲသို့ နှစ်ယောက်သား ဝင်လိုက်ကြပါသည်။

အခန်းထဲရောက်လျှင် ရေနံဆီသုံး မီးအိမ်အောက်တွင် ဇောချွေးများပြန်ပြီး ညည်းညူနေသော မတင်အောင်နှင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည့် သူမ၏ယောကျ်ား ကိုသိန်းတို့ကို တွေ့လိုက်ရပါသည်။

ချစ်ညိုမှ…

'ဟဲ့ ကိုသိန်း ဘာ ယောင်ချာချာ လုပ်နေတာတုံး၊ နင့်မိန်းမ ကလေး မွေးတော့မယ်။ လက်သယ် သွားခေါ်လေ'

ဟု ဆိုလိုက်မှ ကိုသိန်းတစ်ယောက် လက်နှိပ်ဓာတ်မီးလေးဆွဲကာ ရွာထဲသို့ အပြေးလေး သွားလေတော့သည်။

(၁၅)မိနစ်ခန့် အကြာလောက်တွင် ကိုသိန်းနှင့် လက်သယ်အဒေါ်ကြ... ရောက်လာကြကာ မတင်အောင်အခ... ထဲသို့ ဝင်သွားကြပါသည်။

'ငသိန်း နင် အပြင်ထွက်နေ'

ဟု လက်သယ်အဒေါ်ကြီး၏အသ... ကြားလိုက်ရပြီး မကြာမီ ကိုသိ... တစ်ယောက် ရေနံဆီမီးခွက်ထွန်းထာ... သော စာရေးသူ၏အနားတွင် လာ... ထိုင်နေပါသည်။

အခန်းထဲတွင်မတော့ မတင်အောင်... စုတ်တသပ်သပ်အသံ၊ မချိတင်က... ညည်းသံများဟာ တိတ်ဆိတ်နေသည့် ညကို လွှမ်းမိုးနေသည်ဟု ထင်ရ... သည်။

ည (၁၁)နာရီကျော်ကျော်ကတည်... က မတင်အောင်နှင့် လက်သယ်ကြီး... ကြိုးစားမွေးကြသော်လည်း မိုးစင်စ... လင်းသည့်တိုင် မမွေးနိုင်ဘဲ ဖြစ်... သဖြင့် မတင်အောင်အတွက် စိုးရိမ်က... စာရေးသူရော ချစ်ညိုရော ကိုသိန်း...



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းချင်းဆိုင်၍ ဘယ်လိုလုပ်ရင်ကောင်းကြမလဲဟု တိုင်ပင်ကြရပါတော့သည်။

ထိုစဉ် အခန်းထဲမှ...

'ငသိန်း ငါ့အိမ်ရဲ့ အိပ်ခန်းထဲက ငါအိပ်တဲ့ ခေါင်းရင်းမှာ ချိတ်ထားတဲ့ ငါ့လွယ်အိတ် ပြေးယူချေစမ်း'

ဟု လက်သယ်ဒေါ်ကြီးမှ လှမ်းခိုင်းသံ ကြားရသဖြင့် ကိုသိန်းလည်း ရွာထဲသို့ တစ်ခေါက် ပြေးရပြန်ပါသည်။

စာရေးသူလည်း မနေနိုင်တော့သဖြင့် မတင်အောင်၏ အခန်းပေါက်ဝကနေ မတင်အောင်အား လှမ်းကြည့်မိရာ မတင်အောင်သည် မျက်နှာဖြူဖပ်ဖြူရော်နှင့် မျက်ဖြူ တစ်ချက်တစ်ချက် လန်နေသည်ကို တွေ့လိုက်ရသဖြင့် ရမှရပါတော့မလားဟု တွေးမိလိုက်ပါသည်။

တွေးနေစဉ်မှာပဲ ကိုသိန်း အမောတကော ပြေးလာကာ အဒေါ်ကြီးအား လွယ်အိတ် ပေးလိုက်ပါလေသည်။

စာရေးသူနှင့် ကိုသိန်းလည်း အခန်းအပြင် ထွက်ထိုင်ကာ အခြေအနေကို စောင့်ဆိုင်းနေရပါသည်။

(၅)မိနစ်ခန့်အကြာတွင် ကလေးငိုသံနှင့်အတူ လက်သယ်အဒေါ်ကြီး၏...

'ငသိန်းရေ ယောက်ျားလေးဟေ့ ယောက်ျားလေး'

ဟု ဝမ်းပန်းတသာ ပြောလိုက်သံကို ကြားရသဖြင့် ကိုသိန်းမှာ မျက်ရည်များပင် ကျရရှာပါလေတော့သည်။

ကိစ္စဝိစ္စများပြီး၍ လက်သယ်အဒေါ်ကြီးသည် ပါးစောင်တွင် ဖက်ဖြူလိပ်ကြီး ခဲကာ ခန်းအပြင် ထွက်လာရင်းက စာရေးသူအား ကြည့်ရင်း...

'ဒါက မတင်အောင်ရဲ့ခဲအို ထင်



တယ်။ မြို့သားရေ နင်တို့မြို့မှာလို ခွဲတာတို့၊ စိတ်တာတို့ မရှိဘူး။ ကိုယ့်လက်နက်နဲ့ကိုယ် ရအောင် မွေးရတာ။ ငါမွေးပေးခဲ့တာ နှစ်ပေါင်းများစွာ ရှိနေပြီ။ ကလေးရော မအေရော တစ်ယောက်မှ သေတယ်ဆိုတာ မရှိဘူး။

ငသိန်းက လောလော လောလောနဲ့ လာခေါ်တော့ ငါလဲ အိပ်ချင်မူးတူးနဲ့ လူချည်းပဲ လိုက်လာလိုက်တာ၊ လွယ်အိတ်ယူဖို့ မေ့နေတယ်။ မွေးတော့လဲ ဒီလွယ်အိတ်ကို သတိမရသေးဘူး။ မေ့တာများ မကောင်းဘူး။ နင်တို့ ခေါင်းချင်းဆိုင်ကြမှ လွယ်အိတ်သတိရပြီး သွားယူခိုင်းရတယ်၊ ဘယ်လောက်ပဲခက်ခက် ''ဒေါင်းဦးခေါင်း'' နဲ့တွေ့ရင် မကြာဘူး မွေးတာပဲ။ ဟဲဟဲ'

ဟု ရယ်မောရင်း ပြောပြလာပါသည်။

ပြောပြမှုကို မရယ်နိုင်သူက စာရေးသူပါ။ ဘာကြောင့်ဆိုသော် အဒေါ်ကြီးက ဒေါင်းဦးခေါင်းကို ဘယ်လိုများလုပ်လိုက်၍ ကလေးမွေးလာသလဲ ဆိုသည်ကို စာရေးသူ စိတ်ဝင်စားသွားသည့်အတွက် ဖြစ်ပါသည်။

'အံ့ဩသွားသလား ကိုမြို့သား။ ငါတို့လက်သယ်နည်း၊ လက်သယ်ဟန်နဲ့ လုပ်လို့ မွေးချိန်တန်လို့မှ မွေးမရဘူးဆိုရင် ငါတို့ မျိုးရိုးစဉ်ဆက် သုံးတဲ့နည်းဖြစ်တဲ့ ဟောဒီ ဦးခေါင်းကိုယူ၊ မွေးသူရဲ့ ဦးခေါင်းက ဆံပင်ထဲကို ဒေါင်းဦးခေါင်းရဲ့ နှုတ်သီးဘက်ကနေ လက်ပြန် ထိုးထည့်၊ ချောချောမောမော မွေးပါစေလို့ ပါးစပ်က ဆိုပေးပြီးရင် ခဏကြာရင် ဖွားတာပဲ။ နင်လဲ အမြင်ပဲ မဟုတ်ဘူးလား'

ဟု ပြောဆိုရင်း ဖက်ဖြူလိပ်ကြီးအား ဖွာရှိုက်ကာ နေလေတော့သည်။

လက်သယ်အဒေါ်ကြီး၏ အမည်မှာ ''ဒေါ်ငယ်''ဟု သိရပြီး ဒေါင်းဦးခေါင်းကို ရရှိပါက ဒေါင်းဦးခေါင်းထဲမှ ဦးနှောက်၊ မျက်လုံးတို့ကို ထုတ်မပစ်ရဘဲ ခေါင်း၏ မူလ ဦးခေါင်းအတိုင်း နေပူတွင် ရက်(၃၀)တိတိ နေလှန်းထားပြီး ခြောက်သွေ့ပါက ပလတ်စတစ်အိတ် သန့်သန့်ဖြင့် ထုပ်ကာ မိမိအိပ်သော ခေါင်းရင်းတွင် လွယ်အိတ်နှင့် ဖြစ်စေ၊ အခြားသော အိတ်နှင့်ဖြစ်စေ ရိုရိုသေသေ သိမ်းထားရမည်။

အမှန်တကယ် မွေးဖွားရန် ခက်ခဲမှသာ ထုတ်သုံးရတာဖြစ်ပြီး မလိုအပ်ဘဲနှင့် ထုတ်မသုံးရကြောင်းနှင့် ဆေးရုံဆေးခန်းများတွင် ဖွားသော ကိုယ်ဝန်သယ်များသည်လည်း မွေးရန်ခက်ခဲပါက ဤနည်းဖြင့် မွေးဖွားနိုင်ကြောင်း ဒေါ်ငယ်မှ ပြောပြပါသည်။

သို့ဖြစ်ပါသောကြောင့် ကလေးမွေးဖွားရာတွင် စာရေးသူကိုယ်တွေ့ အစွမ်းထက်လှပါသဖြင့် ဒေါင်းဦးခေါင်း၏အစွမ်းကို အများပြည်သူတို့ ကိုယ်တိုင်ကြုံလာပါက အသုံးပြုနိုင်ကြစေရန်အတွက် စေတနာရှေ့ထားကာ ဖြန့်ဝေ တင်ဆက်လိုက်ရပါပေသည်။

***လက်သယ်အဒေါ်ကြီး ဒေါ်ငယ် (ကွယ်လွန်)အား ဤစာစုဖြင့် ဂါရဝပြုအပ်ပါသည်။***

ဦးကိုကိုကြီး(*စစ်ဆေးရေး*)
(၂) မတာယ၊ ထုံးဘို



www.burmeseclassic.com

www.burmeseclassic.com





စရဏ ဦးအောင်

# ကျင့်ကြံအားထုတ်ရင်း

## ထူးထူးဆန်းဆန်း ဖြစ်ပေါ်လာသည့်အကြောင်း

[ ၁ ]

ယခုဆောင်းပါးကို ရေးဖြစ်ရခြင်း အကြောင်းမှာ ၂၀၀၆ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါရှိသော ဝမ်း(စက်မှုတက္ကသိုလ်)၏ ''အစ မထင်နှင့် မထင်မှတ်သော အစများ'' ဆောင်းပါးကို ဖတ်ပြီး ရေးဖြစ်ခြင်း ဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် ဟိုအကြောင်း၊ ဒီအကြောင်းများကို အလေးအနက် ရေးပြီး မိမိ မေတ္တာသုတ်ကို ရွတ်ဆိုစဉ် မိမိ၏နှုတ်ကို စီး၍ အသံညြညြကြီးဖြင့် ကျယ်ကျယ်လောင်လောင် ရွတ်ဆိုလာသည့် အကြောင်းနှင့် ရေတံခွန်တောင် ဆရာတော်(မန္တလေး ရေတံခွန်တောင် ဆရာတော်ဟု ထင်ရသည်။)အား လျှောက်ထားရာ ဆရာတော်၏ မိန့်ဆိုချက်ကို ပါးပါးလျားလျားကလေး ရေးထားသည်ကို တွေ့ရသည်။

နှုတ်စီးပြီး ဝင်ရောက်ရွတ်ဆိုသည်မှ တစ်ဆင့်တက်ပြီး ပို၍ လေးနက်ထူးဆန်းသည့် ဖြစ်ရပ်ထူး ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လာမည်ကို ကျွန်ုပ် ထင်မြင်ယူဆမိပါသည်။ ယင်းဖြစ်ရပ်ထူး ဖြစ်ရပ်ဆန်းများကို လေးလေးနက်နက် ရေးသားဖော်ပြသင့်ပါသည်။

ရေတံခွန်တောင် ဆရာတော်သည် သာမန်ပုဂ္ဂိုလ် မဟုတ်ပါ။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါသည်။ ကျွန်ုပ်သည် (၁၉–၆–၉၆)ရက်နေ့က ဆရာတော် သီတင်းသုံးရာ ရေတံခွန်တောင်ကျောင်းတွင် ဆရာတော်အား ဖူးမြော်ပြီး ဆရာတော်၏ ဩဝါဒကို အကြာကြီး ခံယူခဲ့ဖူးပါသည်။

ထို့နောက် ရေတံခွန်တောင်ပေါ်ရှိ ရှင်အရဟံ သမုတ်ခဲ့သည့် သိမ်တွင် အဓိဋ္ဌာန်ပုတီး စိပ်ခဲ့သည်။

ဝမ်း(စက်မှုတက္ကသိုလ်က) မိမိ နှုတ်စီးခြင်းခံရပုံ အကြောင်းကို ဆရာတော်အား လျှောက်ထားသောအခါ ''ဆရာတော်က ပြုံး၍ မျက်နှာကို တစ်ဖက်သို့ လွှဲထားပါသည်''ဆိုသော စာသားနှင့် ''ကောင်းပါတယ် ရွတ်ပေ့စေ''ဆိုသည့် စကားမျှသာ ပါဝင်ပါသည်။ ထိုထက်မက ပို၍ မိန့်ကြားပြောဆိုမည်ဟုလည်း ယူဆမိပါသည်။

ကျွန်ုပ်၏ ဓမ္မမိတ်ဆွေတစ်ဦးသည် ဘုရားရှိခိုးသည့် အခါတိုင်း၌ မိမိ ကျင့်စဉ်ဂါထာကို ရွတ်ဆိုစဉ် ဝမ်း (စက်မှုတက္ကသိုလ်)ကဲ့သို့ နှုတ်စီးခံရပြီး ဂါထာကို အသံညြညြကြီးဖြင့် ဝင်ရောက် ရွတ်ဆိုသည်။ အကြောင်းစပ်လာသဖြင့် ကျွန်ုပ် ဓမ္မမိတ်ဆွေ၏ ဖြစ်ရပ်ဖြစ်စဉ်မှန်ကို သုတအနေဖြင့် စာဖတ်ပရိသတ်များအား တင်ပြလိုက်ပါသည်။

[ ၂ ]

ကျွန်ုပ်၏ ဓမ္မမိတ်ဆွေသည် နေ့စဉ် ဝတ်မပျက် ဘုရားရှိခိုး၊ ပုတီးစိပ်သည်။ အရဟံဂုဏ်တော်ကြီးကို ရွတ်ဆိုကာ



www.burmeseclassic.com

www.burmeseclassic.com

ပုတီးတစ်ပတ်စိပ်သည်။ တစ်ညတွင် အရဟံဂုဏ်တော်ကြီးကို ရွတ်ဆို၍ ပုတီးစိပ်နေစဉ် မိမိ မူလအသံ ပျောက်ပြီး အသံသြသြကြီးဖြင့် နှုတ်စီး၍ ရွတ်ဆိုလာသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မိမိအသံ မှန်လာစေရန် ချောင်းဟန့်၍ လည်ချောင်းရှင်းပြီး ရွတ်ဆိုသည်။ ဂုဏ်တော်ကို နှုတ်စီးပြီး ရွတ်ဆိုလာပြန်သည်။ ကျွန်ုပ်၏ မိတ်ဆွေသည် ရွတ်ဆိုမှုကို ရပ်၍ **''ဘယ်သူလဲ''**ဟု မေးသည်။ အဖြေမရပါ။

ဤသို့ဖြင့် နေ့စဉ် ဘုရားရှိခိုးတိုင်း၌ နှုတ်စီး၍ ရွတ်ဆိုနေသည်။ လအတန်ကြာမြင့်ခဲ့သည်။ တစ်ရက်တွင် ဗဟုသုတ ကြွယ်ဝသူအား အဖြစ်အပျက်အကြောင်းစုံကို ပြောပြပြီး မေးမြန်းကြည့်ရာ ဓာတ်စီးသည်ဟု ဆိုသူက ဆိုသည်။

လူ့ဘဝက သိဒ္ဓိစခန်းကို လုပ်သော ဇော်ဂျီလိုသည် မိမိ အလုပ်စခန်း မပြီးမီ ကွယ်လွန်သွားပြီး လမိုင်းနတ် ဖြစ်နေသဖြင့် သူတို့လုပ်ငန်း ပြီးစီးရန် ကူညီလိုလ်ယူနေသည်ဟု ဆိုသူက ဆိုကြသည်။

ကျွန်ုပ်၏ မိတ်ဆွေသည် နှုတ်စီးနေမှုက လအတန်ကြာလာသည်။ တစ်ညတွင် ဘုရားရှိခိုးစဉ် ကျွန်ုပ်မိတ်ဆွေက နှုတ်စီးလာသူအား မနောဖြင့် တစ်မျိုးပြီးတစ်မျိုး မေးခွန်းပေါင်းများစွာ မေးသည်။ မေးခွန်းဖြင့် တည့်သည့်အခါ ခေါင်းညိတ်လာသည်။ မေးခွန်းနှင့် လွဲလျှင် ခေါင်းခါသည့် အဖြေမျိုး ရလာသည်။

ကျွန်ုပ်မိတ်ဆွေက တစ်ဆင့်တက်၍...

'လူတစ်ယောက်က မနောဖြင့် မေးရင် ယုတ်တူ ဟုတ်တယ်လို့ခေါင်းညိတ်ခေါင်းခါ အဖြေပေးနိုင်မလား'



ဟု မေးရာ အဖြေပေးနိုင်ကြောင်း ခေါင်းညိတ်ပြသည်။

ထို့နောက် ကျွန်ုပ်မိတ်ဆွေက စမ်းသပ်သည့်သဘောဖြင့် မိမိအိမ်မှ မိသားစုတို့ကို မိမိ၏ နောက်ကျောဘက်တွင် နေစေပြီး အသံမထွက်စေဘဲ မနောဖြင့် အမေးခိုင်းသည်။

ကျောခိုင်းထားသော ကျွန်ုပ်မိတ်ဆွေက မေးခွန်းပေါ် ခေါင်းညိတ် ခေါင်းခါ လုပ်သည်။ မှန်သည်က နည်းပြီး မှားသည်က များလေသည်။

ထူးခြားသည်မှာ တစ်ဦးနှင့်တစ်ဦး ကြည့်မနေကြဘဲ မနောဖြင့် မေးလာသည်ကိုသိပြီး အဖြေပေးခြင်းပင် ဖြစ်သည်။**(တစ်ချိန်က စိတ်ကို စိတ်ဖြင့် ဟောမည့် ဦးမောင်မောင်ညွန့်၏ ပုံစံမျိုးဖြစ်သည်။)**

ကျွန်ုပ်၏ မိတ်ဆွေက အကယ်၍ မနောဖြင့် အမေးအဖြေတွင် တစ်ခုမလွဲ အားလုံးမှန်ကန်ပါက မနောဖြင့် ဟောပြောမည်ဟု ကြံရွယ်ထားသည်။

ယခုတော့ အမှားတွေချည်း များနေသဖြင့် ကျွန်ုပ်မိတ်ဆွေက စိတ်အလိုမကျဖြစ်ကာ ''ဒါမျိုး မလိုချင်ဘူး''ဟု ပြောဆိုနှင်လွှတ်ပြီး နှုတ်စီးခြင်းကိုပင် လက်မခံတော့ပေ။

လအတန်ကြာမျှ နှုတ်စီးခြင်း မပြုဘဲ နေခဲ့ရာမှ တစ်ညတွင် ပုတီးစိပ်၍ ပုတီးကို ထချိတ်ချိန်၌...

'မင်းက ငါ့ကို မယုံဘူးလားကွ'

ဟု မိတ်ဆွေ၏နှုတ်မှ အလိုလို လွှတ်ခနဲ ပြောဆိုအသံထွက်လာသည်။ မိတ်ဆွေက နောက်ထပ် အသံထွက်ပြော၍ မရအောင် မိမိပါးစပ်ကို အတင်းပိတ်၍ စေ့ထားလိုက်သည်။

'ဘယ်ရမလဲကွ'

ဟု ပြောကာ ပွင့်ထွက်လာပြန်သည်။ ထို့နောက် မိတ်ဆွေက...

'ဘယ်သူလဲ'

ဟု မနောဖြင့် မေးသည်။

'ငါ (...)ကွ'

ဟု မနောဖြင့် ပြောသည်ကို မိတ်ဆွေ၏ မနော၌ လာကြားသည်။ မိမိ၏ ဦးနှောက်တွင်းမှ လာကြား(လာသိ)နေခြင်းဖြစ်၍ ထူးခြားနေသည်။ အကြားအမြင်ဆိုတာ ဒါမျိုးလားဟု တွေးလိုက်မိသည်။ ထို့နောက် မနောဖြင့်...

'(...) ဘာလာလုပ်တာလဲ'

'မင်းကို သာသနာပြုတဲ့လုပ်ငန်း ခိုင်းမလို့'

ထို့နောက် မိတ်ဆွေက မနောဖြင့် အမေးအဖြေ ပြုလုပ်ခြင်း အခြေအနေများကို တတ်သိနားလည်သော ပုဂ္ဂိုလ်အား မေးမြန်းကြည့်ရာ...

'ဒါဟာ ဓာတ်စီးတယ်လို့ ခေါ်တယ်'

ဟု ဆိုသည်။ မိတ်ဆွေက ဓာတ်မီးခြင်းကို လက်ခံထားသဖြင့် လူစုံ၍ စကားပြောကြလျှင် ဓာတ်စီးဝင်ပြောလေတော့သည်။ အချို့ အကြောင်းအရာတို့သည် အံ့သြလောက်အောင် မှန်တာရှိသလို တက်တက်စင် လွဲတာလည်းရှိသည်။

တတ်သိနားလည်သည့် ပုဂ္ဂိုလ်တစ်ဦးက ယခုကဲ့သို့ ဓာတ်စီးခြင်းသည် **ဓာတ်လုည့်သည်ဟု ခေါ်ကြောင်း ဒါကို လက်မခံထားသင့်ကြောင်းကို**



www.burmeseclassic.com

www.burmeseclassic.com

အကျိုးအပြစ်ပြ၍ ပြောဆိုသည်။

'ဒါနဲ့ ဆရာ ကျွန်တော့်ကို နှုတ်စီးပြီး စ,ပြောတုန်းက "ငါ(...)"လို့ ပြောတယ်။ အဲဒါ ဟုတ်ပါသလား ဆရာ'

"ဘယ်က (...)ဟုတ်ရမှာလဲ၊ (...)က ခေတ်စီးပြီး မပြောဘူးကွယ့်၊ ဒါဟာ မမြင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးက နှောင့်ယှက်နေတာ"

'ဘာဖြစ်လို့ နှောင့်ယှက်တာလဲ ဆရာ'

'မောင်ရင်က သိဒ္ဓိလမ်းစဉ်ကို လိုက်စားနေတယ် မဟုတ်လား၊ ဒီလိုပဲ ကောင်းတာလုပ်နေတာကို အောင်မြင်သွားမှာစိုးလို့ နှောင့်ယှက်ဖျက်ဆီးနေတယ်လို့ ထင်တာပဲ'

'ဒါဖြင့် ဘာဆက်လုပ်ရမှာလဲ ဆရာ'

'မိမိလုပ်နေတဲ့ လုပ်ငန်းကို ဆက်လုပ်ပေါ့၊ နှုတ်စီးတာ၊ ခေတ်စီးတာတွေကို အလိုမလိုက်နဲ့ပေါ့'

'နှုတ်စီးတာ၊ ခေတ်စီးတာတွေကို ဖြတ်ပစ်လိုက်ရမလား'

'ဖြတ်ပစ်နိုင်ရင် အကောင်းဆုံးပေါ့။ ဒါဟာ မောင်ရင် နောက်တစ်ဆင့် တက်မယ့်လမ်းကို နှောင့်ယှက်နေတာပဲ'

'နောက်တစ်ဆင့် ဘာဖြစ်လာနိုင်လဲ ဆရာ'

'ကျုပ် မြင်ဖူးတွေ့ဖူးတာကို ပြောရရင် မိမိလုပ်ငန်းကို ကျင့်ကြံအားထုတ်ရင်း နတ် နှောင့်ယှက်ဖျက်ဆီးတာတို့၊ ဘုမ္မိ(သိုက်) နှောင့်ယှက်ဖျက်ဆီးတာတို့ အလူးအလဲ ခံရတယ်ဆိုပဲဗျ'

'ဒါဆို ကျွန်တော် ဆက်လုပ်ရမလား ဆရာ'

'လုပ်ပေါ့ ဆက်လုပ်ပေါ့။ ဖွဲနပဲနဲ့ အခက်အခဲ အနှောင့်အယှက်တွေ ကျော်လွှန်ပြီး မိမိ လိုချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်လာမှာပေါ့'

ကျွန်ုပ်၏ မိတ်ဆွေသည် တတ်သိနားလည်သည့် ပုဂ္ဂိုလ်နှင့် တွေ့ပြီးနောက် ခေတ်စီးခြင်းကို ဖြတ်ပစ်လိုက်လေသည်။ ထို့နောက် မိမိ စရဏအလုပ်ကို ကြိုးစားအားထုတ်ရာ အတွေ့ထူး၊ အမြင်ထူးကို မြင်တွေ့သိရှိလာသည်။

အတွေ့ထူး၊ အမြင်ထူး၊ အဖြစ်အပျက် အကြောင်းအရာထူးများကို အလျဉ်းသင့်ပါက တင်ပြပါဦးမည်။ ယခုတော့ ကျွန်ုပ်မိတ်ဆွေကြီး ရွတ်ဆိုခဲ့သည့် အရဟံဂုဏ်တော်ကြီးကို ဖော်ပြလိုက်ပါသည်။

---

အာရဟံဂုဏ်တော်ကြီး

---

သော ဘဂဝါ ဣတိပိ အရဟံ  
အရဟံ ဝတ သော ဘဂဝါ  
အရဟံ တံ သရဏံ ဂစ္ဆာမိ  
အရဟံ တံ သိရသာ နမာမိ  
အရဟံ မေ သုခံ ဒေတု  
အရဟံ မေ သီသေ တိဋ္ဌတု။

**(တစ်ခေါက် ပုတီးတစ်လုံးချ၊ တစ်နေ့ ပုတီးတစ်ပတ် စိပ်ပါ။ ထူးခြားမှု ဖြစ်ပေါ်လာပါမည်။)**

နိဂုံးချုပ်အနေဖြင့် ပြောလိုတာက ဝမ်း(စက်မှုတက္ကသိုလ်)၏ နှုတ်စီးမှု၊ ရေတံခွန်တောင် ဆရာတော်ကြီး၏ မိန့်ဆိုမှု အပြည့်အစုံများကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြရန် မေတ္တာရပ်ခံပါသည်။

သို့မှသာ ကျွန်ုပ်မိတ်ဆွေ၏ နှုတ်စီးမှု အခြေအနေ၊ ဝမ်း(စက်မှုတက္ကသိုလ်)၏ ဖြစ်ပျက်ပုံ အခြေအနေတို့ ပေါင်းစပ်၍ သုတများ ပွားများရပါမည်။

*လိုအင်ဆန္ဒများ*  
*ပြည့်ဝကြပါစေကုန်။*

စရဏ ဦးအောင်

---

ချိုသော

# မျှစ်ပြုတ်နည်း



ဝါဆိုလပြည့်နေ့က ဖြစ်တယ်။ စာရေးသူတို့ ဆရာတော်ထံ၌ သီလခံယူပြီး ပုတီးစိပ်သူ၊ တရားမှတ်သူ၊ တရားစာဖတ်သူနဲ့ပေါ့။ နံနက် ဆယ်နာရီထိုးတော့ ဆရာတော့်အတွက် ဆွမ်းပွဲပြင်ကြတယ်။ ဆရာတော့်ဆွမ်း ကိစ္စ ပြီးစီးသွားတဲ့အခါ စာရေးသူတို့ ဉပုသ်သည်များ ထမင်း သုံးဆောင်ကြ တယ်။ လပြည့်နေ့ဆိုတော့ ဟင်းချို တွေက ဆီတဝင်းဝင်းနဲ့ပေါ့။

စာရေးသူက တောသူပီပီ ငါးပိ တို့စရာကို အရင်ရှာတယ်။ ဟင်းချို တွေကြားမှာ ရှားရှားပါးပါး မျှစ်တို့စရာ တစ်မည်ကိုသာ တွေ့ရတယ်။ မျှစ်က ဝါးပိုးမျှစ် ပြုတ်ထားတဲ့ အရောင်က နီနေလို့ပေါ့။ ဒါနဲ့ စာရေးသူက မျှ ကို ဖဲ့ပြီး ထမင်းနဲ့ မြှုပ်ကာ ငါးပိရည် ထည့်ပြီးပထမတစ်လုတ်စားလိုက်တယ်

ကောင်းလိုက်တဲ့ အရသာ။ လျှ အမြက်ဆုံးကတော့ မျှစ်တို့စရာပဲ။ ဒါ မျှစ်ကို နောက်တစ်ဖဲ့ ယူပြီး သွ သက် စားလိုက်တယ်။ အချိုခေတ်က ကဲနေတယ်။

ဒါနဲ့ ဒီမျှစ်ကို ဘယ်လိုစီမံပြီး ပြု တာလဲလို့ မေးတော့ မျှစ်ပြုတ်လာသ ဒေါ်မလေးက ဒီလိုပြောတယ်။ **ရေခ ပြုတ်တာတဲ့။**

မျှစ်ကိုကြည့်ပြီး ရေကို ချိန်ထည့် ရတယ်။ မျှစ်လဲကျက်၊ ရေလဲခ အိမ်ရှင်မများ ယင်းမျှစ်ပြုတ်နည်း အသုံးပြုပြီး ထမင်းမြိန်မြိန် စား ကြပါစေ။

ဒေါ်ကြည်ညွန့်(...င်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com





ရဝဏ္ဏခင် (မန်း)

ဘုရားပစ္စည်း၊ ကျောင်းပစ္စည်း

# အုံ့မှုယ် ကျောက်တုံးကြီး

ကျွန်မတို့ မောင်နှမလေးယောက်နှင့် မယ်လေးအပါအဝင် မိသားစု ယောက်တို့သည် **၁၉၉၈ ခုနှစ်၊** န်လ **(၁၅)ရက်**နေ့တွင် အိမ်မှ ကားလေးတစ်စီးဖြင့် **ရှမ်းပြည်နယ် မြောက်ပိုင်း၏ ပြည်နယ်မြို့တော် ဖြစ်သော လားရှိုးမြို့သို့** ခရီးထွက်ခဲ့ ကြပါသည်။

ကျွန်မတို့၏ အစ်မကြီးဖြစ်သူ ဒေါ်ကြင်စီမှာ လားရှိုးမြို့ရှိ ပြည်နယ် ကျန်းမာရေးရုံးတွင် (ပြည်နယ်ဦးစီး ဌာနမှူး/သူနာပြု)ရာထူးဖြင့် တာဝန် ထမ်းဆောင်လျက်ရှိရာ ယခုတစ်ဖန် ရာထူးတိုးချက်ကြွေ မန္တလေးမြို့သို့ ပြန်လည် ပြောင်းရွှေ့ပေးလိုက်သဖြင့် အစ်မကိုလည်း သွားကြိုရင်း ရှမ်းပြည် နယ်နှင့် ဆက်စပ်လျက်ရှိသော တစ်ဖက်နိုင်ငံ နယ်စပ်ဒေသများကိုပါ လျှောက်လည်ပတ်ပြီး ဒေသန္တရ ဗဟု သုတများ လေ့လာကြရန် အစီအစဉ် များ ဆွဲထားကြပါသည်။

မန္တလေးအိမ်မှ နံနက်(၆)နာရီတွင် ထွက်ခွာလာကြရာ ပြင်ဦးလွင်– ကျောက်မဲ–သီပေါမြို့များတွင် ရှိသည့် ဘုရားစေတီပုထိုးများသို့ ဝင်ရောက် ဖူးမြော်ကြ၍ ဈေးများတွင်လည်း ရှမ်း ပြည်နယ်ဒေသထွက်မုန့်ပဲသရေစာများ တစ်မျိုးပြီးတစ်မျိုး စားသောက်ကြ သဖြင့် နံနက်စာထမင်းကိုပင် မစား ဖြစ်ကြတော့ပါ။

ကားမောင်းသူမှာ ကျွန်မ၏မောင် အကြီး မောင်သန်းထွန်းဖြစ်ပြီး ရှမ်း ပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း တောင်ကြီး–လားရှိုး–မူဆယ်–နမ့်ခမ်း –ရွှေလီ စသောမြို့များသို့ ဟိုင်းဝေး အဝေးပြေးကား မောင်းနှင် ခဲ့သည်မှာ နှစ်(၂၀)ခန့်ကြာပြီဖြစ်၍ စိတ်ရှည်ပြီး အေးအေးဆေးဆေး ရှိပါသည်။

ယခုသွားမည့် ခရီးစဉ်တွင်လည်း သူရောက်ဖူးခဲ့သော မြို့ရွာဒေသများ၏ လူမှုရေး ပတ်ဝန်းကျင်၊ ဓလေ့စရိုက် များကို သူသိထားသမျှ အားလုံး ကြိုတင် ပြောပြထား၍ အံ့ဝင်ခွင်ကျ အဆင်ပြေလှပါသည်။ နေ့မွန်းလွဲ(၃) နာရီတွင် လားရှိုး မြို့သို့ ရောက်ရှိကြပြီး အစ်မကြီး ဒေါ်ကြင်စီ၏ ပြည်နယ် ကျန်းမာရေး ဦးစီးဌာနသို့ သွားကြပါ သည်။ ယင်းဌာန၏ ဘန်ဂလိုတိုက်တွင် တည်းခိုကြရန် နေရာချပေးသဖြင့် ကျွန်မတို့မှာ နက်ဖြန်ခါ လားရှိုးမြို့တွင်း သို့ လျှောက်လည်ကြရန် ပြောကြပါ သည်။

၁၉၉၇ ခုနှစ်လောက်က နဂ္ဂတ္တ ရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးရှင် တစ်ဦး ရေးသားဖော်ပြခဲ့သည့် **လားရှိုး မြို့၊ အရှေ့မြောက်ဘက်ရှိ တောင် တန်းတစ်ခုပေါ်တွင် အချပ်လိုက် ကြီးတင်နေသည့် ထူးဆန်းသည့် "ကျောက်တုံးအချပ်ကြီး အကြောင်း"** ဆောင်းပါးကို ဖတ်ရှုခဲ့ရသဖြင့် ကျွန်မ စိတ်အာရုံမှာ ထိုအကြောင်းအရာသည် စွဲလမ်းလျက် ရှိနေတော့သည်။

ရောက်ရောက်ချင်းပင် အစ်မ၏ သူငယ်ချင်းဖြစ်သူ ဒေါ်နန်းခမ်းမှတ်





www.burmeseclassic.com

www.burmeseclassic.com

(ပြည်နယ်ဦးစီးအရာရှိ/ သူနာပြု)သို့ အဆောတလျင် မေးကြည့်မိသည်။

သူက လားရှိုးဇာတိမို့ လားရှိုးမှာ ထူးဆန်းသည့် အဖြစ်အပျက်အကြောင်း အရာများ သိနိုင်မလားဟု ထင်ထား သော်လည်း သူလည်း သိပ်တော့မသိ ပါ။ သူ့ရုံးက စာရေးကြီး ဦးမောင်ကို တော့ သိလောက်သည်ဟု ပြောပြီး ဦးမောင်ကိုနှင့် မိတ်ဆက်ပေး၍ နောက် နေ့တွင် ထိုကျောက်တုံးကြီးရှိရာသို့ သွားရန် စီစဉ်ကြပါသည်။

**(၁၆–၆–၁၉၉၈)**နေ့တွင် ကျွန်တို့ မိသားစုငါးယောက်နှင့် ဒေါ်နန်းခမ်း မှတ်၊ ဦးမောင်ကိုတို့နှင့်အတူ ကျောက် တုံး အချပ်ကြီးရှိရာ လားရှိုးမြို့၏ အရှေ့ မြောက်ဘက်သို့ ကားလေးနှင့် ထွက်ခဲ့ ကြပါသည်။ ကျွန်မတို့ သွားရောက်ခဲ့ စဉ်က ယင်းတောင်ကြောသို့ သွားရာ လမ်းမှာ လမ်းကြမ်းအဖြစ်သာ ရှိနေ သေး၍ ချော့မွေ့ ဖြောင့်ဖြူးခြင်း မရှိ ပါ။

အောက်ဘက် တောင်ခြေမှနေ၍ ယင်း အံ့ဖွယ်ကျောက်ချပ်အတုံးကြီးကို သိမ်းဆည်း စောင့်ရှောက်ထားသည့် တောင်ကြောပေါ်ရှိ ဆရာတော်ကြီး ကျောင်းသို့ ရောက်အောင် ခဲရာခဲဆစ် ကြိုးစားပြီး မောင်းတက်ခဲ့ရပါသည်။

ကမ်းပါးယံ အခြေမှနေ၍ ဆရာတော် သီတင်းသုံးသည့် ကျောက်လိုဏ်ဂူရှိရာ သို့ မော့ကြည့်ရာ **ကျားပါးစပ် ဟထား သလို ကျောက်ပြားအစွန်းက ရှေ့သို့ ငေါ်ထွက်နေသည်။** ဆရာတော်ကြီး ကျောင်းဝိုင်းထဲသို့ ရောက်လျှင် ခန်းနေ ဦးပဥ္စင်းတစ်ပါးက ဆရာတော်ရှိရာသို့ လိုက်ပို့ပေးပါသည်။

ဆရာတော်ကြီးမှာ ရှမ်းနေ တိုင်းရင်းသားဖြစ်ပြီး အရပ် ခပ်ပြတ် ပြတ်နှင့် ဝဝတုတ်တုတ် ပုံပန်းရှိ၍ **သက်တော်(၆၅)နှစ်**ခန့် ရှိပါသည်။ ဘွဲ့တော်မှာ **"ဦးဉာဏောဘာသ"**ဟု



ဆရာတော်ကြီးက မိန့်ပါသည်။

သို့နှင့် ဆရာတော်ကြီး ဦးဉာဏော ဘာသအား လှူဖွယ်ပစ္စည်း ဝတ္ထုငွေ များ ဆက်ကပ် လှူဒါန်းကန်တော့ကြ ပြီး လားရှိုးမြို့သို့ မန္တလေးမှ လာရောက် လည်ပတ်ခြင်းဖြစ်ကြောင်း၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင် ပါသော ဆောင်းပါးအကြောင်းကိုပါ ပြောပြ လျှောက်ထား၍ ယင်းကျောက်တုံးကြီး ကိုလည်း ပြသပေးပါရန် ဆရာတော် ကြီးကို ထပ်မံ လျှောက်ကြပါသည်။

'ဒကာမကြီးရဲ့ ကျုပ်တို့က လောကီစာအုပ် တွေ ဖတ်လဲ မဖတ်ဖြစ်ပါဘူး။ အဲဒါနဲ့ ဖတ် သက်လို့ ဒကာမကြီးတို့ ပြောပြသလိုဆိုရင် ကျုပ် အခုပြောပြရမယ့် အကြောင်းအရာ လေးတွေ နည်းနည်းကွဲလွဲနေတယ်'

ဟု ဆရာတော်ကြီးက ပြောပါ သည်။

ယခု ဆရာတော်ကြီး နေ့ရောညပါ သီတင်းသုံးသည့် ကျောင်းသင်္ခမ်းမှာ တောင်စောင်းကမ်းပါးယံတွင် ရှိနေ သော ကျောက်လိုဏ်ဂူလေးတစ်ခုပင် ဖြစ်ပါသည်။

လိုဏ်ဂူလေးမှာ (၁၂)ပေပတ်လည် ခန့် ကျယ်ဝန်းပြီး (၈)ပေခန့် မြင့်ပါ သည်။ **ဂူ၏ အမိုးပိုင်းမှာ တောင်ခါး ပန်းဘေးမှ ကျောက်အမိုးပြားကြီ တစ်ခုသည် (၁၅)ပေခန့် လျှာသဏ္ဍာ ထွက်ပေါ်နေပါသည်။** လွန်ခဲ့သည် (၁၀)နှစ်လောက်က ဆရာတော်ကြီ ရောက်ခါစကဆိုလျှင် ထို **လျှာစွန် ထွက်နေသည့် ကျောက်အမိုးပြာ မှာ (၅)ပေခန့်သာရှိခဲ့သည်။**

ကျွန်မတို့သည် ဆရာတော်ကြီးနှ စကားပြောကြရင်း ကျောင်းသင်္ခမ်း လေးအတွင်းသို့ ကြည့်မိပါသည် အလျား(၆)ပေ၊ အနံ(၄)ပေ၊ အမြ (၁)ပေခန့်ရှိသည့် ဝါးကွပ်ပျစ်ကလေ ပေါ်တွင် ကျူဖျာတစ်ချပ်၊ သစ်သာ ခေါင်းအုံးလေးတစ်ခု၊ ချည်ကြမ်း ငါးဝ စောင် တစ်ထည်နှင့် လိမ္မော်ရောင်ဖျေ ဖျော့(အရောင်ပင် မရှိတော့သည့်) ဖွ သင်္ကန်းအပိုတစ်စုံတွေ့ရပြီး ဆရာတေ ကြီး၏ ကိုယ်၌လည်း ယင်းအရောင်ပ ဖျင်သင်္ကန်း အဟောင်းကိုသာ ရုံထာ ပါသည်။

ကျွန်မက လိုဏ်ဂူလေးအမိုးကို မေ ကြည့်ရင်း...

'အဲဒီဖြင့် ဆရာတော်ကြီး သီတင်းသုံးနေ ဂူအမိုး ကျောက်ပြားကြီးက တောင်ပေါ လွင့်ပြီးကျလာတဲ့ ကျောက်ပြားကြီး မဟု ဘူးပေါ့နော်'

ဟု လျှောက်ထားရာ ဆရာတော် ကြီးက...

'မဟုတ်ဘူး ဒကာမကြီးရဲ့ အဲ ခင်ဗျားတို့က နှစ်မျိုးရောပြီး အမှတ် နေကြတာ။ နောက်ပြီးတော့မှ အဲ ဟိုဘက်တောင်ပေါ်က ပြုတ်ပြီး ကျ ကျလာတဲ့ ကျောက်တုံးကြီးကို လိုက် ပေးမယ်။ ဒကာမကြီးတို့လဲ အဝေး ကနေ ခဲရာခဲဆစ် လမ်းကြမ်းကြ လာခဲ့ကြရတာမို့ အမောပြေ အောင် ကြံသကာ မြေပဲယို၊ ထောင်း၊ ခေါပုပ်ကြော်နဲ့ နေ့နွေးကြ လေး စားသောက်လိုက်ကြပါဦး'

ဟု ဆရာတော်ကြီးက ညွှန်





www.burmeseclassic.com

www.burmeseclassic.com

ပျူငှာစွာ ဧည့်ခံပါသည်။

ကျွန်မတို့သည် ဆရာတော်ကြီး သီတင်းသုံးသည့် ကျောက်လိုဏ်ဂူ၏ ရှေ့စင်္ကြံအစွန်းမှနေ၍ လားရှိုးမြို့ဘက်သို့ လှမ်းမျှော်ကြည့်ရာ ယခု ရောက်နေသည့် နေရာသည် တော်တော်လေး မြင့်သည့် တောင်ကြောတစ်နေရာဖြစ်ကြောင်း တွေ့မြင်ရသည်။

ထိုတောင်၏ ဘယ်ဘက် တစ်မိုင်ခန့်အကွာအဝေး တောင်ထိပ်တစ်ခုပေါ်တွင် "မိုက္ကရိုဝေ့ဖ်တိုင်"ကြီးများ ထောင်ထားသည့် မိုက္ကရိုဝေ့ဖ်စခန်းကို ခပ်လှမ်းလှမ်းမှပင် တွေ့မြင်ကြရပြန်ပါသည်။

'ကဲ ဒကာမကြီးတို့အဖွဲ့ကလဲ အမောပြေလောက်ပါပြီ၊ ခင်ဗျားတို့ ကြည့်ချင်လှတဲ့ ကျောက်တုံးကြီးဆီကို လိုက်ပြပေးမယ်'

ဟု ပြောပြီး ဆရာတော်ကြီးက ရှေ့မှ ကြွသွားသဖြင့် ကျွန်မတို့အုပ်စုလည်း အားရဝမ်းသာစွာဖြင့် ထ,လိုက်သွားကြပါသည်။ ဆရာတော်ကြီး ကျောင်း ပရိဝုဏ်အပေါ်ဘက်သို့ အနည်းငယ် မြင့်မြင့်တက်သွားရပါသည်။

တောင်ခါးပန်း မြေပြင်ညီတစ်နေရာတွင် အလယ်မှ ဉာဏ်တော်အမြင့် (၁၅)တောင်ခန့် စေတီတစ်ဆူနှင့် ဘေးနှစ်ဖက်မှ ဉာဏ်တော်အမြင့် (၁၂)တောင်ခန့် စေတီ(၂)ဆူရှိပြီး တည်ထားသည့် ထုံးသင်္ကန်းများ ဖွေးဖွေးဖြင့် စေတီ(၃)ဆူကို သပ္ပာယ်စွာ တွေ့ရှိ ဖူးမြော်ကြရပါသည်။ ထိုစေတီများနှင့် မလှမ်းမကမ်းတွင် (၃ခန်း x ၄ ခန်း)အကျယ်ရှိသည့် **အုတ်နံကပ်(၂)ထပ်ကျောင်း** တစ်ကျောင်း ရှိပါသည်။

'အဲဒီစေတီ(၃)ဆူကတော့ ရှမ်းစော်ဘွားကြီးတစ်ပါးရဲ့သားတော် "စောခွန်သာ"နဲ့ သမီးတော်နှစ်ပါးဖြစ်တဲ့ "စောနန်းမွန်"၊



"စောနန်းထွေး"တို့ မောင်နှမသုံးယောက် သစ္စာအဓိဋ္ဌာန်ပြီး တည်ထားခဲ့တဲ့ ကုသိုလ်အလှူလို့ တောင်ခြေအောက်ဘက်က ရွာသားတွေ ပြောကြတာပါပဲ။ ကမ္ဗည်းကျောက်စာတွေလဲ ပြိုပျက်နေပြီဆိုတော့ နှစ်ပေါင်း ဘယ်လောက်ကြာခဲ့ပြီလဲ မသိဘူး။

ကျုပ် ဒီတောင်ပေါ်ကို စတင်ရောက်တုန်းကတော့ ဆင်နေ ကျားအောင်းပါပဲ။ သစ်ကြီးဝါးကြီးတွေလဲ ထူထပ်ညိုပြီး အုပ်ဆိုင်းနေတာပဲ'

ဟု ဆရာတော်ကြီးက ပြောတော့မှ ကျွန်မတို့မှာ ဘေးဘီဝဲယာသို့ ကြောက်စိတ်ဖြင့် ထပ်မံကြည့်မိကြသည်။ မှန်ပါသည်။ ဒီလိုနေရာ လူမနီး၊ သူမနီး ခေါင်လွန်းသောနေရာတွင် ဆရာတော်ကြီးလို ကျင့်စဉ်ကောင်းသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်မှသာ နေနိုင်ပါသည်။

ဆရာတော်ကြီးသည် အမြင့်(၉)ပေ၊ အကျယ်(၈)ပေ၊ ဒု(၄)ပေခန့်ရှိသော အုတ်တိုက်ကျောင်းဆောင် တစ်ခုရှေ့တွင် ရပ်လိုက်ပြီး...

'ကဲ ဒီမှာ ဒကာမကြီးတို့ တွေ့ချင်၊ မြင်ချင်တဲ့ ကျောက်တုံးအချပ်ကြီးပါပဲ'

အမြင့်(၄)ပေခွဲ၊ အကျယ်(၃)ပေခွဲနှင့် ဒု(၁)ပေခန့် ရှိပါသည်။ ယင်းကို အုတ်ကျောင်းဆောင်အတွင်း အမြင့်မတ်ထောင်ထားပါသည်။ ဘေးနားတွင် ယင်းကျောက်တုံးကြီးမှ ပဲ့ထွက်ခဲ့သည့်[(၉) လက်မ× (၇)လက်မ× (၆)လက်မ]ခန့်ရှိ ကျောက်တုံးတစ်ခုနှင့် [(၆)လက်မ× (၅)လက်မ]ခန့် ရှိသည့် ကျောက်တုံးကလေးတစ်ခုတို့ကို တွေ့ရပါသည်။ ထူးဆန်းကျောက်တုံးများရှေ့တွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အလင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် လှူဒါန်း ပူဇော်ထားပါသည်။

ဆရာတော်ကြီးက ကျောက်တုံးကြီးကို သေသေချာချာ ကိုင်တွယ်စမ်းသပ်ကြည့်ပြီး ဝေဖန်ခိုင်းသဖြင့် ကျွန်မတို့လည်း စိမ်ပြေနပြေ ကြည့်ရှုပြီး ခဏခဏ ပွတ်သပ်ကြည့်ကြပြန်ပါသည်။

ကျွန်မ၏မောင်လေး မောင်သန်းထွန်းက...

'မမခင်တို့အုပ်စု လက်နဲ့တအား ပွတ်ကြည့်နေကြတာ ကျောက်တုံးမို့လို့သာပေါ့ဗျာ။ လူသာဆိုရင် အရိုးပဲ ကျန်တော့မှာ'

ဟု ရယ်စရာပြောသဖြင့် ဆရာတော်ကြီးက...

'ဟာ...ဒကာကြီးကလဲ ခင်ဗျားတို့လို ရှာဖွေစူးစမ်းပြီး ကျုပ်ဆီကို ရောက်လာကြတာ မရှိသလောက်ပါပဲ၊ တခြားဘယ်သူမှလာပြီး အသေးစိတ် လာမေးမြန်းတဲ့သူ မရှိဘူး။ ဒါကိုပဲ ကျုပ်မှာ ဝမ်းသာလွန်းလို့'

ဟု ကျေနပ်စကား မိန့်ပါသည်။ ထိုသို့ ကျွန်မတို့မိသားစုကို ဆရာတော်ကြီးပြောပြနေစဉ် အောက်တောင်ခြေတွင် တောင်ယာစိုက်ပျိုးရေး လုပ်ကိုင်စားသောက်နေသူ ဦးကြီးတစ်ဦးက ဆရာတော်ကြီးအတွက် ဆွမ်းချိုင့်လာပို့ပါသည်။

ထိုဦးကြီး ပြောပြချက်အရဆိုလျှင် လပြည့်၊ လကွယ်ညများတွင် တစ်ခါတစ်ရံ ယခုတောင်ပေါ်ရှိ ဆရာတော်ကြီးကျောင်းဝိုင်းအတွင်းမှ ပြိုးပြိုးပြက်ပြက်အရောင်များ ပြန့်ဖြာခန့် အလင်းတန်းကြီးများ ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

တာကို အောက်တောင်ခြေရွာများမှ တွေ့မြင်ရကြောင်း၊ ဘုရားရောင်ခြည်တော် ကွန့်မြူးပုံမှိုးလည်း မဟုတ်ကြောင်း စသည် ဖြင့် ပြောပြပါသည်။

ဤ ကျောက်တုံးကြီး၏ အသားမှာ ကျောက်စရစ်ဖြူနှင့် ညိုဝါဝါကလေး များကို အမာအကျစ်ခဲထားသည့်ပုံစံ ဖြစ် ပါသည်။ ယင်းကျောက်သားပေါ်တွင် လက်ခလယ်ခန့် အတုတ်နှင့် လက်နှစ် သစ်ခန့် အရှည်ရှိသည့် ရှည်မျောမျော လိမ့်နေရောင်၊ စိမ်းပျော့ပျော့ရောင်၊ အပြာရောင်၊ သလင်းရောင်အရင် ကျောက်လုံးကလေးများကို ကွက်ကျား ထည့်ပြီး အလှစီခြယ်ထားသလို တွေ့ ကြရသည်။

ဤကျောက်ရောင်စုံများကပင် ကမ္ဘာ့ ဆွဲငင်အားကြောင့် ညဖိုင်း အမှောင်ချိန် တွင် အလင်းရောင်များ ပြန်ထွက်နေရော့ သလားဟု တွေးမိပါသည်။

ကျွန်မတို့လည်း အနီးတစ်ဝိုက်ရှိ တောင်ကြောနေရာများကို လျှောက် လှည့်ပတ်ကြည့်ပြီး ပြန်အလာတွင် ဆရာတော်ကြီးလည်း ဆွမ်းဘုဉ်းပေး ပြီးနေပါပြီ။

ဆရာတော်ကြီးက ဆက်ပြောပြ သည်မှာ...

'အဲဒီ ကျောက်တုံးကြီး တော်လည်းသံ ပြည်ဟည်းကျလာချိန်ကတော့ နေ့လယ် (၁၁)နာရီလောက်ပဲ ကျုပ် ဆွမ်းစားနေ တုန်းပေါ့။

ကျုပ် ခုနေတဲ့ လိုဏ်ဂူလေးလဲ လျှော် အကြီးအကျယ် လှုပ်သလို လှုပ်ခါသွား တာပဲ၊ ဒါနဲ့ ကျုပ်လဲ ဂူအပြင်ဘက်ထွက်ပြီး ဘေးဝဲယာကို လှမ်းကြည့်တော့ ဘာမှ ထူးထူးခြားခြား မတွေ့ရတာနဲ့ ဆွမ်း ဆက်စားနေလိုက်တယ်။ အဲဒီအချိန်မှာ တောင်ခြေဘက်က တောင်ယာသမား (၄)ယောက် တက်လာပြီး...

'ဆရာတော်ဘုရား၊ တောင်ခြေရင်းမှာ ဘာ ကျောက်တုံးကြီးမှန်း မသိဘူး အသံကြီးမြည် ပြီး မိုးပေါ်က ပြုတ်ကျလာပါတယ်ဘုရား။ ဆွမ်းဘုဉ်းပေးပြီးရင် တပည့်တော်တို့နဲ့ ခဏ လိုက်ကြည့်ပေးပါဦးဘုရား'

ဟု လျှောက်တင်ကြတယ်။ ဒါနဲ့



ကျုပ်လဲ သူတို့နဲ့ တောင်ခြေရင်းကို လိုက်သွားကြည့်တော့ ခု ဒကာမကြီးတို့ တွေ့မြင်ခဲ့ကြတဲ့ ကျောက်တုံးကြီးကို တွေ့ရတယ်။ ဟို အပုံ့တုံးလေး နှစ်ခု ရောပေါ့။

အပေါ်က ပြုတ်ကျတဲ့ အရှိန်ပြင်းလို့ မြေကြီးထဲကို (၅)ပေလောက် ခွက်ဝင် သွားခဲ့တယ်။ ကျုပ်လဲ သူတို့ကို အံ့ဩ စရာတော့ ကောင်းသားပဲလို့ ပြောပြီး ကျောင်းကို ပြန်လာခဲ့တယ်။ ကိုယ်လဲ ဘာမှန်း ရေရေရာရာ မသိတော့ ဒီ အတိုင်းပဲ နေလိုက်တယ်'

ကျွန်မတို့မှာ ဆရာတော်ကြီး ဆက် ပြီး ပြောပြမှာကိုပဲ နားထောင်နေကြ ပါသည်။

'နောက်တော့ ဒီကျောက်တုံးအကြောင်း ဘာဆက်သိရတုန်းဆိုတော့ ဟိုတယ်ဘက် က မိုက္ကရိုဝေ့ဖ်စခန်းတောင်ပေါ်မှာ သံတာဝ တိုင်တွေ စိုက်ဖို့ရာ လျာထားတဲ့မြေနေရာနဲ့ မလွတ်ကင်းတဲ့ "တမလန်း"ပင်ကြီးတစ်ခု ရှိသတဲ့၊ အဲဒီအပင်ကြီးက သက်တမ်းလဲ ရာကျော်လောက်ရှိပြီး အမြင့်က ပေ(၅၀) လောက် ရှိတယ်။ ပုဆိုးနှစ်ပတ်စာလောက် ပင်စည်တုတ်တယ်။

သက်ဆိုင်ရာ တာဝန်ကျတဲ့ တပ်မတော် သားတွေက ခုတ်လှဲပေးမှာပေါ့လေး သူတို့ လဲ ပထမတော့ ဒီအပင်ကြီးကို စ,ပြီး ခုတ် ကြတော့ အဆင်မပြေကြဘူး။ တစ်မျိုးပြီး တစ်မျိုး နာကြ ဖျားကြ ခိုက်ပိ ဒုက်ရာရကြ

နဲ့တဲ့။ နောက်မှ တောပိုင်တောင်ပိုင်တွေထံ အုန်း ငှက်ပျော ကန်တော့ပွဲတွေ ထိုးပြီး ..
သတော့မှ အားလုံး ချောချောမောမော လုပ်နိုင်ကြတယ်။

အဲ သစ်ပင်ကြီးလဲ လဲကျသွားရော သစ်မြ တွေနဲ့အတူ အောက်ခြေမြေထဲကနေ အဲ ကျောက်တုံးကြီးက မြည်ဟည်းသံကြီးနဲ့ တွ ကန်ပြီး အဝေးမှာရှိတဲ့ ကျုပ် တောင်ခြေရင် လွင့်ကျရောက်လာတာပါပဲ။ ဒါလဲ တစ်ဆ စကား ကြားရတာပါပဲ'

ဟု ဆရာတော်ကြီးက ပြော သည်။

ဆရာတော်ကြီး ပြောပြသည်ကို ကျွန်မတို့ အတွေးဝင်မိသည်။ အလေ ချိန်စီးသည့် ကျောက်တုံးသည် **"(၁) မိုင်ခန့်ဝေးသောနေရာမှ ဤနေ ဘက်သို့ လေထဲလွင့်၍ ရောက်နိုင် မည်လော"**ဟူ၍...။

'ကျုပ်လဲ ဒီအတိုင်းပဲ နေလိုက်တ နှစ်လလောက်ကြာတော့ လူလတ်ပိုင် ရှမ်းတိုင်းရင်းသားတစ်ယောက်နဲ့ အ သမီးနှစ်ယောက် လှူဖွယ်ပစ္စည်းတွေ ကျုပ်ကို လာလှူကြတယ်။ တောင် က ကျောက်တုံးကြီး လာကြည့် လာကြတာပေါ့။ အဲဒီကျောက်တုံး ကို တောင်ပေါ်က ကျုပ် ကျောင်းဝို ထဲမှာ သိမ်းပြီး စောင့်ရှောက်ထားဖို့ လေ။

နောင်မကြာမီမှာ ဘာသာ သာသနာရေးကိစ္စတွေ တိုးတ စည်ပင် အောင်မြင်မယ့်အကြောင် ဘုန်းကြီးကိုလဲ ကူညီမယ့်သူတွေ အ အလျောက် ရောက်လာမယ့်အကြော လျှောက်ပြီး ဘယ်က လာကြတာ မပြောဘဲ ပြန်သွားကြတယ်။

ဘုန်းကြီးက ဒီနေရာမှာ တ ရိပ်သာတစ်ခုဖွင့်ဖို့ အစီအစဉ်ရှိ ကြောင့် ချုံနွယ်ပိတ်ပေါင်းတွေ ပိုက်ဆံပေးပြီး ခေါ်ငှားတာ လုပ်အားဒါန လာလှူကြရော တဖြ



www.burmeseclassic.com

www.burmeseclassic.com

ဖြည်းချင်း ရှင်းလင်း စီစဉ်နေရတာပေါ့။ သာသနာရေးမှာလဲ ဝတ္တကမြေ(၈)ကေ ဂရန်ချပေးဖို့ တင်ထားတယ်။

အဲဒါ သက်ဆိုင်ရာက ကွင်းဆင်းလာကြည့်ကြပြီး မြေကို (၁၄)ကေ ချပေးခဲ့ကြတယ်။ နောက်ပြီး တပ်မတစ်ခုက ရဲဘော်တွေကို သစ်ပင်ခုတ်၊ မြေညှိရှင်းလင်းဖို့ ဘုန်းကြီးဆီ လွှတ်လိုက်လို့ ဟိုသာသနာ့အလံတွေ စိုက်၊ ဝါးဒလက်တွေနဲ့ စည်းရိုးအပြည့် ကာပေးခဲ့ကြပါတယ်။ ဆန်းတော့လဲ ဆန်းပါတယ် ဒကာမကြီးရယ်'

ဟု ဆရာတော်ကြီးက ပြောပြပါသည်။

'ဒါဖြင့် ဒီကျောက်တုံးကြီးတွေကို ဆရာတော်ကြီးတို့ တောင်ပေါ်ကို ဘယ်လို မ,သယ်ကြတာလဲ ဘုရား'

ဟု မေးလျှောက်ရာ...

'အဲဒါ ပြောပြဦးမယ်။ တောင်တက်လမ်းကလဲ ဒကာမကြီးတို့ သိတဲ့အတိုင်းပဲ။ မြင့်လဲမြင့်၊ ဆင်ခြေလျှောကလဲ ဖြစ်ပြန်ဆိုတော့ တပ်မတော်သားတွေနဲ့ ရွာသားတွေ စုပေါင်းပြီး သံကြိုးကြီးတွေနဲ့ ဆိုင်း၊ အောက်က တလိမ့်တုံးကြီးတွေခံပြီး တွန်းတင်ကြတာပေါ့။ သူတို့လဲ ကြိုးစားပြီး လုပ်ရှာကြပါတယ်။ ဒါပေမယ့် လုပ်သလောက် ခရီးမရောက်ဘူး။ အဲဒါကို ဗိုလ်ကြီးတစ်ယောက်က ကျုပ်ကို...

"ဆရာတော်ကြီးပဲ ကျန်တော့တယ်။ ဆရာတော်ကြီး သစ္စာအဓိဋ္ဌာန် တစ်ခုခုလုပ်လိုက်မှ တောင်ပေါ်ကို ချောချောမောမော တင်လို့ရလိမ့်မယ် ထင်ပါတယ်ဘုရား"

လို့ လျှောက်တာနဲ့ ကျုပ်အနေနဲ့ ဒန်လေးတာမှတ်လို့။

"ဤတောင်ပေါ်ရှိ ယခု နိုင်ငံတော်က လှူဒါန်းခဲ့သည့် သာသနာ့နယ်မြေတွင် မကြာမီကာလ၌ ဘာသာရေး သာသနာရေး ကိစ္စများ တိုးတက်အောင်မြင်စေရန် ကြိုးစား ရွက်ဆောင်လျက်ရှိရာ ဤနေရာသည်



ဘူမိနက်သန်မှန်ပါက ကျောက်တုံးကြီးသည် ဘုန်းကြီးကျောင်းဝိုင်းရှိသည့် တောင်ပေါ်သို့ မည်သည့်နည်းနှင့်ဖြစ်စေ ရောက်ရှိအောင် သယ်ယူနိုင်ရပါလို၏"

လို့ အဓိဋ္ဌာန်ပြုပြီး တဖြည်းဖြည်းချင်း ဆွဲတင်လို့ ရခဲ့ကြတယ်။ နောက်ပြီးမှ အုတ်ပလ္လင်နဲ့ ကျောင်းဆောင်ထဲကို မ,တင်လို့ ရခဲ့တယ်'

'တင်ပ့ါဘုရား၊ တော်တော်တော့ ထူးဆန်းအံ့သြစရာ ကောင်းတာပါပဲ'

ဟု ပြောမိကြသည်။

'ဒါတွင် ဘယ်ဟုတ်ဦးမလဲ ဒကာမကြီးရယ်၊ မြစ်သားမြို့က ကျောက်ခွဲစက်ပိုင်ရှင်တစ်ယောက် ကျုပ်ဆီကိုလာကန်တော့ရင်း အဲဒီကျောက်တုံး အပဲ့တစ်ခုကို တောင်းလို့ ဘုန်းကြီးလဲ ပေးလိုက်တယ်။ **နောက်(၄)လလောက်နေတော့ ပြန်လာပို့တယ်။** ကျုပ်ကို ဘာပြောပြသလဲဆိုတော့...

"ဆရာတော်ကြီးဆီက ယူသွားတဲ့ ကျောက်တုံးကို ကျောက်ခွဲစက်ထဲ ထည့်လိုက်တာနဲ့ စက်က ရပ်သွားသတဲ့။ စက်ကိရိယာတွေနဲ့ သွယ်ထားတဲ့ လျှပ်စစ်ဝါယာကြိုး၊ ခလုတ်တွေကို စစ်ကြည့်တော့လဲ အားလုံး အကောင်းပါပဲ။ ကြိတ်ခွဲလို့လဲ မရဘူး"

ပေါ့'

ကျွန်မမောင်လေးက...

'ဆရာတော်ကြီးဘုရား ကျောက်တုံးက ဒါဖြင့် ဘယ်လိုမှ ကြိတ်ခွဲလို့ မကြေဘူးပေါ့နော်'

ဟု မေးပါသည်။

'ဟုတ်တယ် ဒကာကြီးရဲ့။ စက်နဲ့ခွဲလို့လဲ မကွဲမကြေဘူး။ နောက်ပြီး အဲဒီ ဒကာကြီးအိမ်မှ မိသားစု ကျန်းမာရေး၊ လူမှုရေးကိစ္စတွေလဲ အနှောင့်အယှက် ဖြစ်သတဲ့။ စီးပွားရေးတွေလဲ တလွဲတချော်တွေဖြစ်၊ ဆုံးရှုံးမှုတွေလဲ ဖြစ်လာတော့ သူ့မိန်းမက ဗေဒင်မေးကြည့်တော့တာပေါ့။ ဗေဒင်က...

"ခင်ဗျားတို့ အိမ်မှာ ဘုန်းကြီးကျောင်းက ပစ္စည်းတစ်ခု ရောက်နေတယ်။ အဲဒါ သူ့နေရာ သူ ပြန်ထားလိုက်ရင် အားလုံး ကောင်းသွားပါလိမ့်မယ်"

လို့ အဟောထွက်တာနဲ့ ကျုပ်ကျောင်းကို သူကိုယ်တိုင် ပြန်ပို့ပေးခဲ့တာပါပဲ'

ကျွန်မတို့မောင်နှမတစ်စုမှာ ဆရာတော်ကြီး ပြောပြနေသမျှကို စိတ်ဝင်စားစွာ နားထောင်နေကြပြီး ယုံရကောင်းနိုးနိုးဖြင့် စိတ်ထဲမှာ ဇဝေဇဝါ ခံစားမိသည်။ မောင်လေးမှာ လက်တွေ့မှ ယုံကြည်တတ်သူမို့...

'ဘုန်းကြီးဆီက ကျောက်တုံးလေးတစ်ခုလောက် တပည့်တော်တို့ မောင်နှမတစ်စုကို စွန့်ပါဘုရား။ မွန်လေးကလူတွေကို "ထူးဆန်းအံ့ဖွယ်ပစ္စည်း"အနေနဲ့ ပြချင်လို့ပါဘုရား'

ဟု လျှောက်ထားရာ...

ဆရာတော်ကြီးက ဘာပြန်ပြောသလဲ ဆိုတော့...

**'ဒကာကြီးတို့ ဖဲ့လို့ရရင် ယူသွားကြပါတဲ့'**

ဆရာတော်ကြီးက ဝိနည်းလွတ်မိန့်ပါသည်။

သို့နှင့် ကျွန်မတို့သည် အပဲ့ကျောက်တုံးနှစ်ခုအနက်မှ အတုံးအကြီးကိုယူလာခဲ့ကြပါသည်။ အတုံးကြီးရွေးယူရ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှာ မောင်နှမသုံးအိမ်ထောင် ခွဲစိတ်ယူကြရမှာမို့ပါ။ ကျွန်မတို့လည်း လိုချင်သည့် ''ထူးဆန်းပစ္စည်း''ကို ရခဲ့ပြီဖြစ်၍ အားလုံး ပြုံးပျော်နေကြသည်။

ကျွန်တို့မှာ ယင်းကျောက်တုံးကို လားရှိုးဘိုတဲတွင် သေသေချာချာ သိမ်းထားခဲ့ပြီးမှ မူဆယ်–နမ့်ခမ်း–ရွှေလီ–ဝမ်တိန်–ကျူကုတ်–ပန်ဆိုင်း စသည့် နယ်စပ်မြို့များသို့ တစ်မြို့ဝင် တစ်မြို့ထွက် ညအိပ်ခရီးအနှံ့ လျှောက်လည်ကြရာ ရက်သတ္တပတ်ကြာပြီးမှ လားရှိုးသို့ ပြန်ရောက်ကြသည်။ ရောက်ရောက်ချင်း ကျောက်တုံးကို အရင်ကြည့်ရသေးသည်။ နဂိုအတိုင်းရှိနေတာပဲ။ ဒြော် သူများ တွေများ ဘေးကနေကြည့်လျှင် ရယ်ချင်ကြမှာပါပဲ။

လားရှိုးရောက်ပြီး နောက်တစ်နေ့နံနက်တွင် ပြန်လာခဲ့ကြပါသည်။ မန္တလေးမြို့သို့ ပြန်ရောက်ကြလျှင် ကိုယ့်ဆိုင်ရာရုံးတာဝန်များကို တောက်လျှောက်လုပ်ကြရသဖြင့် ဆရာတော်ကြီးဆီက တောင်းခံခဲ့သည့် ကျောက်တုံးကိုလည်း ဘုရားစင်ပေါ်မှာ တရိုတသေ တင်ထားပြီး ဘာမျှ စမ်းသပ်မကြည့်ကြရသေးပေ။

လာသည့် ဧည့်သည်များကိုလည်း ပြပြီး ရာဇဝင်ဇာတ်ကြောင်း ပြောပြရသည်မှာ အမောပင်။ ကြည့်ရှုသည့်သူများကလည်း ဒါမျိုး မမြင်ဖူးကြ၍ အထူးအဆန်း ဖြစ်နေကြသည်။

ကျောက်တုံးလေး ကျွန်မတို့အိမ်သို့ ရောက်ပြီး တစ်ဆယ့်ငါးရက်လောက် အကြာတွင်တော့ အမေသည် ကျန်းမာရေး ဒေါင်ဒေါင်မြည် ကောင်းနေရာမှ ချက်ချင်း လေဖြတ်သလို ဖြစ်သွားသဖြင့် အထူးကု သမားတော် ဆရာဝန်ကြီးများနှင့် တိုင်းရင်းဆေး အကြောဆရာများပါ နှစ်မျိုးစလုံး ညှပ်၍ ကုသပေးကြရာ ကောင်းမွန်စွာ ပျောက်ကင်းလာပါသည်။



ဒါကို ကျွန်မကတော့ မယူထားအပ်သည့်ကျောက်ပစ္စည်း ယူလာခဲ့မိ၍ နိုက်သည်ဟု ယူဆပါသည်။ ကျွန်မမောင်,ညီမများက မယုံကြည်ကြပါ။ တစ်နေ့တော့ ကျောက်ခွဲစက်မှ မိတ်ဆွေတစ်ယောက် ရောက်လာပြီး ယင်းကျောက်တုံးကို ကြည့်ကာ သူခွဲစိတ်ပေးမည်ဟု ပြောပြီး ကျွန်မမောင် မောင်သန်းထွန်းနှင့် ထွက်သွားကြပါသည်။

သူတို့ အိမ်နားအရောက် နောက်မှ ဆိုင်ကယ်တစ်စီးက သူတို့ဆိုင်ကယ်ကို ဝင်ချိတ်မိသဖြင့် လက်များ၊ ခြေထောက်များတွင် အပွန်းအပဲ့ဒဏ်ရာများ ရကြပါသည်။

ထိုကျောက်တုံးလေးကို ကျောက်ခွဲစက်ပေါ်တွင် တင်လိုက်ရာ နဂိုလည်နေသည့်စက် ချက်ချင်း ရပ်သွားပါသည်။ ကျောက်တုံးကို ဖယ်လိုက်တော့ စက်က ပုံမှန် ပြန်လည်ပါသည်။

ကဲ… ဒီလောက်တောင်မှ စက်နဲ့ခွဲလို့မရလျှင် လက်နဲ့ပဲခွဲကြည့်စို့ဟု ဖွဲ့မလျှော့ဘဲ ပုဆိန်ဖြင့် အလုပ်သမားတစ်ယောက်ကို ခွဲခိုင်းပါသည်။ ကျောက်တုံးကတော့ ဖြုတောင် မဖြုပါ။ **ပုဆိန်က အရိုးမှ ကျွတ်ထွက်ပြီး ဘေးမှ ကြည့်နေသူကို ခိုက်မိသဖြင့်** ဆေးခန်းသို့ ပို့ပေးလိုက်ရပါသည်။

ကျွန်မတို့အိမ်မှ မိသားစုမှာလည်း ကျန်းမာရေး ထိခိုက်လာကြပါသည်။ စီးပွားရေးလုပ်ငန်းများလည်း သိပ်အဆင်မပြေကြဘဲ ကမောက်ကမ ဖြစ်လာသည်။

မိသားစုမောင်နှမတွေလည်း စကားပြော အပေါက် အလမ်း မတည့်ဘဲ တကျက်ကျက်နှင့်၊ ဒါထဲက လူလိမ်ခံရခြင်း၊ ခါးပိုက်နှိုက်ခံရခြင်း စသည့် ဆိုးကျိုးများနှင့် ကြုံတွေ့နေရကြရတော့သည်။

ထိုအချိန်တွင် တစ်ညသ၌ ကျွန်မ အိပ်မက်မက်ပါသည်။ ထူးဆန်းစွာ အိပ်မက်ပုံမှာ ကျွန်မသည် မန္တလေးမြို့ အရှေ့ဘက်ရှိ ကဲကောက်ရပ်ကွက်တွင်ရှိသော ရုံးသို့သွားရန် လိုင်းကားဂိတ်သို့အသွား လားရှိုးမှ ဆရာတော်ကြီးသည် ရှမ်းပြည်မှာလုပ်သော ဘုန်းကြီးဆောင်း ရှမ်းထီးကြီးကို ဆောင်း၍ လွယ်အိတ်ကလေးတစ်လုံး လွယ်ကာ လမ်းဘေး ဝဲ,ယာရှိ အိမ်များကို မျက်စိဖြင့် တစ်စုံတစ်ခု လိုက်ရှာနေသလို မြင်ရပါသည်။

ကျွန်မက ကျွန်မကို ဆရာတော်ကြီး မြင်တွေ့သွားမှာစိုး၍ ထီးဖြင့် ကွယ်ဆောင်းကာ ခပ်သုတ်သုတ် လမ်းလျှောက်ရင်း နောက်သို့ လှည့်ကြည့်ရာ ဘုန်းကြီးလည်း ရှေ့သို့ ဆက်လျှောက်သွားသည်ကို အိပ်မက်ထဲတွင် ထင်ထင်ရှားရှား မြင်ရပါသည်။

ယင်းအိပ်မက်နှင့် အိမ်မှာဖြစ်ပေါ်သည့် အခြေအနေအမျိုးမျိုးကို ကျွန်မမှာ ဆက်စပ် တွေးမိရင်းမှ…

'မမခင်တော့ ဒီကျောက်တုံးကို ဘုန်းကြီးဆီ ပြန်ပို့ပေးချင်ပြီကွယ်၊ လားရှိုးတုန်းက ဘုန်းကြီးပြောပြခဲ့တဲ့ မြစ်သားကလူ ဖြစ်တာတွေနဲ့ တို့ အခုဖြစ်နေတာတွေက တစ်ထပ်တည်းလောက်တူနေတယ်၊ နောက်ပြီး ဆရာတော်ကြီးဆီမှာ "ကျောက်တုံးလေး တောင်းတော့ အပဲ့တွေ ရှိနေပါရက်နဲ့ ယူ လို့ရရင် ယူသွားကြပေါ့လို့ (မပေးဘူးလို့တော့ မပြောဘူးနော်) ဝိနည်းလွတ် ပြောခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရယ် အားလုံးခြုံပြီး တွေးလိုက်တော့ "မယူသင့်တဲ့ပစ္စည်း"ယူခဲ့လို့လို့ အဓိပ္ပာယ်ပေါက်တယ်'

ကျွန်မသည် စိုးရိမ်ထိတ်လန့်မိသည်။ မောင်,ညီမတွေကတော့...

'မမခင်ဘာသာ အစွဲအလမ်း အယူသီးပြီး ကြောက်ရန်ကော'

ဟု ရယ်မောကြပါသည်။ နောက်သုံးလအကြာတွင် ကျွန်မတို့အမေသည် ဒုတိယအကြိမ် လေဖြတ်ရောဂါဖြစ်ပြန်သည်။ ဒီတစ်ခါတော့ အခြေအနေဆိုးရွားး၍ ပြည်သူ့ဆေးရုံကြီးသို့ပင် တင်လိုက်ရသည်။ အထူးကု သမားတော်ကြီးများနှင့် ဂရုတစိုက် ကြပ်မတ်ကုပေးကြသော်လည်း တစ်လလောက်အကြာ(**၃၁–၁၀–၁၉၉၈**)နေ့တွင် ဆုံးပါးသွားပါသည်။

တစ်ဖန် (**၂၅–၅–၂၀၀၂**)**နေ့တွင်** ကျွန်မတို့အား လားရှိုးသို့ ကားမောင်းပြီး လိုက်ပို့ပေးခဲ့သော မောင်လေးမောင်သန်းထွန်းသည် မိသားစုများဖြင့် ရယ်ရယ်မောမော စကားပြောရင်း အကောင်းပကတိမှနေ၍ နှလုံးသွေးကြော ရုတ်တရက် ရပ်ဆိုင်းသွားပြီး သတိလစ်သွား၍ "အေးသီရိ"ဆေးခန်းသို့ ပို့ပေးခဲ့သော်လည်း ကုမရတော့ဘဲ ထပ်မံ ဆုံးသွားခဲ့ပြန်သည်။

ဒီအခါကျမှ ကျွန်မ၏ညီမများမှာ ယုံကြည်လာကြသည်။

'အေးကွယ် တော်ပါပြီ။ ဒီလောက် အမှိုက်မှိုး စိတ်ဒုက္ခတွေ ရောက်နေကြတာ သိလောက်ကြပါပြီ။ သူ့နေရာသူ ပြန်ပို့လိုက်ကြပါတော့'

ဆရာတော်ကြီးကို လှူဖို့ လှူဖွယ်ပစ္စည်းများလည်း ဝယ်ပေးလိုက်ပြီး ဖြစ်ပျက်သမျှ အကျိုးအကြောင်းတွေကိုလည်း လျှောက်ထားပြီး ကျေးဇူး ခွင့်လွှတ်ဖို့ရယ်။

"ဆရာတော်ကြီးပစ္စည်း (ကျောက်တုံးလေး)ကိုလဲ တပည့်တော်တို့ အားလုံး လက်ထိလက်ရောက် ပြန်အပ်ပါသည်"ဆိုပြီး လင်ပန်းတစ်ခုပေါ်မှာ တင်ပြီး အပ်ခဲ့ဖို့ရယ်။

အားလုံး အသေးစိတ် မှာကြား၍ ကျွန်မအစ်မနှင့် ညီမကို လားရှိုးမြို့သို့ စေလွှတ်ခဲ့ပါသည်။ ကျွန်မကတော့ ရုံးမှ ခွင့်မရ၍ လိုက်မသွားရပါ။

သူတို့ လားရှိုးက ပြန်လာကြတော့...

'ဆရာတော်ကြီးနဲ့လဲ တွေ့ရပါတယ်။ ဘယ်မှမကြွသေးလို့ တော်ပါသေးရဲ့။ ဆရာတော်ကြီးကလဲ အားလုံး ကျေနပ်ခွင့်လွှတ်ပါကြောင်း၊ ဒီ **ကျောင်းပစ္စည်းဟာ သူ့ဘူမိနက်သန် နေရာမှန်ကို တစ်ချိန်ချိန်ပြန်ရောက်မှာ ဖြစ်ကြောင်း၊ ဆရာတော်ကြီးလဲ ကြိုပြီး သိနေကြောင်း၊ ဘယ်လိုမှ မအောက်မေ့ပါကြောင်း။**

**ဒကာမကြီးတို့ မိသားစုအားလုံး ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာပြီး ဘေးဘယာ ဝေးကွာကြစေရန် ဆုတောင်းမေတ္တာများ ပို့ပေးခဲ့ပါကြောင်း။**

တို့ကို ညီမများမှတစ်ဆင့် ပြန်ပြောပြသဖြင့် ကျွန်မလည်း စိတ်လက်များ ပေါ့ပါးကြည်လင်သွားပါသည်။

ကျွန်မသည် ထို"ထူးဆန်းအံ့ဖွယ်ကျောက်တုံး"ကို လားရှိုးရှိ ဆရာတော်ကြီးထံသို့ ပြန်မပို့ခင် ကျွန်မရုံးခန်း ဗီရိုကြီးထဲတွင် သိမ်းဆည်းထားခဲ့သေးသည်။ ရုံးသို့ အလုပ်ကိစ္စဖြင့်လာကြသော သတ္တုတွင်းဝန်ကြီးဌာနမှ ဘူမိဗေဒအရာရှိများအား ယင်းကျောက်တုံးလေးကို ပြသကြည့်ရာ သူတို့လည်း **"ဒီဟာမျိုး တစ်ခါမျှ မမြင်တွေ့ဘူးပါ"**ဟု ပြောကြပါသည်။

သူတို့လည်း ထူးဆန်းသည့် ပစ္စည်းအမျိုးအစားအဖြစ် စိတ်ဝင်စားစွာ ကြည့်ရှုကြပါသည်။ အလေးချိန်မှာလည်း **"ကျောက်တုံးအလေးချိန်မျိုး မဟုတ်ဘဲ "သံတုံးအလေးချိန်" ကဲ့သို့ လေးလွန်းပါသည်။** သူတို့က ဓာတ်ခွဲ စမ်းကြည့်ချင်သည်ဟု ပြောကြသော်လည်း ကျွန်မ ဘယ်သူ့မှ မပေးဝံ့တော့ပါ။

ဆရာတော်ကြီး ပေးလိုက်သော "ဆုတောင်း"သည် ကျွန်မတို့အဖို့ မပြည့်ဝကြပါ။ လားရှိုးမှ ပြောင်းခဲ့ရသော အစ်မကြီးဒေါ်ကြင်စီသည်လည်း ရုံးသွားခါနီး ရေချိုးရင်းမှ လေဖြတ်သွားသဖြင့် မန္တလေးဆေးရုံကြီးတွင် တင်၍ ဆေးကုသရပါတော့သည်။

အထူးကု ပါမောက္ခ သမားတော်ကြီးများနှင့် ဂရုတစိုက် ကြပ်မတ်ကုသပေးသော်လည်း (၁၅–၁၀–၂၀၀၂)နေ့ တွင် ထပ်မံ ကွယ်လွန်ပြန်ပါသည်။ ကျွန်မ ကြီးစွာ တုန်လှုပ်နေမိပါသည်။

ဤပစ္စည်း (ကျောက်တုံးလေး)သည် မြေပေါ်,မြေအောက်,ရေအောက်သယံဇာတပစ္စည်းများဆိုလျှင် ဘူမိဗေဒပညာရှင်များထဲမှ တစ်ဦးတစ်ယောက်လောက်တော့ တွေ့မြင်ဖူးပါလိမ့်မည်။

ယခုမူ ထိုပစ္စည်းသည် ကမ္ဘာမြေပေါ်မှ မဟုတ်ခဲ့လျှင် အာကာသထဲတွင် ပျံသန်းနေကြသော ဥက္ကာပျံ(သို့မဟုတ်) ဂြိုဟ်တစ်ခုခုမှ ပဲ့ကျလာသော ဒြပ်ပစ္စည်းများလေလားဟုသာ ထင်မှတ်မိပါတော့သည်။

သို့ကြောင့် **"ဘုရားပစ္စည်း၊ ကျောင်းပစ္စည်း၊ အံ့ဖွယ်ကျောက်တုံးကြီး"**ဟု သင်ခန်းစာ ကောင်းကောင်း ရနေပါပြီ။ **ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းတို့မည်သည် သာမန်လူတို့နှင့် မအပ်စပ်နိုင်ပါပေ။**

မှတ်ချက်

*(ဤကျောက်တုံးများသည် လားရှိုးမြို့ အရှေ့မြောက်ဘက်ရှိ တောင်ကြောတစ်ခုပေါ်မှ သာသနာ့တရားရိပ်သာ ဖွင့်လှစ်ထားသော ဆရာတော်ကြီး ဦးဉာဏော ဘာသ၏ ကျောင်းဝင်းအတွင်း၌ ကြည့်ရှု လေ့လာနိုင်ပါသည်။)*

ရတနာခင်(မန်း)



www.burmeseclassic.com

www.burmeseclassic.com



# နာကို ချီးသည်

ငါးဖယ်တူပင်



'ကိုဇမ္ဗူကျော် အခု ဘာဓာတ်တွေ ကိုင်နေသလဲဗျ'

ကိုညွှန့်ဝေ (ကျောက်ရတနာ ရောင်းဝယ်သူ)က လက်ဖက်ရည်စားပွဲတွင် ဝင်ထိုင်ရင်း ကျွန်တော့်ကို မေးပါသည်။

'လာ ထိုင်ဗျာ ကိုညွှန့်ဝေ၊ အခု တလော ဘာဓာတ်မှ မကိုင်ပါဘူးဗျာ။ ခင်ဗျားလဲ မတွေ့တာကြာပြီ၊ လုပ်ငန်း အဆင်ပြေရဲ့လား'

ကိုညွှန့်ဝေက လက်ဖက်ရည် လှမ်းမှာပြီး...

'သင့်ပါတယ်၊ သီတာကုန်းပြင်ဘက်က ပြန်လာတယ်ဗျ။ အဲဒီမှာ ဦးပဉ္စင်းတစ်ပါးနဲ့ တွေ့ခဲ့တယ်။ သူက **''နာကို ကျွတ်ကျွတ်ပါအောင် မချီးတတ်ရင် အဂ္ဂိရတ်ဖို မထိုးနဲ့လို့''** ပြောတယ်ဗျ'

'ဟုတ်လား... အဲဒီ ဦးပဉ္စင်းကကော နာကို ကျွတ်ကျွတ်ပါအောင် ချီးတတ်လို့လားဗျ'

ထိုစဉ် လက်ဖက်ရည်တစ်ခွက်နှင့် မုန့်လာချပေးပါသည်။

'အေးဗျ... လက်တွေ့ချီးပြတယ်'

ကိုညွှန့်ဝေက လက်ဖက်ရည်မွှေရင်း...

'ဘယ်လိုလဲဗျာ ပြောပြပါဦး'

'ပြောရမှာပေါ့ဗျာ၊ နည်းကောင်းနည်းမှန်တွေ စုဆောင်းနေတဲ့ ပုဂ္ဂိုလ်ကို နည်းကောင်းနည်းမှန်ရရင် ပြောပြရမှာပေါ့ဗျ'

'ခင်ဗျား အယူအဆမှန်ပြီး သဘောကောင်းတဲ့ မိတ်ဆွေတစ်ဦးပဲ'

'ဟဲ ဟဲ မြှောက်သဗျာ၊ ပြောပါ့မယ်။ ဒီလိုဗျ...'

ဟု ဆိုကာ နာကျိုး ပြုလုပ်ပုံကို ပြောပြပါသည်။

**ပြောပြပုံမှာ...**

ဦးပဉ္စင်းသည် နာ (၅)ကျပ်သားခန့်ကို ယူ၍ ထင်းမီးဖိုပေါ်သို့ အိုးခြမ်းခွဲ တင်ကာ မီးထိုးပါသည်။ နောက် နာ (၅)ကျပ်သားကို ထည့်လိုက်ပါသည်။ နာသည် တဖြည်းဖြည်း ပျော်လာပါသည်။

အရည် လင်လာသောအခါ အဆင်သင့် အမှုန့်ပြုပြီးဆေးမှုန့်ကို ဖြူးထည့်၍ တုတ်ဖြင့် အနည်းငယ် မွှေလိုက်ပါသည်။

ဆေးများ ကျွမ်း၍ ပြာဖြစ်သောအခါ အိုးခြမ်းကွဲကို ညှပ်ဖြင့် ညှပ်ယူကာ အနီးရှိ စလောင်းခွက်ထဲသို့ သွန်ချလိုက်ပါသည်။

နာ အေးလောက်သောအခါတွင် ယူ၍ ချီးပြလိုက်ပါသည်။ ဆတ်ဆတ် ကျိုးသွားပါတော့သည်။

'အဲဒီမှာ ကျွန်တော် အံ့သြသွားပါတယ်။ အလွန်လဲ ဝမ်းသာသွားပါတယ်။ အဲဒါကြောင့် ဦးပဉ္စင်းကို ဖြူးထည့်တဲ့ဆေးကို မေးရပါတော့တယ်'

'ဒီဆေးက လွယ်ပါတယ် ဒါယကာကြီး၊ အဲ...နည်းမသိရင် ခက်တယ်၊ ဆေးပင် မသိရင်လဲ ခက်တယ်'

'တင်ပါ့ဘုရား'

'ဒီဆေးက **ငါးဖယ်တူ**လို့ ကျုပ်တို့ **သီတာကုန်းပြင် နယ်တစ်ဝိုက်မှာ ခေါ်တယ်။** အခြားနယ်တွေမှာလဲ ရှိ တတ်ပါတယ်။ ဒီမှာကြည့်... ဒီအပင်ပဲ'

ဟု ဆိုကာ ဦးပဉ္စင်းက ကျွန်တော့် အား ပြသပါသည်။ နွယ်ပင်အရွက်က လက်တစ်ညှိုးလောက် ရှည်ပါသည်။ အပင် နားလည်သူကို မေးကြည့်လျှင် ရနိုင်ပါသည်။

'အဲဒါပါပဲ၊ နောက်တစ်ခေါက် သွားရင် ကျွန်တော် အဲဒီ ငါးဖယ်တူ နွယ်ပင်ကို ယူလာခဲ့ပါမယ်ဗျာ'

ဟု ကိုညွှန့်ဝေက ပြောပါသည်။

'ဆက်ဆက်ယူခဲ့ပါဗျာ၊ အဂ္ဂိရတ် ဆေးပင်ဆိုတာ အဂ္ဂိရတ်ပုဂ္ဂိုလ်တွေ အတွက် တန်ဖိုးရှိလှပါတယ်။ အ... ခဲ့ပါဗျာ'

'စိတ်ချပါ ယူခဲ့ပါ့မယ်။ အဲဒီ နာကျိုး တက်လမ်းကိုတော့ ခုတစ်ခေါက် သွားရင် ပြောပြမယ်လို့ ပြောလိုက် တယ်'

'ဟာ... အဲဒီလိုဆိုရင် ခုတစ်ခေါက် ဆက်ဆက် သွားဖြစ်အောင် သွားလိုက် ပါဗျာ'

'စိတ်ချပါဗျာ'

ဟု ကိုညွှန့်ဝေက ပြောပြီး လက်ဖက် ရည်ဖိုး ရှင်းကြကာ လူချင်း ခွဲလိုက် ပါတော့သည်။

***တိုးတက် အဆင်ပြေပါစေ***

ကောင်းဇမ္ဗူကျော် (ဟသ်ာ...



www.burmeseclassic.com

www.burmeseclassic.com





ဘိုးမင်းခေါင်
(နေလပီဖွာဂိုဏ်းတော်ကြီး)

# အစက်လျှစက်

ထက်စေဗို

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၏ နေ့တစ်နေ့တွင်ဖြစ်သည်။ စာရေးသူသည် မန္တလေးမြို့ရှိ မဟာသကျသီဟဘုရား တွင် မဟာပဋ္ဌာန်း ပုတီးစိပ်ပြီး ရန်အောင်မြင်ဘုရားရှေ့ရှိ ညောင်ပင်ကြီးအောက်တွင် ထိုင်ကာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိသည်။

ထိုအချိန် စာရေးသူ၏ မြင်ကွင်း၌ တွေ့လိုက်ရသူကား အထက်ဖြူ အောက်ဖြူ ဝတ်ဆင်လျက် သျှောင်တစောင်း ထုံးထားသော လူကြီးတစ်ဦး တွေ့လိုက်ရသည်။

သာမန်အားဖြင့် ဘာမှ မထူးဆန်းသော်လည်း ထိုလူကြီး၏ အသားအရေနှင့် သျှောင်တစောင်းကို စိတ်ဝင်စားပြီး ကြည့်နေမိခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် မြို့ပေါ်မဆိုထားနှင့် တောရွာများမှာပါ သျှောင်ထုံးထားခြင်းကို တွေ့မြင်နိုင်ခြင်းကား မရှိတော့သလောက် ရှားပါးလာလေပြီ။

ထို့ပြင် ထိုလူကြီး၏ အသားအရေမှာ ဝါသည်လည်းမဟုတ်၊ ဖြူသည်လည်း မဟုတ် ရွှေဝါရောင်ဟု ခေါ်ရမည့်အရောင်ပင် ဖြစ်သည်။

ထိုတွင် စာရေးသူလည်း ထိုလူကြီးဘယ်သွားပြီး ဘာလုပ်မည်ကို သိချင်လာသဖြင့် နောက်မှ မယောင်မလည်နှင့် လိုက်သွားလေသည်။ ထိုလူကြီးက ဘုရားပေါ်တက်ပြီး ဘုရားရှေ့ ရှိခိုးဦးချကာ ရှေ့တွင် ကပ်လှူထားသော သောက်တော်ရေခွက်ကို နှုတ်ခမ်းအနီးတွင်ကပ်ပြီး လက်နှစ်ဖက်ဖြင့် ကိုင်ကာ နှုတ်မှ တဖွဖွ ရွတ်နေလေတော့သည်။

ဘာတွေ ရွတ်နေသည်ကိုတော့ စာရေးသူ မကြားရပေ။ (၁၀)မိနစ်ခန့် အကြာတွင် ထိုလူကြီးသည် သောက်တော်ရေခွက်ကို ကိုင်ကာ ရေကန်ဘက်ဆီသို့လာပြီး သော်တော်ရေများကို (၃)ကြိမ်ခန့် ပါးစပ်ထဲသို့ထည့်ကာ အာလုတ်ကျင်းပြီး ထွေးထုတ်လေသည်။ ပြီးမှ သောက်တော်ရေခွက်ကို ရေကန်ပေါ်ရှိ ဖလားနှင့် ရေခပ်ပြီး ဆေးကြောကာ ရေအသစ်ထည့်၍ ဘုရားရှေ့သို့ ပြန်ကပ်လေသည်။

ထိုကဲ့သို့ ထူးခြားသော အပြုအမူကြောင့် သိလိုစိတ်ပြင်းစွာ စာရေးသူသည် ထိုလူကြီးအား စောင့်နေရပေသည်။ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ပြုလုပ်ရသည်ကို မေးမြန်းစူးစမ်းရန်ပင်ဖြစ်သည်။

ထိုလူကြီးမှာကား ဘုရားရှေ့တွင် ထိုင်ကာနှုတ်မှ ဂါထာမန္တန်များ ရွတ်ဖတ်နေသည်မှာ တစ်နာရီပါးပင် ရှိနေပြီ။ စာရေးသူမှာ နောက်နားမှ တဝါးဝါးသမ်းရင်း ခါးကြောဆန့်ခြင်းဖြင့်သာ စောင့်နေရလေသည်။

ထိုလူကြီးသည် ဘုရားဝတ်ပြုပြီး အထွက်တွင် စာရေးသူအား တွေ့သွားရာ သူမှပင် စာရေးသူထံ တန်းတန်းမတ်မတ်လာကာ ပြုံးပြလေသည်။ ထို့နောက် စာရေးသူအား...

'ဘာလဲ သားတော်မောင်က အဘ

www.burmeseclassic.com

အပြုအမူကို စိတ်ဝင်စားလို့ မေးမြန်းချင်နေတာမဟုတ်လား'

စာရေးသူ စိတ်ထဲမှ အကြံအစည်ကို ထိုလူကြီးက ပြောလိုက်သောကြောင့် များစွာအံ့သြသွားပြီး နှုတ်မှလည်း...

'ဟုတ်ပါတယ်အဘ၊ အဘအနေနဲ့ အပန်းမကြီးဘူးဆိုရင် ဘာအတွက် လုပ်တယ်ဆိုတာ ရှင်းပြပေးပါလား'

ဟု ပြောလိုက်ရာ အဘဟုဆိုသော ထိုလူကြီးက...

'ရပါတယ်ကွာ၊ အပန်းမကြီးပါဘူး။ ကဲ...လာ ဟိုအပင်အောက် သွားထိုင်ရအောင်'

ဟု ဆိုကာ ထိုလူကြီးမှပင် ဦးဆောင်က အောက်ဘက်ရှိ ညောင်ပင်ကြီးအောက်သို့ ထွက်သွား၍ စာရေးသူမှာလည်း နောက်မှ လိုက်သွားရတော့သည်။

ညောင်ပင်ကြီးအောက်တွင် နှစ်ဦးသား ထိုင်ပြီးသောအခါ အဘဆိုသူကပင် စတင်၍ သူ့ကိုယ်သူ မိတ်ဆက်ပေးလေတော့သည်။ ထို့နောက် စာရေးသူကလည်း ပြန်လည် မိတ်ဆက်ရလေသည်။

ထို့နောက် အဘဆိုသူက သူ ပြုလုပ်ခဲ့သော အပြုအမူနှင့် ပတ်သက်၍ ရှင်းပြတော့မှ စာရေးသူမှာ ပိုမိုစိတ်ဝင်စားပြီး အဘအား ခွင့်တောင်း၍ မှတ်စုစာအုပ်ကိုထုတ်ကာ ရေးမှတ်လေသည်။

ဤနေရာ၌ စာရေးသူနှင့် အဘမှာ ပြောဆိုနေကြသော စကားများကို ထည့်သွင်းမရေးတော့ပေ၊ စာရှည်မည်စိုးသောကြောင့်ပင်ဖြစ်သည်။ အဘဆိုသူမှာ နာမည်၊ နေရပ် မပြောဘဲ **"လူသူတော် သျှောင်တစောင်း"** ဟု မှတ်ထားပါဟု ပြောပြီး သူ့မှာ



အနယ်နယ်အရပ်ရပ်သို့ ဂန္ဓာရီလှည့်နေသူတစ်ယောက်ပင် ဖြစ်ကြောင်း ပြောပြသည်။

လိုရင်း အနှစ်ချုပ်ကား သူ ပြောပြသောနည်းလမ်းပင် ဖြစ်သည်။ ထိုနည်းကိုရသောအခါ စတင်၍ စာရေးသူမှာ ဆောင်ရွက်ခဲ့ရာ (၃)လအတွင်းမှာပင် ထူးခြားမှုကို စတင် တွေ့ရှိရတော့သည်။

ထိုနည်းကား အခြားတော့ မဟုတ်ပေ၊ အာစက်လျှာစက် ထက်မြက်စေသောနည်းပင်ဖြစ်သည်။ စာရေးသူ ကြုံခဲ့ရသည်က လားရှိုးမြို့စွန်ရှိ အသိအိမ်တစ်အိမ်တွင် ရောက်ရှိစဉ်ဖြစ်သည်။

ထိုအသိမှာ ငယ်သူငယ်ချင်းဖြစ်ပြီး ယခုမှ ပြန်တွေ့ရကာ သူ့အိမ်သို့ အလည်ခေါ်သောကြောင့် လိုက်သွားရာမှ စတင်လေသည်။ ဇာတ်လမ်းမှာ စာရေးသူကား သူတို့နေသော အိမ်နှင့် မနီးမဝေးရှိ အိမ်အသေးလေးထဲတွင် တည်းခိုလေရာ ညလယ်ရောက်မှ အိပ်ပျော်နေစဉ် ခြေထောက်ကို လက်နှင့်ဆွဲချခံရ၍ အိပ်ရာမှ နိုးလေသည်။

စာရေးသူမှာ ခုတင်ပေါ် ထထိုင်ပြီး ကြည့်ရာ ခြေထောက်ဆွဲသူကို မတွေ့ရပေ။ စာရေးသူ၏အသိ အိမ်မှာ ဤအိမ်လေးနှင့် တစ်ခေါ်သာသာလောက်ရှိရာ ဤခြံကြီးထဲ၌ ထိုနှစ်အိမ်မှလွဲပြီး အခြားအိမ်မရှိပေ။

အခြား တစ်ယောက်ယောက်က လာစ,သည်ဟု ပြောရအောင်လည်း ထိုအိမ်မှာ စာရေးသူ တစ်ယောက်တည်းသာရှိသည်။ အိမ်ကြီးမှာလည်း စာရေးသူ၏ အသိတစ်ယောက်တည်းသာရှိသည်။

လာဆွဲပြီး ထွက်သွားရအောင်လည်း အပြင်ဘက်လမ်းလေးမှာ လရောင်ဖြင့် ရှင်းပြောင်နေသည်ကို တွေ့ရသည်။ ထိုအချိန်မှာပင် အပုပ်နံ့ ကြီးရခြင်း၊ ကလေးငိုသံကြားရခြင်း၊ ရယ်မောသံကြားခြင်း၊ အိပ်ခေါင်မိုး ခဲကျသံကြားခြင်း၊ ထိုင်နေသောခုတင် ဆွဲလှုပ်ခြင်းဖြင့် ခြောက်လှန့်ပါတော့သည်။

ထိုအခါ စာရေးသူလည်း စိတ်ပေါက်ပေါက်ဖြင့်...

'ဘယ်ကောင်လဲကွ၊ ငါ့ကိုခြောက် နေတာ... မသေချင်ရင် ဒီက ထွက် သွားတော့ နို့မို့ဆိုရင် ငါ သတ်မိလိမ့်မယ်'

ဟု ပြောလိုက်ရာ ချက်ချင်း ကြား နေကြရသော အသံများ တိတ်ဆိတ် သွားလေတော့သည်။

နံနက်မိုးလင်းမှ စာရေးသူ၏ အသိ က...

'ညက သောင်းကျန်းသေးလား'

ဟု မေးရာ စာရေးသူမှ ဘာမှ မပြောဘဲ နှုတ်ဆိတ်ကာ မန္တလေး သာ ပြန်ခဲ့တော့သည်။ နောက်တစ် ကျော်ကြာမှပင် ထိုအသိထံမှ စာ တစ်စောင်ရောက်လာရာ ဖတ်ကြည့် တော့မှ ဇာတ်ရည်လည်လေတော့သည်။

စာရေးသူ အိပ်ခဲ့သော အိမ်လေး ယခင် ခြံစောင့်များ ထားခဲ့သော လေးဖြစ်သည်။ ထိုအိမ်မှာ နေသော များ မနေနိုင်လောက်အောင် ခြောက် သောကြောင့် နေသည့်သူများ မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ ပြေးရလေတော့သည်။

တချို့ဆိုလျှင် အကောင်အထည်ကို ပါ တွေ့သည်ဟုဆိုသည်။ စာရေးသူ နေခဲ့ပြီးနောက်တော့မှ ဆွေမျိုးမကင်း ထဲက လင်မယားနှစ်ယောက် လာ တည်းစဉ် ဘာမှ မကြုံကြရကြောင်း။ စာရေးသူ ဘယ်လိုလုပ်ခဲ့သည်ကို မသိရကြောင်းနှင့် အဆင်ပြေသည့် တစ်နေ့တွင် သူ့ထံသို့ လာခဲ့ပါရန် ဖိတ်ကြားခြင်းပင် ဖြစ်သည်။

အမှန်ကတော့ အဘ ပေးသွားခဲ့ သော အာစက်လျှာစက် ထက်စေသော နည်းကြောင့်ပင်ဖြစ်သည်။ ထိုမျှမက သေး စီးပွားရေး၊ လူမှုရေးဘက်တွင် လည်း ပြောဆိုရာ၌ ထူးခြားသိသာစွာ အောင်မြင်ခြင်းကို ကြုံရပေသည်။ မိမိပြောသောစကား အောင်မြင် တည်တံ့ခြင်းသည်လည်း တစ်ဝက် တော့ အနိုင်ရခြင်းပင် ဖြစ်သည်။

သတ္တဝါဆိုးများ၊ ပရလောကသား များအပေါ်တွင်လည်း ဩဇာလွှမ်းမိုးနိုင် ပေသည်။ ဩဇာအာဏာ ထက်မြက် သည်ဆိုသော်လည်း မတရားတော့ ပြုမရပေ။ ဂါထာမန္တန်များ ရွတ်ဖတ် သူဖြစ်လျှင်လည်း ဤနည်းကို သုံးပါး က ထူးခြားစွာ သိသာထင်ရှားတတ် သည်။

မည်မျှပင် သန့်စင်နေသော ရေပင် ဖြစ်စေ ရေခွက်နှုတ်ခမ်းက ညစ်ပတ် နေလျှင် ရေကောင်းရေသန့် မဖြစ်တော့ ပေ။ ထို့အတူ အာစက်လျှာစက် မထက်မြက်ပါက ဂါထာမန္တန်များ ရွတ် နေလည်း ထိုက်တန်ကောင်းမွန်သော အကျိုးထူးကို မခံစားရပေ။

ထိုနည်းကို မိမိအိမ်ရှိ ဘုရားစင်မှ သောက်တော်ရေဖြင့်လည်း ဆောင် ရွက်နိုင်သည်။ တန်ခိုးကြီးဘုရားများ ရှေ့တော်တွင် ဆောင်ရွက်နိုင်ပါက ပိုမို



အစွမ်းထက်ပါသည်။ စာရေးသူမှာ နေ့စဉ် အိပ်ရာထ မျက်နှာသစ်ပြီး သွားတိုက်တိုင်း ဆောင်ရွက်ပါသည်။

**ထိုနည်းကတော့ စတင် ဆောင် ရွက်မည်ဆိုပါက…**

ပထမဦးစွာ ဘုရားရှေ့တွင် မိမိ တတ်နိုင်သလောက် လှူဒါန်းပြီး **အာဇီဝဋ္ဌမကသီလ**ကို ခံယူဆောက် တည်ရပါမည်။ ထိုသီလထဲမှ ဝစီကံ (၄)ပါးကို အသက်ထက်ဆုံး ဆောက် တည်ရပါမည်။ ကျန် ကံ(၄)ပါးကို လည်း အတတ်နိုင်ဆုံး ဆောက်တည် လျှင် ပိုကောင်းပါသည်။

အာဇီဝဋ္ဌမကသီလ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၅။ ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၆။ ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၇။ သမ္ဖပ္ပလာပါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၈။ မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

**အနက်**

၁။ **ပါဏာတိပါတာ၊** သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ၊ **ဝေရမဏီ သိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်းဖြစ် သော သိက္ခာပုဒ်တော်ကို၊ **သမာဒိ ယာမိ၊** ကောင်းစွာ ဆောက်တည် ပါ၏။

၂။ **အဒိန္နာဒါနာ၊** သူတစ်ပါး၏ ဥစ္စာ (သူတစ်ပါးက မပေးသောဥစ္စာ)ကို ခိုးယူခြင်းမှ၊ **ဝေရမဏီ သိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာ ပုဒ်တော်ကို၊ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၃။ **ကာမေသုမိစ္ဆာစာရာ၊** ကာမဂုဏ် တို့၌ မှားယွင်းဖောက်ပြန်စွာ ကျင့် ခြင်းမှ၊ **ဝေရမဏီ သိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာ ပုဒ်တော်ကို၊ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၄။ **မုသာဝါဒါ၊** လိမ်လည်လှည့်ပတ် မဟုတ်မမှန် ပြောဆိုခြင်းမှ၊ **ဝေရ မဏီသိက္ခာပဒံ၊** ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်တော် ကို၊ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၅။ **ပိသုဏာဝါစာ၊** ချောပစ်ကုန်းတိုက် သော စကားကို ပြောဆိုခြင်းမှ၊ **ဝေရမဏီသိက္ခာပဒံ၊** ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်တော် ကို၊ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၆။ **ဖရုသဝါစာ၊** ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ၊ **ဝေရမဏီ သိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို၊ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၇။ **သမ္ဖပ္ပလာပါ၊** သိမ်ဖျင်းသော စကား



www.burmeseclassic.com

www.burmeseclassic.com

ကို ပြောဆိုခြင်းမှ။ **ဝေရမဏီ သိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

၈။ **မိစ္ဆာဇီဝါ၊** မှားယွင်းသော(မတရားသော) အသက်မွေးခြင်းမှ။ **ဝေရမဏီသိက္ခာပဒံ၊** ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ **သမာဒိယာမိ၊** ကောင်းစွာ ဆောက်တည်ပါ၏။

***(ဤအာဇီဝဋ္ဌမကသီလ၏ ပါဠိနှင့် အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်(မွေ့ာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ထည့်သွင်းရေးသားပေးပါသည်။)***

သောက်တော်ရေမှမဟုတ် မိမိဘာသာ မျက်နှာသစ်ရေဖြင့်လည်း မန်းမှုတ်ပြီး အာလုတ်ကျင်းရပါမည်။ စတိသဘော အနည်းငယ်မျှကို သောက်မျိုရသည်။ ထိုနည်းအတိုင်း ဆောင်ရွက်ပါက တစ်လခန့်အကြာမှာပင် ထူးခြားသိသာလာမည်ကို တွေ့ရပါမည်။ ရွတ်ဖတ်ရမည့် ဂါထာကတော့...

ဥုံ ဗုဒ္ဓ စက္ကာ နဘာဝေန မမ မုခေ အာဏာ စက္ကံ တိဋ္ဌတု။

ဓမ္မ စက္ကာ နဘာဝေန မမ မုခေ အာဏာ စက္ကံ တိဋ္ဌတု။

သံဃ စက္ကာ နဘာဝေန မမံ မုခေ အာဏာ စက္ကံ တိဋ္ဌတု။

ဗြဟ္မ စက္ကာ နဘာဝေန မမ မုခေ အာဏာ စက္ကံ တိဋ္ဌတု။

ဒေဝ စက္ကာ နဘာဝေန မမ မုခေ အာဏာ စက္ကံ တိဋ္ဌတု။

**အနက်**

**ဥုံ၊** အန္တရာယ်ကင်းစေသတည်း။

**ဗုဒ္ဓစက္ကာနုဘာဝေန၊** ဘုရားစက်၏ အာနုဘော်တော်ကြောင့်။ **မမ၊** ငါ၏။ **မုခေ၊** ခံတွင်း၌။ **အာဏာစက္ကံ၊** အာဏာစက်သည်။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

**ဓမ္မစက္ကာနုဘာဝေန၊** တရားစက်၏ အာနုဘော်တော်ကြောင့်။ **မမ၊** ငါ၏။ **မုခေ၊** ခံတွင်း၌။ **အာဏာစက္ကံ၊** အာဏာစက်သည်။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

**သံဃစက္ကာနုဘာဝေန၊** သံဃာစက်၏ အာနုဘော်တော်ကြောင့်။ **မမ၊** ငါ၏။ **မုခေ၊** ခံတွင်း၌။ **အာဏာစက္ကံ၊** အာဏာစက်သည်။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

**ဗြဟ္မာစက္ကာနုဘာဝေန၊** ဗြဟ္မာစက်၏ အာနုဘော်တော်ကြောင့်။ **မမ၊** ငါ၏။ **မုခေ၊** ခံတွင်း၌။ **အာဏာစက္ကံ၊** အာဏာစက်သည်။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

**ဒေဝစက္ကာနုဘာဝေန၊** နတ်စက်၏ အာနုဘော်တော်ကြောင့်။ **မမ၊** ငါ၏။ **မုခေ၊** ခံတွင်း၌။ **အာဏာစက္ကံ၊** အာဏာစက်သည်။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

***(ဤဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့် (မွေ့ာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)***

ထိုဂါထာကို (၇)ခေါက် မန်းမှုတ်ပြီး အာလုတ်ကျင်းခြင်း၊ မျိုခြင်းကို ဆောင်ရွက်ပါ။ လူမှုရေး၊ စီးပွားရေးများတွင် ထူးခြားသိသာလာပေမည် ဖြစ်ကြောင်း ရေးသားဖြန့်ဝေလိုက်ရပါသည်။

**အောင်မင်းကျော်**
***(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)***

**စာရှုသူ၊ သုတေသီနှင့် စာရေးသူ ဆောင်းပါးရှင်များသို့ ...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါး များမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေ ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ် သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များ တွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း သို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံ အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါး ပေါင်းချုပ်များတွင် ထည့်သွင်းမှုကို သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ် လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*
**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ပါရမီမဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့**



www.burmeseclassic.com

www.burmeseclassic.com



# သားလေးယောက်နှင့်

## သမီးတစ်ယောက် ဆက်တိုက် မမွေးကောင်းပါ

ချို (အမရပူရ)





၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ်(၃၂၀)၊ စာမျက်နှာ(၂၆၄)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမေးအဖြေရောင်ခြည်တွင် နတ်မောက်လှမြင့်သစ်၏ **"အလောင်းထမ်း မမွေးကောင်းဘူးလား"** စာမူလေးကို ဖတ်ရပါသည်။

စာရေးသူမှ ဗဟုသုတဖြစ်စေရန် သိသူများက ဖော်ပြပေးပါရန် မေတ္တာရပ်ခံထားသည်ကိုလည်း တွေ့ရပါသည်။

ကျွန်မ ကြုံတွေ့ဖူးသော လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်လေးကို ဗဟုသုတ အသိတိုးစေရန် တင်ပြရေးသားလိုက်ပါသည်။

ကျွန်မနှင့် အိမ်နီးချင်း မိတ်ဆွေ လင်မယားနှစ်ယောက်တွင် သားလေးယောက် ဆက်တိုက်မွေးထားပါသည်။ ထိုသားလေးယောက်မွေးပြီး နောက်ထပ် သားသမီးမယူရန် ဆွေမျိုးများက ပြောကြပါသည်။

ရှေးလူကြီးများ၏ ပြောစကားအရ သားလေးယောက် ဆက်တိုက်မွေးပြီး သမီးတစ်ယောက် ထပ်မွေးခဲ့ပါက ဖခင်သေဆုံးတတ်သည်။ သားလေးယောက်တို့သည် ဖခင်၏ အလောင်းစင်ကို ထမ်း၍ ရှေ့မှသွားပြီး သမီးသည် အလောင်းစင်နောက်မှ ပဝါသုတ်ပိုက၊ သုသာန်ထဲသို့ လိုက်ပို့ရတတ်သည်ဟု ယုံကြည်ကြပါသည်။

ဆွေမျိုးများက ထပ်မံ သားသမီး မယူရန်ပြောပြီး မကြာမီ အိမ်နီးချင်း အမျိုးသမီးတွင် ကိုယ်ဝန်ရှိလာပါသည်။ ရှေးလူကြီးများ၏ ပြောစကားကို သိနေသော မိတ်ဆွေလင်မယားသည် ကြောက်လန့်၍ ကိုယ်ဝန်ရှိကတည်းကပင် သမ္ဗုဒ္ဓေဂါထာတော်၊ ဂုဏ်တော်ကိုးပါး၊ မေတ္တာသုတ်၊ ရတနသုတ်များ နေ့စဉ် ရွတ်ဖတ်ခြင်း၊ ဥပုသ်သီလ စောင့်ခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့ကို မွေးဖွားချိန်အထိ ပြုလုပ်ကြပါသည်။

ကိုယ်ဝန်လစေ့၍ မွေးဖွားချိန်တွင် ကံကောင်းစွာဖြင့် သားလေးမွေးပြီး သားငါးယောက် ဖြစ်သွားကာ ခင်ပွန်းသည်လည်း သေဘေးမှ လွတ်ခဲ့ပါသည်။

ထိုမိတ်ဆွေလင်မယား ကြောက်လန့်ခဲ့သည့် ရှေးလူကြီးများ ပြောခဲ့သော "အလောင်းစင်ထမ်း မမွေးကောင်းပါ" အဖြစ်အပျက်သည် ကျွန်မ၏သူငယ်ချင်း မထွေး၏ မိသားစုတွင် အမှန်တကယ်ပင် ကြုံတွေ့ခဲ့ရပါသည်။

မထွေးတွင် ကိုကြီး၊ ကိုလတ်၊ ကိုလေး၊ ကိုငယ် ဟူသည့် အစ်ကို(၄) ယောက်ရှိပြီး မိခင်ကြီးနှင့်အတူ နေထိုင်ကြပါသည်။

မထွေးကို မမွေးမီအချိန်က ဖခင်နှင့် မိခင်တို့သည် သားလေးယောက်မွေးပြီး မိသားစု ပျော်ရွှင်စွာ နေထိုင်ခဲ့ကြပါသည်။ မိခင်ကြီးသည် ကိုယ်ဝန်ထပ်မံရှိလာပြီး မထွေးကို မွေးလာခြင်း ဖြစ်ပါသည်။

မထွေးကိုမွေးပြီး ငယ်စဉ်ကလေး ဘဝကတည်းကပင် ဖခင်ကြီး ကွယ်လွန်သွားခဲ့ပါသည်။ ဆွေမျိုးများက သားလေးယောက်မွေးပြီး သမီးတစ်ယောက် ဆက်တိုက် မွေးသောကြောင့် ဖခင်ကြီး ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်ဟု ပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လွှတောင်ရွာလေးသည် ရန်ကုန်–ဘိုကလေး မြစ်ကမ်းပေါ်၌ တည်ရှိသည်။ ရွာသားအများစုမှာ ပန်းစိုက်ခြင်းဖြင့် အသက်မွေးကြသည်။ ပန်းပေါ်သည့် နတ်တော်၊ ပြာသို ရောက်ပြီဆိုလျှင် ရောင်စုံပန်းအလှများအား ပန်းပင်လယ်ကြီးသဖွယ် မြင်တွေ့ရသည်။

ထိုအချိန်၌ ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာလည်း ရောင်စုံပန်းအလှများ ဝေဝေဆာဆာ နေရာယူနေကြသည်။ ကျောင်းသို့ ရောက်ရှိလာသူအပေါင်းကိုလည်း သင်းပျံ့ကြိုင်မွှေးရနံ့လေးများက ဆီးကြိုနှုတ်ဆက်သဖြင့် ကြည်သာရွှင်ပြုး နှလုံးစိတ်ဝမ်းအေးချမ်းကြရပေသည်။

ဆရာတော် ဦးဣန္ဒောဘာသ၏ နှစ်လိုဖွယ်အပြုံးကလည်း ချမ်းမြကြည်သာ ရှိစေပြန်ပါသည်။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းကြောင့်လားမသိ ဆရာတော်၏ မျက်နှာလေးသည် အစဉ် ချိုပြုံးနေသည်။ ဆရာတော်၏ ပဓာနအလုပ်မှာ ပရိတ်ရွတ်ခြင်းနှင့် မေတ္တာဘာဝနာ ပွားခြင်းပင် ဖြစ်သည်။

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း(၁၀) ရက်နေ့ ညဦးယံတွင် ဘုန်းတော်ကြီးကျောင်းသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ခန်းနေ ဦးပဥ္ဇင်း ဦးကြီးမြင့်ခေါ် ဦးကုမာရနှင့် ဦးကျော်လှိုင်ခေါ် ဦးခေမိန္ဒတို့ နှစ်ပါးသည်လည်း ရွာထဲရှိ အိမ်တစ်အိမ်သို့ လူမမာမေး သွားနေသည်။ ကျောင်းသားကလေးများကလည်း ဗီဒီယိုကြည့် သွားကြသည်။

တစ်ကျောင်းလုံး ဆရာတော် တစ်ပါးတည်းသာ ရှိသည်။ သို့ကြောင့်လည်း ငြိမ်သက်ရခြင်းဖြစ်သည်။ ဤကဲ့သို့ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဆရာတော် အလိုရှိဆုံးဖြစ်သည်။ ယင်းအခွင့်အရေးကို လက်လွှတ်မခံ၊

နဂ္ဂတ္တာရောင်ခြည်မဂ္ဂဇင်း (၂၅)နှစ်ပြည့် အမှတ်တရ အထူးထုတ်

# မြတ်စွာဘုရားမြတ်ချုပ်ကင်းချွဲ လမင်းသာ

ဘဘချွံ (မှာ...)



◆ သရဲခြောက်သံကြားခဲ့သော ဓါတ်ကျုမ်ပိမြိုင်

◆ ဘုန်းတော်ကြီးကျောင်းမှ လှမ်းမြင်ရသော ဓါတ်ကျုမ်ပိမြိုင်၏ နောက်ခံနှင့် ကွဲခွာ



ကမ်းနားဆင်းသည့် နတ်လမ်းတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် ပရိတ်တော်အား ကြည်ညိုနေမိသည်။

တိမ်စင်ကင်းသော်လည်း လမင်းမသာသဖြင့် ကောင်းကင်ပြင်အား စိန်ကြယ်ပွင့်ကလေးများက အလှဆင်ခွင့်ရနေပေသည်။

စိန်ရောင်လျှမ်းသော အလှ... လွမ်းမောဖွယ်ရာ ညချမ်းဟု ဆိုလျှင် လွန်အံ့မထင်။ ထိုစဉ် နှင်းလမ်းနံဘေး



www.burmeseclassic.com

www.burmeseclassic.com



▲ သရဲအော်သံကြားခဲ့သော ဆရာတော် ဦးကုဏ္ဍမ္မာဘာသ [ လှေတော်ကျောင်း၊ ဘိုကလေးမြို့နယ် ]



▲ ဤ ရွှက်ဖျင်တဲ(ယာယီမူလွန်ကျောင်း) အတွင်းမှ သရဲအော်သံကြားခဲ့သည်



▼ ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် စက်လှေအရာ လှမ်း လိုက်လံပြသွား ကူညီခဲ့သည့် ဦးအေးမိုင်

ရွက်ဖျင်တဲ (ယာယီ မူလွန်ကျောင်း) အတွင်းမှ...

'ဟူး...ဟူး...ဟူး...ဟူး...'

ဟူသည့် ကြောက်မက်ဖွယ် အသံနက်ကြီးက ညဉ့်ဦးယံအလုကို အကျည်းတန်စေတော့သည်။ ဆရာတော်ကား ကြောက်ရွံ့ခြင်းကင်း၍ တုန်လှုပ်ခြင်း အလျှင်းမရှိပေ။ ရွက်ဖျင်တဲအတွင်းသို့ လက်နှိပ်မီးဖြင့် ထိုးကြည့်သည်။ ဘာမှ မတွေ့။

ထိုစဉ် ရွက်ဖျင်တဲ အပြင်ဘက် မြေပြင်ရှိ သစ်ရွက်သစ်ခက်များအား နင်း၍သွားသည့် ခြေသံများ ကြားရသဖြင့် အပြေးအလွှား သွားကြည့်ပြန်သည်။ မည်သည့်အကောင်မျှ မမြင်။ ကြီးမားသည့် အကောင်တစ်ကောင် နင်းသွားသကဲ့သို့ မြေပြင်ရှိ သစ်ရွက်သစ်ခက်များ လှုပ်ရှားနေသည်ကို ဆရာတော် တွေ့ရသည်။

ထိုအချိန်တွင်...

'ကျောင်းသားတွေ... ဟေ့... ကျောင်းသားတွေ'

ဟု ဒကာမကြီး ဒေါ်ကျင်မြိုင်၏ အမောတကောခေါ်သံအား ဆရာတော် ကြားလိုက်သည်။

'ဒကာမကြီး ကျောင်းသားတွေ မရှိဘူး။ အချိန်မတော်ကြီး ဘာလုပ် မလို့လဲ'

ဟု ဆရာတော်က ဖြေရင်း မေးလိုက်သည်။

အနီးရောက်၍ ကြည့်လိုက်ရာ ဒေါ်ကျင်မြိုင်၏ မြေးနှစ်ယောက်လည်း ပါလာသည်ကို တွေ့ရသည်။ ဒေါ်ကျင်မြိုင်ရော ကလေးနှစ်ယောက်ပါ မောနေကြသည်။ အပြေးအလွှား လာခဲ့ကြဟန်တူပါသည်။

'ခုနက အသံနက်ကြီး ကြားလိုက်လို့ ဘုရား။ တပည့်တော်မ အသက်(၆၀)ကျော်လာပြီ၊ ဒီလိုအသံမျိုး တစ်ခါမှ မကြားဖူးဘူး ဘုရား။ အဲဒါ ကျောင်းမှာ ဘာများဖြစ်သလဲလို့ ပြေးလာတာပါ ဘုရား'

ဟု ဒေါ်ကျင်မြိုင်က လျှောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကလေးမြို့နယ် လှတောင်ကျေးရွာဘုန်းကြီးကျောင်းအား မြင်ကွင်းမှ တွေ့မြင်ရစဉ်

ဝဲမှယာ ဦးသေမိန္ဒ ဦးအေးနိုင်နှင့် ဦးကျမာရတို့မှ
ဆောင်းပါးဖြစ်မြောက်ရေးအတွက် လှိုက်လှိုက်လှဲလှဲ ကူညီခဲ့ကြသည်



ဆရာတော်က သူ ကြုံတွေ့ခဲ့ရပုံအား ပြန်လည် ပြောပြသည်။ မကြာမီ ဦးပဥ္စင်းနှစ်ပါးနှင့် ကျောင်းသားများသည်လည်း ရောက်လာကြသည်။

'ဆရာတော်က ရောက်တာမကြာသေးလို့ ဒီနေရာအကြောင်းမသိတာ။ တပည့်တော်မက ဒီနေရာမှာမွေး ဒီနေရာမှာ ကြီးပြင်းခဲ့သူဆိုတော့ ဒီနေရာအကြောင်း ကောင်းကောင်းသိတယ် ဘုရား။

ဒီနေရာမှာ ခြောက်လှန့်ခံရတဲ့လူတွေ မနည်းတော့ဘူး။ ဆရာတော့်ပရိတ်နဲ့ကျမှ ဒီသရဲ ထွက်ပြေးရတော့တယ် ထင်ပါရဲ့'

ဟု ဒေါ်ကျင်မြိုင်မှ ဆရာတော်အား လျှောက်ထားပြီး မြေးနှစ်ယောက်နှင့်အတူ ပြန်သွားလေသည်။

ဒေါ်ကျင်မြိုင် ပြောသလို ဖြစ်နိုင်ခြေရှိပါသည်။ ထို့နေ့မှစ၍ ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်မျှ ခြောက်လှန့်ခြင်း မခံရတော့ပေ။

ယခုတော့ လှတောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မြူတိမ်ကင်း၍ လမင်းသာချေပြီ။

**ရှင်လန်းချမ်းမြေ့နိုင်ပါစေ။**

ဘဘမှူး (ဖျာပုံ)

စာမျက်နှာ (၂၂၉)မှ အဆက်

ထိုသို့ မွေးသဖြင့် အစ်ကိုလေးယောက်တို့သည် ဖခင်ကြီး၏ အလောင်းစင်ကို ထမ်း၍ သမီးငယ် မထွေးက နောက်မှ ငိုပြီး လိုက်ကာ သုသာန်သို့ လိုက်ပို့ခဲ့ရခြင်း ဖြစ်သည်ဟု ယုံကြည်ခဲ့ကြပါသည်။

မိခင်သည် ပထမဆုံးမွေးသော သားဦးမှစ၍ သားလေးယောက်ကို ဆက်တိုက်မွေးပြီး ပဥ္စမမြောက်မွေးမည့် ကလေးမှာ သမီးမိန်းကလေး ဖြစ်ပါက ရှေးလူကြီးများပြောသော "အလောင်းစင်ထမ်း မမွေးရပါ" စကားနှင့် အဖြစ်အပျက်ကို ကြုံတွေ့နိုင်ပါသည်။

ပထမဆုံး သားတစ်ယောက်မွေးပြီး ဒုတိယ သမီးမွေးကာ နောက် သားသုံးယောက် ထပ်မွေးလာခြင်းနှင့် မဆိုင်ပါ။ ထိုသို့ မွေးပါကလည်း သမီးမိန်းကလေး သေဆုံးတတ်သည်မှာလည်း မဟုတ်ပါ။

သားလေးယောက်နှင့် သမီးတစ်ယောက် ဆက်တိုက်မွေးဖွားမှသာ အိမ်ထောင်ဦးစီးဖြစ်သော ဖခင် သေဆုံးတတ်သည်ဟု ဆိုကြပါသည်။

ထိုသို့ မွေးလာပါက ဖခင်သည် အမှန်တကယ် သေဆုံးတတ်ပါ၍ မယုံမကြည်လည်း မဖြစ်သင့်ပါ။ မိခင်သည် အလောင်းထမ်း မမွေးကောင်းပါ။ မိခင်သည် သားလေးယောက် ဆက်တိုက်မွေးပြီး ကိုယ်ဝန်ထပ်မံရှိလာပါက ရတနာသုံးပါး၊ အနန္တငါးပါးကို ခင်ပွန်းသည်နှင့်အတူ မွေးဖွားလာသည့် အချိန်အထိ ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ရန် မေတ္တာဖြင့် ရေးသားလိုက်ပါသည်။

**အမှန်တကယ်ရှိခဲ့သော ဇာတ်လမ်းဖြစ်ပါသည်။**

ချို(အမရပူရ)



www.burmeseclassic.com

www.burmeseclassic.com





# မြေကြောရှုံ့၍ ဘုရားဖူးသွားခြင်း

မြစ်ရိုးဆန်း

အောင်လှသန်း (မင်းဘူး)

စနေ့,တနင်္ဂနွေနှင့် ဂေဇက်ဝင်ရုံး ပိတ်ရက်တစ်ရက်ပါ ဆက်တိုက် ရုံးသုံး ရက်ပိတ်သော ရုံးပိတ်ရက်များတွင် ကျွန်တော် စိတ်လက်ပေါ့ပါးစွာဖြင့် တိတ်ဆိတ်အေးချမ်းလှသော မြို့နှင့် (၃)မိုင်ကွာ **ကန်ရှေ့ရွာ ရှစ်မျက်နှာ ဘုရားတွင်** အာနာပါနသသတိ ကမ္မဋ္ဌာန်းကို ရှုမှတ်သောကျင့်စဉ် ဝင် နေပါသည်။

ရေပူရေချမ်းအစရှိသော အာဟာရ အတွက် ရွာမှ ဓမ္မမိတ်ဆွေများက ပံ့ပိုး ကူညီကြပါသည်။ ကျေးဇူးတင်ရ ပေမည်။

အာနာပါနသသတိ ကမ္မဋ္ဌာန်း အား ထုတ်ရာ၌ ပထမ နှာသီးဝ ဝင်လေ ထွက်လေကို (၁ မှ ၅)ထိ တစ်ဝါရ တစ်ကြိမ်၊ (၁ မှ ၆)ထိနှစ်ဝါရ၊ (၁ မှ ၇)ထိ သုံးဝါရ၊ (၁ မှ ၈)ထိ လေးဝါရ၊ (၁ မှ ၉) ထိ ငါးဝါရ၊ (၁ မှ ၁၀)ထိ ခြောက်ဝါရ အထိ သင်္ချာနှင့်မကင်း ရေတွက်သော ဂဏနာနည်းဖြင့် နှာသီးဝတိုးသော ဝင်လေထွက်လေကို မှတ်၏။

ဂဏနာနည်းဖြင့် ဝင်လေထွက်လေ ကို သတိကပ်၍ မှတ်သောအခါ မှတ် အား စူးစိုက်အားကောင်းလာသည်ကို သတိပြုမိပါသည်။ နည်းပေးသော ဆရာတော်အား ကျေးဇူးကြီး၍ ကန်တော့ရပါသေးသည်။

ဝင်လေထွက်လေကို စိုက်စိုက်စူးစူး အားထုတ်တတ်လာ၍ ဓမ္မ၏ဆောင်ပို့ ရာ နိမိတ်တစ်ခုကို ရတန်ကောင်းပါ ၏ဟု ယုံကြည်မိပါသည်။

အာနာပါနသသတိကမ္မဋ္ဌာန်း ကျင့်စဉ် တစ်နေ့တာ ပြီးဆုံးသည့်အချိန်တွင် ဘုရား၏ အနောက်ဘက်ရှိ ဘုန်းတော် ကြီးကျောင်းတွင် ရေနွေးကြမ်း သောက်နေစဉ် **ကျောင်းတော်ရာ**





www.burmeseclassic.com

www.burmeseclassic.com

**ဒိုင်နယ်ကုန်း ဘုရားကျောင်းမှ ဦးပဥ္စင်းလေး ဦးဝိမလကို** တွေ့ရ၍ ကန်တော့လိုက်ပါသည်။ ဦးပဥ္စင်းလေး ဦးဝိမလမှ…

'ဒကာကြီး ဒီတစ်ခါတော့ ကျုပ်တို့ ဆရာတော် ဘဇာ(ဘွဲ့တော်အပြည့်အစုံကို မမိန့်ပါ) ရုပ်ပြောင်းနာမ်ခွာ ကျင့်စဉ် ဝင်တာကို ကျုပ်တို့က စောင့်ပေးရတဲ့ အတွက် ဆရာတော်က တစ်ဖန် တစ်ပြန် ကျုပ်တို့ကို ဘုရားဖူးလိုက်ပို့တဲ့ အကြောင်း ပြောပြမယ်ဗျာ'

ထိုအခါ ကျွန်တော်က…

'ဟာ ဦးပဥ္စင်းလေးနှယ် ကားတွေက ဍပါမှ ပေါပါသနဲ့ ကားနဲ့ကြွရင် ဖူးရတာပေါ့။ အထူးပြောစရာရှိလို့လား'

ဟု လျှောက်လျှင်…

'မဟုတ်ဘူး ဒကာကြီး… ခုဟာက ကားနဲ့သွားတာထက် မြန်နေတာ။ ဒကာကြီး တွက်ကြည့်ဗျာ။ ဆရာတော် သီတင်းသုံးတဲ့ ကုန်းဘုရားကျောင်းက နေ သုံးမိုင်ခန့်ဝေးတဲ့ ကျောင်းတော်ရာ ဘုရားကို ပထမဖူးတယ်ဗျာ။

ကျောင်းတော်ရာဘုရားမှာ အရုဏ် ဆွမ်းဘုဉ်းတယ်ဗျာ။ ကျောင်းတော်ရာ ဘုရားဖူးပြီး ရှင်ပင်ကူနီဘုရားဖူးတယ် ဗျာ။ ရှင်ပင်ကူနီဘုရားဖူးပြီးတော့ ရွှေစက်တော်ဘုရားကို ဖူးတယ်ဗျာ။

ရှင်ပင်ကူနီနဲ့ ရွှေစက်တော်ဘုရားကို ရှေးရှေးက အဘိုးအို၊ အမယ်အိုတွေ ထမင်းထုပ်ပလုံးကို ထမ်းပြီး တစ်နေ့ ခရီး သွားရတာ လမ်းမှာ ရေဘူးကွဲရင် ရေငတ်သေပါလေရော'

ထိုအခါ ကျွန်တော်မှ ဦးပဥ္စင်းလေး အား…

'ကဲ ဒီလိုဆို အရှင်ဘုရားတို့ ဘယ် လိုသွားတာလဲ ဘုရား၊ ဘာနဲ့ သွားတာ လဲ ဘုရား၊ ဘယ်အချိန် ရွှေစက်တော် ဘုရားကို ရောက်တာလဲ ဘုရား'



ဟု မေးလျှင် ဦးပဥ္စင်းလေးဦးဝိမလ မှ…

'ကျုပ်တို့ ဘုရားဖူးအဖွဲ့မှာ ရဟန်းက သုံးပါး၊ ရှင်က နှစ်ပါး၊ သီလရှင်က နှစ်ပါး၊ လူဝတ်ကြောင်နှစ်ယောက် အားလုံး ကိုးဦးပါတယ်။

ရှင်ပင်ကူနီဘုရားက ထွက်တော့ ဆရာတော်ဘဇာက ထိပ်ဆုံးကပေါ့ ဗျာ။ တစ်ပါးသင်္ကန်းစကို တစ်ပါးက မြဲမြဲကိုင်ရတယ်ဗျာ၊ ဘဇာသင်္ကန်းစကို ဦးပဥ္စင်းကြီးတစ်ပါးက မြဲအောင် ကိုင် ထားရတယ်။

ကျုပ်က ဦးပဥ္စင်းကြီးသင်္ကန်းစကို ဆွဲရတယ်။ ကျုပ်သင်္ကန်းစကို ကိုရင် သီဟ၊ ကိုရင်သီဟသင်္ကန်းစကို ကိုရင် ဖိုးစီ၊ ကိုရင်ဖိုးစီသင်္ကန်းစကို သီလရှင် ဒေါ်ပညော အဲဒီပုံစံအတိုင်းပေါ့ဗျာ။

ဘုရားဖူးကိုးယောက်အဖွဲ့ဟာ ရှေ့ နောက် အစဉ်တန်းပြီးတော့ လမ်းသွား ရတယ်ဗျ။ တစ်ခုထူးတာက ဆရာ တော်ဘဇာက ပါဠိလေးငါးလုံးပါတဲ့ ပါဠိစာကို ကျုပ်တို့အားလုံးကို ရွတ်ခိုင်း လို့ ရွတ်ကြရတယ်။

ရှင်ပင်ကူနီဘုရားကို ဖူးပြီး နှစ်ဖာလုံ လောက် တောလမ်းကို ရောက်တော့ အားလုံး သတိမေ့သွားတယ်ဗျ။ အထက်စက်တော်ရာ ဘုရားကြီးကို မြင်ရတော့မှ ဘုရားဖူးအဖွဲ့ အားလုံး သတိပြန်လည်လာကြတယ်။ နာရီ ကလဲ ကိုးနာရီထိုးနေပြီ။

ဒီလိုနဲ့ ရွှေစက်တော်ဘုရားဖူးပြီး အသွားတုန်းက ရှေ့နောက်တန်းစီပုံစံ အတိုင်း တစ်ပါးသင်္ကန်းစ တစ်ပါး ကိုင်ပြီး ပြန်ခဲ့ကြတာပေါ့ဗျာ။ ကျောင်း က ဘုရားစေတီတော်ကို မြင်မှ အကုန် လုံး သတိပြန်လည်ကြရော။ ကျောင်း ပြန်ရောက်ချိန်က နေ့ဆွမ်းစားချိန် ကောင်းကောင်းမီတယ်ဗျ။

ကျောင်းရောက်တော့ ကိုရင်သီဟ တို့ရွတ်ရတဲ့ ပါဠိစာလေး ငါးလုံးကို ရွတ်ပြစမ်းလို့ မေးတော့ တပည့်တော် မေ့သွားပြီ ဘုရားတဲ့ဗျ။ နောက် သီလရှင် ဒေါ်ပညောကို မေးတော့လဲ သူလဲ မေ့နေပြီဘုရားတဲ့။

အဲဒီအချိန်မှာ ကျောင်းလာ တရား ထိုင်နေတဲ့ အသက်(၇၀)ကျော် ဘကြီး ဦးရွှေဖောင်က ကြားတော့ **"အရှင် ဘုရားတို့ ဆိတ်ဆိတ်သာနေကြ၊ အရှင်ဘုရားတို့ ဆရာတော် ဈာန် တရားကို အားထုတ်ပြီး ဝသီဘော် နိုင်စွမ်းလို့သာ အရှင်ဘုရားတို့ကို မြေကြောရှုံ့ပြီး ဘုရားဖူးပို့တာဖြစ် မယ်**"လို့ပြောတယ် ဒကာကြီးရ'

ဟု မိန့်ပါလေသည်။

ကျွန်တော်လည်း ဦးပဥ္စင်းလေး၏ ပြောစကားများကို နားထောင်ရင်း အထွန့်မတက်ဝံ့ကြောင်းပါ ဘုရားဟု လျှောက်ထား လိုက်ရပေတော့သည်။

**[လွန်ခဲ့သော (၂၀)နှစ်ကျော်ကာလ က ကန်ရှေ့ရွာဘုန်းတော်ကြီးကျောင်း၌ သမထကျင့်စဉ်နှင့် ပတ်သက်၍ ဆွေးနွေးရသော စကားဝိုင်းမှ အတွေ့ အကြုံများကို ဤစာစုဖြင့် မှတ်တမ်း ပြုပါသည်။]**

**အောင်လှသန်း (မင်းဘူး)**





www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန်စခန်းမှ

# ဂါထာပါဠိတော်နှင့် ပုတီးနိမိတ်များ

မဟာစက်ရှင်
(လှိုင်လင်)

ကျွန်ုပ် လျှောက်လှမ်းခဲ့ရသော၊ လျှောက်လှမ်းနေဆဲဖြစ်သော ဂန္ဓာရီလမ်း အဓိဋ္ဌာန်စခန်းနှင့် ဆက်စပ်၍ တွေ့ကြုံခဲ့ရသော ယခု တင်ပြမည့် ဖြစ်ရပ်ဆန်းတချို့တို့မှာ လွန်ခဲ့သည့်လ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပြီးသော ဖြစ်ရပ်မှန်တို့နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာဆဲဖြစ်သော အကြောင်းအရာများသာ ဖြစ်ပါသည်။


အဓိက ဇာတ်မြစ် အကြောင်းရင်းမှာ ကျွန်ုပ် စီမံထားလေသော ပုတီးစိပ်ဂါထာနှင့် ကျွန်ုပ်၏လက်စွဲတော် ပုတီးပဲ ဖြစ်ပါတော့၏။ ဂါထာတော် စီမံထားပုံ၊ ပုတီးစီမံထားပုံ အကြောင်းများကိုလည်း ဆက်၍ရေးသားပါဦးမည်။

ယခုတွင်မူ မပြီးသေးဆုံးသော ပုတီးနိမိတ်ပြပုံနှင့် ဂါထာတော်တန်ခိုးတော်ကြောင့် ဆန်းကြယ်သော အတွေ့အကြုံတို့ကို လက်ဦးတင်ပြပါမည်။

မတင်ပြမီ စာရှုသူတို့အား ပြောလိုပါသည်။(ကျွန်ုပ်၏ အဓိဋ္ဌာန်စခန်းမှ ဖြစ်ရပ်မှန်အချို့ကို တင်ပြရာတွင် (ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်) အဖြစ်မျိုးလည်း ပါမှန်းမသိ ပါနိုင်ပါသည်။

ထိုသဘောမျိုး လုံးဝမဟုတ်ပါ။ ကျွန်ုပ်ကိုယ်တိုင် သူတော်ကောင်းတစ်ယောက် မဟုတ်သေးပါ။ သူတော်စင်အဆင့်ကား ဝေးပါသေး၏။ သူတော်ကောင်းဖြစ်အောင် ယခုမှ ကြိုးစားနေဆဲ သာမန်လူသားတစ်ယောက်သာ ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် ပုတီးနိမိတ်မှ ဆင့်ပွားသော ရှင်ဥပဂုတ္တစမပုံတော်ထဲသို့ ဗျည်း(၃၃)လုံးစမတို့ကို အဓိဋ္ဌာန်ပြု ထည့်သောက်ရင်း ပုတီးအဓိဋ္ဌာန်ကို မှန်တစ်လှည့်၊ ပျက်တစ်လှည့်နှင့် ကြိုးစားရင်း နေလာခဲ့ရာ တစ်ညတွင် ကျွန်ုပ်သည် ဤသို့ ဆန်းကြယ်သော အိပ်မက်ကို မက်၏။



ပုံ-က

အိပ်မက်မှာ မြသပိတ်ပိုက် ဘုရားရှင်တစ်ဆူ ကျွန်ုပ်၏အိမ်သို့ ကြွရောက်လာသည်။ ကျွန်ုပ်တို့လည်း ဝမ်းသာအားရ အလှူဒါနပြုလုပ်သည်ဟု အိပ်မက်မက်၏။ နံနက်ရောက်သော် အိပ်မက်အဓိပ္ပာယ်ကို စဉ်းစားကြည့်ပါသည်။ အဓိပ္ပာယ်ကား ဖော်၍မရ။

ထို့ကြောင့် အဓိဋ္ဌာန်ပုတီးကို ပြီးသွားအောင် စိပ်ပွား၍ ဘုရားကိုဝတ်ပြု၊ ပုတီးကိုချလိုက်ရာ ယောဂီအစင်းပေါ်မှ ပုတီးပုံရိပ်ကား ပုံတွင်ပြထားသည့်အတိုင်း ဖြစ်ပေါ်၍နေပါသည်။ (ပုံ-က) မြင့်မြတ်သည့် ပုဂ္ဂိုလ်တစ်ဦး သပိတ်ကို ပိုက်လျက်ထိုင်နေသည့် ပုံတော်ပါ။

ကျွန်ုပ်သည် အိပ်မက်ကို ဖျတ်ခနဲ သတိရမိလိုက်ပါသည်။ အိပ်မက် အတိတ်နှင့် ပုတီးနိမိတ်သည် တစ်ထပ်တည်းပင်ဖြစ်နေ၏။ ထို့ကြောင့် ဤပုံရိပ်တော်သည် ရဟန္တာသံဃာတော် မဟုတ်တန်ရာ။ ဘုရားရှင်တစ်ဆူ၏ ပုံရိပ်တော်သာ ဖြစ်ပေလိမ့်မည်။

ယခင် အရှင်ဥပဂုတ္တပုတီးပုံရိပ်တော်ကို အကြောင်းပြုကာ အရှင်ဥပဂုတ္တစမတော်နှင့်တွဲ၍ ဗျည်း(၃၃)လုံးစမတို့ကို အဓိဋ္ဌာန်ဝင်နေသော ကျွန်ုပ်အား ယခုအခါ ဗုဒ္ဓရုပ်ပံစမတော် သောက်ရန် တွန်းအားပေးနေလေပြီလား မသိ။

ထို့ကြောင့် ပုတီးနိမိတ်တော်မှ စမပုံတော်သို့ ကျွန်ုပ်သည် ဤသို့ ပြောင်းလဲလိုက်ပါတော့သည်။(ပုံ-ခ)

သို့သော် ယခင် အရှင်ဥပဂုတ္တစမတော်ထဲသို့ က-အစ ဗျည်း(၃၃)လုံးကို ထည့်သောက်သော ကျွန်ုပ်သည် ယခုစမတော်ထဲသို့ကား ဗျည်း(၃၃)လုံးကို မထည့်ဖြစ်တော့ပါ။ အခြားစမတို့ကိုသာ ထည့်ဖြစ်သွားပါသည်။ အကြောင်းကားရှိ၏။ မဖြစ်မနေ တင်ပြသင့်သော အကြောင်းဖြစ်ပါသည်။

လောက၌ ထူးခြားသော ပုဂ္ဂိုလ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မည့်သူများသည် များသောအားဖြင့် မမွေးဖွားမီသော် လည်းကောင်း၊ မွေးဖွားစဉ်သော်လည်းကောင်း၊ မွေးဖွားပြီး လျှင်သော်လည်းကောင်း ထူးသော အတိတ်နိမိတ် (သို့မဟုတ်) ထူးခြားသော ပုဂ္ဂိုလ်နှင့် ဒေဝတာဆိုင်ရာ အစောင့်အရှောက်များ စောင့်ရှောက်၍ မွေးဖွားလာရမြဲဖြစ်ကြောင်း ကျွန်ုပ်သည် မှတ်သားမိခဲ့ရပါသည်။


ကျွန်ုပ်ကိုယ်တိုင်ပင် အလွန်အားကျမိသော ဖြစ်ရပ်များပေ။ ထူးခြားမည့် ပုဂ္ဂိုလ်များကဲ့သို့ နိမိတ်ထူး အလွန်ပါချင်မိ၏။ ထူးချင်သည့်အကြောင်းနှင့် ပတ်သက်၍ မှတ်မိသေးပါသည်။

ကျွန်ုပ် ပုတီးစ,စိပ်တတ်သည့် အချိန်များလောက်က ဖြစ်ပါမည်။ ကျွန်ုပ်၏မိခင်ကြီး ပြောနေကျဖြစ်သော အကြောင်းလေးရှိခဲ့၏။ အကြောင်းမှာ ကျွန်ုပ်တို့ သားချင်းများထဲမှ တစ်ယောက်ကို ရည်ညွှန်း၍...

'သူ့ကို မွေးမယ့်အချိန်တုန်းက ငါ့ခေါင်းရင်းမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ဦး ထိုင်စောင့်နေတာ မွေးပြီးတဲ့အချိန်အထိပဲ။ သူမွေးတာကို စောင့်ရှောက်တာနေမှာပေါ့'

ဟူ၍ဖြစ်၏။ ကျွန်ုပ်လည်း အားကျမိသည့်အလျောက် ကျွန်ုပ်ကို မမွေးမီကလည်း အတိတ်နိမိတ်များ ရှိကောင်းရှိနိုင်မည်ဟု တွေး၍ ကျွန်ုပ်လည်း မိခင်ကြီးကို ကျွန်ုပ် မမွေးခင် ဘာအတိတ်နိမိတ်များ ပေါ်ခဲ့သေးလဲဟု မေးဖြစ်အောင်မေးကြည့်တော့ အားရစရာကောင်းပေစွ။ အဖြေကား ဤသို့တည်း...

'နင့်မမွေးခင်ကလား ငါအိပ်မက် မက်သေးတယ်။ ဟိုခေတ်က ကုလားစစ်သားတစ်ယောက် ငါ့ဆီလာတယ်။ အရက်လဲ မူးသေး လူကယိုင်တီယိုင်တိုင်နဲ့ လက်ထဲမှာလဲ ဓားကကိုင်ထားသေးတယ်။ ငါ့ရှေ့လဲ ရောက်ရော ငါ့ကို မျက်လုံးပြူးနဲ့ကြည့်ပြီး ငါ့ရှေ့မှာရှိတဲ့ စားပွဲခုံပေါ်ကို သူ့လက်ထဲက ဓားနဲ့ စိုက်ချလိုက်တာ။ ငါ လန့်တောင်သွားတယ်။ အဲဒီ အိပ်မက်ရပြီး နင့်ကိုယ်ဝန်ရှိတာပဲ'




ပုံ-ခ

သေပါလေရော။ ထူးများ ထူးမလား မေးကြည့်မိပါသည်။

သူတော်စင်ပုဂ္ဂိုလ် မဟုတ်ဘဲ အမူးသမားကုလားစစ်သားနှင့်မှ တည့်တည့်လာတိုးနေပါလေရော။ မကျေနပ်၍...

'ဟုတ်ကော ဟုတ်လို့လား အမေရ'

ဟု ထပ်စောဒကတက်မိတော့ ရသည့်အဖြေက ပိုဆိုး...

'ဘာလို့ မဟုတ်ရမှာလဲ၊ မူးနေတဲ့ စစ်သား ဓားစိုက်ပြီး ဗိုက်ထဲဝင်စားလာတာ နင်ပဲဟဲ့ မမှားဘူး'

ကျွန်ုပ်မှာ အလွန်စိတ်ဓာတ်ကျမိ၏။ စိတ်လည်းမချမ်းသာ။ ကျွန်ုပ် ဝါသနာထုံသော ပုတီးအလုပ်နှင့် ကျွန်ုပ်၏ မွေးနိမိတ်ကား ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေ၏။ စိတ်ထဲ ဤသို့ ဖြစ်မိ၏။

'ငါ ဒီလမ်းလိုက်လို့ အကျိုးရှိနိုင်ပါဦးမလား'

သို့သော် ဝါသနာကိုကား ချိုးနှိမ်၍ မရ။ စိတ်ဓာတ်ကျသည့်ကြားထဲ ပုတီးကတော့ စိပ်ဖြစ်နေခဲ့ပါသည်။ အတန်ကြာအောင် အစာမကြေဖြစ်ခဲ့သော ကျွန်ုပ်၏ မွေးနိမိတ်အကြောင်းသည် ကျွန်ုပ်၏ ဂါထာဟိတ်ကြောင့် ပုတီးနိမိတ်ပြသော ရှင်ဥပဂုတ္တရဟန္တာ ပုံရိပ်စမကို အဓိဋ္ဌာန် ဝင်ပြီးမှသာ ထူးဆန်းနေကြောင်း သိခဲ့ရပါသည်။

တစ်နေ့ အဓိဋ္ဌာန်ကာလတွင်ဖြစ်၏။ ကျွန်ုပ်အား တစ်စုံတစ်ရာက တိုက်တွန်းနေသလိုဖြစ်ပြီး ယခင် ကျွန်ုပ်၏ မိခင်ကြီး ပြောပြသော ကျွန်ုပ်၏ မွေးနိမိတ်အကြောင်းလေးအား ရေးချချင်သည့်စိတ်က တားမနိုင် ဆီးမရ ဖြစ်လာကာ ယင်းစာကြောင်းလေးကို ရေးချလိုက်မိ၏။ (စစ်သား ဓားစိုက်ပြီး ဗိုက်ထဲဝင်စား)ဆိုသည့် စာကြောင်းလေးအား ကျွန်ုပ် ရေးချလိုက်မိသည်မှာ...

စစ် သား
ဓား စိုက်
ဗိုက် ထဲ
ဝင် စား

ဟူ၍ပင်ဖြစ်၏။

စာရှုသူတို့ မမြင်သေးလျှင် ကျွန်ုပ်၏ မွေးနိမိတ် လျှို့ဝှက်ချက်ကို ဖော်ပြပါမည်။

စစ်သားမှ စ,ကိုယူ
ဓားစိုက်မှ ဓ,ကိုယူ
ဗိုက်ထဲမှ ဗ,ကိုယူ
ဝင်စားမှ ဝ,ကိုယူ

စ.ဓ.ဗ.ဝ စမကို တွေ့ရပါမည်။

ဘုရားစမဖြစ်သော စ.ဓ.ဗ.ဝ စမတော်သည် ကျွန်ုပ်ဘဝ၏ ဝှက်ဖဲသာ ဖြစ်ရတော့မည်။ စ.ဓ.ဗ.ဝစမနှင့်ယှဉ်၍ လူ့လောကထဲ ရောက်ခဲ့ရသော ကျွန်ုပ်သည် စ.ဓ.ဗ.ဝနှင့် လူ့လောကမှ ထွက်မြောက်နိုင်မည်လား ကျွန်ုပ်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် လောလောဆယ်တွင်မူ ကျွန်ုပ်၏ ပုတီးနိမိတ်ဖြစ်သော မြသပိတ်ပိုက် ဗုဒ္ဓရုပ်ပုံထဲကိုကား ဖျည်း (၃၃)လုံးအစား စ.ဓ.ဗ.ဝ စမတော်တို့ကို သာ ထည့်သွင်းအဓိဋ္ဌာန်ဝင်နေမိပါသည်။

ဤကာလတွင် ထူးဆန်းသည်ဟု ထင်ရသော အိပ်မက်တစ်ခုမက်ပါသည်။ အိပ်မက်ကား ဤသို့ဖြစ်ပါသည်။


ဝတ်ဖြူစင်ကြယ်နှင့် ဘိုးဘိုးအောင် သည် လေပေါ်တွင်ရပ်နေ၏။ ကျွန်ုပ် လည်း ဘိုးဘိုးအောင်၏ ရှေ့ဘက် လေပေါ်တွင် ရပ်လျက်နေ၏။ ဘိုးဘိုး အောင်သည် စကားတစ်ခွန်းမျှ မပြောဘဲ ကျွန်ုပ်၏ လက်ဖဝါးကို သူ၏ လက်ဖဝါးနှင့် ရိုက်ချလိုက်၏။

အိပ်မက်မှာ ဤမျှလောက်သာ ဖြစ် သော်လည်း ဆန်းသည်ဟုတော့ ထင်ရ ပါသည်။ ထူးမထူးတော့ ကျွန်ုပ်မသိပါ။

ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရသည်မှာ တချို့ သော သူများကဲ့သို့ သက်သောင့်သက် သာ မရှိလှပါ။ မွန်းကျပ်နေသော ဘဝထဲမှ အတိုက်အခံ မပြေလည်မှု ပေါင်းစုံ စားဝတ်နေရေး ကျပ်တည်းမှု များကြားမှ အပြေးအလွှား အဓိဋ္ဌာန် ရက်တိုလေးများကို ကြံဖန်ယူရင်း ကျင့်စဉ်ကို ဗလိဗောဓ များစွာထဲမှ တည်ငြိမ်အောင် မနည်းကြိုးစားတည် ဆောက်နေရသော အိမ်တွင်း ဂန္ဓာရီ အဓိဋ္ဌာန်များသာ ဖြစ်သည်။

အဓိဋ္ဌာန်ရက်တိုလေး (အလွန်ဆုံး (၇)ရက်မျှသာ)တစ်ကြိမ် ပြီးသွားမှသာ သက်ပြင်း ချနိုင်လောက်ရသည့်အထိ ဘဝကား ကြမ်းတမ်းလှပါသည်။ ရှင်ဥပဂုတ္တနိမိတ်မရမီ အချိန်တွင်ကား ဆိုဖွယ်မရှိတော့။

ဤသို့ရက်တို အဓိဋ္ဌာန်လေးကို ကြိုး စားဝင်ရင်း တစ်ညတွင် အိပ်မက်တစ်ခု အပ်၍မက်ပြန်ပါသည်။ ကျွန်ုပ်သည်



ပုံ-၈

တောလေးတစ်ခုထဲသို့ ရောက်နေ၏။ တောကား သာယာလှပါသည်။ ထူးသည်မှာ တောလမ်းလေးများတွင် သိဒ္ဓိရှင် ဘိုးတော်များ ပျားပန်းခပ်မျှ သွားလာနေကြသည်။ သာမန်လူဆို၍ ကျွန်ုပ်တစ်ယောက်တည်းသာ ရှိ၏။ ကျွန်ုပ်လည်း ဘိုးတော်များကိုကြည့် ရင်း...

'ငါ အိပ်မက်က နိုးသွားရင် ဒီဘိုး တော်တွေကို မှတ်မိတော့မှာ မဟုတ် ဘူး။ ငါမှတ်မိအောင် ကြည့်ထားမှပဲ'

ဟု စိတ်က ကြံ၍ အနီးမှ ဖြတ်သွား သော ဘိုးတော်တစ်ယောက်၏ဘေးမှ ယှဉ်လျှောက်၍ ခါးကိုကိုင်းကာ ဘိုးတော်၏ မျက်နှာကို မော့ကြည့်ရင်း လိုက်သွားမိ၏။

ဘိုးတော်ကား အရပ်မြင့်မြင့်နှင့် ဥပမိရုပ်ကား အတော်ကောင်းလှ၏။ ကျွန်ုပ်ကို ခဏမျှ စောင်းငဲ့ကြည့်လိုက် ပြီး ရှေ့ဆက်လျှောက်သွားနေ၏။

ကျွန်ုပ်လည်း ဆက်လိုက်သွားစဉ် ရှေ့တူရူမှ လျှောက်လာသော လွယ် အိတ်လွယ်ထားသည့် ဘိုးတော်တစ် ယောက်ကိုမြင်ရာ တွေ့ဖူးသည်ထင်၍ ဂရုစိုက်ကြည့်လိုက်တော့ **ဘိုးတော် ဦးအောင်ချမ်းသာ** ဖြစ်နေ၏။

သို့နှင့် ဆက်သွားရာ ဖြတ်လျှောက် သွားသော ဘိုးတော်တစ်ယောက်က ကျွန်ုပ်ကိုကြည့်၍ တစ်နေရာဆီသို့ လက်ညိုးညွှန်ပြရာ ကြည့်လိုက်တော့ တဲလေးတစ်လုံးကို တွေ့လိုက်ရ၏။

ကျွန်ုပ်လည်း ဘိုးတော်ညွှန်ပြလိုက် သည့် တဲလေးဆီသို့သွား၍ တဲထဲဝင် သွားကြည့်ရာ ရှမ်းတိုင်းရင်းသား ဘိုးတော်တို့ကို တွေ့လိုက်ရပါသည်။ ယင်းအထဲတွင် ကျွန်ုပ်ထံသို့ မကြာ ခဏကြွလာသော **ဘိုးတော်ရွှေလှ**ကို တွေ့လိုက်ပြီးသည့်နောက် ကျွန်ုပ် လည်း နိုးလာ၏။

ဆန်းတော့ဆန်းသည်။ ဘိုးတော် ရွှေလှ အပါအဝင် အခြားရှမ်းဝိဇ္ဇာကြီး များ ကျွန်ုပ်အား စောင့်ရှောက်ခဲ့ကြ သည်ကို အိပ်မက်မဟုတ်သော အကြောင်းတချို့တို့က သက်သေအဖြစ် လည်း ရှိကြပါ၏။

ကျွန်ုပ်အား ရှမ်းဝိဇ္ဇာကြီးများ ကြည့်ရှုကြသည်ဆိုသော်လည်း ကျွန်ုပ် ကား ရှမ်းတိုင်းရင်းသားတော့ မဟုတ် ပါ။ ဖခင်မှာ ဓနုတိုင်းရင်းသား၊ မိခင်မှာ အင်းသားတိုင်းရင်းသူတို့မှ ဆင်းသက် လာသော အင်းဓနုမျိုးနွယ်သာ ဖြစ်ပါ သည်။

မည်သို့သော် အကြောင်းမကာင်း သည့်ကိစ္စကြောင့် ရှမ်းဘိုးတော်တို့ ကျွန်ုပ်ထံ ရောက်လာကြသနည်း။ သိချင်လှပါသည်။

တစ်ရက်တွင် ကျွန်ုပ်သိလိုသည့် အကြောင်းအား အနည်းငယ်မျှ သိခွင့် ရသော အိပ်မက်တစ်ခုကို ကျွန်ုပ် မြင်မက်လိုက်ရသည်။ ရွာတစ်ရွာဟု ထင်ရ၏။ ဘေးမှ ဝင်းခြံတို့ကို ဝါး၊ သစ်ကိုင်းတို့ဖြင့် ကာရံထား၏။ အိမ် ကား သိပ်မရှိလှ။

ကျွန်ုပ်လည်း ရွာလယ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်သွားနေဆဲ ကျွန်ုပ်၏ ဘယ်ဘက်အပေါ်မှ လေဟုန်စီး၍ ကျွန်ုပ်အား ကျော်ဖြတ်ကာ ပျံသွားသော ဘိုးတော်တစ်ဦးအား တွေ့လိုက်ရ၍ ကြည့်လိုက်ရာ **"အဘိုးသံ"** ဖြစ်နေပါသည်။ **(တောင်သုံးလုံး သာသနာပြု အဘိုးသံမှာ ထိုစဉ်က မရှိတော့ပါ။ ထွက်ရပ်လမ်းသို့ ကြွသွားပြီး ဖြစ်ပါသည်။)**

ကျွန်ုပ်လည်း လမ်းအတိုင်း ဆက်လျှောက်သွားရာ ကျွန်ုပ်၏ ဘ[illegible] ဝင်းခြံထဲတွင် မြေစိုက်တဲအိ[illegible] တစ်လုံးကို တွေ့ရ၍ ဝင်သွားကြည့်မိပါသည်။

တဲထဲတွင်မူ လက်ကိုင်ပါ ကုလားထိုင်တစ်လုံးပေါ်တွင် ဆရာတော်တစ်ပါး သီတင်းသုံးနေ၏။ မြန်မာလူမျိုး သံဃာတော်တစ်ပါးဖြစ်မည် ထင်ရ၏။


ကျွန်ုပ်လည်း ဆရာတော်အား ထိုင်၍ ဝပ်ချကန်တော့၍ ဆရာတော်အား မော့ဖူးကြည့်ရာ ဆရာတော်မှ စကားတစ်ခွန်းသာ မိန့်ဆို၏။

'အေး... ရွှေလူကို တို့များက လွှတ်လိုက်ကြတာ'

ဒီလောက်ပါပဲ။ ဆရာတော်ကား မဟိဒ္ဓိရှင်ဆရာတော်ဖြစ်နေ၏။ နိုးလာပြီးမှ ကျွန်ုပ်သည် ဆရာတော်၏ နာမည်ကိုပင် မမေးလိုက်ရမိသည်ကို နောင်တရမဆုံးတော့။

ဆိုရလျှင် ရှမ်းဝိဇ္ဇာတို့ကို မဟိဒ္ဓိဆရာတော်တို့က ကျွန်ုပ်ထံသို့ စေလွှတ်ထားကြခြင်းဖြစ်လျှင် ကျွန်ုပ်ကား ဘယ်လိုလူစားပါလဲ။ ဒါလည်း ကျွန်ုပ် မသိပါ။ ကျွန်ုပ် မသိသေးသော ကိစ္စများကား အလွန်များပြားလှပါ၏။

ကျွန်ုပ်၏ အဓိဋ္ဌာန်စခန်းလေးမှ တွေ့ကြုံခဲ့ရသော ပုတီးနိမိတ်တော်



ပုံ-ဃ

ဖြစ်သည့် ရှင်ဥပဂုတ္တရဟန္တာ၊ မြသပိတ်ပိုက် ဗုဒ္ဓဘုရားရှင် ပုံရိပ်တော်တို့ကား ကျွန်ုပ်၏ အဓိဋ္ဌာန်တက်လမ်းအတွက် ပံ့ပိုးသော စမတက်လမ်း ဖြစ်မည်ထင်၏။ ပညာတက်စဉ်လည်း တစ်စိတ်တစ်ဒေသ ဖြစ်နိုင်ပါသည်။

ကျွန်ုပ်လောလောဆယ် ကြုံတွေ့နေရသော ဘဝအခက်အခဲတို့ကိုကား ဖြုန်းခနဲ အဆင်ပြေလောက်အောင် ထူးခြားစွာ မကြုံရသေးပါ။ သို့သော် မဆုံးသေးသော ဂါထာဟိတ်နှင့်တကွ မပြီးသေးသော ပုတီးမြတ်နိမိတ်တစ်ခုကြောင့်လား ကျွန်ုပ်၏ မွန်းကျပ်နေသောဘဝ သက်သာခွင့် ရသွားခဲ့သည့် ဖြစ်ရပ်ဆန်းလေးကိုကား တင်ပြရန် ဆန္ဒရှိပါသေးသည်။

ဤဖြစ်ရပ်ကို တင်ပြရလျှင် ကျွန်ုပ်၏ ဘဝဖြစ်ရပ် အနည်းငယ်ကို ဦးစွာ သိထားမှသာ ပြည့်စုံပါမည်။ ကျွန်ုပ်သည် ကျောင်းမှထွက်၍ အပြင်လောကတွင် စက်ပြင်သည့် လုပ်ငန်းကလေး လုပ်ရင်း...

'ဘယ်တော့မှ အိမ်ထောင်မပြု။ အသက်ကြီးလာလျှင် ဘုန်းကြီးဝတ်ပြီး သက်န်းနှင့် အရိုးထုတ်မည်'

ဟု ကြွေးကြော်ခဲ့သော ကျွန်ုပ်သည် မကင်းသော အကြောင်းကြောင့် အိမ်ထောင်သည်ဘဝသို့ ရောက်ရှိခဲ့ရပါသည်။

အိမ်ထောင်ကျသော်လည်း ဇနီးသည်၏ ကျန်းမာရေး အခြေအနေနှင့် အကြောင်းကြောင်းတို့ကြောင့် သာ[illegible] သမီး မယူဖြစ်ခဲ့ပါ။

သားသမီးမရတာကမှ ပိုကော[illegible] သေးပါသည်ဟု ထင်ခဲ့ကြသော ကျွ[illegible] တို့၏ ဘဝရင်ဆိုင်မှုကား ဆိုးလှ[illegible] ကျန်းမာရေး မကောင်းသည့် အ[illegible] အနေနှင့် စားဝတ်နေရေး အဆင်မ[illegible] လှသဖြင့် နေ့စဉ် စိတ်ပန်းလူနွမ်း[illegible] သည့်ရက်ကလည်း မနည်းလှ။

ကျန်းမာရေးနှင့် အကြောင်းကြော[illegible] တို့ကြောင့် ကျွန်ုပ်သည် စက်ပြင်သ[illegible] အလုပ်ကို နားလိုက်ရချိန်တွင် [illegible] သည်မှ တတ်သမျှ မှတ်သမျှ အ[illegible] အကြိုက် အရင်းပြု၍ အသုပ်၊ ခေါ[illegible] ဆွဲဆိုင်ငယ်လေးတစ်ဆိုင်ကို ဖွင့်[illegible] လိုက်ကြပါသည်။

အလုပ်ကား မဖြစ်ပါ။ တစ်နေ့[illegible] နေမှ အသုပ်ကလေး တစ်ပွဲ၊ နှ[illegible] ရောင်းရဖို့ကို စိတ်ဒုက္ခကြီးစွာ[illegible] စောင့်ခဲ့ရသည့် ဒုက္ခကလည်း မ[illegible] လှ။

ရောင်းမကုန်သည့် အသ[illegible] ခေါက်ဆွဲတို့ကို ထမင်းအစား ဝ[illegible] ဖြေရှင်းလိုက်ရသည့် ရက်ကလ[illegible] မနည်းလှပေ။ သို့သော် ကျွန်ုပ်[illegible] နှစ်ဦး၏ သဒ္ဓါစိတ်ကြောင့် ဆို[illegible] အလှူခံ ကြွရောက်ရန် ပင့်ထား[illegible] သံဃာကား အရေအတွက်မန[illegible] တစ်ခါတစ်ခါ တစ်ဆိုင်လုံး သံ[illegible] တော် သင်္ကန်းအရောင်တော်တ[illegible] ဝင်းထိန်နေသည့် ရက်ကလ[illegible] မနည်း။

ကြွလာသမျှ သံဃာတို့ကို ရော[illegible] ရမည့် ပစ္စည်းများ ကုန်ချင်ကုန် အ[illegible] လှူလိုက်ကြ၏။ **"ယခုဘဝ ဆင်[illegible] တာ မလှူခဲ့လို့ ငါတို့လှူတာ[illegible] လို့"** ဟူသည့် အတွေး[illegible] ကျွန်[illegible] ဇနီးမောင်နှံ၏ ရင်[illegible]မှာကိုယ်စီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖနီးသည် ဆိုင်စောင့်သည့်အချိန်များတွင် ကျွန်ုပ်သည် အအားနေမည့်အစား အမိဋ္ဌာန်တစ်ခုကို ဝင်ရန် စိတ်ကူးမိလိုက်ပြီး ဤသို့သော အမိဋ္ဌာန်ကို ဝင်ဖြစ်လိုက်ပါသည်။

ကျွန်ုပ်၏ ဂါထာထဲသို့ ဗျည်း(၃၃)လုံးကို ထည့်သွင်း၍ ခါတ်ကြီးလေးပါးတင် စီပ်ပွားရသည့် **"ဓာတ်လေးပါးစမ"** အမိဋ္ဌာန်ဖြစ်ပါသည်။

(က)စမတစ်လုံးကို ပထဝီဓာတ်နှင့်တွဲ၍ ပုတီးတစ်ပတ် စိပ်ရ၏။ အာပေါဓာတ်နှင့်တွဲ၍ ယင်း(က)စမကိုပင် ပုတီးတစ်ပတ်၊

ဝါယောဓာတ်နှင့်တွဲ၍ ပုတီးတစ်ပတ်၊ တေဇောဓာတ်နှင့် ပုတီးတစ်ပတ်ပေါင်း ပုတီးလေးပတ် ဓာတ်လေးပါးစုံမှ (က)စမအတွက် ပုတီးပြီး၏။

ဤသို့ဖြင့် ဗျည်း(၃၃)လုံး စမတို့ကို ဓာတ်လေးပါးတင်၍ အမိဋ္ဌာန်ဝင်ဖြစ်၏။ တစ်နေ့ကို ပုတီးလေးပတ် ဓာတ်လေးပါး စမတစ်လုံးနှုန်းဖြင့်သာ ပေါ့ပေါ့ပါးပါး အမိဋ္ဌာန်ဝင် ဖြစ်သွားသည်။

အမိဋ္ဌာန်ဝင်တိုင်းလည်း သတ္တဝါတို့၏ အသွေးအသားကို ရှောင်ကြဉ်မြဲဖြစ်ပါသည်။ ဤဓာတ်လေးပါးစမ အမိဋ္ဌာန်၏ (၆)ရက်မြောက်နေ့ (စ) မကို ပထဝီဓာတ်တင် စိပ်ပွားနေစဉ်အချိန် ထူးခြားသောဖြစ်ရပ်ကို စတင်ကြုံရ၏။ ကြားဖြတ် ကျွန်ုပ်တို့၏ ဘုရားစင် ပြုလုပ်ထားပုံနှင့် ဖော်ပြမှ သင့်ပါမည်။

အမြင့်(၄)ပေ၊ အလျား(၆)ပေကျော် ရှိုးကေ့စ်ပေါ်တွင် ယင်းနှင့် အလျားတူ အနည်းငယ်ကျဉ်းသော မှန်ကဲလားနှင့် ဘုရားကျောင်းဆောင်ကြီး တင်ထား၍ ဆင်းတုတော်ပေါင်း (၁၅)ဆူတို့ကို အစီအရီ ကိန်းဝပ် သီတင်းသုံးစေပါသည်။

ဘုရားကျောင်းဆောင်နှင့် ရှိုးကေ့စ်၏ ဘေးတစ်ဖက်တစ်ချက်တွင် မှန်ကျောင်းဆောင်အသေး [အလျား (၂)ပေ၊ အမြင့် (၃)ပေ] မှန်ကျောင်းဆောင်လေးနှစ်လုံးစီကို ဆင့်ထားပါသည်။ ညာဘက် ကျောင်းဆောင်အပေါ်တစ်ဆင့်တွင် ရှင်သီဝလိကျောင်းဆောင်၊ အောက်အဆင့်ကျောင်းဆောင်တွင် မိဘကျောင်းဆောင်။

ဘုရားဆောင်၏ ဘယ်ဘက် အပေါ်ဘက် ကျောင်းဆောင်ငယ်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်၊ အောက်ဘက် ကျောင်းဆောင်ငယ်တွင် ဝိဇ္ဇာကျောင်းဆောင်ဟူ၍ ထားရှိပါသည်။

အောက်ဘက်ရှိုးကေ့စ်နှင့် ဘုရားဆောင်တင်ထားရာ ရှိုးကေ့စ်၏အပေါ် အခင်းမှာ (၈)လက်မကျော် အလျားလိုက် လွတ်နေသောကြောင့် ယင်းနေရာတွင် ဆွမ်း၊ ရေချမ်း ကပ်သည့်နေရာအဖြစ် ထားလိုက်ပါသည်။ ဘုရားမီးပူဇော်ရန် နေရာလည်း ထားလိုက်ပြီး ကျွန်ုပ် အမိဋ္ဌာန်ဝင်သည့်အခါတိုင်း ထိုနေရာတွင် ဖယောင်းတိုင် ထွန်းညှိပူဇော်လေ့ ရှိပါသည်။

နေ့ဘက် အမိဋ္ဌာန်ဝင်ပါကလည်း ဖယောင်းတိုင်၊ အလင်းတိုင် ပူဇော်လေ့ရှိသည်။ ယင်းပထဝီဓာတ် (စ)စမ စိပ်ပွားနေစဉ် အချိန်တွင်လည်း ကျွန်ုပ်သည် (၈)လက်မအရွယ် ဖယောင်းတိုင်အလတ်ကို ပူဇော်ထားပါသည်။

ထိုကဲ့သို့ အမိဋ္ဌာန်ဝင်နေဆဲအချိန် ရှိုးကေ့စ်အောက်ခြေမှ ခရုလေးတစ်ကောင်သည် ရှိုးကေ့စ်မှန်ပေါ်မှ တရွေ့ရွေ့နှင့် အပေါ်ဘက်သို့ တက်နေ၏။

မျဉ်းဖြောင့် အထက်ဆွဲကြည့်လိုက်လျှင် ကျွန်ုပ် ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်နှင့် တစ်တန်းတည်းဖြစ်နေသည်။ ခရုလေးအပေါ်ဘက်ကို ရောက်လျှင် ဘေးဘက်ကို သွားလိုက်မှာပါဟု စိတ်ကတွေး၍ ပုတီးကိုသာ ဆက်စိပ်နေမိပါသည်။

တရွေ့ရွေ့ တက်နေသော ခရုလေးမှာ ရှိုးကေ့စ်အပေါ် ရောက်သွားသော်လည်း ဘေးဘက်ကို ကွေ့မသွားဘဲ အထက်ကိုသာ ဆက်၍ တက်သွားရာ ဖယောင်းတိုင် အောက်ခြေထိအောင်ပင် ရောက်သွားပါ၏။

ကျွန်ုပ်လည်း ပုတီးကို မှတ်၍ ခဏနားပြီး ကြည့်နေဆဲ ခရုကလေးသည် ဖယောင်းတိုင် တစ်ဝက်နီးပါးကို ရောက်နေပါပြီ။ ခရုလေးဆက်တက်လျှင် ဖယောင်းတိုင်မီးညွန့်နှင့် တွေ့တော့မှာ သေချာနေသဖြင့် ကျွန်ုပ်လည်း ဘုရားရှင်ကို တောင်းပန်၍ ဖယောင်းတိုင်မီးညွန့်ကို လက်ဖြင့် ငြှိမ်းလိုက်ရပါတော့သည်။

ခရုလေးသည်ကား မရပ်သေး။ တရွေ့ရွေ့နှင့် ဖယောင်းတိုင် မီးစာလေးအထိ တက်သွားပြီး မီးမရှိတော့သည့် မီးစာပေါ်တွင် ရပ်နားနေပါသည်။ ထူးခြားသော ဖြစ်စဉ်ကြောင့် ကျွန်ုပ်လည်း ဖယောင်းတိုင်နှင့် ခရုလေး၏ ပုံကို ကူးဆွဲ၍ မှတ်တမ်းတင်ထားလိုက်သည်။ **(ပုံ-ဂ)**

ဖယောင်းတိုင်မီးစာသည် အပူဓာတ် မီးဓာတ်၏ နေရာဖြစ်သော်လည်း ယခုမူ ဖယောင်းတိုင်မီးစာနေရာ၌ မီးညွန့်အစား အအေးဓာတ် ခရုငယ်တစ်ကောင်ရောက်နေ၏။ ထို့ကြောင့် ကျွန်ုပ်သည် တွေ့ရသည့် နိမိတ်ကို ကြည့်၍ ဤသို့ ကောက်ချက်ချမိ၏။ **"အဆင်မပြေ ပူလောင်နေရသူငါတို့ ဘဝ ဒီရက်ပိုင်းအတွင်း အေးချမ်းရ**



www.burmeseclassic.com

www.burmeseclassic.com

**တော့မယ်''**

ကျွန်ုပ် ကောက်လိုက်သော နိမိတ်ကား တိကျစွာ မှန်နေ၏။ နောက်တစ်ရက်တွင် ဖြစ်ပါ၏။ ကျွန်ုပ်တို့ ဖနီးမောင်နှံနှစ်ယောက် ပေါင်း၍မှ ငွေ(၃၀၀၀)ကျပ်ပင် မပြည့်နိုင်သော ကျွန်ုပ်တို့မှာ ငွေသိန်းနှင့်ချီ၍ ရလိုက်သောကြောင့်တည်း။

ပံ့ပိုးပေးခဲ့လေသော ပုဂ္ဂိုလ်၏ ကျေးဇူးကား ကြီးမားလှပေစွ။ လုပ်ငန်းသေးလေးတစ်ခု လုပ်ကိုင်နိုင်သော ငွေအတိုင်းအတာမှို ကျွန်ုပ်တို့ နှစ်ယောက်မှာ ပျော်လိုက်သည့် ဖြစ်ခြင်းပင်။

ဖြစ်ရပ်လေးမှာ ဤမှာတင် ရပ်သွားပါကလည်း ကျွန်ုပ် စာတစ်တန် ပေတစ်တန် ရေးနေစရာ အကြောင်းမရှိတော့။ ယခုတွင်မူ ပို၍ ဆန်းကြယ်သော နိမိတ်တစ်ခုကို ကျွန်ုပ်၏ ပုတီးမြတ်မှ ချပြလိုက်သောကြောင့် ဆက်၍ ရေးသားတင်ပြပါဦးမည်။

ကျွန်ုပ်တို့မှာ ရရှိလိုက်သည့်ငွေဖြင့် လုပ်ငန်းအသေးလေးတစ်ခုကို ထူထောင်လိုက်၏။ ဘဝကလည်း အနည်းငယ် တည်ငြိမ်စပြုလာ၏။ အဓိဋ္ဌာန်ကိုလည်း နောက်ဆံမတင်းဘဲ လုပ်နိုင်လာပါတော့သည်။

ကျွန်ုပ်လည်း အကျိုးပေးသန်ခဲ့သည့် ဤ(ဓာတ်လေးပါးစမအဓိဋ္ဌာန်)ကိုပင် တစ်ကျော့ထပ်ဝင်ရန် စိတ်ပိုင်းဖြတ်ထားသည့်အတိုင်း အဓိဋ္ဌာန်ကို ဆက်ဝင်ဖြစ်ပါသည်။ တိုတိုပြောရလျှင် အဓိဋ္ဌာန်ရက် (၁၀)ရက်လောက်တွင် ကျွန်ုပ်သည် လုပ်ရိုးလုပ်စဉ်အတိုင်း ပုတီးကို ယောဂီအခင်းပေါ် ချလိုက်ရာ ဤသို့သော ထူးဆန်းသည့် ဖြစ်တောင့်ဖြစ်ခဲ ပုံသဏ္ဌာန်သည် ပေါ်လာလေ၏။

ခရုတစ်ကောင်၏ ပုံရိပ်ပင်တည်း။

**(ပုံ-ဃ)** လူလုပ်၍ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်သည့် ဖြစ်ရပ်ပါ။ တိုက်ဆိုင်မှုဟု မည်ကဲ့သို့မျှ မပြောနိုင်သည့် ဖြစ်ရပ်ပါ။ ဆန်းကြယ်လှပါ၏။

ယခင်က ကျွန်ုပ်သည် ပုတီး၏ အကြောင်းကိုသိ၍ ပုံရိပ်ပေါ်အောင် အမျိုးမျိုး စမ်းသပ်ချကြည့်ဖူးပါသည်။ ချလိုက်တိုင်း မည်သည့်ပုံရိပ်မျှ မပေါ်ဘူးပါ။ ယခုတွင်မူ အကြောင်း တိုက်ဆိုင်၍ ပုံရိပ်ပြလာခြင်းပဲ ဖြစ်ပါမည်။

ကျွန်ုပ်လည်း တွေ့ရသော နိမိတ်ပုံကို ဤသို့ နိမိတ်ကောက်လိုက်ပြန်ပါ၏။

'ငါတို့ဘဝ ထပ်ပြီး တစ်ဆင့်တက်ပြေလည်တော့မယ်။ ဒါလဲ ရက်ပိုင်းအတွင်းပဲဖြစ်ရမယ်'

အသေအချာပါပဲ။ ရက်တစ်ပတ်ပင် မစောင့်လိုက်ရပါ။ ယခင်က ဝင်ခဲ့သည့် ငွေအရေအတွက်ထက် နှစ်ဆနီးပါးကို အခြားတစ်နေရာမှ ထီပေါက်သည့်ပမာ ရလိုက်ပြန်သောကြောင့်တည်း။

ဂါထာမြတ်၏ ဂုဏ်ကျေးဇူး၊ ပုတီးမြတ်၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။ သို့သော်လည်း ဂါထာတော်တန်ခိုးနှင့် ပုတီးတန်ခိုးတို့ကြောင့် ဖြစ်ပေါ်လာရသော ထူးဆန်းသော ပုံရိပ်တို့ကား ဖြစ်ပေါ်နေဆဲ။

ပုတီးပုံရိပ်တို့ မရပ်တန့်သေးသရွေ့ ကျွန်ုပ်သည်လည်း ထူးခြားဆန်းကြယ်မှုတို့အပေါ် ဝါသနာထုံကြကုန်သော စာဖတ်ပရိသတ်တို့အတွက် ဆန်းကြယ်မှု ဗဟုသုတရရှိစေရန် အလို့ငှာ ဆက်၍ ရေးသားတင်ပြနေပါဦးမည်ဟု မေတ္တာရည်၍...။

**မဟာစက်ရှင် (လှိုင်လင်)**



**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါ[illegible] မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသေ[illegible] ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်း[illegible] များမှ သင့်လျော်သည်များကို ရွေးချယ်[illegible] **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေ[illegible] ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်မ[illegible] မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါ[illegible] မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါ[illegible] **ဆောင်းပါးပေါင်းချုပ်များတွင် ထ[illegible] သွင်းမည်ကို သဘောတူညီပြီးဖြ[illegible] သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်း[illegible] ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်[illegible]

အကယ်၍ ဆောင်းပါးပေါင်းချုပ်[illegible] တွင် **ပါဝင်လိုခြင်းမရှိသူ စာရေး[illegible] ဆောင်းပါးရှင်များအနေနှင့် နက္ခ[illegible] ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇ[illegible] သို့ ဆောင်းပါးများကို မူလက[illegible] ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရ[illegible] အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်း[illegible] ပေါင်းချုပ်များတွင် ထည့်သွင်းမှ[illegible] သဘောတူညီပြီးဖြစ်သည်ဟု နက္ခ[illegible] ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့[illegible] မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါ[illegible] သင့်လျော်သောစာမူခနှင့် စာ[illegible] လက်ဆောင်ပါ ပေးပို့ပေးပါမည်၊**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂ[illegible]**

**ပါရမီမဂ္ဂဇင်း**

**အမှတ် ၂၃၃၊ ([illegible])လမ်း**

**မန်းဘဲတန်းစာပေ[illegible]၊ ရန်ကုန်[illegible]**

www.burmeseclassic.com

www.burmeseclassic.com



# ဇမ္ဗူအေးဘုရား

## အဓိဋ္ဌာန်စခန်း ဝင်ခဲ့စဉ်က

ရှေ့ဝန်နီ



ထိုနေ့က ပြာသိုလပြည့်ကျော် ခုနစ်ရက်နေ့ည…

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းတွေကဝေနေသည်။ ဗောဓိညောင်ရွက်များပေါ်သို့ နှင်းကျသံများတို့ တဖြောက်ဖြောက် ကြားနေရသည်။ လပြည့်ကျော်ခုနစ်ရက် လ,လေးကလည်း နှင်းမှုန်များကြားမှ မပီဝိုးတဝါး ပျပျလေး သာနေ၏။

ထိုညက ဇမ္ဗူအေးဘုရားတွင် ကျွန်တော် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ တစ်နှစ်ပြည့်သောနေ့ဖြစ်၏။

ဇမ္ဗူအေးဘုရားသို့ ဖိုးဦးတောင်တန်း၌ ကျွန်တော် ပြည်ထွက်စခန်းဝင်ကျင့်စဉ်ပြီး၍ ပြန်လာခဲ့သောနေ့ ညမှစ၍ ရောက်ခဲ့သည်။ ကျွန်တော်နှင့် ဝါသနာတူ ဂန္ဓာရီလမ်းစဉ်များကို လိုက်စားခဲ့သည့် ကိုတင်ထွဋ်က ဖီးကုန်းမြို့၊ အေးမြရွှေပြည်မြို့သစ်၊ ဝန်ကြီးပဒေသရာဇာလမ်းအဆုံး "မြကန်သာ" ရေကန်ကြီးဘေး၌ ကြည်ညိုဖွယ်ရာ ဇမ္ဗူအေးစေတီတော် တည်ထားကြောင်း ပြောကြားခဲ့သဖြင့် ညတွင်းချင်း သွားရောက်ဖူးမြော်ခဲ့ရာမှ ရောက်ခဲ့ခြင်းဖြစ်သည်။

ဘုရားကို မြကန်သာကန်ပေါင်နှင့် တစ်ဆက်တည်း (၁၅)ပေခန့်လောက်မြင့်သော တောင်ကုန်းလေးတစ်ခုလို ဖြစ်နေသည့် တောင်ပို့ရှည်မျောမျောကြီးပေါ်၌ လေးထောင့်ခွင်ကျ ပြုလုပ်ထားသော အုတ်ခုံပေါ်တွင် တည်ထား၏။ တည်နေရာမှာ မြို့စွန်ဖြစ်၍ အေးချမ်းလှပေသည်။ ထို့အတူ တလွင်လွင် မြည်နေကြသည့် ဆည်းလည်းသံလေးများကလည်း သာယာနာပျော်ဖွယ် ကောင်းလှ၏။

သို့ကြောင့်ပင် ထိုညက ကိုတင်ထွဋ် ပြန်သွားသော်လည်း ကျွန်တော်တစ်ယောက်တည်း ပုတီးစိပ်ရင်း ကျန်ခဲ့သည်။ ညတစ်နာရီကျော်ကျော်လောက် ရောက်သောအခါ၌ ဘုရားရင်ပြင်တော်ပေါ်၌ တဖျပ်ဖျပ် လျှောက်သံတစ်ခုနှင့်အတူ…

'ဩော် ဒီဘုရားမှာ ဒီအချိန် ငါတစ်ယောက်တည်း ရှိတော့တယ် ထင်တာ။ ဒီမှာ အဖော်တစ်ယောက်ရှိတာကိုး'

ဟူသည့် အသံကို ကြားလိုက်သည်။

ထို့နောက် "သာဓု သာဓု သာဓု" ဟူသည့် သာဓုခေါ်သံနှင့်အတူ ကျွန်တော်နှင့် မလှမ်းမကမ်း၌ ထိုင်လိုက်သံကို လည်းကြားလိုက်ရ၏။

ပုတီးစိပ်ရာမှ အပတ်ရေ ပြည့်သဖြင့် ဝတ်ချကာ ထိုင်သံကြားရသော နေရာကြည့်လိုက်သည်တွင်တော့ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့် အံ့ဩသွားရလေသည်။ ထိုအကြောင်းကို နောက်တစ်နေ့ရောက်သောအခါ၌ ဘုရားဒါယကာဖြစ်သူ ဆရာချုပ်ကြီးကို ပြောပြရာ ဆရာချုပ်ကြီးက…

ဒီဘုရားကို တစ်ခါတစ်ခါ ဝတ်ဖြူဝတ် သူတော်တစ်ဦး ရောက်ရောက်လာတတ်ကြောင်း၊ ဘုရားကို တချို့အရက်မူးပြီး လာအိပ်ကြသူများ၊ ဘုရားအတွင်း၌ ဟီရိဩတ္တပ္ပကင်းစွာ ရောက်လာတတ်ကြသူများကို ထိုဦးသူတော်ကြီးက တောင်ဝှေးနှင့် ဆုံးမတတ်ကြောင်း…

ဘုရားကို ကြည်ညိုသဒ္ဓါဖြင့် လာရောက်ဖူးမြော်ကြသူများ၊ အဓိဋ္ဌာန်ဝင်ကြသူများကို စောင့်ရှောက်တတ်ကြောင်း၊ သူကိုယ်တိုင်လည်း အပြင်မှာကော အိပ်မက်တွေထဲမှာပါ အခါအားလျော်စွာ တွေ့ဖူးကြောင်း…

ဘုရားတည်ရန် အုတ်အခက်အခဲရှိနေစဉ် ခြံတွင်းရှိ ရေတွင်းပျက်ကြီးမှ အုတ်များကိုလည်း ရေတွင်းထဲသို့ အမျိုးအမည်စုံလင်လှသော ရောင်မျိုးစုံ မြွေအကောင် (၅၀)လောက် ဝင်သွားသည်ကိုမြင်တွေ့ရသဖြင့် မတူးရဲဘဲရှိနေစဉ် အိပ်မက်ထဲ၌ ဦးသူတော်ကြီး တစ်ပါး ပေါ်လာပြီး…



www.burmeseclassic.com

www.burmeseclassic.com

'မင်း ဘုရားတည်ဖို့ အုတ်လိုနေ *တယ်မဟုတ်လား။ ရေတွင်းထဲက* အုတ်ကို ယူလေတဲ့။ ရေတွင်းထဲက အုတ် အပေါ်ရောက်ရင် ကျန်တာ သူ့ဟာသူဖြစ်သွားလိမ့်မယ်လို့ ပြောခဲ့ဖူး တယ်'

ဟု ပြောပြသဖြင့် ဇမ္ဗူအေးဘုရား၏ ထူးခြားမှု တန်ခိုးတော်များကို တွေး တောကြည့်ညိုရင်း "ဒီဘုရားမှာ ငါ အောင်ခတ်တစ်ခုဖွင့်ရရင် ကောင်း မယ်"ဟု တွေးမိပြီး နေ့ဘက် အလုပ် လုပ် ညဘက်ဘုရားမှာ အဓိဋ္ဌာန်ယူဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ပြီး သည်နှင့် နေ့ကောင်းရက်သာရွေး၍ ပွဲစားကြီး ဦးခင်မောင်အေးနှင့်အတူ အဓိဋ္ဌာန်ဝင်ခဲ့ပေသည်။

ကျွန်တော်နှင့် ဦးခင်မောင်အေးတို့ ညနေ(၅)နာရီဆိုလျှင် ဘုရားရောက် ကြသည်။ နံနက်(၆)နာရီထိုးမှ အိမ်ပြန် မိသားစုလုပ်ငန်းတွေ လုပ်ကြရသည်။ တစ်ဖက်က မိမိအတွက် မိမိအကျိုး အတွက်၊ အခြားတစ်ဖက်က မိသားစု စားဝတ်နေရေးအတွက် လုပ်ကြရခြင်း ဖြစ်သည်။

ကျွန်တော်တို့လိုပင် အခြား အဓိဋ္ဌာန် ဝင်သူများ ရှိကြသော်လည်း ကျွန်တော် တို့နှစ်ယောက်ကဲ့သို့ တစ်နှစ်ပတ်လုံး ဝင်သူမရှိ။ (၉)ရက်၊ (၁၈)ရက်၊ (၄၅)ရက် ဝင်သူများသာ ရှိ၏။

တစ်နှစ်လုံးလုံး ကျွန်တော်သည် ပြည်မြို့အဝင် မင်းကြီးတောင် "**အေး စေတီ**"၌ ပြည်ဝင်ကျင့်စဉ် ကျင့်ခဲ့စဉ်က ရရှိခဲ့သည့် "**သောဘဂဝါကွတိပိ ဝိဇ္ဇာစရဏသမ္ပန္နော**"၊ "**သောဘဂဝါ**" ထိုမြတ်စွာဘုရားသည် **ကွတိပိကွမိနာ ကာရဏေန** ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါး တို့နှင့် ပြည့်စုံတော်မူသောကြောင့် "**ဝိဇ္ဇာစရဏသမ္ပန္နော**" ဝိဇ္ဇာ *စရဏသမ္ပန္နော မည်တော်မူပါ၏ ဟူ* သော ဂုဏ်တော်ကျင့်စဉ်ကိုသာ ကျင့် ခဲ့သည်။

ထိုကျင့်စဉ်မှာ မိမိအဓိဋ္ဌာန်ယူသည့် နေရာရောက်သည်နှင့် ဘုရားရှိခိုး၊ သီလခံယူဆောက်တည်၊ မေတ္တာပို့၊ မေတ္တာသုတ်ရွတ်ကာ မိမိခန္ဓာကိုယ်ကို ဘုရားသို့လှူပြီး ထိုဂုဏ်တော်ကိုပင် အဓိပ္ပာယ်ပေါ်အောင် အတတ်နိုင်ဆုံး အာရုံပြု၍ ပုတီးအပတ်ရေ "၁၀၀၀" (တစ်ထောင်)စိပ်ရလေသည်။

ပုတီးပတ်ရေ ပြည့်သည်နှင့် တရား အားထုတ်သကဲ့သို့ တင်ပျဉ်ခွေကာ ခန္ဓာကိုယ်မတ်မတ်ထားပြီး ဘယ်လက် ပေါ်တွင် ညာလက်တင်၍ လက်မချင်း ထပ်ပြီး...

၁။ ဝင်လေရှူသွင်းတိုင်း ဝင်လေနှင့် တစ်ထပ်တည်းကျအောင် စိတ်ထဲ မှ ဝိဇ္ဇာစရဏသမ္ပန္နောဟု မှတ်ရ ပြီး...

၂။ ဝင်လေကို ပြန်ထုတ်လိုက်တိုင်း လည်း ထွက်လေနှင့်တစ်ထပ် တည်းကျအောင် ဝိဇ္ဇာစရဏ သမ္ပန္နောဟု မှတ်ရမည်။ (ထိုသို့ တစ်နာရီပြုလုပ်ရမည်။)

၃။ ထိုသို့ မှတ်ပြီးတိုင်း မြတ်စွာဘုရား ရှင်၏ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ် တော်တွေ မိမိ၏ ခန္ဓာကိုယ်အရပ် ရပ်ရှိ ခြေသည်း,လက်သည်း၊ ဆံပင်၊ မွေးညင်းမှမကျန် ကိန်းဝပ် ပျံ့နှံ့နေပြီဟု မှတ်ယူရမည်။

၄။ ထိုသို့ မှတ်ယူပြီးသည်နှင့် မတ် တတ်ရပ် အရှေ့အရပ်သို့ မျက်နှာ မူပြီး...

'ကျွန်ုပ်သည် ယခု မြတ်စွာဘုရားရှင်၏ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်ကို အဓိဋ္ဌာန် အတိုင်း သမ္ပုဏ္ဏလ လုံ့လ ဝီရိယတို့နှင့် ကျင့်ခဲ့ပြီ။ ဤကျင့်စဉ်ကို ကျင့်ရသည့်အတွက် အနန္တ စကြဝဠာကြီးအတွင်း၌ ပျံ့နှံ့နေကြ သည့် ကမ္ဘာဆုံးသည့်တိုင် မပျက်မယွင်း တည်ရှိနေကြမည့် မြတ်စွာဘုရားရှင်အပေါင်း တို့နှင့် ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ် အပေါင်းတို့၏ ကိုယ်ခွဲပတ်လေးပါးတို့နှင့် ပြည့်စုံ တော်မူပြီးကြသော အလင်းအရောင် အရောင် အဆင်း ဝါဝင်းတောက်ပ သိဒ္ဓိဓာတ်ဟူသမျှ အပေါင်းတို့သည် ကျွန်ုပ်၏ ခန္ဓာကိုယ်အရပ် ရပ်အတွင်းသို့ စီးမျောဝင်ရောက်ပါစေ သတည်း'

ဟု ဆုတောင်းရမည်။ ထို့နောက် မိမိလိုသောဆုကို တောင်း၍ ဝေနေယျ အပေါင်းအား တစ်ညတာ ပြုလုပ် အားထုတ်သမျှ ကုသိုလ်အစုစုတို့ကို အမျှအတန်း ဝေရမည်ဖြစ်ပါသည်။

ဤသည်တို့မှာ ကျွန်တော်၏ ဇမ္ဗူ အေးဘုရား၌ တစ်နှစ်တာပတ်လုံး ကျင့် ခဲ့သည့် ကျင့်စဉ်တို့ဖြစ်သည့် ဤ "ဝိဇ္ဇာ စရဏကျင့်စဉ်အသေးစိတ်"ကို နောင် ၌ အလျဉ်းသင့်သလို ရေးသား ဖော်ပြ ပါမည်။

ဤသို့နှင့် ပြာသိုလပြည့်ကျော် ခုနစ် ရက်နေ့ညတွင် အဓိဋ္ဌာန် တစ်နှစ်ပြည့် ခဲ့သည်။

အထက်၌ တင်ပြခဲ့သလိုပင် ထိုည က ပတ်ဝန်းကျင်တစ်ခုလုံး နှင်းတွေက ဝေနေသည်။ ဗောဓိညောင်ရွက်များ ပေါ်သို့ နှင်းကျသံများကို တဖြောက် ဖြောက် ကြားနေရသည်။ လပြည့် ကျော်ခုနစ်ရက် လလေးကလည်း နှင်း မှုန်များကြားမှ မပီပိုးတဝါး ပျပျလေး သာနေ၏။

အချိန်က ညတစ်နာရီခန့် ဤဇမ္ဗူ အေးဘုရားသို့ ပထမဦးရောက်ခဲ့သည့် ညက ပုဂ္ဂိုလ်တစ်ယောက်၏အသံကို ကြားခဲ့သည့်အချိန်။

ထိုအချိန်တွင်ပင် ခေါင်းတွင်





www.burmeseclassic.com

www.burmeseclassic.com

ဦးပေါင်းကြီး ပေါင်းထားသည့် ဝတ်ဖြူဝတ် အသက်(၆၀)အရွယ်ခန့်ဟု ခန့်မှန်းရသည့် သူတော်စင်ကြီးတစ်ဦး ဘုရား၏ တနင်္ဂနွေထောင့်မှ ကျွန်တော်ရှိရာသို့ တက်လာ၏။ လက်ထဲတွင်လည်း တောင်ဝှေးတစ်ချောင်းကို ကိုင်၍ လည်ပင်း၌ ပေပုတီးကြီးကို ဆွဲထားသည်။ အမှတ်တမဲ့ကြည့်လျှင် ပုံတော်တွေထဲတွင် တွေ့ရသော ''ဘဘိုးဘိုးအောင်''ပုံနှင့် ခပ်ဆင်ဆင်။

ကျွန်တော်ကြည့်နေစဉ်ပင် ထိုသူတော်စင်ကြီးက...

'ငါ့သားက အမိဋ္ဌာန်ကျင့်စဉ်တွေကို ကျင့်နေတာကိုး'

ဟု ပြောလိုက်၏။

'ဟုတ်ပါတယ်အဘ ကျွန်တော်က ဂန္ဓာရီလမ်းစဉ် ဝါသနာပါ,ပါတယ်။ ဒါကြောင့် မိမိ ဓာတ်ကျရာ နေရာတွေမှာ အဓိဋ္ဌာန်ကျင့်စဉ်တွေကို ကျင့်ပါတယ်'


'ဓာတ်ကျတယ်ဆိုတာ ဘာကိုပြောတာလဲ'

'တစ်နေရာရာကို သွားချင်တာ၊ တစ်နေရာရာမှာ အကျင့်တစ်ခုခုကို ကျင့်ချင်တာကို ဆိုလိုတာပါ။ စိတ်ထဲမှာ ဖြစ်ပေါ်လာတာကို ပြောတာပါအဘ'

'အကျင့်ကကော ဘယ်ကျင့်စဉ်တွေကို ကျင့်သလဲ'

'အကျင့်ကတော့ ပထမတော့ ကျမ်းတွေထဲမှာတွေ့တာ၊ စာအုပ်တွေထဲမှာတွေ့တာတွေကို ကျင့်ပါတယ်။ နောက်တော့ အဲဒီအချိန်မှာပဲ အကျင့်စခန်းတွေမှာ အခါအားလျော်စွာ တွေ့ရကြုံရတတ်တဲ့ ပုဂ္ဂိုလ်ကြီးတချို့ရဲ့ ညွှန်ကြားတဲ့ အကျင့်တွေကို ပြောင်းကျင့်ပါတယ်အဘ။

ခု ကျွန်တော် ကျင့်နေတဲ့အကျင့်က



ပြည်ဆံတော် စေတီတော်မြတ်ကြီးရဲ့ ဘိုးဘိုးအောင်ဓာတ်နန်းမှာ မမျှော်လင့်ဘဲ ဆုံခဲ့ရတဲ့ သထုံနေမိန္ဒရတောင်ကကြွလာတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ညွှန်ကြားခဲ့တဲ့ ပြည်ဝင်ပြည်ထွက် ကျင့်စဉ်ပါအဘ။

[ပြည်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဘိုးဘိုးအောင်ဓာတ်နန်းနှင့် ပြည်မြို့ မင်းကြီးတောင်ရှိ အေးစေတီဓမ္မာရုံနှင့် အေးစေတီ၌ တွေ့ခဲ့ရသော သူတော်စင်ကြီးများ အကြောင်းကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ပုဂ္ဂိုလ်ထူးများနှင့်တွေ့ခဲ့ရသူ အမည်ဖြင့် ဖော်ပြပြီးဖြစ်ပါသည်။] ***စကားချပ်***

'ဘာကြောင့် ကျင့်တာလဲ'

'မသေရအောင် မအို,မနာ,မသေဘဲ အသက်ရှည်ရှည်နေနိုင်တဲ့ ဝိဇ္ဇာဖြစ်ချင်လို့ပါ'

'သံသရာရှည်တယ် မထင်ဘူးလား'

'ကျွန်တော့် အယူအဆပြောရရင် သံသရာရှည်တာ မရှည်တာထက် မအိုမနာမသေတဲ့ဘဝနဲ့ အသက်ရှည်ရှည်နေနိုင်ရင် သံသရာက ထွက်မြောက်ကြောင်း တရားတွေကို အာမခံနိုင်တဲ့အထိ ကျင့်နိုင်မယ်ထင်လို့ပါ။

လူ့ဘဝဟာ အလွန်တိုတောင်းတဲ့အကြောင်း။ လူ့သင်္ချာနဲ့ အနှစ်(၅၀)ကို စတုမဟာရာဇ်နတ်သက်က တစ်နေ့နဲ့ တစ်ညပဲရှိတဲ့ အကြောင်း။ လူ့သင်္ချာနဲ့ နှစ်ပေါင်း(၁၀၀)က တာဝတိံသာ နတ်သက်သက် တစ်နေ့နဲ့ တစ်ညပဲရှိတဲ့ အကြောင်း။ နှစ်ပေါင်း(၂၀၀)က ယာမာနတ်သက်က တစ်နေ့နဲ့ တစ်ညပဲ ရှိတဲ့ အကြောင်း...

လူ့သင်္ချာနဲ့ နှစ်ပေါင်း(၄၀၀)က တုသိတာဘုံက နတ်တွေအတွက် တစ်နေ့နဲ့ တစ်ညသာ ရှိတဲ့အကြောင်း။ လူ့သင်္ချာနဲ့ နှစ်ပေါင်း(၈၀၀) ကနိမ္မာနရတိနတ်ဘုံက နတ်တွေအတွက် တစ်နေ့နဲ့ တစ်ညသာ ရှိတဲ့အကြောင်း။ လူ့သင်္ချာနဲ့ နှစ်ပေါင်း(၁၆၀၀)က ပရိနိမ္မိတဝသဝတ္တီနတ်ဘုံမှာတစ်နေ့နဲ့ တစ်ညသာရှိတဲ့အကြောင်း စာတွေထဲမှာလဲ တွေ့ရပါတယ်။ ဘုန်းကြီး ရဟန်း သံဃာတော်တွေ ဟောကြားတာတွေကိုလဲ နာကြားရပါတယ်။ ကျွန်တော်တို့ လူ့ဘဝမှာတော့ သက်တမ်းက သိပ်တိုပါတယ်။

လူ့ဘဝရဲ့ သက်တမ်းတိုတိုလေး အတွင်းမှာ လောကကြီးအတွက် ပြင်ရဆင်ရ အခင်းအကျင်းတွေ ပြုလုပ်ရနဲ့ သံသရာက လွတ်မြောက်ကြောင်းရှာဖို့ မလွယ်ပါဘူး။ ရှာပြန်တော့လဲ တိုတောင်းလှတဲ့ကာလအတွင်း သေကျေပျက်စီးသွားရင် လိုရာမရောက်နိုင်ဘဲ လူဖြစ်ရှုံးသွားနိုင်ပါတယ်။

ဒါက ကျွန်တော့်အတွက် ကျွန်တော့် ခံယူချက်ပြောတာပါ အဘ။ ရင့်ကျက်တဲ့ သူတော်ကောင်း သူမြတ်လောင်းတွေ မပါ,ပါဘူး။ ဒီဘဝမှာပဲ သံသရာဘေးက လွတ်မြောက်သွားကြတဲ့ ပုဂ္ဂိုလ်အပေါင်းကို ဦးထိပ်ထားပြီး အဲဒီအကျင့်တွေကို အသက်ရှည်စွာ အနာမဲ့ကြောင်းနဲ့ ဘဝကို အာမခံနိုင်တဲ့အထိ ကျင့်ချင်ပါတယ်။ ဒါကြောင့် ကာသိုဏ်လဲရ၊ လိုရာခရီးကိုလဲ ပေါက်မြောက်နိုင်မယ်လို့ထင်တဲ့ ဂန္ဓာရီကျင့်စဉ်တွေကို ကျင့်နေတာပါ။

အကယ်၍ တိုတောင်းလှတဲ့ လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com

လေးမှာ ဘာ့အာမခံချက်မှမရှိဘဲ သေသွားခဲ့ရင် နောက်ဘဝ ဘာဖြစ်မှန်းမသိတဲ့အတွက် အဲဒီလို သေရမှာကြောက်လို့ပါအဘ'

ကျွန်တော့်စကား ဆုံးသည်နှင့် သူတော်စင်ကြီးက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်၏။ ကျွန်တော်က "ငါဖြေတာတော့ မှားသွားပြီထင်တယ်" ဟု တွေးလိုက်မိသည်။ ထိုအချိန်တွင် သူတော်စင်ကြီးသည် ခေါင်းကို ခပ်ဖြည်းဖြည်းချင်း ညိတ်ရင်း သူ တက်လာရာ တနင်္ဂနွေထောင့်ဘက်မှပင်လယ်ကွင်းပြင်ကြီးဆီသို့ တောင်ဝှေးကြီး တဒေါက်ဒေါက် ထောက်လျက်ပြန်ဆင်းသွားလေ၏။

သို့သော် အံ့ဩဖွယ်ကောင်းသည်မှာ ထိုအဖြစ်တွေကို ကျွန်တော်နှင့်အတူတူ အဓိဋ္ဌာန်ယူနေသော ဦးခင်မောင်အေး လုံးဝ မသိလိုက်ခြင်းပင်ဖြစ်သည်။

ထိုညက အဓိဋ္ဌာန်ဝတ်ချပြီးသည်နှင့် ကျွန်တော် ထိုအကြောင်းတွေကိုတွေးနေစဉ် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။

အိပ်မက်ထဲ၌ စေစောက တွေ့ခဲ့ရသော သူတော်စင်ကြီးသည် ကျွန်တော့်ဆီ ရောက်လာသည်။ ထို့နောက် ကျွန်တော့်လက်ကိုဆွဲပြီး...

'လာ လူလေး မင်းကို ဘ,ပြစရာရှိတယ်'

ဟု ဆိုကာ တစ်နေရာသို့ ခေါ်ခဲ့၏။ ကျွန်တော်လည်း သူတော်စင်ကြီး ခေါ်ရာသို့ မငြင်းမဆန် လိုက်ခဲ့သည်။

ပထမ အလွန်မြင့်မားသည့်တောင်တန်းကြီးတွေကို ကျော်ဖြတ်ခဲ့ကြ၏။ နောက် နက်ရှိုင်းလှသော တောကြီးတွေကို ဖြတ်ရပြန်သည်။

တောင်တစ်တောင်၊ တောတစ်တောကို ရောက်တိုင်း သူတော်စင်ကြီးက နေရာတိုင်းကို လက်ညှိုးထိုး,ထိုးပြီး...

'ဟိုမှာကြည့်စမ်း လူလေး'

ဟု ဆိုကာ ပြသည်။

သူတော်စင်ကြီးပြရာ နေရာတိုင်း၌ ရောင်စဉ်လှိုင်းများထနေသည့် ကိုယ့်ရုပ်ပုံတွေကို ကိုယ်ပြန်မြင်နေရသည်။ ရုပ်ပုံတွေက အတည်အမြဲမရှိ တရိပ်ရိပ်မြူခိုးတွေလို ထနေသည်။

တစ်နေရာရောက်တော့ ပင်လယ်ပြင်ကြီးကို တွေ့ရပြန်၏။

'ဘလက်ကို မြဲမြဲကိုင်ထား'

ဟု ဆိုကာ ပင်လယ်ရေပြင်ပေါ်မှဖြတ်၍ ကျွန်တော့်ကို ခေါ်ခဲ့ပြန်သည်။ ပင်လယ်လှိုင်းတွေပေါ်မှာ ပင်လယ်ထက်က ကောင်းကင်ပြာပြာကြီးပေါ်မှာလည်း ကျွန်တော့်ပုံရိပ်တွေက တင်းကျမ်းပြည့်နေသည်။ ကျွန်တော်သည် ကိုယ့်ရုပ်ပုံများကို ကိုယ်အပေါက်အကြားမရှိ ပြန်မြင်နေရသည်။

ခဏအတွင်း၌ပင် ပင်လယ်ပြင်ကြီးကို ဖြတ်ကူးပြီး ဖြစ်သွား၏။

ထို့နောက် ပြန့်ပြောညီညာသောကွင်းပြင်ကြီးဆီ ရောက်လာသည်။ ထိုနေရာမှာလည်း မျက်စိတဆုံး ကိုယ်ပုံရိပ်တွေ ကိုယ်ပြန်မြင်ရပြန်၏။

'လူဆိုတာ ကောင်းတဲ့ အလုပ်လုပ်တဲ့သူက ကောင်းတဲ့အရိပ်တွေ၊ ကောင်းတဲ့ အရောင်အဝါတွေ တောက်ပမြဲပဲလူလေး။ ခု လူလေးမြင်နေရတာတွေက မင်းရဲ့ကောင်းမှု ကုသိုလ်ကံတွေကြောင့် မင်းရဲ့ အကျင့်စရဏတွေကြောင့် မင်းရဲ့ ခန္ဓာကိုယ်က ထွက်ပေါ်နေတဲ့ အရောင်အဝါတွေပဲကွယ့်။

အဲဒီ ကိုယ်ရောင်ကိုယ်ဝါတွေဟာ စကြဝဠာအတွင်းမှာ အပေါက်အကြားမရှိ ပျံ့နှံ့နေကြတာ။ အဲဒီမှာ လူလေး အဓိဋ္ဌာန်ကျင့်စဉ် ကျင့်ပြီးတိုင်း "အနန္တ စကြဝဠာကြီးအတွင်းမှာ ပျံ့နှံ့နေကြ သည့် ကမ္ဘာဆုံးသည့်တိုင် မပျက်မယွင်း တည်ရှိနေကြမည့် မြတ်စွာဘုရားရှင် အပေါင်းတို့နှင့် ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်အပေါင်းတို့၏ ကြုဒ္ဒိပါဒ် လေးပါးတို့နှင့် ပြည့်စုံတော်မူပြီးကြ သော အလင်းအမှောင် အရောင် အဆင်း ဝါဝင်းတောက်ပ သိဒ္ဓိဟူသမျှ အပေါင်းတို့သည် ကျွန်ုပ်၏ ခန္ဓာကိုယ် အရပ်ရပ် အတွင်းသို့ စီးမျောဝင်ရောက် ပါစေသတည်း" လို့ ဆုတောင်းခဲ့တယ် မဟုတ်လား။

အဲဒီတောင်းခဲ့တဲ့ ဆုအတိုင်း စကြဝဠာအတွင်းမှာ ပျံ့နှံ့နေကြတဲ့ ဝိဇ္ဇာ စရဏသမ္ပန္နောနဲ့ ပြည့်စုံတဲ့ဓာတ်တွေ က အရောင်အဝါချင်း ထိတွေ့ဓာတ် ကူးပြီး ထူးခြားပေါက်မြောက် လိုရာ ရောက်တဲ့အထိ အကျိုးပြုနိုင်တယ်

သူတော်စင်ကြီးက ပုံရိပ်များကို ပြရင်း ရှင်းလင်းပြောပြ၏။

'အဲဒီ အရောင်အဝါတွေက ဘယ်တော့မှ မကွယ်ပျောက်ဘူး ထာဝရတည်နေကြမှာ'

ကျွန်တော်က သူတော်စင်ကြီး စကားအဆုံး ပုံရိပ်တွေကို မျက်စိတဆုံး ကြည့်နေလိုက်သည်။

ထိုစဉ်ပင် ကျွန်တော် ရပ်နေရာ အောက်မှ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ကြည့်လိုက်တော့ ကြီးမားသော အင်း ချပ်ကြီးတစ်ခုပေါ်တွင် ကျွန်တော် ရပ် နေမိကြောင်း တွေ့လိုက်ရ၏။

အင်းချပ်ကြီးက ကျွန်တော့်အောက် တည့်တည့်တွင် ဖြစ်နေသဖြင့် ရှောင်နေ ခြေကြွလိုက်သည်။ သို့သော် ရှောင် မရလိုက် အင်းချပ်ကြီးသည် ကျွန်တော့် ကို အောက်ကသိမ်းမ၍ ကောင်းကင် သို့တက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

### အိပ်မက်ထဲတွင် ချီးမြှင့်ခဲ့သော ဂုဏ်တော်(၉)ပါးနှင့် သရဏဂုံအင်းတော်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၃၀ | ၁၇ | ၄၄ | ၃ | ၃၂ | ၁၉ | ၄၆ | ၅ |
| ၅၆ | ၄၃ | ၂ | ၃၁ | ၁၈ | ၄၅ | ၄ | ၃၃ | ၂၀ |
| ၂၉ | ၁၆ | ၅၇ | ၇၀ | ၆၅ | ၇၆ | ၅၉ | ၆ | ၄၇ |
| ၄၂ | ၅၅ | ၈၀ | ၇၅ | ၅၈ | ၇၁ | ၆၆ | ၂၁ | ၃၄ |
| ၁၅ | ၂၈ | ၆၉ | ၆၄ | [illegible] | ၆၀ | ၇၇ | ၄၈ | ၇ |
| ၅၄ | ၄၁ | ၇၄ | ၇၉ | ၆၂ | ၆၇ | ၇၂ | ၃၅ | ၂၂ |
| ၂၇ | ၁၄ | ၆၃ | ၆၈ | ၇၃ | ၇၈ | ၆၁ | ၈ | ၄၉ |
| ၄၀ | ၅၃ | ၁၂ | ၂၅ | ၃၈ | ၅၁ | ၁၀ | ၂၃ | ၃၆ |
| ၁၃ | ၂၆ | ၃၉ | ၅၂ | ၁၁ | ၂၄ | ၃၇ | ၅၀ | ၉ |

**အင်းဆန်သွင်းရန်**

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ [၁၅ လုံး]
ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ [၁၅ လုံး]
အနုတ္တရောပုရိသ ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ [၂၆ လုံး]
ဗုဒ္ဓေါ ဘဂဝါတိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ သံဃံ သရဏံ ဂစ္ဆာမိ [၂၄ လုံး]

'လူလေး အဲဒီအင်းကို လူလေးရဲ့ မွေးနေ့ကစပြီး ဂြိုဟ်သက်အတိုင်းချ (၁၀၈)ရက် တိတိမပျက်မကွက် အဓိဋ္ဌာန်ပြုပြီး သောက်ပေရော့။ အဲဒီအင်းက ဣစ္ဆာသယ ဝိဇ္ဇာမည့် ဂုဏ်တော်(၉)ပါးသရဏဂုံ တည်ထားအင်းတော်မြတ်ကြီးလို့ခေါ်တယ်။ လူလေးနဲ့ ထိုက်လို့ ပေါ်လာတာ'

သူတော်စင်ကြီးက အောက်မှ လှမ်းပြော မှာကြားကျန်ခဲ့၏။

အင်းတော်မြတ်ကြီး ကလည်း ကျွန်တော့်ကို ချီမ,လျက် ကောင်းကင်ယံတစ်ခွင် ဝဋ္ဋာပြင်အနှံ့ စီးမျောပျံသန်းနေလေသည်။

ထိုစဉ်ပင် ကျွန်တော်လည်း အိပ်မက်မှ ဖျတ်ခနဲ နိုးသွားလေ၏။

အိပ်မက်အတိုင်းပင် မိုးလင်းသည့်အခါ၌ ကျွန်တော့်အိပ်ရာအောက်မှ တစ်ဖက်ပါအတိုင်း ချထားသော အင်းတစ်ချပ်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

ထိုအင်းတော်မြတ်ကြီးကို ပညာရှင်များ လေ့လာနိုင်ပါရန် မည်သည့်အကျိုးထူးများ ခံစားရရှိနိုင်ပါမည့်အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ပြန်လည်ဖြေကြားပေးပါရန် တင်ပြအပ်ပါသည်။

**(ဂန္ဓာရီဆရာရဲဇော်၏ ဖမ္မူးအေးဘုရား၌ အဓိဋ္ဌာန်ဝင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို သူ၏ ခွင့်ပြုချက်ဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းပရိသတ်ကြီးအတွက် တစ်စုံတစ်ရာ အကျိုးတစ်ခုခု ရရှိပါစေခြင်းငှာ ရေးသားအပ်ပါသည်။)**

**နေဝန်းနီ**

## ခေါင်းကိုက်ပျောက် နှီးသမန်းဂါထာ



မန်ဆူရှမ်းကျောင်းတွင် ကူညီလုပ်ကိုင်ပေးနေသော ရှမ်းတိုင်းရင်းသားကလေး ''အစိုင်း''တစ်ယောက် ဦးခေါင်းတွင် နှီးတစ်ပင် စည်းနှောင်လျက် တွေ့ရသဖြင့် အမြင်ဆန်းကာ မေးမြန်းမိသည်။

'ခေါင်းစည်းတွေ၊ ဖဲကြိုးတွေရှိသားနှီးစကြီးနဲ့ စတိုင်သစ် ထင်တယ်'

'မဟုတ်ပါဘူး။ ခေါင်းကိုက်နေလို့ မန်းထားပေးတာ။ နှီးမန်းပေါ့'

ခေါင်းကိုက်၊ မျက်စိမျက်ရိုးကိုက်၊ နောက်ကျောတက်၊ ကိုက်ခဲနာကျင်မှုများအားလုံးအတွက် နှီးတစ်ချောင်းကို အောက်ပါဂါထာဖြင့် မန်းမှုတ်ပေးပြီးလျှင် ဝေဒနာဖြစ်ရာ အစိတ်အပိုင်းတွင် စည်းနှောင်ထားပေးရသည်။

ဦး သုရိယာ ဝိနဿန္တု(၇-ခုစ်)

သက်သာ ပျောက်ကင်းစေသည်ဟုသိရလေသည်။

အကြောတက်၊ အကြောလွဲ၊ အကြောတင်၊ အုံးလွဲ၊ လေဖြန်းသူများပင် သက်သာ ပျောက်ကင်းကြသည်ဟု မှတ်သားခဲ့ရသည်။

**သုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com



# အကျွမ်းအောင်ခြင်းနှင့်

အပြင်အောင်ခြင်းဆုရထားပြီး၊
ဘယ်ဟာကို ရွေးထားပူဇော်ရမလဲ

စလင်း ဦးကျော်



ဦးလှအေးသည် ချင်းတိုင်းရင်းသား တစ်ယောက်ဖြစ်သည်။ လောင်းရှည် မြို့နယ်အတွင်း တိုင်းရင်းသားရွာ ကလေးတစ်ရွာတွင် နေထိုင်ပါသည်။ တောင်ယာအလုပ်ကို လုပ်ကိုင်ပါ သည်။ ယာတောင်သူဖြစ်ပါသည်။

မနှစ်က စိုက်ပျိုးခဲ့သော သီးနှံများ ရိတ်သိမ်းပြီးခဲ့ပါပြီ။ ဒါကြောင့် ယခုနှစ် မိုးဦးကျလျှင် ထွန်ယက်စိုက်ပျိုးနိုင်ရန် ယာများကို ခုတ်ထွင်ရှင်းလင်းပါသည်။ ပေါင်းတက်များချသည်။ အချို့သစ်မြစ် တို့ကို တူးဖော်သည်။

နောက်ထပ်တိုးချဲ့သော ယာကွက် များအတွင်းမှ သစ်ပင်များကို ခုတ်လှဲ ပါသည်။ ပေါင်းတက်ချုံရသော သစ် ခက်၊ သစ်ကိုင်းများကို စုပုံ၍ လုံးထား ပါသည်။

ထိုပုံထားသော သစ်ခက်များသည် သပိတ်နှင့် တူသောကြောင့် သပိတ်လုံး ပုံများဟု ခေါ်ကြပါသည်။ ကြီးမားသော သစ်ပင်များနှင့် သစ်ကိုင်းများကို ခုတ်လှဲပြီး စုပုံထားပါသည်။ ယင်းတို့ကို ကျွန်းပုံများဟု ခေါ်ပါသည်။

နေအပူပြင်းလာပြီး အထက်ပါ သပိတ်လုံးများနှင့် ကျွန်းပုံများ ခြောက် သွေ့လာလျှင် မီးရှို့ပါသည်။ မိုးမကျခင် အချိန်များ၌ ဦးလှအေး၏ တောင်ယာ ကွင်းများကို မီးရှို့ကြသည်မှာ နှစ်စဉ် လုပ်ငန်းတစ်ရပ် ဖြစ်သည်။

ထိုအချိန်တွင် မီးရှို့သဖြင့် မီးလောင် ပေါက်ကွဲမှုများသည် တဖျောင်းဖျောင်း ပေါ်ထွက်စမြဲပါ။ မီးလောင်ကျွမ်းမှု ကြောင့် မီးခိုးလုံးများ ကောင်းကင်သို့ တလိပ်လိပ် တက်လာသည်ကို မြင်ရ တတ်ပါသည်။ မီးရှို့ပြီးပါက ပြာနှများ ကျန်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြာများသည် ဦးလူအေးတို့အတွက် သဘာဝမြေဩဇာများ ဖြစ်သည်။ စိုက်ပျိုးမှုတွင် အထူး အထွက်တိုးစေပါသည်။ ယာများကို ပြုပြင်ပြီးပါက ထွန်၊ ထယ် စသည့် တောင်သူတို့၏ လက်နက်ကိရိယာများကို ပြင်ဆင်ကာ မိုးရွာခြင်းကို စောင့်ကြိုနေကြပါသည်။

အဆိုပါ အလုပ်များ ပြီးစီးပါက ယာကွင်းထဲတွင် တဲဆောက်ကြပါသည်။ ဦးလူအေးသည် သုံးပင်တဲ တစ်လုံး ဆောက်ပါသည်။ တဲဟုဆိုသော်လည်း သစ်ဝါးတို့နှင့် အခိုင်အမာ ဆောက်ရပါသည်။

တဲ၏ အမြင့်သည် လူ့လက်ခုပ်တစ်ဖောင်မြင့်အောင် ဆောက်ရပါသည်။ ဒါမှ ကျားသစ်၊ ကျား၊ တောဝက်၊ ဝက်ဝံ၊ ခွေးအ,တို့၏ အန္တရာယ်မှ ကင်းဝေးပေမည်။

သီးနှံများ ရင့်မှည့်ပါက တောဝက်များ အစုလိုက်လာပြီး ဖျက်ဆီးစားသောက်တတ်ပါသည်။ ဝက်ဝံများဆိုလျှင် ပြောင်းဖူးများကို ချိုးစားကြသည်။ အပြန်တွင် ပြောင်းဖူးများကို ခေါင်းပေါ်ရွက်သွားတတ်သည်။

ခွေးအ အသိုက်လိုက်လာလျှင် နိုင်းဆွဲတတ်ကိုက်တတ်ပါသည်။ ခွေးအ,အသိုက်နှင့်တွေ့ရပါက ဆင်ကြီးများပင် ထွက်ပြေးရပါသည်။ ယင်းတောတိရစ္ဆာန်များရန်မှ ကင်းဝေးရန် တဲကို မြင့်မြင့်ဆောက်ထားရခြင်း ဖြစ်ပါသည်။

စိုက်ပျိုးသော သီးနှံများမှာ ဖူးစားပြောင်း၊ နှံစားပြောင်း၊ ပဲကြီး၊ နှမ်းကြီး၊ ပဲ ဖြစ်ပါသည်။ မီးဖိုချောင်သုံး ဘူး၊ ရုံ၊ ကျောက်ဖရုံ၊ ပြေပြ်၊ သခွား၊ ခင်း၊ ငရုတ်နှင့် ချဉ်ပေါင်ပင်များကိုပါ စိုက်ပျိုးကြပါသည်။

မိုးဦးကျခဲ့ပါပြီ။ ဦးလူအေးသည် "လယ်မှာအပုပ် ယာမှာအသုတ်" ဆိုသည့်အတိုင်း ယာများကို လှံ့လ ဝီရိယထားကာ ထွန်ယက်ပါသည်။ မြေကြီး အစိုဓာတ်နှင့် မျိုးစေ့တို့ ညီညွတ်စွာ ထိတွေ့နိုင်ရန် ယာထဲတွင် တစ်နေကုန်နေ၍ ထွန်ယက်ရပါသည်။

ယခုနှစ်အဖို့ မိုးလေဝသ ညီညွတ်မျှတသဖြင့် ဦးလူအေးတို့ ယာတောင်သူများ သီးနှံပင်များ ကောင်းမွန်ကြပါသည်။ မိုးရာသီကုန်၍ ဆောင်းရာသီကူးလာပါသည်။ သီးနှံများ အောင်မြင်လာသည်။ ဦးလူအေး ဝမ်းမြောက်နေပါသည်။

သီးနှံများ အောင်မြင်လာသည်ဖြစ်၍ ဦးလူအေးယာ တဲတွင် စောင့်ရတော့သည်။ ယာကွင်းနှင့် ရွာမှာ ဝေးသဖြင့် အိမ်ကိုမပြန်ဘဲ ယာထဲတွင် အမြဲစောင့်ရပါသည်။ (၇)ရက်တစ်ခါ ရွာပြန်ပြီး ရိက္ခာ သယ်ရသည်။

ဦးလူအေးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်အပြင် ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည်။ နံနက် ဆွမ်း၊ ရေချမ်း၊ ည ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။ ငါးပါးသီလခံယူကာ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေခြင်းသည် ဦးလူအေး၏ အမြဲတမ်း လုပ်ငန်းပါ။

ဦးလူအေးတစ်ယောက် ယာကွင်းတွင် ညအိပ်ညနေ (၁၀)ရက်ကျော်ခန့် နေမိသော်...

နေ့ခင်းပိုင်းတွင် ဦးလူအေး တဲပေါ်၌ ငိုက်ခနဲ အိပ်ပျော်သွားသည်။ တဲအောက်မှာ သတ္တဝါတစ်ဦးရောက်လာသည်။ သူ၏ခန္ဓာကိုယ်သည် ဆေးလိပ်ထည့်သော ပိုတောင်းကြီးသဏ္ဌာန်ရှိသည်။ အလွန်ကြီးမားသော ခန္ဓာကိုယ်ကြီး ဖြစ်သည်။

အမွေးအမှင်များ ပေါက်နေသည်။ အမွေးအမှင်များမှာ ကြက်တောင်မွေးများလောက် ရှည်သည်။ ထိုခန္ဓာကိုယ်ကြီးတွင် ခြေ,လက်များ ပေါက်နေသည်။ ဦးလူအေးသည် ယင်းသတ္တဝါကြီးကို မြေဘုတ်ဘီလူး ဖြစ်လိမ့်မည်ဟု ထင်သည်။ အဲဒီသတ္တဝါသည် ဦးလူအေးကို စားတော့ ဝါးတော့မတတ် ကြည့်ပြီး...

'ဟော့ကောင် မင်း ဒီယာကွင်းထဲမှာ ဘုရားမရှိခိုးနဲ့'

ဦးလူအေးက...

'ဘုရားရှိခိုးတာပဲ ဘာပြုလို့တုန်းခင်ဗျာ'

'ဘာပြုရမှာလဲကွ၊ မင်းဘုရားရှိခိုးလို့ ငါ့မိန်းမနဲ့ ငါ့ကလေးနှစ်ယောက် သေသွားပြီ။ ငါ့မိန်းမနဲ့ ငါ့ကလေးတွေ သေလို့ စိတ်ဆင်းရဲရတယ်။ ရှုပင်ရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ယူကျုံးမရ ဖြစ်ရတယ်။ မင်း ရှေ့ဆက်ပြီး အဲသလို ဘုရားရှိခိုးရင် မင်းမိန်းမနဲ့ မင်းကလေးတွေကို ငါ သတ်ပစ်မယ်။ ငါ ခံစားရသလို မင်းလဲ ခံစားစေရမယ်'

ဦးလူအေးသည် အင်းလဲမလုပ် အဲလဲမလုပ် ဘာမှပြန်မပြောချေ။ ခဏ ကြာလျှင် ယင်းသတ္တဝါကြီး တဲအောက်မှ ပြန်ထွက်သွားပါသည်။

ဦးလူအေး အိပ်ရာမှ လန့်နိုးသည်။ တကာယ်လိုလို အိပ်မက်လိုလို ဖြစ်နေသည်။ စိတ်ထဲမှာလည်း ကိုယ့်ရှေ့မှောက်၌ မျက်ဝါးထင်ထင် မြင်လိုက်ရသလို ဖြစ်နေပြန်သည်။

ဦးလူအေးသည် ထိုသတ္တဝါကြီး ခြောက်လှန့်သွားသည်ကို တုန်လှုပ်မှု မရှိ။ လုံးဝ ကြောက်ရွံ့မှုမရှိပါ။ အာဂ သတ္တိအိုးကြီးပါ။

'ဘုရားရှိခိုးတာနဲ့ ငါ့မိသားစုကို သတ်မယ်ဆိုရင် သတ်စမ်းပါစေ။ ငါ ကောင်းတဲ့အလုပ်ကို လုပ်တာပဲ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကလွဲလို့ ငါ့မှာ အားထား ကိုးကွယ်ရာ မရှိ'

ဟု ဦးလူအေး ယုံကြည်သည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကို သေသည့်အချိန်တိုင်အောင် ကိုးကွယ်ဆည်းကပ်သွားမည် ဖြစ်သည်။

ထို့ကြောင့် ဦးလူအေးသည် နေ့စဉ် ဘုရားရှိခိုးခြင်းကို ဝတ်မပျက် ပြုလုပ်ခဲ့သည်။ ရက်အနည်း ငယ်ကြာလျှင် ဦးလူအေး ရိက္ခာယူရန် ရွာပြန်ခဲ့သည်။

ရွာတွင် စာပေနှံ့စပ်သော ဦးပဥ္စင်းကြီးနှင့် တွေ့သည်။ ဦးလူအေးသည် အိပ်မက်အကြောင်းကို ဦးပဥ္စင်းကြီး အား လျှောက်ထားသည်။ ဦးပဥ္စင်းကြီးသည် ဦးလူအေးအား ဘုရားရှိခိုးခြင်းကို



အစဉ်လိုက် ရွတ်ဆိုစေသည်။ ရွတ်ဆို ပြီးလျှင် ဦးပဥ္စင်းကြီးမှ...

'အာ မင်း... ဘုရားရှိခိုးရာမှာ အတွင်း အောင်ခြင်းနဲ့ အပြင်အောင်ခြင်းတို့ကို ရှေ့ နောက်အထားအသို ပြောင်းပြီး ရွတ်ဆို ကြည့်ပါ။ အဆင်ပြေသွားပါလိမ့်မယ်'

ဟု မိန့်ဆိုပါသည်။

ဦးလူအေးသည် ယာတဲသို့ပြန် ရောက်သောအခါ ဦးပဥ္စင်းကြီးမိန့်သည့် အတိုင်း ဘုရားရှိခိုးပါတော့သည်။

နောက်တစ်နေ့ အိပ်မက်ထဲ၌ ယခင် သတ္တဝါကြီး နောက်တစ်ခေါက် တဲ အောက် ရောက်လာပြန်ပါသည်။ တဲအောက်နှင့် တဲဘေးပတ်ဝန်းကျင် တို့ကို တံမြက်စည်းလှည်း ပေးနေပါ သည်။ ပါးစပ်မှလည်း...

'ဟေ့ လူသား အဲဒီအတိုင်း ဘုရား ရှိခိုးပါ ကောင်းတယ်၊ ကောင်းတယ်'

ဟု သာယာနှစ်ခြိုက်သော အသံဖြင့် ပြောဆိုကာ ပြန်လည် ထွက်ခွာသွားပါ တော့သည်။

နောင်သောအခါ ဤဖြစ်ရပ်ကို ဦးလူအေးသည် ဆရာတော် ဦးကုဏ္ဍာစရိယကို ပြန်လည်ပြောပြ လျှောက်ထားပါသည်။ ၁၉၇၄ ခုနှစ် တွင် ဆရာတော် ဦးကုဏ္ဍာစရိယသည် စာရေးသူအား ပြောပြပြန်ပါသည်။

စာရေးသူသည် ဆရာတော်ဦးကုဏ္ဍာ စရိယအား အောက်ပါအတိုင်း လျှောက်ထားမိပါသည်။

စာရေးသူမှ...

'ဆရာတော်ဘုရား ဦးလူအေးသည် ဘုရား ရှိခိုးရာမှာ နောက်ပိုင်းပြင်ဆိုရာ၌ အတွင်း အောင်ခြင်းနဲ့ အပြင်အောင်ခြင်း ဘယ်ဟာက အရင်ဆိုပြီး ဘယ်ဟာက နောက် ဆို သလဲ ဘုရား'

ဟု ဆရာတော်ကို လျှောက်ထား ပါသည်။

ဆရာတော်မှ...

'မောင်ကျော် ဖြစ်ရပ်ကလေးကို ကျုပ်မှတ်မိတယ်။ အတွင်းအောင်ခြင်း နဲ့ အပြင်အောင်ခြင်း ရှေ့နောက်ထား တာကိုတော့ မမှတ်မိတော့ဘူး'

ဟု မိန့်ကြားပါသည်။

စာဖတ်ပရိသတ်ကြီး သုတေ ပညာရှင်များနှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်မှ ပညာရှင်ကြီးများခင်ဗျား **ဘုရားရှိခိုးရာ၌ အတွင်းအောင်ခြင်း နှင့် အပြင်အောင်ခြင်း ဘယ်ဟာက အရင်ဆိုပြီး၊ ဘယ်ဟာက နောက် ဆိုသင့်ကြောင်း စာဖတ်ပရိသတ် ကြီးများ သိရှိနိုင်ရန် ဖြေကြား ပါဟု လေးစားစွာ** မေတ္တာရပ်ခံပါသည် ခင်ဗျား။

**မှတ်ချက် ။ ။ ဤဖြစ်ရပ် ကလေးကို ပြန်လည်မိန့်ကြား လောင်းရှည်မြို့၊ လယ်ပေါ်ကျောင်း ဆရာတော် ဦးကုဏ္ဍာစရိယ ဤစာစုနှင့်အတူ ဦးညွှတ် အရှင်မြတ်ဘုရား။**

***ကောင်းကျိုးလိုရာဆန္ဒ ပြည့် ပါစေ။***

**စလင်း ဦးကျော်**

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းကာလ၏ နံနက်ခင်းတစ်ခု၌ ကျွန်တော့်ထံသို့ ရွာထဲမှ ကိုဖိုးကျော် ရောက်ရှိလာခဲ့သည်။ ကိုဖိုးကျော်သည် ကျွန်တော်တို့ သဲဆန်ကုန်းရွာတွင် လူချမ်းသာစာရင်းဝင်သူတစ်ဦး ဖြစ်သည်။ ရွာတွင် အမြဲတမ်း ရှိမနေတတ်ဘဲ ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ခရီးထွက်နေတတ်သူ ဖြစ်သည်။

ကျွန်တော်နှင့် အသက်အရွယ်အားဖြင့် ကွာခြားလွန်းလှသော်လည်း အလွန် ခင်မင်ရင်းနှီးကြသည်။ ကိုဖိုးကျော် ကျွန်တော့်အနီးသို့ ရောက်သောအခါ ကျွန်တော် လှမ်းနှုတ်ဆက်လိုက်သည်။

'ကိုဖိုးကျော်ပါလား၊ ထူးထူးခြားခြား မလာစဖူး အလာထူးလို့ပါလား ဘာကိစ္စလဲဗျ'

'ကိစ္စပဲ ဆိုပါတော့ ငါ့ညီရာ မင်းက ထူးဆန်းတဲ့ပစ္စည်းတွေကို လေ့လာရတာ ဝါသနာပါလို့ လာခေါ်တာ'

'ဘယ်လိုဗျ'

'အခု အစ်ကို့ဆီမှာ ထူးခြားရှားပါးတဲ့ ရှေးဟောင်းပစ္စည်းတစ်ခု ရထားတယ်။ မင်း ကြည့်ချင်ရင်လိုက်ခဲ့'

ကျွန်တော်သည်လည်း ရှေးဟောင်းပစ္စည်းများကို လေ့လာရတာ ဝါသနာပါသူဖြစ်၍ ကိုဖိုးကျော်၏အိမ်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့တော့သည်။

ကိုဖိုးကျော်၏အိမ်မှာ ရွာလယ်တွင် ရှိသည်။ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်အိမ်



ပုဂံခေတ် သူရဲကောင်းလေးဦးတို့၏

# ကျွန်တ အမင်္ဂလာသား

ညီလေးငယ်
(လယ်တော်)

ကြီးကို ရေနံကြီးမည်းနေအောင် သုတ်ထား၏။ ကိုဖိုးကျော်တွင် (၃)နှစ်အရွယ် သားတစ်ယောက်ရှိသည်။ လည်လည်ဝယ်ဝယ် လုပ်ကိုင်စားသောက်တတ်၍ စီးပွားရေး အဆင်ပြေလှသည်။

အိမ်ပေါ်သို့ ရောက်သောအခါ ကိုဖိုးကျော်သည် ဘုရားစင်အောက် ဗီရိုထဲမှ ကတ္တီပါစအနီရောင်ဖြင့် အသေအချာ ထုပ်ပိုးထားသော အထုပ်တစ်ထုပ်အား ကျွန်တော့်ထံသို့ ယူလာ၏။ ထို့နောက် ထိုအထုပ်ကို အသာအယာ ဖြေလိုက်သည်။


ထိုပစ္စည်းမှာ **ရှေးဟောင်းကြေးစည်လေးချပ်** ဖြစ်သည်။ ထိုလေးချပ်တွင် ရွယ်တူနှစ်ချပ်နှင့် အကြီးတစ်ချပ်၊ အသေးတစ်ချပ် ဖြစ်သည်။

ကျွန်တော့်ခန့်မှန်းခြေအရ ရွယ်တူနှစ်ချပ်မှာ အလျား(၈)လက်မ အရွယ်ရှိသည်။ အသေးတစ်ချပ်မှာ အလျား (၇)လက်မအရွယ်ရှိပြီး အကြီးဆုံးအချပ်မှာ (၉)လက်မအရွယ်ရှိသည်။ အသေးဆုံးအချပ်မှာပင် ယခုခေတ် ဘုရားရှိခိုးအမျှဝေရာ၌ ထုသော



www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်ထက်ကြီး၏။

လေးချပ်လုံးမှာ အလွန်ထူပြီး လေးလံလှသည်။ ဘေးတွင် ထွင်းထားသော ပန်းကနုတ်လက်ရာများကြောင့် ရှေးကျလှသော ကြေးစည်ဖြစ်မည်မှာ သိသာလှသည်။ နှစ်ပေါင်းကြာမြင့်လှသည်ဖြစ်၍ ပန်းကနုတ်များပင် မထင်ရှားတော့ပေ။

ကျွန်တော် ထိုကြေးစည်များကို တွေ့ရှိပြီးသောအခါ...

'ရှေးဟောင်း ကြေးစည်တွေပဲ'

ဟု ကောက်ချက်ချ ပြောဆိုလိုက်သည်။ ထိုအခါ ကိုဖိုးကျော်က အသာအယာ ပြုံးရင်း...

'ငါ့ညီ ဒီကြေးစည်ကို တီးကြည့်ပါဦးကွာ'

ဟု ဆိုကာ ကြေးစည်ထုတံ ပေး၏။

ကျွန်တော်သည်လည်း ကြေးစည်များကို ကြိုးဖြင့်ဆွဲကာ အသေးဆုံးအချပ်မှ စတင်တီးကြည့်၏။

အသေးဆုံးအချပ်မှာ အသံစွာပြီး သာယာငြိမ့်ညောင်းမှု ရှိလှသည်။ ရှယ်တူနှစ်ချပ်မှာ အသေးဆုံးအချပ်လောက် အသံမစွာသော်လည်း အတော်ပင် ကြည်လင်ပြတ်သားမှုရှိသည်။

ထူးခြားသည်မှာ အကြီးဆုံးအချပ် ဖြစ်၏။ အကြီးဆုံးအချပ်ကို တီးကြည့်ရာတွင် အသံ လုံးဝမမြည်ပေ။ သာမန်သံထည်ပစ္စည်းတစ်ခုခုကို တုတ်ဖြင့် ထုရိုက်သံမျှသာ ထွက်ပေါ်၏။ ထိုကြေးစည်မှာ ကွဲအက်နေခြင်းလည်း မဟုတ်ပေ။ ကြေးစည်မှာ ထူလွန်း၍ အတော်အတန်ဖြင့်လည်း မကွဲအက်နိုင်ပေ။

ထိုသို့ ကွဲအက်ရာ ဒဏ်ရာဒဏ်ချက် မရှိဘဲနှင့် အသံမမြည်ခြင်းကြောင့် ကျွန်တော် အလွန်အမင်း အံ့ဩသွားရသည်။ ထို့ကြောင့် ထူးဆန်းလှသော ထိုကြေးစည်အကြောင်းကို ကိုဖိုးကျော်အား မေးကြည့်မိတော့သည်။

'ကိုဖိုးကျော် ဒီကြေးစည်က ဘယ်ခေတ်က ကြေးစည်လဲ၊ ဘယ်ကရတာလဲဗျ'

ထိုအခါ ကိုဖိုးကျော်က အသာအယာ ပြုံးရင်း...

'ဒီကြေးစည်က အစ်ကိုတို့ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး သိခဲ့တာကတော့ ပုဂံခေတ်က သူရဲကောင်းလေးဦး သွန်းလုပ်ခဲ့တဲ့ ကြေးစည်ပဲကွ။ သူတို့လေးဦးဟာ ကြေးစည်တွေကို သွန်းလုပ်ပြီး မြန်မာနိုင်ငံအနှံ့အပြား မြှုပ်နှံခဲ့ကြတယ်။

သူတို့လေးဦးဟာ စုစုပေါင်း(၁၀၈)ချပ် သွန်းလုပ်ပြီး တစ်နေရာကို (၄)ချပ်စီဖြင့် (၂၇)နေရာ အဓိဋ္ဌာန်ပြီး မြှုပ်ခဲ့ကြတယ်'

ကိုဖိုးကျော် စကားကြောင့် ကျွန်တော် အလွန်စိတ်ဝင်စားသွားသည်။ ထို့နောက်...

'အစ်ကို ဒီပစ္စည်းကို ရခဲ့ပုံက...'

'ပုဂံပြည်အနီးတစ်ဝိုက်က ရွာလေးတစ်ရွာမှာ အိမ်ဆောက်ဖို့ မြေတူးရင်း ဒီကြေးစည်လေးချပ်ကို အထပ်လိုက်တွေ့ခဲ့တယ်ကွ။ အစ်ကို့မိတ်ဆွေ တစ်ယောက်က အဲဒီလူဆီကနေ ဝယ်လာတာ။ အစ်ကိုက အစ်ကို့မိတ်ဆွေဆီကနေ ပြန်ဝယ်ထားတာပေါ့။ အခုလို ဒီလို ကြေးစည်တွေကို နေရာအတော်များများမှာ တွေ့ကြပြီးပြီလို့ ပြောကြတယ်ကွ'

'ဒါနဲ့အစ်ကိုက ဒီပစ္စည်းကို ဘယ်လို လုပ်မယ် စိတ်ကူးထားလဲဗျ'

'ပွဲစားတစ်ယောက်က အစ်ကို့ကို (၇)သိန်းနဲ့ ဈေးဖြတ်ထားပေးပြီးပြီ သူလာဝယ်ရင် ရောင်းရုံပဲ။ ဒီပစ္စည်းက ဘယ်လိုအသုံးဝင်လဲ မသိပေမယ့် အသံမမြည်တဲ့ အကြီးဆုံးအချပ်တော့ ထူးခြားမှုရှိမှာ အမှန်ပဲ ငါ့ညီ'

ကိုဖိုးကျော်၏ စကားအပြီးတွင် ကျွန်တော်က...

'ကိုဖိုးကျော် ဒီပစ္စည်းသာ ပုဂံခေတ် သူရဲကောင်းလေးဦးရဲ့ ပစ္စည်းမှန်ရင် အစ် မရောင်းသင့်ဘူးလို့ ကျွန်တော် ထင်တယ် ကျွန်တော် သိသလောက် ပြောရရင် ပုဂံခေတ် က လူတွေဟာ ကောင်းမှုတစ်ခု ပြုလုပ်တိုင်း အရင်ဆုံး ကောင်းမှုပြုခြင်းအကျိုး ဆုတောင်း တယ်။ နောက် ပြုရခြင်းကောင်းမှုအစုစုတို့ မေတ္တာပို့ အမျှဝေတယ်။

နောက်ဆုံးမှာ သူတို့ရဲ့ အလှူပစ္စည်းတွေ ဖျက်ဆီးသူတွေကို ကျိန်စာတိုက်ခဲ့တတ် တယ်။ ဘယ်လိုပြောပြော ကြေးစည်ဆို လဲ ကောင်းမှုအလှူတစ်ခုပဲ။ ဒီပစ္စည်းတွေ သာ အစ်ကို ရောင်းလိုက်ရင် သူတို့အလှူ ဖျက်ဆီးရာ ရောက်သွားမယ်။ ဒါကြောင့် ကိုဖိုးကျော်အနေနဲ့ ဖြစ်နိုင်ရင် မြန်မာနိုင် ရှေးဟောင်းပစ္စည်း ထိန်းသိမ်းရေးဌာန ဒီပစ္စည်းတွေကို အပ်သင့်တယ်။ သူတို့ လဲ ထိုက်သင့်သလောက် ငွေကြေး ချီး မှာပေါ့'

ကျွန်တော့်စကားကို ကိုဖိုးကျော် လက်မခံပေ။





www.burmeseclassic.com

www.burmeseclassic.com

'ဆောရီးပဲ ငါ့ညီရယ် အစ်ကို ဒီပစ္စည်းကို ဒီလို မလုပ်နိုင်ပါဘူး'

ကျွန်တော်သည်လည်း ကိုဖိုးကျော်အား ပြောမရသည့် နောက်ဆုံး၌ စိတ်လျှော့၍သာ ပြန်ခဲ့ရသည်။

ဤသို့ဖြင့် ကျွန်တော်သည်လည်း အလုပ်မှ ခွင့်ယူလာရာ ခွင့်ရက်စေ့သောနေ့တွင် ကျွန်တော်၏ အလုပ်တည်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့သို့ ခရီးထွက်ခဲ့သည်။ နမ့်စန်မြို့တွင် (၃)လကျော် အလုပ်,လုပ်ပြီး ခွင့်ယူကာ အိမ်သို့ ပြန်ခဲ့ပြန်သည်။

အိမ်သို့ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ကိုဖိုးကျော်၏အကြောင်း ကျွန်တော်၏ မိခင်ကို မေးကြည့်ခဲ့သည်။ ထိုအခါ အမေက...

'သားမသိသေးဘူးလား ဖိုးကျော်တို့ လင်မယား ကွဲသွားတာ (၂)လကျော်ပြီလေ။ လင်မယားကွဲပြီး သိပ်မကြာခင်မှာပဲ သူ့သားလေးလဲ အပြင်းဖျားပြီး ဆုံးသွားလေရဲ့။ သူတို့ လယ်တွေခြံတွေလဲ တစ်ခုမှ မကျန်ဘူး။ အကုန်ရောင်းလိုက်တယ်။

ဖိုးကျော်လဲ လင်မယားကွဲပြီးကတည်းက ရွာက ထွက်သွားတာ အခုထိ ပြန်မလာဘူး။ တချို့ကတော့ သေပြီလို့လဲ ပြောတယ်။ ထောင်ကျနေတယ်လို့လဲ ပြောတာပါပဲ'

ကိုဖိုးကျော်၏ သတင်းကြားပြီး ကျွန်တော် စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့သည်။ ယခင်က သိပ်ချစ်ကြပြီး ပျော်စရာကောင်းသော သူတို့မိသားစု ပြိုကွဲသွားခြင်းအတွက်လည်း အံ့ဩမိခဲ့သည်။

ထိုစဉ် ကျွန်တော်၏အတွေးထဲသို့ လွန်ခဲ့သော (၃)လကျော်ကာလက ကြေးစည်အကြောင်း ဝင်လာသည်။ ထို့နောက် ကိုဖိုးကျော်၏ မိသားစုအား ကျွန်တော် သတိပေးခဲ့သလို ပုဂံခေတ်သူရဲကောင်းလေးဦးတို့၏ ကျိန်စာများ သင့်လေသလားဟု တွေးလိုက်မိပါတော့သည်။

**(ဖြစ်ရပ်မှန်ကို လူမှုရေးအရ အမည်၊ နေရပ် လွှဲပြောင်းရေးဖွဲ့ထားပါသည်။)**

***စာရှုသူများအား အစဉ်လေးစားလျက်...***

**ညီလေးငယ် *(လယ်တော်)***

ရွှေခင်းဝံမယ်တော်ကြီး၏

# ဘယာကင်းစေသည့်ပိုက်ခေါင်

'ဩော် လူလေး တစ်ခေါက်ရောက်လာပြန်ပြီ။ မျက်နှာကြည်လင်လာတယ်။ ပုတီးမြဲပြီ ထင်ပါရဲ့'

'အရင်ကထက်ပိုပြီး စိပ်ဖြစ်ပါတယ် အမေ၊ အခုတစ်ခေါက် မန္တလေးသီရိ မာလာကျောင်းရောက်တော့ အမေ့နာမည်နဲ့ ပို့ထားတဲ့ စာအုပ်တွေ စုပုံ ရောက်နေတာ တွေ့ရတယ်။ စာတိုက်က မှားပို့တာပါ'

'မင်းဆီက မရောက်လဲ ငါ့ဘာသာ ဝယ်ဖတ်ပါရဲ့၊ အကြောင်းထူးရှိလို့လား'

'ကျွန်တော့်အလုပ်ရှင်က အမေ့ဆီက လမ်းညွှန်ချက်ကလေး သိချင်လို့တဲ့'

'အေး အေး ဒီတတ်ပုံလေး ယူသွားပေးလိုက်ပါ။ နှစ်,နှစ်လောက် သည်းခံပါလို့။ သတ္တဝါအများကို စိတ်အား လူအား ငွေအား တတ်နိုင်သလောက် ကူညီကယ်တင်ပေးပါ။ "ပျားရည်"ပေးလိုက်မယ်။ "ပုလင်း" ထဲထည့်၊ "ဘုရား"ကပ်ထား။ "ဘယာ"ကင်းပါလိမ့်မယ်။ "နဝင်းသုံးခါကျေ၊ တြင်းကြိမ်တာမို့ ကောင်းမှုအစုစု အထမြောက်ပါလိမ့်မယ်။

သူတင်မကဘူး လူလေး၊ ကြုံဆုံရာဝန်းကျင်က လူတွေကိုလဲ ဒီအတိုင်း အကြံပေးပါ။ ဘယာကင်းအောင် ဒါနပြုပေးပါ။ အားလုံး ကပ်ဘေး ကျော်လွှားနိုင်အောင်လို့'



ထိုစဉ်ကာလ ဝေဒနာရှင်များစွာ ရောက်ရှိလာကြသဖြင့် အလိုက်သိစွာ ဖဲခွာ၍ ရွှေဘုန်းပွင့် ရုပ်ပွားတော်အား ပူဇော်ဝတ်ဖြည့်ရန် ထွက်လာခဲ့ရပေသည်။

**နယ်လှည့်သုတေသီ**



www.burmeseclassic.com



ဝဍ္ဍအကြိမ်မြောက်

# မီးကွင်းသည့် ဖြစ်ရပ်ဆန်း

ဦးစံဝင်း
(သောင်ကုန်းရွာ၊ တောင်ငူမြို့နယ်)

စာရေးသူ၏ နေအိမ်တွင် လေးကြိမ်မြောက် မီးကွင်းခဲ့ကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖေရးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုလည်း (၅-၂-၁၃)နေ့နံနက် (၄း၃၀)နာရီအချိန် စာရေးသူ နိစ္စဓူဝ လုပ်နေကျအတိုင်း ဘုရားသောက်တော်ရေကပ်၊ အလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ပြီးနောက် ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မဟာသမယသုတ်ရွတ်၊ ပဋ္ဌာန်းရွတ်၊ အာနာပါနရှုမှတ်၊ မေတ္တာပို့ အမျှဝေခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိပ်ရာမှထ မျက်နှာသစ်ပြီး ဘုရားရှင်အား သောက်တော်ရေကပ်၊ ယင်းနောက် မင်းကွန်းဆရာတော်ကြီး၊ တောင်တန်းသာသနာပြုဆရာတော်ကြီး၊ သာမညဆရာတော်ကြီးနှင့် သောင်ကုန်းကျောင်း မူလပထမ ဆရာတော်ကြီး ဘဒ္ဒန္တ ဇောတိကတို့၏ ပုံတော်ရှေ့ရှိ သောက်တော်ရေခွက်များကို ကိုင်လိုက်စဉ် ပုံတော်များရှေ့မှောက်၌ ပြာမှုန်ကလေးတစ်ခု၊ နှစ်ခု မြင်တွေ့ရ၍ စိတ်ထဲ၌ တစ်မျိုးကြီးဖြစ်သလို ခံစားလိုက်ရပါသည်။

တစ်ချိန်တည်း ခုတင်ပေါ်သို့ ကြည့်လိုက်ရာ ခေါင်းအုံးနှစ်လုံးမှာ အားလုံးပြာအတိကျသွားပြီး ခုတင်ပေါ်တွင် ခင်းထားသော သင်ဖြူးဖျာမှာ (၁)ပေခန့်သာ မီးလောင်ပြီး ငြိမ်းသွားပါသည်။

ခုတင်တွင် ခင်းထားသော ကျွန်းသားခင်း ပျဉ်(၅)ချပ်မှာလည်း (၁)ပေခန့်လောင်ပြီး မီးငြိမ်းသွားပါသည်။ သင်ဖြူးဖျာပေါ်ရှိ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်(၆)အုပ်မှာလည်း လုံးဝမီးမလောင်သည်ကို အလွန် အံ့ဩဖွယ်ရာ မြင်တွေ့လိုက်ရပါသည်။

ယင်း ခုတင်မှာ နေအိမ်သို့ ရဟန်းသံဃာတော်များ ညအိပ်ကြွရောက်လာပါက သီတင်းသုံးရန်အတွက် ဘုရားခန်းဘေးရှိ ဘုရားဆောင်တွင် သီးသန့်ထားရှိခြင်း ဖြစ်ပါသည်။

စာရှုသူ ပရိသတ်များ စဉ်းစားကြည့်ကြပါ။ ခေါင်းအုံးနှစ်လုံး ပြာကျအောင်လောင်သည့်မီး သင်ဖြူးဖျာတစ်ချပ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် မလောင်သနည်း။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ် (၆)အုပ်လည်း မည်သည့်အတွက်ကြောင့် မီးကွင်းသွားသနည်း။ မည်သည့်ပုဂ္ဂိုလ်များက ငြိမ်းသတ်ကြသလဲ၊ လောင်သည့်မီးမှာ အမွှေးတိုင်ထွန်းသည့် ပြာမှာ ခေါင်းအုံးပေါ်ကျ၍ လောင်သည်မှာ ယူဆပါသည်။

မည်သို့ပင် ဆိုစေကာမူ ဤမျှ အရှိန်ပြင်းစွာ ခေါင်းအုံး၊ ဖျာ၊ ခုတင်ခင်းပျဉ်များ ပြာကျအောင် လောင်ကျွမ်းသည့်မီး၊ အိမ်သူအိမ်သားများ အိပ်ပျော်နေစဉ် သူ့သဘာဝအတိုင်း ငြိမ်းသွားသည်မှာတော့ သိပ္ပံနည်းနှင့် စဉ်းစားကြည့်ပါက လုံးဝမဖြစ်နိုင်သော ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။

စာရေးသူအနေနှင့် အထက်ဖော်ပြပါ နိစ္စဓူဝ နံနက်အရုဏ်တက်ချိန် ဆောင်ရွက်သကဲ့သို့ ညစဉ်(၈း၀၀)နာရီအချိန်တွင် ဘုရားရှင်အား သောက်တော်ရေကပ်၊ ဆရာတော်ကြီးများ ပုံတော်ရှေ့တွင်လည်း သောက်တော်ရေကပ်၊ အလင်းတိုင်၊ အမွှေးတိုင်ထွန်း၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်ပဋ္ဌာန်းပါဠိတော် (ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ)တို့ကို နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ပူဇော်ခြင်း၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေသည့် လုပ်ငန်းများကို (ခရီးသွားနေသည်မှလွဲ၍) ဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ ကောင်းမှုကုသိုလ်တို့ကြောင့် နတ်ကောင်းနတ်မြတ်နှင့် ပုဂ္ဂိုလ်ထူးများ အမြဲမပြတ် စောင့်ရှောက်နေသည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ ယခုကဲ့သို့ ရေးသားတင်ပြရခြင်းမှာ တရားစောင့်သော ပုဂ္ဂိုလ်ကို တရားက ပြန်စောင့်သည်ဟူသည့် အရိယာ သူတော်ကောင်းကြီးတို့၏ အဆိုအမိန့်မှာ အမှန်ပင် ဖြစ်ပါကြောင်း စာရှုသူပရိသတ် အားလုံး ယုံယုံကြည်ကြည်နှင့် လက်ခံဆောင်ရွက်နိုင်ရန် သဘာဝလွန် ဖြစ်ရပ်ဆန်း ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုကို ရေးသားတင်ပြအပ်ပါသည်။

***သီလမြဲ၍ တရားရှိကြပါစေ။***

**ဦးစံဝင်း**
***(သောင်ကုန်းရွာ၊ တောင်ငူမြို့နယ်)***

# အားဦးစနေအတွက်

**အစီအရင်**



ကျွန်ုပ်တွင် ၁၉၀၂ ခုနှစ်လောက်တွင် သားဦးရတနာတစ်ယောက် ထွန်းကားခဲ့ရာ ထိုကလေးမှာ စနေသား ဖြစ်ပါသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံမှာလည်း အလွန် စိုးရိမ်ကြပါသည်။ **"သားဦး စနေ မီးသို့မွှေ"** စသော ကြားဖူးနားဝဖြင့် စိုးရိမ်မိခြင်း ဖြစ်ပါသည်။

သို့သော် ထိုကလေး မွေးသောနှစ်မှာပင် အိမ်တစ်လုံးရရှိခြင်း၊ ထို့ပြင် သုဝဏ္ဏ လုပ်အားပေးတိုက်ခန်းရရှိခြင်း စသော အကျိုးထူးတစ်ရပ်ကိုတော့ ရရှိခဲ့ပါသည်။

ကလေးမှာ မွေးမွေးချင်းတော့ အလွန် ချူချာမှုများ ကြုံခဲ့ရပေသည်။ မိခင်မှလည်း ပင်ကို ကျန်းမာရေးချူချာသူတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်အနေကလည်း အစိုးရဝန်ထမ်းတစ်ဦး ဖြစ်သဖြင့် အလုပ်ကတစ်ဖက်၊ မိသားစု ကျန်းမာရေးတစ်ဖက်ဖြင့် လုံးလည်ချာပတ်ဖြစ်နေပါတော့သည်။

ထိုစဉ်အခါက ကလေးဆရာဝန် တစ်ဦးဖြင့် အမြဲတစေပြသနေရပေသည်။

ဤကဲ့သို့ ဖြစ်နေစဉ် ကျွန်ုပ်တို့ ကိုးကွယ်သော ဆရာတော်ကြီးတစ်ပါး၏ အကြံပေးချက်ဖြင့် **"စနေသားဖြစ်သော မြွေ (နဂါး)ကို အစာအဖြစ် ဖားကျွေးရန် ယတြာတစ်ခုပေးပါသည်။ ဤသို့ စနေကို ဖားကျွေးရင် ယင်းမြွေမှ အစာရသဖြင့် ကလေးကို ဒုက္ခမပေးဘဲ ရှိလိမ့်မည်"**ဟု မိန့် ကြားသဖြင့် ကျွန်ုပ်လည်း ချက်ချင်းပင် ဖားရုပ်ကလေးတစ်ခုကို ငွေမတ်စေ့ဖြင့် ပန်းထိမ်ဆိုင်တွင် အပ်နှံပြီး ကျွန်ုပ်၏ သားဖြစ်သူ စနေသား၏လည်ပင်းမှာ ဆွဲပေးသည့်နေ့မှစ၍ ထိုကလေးမှာလည်း ကျန်းမာရေးကောင်းသွားသဖြင့် ကျွန်ုပ်ကိုယ်တွေ့ ကလေးယတြာကို မေတ္တာရှေ့ထား ဖော်ပြပါသည်။

**ပထမ ဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com



# သေမည့်အပင် ရှင်ဓေသတည်း

မောင်ဝေအား
(စီးပွားရေး)

စာရေးသူတို့မိသားစုသည် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းတွင် နေထိုင်ရာမှ အကြောင်းတစ်ခုဖြင့် မြောက်ဥက္ကလာပမြို့၊ နီလာလမ်းသွယ်(မေတာဝီဈေးအနီး)သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင်ဖြစ်သည်။ ငှားရမ်းနေထိုင်သောအိမ်မှာ နှစ်ထပ်အိမ်ထောင်အိမ်ဖြစ်ကာ (၁၈)ပေ × (၆၀)ပေခန့် ကျယ်ဝန်းပါသည်။ မြောက်ဥက္ကလာပရှိ အိမ်များမှာ မူလက (၄၀)ပေ ×(၆၀)ပေ အကွက်များ ချပေးခဲ့ခြင်း ဖြစ်သော်လည်း အားလုံးနီးပါးမှာ (၂၀)ပေ ×(၆၀)ပေ စီသာ အသီးသီး ရှိပါတော့သည်။

အကြောင်းမှာ မိမိတို့၏ မြေတစ်ဝက်ကို ခွဲ၍ရောင်းချခဲ့သောကြောင့်ပါ။ ထို့ကြောင့်လည်း အိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် ထရံချင်း ကပ်လျက်ရှိကြပါသည်။

ထို့ကြောင့်လည်း အိမ်အတော်များများသည် ခြံဝင်းမခတ်တော့ဘဲ ရှိနေသဖြင့် အိမ်ရှေ့ မျက်နှာစာရှိ မြေကွက် (၁၀)ပေ × (၂၀)ပေခန့်မှာလည်း တစ်ဆက်တည်းလို ဖြစ်နေပါသည်။

စာရေးသူတို့ ငှားနေသောအိမ်မှာလည်း ရှေ့မျက်နှာစာ (၁၀)ပေခန့်ကို ကွန်ကရစ်ခင်းထားပေရာ ခေါင်းရင်းအိမ်မှ ဒေါ်မြတို့အိမ်ရှေ့ မျက်နှာစာ ကွန်ကရစ်နှင့် တစ်စပ်တည်း ဖြစ်နေပါသည်။

ထိုကွန်ကရစ် ဆက်ရာ(၂)ခုကြား အိမ်ရှေ့မြောင်းအနီး ကွန်ကရစ်ခြံကာ အတွင်း၌ သရက်ပင်ပျို တစ်ပင် ရှိပါသည်။ ကွန်ကရစ်ခင်းစဉ်က ထိုသရက်ပင်ကို ကွင်း၍ ခင်းခဲ့ခြင်းဖြစ်ပုံရပါသည်။

စာရေးသူတို့ ပြောင်းရွှေ့လာခဲ့သော အောက်တိုဘာလတွင် အနီးဝန်းကျင်ရှိ သရက်ပင်အားလုံး၌ အသီးများ မကျန်ရှိတော့ပါ။ ထိုသရက်ပင်၌မူ သရက်သီးများ အလုံး(၄၀)ခန့်သီးဆဲ ဖြစ်သည်ကို တွေ့ရပါသည်။

သရက်သီးများမှာ ကြီးမားသည့်ပြင် လုံးဝန်းကာ လှပနေသဖြင့် ပိုင်ရှင်ဒေ ကို မေးကြည့်ရာ မချစ်စု သရက်သီး ဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့်လည်း ကွန်ကရစ်ခင်း က ထိုသရက်ပင်ကို ချန်ထားခဲ့ရမှာ နှ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ချန်ထားခဲ့ခြင်း ဖြစ်ပါမည်။

ညနေစောင်း၍ အိမ်ရှေ့သို့ ထွက်သည့်အခါတိုင်း သရက်ပင်ပေါ် မော့ကြည့်ရင်း မချစ်စု သရက်သီးများကို ရေတွက်ကြည့်မိမြဲ ဖြစ်ပါသည်။ ဒေါ်မြ အိမ်ရှေ့သို့ ထွက်လာသည်နှင့် ကြုံကြိုက်သည့် အခါတိုင်းလည်း...

'အစ်မရေ ဒီဘက်အခိုင်ကတော့ သိပ်မရင့်သေးဘူး။ အစ်မတို့ဘက်က အခိုင်ကတော့ ရင့်နေပြီထင်တယ်'

စသဖြင့် ပြောပြောမိနေပါသည်။

ဒေါ်မြကလည်း သူ့သရက်သီးများကို မော့ကြည့်ပြီး ကျေနပ်နေပါသည်။ သရက်သီးတွေကလည်း အစိမ်းရင့်ရောင် တောက်ပပြီး ဝိုင်းစက်လှပနေသဖြင့် မြင်ရသည်နှင့် ကြည်နူးစရာပါ။ လမ်းသွားလမ်းလာများကလည်း အနီးရောက်လာတိုင်း အပင်ပေါ် လက်ညှိုးတထိုးထိုး ဖြစ်နေကြပါသည်။

နောက်နှစ်လနီးပါးရှိ၍ တစ်နံနက်၌ စာရေးသူ ဈေးသွားရန် အိမ်ရှေ့သို့ ထွက်လာစဉ် ဒေါ်မြက ဆီးပြောပါသည်။

'ဦးအေးကြူရေ ညက သူခိုးတွေ သရက်သီး ဝင်ခိုးသွားတယ်။ ဦးအေးကြူတို့ဘက်ခြမ်းက သရက်သီးအကြီးတွေ မရှိတော့ဘူး'

တဲ့။

စာရေးသူ မော့ကြည့်လိုက်တော့ အသီးတွေ လျော့နေတာ အထင်အရှားပင်ဖြစ်ပါသည်။

'ဟုတ်တယ်အစ်မရေ ခိုးတဲ့သူတွေကလဲ အကြီးတွေချည်း ရွေးခူးသွားတာ အစ်မရဲ့။ အင်း...အနည်းဆုံး(၁၀)လုံးလောက်တော့ ပါသွားပုံပဲ'

စာရေးသူက အပင်ပေါ် မော့ကြည့်ရင်း ပြောမိသည်။

'ဒီအတိုင်းထားရင်တော့ ကုန်တော့



မှာပဲ အစ်မရဲ့။ တွေ့တဲ့သူတိုင်းက မျက်စိကျနေကြတာ။ ခူးလိုက်ရင်ကောင်းမယ် ထင်တယ်'

ဟု အကြံပြုမိသည်။

ဒေါ်မြကလည်း...

'ဟုတ်တယ်နော် တော်ကြာ ကိုယ်စားဖို့တောင် မကျန်ဘဲ ဖြစ်နေဦးမယ်'

ဟု ဆိုပါသည်။

နောက်နေ့တွင် ကျန်ရှိနေသော သရက်သီးများကို ခူးလိုက်ပါသည်။ သဘောကောင်းလှသော ဒေါ်မြက စာရေးသူတို့ကို သရက်သီး(၁၀)လုံး လာပေးပါသည်။ မချစ်စုသရက်သီးများမှာ နောက်ကျသီးလည်းဖြစ် အလုံးလည်းကြီး၊ လှမှလှဆိုတော့ စာရေးသူ မိသားစုတို့ ဝမ်းသာကြပါသည်။ မှည့်အောင် အုပ်ထားပြီး စားတော့လည်း ချိုချိုမွှေးမွှေးမို့ ကျေးဇူးတွေ တတင်တင် ဖြစ်နေကြပါသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလလောက်တွင် အနီးဝန်းကျင်ရှိ သရက်ပင်များ အဖူးများ စ,ထွက်သည်ကို သတိပြုမိပါသည်။ အိမ်ထောင့်ရှိ မချစ်စုသရက်ပင်ကတော့ အရွက်တွေ ညှိုးရော်ပြီး မလန်းမဆန်းဖြင့် အောက်သို့ တွဲကျနေပါသည်။

ထို့ပြင် နံနက်၌ အရွက်ခြောက်တွေ အတော်ကြွေကျသဖြင့် နံနက်တိုင်း လှည်းကျင်းနေရပါသည်။ အပင်ပေါ် မော့ကြည့်တော့လည်း အရွက်တွေက အစိမ်းရောင် မတောက်တော့ပေ။

တစ်နေ့တွင် ဒေါ်မြက သူ့သရက်ပင်ကို မော့ကြည့်ရင်း...

'ဒီအပင်တော့ သေတော့မယ် ထင်တယ်'

ဟု မှတ်ချက်ပြုပါသည်။ မှန်ပါ၏။ အကိုင်းများ၌ သရက်ရွက်များ တဖြည်းဖြည်း နည်းလာသည်။ ထိပ်ပိုင်းရှိ အကိုင်းအချို့တွင် အရွက် လုံးဝမရှိတော့ဘဲ ရိုးတံကျဲကျဲသာ ကျန်တော့သည်ကို မြင်ရသည်။ စာရေးသူက...

'ဟုတ်တယ် အစ်မရေ၊ ဟိုအပင်တွေဆို ဖူးလိုက်ပွင့်လိုက်တာများ ပင်လုံးကျွတ်ပဲနော်။ ဒီအပင်က ကြာရင် သေသွားလိမ့်မယ်ထင်တယ်။ စိတ်မကောင်းစရာဘဲ'

ဟု အနီးရှိသရက်ပင်များကို လက်ညှိုးထိုးပြရင်း ပြောမိသည်။

ဒေါ်မြကလည်း သူ့သရက်ပင်ကို နမြောနေပုံရပါသည်။ တကယ်ဆို ထိုသရက်ပင်သည် လုံးပတ်အားဖြင့် လူကြီး လက်ထွာဆိုင်နှင့် တစ်ဝက်သာ ရှိသေးသဖြင့် ပင်ပျိုဖြစ်သည်။ သေစရာအကြောင်းမရှိ။ အနီးတွင်လည်း ရေမြောင်းရှိသဖြင့် ရေအမြဲရနေသည်။


စာရေးသူ စဉ်းစားရင်းမှ ပြောမိသည်။

'တစ်ခါတုန်းက ဖတ်ဖူးတာရှိတယ် အစ်မရဲ့... စိတ်ပညာပါမောက္ခ ဒေါက်တာစိန်...
ရေးတာလို့ မှတ်မိနေတယ်။ သူတို့ ...လွင် မှာနေတုန်း အိမ်ရှေ့ ...



www.burmeseclassic.com

www.burmeseclassic.com



ပိန္နဲပင်ဟာ အရမ်းအသီး,သီးနေရာကနေ တစ်နှစ်မှာ လုံးဝ မသီးဘဲ ဖြစ်နေတယ်တဲ့။

တစ်နေ့မှာတော့ ဘုရားကို ကပ်ထားတဲ့ သောက်တော်ရေကို အိမ်ရှေ့မှာ ထွက်လဲရင်းဘာရယ်မဟုတ် အဲဒီပိန္နဲပင်ကို သောက်တော်ရေနဲ့ လှမ်းပက်လိုက်တာ အပင်မှာ သီးနေတဲ့ ပိန္နဲသီးတွေ မျက်စိရှေ့မှာတင် ပေါ်လာတယ်တဲ့။ ဒါနတ်ဖုက်တာလို့ ယုံကြည်သတဲ့။

ပြီးတော့ သောက်တော်ရေရဲ့ အစွမ်းလို့လဲ ယုံကြည်သတဲ့။ ဒီတော့ ကျွန်တော်တို့လဲ ဘုရားဆေးနဲ့ စမ်းကြည့်ကြတာပေါ့'

ဆိုတော့ ဒေါ်မြကာ ခေါင်းညိတ်လိုက်ပါသည်။

နောက်နေ့မှစ၍ စာရေးသူသည် ဘုရားသောက်တော်ရေ လဲတိုင်း အပေါ်ထပ် ပြတင်းပေါက်ကို ဖွင့်ကာ ထိုသရက်ပင်ပင်စည်သို့ လှမ်း၍ ပက်ပါသည်။ နေ့စဉ် နံနက်တိုင်းဖြစ်ပါသည်။ ခါတိုင်းကတော့ အိမ်ရှေ့သို့ ပက်ဖျန်းလေ့ရှိပါသည်။

ဤတွင် စာရေးသူ၏ ဘာသာရေးနှင့် ပတ်သက်သော ဝတ်တစ်ခုကို ပြောရပါမည်။ စာရေးသူသည် ဘုရားစင်ရှိ မြတ်စွာဘုရားဆင်းတုတော်ရှေ့တွင် ကြေးဖလားကြီးတစ်လုံးဖြင့် သောက်တော်ရေ ကပ်လေ့ရှိပါသည်။

နံနက်တိုင်း အိပ်ရာထ ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီးသည်နှင့် ဘုရားစင်ရှေ့သို့သွားကာ လက်အုပ်ချီလျက် သရဏဂုံသုံးပါးကို သုံးခေါက်စီရွတ်ဆိုပူဇော်ပြီး စွန့်တော်မူပါဘုရားဟု ခွင့်တောင်းကာ သောက်တော်ရေကို စွန့်ပါသည်။ ပြီးလျှင် အိမ်ရှေ့သို့ ပက်ဖျန်းလေ့ ရှိပါသည်။ ထို့နောက် သောက်တော်ရေ ထပ်ဖြည့်ပြီး...

'ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေပြိုး ဖျန်းဖျန်းကျိုးမှု တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဤသောက်တော်ရေကို ကပ်လှူပါ၏။ အလှူခံတော်မူပါဘုရား'

ဟု ရွတ်ဆိုကာ မြတ်စွာဘုရားအားရေတော် ဆက်ကပ်နေကျ ဖြစ်ပါသည်။

ထို့ပြင် ညဘက်၌လည်း ပုတီးစိပ်ငါးပါးသီလခံ အဋ္ဌာနမေတ္တာဂါထာတော်ကို အစအဦးပြု၍ သမ္ဗုဒ္ဓေ၊ ဒိဝါတပတိ၊ နမောတော၊ ဇလွန်ပြည်တော်ပြန်ဂါထာနှင့် ဘုရားစာများကို ရွတ်ဆိုပူဇော်လေ့ရှိပါသည်။ ထို့နောက် မဟာသမယသုတ်နှင့် ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဆိုပူဇော်ပြီး မေတ္တာပို့ကာ ကြေးစည်တီး အမျှဝေလေ့ ရှိပါသည်။

သောက်တော်ရေကို သရက်ပင်သို့ လှမ်းပက်တိုင်းလည်း နှုတ်မှ...

'ဤအပင်တွင် မှီတင်းနေထိုင်ကြကုန်သော မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအပေါ ကျန်းမာချမ်းသာကြပါစေ။ ဤရေ အေးချမ်းကြပါစေ'

ဟု ရွတ်ဆိုသည့်ပြင် ပြုပြုသ ကုသိုလ်ကိုလည်း အမျှဝေခဲ့ပါသည်

အုံ့ဩဖွယ်ပင် ဖြစ်ပါသည်။ တစ် ခွဲခန့် နေ့စဉ် ထိုသို့ သောက်တော် ဖြင့် ပက်ဖျန်းသောအခါ အရွက်ေ ကြွေကျခြောက်သွေ့ကာ သေ မလို ဖြစ်နေသည့် မချစ်စုသရက်ပင် ပင်စည်နှင့် အကိုင်းများမှ ရွက်နု ထွက်လာသည်ကိုတွေ့ရပါတော့သည်

ယခုဆိုလျှင် အချို့ရွက်နုမျ အစိမ်းရင့်ရောင်ဘက်သို့ပင် ကူးပြော လာနေပြီ ဖြစ်ပါသည်။ တစ်ပင် လည်း အရွက်နုတွေ ဖုံးအုပ်ကာ စိမ်း နေပြီ ဖြစ်ပါသည်။

စာရေးသူလည်း အလွန် ဝမ်းသာ ပါသည်။ သောက်တော်ရေနှင့် ရတ သုံးပါးဂုဏ်တော်များ၊ ပရိတ်တော်မျ ၏ တန်ခိုးကြောင့် သေလုဆဲဆဲ မချ သရက်ပင် လက်တွေ့ပင် ပြန်ရှင် နေပြီ မဟုတ်ပါလား။

'အစ်မရေ အစ်မသရက်ပင် မ တော့ဘူးဗျ'

ဟု စာရေးသူက ဝမ်းသာအား ဒေါ်မြကို ပြောမိသောအခါ ဒေါ်မြ သရက်ပင်ကို မော့ကြည့်ရင်း...

'ဟုတ်ပါ့... ဟုတ်ပါ့'

ဟု ပြန်ပြောလာပါသည်။ သ မျက်နှာမှာတော့ ကျေနပ်လှသည့် တွေ ဖုံး၍ပါ။

မောင်အေးကြူ (ပန်းပွားရေး)



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၇ ခုနှစ်၊ ဇွန်လမှာတော့ ဖိုးဟာန်က ဇွေးတောက်မြှောင်အ.မ.ကရဲ့ မူလတန်းကျောင်းအုပ် ဖြစ်လာတယ်။

ကျောင်းဖွင့်တာ (၂)နှစ်တောင် မပြည့်သေးတော့ ကျောင်းအဆောက်အအုံက ဆောက်လက်စ၊ ဆောက်လို့ မပြီးသေးဘူး။ ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းဖွင့်ထားတယ်။

ဇွေးတောက်မြှောင် ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းထိုင်ဆရာတော်က ဦးဝေပုလ္လ၊ ခန်းနေဦးပဉ္စင်းတစ်ပါး၊ ကိုရင်နဲ့ ကျောင်းသားများ ရှိကြတယ်။ ကျောင်းဧရိယာက လေးထောင့်ကျကျစတုဂံပုံ။ တောင်နဲ့မြောက် အနံတိုတယ်။ အရှေ့နဲ့ အနောက်ကတော့ အလျားရှည်တယ်။ (၁၅)ကေလောက်တော့ အနည်းလေးကျယ်မယ်။

ကျောင်းဝင်းထဲမှာ အုန်း၊ ထန်း၊ ပေ၊ ကွမ်းသီးပင်၊ ပဒေသာပင်တွေ သရက်၊ မရန်း၊ ပိန္နဲ၊ ငှက်ပျော၊ ဩဇာ၊ မာလကာ စတဲ့ စားပင်သီးပင်တွေ အစုံရှိတယ်။ ဘူးပင်၊ ဖရုံပင်တွေလဲ စင်တင်ပြီး ကျောင်းသားတွေက စိုက်ထားကြတယ်။

ကျောင်းပရိဝုဏ် အရှေ့ဘက်မှာ ဖွံ့ဖြိုးရေးလမ်းကိုပေါက်တဲ့ လမ်းတစ်လမ်းရှိတယ်။ ထန်းပင်ကုန်းရွာကိုလဲ ရောက်တယ်၊ ကျောင်းနဲ့ ထန်းပင်ကုန်းရွာက ကိုက် (၁၅၀)လောက်တော့ ဝေးမယ်။

အဲဒီကျောင်းအထွက်က လမ်းရဲ့ ညာဘက်ဘေးမှာ မြေစိုက်စေတီတော်တစ်ဆူရှိတယ်။ လမ်းရဲ့ ဘယ်ဘက်မှာတော့ သိမ်တော်ကြီးရှိတယ်။ သိမ်တော်ကြီးရဲ့ မြောက်ဘက်မှာ ကပ်လျက် နှစ်ဆောင်ပြိုင်ကျောင်းကြီး ရှိတယ်။ အခုတော့ မရှိတော့ဘူး။

နှစ်ဆောင်ပြိုင် ကျောင်းကြီးရဲ့



အပေါ်ထပ်မှာ ခန်းနေဦးပဉ္စင်း သီတင်းသုံးတယ်။ ဦးပဉ္စင်းရဲ့ ဘွဲ့တော်က **ဦးရေဝတ** ကြခင်းက။

နှစ်ဆောင်ပြိုင်ကျောင်းကြီး အောက်ထပ်မှာတော့ ဇွေးတောက်မြှောင် အ.မ.က ကျောင်းသားကျောင်းသူတွေ ပညာရင်နို့ သောက်စို့ကြရာ စာသင်ကျောင်းပဲ။ ကျောင်းရှေ့တည့်တည့် တောင်အရပ်မှာ ရေတွင်းရှိတယ်။

ရေတွင်းဘေးမှာ စံကားဝါပင်၊ ကံ့ကော်ပင်၊ ဇလပ်ပင်၊ ပုဏ္ဏရိက်ပင်၊ စကြာပင်၊ ဇီဇဝါပင် စတာတွေက ဝိုင်းပတ်ပြီး ပေါက်နေကြတယ်။

နှစ်ဆောင်ပြိုင်ကျောင်းရဲ့ အနောက်ဘက် (၅)ကိုက်လောက် အကွာမှာတော့ ကျောင်းထိုင်ဆရာတော်ရဲ့ စံကျောင်းရှိတယ်။ စံကျောင်းတော်နဲ့ ကပ်လျက် အနောက်ဘက်မှာ ဇရပ်တစ်ဆောင်၊ စားဖိုဆောင်နဲ့ တွဲထားတယ်။ ဇရပ်နဲ့ စားလွယ်ခုတ်သာသာ အနောက်တောင်ထောင့် အရပ်မှာတော့ ဆွမ်းစားကျောင်းရှိတယ်။ ကိုက် (၁၀)လောက်ပဲ ကွာမယ်။

စံကျောင်းရဲ့ ရှေ့တည့်တည့် တောင်ဘက်မျက်နှာစာမှာ ဇွေးတောက်မြှောင်ရွာကို သွားတဲ့လမ်း ရှိတယ်။ ကျောင်းနဲ့ ဇွေးတောက်မြှောင်ရွာက ကိုက် (၁၀၀) လောက်ပဲ ဝေးမယ်။ လယ် (၅)ကွက် ဖြတ်လိုက်ရင် ရောက်ပြီ။ ကုန်းလယ်ဆိုတော့ လယ်ကွက်ကလေးတွေက ကျဉ်းတယ်။ သေးတယ်။

ဖိုးဟာန် ပထမတော့ ကဒီပင်ရွာ ဦးချစ်စိန်၊ ဒေါ်ပန်းနုတို့အိမ်မှာ တည်း[illegible] ကျောင်းတက်တယ်။ ကဒီပင်ရွာက[illegible] မြောက်အရပ် (၂)ဖာလုံလောက်[illegible] တဲ့ ဇွေးတောက်မြှောင်ရွာကို အရောက်[illegible] သွား။ ရွာလယ်ချောင်းရိုးလေး[illegible] ကျော်၊ ဒေါ်မြတ်လှတို့ အိမ်ခြံထဲကို[illegible] ခြံနောက်ဖေးပေါက်ကနေထွက်၊ လယ်[illegible] ကွင်း (၅)ကွင်းကိုဖြတ်၊ ဇွေးတော[illegible] မြှောင်ကျောင်းကို ဆက်လျှော[illegible] ရောက်ပြီ။

သီတင်း (၂)ပတ်လောက် ကျောင်း[illegible] တက်မိတော့ ဇွေးတောက်မြှောင် ဘုန်း[illegible] ကြီးကျောင်း အရိပ်အာဝါသကို [illegible] မောင်ဖိုးဟာန် တည်းချင်ခိုချင်လာတယ်[illegible] ဒါနဲ့ပဲ ကျောင်းထိုင်ဆရာတော်[illegible] လျှောက်တယ်။ ကျောင်းထိုင်ဆ[illegible] တော်က ခွင့်ပြုတယ်။

ဖိုးဟာန်က နှစ်ဆောင်ပြိုင်ကျောင်း[illegible] ကြီး အပေါ်ထပ်မှာ အိပ်ချင်တာ၊ [illegible] အောက်ထပ်က စာသင်တဲ့ကျောင်း[illegible] အပေါ်တက်လိုက်၊ အောက်ဆ[illegible] လိုက်၊ ဆင်းကာ တက်ကာလေး[illegible] မဝေးတော့။ နီးနီးလေး၊ ဟန်ကျပြီ[illegible]

ဒါပေမယ့် ကျောင်းထိုင်ဆရာတော်[illegible] ဦးဝေပုလ္လက စံကျောင်းမှာသာ နေခွင့်[illegible] ပေးတာ၊ နှစ်ဆောင်ပြိုင်မှာတော့ [illegible] ခင်းဦးပဉ္စင်းလေး ဦးရေဝတ သီတင်း[illegible] သုံးနေတာ အပေါ်ထပ်မှာ၊ တစ်[illegible] တည်း။ ကျောင်းထိုင်ဆရာတော်[illegible] ဝါတော်ကြီးတယ်။ နောင်တော်ကြီး[illegible] နောင်တော်ကြီးကို [illegible]တောင်းပါ[illegible]





www.burmeseclassic.com

www.burmeseclassic.com

မိန့်ကြားတယ်။

ကြံခင်း ဦးပဥ္စင်းလေးကို ကျောင်းထိုင်ထက် ဝါတော်ကြီးပေမယ့် ကျောင်းသားကျောင်းသူတွေရော၊ ကိုရင်တွေရော၊ ဒကာ,ဒကာမတွေကရော ဦးပဥ္စင်းလေးလို့ပဲ ခေါ်ကြတယ်။ ကျောင်းထိုင်ကိုတော့ ဦးပဥ္စင်းတဲ့။ အရမ်းရင်းနှီးတဲ့ ဒကာ,ဒကာမတွေကတော့ ဦးဝေပုလ္လတဲ့။

ကျောင်းထိုင်ကို လျှောက်ပြီးတာနဲ့ ဖိုးဟန် ကြာကြာမဆိုင်းပါဘူး။ ဦးပဥ္စင်းလေး သီတင်းသုံးတဲ့ နှစ်ဆောင်ပြိုင်ကျောင်းအပေါ်ထပ်ကို ရောက်သွားတယ်။ ဦးပဥ္စင်းလေးကို ဖူးတွေ့ရတယ်။ ဖိုးဟန် လျှောက်တော့…

'ကျောင်းဆရာ နေလို့ရပါတယ်။ ဒါပေမယ့် ညဘက်မှာတော့ မီးမထွန်းရဘူး၊ ဖြစ်မလား'

ဦးပဥ္စင်းက ဖိုးဟန်ကို ကျောင်းဆရာတဲ့။

'ဘုရား တပည့်တော် နေ့ခင်းဘက်မှာ ကျောင်းလုပ်ငန်းတွေ ပြီးအောင် လုပ်ပါ့မယ်ဘုရား၊ မီးမထွန်းပါဘူး'

ဆိုတော့…

'ဘယ်နေရာမှာ အိပ်မှာလဲ'

လို့ ထပ်မေးပြန်တယ်။

နှစ်ဆောင်ပြိုင်ကျောင်းကြီး ခန်းဖွဲ့က (၇)ခန်းရှိတယ်။ အခန်းအားလုံးက ဟာလာဟင်းလင်း။ တိုးလျှိုပေါက်။ အရှေ့ဘက်ဆုံးအခန်းမှာ ဦးပဥ္စင်းလေး သီတင်းသုံးတယ်။ ဝေးဝေးနေမှ သင့်မယ်လို့ တွေးပြီး…

'အနောက်ဘက်စွန်ဆုံး အခန်းမှာ အိပ်ပါမယ်ဘုရား'

'အေးလေ ကောင်းပြီ၊ စိတ်ချမ်းသာစွာနေပါ'

အဲဒီစကား အမိန့်ရှိပြီးကတည်းက နောက်ထပ်စကား မဆက်တော့ဘူး။



မျက်လွှာချသွားတယ်။ တည်ငြိမ်တဲ့ သမာဓိနဲ့ ကြိမ်ကွပ်တဲ့ ကျွန်းသားကုလားထိုင်ကြီးပေါ်မှာ ထိုင်နေတော့တယ်။

ဦးပဥ္စင်းလေးက စကားနည်းတယ်။ ဘယ်တော့မှ ဒကာ၊ ဒကာမကို စတင်စကားမဆိုဘူး။ လိုအပ်တာလောက်ပဲ အမိန့်ရှိတယ်ဆိုတာ ဖိုးဟန် သိထားတယ်။

ဦးပဥ္စင်းလေးရဲ့ ဣန္ဒြေကိုကြည့်၊ အလိုက်တသိနဲ့ ဖိုးဟန် ဦးသုံးကြိမ်ချပြီး ကျောင်းကြီးပေါ်က ဆင်းခဲ့ရတယ်။

အဲဒီနေ့ကစလို့ နှစ်ဆောင်ပြိုင်ကျောင်းကြီး အပေါ်ထပ်မှာ ပြောင်းနေတော့တယ်။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာတော်တို့ရဲ့ အရိပ်ဟာ တယ်လဲ အေးမြလှပါကလား၊ ရပ်စိတ်ရွာစိတ် ပျောက်သွားသလိုပဲ။ စိတ်လက်ပေါ့ပါးသွားတယ်။

**"အတူနေကြည့်မှ ရဟန်းတော်တို့ရဲ့ အကျင့်သီလကို သိနိုင်တယ်"** ဆိုတဲ့ စကား ဖိုးဟန်အဖို့တော့ နည်းနည်းပါးပါးလောက်ပဲ သိတယ်လို့ ပြောရမယ်ထင်တယ်။ မောင်ဖိုးဟန် ညံ့လိုက်ပုံကတော့ အသုံးကိုမကျတဲ့ မောင်ဖိုးဟန် ဖြစ်နေတယ်။

ကြံခင်းဦးပဥ္စင်းလေးနဲ့ အတူတူ ပညာသင်နှစ် (၅)နှစ် . နေခဲ့တာပါ။ နည်းတဲ့နှစ်တွေလား။ တစ်ညအိပ် ခရီး အတူသွားရင် ခရီးဖော်ရဲ့အကြောင်း သိနိုင်တယ်ဆိုတဲ့ စကားရော ဘယ်သွားထားမလဲ။ မောင်ဖိုးဟန် လူညံ့ သိတာလေးတွေကတော့…

ဦးပဥ္စင်းလေးက သလုံးမြင်းခေါင်း အားပြုတယ်။ ကိုယ်တိုင် ဆွမ်းခံတယ်။ အရုဏ်ဆွမ်းကို ဂွေးတောက်မြောင်၊ ကဒီပင်၊ ထန်းပင်ကုန်း (၃)ရွာ ရွာတစ်ရွာကို (၇)ရက်စီ ဆွမ်းခံဝင်တယ်။ နေ့ဆွမ်းကိုတော့ ဂွေးတောက်မြောင် တစ်ရွာတည်းပဲ။ နေကောင်းထိုင်သာ မရှိတာတောင် ဆွမ်းခံမပျက်ဘူး။ မဖျက်ဘူး။ အဲသလောက်ပဲ။

နေ့ဆွမ်း၊ ဆွမ်းခံကြွတော့မယ်ဆိုရင် ကျောင်းရှေ့က ရေတွင်းမှာ ရေချိုးတယ်။ တစ်နေ့တော့ လှူပ်လှူပ် လှူပ်လှူပ်နဲ့ တစ်ခုခု လုပ်နေတာ တွေ့ရတယ်။ မနေနိုင်လို့ ဖိုးဟန် သွားကြည့်တော့ ကိုယ်တိုက်ဆပ်ပြာ သုံးလက်စ ပါးပါးလေးကို ကိုယ်တိုက်ဆပ်ပြာ အသစ်နဲ့ ကပ်နေတာ။ မော့ကြည့်ပြီး အလေအလွင့် မဖြစ်အောင်လို့,လို့ အမိန့်ရှိတယ်။ ဖိုးဟန်သိတာ အဲဒါ တစ်ခု။

ဧကသီများ ဟောင်းနွမ်းစုတ်ပြဲသွားပြီဆိုရင် သင့်တော်သလို ပြုပြင်ပြီးတော့ ခေါင်းအုံးပေါ်မှာ ခေါက်တင်လွှားထားတတ်တယ်။ ကျောအောက်မှာ ခင်းအိပ်တယ်။ သင်းပိုင်အစုတ်ကိုတော့ ကျိန်းတဲ့ခုတင်ခြေရင်းက ကြမ်းပေါ်မှာ ခေါက်ခင်းပြီး ခြေသုတ်တယ်။ ဒီလို… ဒီလို… ဖိုးဟန်သိတာ နောက်တစ်ခု။

ဖိုးဟန် မိဘများက တရုတ်မှော်မှာ အလှူလုပ်တယ်။ ကထိန်ခင်းတာပါ။ ဂွေးတောက်မြောင် ဆရာတော်ကို ပင့်တယ်။ ဦးပဥ္စင်းလေးကိုလဲ စိတ်ပင့်,ပင့်တယ်။ အလှူပြီးတဲ့နောက်နေ့ ဖိုးဟန် ကျောင်းပြန်တက်တော့ ကထိန်အလှူက လှူဖွယ်ဝတ္ထုပစ္စည်းတွေနဲ့ ဝတ္ထုငွေကို ဦးပဥ္စင်းလေးကို လှူတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းလေးက လှူဖွယ်ပစ္စည်းတွေကို အလှူခံပြီး ကျောင်းသားတစ်ယောက်ကို ခေါ်ခိုင်းတယ်။ ကျောင်းသားရောက်လာတော့ အဲဒီကျောင်းသားလက်ထဲကို ဝတ္ထုငွေ အပ်ခိုင်းတယ်။

'ဦးပဥ္စင်း အလှူခံလိုက်လဲ ပြီးတာပဲဘုရား'

လို့ ဖိုးဟန်က လျှောက်တော့...

'ကျောင်းဆရာ ဝိနည်းဆိုတာ သေးသေးလေးကစပြီး လိုက်နာကျင့်သုံးရတယ်။ သေးသေးလေးကို မလိုက်နာတဲ့ ဖောက်ဖျက်ရင် ကြီးကြီး ကြီးလဲ ဖောက်ဖျက်မှာပဲ။ သာသနာမှာ ဝိနည်းက အသက်'

လို့ မိန့်တော်မူတယ်။

အဲဒါလဲ ဖိုးဟန်သိတဲ့ကိစ္စ။

တစ်နေ့မှာတော့ မြန်အောင်မြို့ကို ကြွဖို့ရှိတယ်။ လိုက်ခဲ့ပါ။ ကျောင်းလဲ ပိတ်တာပဲလို့ ဦးပဥ္စင်းလေးက အမိန့်ရှိတယ်။ ဖိုးဟန်ကလဲ လိုက်ချင်နေတာနဲ့ အံကိုက်ပဲ။ အဖိတ်နဲ့ ဥပုသ် (၂)ရက်၊ ကျောင်းပိတ်တဲ့ရက်။

မြန်အောင်ကို ကြွမယ့်နေ့ ဖိုးဟန်က တရုတ်မှော်က စောင့်ရတယ်။ မနက် (၉)နာရီလောက်မှာ ဦးပဥ္စင်းလေး ကြွလာတယ်။ မွန်းလတ်ဆွမ်းကပ်ပေမယ့် မဘုဉ်းပေးဘူး။ ဆွမ်းကိစ္စ ပြီးခဲ့ပြီလို့ မိန့်တယ်။ အရုဏ်ဆွမ်း ပြီးခဲ့တာနဲ့တူပါရဲ့။

ပြည်ကနေ စုန်လာတဲ့ သင်္ဘောက ဆိပ်သာဆိုက်ပြီးမှ တရုတ်မှော်ကို ဆိုက်တယ်။ အဲဒီအချိန်က သင်္ဘောလမ်းကြောင်းအမှန်က တရုတ်မှော်ပြီးတော့ ကွေ့မ၊ ကြံခင်း၊ မြန်အောင် ဆက်ဆိုက်သွားတယ်။ သင်္ဘောက ဒီနေ့မှ နောက်ကျနေတော့ မနက် (၁၁)နာရီလောက်မှ တရုတ်မှော်ကို ဆိုက်တယ်။ ဖိုးဟန်ကတော့ ဆွမ်းကိစ္စ ကြောင့်ကြလှပြီ။

ကြံခင်းမှာ နည်းနည်းကြာတယ်။ မြန်အောင်ရောက်တော့ မွန်းလွဲနေပြီ။ ဖိုးဟန်က အကြောင်းလား၊ လူဝတ်ကြောင်၊ နေ့လယ်စာကို နောက်ကျတာပဲ ရှိမယ်။ စားလို့ရတယ်။ ဦးပဥ္စင်းလေးမှာတော့ နေ့ဆွမ်းတစ်နပ် လစ်လပ်သွားပြီ။

နေ့ဆွမ်း မဘုဉ်းပေးရပေမယ့် အဲဒီအကြောင်းနဲ့ ပတ်သက်လို့ စိတ်ထဲရှိပုံမရဘူး။ ကြောင့်ကြမဲ့။ တရားကို နှလုံးသွင်းလို့ ပီတိနဲ့နေတယ်လို့ ဖြေတယ်။

အဲဒါလဲ ဖိုးဟန်သိတယ်။ ကိုယ်တွေ့။

ဦးပဥ္စင်းလေးက နှုတ်ထွက်စကား မိန့်ကြားတဲ့အခါ တိုးတိတ်ညင်သာတယ်။ မနည်းနားထောင်ရတယ်။ လေပူ လုံးဝမရောဘူး။ ကျောင်းသား ကျောင်းသူမို့ ဒကာ,ဒကာမတွေဆိုလဲ ယုတ်စွအဆုံး ရဟန်းဒကာတွေလဲ ဘယ်သူနဲ့မဆို အဲဒီအတိုင်း။ နောက်ဆုံး ကျောင်းထိုင်ဆရာတော်နဲ့ တရားဆွေးနွေးတော့လဲ လေသံက အေးအေးလေး။

ရဟန်းခံလို့ ပွဲကြီးမျိုး သိမ်ဝင်ပြီး ကမ္မဝါဖတ်တဲ့အခါ ဆွမ်းအလှူ... သင်္ကန်းအလှူ၊ ရှင်ပြုအလှူတွေမှာ... အန္တရာယ်ကင်း ပရိတ်ရွတ်တဲ့အခါမှာ... မြတ်ဗုဒ္ဓရဲ့ ပဋ္ဌာန်းဒေသနာတော်... (၃)ရက်၊ (၅)ရက်၊ (၇)ရက် စသည်... ရွတ်ဖတ်ပူဇော်ရတဲ့အခါ အောင်မြ... ခံ့ညားတဲ့ အသံတော်ကြောင့် ဦးပဥ္စ... လေးမှ ဟုတ်ပါ့မလားလို့ အထင်မှား... ကြရတယ်။

ပဋ္ဌာန်းဒေသနာကို ရဟန်းတော်... တစ်ပါး (၁)နာရီ ရွတ်ဖတ်ပူဇော်... တယ်။ တစ်ပါးစီ၊ တစ်ပါးစီ အလှည့်... ကျ။ (၇)ရက် ပဋ္ဌာန်းပွဲဆိုရင် ရက်ကြ... ညောင်းတော့ နေမကောင်း ထိုင်မသာ... တချို့လဲ အသံနာတာနဲ့ ရဟန်းတော်... များ ရှိလာကြတယ်။

ဒီလိုမျိုး အကြောင်းကြုံလာပြီ... ရင် ဦးပဥ္စင်းလေးက (၃)ပါးစာအတွ... (၃)နာရီ မနားတမ်း ရွတ်ဖတ်ပူဇော်... တယ်။ အဲဒါလဲ ဖိုးဟန် သိတယ်။

တရုတ်မှော်ရွာ အုတ်ရစ်ပင်ကျေ... တိုက် ရွှေမြင်တင်စေတီတော် ဗုဒ္ဓပူ... ပဋ္ဌာန်းပွဲတွင် နားအကြားနဲ့ မျက်... အမြင်။

ဝွေးတောက်မြောင်ရွာ ... ကျေးအလှူ။ ပင့်သံဃာများ ကြွ... ကြတယ်။ (၁၅)ပါး ကျော်တယ်...



www.burmeseclassic.com

www.burmeseclassic.com

သက်တော်၊ ဝါတော် ကြီးရင့်တော်မူတဲ့ ဆရာတော်ကြီးများ၊ 'ဂိလာန ဆရာတော်ကြီးများကတော့ မကြွနိုင်ကြဘူး။ ဦးပဥ္စင်းများနဲ့ ကိုရင်လေးများ ကိုယ်စားကြွလာကြတယ်။ ငွေးတောက်မြှောင်ကျောင်းမှာ ခေတ္တ သီတင်းသုံးတော်မူကြရတယ်။

နေ့ဆွမ်း ကပ်ချိန်ရောက်တော့ ရွာလယ်က မဏ္ဍပ်ကို သံဃာတော်များ ကြွကြရတော့မယ်။ အဲဒီအချိန် ဆရာတော်တစ်ပါးက ရှေ့ဆုံးက ကြွဖို့ပြင်တယ်။ သံဃာတော်တွေထဲမှာ ဝါတော်(၃၀)ကျော်တာ (၅)ပါးလောက်ပဲ ရှိတယ်။ ဦးပဥ္စင်းလေးက ဝါတော် အကြီးဆုံး။

ရှေ့ဆုံးကကြွမယ့် ဆရာတော်က (၁၀)ဝါတောင် မပြည့်သေးဘူး။ တောထွက်ကြီး။ သက်တော် (၇၀)ကျော်လောက်ပြီ။

တခြားသံဃာတော်တွေက ဦးပဥ္စင်းလေးရဲ့ အရိပ်အကဲကို စောင့်ကြည့်နေကြတယ်။ နေရာမယူကြသေးဘူး။ ကျောင်းထိုင်ဆရာတော် ဦးဝေပုလ္လ သည်ပင်လျှင် ဦးပဥ္စင်းလေးထက် (၁)ဝါငယ်တယ်။

ဦးပဥ္စင်းလေးက ရှေ့ဆုံးကနေ ကြွဖို့ပြင်နေတဲ့ သက်တော် (၇၀)ကျော် ရဟန်းတော်ကြီးရဲ့ နောက်တော်ပါး ဒုတိယနေရာကနေ ကြွတော်မူတယ်။ ဝါတော်အစဉ်ကို သိတော်မူတဲ့ သံဃာတော်များက ဦးပဥ္စင်းလေးရဲ့ နောက်ကနေ ဝါစဉ်အလိုက် ကြွတော်မူကြတယ်။

ဖြစ်စဉ်က ဖိုးဟန်ကိုယ်တွေ့ မျက်မြင်။

ကျောင်းထိုင်ဆရာတော်က ဖိုးဟန်ကို တစ်ခါတုန်းက အမိန့်ရှိဖူးတယ်။

'ကိုယ့်ထက် သက်တော်၊ ဝါတော် ကြီးတော့ နောင်တော်ကြီးပဲ။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ သီတင်းသုံးစေပါတယ်။ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းကပ်လှူပါတယ်။ ဆိုဆုံးမစကားကိုလဲ အမြဲတမ်း နာယူလျက် ရှိပါတယ်။

ဆွမ်းပွဲမှာဆိုရင် စားကောင်းသောက်ဖွယ် ဆွမ်းဟင်းမှန်သမျှ ဦးပဥ္စင်းလေးရှေ့မှာ ထားပြီး ကပ်နိုင်းတယ်။ ရိုသေခြင်း ဂါရဝတရား အပြည့်ထားပါတယ်'

ဟုတ်ပါ့မျာ။ အရုဏ်ဆွမ်းတော့ မကြုံဘူး။ နေ့ဆွမ်းတော့ တစ်ခါတလေ ကြုံရတယ်။ ကျောင်းထိုင်ဆရာတော်က ဖိုးဟန်တို့ ဆရာ,ဆရာမတွေကို ဆရာတော်ဆွမ်းနဲ့ ဆွမ်းဟင်းပွဲကျွေးပြီး မနက်စာ ထမင်းကျွေးတဲ့အခါ မြင်ရပြီ၊ တွေ့ရပြီ၊ ဖွယ်ဖွယ်ရာရာ ဆွမ်းဟင်းတွေက ဦးပဥ္စင်းလေးအနားမှာပဲ ပတ်ပတ်လည်ဝိုင်းလို့၊ သံဃာတော် (၂)ပါး အကြားမှာ ရှိကြလေတော့ ကျောင်းထိုင်ဦးပဥ္စင်းလဲ ဆွမ်းဟင်းတွေကို မီပါတယ်။ လက်တစ်ကမ်းအကွာ။

ဆွမ်းပွဲမှာ ဦးပဥ္စင်းလေးက ခေါင်းရင်း တောင်ဘက်က၊ ကျောင်းထိုင်ဆရာတော်က အရှေ့ဘက် မျက်နှာမူလို့ ထိုင်တော်မူကြတယ်။

ဆွမ်း ဘုဉ်းပေးတော်မူကြတဲ့အခါ (၂)ပါးစလုံး အလိုနည်းတော်မူကြတယ်။ ဆွမ်းနဲ့ ဆွမ်းဟင်း သင့်တင့်မျှတရုံပဲ။ ခြိုးခြံတဲ့အကျင့်၊ မြင့်မြတ်တဲ့ ဗုဒ္ဓလမ်းစဉ်၊ မြင်ရသူ သဒ္ဓါပွားလို့ ကုသိုလ်တရား များကြလိမ့်မယ်။ ဖိုးဟန် အဲဒီအတိုင်းပဲ သိတယ်။

ကျောင်းဖွင့်စ စာအုပ်နဲ့ စာရေးကိရိယာတွေ ဝယ်ပြီဆိုရင် လယ်လုပ်ချိန်၊ ယာလုပ်ချိန်၊ တောသူတောင်သားတွေ လုပ်ငန်းခွင်ဝင်တဲ့အချိန်၊ စိုက်ပျိုးစရိတ်နဲ့ စားစရိတ်က ထောင်းနေတဲ့အချိန် သားသမီးတွေရဲ့ ပညာရေး အတွက် ဒူးရေဆွတ်ခုန်ကြရတယ်။ မတတ်နိုင်ကြတဲ့ မိဘက များတယ်။

ပညာရေးခရီး ရှေ့မဆက်နိုင်ကြသူတွေအတွက် ဦးပဥ္စင်းလေးက စွန့်ကြဲလှူဒါန်းတယ်။ ဖိုးဟန်ဆီက စာအုပ်စာတန်း မဝယ်နိုင်သေးတဲ့ ကျောင်းသားကျောင်းသူ စာရင်းကို တောင်းတယ်။ စာရင်းအတိုင်း ဝတ္ထုငွေကြေးလှူတယ်။ ကလေးတွေအပေါ်မှာ ထားရှိတဲ့ ဦးပဥ္စင်းလေးရဲ့ မေတ္တာ၊ စေတနာကို ဖိုးဟန် သိရပြန်ပါလေရော။

ညဘက် မအိပ်ခင် ဆီးသွားတဲ့ အကျင့် ဖိုးဟန်မှာရှိတယ်။ နှစ်ဆောင်ပြိုင်ကျောင်းရဲ့ မြောက်ဘက် ကျောင်းစည်းတန်းနားမှာ ဆီးသွားတာ။ ညစဉ်ညတိုင်း အဲဒီနေရာလေးမှာပဲ။ နေရာမပြောင်းဘူး။ မရွှေ့ဘူး။ တစ်ညတော့ ဆီးသွားမယ်လို့ ဖိုးဟန်အောက်ကို အဆင်း...

'ကျောင်းဆရာ ဓာတ်မီးယူသွားလေ'

လို့ ဦးပဥ္စင်းလေးက အမိန့်ရှိတယ်။

ဖိုးဟန်က ညဘက်ဆို ဓာတ်မီးမထိုးဘူး။ မသုံးဘူး။ လက်ထဲမှာ ပါသွားရင်တောင် မထိုးဘူး။ လူတွေရဲ့ စရိုက်က နေရာဒေသကို လိုက်တယ်။ ဓာတ်မီးထိုးလိုက်ရင် "ငါ ဒီမှာရှိတယ်"လို့ ပြောလိုက်တာနဲ့ အတူတူပဲလို့ ဖိုးဟန် ထင်တယ်။

အထင်ပါ။ ထင်တဲ့အတိုင်းလဲ လုပ်တာပါပဲ။ ဖိုးဟန်ရဲ့ ဒီအကျင့်ကို ဦးပဥ္စင်းလေးလဲ သိပါတယ်။ ညစဉ်ညတိုင်း ကြုံနေကြတဲ့ ကိစ္စလေ။

ရှေ့လ ဆက်ဖတ်ပါရန်


ရွှေတောင် ခင်မောင်ကြည်



www.burmeseclassic.com

www.burmeseclassic.com





စန်းအောင်လင်း
(စမ်းချောင်း)

# ကြုံဆုံခဲ့သော ညတစ်ည

လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က မိဘနှစ်ပါးနဲ့အတူ ကြုံတွေ့ခဲ့ရတဲ့ တကယ့် ဖြစ်ရပ်ဆန်းကြယ်ပုံလေးကို စာဖတ်သူများ သိစေချင်လို့ ဒီစာမူလေးကို ဝတ္ထုတစ်ပုဒ်လို တင်ပြလိုက်ပါတယ်။ ကျွန်တော်ဟာ စာရေးဆရာ မဟုတ်ပါဘူး။ စာရေးသူသာ ဖြစ်ပါတယ်။ ဖတ်ရတာ အဆင်မပြေမှု ဖြစ်ခဲ့ရင် ကျွန်တော် စာရေးသူရဲ့ အပြစ်ပါပဲ။

အဖြစ်က ဒီလိုဗျ... စာရေးသူနဲ့ မိဘနှစ်ပါးဟာ **ရန်ကုန်–ပြည် ကားလမ်းနံဘေးက ရွာလေးတစ်ရွာမှာ နေပါတယ်။** စာရေးသူတို့ ခြံဝင်းဟာ ပေငါးဆယ်၊ ခုနစ်ဆယ် ခြံဝင်းပါ။ ခြံထဲမှာတော့ တခြား သီးပင်စားပင် တော်တော်များများ စိုက်ထားပါတယ်။

တောရွာဆိုတာ သိကြတဲ့အတိုင်း ပတ်ဝန်းကျင်မှာ အမျိုးတွေက ပတ်လည်ဝိုင်းနေတာပဲ။ ခြေရင်းခြံမှာ အစ်မဝမ်းကွဲ၊ ခေါင်းရင်းဘက်မှာ အဖေ့ရဲ့ အစ်မတွေနဲ့ ကျွန်တော်ရဲ့ အစ်မတစ်ဝမ်းကွဲတွေက မုန့်ဟင်းခါးဖတ် လုပ်ငန်းကို လုပ်ကိုင်ကြတယ်။ အစ်မဝမ်းကွဲနှစ်ယောက်က တစ်အိမ်စီမှာ သူ့မိသားစုတွေနဲ့အတူ မုန့်ဟင်းခါးဖိုတွေ ထောင်ကြတယ်။

ကျွန်တော်တို့ ခြံတွေနဲ့ မနီးမဝေးမှာ စပါးတွေကို ဒိုင်အဖြစ် လက်ခံတဲ့ စပါးဒိုင်ရှိပါတယ်။ အဲဒီစပါးဒိုင်မှာ အဖေနဲ့ အမေက မုန့်ဟင်းခါးရောင်းပါတယ်။ ရွာအနီးအနားမှာ ပွဲလမ်းသဘင် ရှိရင်လဲ ညဘက်ဆိုရင် ဆိုင်ခင်း ဆိုင်သိမ်းဆိုရင် ကျွန်တော်ကိုယ်တိုင် အဖေနဲ့အတူ ဆိုင်ခင်းဆိုင်သိမ်း လုပ်ပေးပါတယ်။

မုန့်ရောင်းကုန်မှ ဆိုင်သိမ်းတယ် ဆိုတော့ အသွားတုန်းကလို မလေး တော့ပါဘူး။ မုန့်ဟင်းခါးဖတ်ထည့်တဲ့ ဇလုံထဲ ပန်းကန်တွေထည့်ပြီး ခေါင်းပေါ်ရွက်လာရုံပါပဲ။ ဆိုင်ထွက်မယ် ဆိုရင်တော့ ဟင်းရည်အိုးကို ဆိုင်းထမ်းနဲ့ထမ်းပြီး ယူသွားရုံပါပဲ။

စာရေးသူတို့ နေထိုင်တဲ့ အိမ်ရှေ့မှာ မူလတန်းကျောင်းလေးနဲ့အတူ ကျောင်းရှေ့မှာ ရွာထဲက လူငယ်တွေ ညနေ ကျရင်ကန်တဲ့ မကျဉ်းမကျယ် ဘောလုံးကွင်းရှိတယ်။ ကားလမ်းမှ နံဘေးက အိမ်တွေက လူတွေကတော့ ကားလမ်းဘက်မျက်နှာမူပြီး နောက်ဘက်ကျ တော့ ဘောလုံးကွင်းပေါ့။

ဒါပေမယ့် သရက်ပင်တွေ၊ ပိန္နဲပင်တွေ တခြားအပင်ကြီးတွေနဲ့ ဆိုတော့ ဘောလုံးကွင်းကနေ အိမ်ကို သိပ်မမြင်ရဘူး။ အပင်တွေက ကွယ်နေလို့ ဘောလုံးကန်ရင်လဲ အိမ်တွေကို မထိဘူး။ အပင်တွေခံနေလို့။

စာရေးသူလဲ အသက်နှစ်ဆယ်ကျော်ဆိုတော့ အိမ်ရှေ့မှာလဲ ဘောလုံးကွင်းရှိတော့ ဘောလုံးကန်ဖြစ်ပါတယ်။ စနစ်တကျမရှိဘဲ၊ ဘောကန်ဖိနပ်မလိုဘဲ အပျော်ကန်ရုံပါပဲ။

စာရေးသူပြောချင်တာက ဒီလိုပါ။ တစ်နေ့ရွာအနီးမှာ ဘုန်းကြီးပျံပွဲရှိပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ရွာတွေက အသုဘတို့၊ ဘုန်းကြီးပျံတို့ဆိုရင် တတ်နိုင်ရင် ပွဲတွေ ဘာတွေတောင် ထည့်ပါတယ်။ စာရေးသူ အဖေရဲ့အစ်မ ကြီးကြီး ဆုံးတုန်းက ဆိုရင် "မြဖိုးသာအောင်" ဆိုတဲ့ ဆိုင်းတောင် ထည့်ပါသေးတယ်။

တောရွာလေ့ ဘုန်းကြီးပျံကလဲ အလွန်ပဲ စည်ပါတယ်။ အဲဒီမှာ အဖေ ကြိုက်တဲ့ ဆိုင်းဝိုင်းလဲပါတော့ ဘုန်းကြီးပျံပွဲမှာ မုန့်ဟင်းခါးရောင်းဖို့ အမေနဲ့ အတူ ဝိုင်းကူရောင်းဖို့အတွက် အဖေဟာ ဆိုင်းလဲနားထောင်၊ မုန့်ဟင်းခါးလဲ ရောင်းပါတယ်။

တောရွာတွေဟာ ညဘက်တွေဆိုရင် အအေးပိုလေ့ရှိပါတယ်။ ဒါကြောင့် အမေနဲ့အတူ မုန့်ဟင်းခါးရောင်းတဲ့အဖေဟာ ခေါင်းပေါင်းတဘက်အဖြူနဲ့အတူ ခြုံနေကျ တဘက် မဖြူတဖြူကို ကိုယ်မှာပတ်ပြီး အဖေက ခေါင်းမှာ မုန့်ဟင်းခါးဖတ် ဖလုံရွက်ပြီး ကျွန်တော်က ဆိုင်းထမ်းထဲမှာ မုန့်ဟင်းရည်အိုးထမ်းပြီး ဘုန်းကြီးပျံပွဲကို လိုက်ပြီး စားပွဲငှား၊ ဆိုင်ခင်းပြီးတော့မှ ဆိုင်းမကြိုက်တဲ့သူမို့ အိမ်ကိုပြန်လာပါတယ်။

ညဥ့်နည်းနည်းနက်တော့ မုန့်ဟင်းခါး ကုန်ချိန်လောက်မှန်းပြီး ဆိုင်သိမ်းဖို့အတွက် ဘုန်းကြီးပျံရှိတဲ့နေ့ရာ ဆိုင်ဖွင့်တဲ့နားကို သွားပြီးကြည့်တော့ အမေဟာ မုန့်ဟင်းခါးကုန်လို့ ဆိုင်တောင် သိမ်းပြီးနေပါပြီ။

အဖေကတော့ ဆိုင်းဝိုင်းအရှေ့ဘက် ခပ်လှမ်းလှမ်း အင်္ကျီအဖြူလက်ရှည်နဲ့ ခေါင်းပေါင်းတဘက်အဖြူ ခေါင်းပေါင်းထားပြီး ဆေးပြင်းလိပ် (နဂါးဆေးပြင်းလိပ်) ပါးစပ်မှာခဲရင်း ဆိုင်းကြိုက်သူဆိုတော့ နားထောင်နေပါတယ်။



ညဥ့်ကလဲ နက်လှပြီ။ အမေကလဲ အိပ်ချင်ပြီမို့လို့ အဖေ့ကို လှမ်းခေါ်ပေမယ့် ခဏနားထောင်ပြီးမှ ပြန်လာမယ် ဆိုတာနဲ့ အလာတုန်းက ဟင်းရည်အိုးထဲမှာ ဟင်းရည်ရှိပေမယ့် အပြန်ကျတော့ ဗလာဖြစ်တာမို့လို့ အိုးထဲကို ဆုံတဲ့ ပစ္စည်းတွေထည့်ပြီး ဆိုင်းထမ်းနဲ့အညီ ထမ်းလာပါတယ်။ အမေကတော့ ရှေ့ကနေ တစ်ယောက်တည်း သွားပါပြီ။

အဖေကတော့ ခဏနေကျရင် မုန့်ဟင်းခါးဖလုံကို ခေါင်းပေါ်ရွက်လိုက်လာမှာပါ။ ဘာမှမပါဘူးဆိုပေမယ့် ရေနွေးအိုးတို့၊ ပန်းကန်တို့၊ မီးခွက်တို့ကို ဖလုံထဲ ထည့်ရွက်လာမှာပေါ့။

အရှေ့ကသွားတဲ့ အမေကတော့ အိမ်ရောက်နေပါပြီ။ ကျွန်တော်လဲ အိမ်ပေါ်မှာ ဆိုင်းထမ်းချပြီး အဖေပါလာမလားလို့ နောက်ကို လှမ်းကြည့်လိုက်တဲ့အခါ ဘောလုံးကွင်းအလယ်လောက်မှာ အဖေ့ကို ဖလုံအဖြူ ခေါင်းပေါ်ရွက်ပြီး လာနေတာ တွေ့ရပါတယ်။

ဒါနဲ့ ကျွန်တော်လဲ အိမ်ပေါ်မှာ ဆိုင်းထမ်းချပြီး အဖေ့ခေါင်းပေါ်က ဖလုံကို ယူမလို့ အဖေ့ဆီသွား အနားရောက်တဲ့အခါမှာ အဖေကို လုံးဝမတွေ့ရပါဘူး။ လကလဲသာသာ ဘောလုံးကွင်းကလဲရှင်းရှင်း ခေါင်းပေါင်းအဖြူ၊ အင်္ကျီအဖြူလက်ရှည်၊ ဖလုံအဖြူရွက်လာတဲ့ အဖေကို အသက်နှစ်ဆယ်ကျော် ကျွန်တော့်မျက်လုံးနဲ့ အမြင်မှားစရာ မရှိပါဘူး။

တောမှာနေပြီး မှိုရှာ၊ ငါးရှာ၊ ဖားရှာတဲ့ မျက်စိက ဒီလောက် မမှုန်သေးပါဘူး။ ဒါနဲ့ပဲ ဘောလုံးကွင်းဘေးနားက အပင်တွေနားမှာ အပေါ့များ စွန့်သလား စောင့်ကြည့်၊ ရှာကြည့်ပေမယ့် အရိပ်အယောင်တောင် မတွေ့ရပါဘူး။

ဒါနဲ့ ကျွန်တော်လဲ မကျေမနပ်နဲ့ ပွဲခင်းထဲအထိ သွားကြည့်တဲ့အခါမှာ အဖေက အခုမှ ပွဲခင်းထဲက ထလာပြီး အနားမှာချထားတဲ့ ဖလုံကို ခေါင်းပေါ်ရွက်ဖို့ ပြင်နေတုန်း ကျွန်တော် အနားရောက်သွားပြီး ဖလုံကို ကျွန်တော့်ခေါင်းပေါ်ရွက်ပြီး အဖေ့ကို မေးလိုက်ပါတယ်။

'အဖေ ခုနတုန်းက ကျွန်တော့်နောက်က လိုက်လာသလား'

'မင်းမြင်တဲ့အတိုင်းပဲ အခုမှ ပြန်မလို့ ထလာတာပဲ'

'မဟုတ်ပါဘူး အဖေပြန်လာပြီး ပြန်နားထောင်တာ မဟုတ်လား'

'ငါက ဘာလို့ ပြန်လာရမှာလဲ ပေါက်တတ်ကရတွေ မပြောစမ်းနဲ့ကွာ'

ပြောပြောဆိုဆိုနဲ့ အဖေဟာ ရှေ့ကနေ ခပ်သုတ်သုတ် သွားနေပါတယ်။ ကျွန်တော်လဲ ဖလုံကို ခေါင်းပေါ်ရွက်ပြီး **ခုနတုန်းက ဘောလုံးကွင်းထဲမှာ တွေ့ခဲ့တာ အင်း... တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာဖြစ်တာလဲဆိုတာ** စာဖတ်ပရိသတ်ကြီးကိုပဲ မေးကြည့်ပါရစေတော့...

**စန်းအောင်လင်း**

***(စမ်းချောင်း)***



www.burmeseclassic.com

www.burmeseclassic.com



# မယုံကြည်ချင်နေပါ

တောင်တွင်းကြီးမြို့မှ (၆)မိုင်အကွာ၊ ရန်ကုန်–ပြည်–မန္တလေး လမ်းမကြီးပေါ်ရှိ **ချောင်းနက်ကျေးရွာမှ လမ်းခွဲ၍ တောင်ညိုသို့** ဖောက်သောလမ်းကို အရှိန်အဟုန် ကောင်းကောင်းနဲ့ လမ်းဌာန(DOH)မှ ဆောင်ရွက်နေချိန်က အဖြစ်ပါ။

ချောင်းနက်ကျေးရွာမှ (၁၅)မိုင်ခန့် အကွာအဝေးမှာရှိတဲ့ ငါးခုံးမစခန်းမှာ တဲတန်းလျားများဆောက်၍လမ်းဌာနဝန်ထမ်းများနှင့် အလုပ်သမားများ စခန်းချနေထိုင်ပြီး လမ်းလုပ်ငန်းများ ဆောင်ရွက်နေကြပါတယ်။

တစ်ရက်သော နံနက်ခင်းမှာပေါ့။ ကျွန်တော်တို့နေတဲ့ စခန်းနဲ့ မနီးမဝေးမှာရှိသော သစ်ပင်ကြီးတစ်ပင်အောက်မှာ အားလုံး ဝါးနဲ့ချည်း ဖြစ်သလို အနေအထားဖြင့် ဆောက်ထားတဲ့ နတ်စင်ကလေး တစ်စင် ရှိပါတယ်။

အဲဒီ နတ်စင်ကလေးပေါ်မှာတော့ ဝါးကျည်တောက်ထဲတွင် သစ်ခက်သစ်ရွက် အညွှန့်များထိုး၍ ပူဇော်ပသထားသည်ကို တွေ့ရတဲ့ စာရေးသူရဲ့ လုပ်ဖော်ကိုင်ဖက်လဲဖြစ်၊ သူငယ်ချင်းလဲဖြစ်တဲ့ ဦးမောင်မောင်ဆိုသူက...

'ဘယ်သူတွေ လုပ်ထားတာလဲ၊ တော်တော် ရှုပ်တာပဲ'

စသည်ဖြင့် ပြောဆိုရင်း ၎င်းယိုင်နဲ့နဲ့ နတ်စင်ကလေးအား ဖျက်ဆီးပစ်လိုက်ပါတယ်။

အဲဒီနေ့မှာပဲ ထမင်းစားချိန်စခန်းကို ပြန်ရောက်ကြတော့ကာ စာရေးသူရဲ့ သူငယ်ချင်းပေါ့။ ၎င်းရဲ့ တဲအနီးရှိ အဝတ်လှန်းဖို့ ပြုလုပ်ထားတဲ့ ကြိုးတန်းအား ဝင်တိုးမိပါတော့တယ်။

၎င်း ကြိုးတန်းမှာ စခန်းကို သူရောက်စကတည်းက လုပ်ထားတာ ဖြစ်လို့ နေ့စဉ် တွေ့နေကျပါ။ တစ်ကြိမ် တစ်ခါမှ ဤသို့ မဖြစ်ဖူးပါ။ အဲဒီလို တိုးမိရာမှာလဲ ဖြစ်ဖြစ်မြောက်မြောက် ထိခိုက်မိခြင်းမရှိပါ။

သို့သော် နောက်တစ်နာရီခန့် အကြာတွင် သူငယ်ချင်းရဲ့ မျက်နှာတစ်ခုလုံး ယောရောင်လာသည်မှာ မြင်မကောင်းအောင်ပါပဲ။ မျက်စိမှာလဲ ဘာမှမမြင်ရတော့ပါ။

ထိုအချိန်တွင် အတွေ့အကြုံလဲများ၊ ဗဟုသုတလဲ စုံလင်သော **အလုပ်သမားမှူး ဦးဘိုးဟန်ဆိုသူက**...

'ဒီမနက်ပိုင်းက တောထဲမှာ ဘာအမှားများ လုပ်ခဲ့တုံး'

လို့ မေးပါတယ်။

နတ်စင်ကလေးအား ဖျက်ဆီးပစ်ချိန်က သူငယ်ချင်း၏အနီးမှာ ရှိနေခဲ့တဲ့ အလုပ်သမား ကိုစံသိန်းဆိုသူက ၎င်း၏ဆရာဟာ သူတစ်ပါး ဆောက်လုပ် ပူဇော်ထားတဲ့ နတ်စင်အား ဖျက်ဆီးပစ်ခဲ့ကြောင်း ပြန်လည် ပြောပြပါတယ်။

ဦးဘိုးဟန်က...

**"တောတောင်ထဲတွင် ဤသို့ပြု လုပ်သည်မှာ အလွန် မှားယွင်းကြောင်း"** ပြောပါတယ်။

အဲဒီနောက် သိတဲ့ အလုပ်သမားအား ထိုနေရာသို့ လိုက်ပို့ခိုင်းပြီး နတ်များအား တောင်းပန်ကြောင်း သိရပါတယ်။ ညနေပိုင်းမှာ ၎င်းနေရာဟောင်းမှာ နတ်စင်အသစ်တစ်စင် ဆောက်လုပ်ပေးထားပြီး ပန်းများဖြင့် ဝေဆာနေတဲ့ ဝါးကျည်တောက်အသစ်ကလေးများအား မြင်တွေ့ရပါတော့တယ်။

ဦးဘိုးဟန် သွားရောက် တောင်းပန်တဲ့ အချိန်ကစလို့ စာရေးသူရဲ့ သူငယ်ချင်း ခံစားနေရတဲ့ ဝေဒနာဟာ တဖြည်းဖြည်း သက်သာလာပြီး ညပိုင်းမှာ ဖောရောင်နေခြင်းများ သက်သာ ပျောက်ကင်းသွားပါတယ်။ မျက်စိမှာလဲ အကောင်းပကတိ ပြန်ဖြစ်သွားပါတော့တယ်။

ဒါကြောင့် စာရေးသူ ပြောလိုတာက...

'ဤကိစ္စမျိုးတွင် မယုံကြည်ချင်နေ ဒါပေမယ့် သူတို့ကိုတော့ သွားပြီး နှောင့်ယှက် ဖျက်ဆီးခြင်း မလုပ်ပါနဲ့'

လို့...

သူငယ်ချင်းရဲ့ အမည်မှန်ကို ပြောင်းထားခြင်းမှအပ အဖြစ်အပျက် အားလုံးသည် တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါကြောင်း ပြအပ်ပါသည်။

**တောင်တွင်း–ချော်ငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်းသုံးဆယ်ကျော်မျှ အမှုထမ်းခဲ့ပြီးနောက် အငြိမ်းစားယူခဲ့၏။

ယခုသော် ကျွန်ုပ်မှာ အငြိမ်းစားဘဝသို့ ရောက်ခဲ့ပေပြီ။ အငြိမ်းစား မယူမီကပင် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကျွန်ုပ်သည် အပူပိုင်းဒေသ သစ်သီးခြံတစ်ခြံကို ရမည်းသင်းမြို့၌ စိုက်ပျိုးခဲ့၏။ ထိုအသီးအနှံများ ရောင်းရငွေဖြင့်ပင် အေးချမ်းစွာ စားသောက်နေထိုင်နိုင်ပေသည်။

သရက်ခြံလုပ်ငန်းမှာ အခြားရာသီသီးနှံ စိုက်ပျိုးရသည်လောက် ကရိကထမများလှပေ။ မိသားစုလုပ်အားအပြင် ပြင်ပမှ ရာသီချိန်အလုပ်သမား အနည်းငယ်မျှ ငှားရုံဖြင့်ပင် လုပ်ငန်းများကို လည်ပတ်နိုင်၏။ ကျွန်ုပ်၏ သားသမီးများကလည်း ကျွန်ုပ်အား မည်သည့် အလုပ်ကိုမျှ လုပ်ခွင့်မပြုကြပေ။ အလုပ်ဟူသမျှကို သူတို့ကသာ ဒိုင်ခံ၍ လုပ်နေကြပေတော့သည်။

သို့ဖြစ်ရာ ကျွန်ုပ်၏ နေ့တစ်ရပ်ဝအလုပ်မှာ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းနှင့် မြေးထိန်းရသည့် လုပ်ငန်းမျှသာ ရှိတော့၏။

ကျွန်ုပ်တွင် ခိုင်ရွှေမင်္ဂလာ၊ စိန်စီ ရတနာနှင့် ပတ္တမြားမာလာ ဟူသော မြေး(၃)ယောက် ရှိပါသည်။ မြေးဦး ခိုင်ရွှေမင်္ဂလာမှာ မိခင်က နို့ဖြတ်သည်နှင့် အဘိုး၊ အဘွားနှင့် အတူလိုက်၍ နေထိုင်သူဖြစ်ရာ သူ အိပ်ရာဝင်လေတိုင်း ကျွန်ုပ်က သူ့အား ပုံပြင်များကို ပြောပြရလေ့ ရှိပါသည်။

တစ်ညတွင် ကျွန်ုပ်သည် မြေးအား ရှေးကဖြစ်ခဲ့ဖူးသော သိကြားမင်းနှင့်



သုရခင်နိုင် (ဗျာပုံ)

# နဂါးနှင့်

ကိုယ်တွေ့ဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com

အသူရာတို့၏ စစ်ပွဲပုံပြင်ကို ပြောပြခဲ့၏။

ပုံပြင်ပြော၍အပြီးတွင် ပုံပြင်နှင့် ပတ်သက်သည့် သီချင်းတစ်ပုဒ်ကို ကျွန်ုပ်က တိုးညင်းစွာ ညည်းလိုက်မိပါသည်။

'အာလိန်ငါးဆင့်...နဂါးနှင့် ဂဠုန်ရဲ ကူဋ္ဌာန်ယက္ခ စတုမဟာရာဇာ မခံနိုင်ငြားလို့ သိကြားထွက်တဲ့အခါ တွက်ရေသိမ်းရှုစ်သောင်းခြောက်ထောင် ယူဇနာ ဝရဇိန်လွှတ်ခါ မြင်းမိုရ်ကိုပင် သူခွင်းချင်ခွင်းလို့ ဖောက်နိုင်တာ'

ကိုအံ့ကြီး သီဆိုထားသော သခွတ်ပွင့်နိုင်သီချင်း ဖြစ်ပါသည်။

'ဘိုးဘိုး နဂါးအကြောင်းပြော... နဂါးအကြောင်းပြော နဂါးအကြောင်းကို ရွှေမင်္ဂလာသီချင်းတယ် ပြောပြနော်'

မြေးက ပူဆာလေတော့၏။

ကျွန်ုပ်က သူ့အား ဘုရားရှင်လက်ထက်တော်က အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး နှိမ်နင်းခဲ့ရသော နန္ဒောပနန္ဒ နဂါးမင်းအကြောင်းကို ပြောပြ၏။ သူက အဆိုပါ အကြောင်းကို သူ့အဒေါ်များ ပြောပြသဖြင့် သိပြီးသားပါဟု ဆိုပါသည်။

ကျွန်ုပ်က ဝိရူပက္ခ၊ ဧရာပထ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမ ဟူ၍ နဂါးမျိုး (၄)ပါးရှိကြောင်း ပြောပြပြန်၏။ သူက နားမထောင်ချင်ပါ ဆိုပြန်သည်။

နောက်ဆုံးတွင် ကျွန်ုပ်က စောစောက ပြောခဲ့သော နဂါးမျိုး(၄)ပါးအပြင် နဂါးပြည်၌နေသောနဂါး၊ ရေ၌နေသော နဂါး၊ မြေပြင်၌နေသော နဂါးနှင့် တောင်ခေါင်းကြီးများအတွင်း၌ နေသော နဂါးများလည်း ရှိသေးကြောင်း ပြောပြရပြန်၏။ သူက စိတ်ဝင်စားဟန်မပြပါ။

'ရွှေမင်္ဂလာကို ဟိုးရှေးရှေးတုန်းက အကြောင်းတွေ မပြောနဲ့၊ ဘိုးဘိုး တွေ့ဖူးတဲ့ နဂါးအကြောင်းကိုပဲပြော'

ဟူ၍ မြေးက ဆိုလာဖြစ်တော့၏။

ဒီကလေးကို မဟုတ်မဟပ်တော်စွာ့လျော်စွာ ပြောပြ၍လည်းမဖြစ်၊ ပြောပြန်လျှင်လည်း သူက အခြားသူများကို ပြန်ပြောပြနေလျှင် မိမိသာ အရှက်ရမည်မို့ မိမိအား မိမိ၏ ဖခင် ပြောပြခဲ့ဖူးသော နဂါးနှင့်ပတ်သက်သည့် ဖခင်၏ကိုယ်တွေ့နှင့် မိမိလက်ထက် မိမိတွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပေါင်းစပ်ကာ ပြောပြမှ ဖြစ်လေတော့မည်ဟု ဆုံးဖြတ်ပြီး မိမိကြားသိ ကြုံတွေ့ဖူးသော ဖြစ်ရပ်မှန်များကို ပြောပြရပါတော့သည်။

* * *

ကျွန်ုပ်ဖခင်၏ နဂါးနှင့် ပတ်သက်သည့် အတွေ့အကြုံများအနက်မှ ပထမဖြစ်ရပ်မှာ ဤသို့ဖြစ်၏။ ကျွန်ုပ်၏ အဘိုး၊ အဘွားများသည် မအူပင်မြို့နယ်၊ တမန်လေးကျေးရွာတွင် လယ်ကေပေါင်းများစွာကို လုပ်ကိုင်နေထိုင်ကြသူများ ဖြစ်ပါသည်။

သားသမီးများကို မအူပင်မြို့ပေါ်တွင် အိမ်တစ်ဆောင်ဆောက်ကာ ကျောင်းတက်စေ၏။ ကျွန်ုပ်ဖခင်မှာ သားအကြီးဆုံး ဖြစ်ပေရာ ကျောင်းအားရက်များတွင် မိဘများထံပြန်၍ မြို့ပေါ်အိမ်အတွက် ဟင်းရန် သားငါးပုစွန်မှအစ ငါးပိငါးခြောက်များကို တစ်ပတ်စာ၊ တစ်ပတ်စာ ယူလာရလေ့ရှိပါသည်။

တစ်ရက်သော် ကျွန်ုပ်၏ ဖခင်သည် တမန်လေးကွင်းထဲ၌ မိဘများထံသို့ သွားရာတွင် သူ၏ညီမ(ကျွန်ုပ်၏အဒေါ်)တစ်ယောက်လည်း လိုက်ပါလာခဲ့၏။ မောင်နှမ နှစ်ယောက်သည် မအူပင်မြို့ပေါ်အိမ်မှ နေ့လယ်နှစ်နာရီခန့်တွင် စတင် ထွက်ခွာလာခဲ့ကြရာ တမန်လေးကွင်းထဲရှိ လူနေတဲမျာကို မြင်ရသည့်နေရာသို့ နေမဝင်မီ ရောက်ရှိခဲ့ကြပါသည်။

ထိုနေရာတွင် ကန်စွန်းပင်များ အလွန်ပေါများသော ရိုးတစ်ခုရှိ၏။ (ရိုးဟူသည်မှာ ချောင်းလက်တက် ဖြစ်ပါ၏။)ထိုရိုးသို့ရောက်လျှင် ကျွန်ုပ်၏ အဒေါ်ဖြစ်သူက ကန်စွန်းရွက်များကို ညစာအတွက် ခူးယူနေပါတော့သည်။

တစ်ခဏအကြာတွင် ကျွန်ုပ်၏ အဒေါ်သည် ကန်စွန်းရွက်ခူးနေရာမှ ရိုးကမ်းပေါ်သို့ အပြေးတက်လာခဲ့၏။

ကျွန်ုပ်၏ဖခင်က မေးမြန်းရာ လက်ညှိုးလုံးခန့်ရှိပြီး အမောက်ရှိသော မြွေတစ်ကောင်ကို သူ တွေ့လိုက်ရကြောင်း၊ မြွေ၏အရောင်မှာ ကြာနီပွင့်အရောင်ကဲ့သို့ ရဲရဲနီနေပြီး သူရှိရာဘက်သို့ ရေကူးလာရင်းက သူ ဟင်းရွက်ခူးနေသည်ကို ဦးခေါင်းထောင်၍ ကြည့်သွားကြောင်း ပြောပြပါသည်။

ခရီးဆက်ခဲ့ကြရာ တဲသို့ ရောက်သည်နှင့် အဒေါ်ဖြစ်သူမှာ အပြင်းဖျားတော့၏။ တစ်ညလုံး လူမှန်းသူမှန်းပင် မသိတော့ချေ။ နံနက်လင်းလျှင် လင်းချင်း ကျွန်ုပ်၏ ဘိုးအေဖြစ်သူက သူကိုးကွယ်သော ဆရာတော်ထံ သွားရောက်ကာ အကြောင်းစုံကို လျှောက်ထား၏။

'ဒကာကြီးသမီး တွေ့ခဲ့တာက ရိုးရိုးမြွေမဟုတ်တဲ့ကိုးကွယ်။ အဲဒါ နဂါးလို့ခေါ်တယ်။ သူ့ကို ရန်မမူလို့ သူကလဲ ပြန်ပြီး ရန်လုပ်မသွားတာပဲ။ အခုလို သေးသေးလေး တွေ့လိုက်ရလို့ အမှန်တကယ် သေးသေးလေး မမှတ်လိုက်နဲ့ သူတို့က လိုသလို ဖန်ဆင်းလို့ရတဲ့သတ္တဝါတွေ ဖြစ်တယ်။ အခု သူက ရိုးရိုးကြည့်ရုံနဲ့တောင် ဒီလောက် ခံရတယ်





www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အကာကြီး စဉ်းစားသာ ကြည့်ပေ
ပေ့..

ဆရာတော်က အမိန့်ရှိပြီး ရေတစ်ခွက်ကို ယူကာ မန်း၍ ပေးလိုက်သည်။

ဆရာတော်၏ ရေမန်းကို တိုက်ပြီး တစ်နာရီခန့် အကြာတွင် အဒေါ်ဖြစ်သူမှာ အဖျားကျသွားပြီး ပကတိ ပြန်လည်ကောင်းမွန်သွားပါတော့သည်။

ဖခင်၏ အတွေ့အကြုံ ဒုတိယဖြစ်ရပ်မှာ ဤသို့ဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင် အသက်(၂၀)အရွယ်တွင် မိဘများ၏ တိုက်တွန်းချက်အရ ရဟန်းဘောင်သို့ ဝင်ခဲ့၏။ ဖခင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည့် ကျောင်းမှ ကျောင်းထိုင်ဆရာတော်မှ ကျွန်ုပ်၏အဒေါ်ကား ရေမန်း,မန်း၍ ပေးသောဆရာတော်ပင် ဖြစ်ပါသည်။

ဆရာတော်သည် တပည့်ရဟန်းငယ်များ၊ ကိုရင်များနှင့် တရင်းတနှီးနေလေ့မရှိပေ။ ဆရာတော်ကား နံနက်အရုဏ်ဆွမ်းစားချိန် နေ့ဆွမ်းစားချိန်နှင့် ညဘုရားဝတ်ပြုချိန်တို့၌သာ တွေ့ရတတ်၏။

အခြားအချိန်များတွင် ယင်း၏ကျက်သရေခန်းအတွင်း၌သာ နေလေ့ရှိပါသည်။ ဆရာတော်က စာချခြင်းလည်း မပြုပေ။ ကျောင်းတွင် စာချဘုန်းကြီးတစ်ပါး သီးသန့်ရှိပါ၏။

ကျွန်ုပ်၏ဖခင် ရဟန်းဝတ်နှင့်ရှိနေစဉ်အတွင်း တစ်ရက်သော နံနက်စောစောတွင်ဖြစ်သည်။ ဆရာတော်က ကျောင်းရှိ ရဟန်းငယ်များ၊ ကိုရင်များ၊ ကျောင်းသားများကို ခေါ်ကာ...

'ငါ့တပည့်များနဲ့ ငါ မကြာမီခွဲရတော့မယ်။ ငါ့မှာ ခရီးထွက်ရန် အကြောင်းကိစ္စ ပေါ်လာပြီ၊ ငါခရီးမသွားမီ ငါ့အစွမ်းကို ငါ့တပည့်များအား ပြခဲ့ဦးမယ်'

ဟု အမိန့်ရှိလိုက်သည်။

ထို့နောက် ကျောင်းရှေ့မြေပြင်တွင် အချင်းတစ်လံခန့်ရှိသော စက်ဝိုင်းပုံစည်းဝိုင်းတစ်ခုကို ဝိုင်းလိုက်ပြီး သက္ကတဘာသာဖြင့် ဂါထာများကို ရွတ်တော့သည်။ မကြာမီ ရေမြွေ၊ မြက်လျှောမှအစ အဆိပ်မဲ့မြွေများ ရောက်လာကြတော့၏။ ဆရာတော်က...

'မင်းတို့ကို ငါခေါ်သည်မဟုတ် ငါခေါ်သည့်မှာ အခြားပုဂ္ဂိုလ်သာ ဖြစ်သည်'

ဟု ပြောကာ အဆိုပါ ရောက်လာသော မြွေများကို ပြန်လွှတ်၏။

ထို့နောက် မြွေပွေး၊ မြွေဟောက်များ ရောက်လာပြန်သည်တွင် ဆရာတော်က အလားတူ ပြောကာ ပြန်လွှတ်ပြန်၏။

ထို့နောက် ယောက်ျားကြီးတစ်ဦး၏ လက်မောင်းလုံးသာသာခန့် လုံးပတ်ရှိသော ငန်းတော်ကြားမြွေကြီး တစ်ကောင် ရောက်လာပြန်သော်လည်း ဆရာတော်က ပြန်လွှတ်ခဲ့ပြန်ပါသည်။ ယင်းမြွေများသည် ဆရာတော် ဝိုင်းထားသော စည်းအတွင်းသို့ မဝင်နိုင်ကြဟု ဆို၏။

ဆရာတော်က ဂါထာမန္တန်များကို ဆက်ကာဆက်ကာ ရွတ်နေပြန်သည်။ အတန်ကြာတော့မှာ စည်းဝိုင်းအတွင်း မီးခိုးများ ထလာပြီး မီးခိုးများ ပြယ်ချိန်၌ စည်းဝိုင်းအလယ်တွင် ဟင်္သပဒါးရောင်ကဲ့သို့ ရဲရဲနီသော အရောင်အသွေး ရှိသည့် မြွေငယ်တစ်ကောင် ရောက်ရှိနေတော့၏။ ထိုမြွေ၌ တိုက်ကြက်ဖ၏ အမောက်ကဲ့သို့သော အမောက်လည်း ပါရှိသည်ဟု ဆိုပါသည်။

ဆရာတော်က အဆိုပါမြွေအား သက္ကတဘာသာဖြင့် စကားပြော၏။ မြွေကလည်း သက္ကတဘာသာဖြင့်ပင် စကားပြန်ပြောသည်ဟု သိရပါသည်။ မြွေ၏ စကားပြောသံမှာ ကလေးငယ်ကလေး၏ စကားပြောသံနှင့် တူသည်ဟု ဆို၏။

အတန်ကြာ ဆရာတော်နှင့် မြွေ အပြန်အလှန် စကားပြောဆိုပြီးနောက် ဆရာတော်က မြွေကို ပြန်လွှတ်လိုက်၏။ စည်းဝိုင်းအတွင်း မီးခိုးများ ထလာပြီး မီးခိုးပြယ်ချိန်တွင် မြွေလည်း ပျောက်ကွယ်သွားတော့သည်။

မြွေ ပျောက်ကွယ်သွားပြီးနောက် ဆရာတော်က ယင်းနောက်ဆုံးခေါ်လိုက်သောပုဂ္ဂိုလ်မှာ နဂါးဖြစ်ကြောင်း တပည့်များအား ပြောပြသောဟူ၏။

ဆရာတော်က တပည့်များအား **"မင်းတို့ ငါ့ဆီက ဘာများ တောင်းစရာရှိသလဲ"** ဟု မေးပါသော်လည်း မည်သည့်တပည့်ကမျှ တစ်စုံတစ်ရာ တောင်းခံခြင်းမပြုခဲ့ပေ။ ဆရာတော်က **"ငါ့တာဝန်တော့ ကုန်ပြီ"** ဟုဆိုကာ ကျက်သရေခန်းအတွင်း ပြန်လည်ဝင်ရောက်သွားတော့၏။

ရက်များမကြာမီ ဆရာတော် ပျံလွန်ခဲ့ပါသည်။ ဆရာတော် ပျံလွန်ပြီးကာမှ ဆရာတော့်ထံမှ ပညာမယူလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သည့်ကို တပည့်များ ယူကျုံးမရ ဖြစ်ကြရ၏။ ယနေ့တိုင် တပည့်များက ဆရာတော် ထွက်ရပ်လမ်းသို့ ကြွမြန်းသွားခြင်း ဖြစ်ကြောင်း ယုံကြည်လျက် ရှိကြပါသည်။



နဂါးနှင့်ပတ်သက်၍ နောက်ထပ် ဖြစ်ရပ်တစ်ခုမှာ ကျွန်ုပ်၏ ကိုယ်တွေ့ဟု ဆိုနိုင်၏။ ကျွန်ုပ် ပြင်ဦးလွင်မြို့ရှိ စစ်ကျောင်းကြီး တစ်ကျောင်းတွင် ရှိစဉ်က ဖြစ်ပါသည်။

ထိုစဉ်ကကျွန်ုပ်တို့ တပ်မတော်အရာရှိများမှာ ကျောင်းတာဝန်မှူးနှင့် တပ်နယ်တာဝန်မှူးဟူ၍ တာဝန်မှူး တာဝန်များကို အလှည့်ကျသူကြရ၏။ တပ်နယ်တာဝန်မှူးတာဝန်မှာ တပ်နယ်တစ်ခုလုံးကို ကိုယ်စားပြုရသည်ဖြစ်ရာ တာဝန်ကြီးလေးလှပါသည်။

ကျွန်ုပ် တပ်နယ်တာဝန်မှူးတာဝန်ကျသည့် တစ်ရက်က ဖြစ်၏။ ထိုနေ့က နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း တစ်လျှောက်လုံး မိုးရွာထားသည်ဖြစ်ရာ ပြင်ဦးလွင်၏ ရာသီဥတုမှာ တောင်နိုးဝေဝေ မြူခြေဆိုင်းဆိုင်းဟူ၍ တင်စားရမည့် အနေအထား ရှိနေပါသည်။

ရုံးပိတ်ရက်လည်း ဖြစ်သဖြင့် တပ်မတော်သား အိမ်ထောင်သည် မိသားစုများမှာ မိမိတို့ အိမ်အတွင်း၌ပင် အနားယူလျက်ရှိကြ၏။ ကျွန်ုပ်ကိုယ်တိုင်ပင်လည်း တာဝန်မှူးရုံးခန်းရှိ ကျွန်ုပ်၏ အိပ်စင်ပေါ်တွင် လဲလျောင်းရင်း စာအုပ်တစ်အုပ်ကို ဖတ်ရှုနေမိပါသည်။

''ဒိုင်း''ဟူသော ပေါက်ကွဲသံတစ်ခုကို ကြားလိုက်ရသဖြင့် ကျွန်ုပ်သည် လဲလျောင်းနေရာမှ ထလိုက်ရင်း လက်နှိပ်စက်ရိုက်နေသော တာဝန်ကျစာရေးအား...

'ဘယ်ဘက်က ကြားလိုက်သလဲ' ဟု မေးမြန်းလိုက်ပါသည်။

ဘဏ်ဘက်ကဟူသော သူ၏ အဖြေကြောင့် ကျွန်ုပ်က ဗဟိုကင်းမှ စစ်သည်နှစ်ဦးကိုခေါ်ကာ တာဝန်ကျယာဥ်ဖြင့် ဘဏ်ဘက်သို့ ထွက်လာခဲ့၏။ ဘဏ်ရှေ့အရောက်တွင် ဘဏ်ဆင်ဝင်အောက်၌ လူစုစု စုစု ဖြစ်နေသဖြင့် ကမန်းကတန်းပင် ထိုလူစုရှိရာသို့ သွားရောက်ခဲ့ရပါသည်။

လူစုအလယ်တွင် ဘဏ်အစောင့် ဝန်ထမ်း ဂေါ်ရခါးအမျိုးသားကြီးတစ်ဦးမှာ လက်တွင်းတွင် နှစ်လုံးပြူးသေနတ်ကို ဆုပ်ကိုင်ထားရင်းက သတိလစ်ကာ လဲကျနေ၏။

ကျွန်ုပ်သည် လူအုပ်အတွင်းသို့ တိုးဝင်သွားကာ ဘဏ်အစောင့်ကြီးထံမှ လက်နက်ကို ယူလိုက်ရင်း သူ၏ကိုယ်တွင် ဒဏ်ရာတစ်စုံတစ်ရာရှိမရှိ စစ်ဆေးလိုက်ပါသည်။ ဒဏ်ရာမရှိကြောင်း တွေ့ရတော့မှ လူအုပ်အတွင်းရှိ နားလည်သူတစ်ဦးအား ရှေးဦးသူနာပြုနည်းဖြင့် သတိပြန်လည် ရရှိစေရန် ပြုစုခိုင်းလိုက်ရပါ၏။

မကြာမီပင် ဘဏ်ဝန်ထမ်း ဂေါ်ရခါးအမျိုးသားကြီးမှာ သတိပြန်လည်ရရှိလာခဲ့ပါသည်။ သူက သတိရလျှင်ရချင်း သူ၏သေနတ်ကို မေး၏။

'အင်း ဒါကြောင့်လဲ ဂေါ်ရခါးလူမျိုးတွေထဲက စစ်သားကောင်းတွေ ထွက်ကြတာ သူတို့လက်နက်ကို သူတို့အသက်မတန် မြတ် ကြပေတာပဲ။ သူလဲ စစ်သားဟောင်းကြ ပဲထင်ပါရဲ့'

ကျွန်ုပ်က စိတ်ထဲမှ မှတ်ချက်ချ ရင်း ရုတ်ခြည်းပင် တွေးလိုက် မိသည်။ ပြီးတော့မှ ကျွန်ုပ်က လက်နက်ကို ကျွန်ုပ် သိမ်းဆည်း ပေးထားကြောင်း ပြောလိုက်ပြီး မည်သို့ ဖြစ်ရသည်ကို မေးမြန်းတော့မှ သူ အကြောင်းစုံကို ပြောပြပါသည်။

ထိုစဉ်က ဘဏ်ဝင်းအတွင်း၌ ဘဏ် အဆောက်အအုံ၏ အရှေ့ကိုက် (၂၀) ခန့်တွင် ဘဏ်အဆောက်အအုံ ပြုပြင်စဉ်က စုပုံထားသော အုတ်ကျိုး အုတ်ပဲ့ အပုံတစ်ပုံ ရှိနေ၏။

ထိုနေ့က တစ်နေ့လုံးနီးပါးမျှ ရွာ သွန်းထားသော မိုးရေနှင့် ညနေပိုင်း နေ၏ အပူရှိန် ထိတွေ့မှုကြောင့် အုတ် အတွင်းမှ ရေခိုးရေငွေ့များ တငွေ့ငွေ့ ထွက်လျက် ရှိပေသည်။

ပြင်ပရာသီဥတုမှာလည်း မြူဆိုင်း လျက်ရှိပေရာ မြူခိုးနှင့်အုတ်ပုံအတွင်း ထွက်နေသော အခိုးအငွေ့တို့မှာ ရောနှောယှက်လိမ်လျက် ရှိနေ တော့၏။


ဘဏ်အစောင့် ဝန်ထမ်းကြီးသည် သူ့ရှေ့တည့်တည့်ရှိ အုတ်ပုံကို ဂရုစိုက် ၍ ကြည့်နေမိ၏။ သူ၏ မြင်ကွင်း အတွင်း၌ အုတ်ပုံပေါ်တွင် သတ္တဝါတစ် ကောင်ရှိနေသည်ကို မသဲမကွဲ မြင်နေ သည်။

သူက သေချာစေရန် ရှေ့ အနည်းငယ် တိုးလိုက်ပြီး ကြည့်လိုက် သည်တွင် အမောက်ရှိသော မြွေကြီး တစ်ကောင်ကို အခိုးအငွေ့များ အကြား ဝယ် ထင်ထင်ရှားရှားကြီး မြင်လိုက် ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူက အသင့်ပါလာသော နှစ်လုံးပြူးသေနတ်ဖြင့် ထိုမြွေကြီးကိုချိန်ကာ မောင်းခလုတ်ကို ဆွဲလိုက်ပါသည်။ သူ့အနေဖြင့် သူ မောင်းခလုတ်ကို ဆွဲသည်အထိကိုသာ သိရှိလိုက်ရပြီး နောက်ပိုင်းကို ဘာမျှ မသိရတော့ ကြောင်း၊ သူ၏ သေနတ်မှ ကျည်ပေါက် ကွဲသံကိုပင် သူ မကြားလိုက်ရကြောင်း ပြောပြ၏။

ကျွန်ုပ်သည် အုတ်ပုံပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပါသော်လည်း မည်သည့်သတ္တဝါကိုမျှ မတွေ့ရတော့ပါချေ။ မြွေနီကြီးမှာ ပျောက်ချင်းမလှ ပျောက်ကွယ်ခဲ့လေပြီတည်း။

နောက်ဖြစ်ရပ်တစ်ခုမှာ ကျွန်ုပ် တောင်ကြီးမြို့တွင်နေစဉ်က ဖြစ်ပါသည်။ ကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်၏ သားငယ်နှစ်ဦးသည် အိမ်အနီးရှိ တင်းနစ်ကွင်းအတွင်းတွင် တစ်နေကုန် စက်ဘီးစီး သင်နေကြ၏။

သူတို့နှစ်ဦးမှာ ထိုစက်ဘီးစီး သင်ပေးနေသူမှာ ကျွန်ုပ်နှင့်အိမ်နီးချင်း ဒု/ဗိုလ်မှူးကြီးတစ်ဦး၏သား (၈)တန်း ကျောင်းသားလေးတစ်ဦး ဖြစ်ပါသည်။ သူတို့(၃)ဦးသည် မိုးချုပ်လုနီးနီး အချိန်တွင် စက်ဘီးစီးခြင်းကိုရပ်၍ တင်းနစ်ကွင်းအတွင်း၌ပင် ဝိုင်းဖွဲ့ကာ စကားပြောနေကြ၏။

ထိုစဉ် ကျွန်ုပ်၏ သားငယ်နှစ်ယောက်က **"မြွေကြီး မြွေကြီး"**ဟု အော်ကာ အိမ်ဘက်သို့ ပြေးလာကြတော့သည်။

ကျွန်ုပ်နှင့် အိမ်သားများက ထွက်၍ မေးမြန်းရာ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်သည် သူတို့ထိုင်နေသော တင်းနစ်ကွင်းကို သစ်ပင်ထိပ်ဖျား လွတ်ရုံအမြင့်မှ ဖြတ်၍ ပျံသန်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်း၊ လေထဲ၌ ပျံသန်းနေစဉ် မြွေကြီး၏ ဦးခေါင်းနှင့်အမြီးမှာ မြန်မာ့ဆိုင်းဝိုင်းကြီးများမှ နရားရုပ်တုကဲ့သို့ ကော့နေကြောင်း၊ မျက်လုံးကြီးမှာလည်း နီရဲတောက်ပြောင်နေကြောင်း ပြောပြပါသည်။

ကျွန်ုပ်သည် သားငယ်များမှာ ကလေးငယ်များသာ ဖြစ်သည့်အလျောက် သူတို့ ပြောကြားသည်ကို သံသယဖြစ်သဖြင့် သူတို့ထဲမှာ အကြီးဆုံးဖြစ်သူ (၈)တန်းကျောင်းသားလေးကို မေးမြန်းကြည့်မိပြန်၏။

'ကလေးတွေပြောတာ အမှန်ပါပဲ ဦးရဲ့၊ သားလဲမြင်လိုက်ရတာပဲ၊ မြွေကြီးကို လမ်းဟိုဘက် စဝ်စံထွန်းဆေးရုံကြီးရဲ့ အမိုးအပေါ်လောက်အထိ သား မြင်လိုက်ရသေးတယ်'

ဟု သူက ပြောပါသည်။

နဂါးများ၏ အရောင်အသွေးမှာ **အနီရောင်၊ အစိမ်းရောင်နှင့် အနက်ရောင်များ** ရှိကြသည်ဟု ဆိုသော်လည်း ယခုဖြစ်ရပ်များတွင် တွေ့ရသော နဂါးများမှာ အနီရောင်များသာ ဖြစ်ကြပါသည်။

မည်သို့ပင် အရောင်အသွေး ကွဲပြားကြစေကာမူ နဂါး ဟူသည်မှာ ကမ္မဇိဒ္ဓိ ရှိသော မြွေမျိုးသာဖြစ်ပြီး ယင်းတို့သည် လူတို့၏ ပတ်ဝန်းကျင်တွင်ပင် သွားလာနေထိုင်နိုင်ကြသည်ဟု ယူဆနိုင်ပါသည်။

အရွယ်အစားကို လိုသလို ဖန်ဆင်းနိုင်ခြင်း၊ ရုတ်ခြည်းပေါ်ကာ ရုတ်ခြည်း ပျောက်ကွယ်သွားနိုင်ခြင်း စသည့် ကမ္မဇိဒ္ဓိ တန်ခိုးကြောင့် လူသားများက လွယ်လင့်တကူ တွေ့မြင်နိုင်စွမ်း မရှိခြင်းသာ ဖြစ်ပေလိမ့်မည်။ အလွန်ပင် တိုက်ဆိုင်မှသာ သူတို့အား တွေ့မြင်ရခြင်း ဖြစ်တန်ရာပါသည်။

ယခု ဖော်ပြခဲ့သော ဖြစ်ရပ်များတွင် နဂါးတို့၏အကြည့်ကို ခံရရုံမျှနှင့်ပင် လူသားတို့အတွက် အန္တရာယ်ရှိကြောင်း ပေါ်လွင်နေပါသည်။ သို့ဖြစ်ရာ **"နဂါးတို့မျက်စောင်း အကြောင်းမရွေး"**ဟူသော မြန်မာစကားသည်လည်း အကြောင်းမဲ့ ပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း သိနိုင်လောက်ပေ၏။

ကျွန်ုပ်သည် ထိုနေ့ညက မေးဖြစ်သူအား ကိုယ်တွေ့ နဂါးဇာတ်ကြောင်းများကို ပြောပြ၍အပြီးတွင် ဘုရားရှင် ချေချွတ်တော်မူခဲ့ရသော နန္ဒောပနန္ဒ နဂါးမင်း၏ ဖြစ်စဉ်အကြောင်းအရာကို ဖွဲ့ဆိုထားသည့် ဒေါ်မေရှင်၏ အောင်ခြင်းရှစ်ပါးသီချင်းဖြင့်ပင် သူမအား ချော့မော့ကာ သိပ်ခဲ့ရပါသတည်း။

'ဇမ္ဗူကျွန်း မြင်းမိုရ် ရွှေတောင်ခါးပန်းမှာ ကြမ်းတမ်းတဲ့နတ်နဂါးပါ၊ မှတ်သားလောက်စရာ နန္ဒောပနန္ဒ လျှပ်တစ်ပြက် အသက်ရာကုဋေခြွေခွင်း မြွေမင်းရာဇာ မြတ်ဘုရားရဲ့သားတော် ရှင်မောဂ္ဂလာန် နှိမ်နင်းဖို့ လွှတ်လို့လာ စိတ်နှလုံး သိမ်မွေ့ကာ နဂါးတွေအစုံနဲ့ ဦးခိုက်ပါလို့ အခစားရောက်လို့လာ မေတ္တာတတ်နဲ့ ဖုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းသတ္တမပါ'

သူရမင်းနိုင် (ဖျာပုံ)



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူဟာ နက္ခတ္တရောင်ခြည်ကို အမြဲ ဖတ်ရှု လေ့လာမှတ်သားသူတစ်ဦးပါ။

သူများပေးတဲ့ ဗဟုသုတတွေကိုချည်း ယူမနေဘဲ ကိုယ့်ဘက်ကလဲ သိထား၊ မှတ်ထား၊ ကြုံဖူးထားတာလေးတွေကို ပြန်လည်ပေးချင်တဲ့ ဆန္ဒတွေလဲ ဖြစ်ခဲ့ရပါတယ်။

ဒီတော့ နက္ခတ္တရောင်ခြည်မှာ ရေး



ဒေါက်တာမိုးနိုင်
(မြင်ခရိုင်)

# လူခြောက်ကလေးများအကြောင်း

**တခေတခေါင်း**

ကြတဲ့ လူခြောက်များအကြောင်းတွေကို ဖတ်ရှုမိပြီး စာရေးသူ သိရှိထားတဲ့ လူခြောက်လေးအကြောင်းကို နက္ခတ္တရောင်ခြည်ရဲ့ စာဖတ်ပရိသတ်အားလုံးအတွက် ဗဟုသုတရစေခြင်းငှာ ရေးသား ဖော်ပြလိုက်ပါတယ်။

မြန်မာသက္ကရာဇ် ၁၃၁၅ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ သောကြာနေ့ ညနေ(၃)နာရီခန့် အချိန်တွင် **ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်တိုက်နယ်အဆင့်ရှိ ကျေးရွာတွင် ဖခင် ဦးဗိုလ်ကြိုင်၊ မိခင် ဒေါ်မလေးတို့မှ လူခြောက်ယောကျ်ားကလေးတစ်ယောက်** ဖွားမြင်ခဲ့ပါတယ်။

## ကိုယ်ဝန်ဆောင်ကာလ အခြေအနေ

သန္ဓေစတည်ရာမှ ကိုယ်ဝန်ကြီးနှင့် (၇)လအထိ သာမန်လူသားတစ်ဦးအား ကိုယ်ဝန်ဆောင်ရသလိုပင် ဗိုက်ကြီးလာခြင်း၊ သန္ဓေသားလှုပ်ရှားခြင်းများ ဖြစ်ခဲ့ပါတယ်။

ကိုယ်ဝန်ဆောင်ချိန် (၇)လအထိရောက်သည်နှင့် ကြီးနေသော ဗိုက်ဟာ လုံးဝ ကိုယ်ဝန်ဆောင်သည် မထင်ရအောင် ပြန်ပိန်သွားခဲ့ပါတယ်။

ဒါပေမယ့် သန္ဓေသားကတော့ လရင့်လာလေ လှုပ်ရှားလေပဲ ဖြစ်ပါတယ်။ ကိုယ်ဝန်သက်တမ်းဟာလဲ သာမန်လူသားတစ်ဦးကို ကိုယ်ဝန်ဆောင်တဲ့အတိုင်း (၉)လလွယ် (၁၀)လမွေး အတိုင်းပါပဲ။

အဲဒီအချိန်မှာ ဖခင်ဖြစ်တဲ့ ဦးဗိုလ်ကြိုင်က အသက် (၁၈)နှစ်ဖြစ်ပြီး၊ မိခင်ဖြစ်တဲ့ ဒေါ်မလေးက အသက် (၁၇)နှစ်ဖြစ်ပါတယ်။ သားဦး ကိုယ်ဝန်လဲ ဖြစ်ပါတယ်။

## မွေးဖွားစဉ် အခြေအနေ

အဲဒီခေတ်တုန်းက ကျေးလက်တောရွာတွေမှာ များသောအားဖြစ်တော့ မီးဖွားတဲ့အခါ ဆေးရုံဆေးခန်းတွေမရှိတော့ အရပ်လက်သည်တွေကိုပဲ အားကိုးပြီး ဖွားမြင်ရတဲ့အချိန်ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒေါ်မိနှစ်ဆိုတဲ့ အရ
လက်သည်တစ်ဦးနဲ့ ဖွားရပါတယ်။

မွေးဖွားစဉ် သာမန်လူသားကို မွေး
သလိုပဲ မိခင်မှာ ဗိုက်နာခြင်းများ
ခံစားရပါတယ်။သဘာဝလမ်းကြောင်း
က မွေးဖွားခဲ့ပါတယ်။

အရပ်အရှည် (၄) လက်မခန့်ရှိပြီး
**ဆံပင်၊ နား၊ နှာခေါင်း၊ မျက်စိ**
**ပါးစပ်အစုံပါရှိပြီးယောကျ်ားတန်ဆာ**
**ကာအခုန်းလက်ရဲ့ လက်တံချောင်းလော**
**လောက်ရှိပြီး** ဝှေးစေ့ကတော့ ငှေ
ကောင်းစေ့လောက် ပါရှိတဲ့ လူခြောက်
အထီးကလေး ဖြစ်ပါတယ်။

အားလုံး သာမန်လူယောကျ်ား
ကလေးကဲ့သို့ပင် အင်္ဂါစုံဖြစ်ပါတယ်
ချက်ကြိုးဖြတ်တဲ့အခါမှာလဲ သွေးထွက်
ပါတယ်။ အသက်ရှူခြင်း၊ လှုပ်ရှားခြင်း
တော့ လုံးဝ မရှိပါဘူး။

လူခြောက်ကလေးမွေးတဲ့ သတင်း
က တစ်ယောက်ပါးစပ် တစ်ရာဆို
ရွာနီးခြောက်စပ် ပေါက်ကြား
လူတော်တော်များများက ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ှင့်တောင်းကြသလို ငွေကြေးနဲ့ဝယ်တဲ့ သူတွေလဲ ရှိခဲ့ပါတယ်။

ဒါပေမယ့် ကုန်သည်တစ်ပိုင်းလဲဖြစ်၊ တိုင်းရင်းဆေးပညာကိုလဲ အတင့်အသင့် ားလည်၊ ပြင်ပဗဟုသုတလဲ အနည်း အကျဉ်းရှိတဲ့ ဦးဖိုလ်ကြိုင်ရဲ့အဖေ၊ လူခြောက်ကလေးရဲ့အဘိုးဖြစ်တဲ့ အဘ ဦးစိန်ဖေက မည်သည့် တစ်စိမ်းတစ်ရံ တစ်ဦးတစ်ယောက်ကိုမှ မပြဘဲ သူ ကိုယ်တိုင်ပဲ ယင်းလူခြောက်ကလေးကို ကိုင်တွယ် ကြည့်ရှုစောင့်ရှောက်ခဲ့ရပါ တယ်။

လူခြောက်ကလေးကို ထားသိုပုံက တော့ နီးကြောဖာကလေးထဲမှာ ဖျင် ခင်းကလေးခင်းပြီး လူခြောက် ကလေးကို ထည့်ပါတယ်။ အဲဒီနောက် နှင်းသားသေတ္တာကြီးကို လူခြောက် ကလေးပါတဲ့ ဖာကလေးကို ထည့်ပြီး တော့ခလောက် ကောင်းကောင်းနဲ့ ပြီး ပိတ်ထားပါတယ်။



တို့ရဲ့ ပိုက်ကသာ ငါး၊ ပုစွန်များကို ပြောက်မြားစွာ အမြဲတိုင်းလိုလို မိစေခဲ့ ပါတယ်။

အဘိုးဖြစ်သူ ဦးစိန်ဖေရဲ့ တိုင်းရင်း ဆေးများ ဖော်စပ်ရောင်းချသော အလုပ် မှာလဲ ဆေးဖော်စပ်၍ မနိုင်အောင် ရောင်းကောင်းခဲ့ပါတယ်။

လယ်ယာလုပ်ငန်းမှာဆိုရင်လဲ စပါး များ ခါတိုင်းနဲ့မတူဘဲ အထွက်နှုန်းများ ကောင်းခဲ့ပါတယ်။ ပြောရရင်တော့ လုပ်ငန်းများအားလုံး အဆင်ပြေ အကျိုး ပေးကောင်းခဲ့ပါတယ်။

## အကျိုးပေးခြင်း အခြေအနေ

ယင်းလူခြောက်ကလေး ကိုယ်ဝန်ရှိ အချိန်မှစလို့ မွေးဖွားပြီးတဲ့နောက် ငန်းစီးပွားများ အတော်ကောင်းမွန် ပါတယ်။ ဦးဖိုလ်ကြိုင်၊ ဒေါ်မလေး ာ စားဝတ်နေရေးအရ လယ်ယာ ငန်း၊ အုန်းဥယျာဉ်အပြင် ငါးဖမ်း ပုစွန်ဖမ်းခြင်းဖြစ်တဲ့ ရေလုပ်ငန်း ဲ လုပ်ကိုင်ကြသူများ ဖြစ်ပါတယ်။

သိသိသာသာ အကျိုးပေးထူးခြား တော့ လှေတစ်စင်းထဲမှာ ဦးဖိုလ် ဒေါ်မလေးတို့ရယ် ဦးဖိုလ်ကြိုင် တစ်အူထုံ့ဆင်း အစ်မဖြစ်သူတစ်ဦး ပိုက်၊ ကိုယ့်ပိုက် ခွဲခြားပြီး ငါး၊ မ်းကြတဲ့အခါ ဦးဖိုလ်ကြိုင်ရဲ့ ဖြစ်သူပိုက်က၊ မည်သည့် ငါး၊ မိဘဲ ဦးဖိုလ်ကြိုင်၊ ဒေါ်မလေး

## ထူးခြားမှုများ

တစ်ခါတစ်ရံ နေ့ခင်းနေ့လယ် အိမ် မှလူများ ရေလုပ်ငန်းလုပ်တဲ့ ပိုက် ထောင်တဲသို့ဖြစ်စေ၊ အိမ်နီးနားချင်း အိမ်သို့သွားလာ လည်ပတ်နေတဲ့အခါ မျိုးတွင်ဖြစ်စေ အိမ်ကို တံခါးပိတ် သော့ခတ်သွားလေ့ ရှိပါတယ်။

လူနေအိမ်တွေကလဲ တစ်ကေ ကျော်၊ နှစ်ကေခန့်လောက် ကျယ်ဝန်း တဲ့ အုန်းခြံကြီးထဲမှာ ဆောက်ပြီး နေ ကြတာဖြစ်တော့ တစ်အိမ်နဲ့တစ်အိမ်၊ တစ်ခြံနဲ့တစ်ခြံ အသံကျယ်ကျယ် လှမ်း ခေါ်မှ ကြားရတဲ့ အခြေအနေဖြစ်ပါ တယ်။

ဒီလိုအချိန်မျိုးမှာ တခြားသူတစ်ဦး ဦးက အကြောင်းကိစ္စတစ်ခုခုနဲ့ တံခါး ပိတ်ထားတာတွေ့လို့ အိမ်ထဲမှာ လူရှိ လို့ရှိငြား ခေါ်ကြည့်တဲ့အခါမှာ အထဲမှ လူလမ်းလျှောက်သံ၊ လေးလေးလွှား လွှား၊ ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ တံခါးဖွင့်ပေး သလို အသံများကို လုပ်ပြလေ့ရှိပါ တယ်။

တံခါးကတော့ ပွင့်မလာပါဘူး။ အဲဒီ လို လုပ်ပြတဲ့အခါ ကြောက်လို့ထွက် ပြေးတဲ့လူတွေလဲ မနည်းပါဘူး။ အဲဒီ လို ခြောက်ပြနိုင်စွမ်းလဲ ရှိပါတယ်။

နောက်တစ်ခုကတော့ အဘိုးဖြစ်သူ ဦးစိန်ဖေက နေ့ဘက် တိုင်းရင်းဆေး များဖော်စပ်ဖို့အတွက် ဆေးမျိုးစုံကို သံဆုံထဲထည့်ပြီး ထောင်းရပါတယ်။ ညဘက်ရောက်တော့ လက်တွေက ညောင်းပြီး ကိုက်ခဲတတ်ပါတယ်။

အဲဒီလိုဆို အဘိုးဖြစ်သူ ဦးစိန်ဖေက သူ့မြေးလူခြောက်ကလေးကို...

'မြေးလေးရေ...အဘ လက်မောင်းတွေ ဆေးထောင်းရ အားကြီးလို့ ညောင်းတယ်၊ ကိုက်တယ်ကွာ အဘ လုပ်နေတာ ဖို့မြေး တို့အတွက်ကွ ကြည့်လုပ်ပါဦးလို့'

ပြောလိုက်တဲ့ ညမျိုးဆိုရင် တစ်ည လုံး လက်တွေကို နင်းသလို၊ နှိပ်သလို၊ လျှာနဲ့ ယက်ပေးသလိုမျိုး ခံစားရပြီး ချက်ချင်း ယူပစ်လိုက်သလို ရက်အတော် ကြာ ပျောက်ကင်းသွားတတ်ပါတယ်။

အဲဒီလို ထူးခြားမှုများကို လုပ်နိုင် စွမ်းရှိတဲ့ လူခြောက်ကလေး ဖြစ်ပါ တယ်။

## နောက်ဆုံး ကံကြမ္မာ

ဒီလိုနဲ့ လူခြောက်ကလေး သုံးနှစ် သား အရွယ်ရောက်တော့ ဦးဖိုလ်ကြိုင်၊ ဒေါ်မလေးတို့ ဒုတိယသား ယောက်ျား လေးတစ်ယောက် ထပ်မွေးပါတယ်။ သာမန် လူသားတစ်ဦးပါ။

ဒုတိယ သားယောက်ျားလေးကို နှစ်၊ နှစ်သားအရွယ်မှာ မိရိုးဖလာ ... စံ အတိုင်း ခေါင်းဆေးမင်္ဂလာ ... လုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒုတိယသားကို ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပြီး သုံး,လေးလလောက်ကြာ တော့ အဘိုးဖြစ်သူဦးစိန်ဖေ နေထိုင် မကောင်း ဖြစ်ပါတယ်။ နာတာရှည် ရောဂါပါ။

ဆေးဆရာမျိုးစုံ၊ ဆေးဝါးမျိုးစုံနဲ့ တတ်နိုင်သလောက် ကုသပါတယ်။ မသက်သာပါဘူး။

ဒီတော့ လူအမျိုးမျိုးက ရောဂါ ပျောက်ကင်းဖို့အတွက် အကြံအမျိုးမျိုး ပေးကြတာပေါ့။ ဒါကတော့ လူတွေရဲ့ သဘာဝပါပဲ။

ဒီလိုပေးကြတဲ့ အကြံတွေထဲမှာ လူ ခြောက်ကလေး ပြုစားတာ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သားနှစ်ယောက် မွေးတာခြင်းအတူတူ နောက်မှမွေးတဲ့ သားငယ်ကို ခေါင်းဆေးမင်္ဂလာပြုလုပ် ပေးပြီး အကြီးဖြစ်တဲ့သူကိုတော့ ခေါင်း ဆေးမင်္ဂလာ မလုပ်ပေးလို့ စိတ်ဆိုးပြီး လုပ်ထားတာ။

ဒါကြောင့် သူ့ကို ခေါင်းဆေးမင်္ဂလာ လုပ်ပေးသင့်တယ် အဲဒီလို ဘာညာ ဘာညာတွေ ပြောကြတော့ ဟုတ်သလို လိုပဲပေါ့။

ဒီလိုနဲ့ သားကြီးဖြစ်တဲ့ လူခြောက် ကလေးကိုရော သားငယ်ဖြစ်တဲ့လူ စင်စစ်ကိုရော ခေါင်းဆေးမင်္ဂလာပြု လုပ်ပါတယ်။

တရော်ကင်ပွန်း၊ အမွှေးနံ့သာရည် များနဲ့လဲ ညီအစ်ကိုနှစ်ယောက်စလုံး ကို ခေါင်းကနေပြီး တစ်ကိုယ်လုံးကို လောင်းချစေခဲ့ပါတယ်။ အဲဒီလို ခေါင်း ဆေးမင်္ဂလာပြုလုပ်ပြီး လူခြောက် ကလေးကို သူ့နေရာမှာ နေရာတကျ ပြန်ထားရှိပါတယ်။

အဲဒီညမှာပဲ လူခြောက်ကလေးနဲ့ ပတ်သက်ပြီး မည်သည့်အိပ်မက်ကိုမှ မမက်ဖူးတဲ့ မိခင် ဒေါ်မလေးဟာ အိပ်မက် မက်ပါတယ်။

အိပ်မက်ထဲမှာတော့ ငါးနှစ်သား အရွယ်ခန့် ယောကျ်ားကလေးငယ် လေးတစ်ယောက်ဟာ ငိုယိုပြီးတော့ သူ့ကို စကားပြောပါတယ်။ ပြောတဲ့ စကားက...

'မေမေတို့ သားကို ရက်စက်တယ်။ မေမေ တို့ သားကို ရက်စက်တယ်'

ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောပြီး ဝမ်းနည်းစွာ ငိုကြွေးနေတာကို မြင်မက်ခဲ့ပါတယ်။

ဒါပေမယ့် မိခင်ဖြစ်တဲ့ ဒေါ်မလေး ဟာ ရိုးသားတဲ့ ကျေးလက်နေလူတန်း စားတွေဖြစ်တဲ့ အားလျော်စွာ အိပ်မက် ကို မည်သူ့ကိုမှ မပြောဘဲ မေ့မေ့ ပျောက်ပျောက် နေခဲ့ပါတယ်။

ဒီလိုနဲ့ ခေါင်းဆေးမင်္ဂလာပြုလုပ် ပေးပြီးတဲ့ အချိန်ကစပြီး နောက်ပိုင်းမှာ လူခြောက်ကလေးရဲ့ အရိပ်အငွေ့၊ အယောင်ပြမှုများ လုံးဝ မရှိတော့ဘဲ ဖြစ်ခဲ့ပါတယ်။

အဘိုးဖြစ်သူ ဦးစိန်ဖေရဲ့ ရောဂါ ဝေဒနာကလဲ မသက်သာခဲ့ပါဘူး ပိုပြီးတော့ ဆိုးလာခဲ့ပါတယ်။

ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပေးပြီး တစ်လကျော်ခန့် ကြာတဲ့အချိန်မှာ ပြုလုပ်ပေးနေကျအတိုင်း လူခြောက် ကလေးကို အင်္ကျီအသစ်တစ်စုံ ထည့် ပေးဖို့ သေတ္တာကို ဖွင့်လိုက်တဲ့အခါမှာတော့ ခန္ဓာကိုယ် တစ် ပြတ်ထွက် ကြွေကျနေ အဖြစ်ကို ဝမ်းနည်းစွာ တွေ့ရှိလိုက်ရပါတော့တယ်။

လအတန်ကြာအောင် ထား သေးတယ်။ အားလုံး ခန္ဓာကိုယ်အစိတ် အပိုင်းတွေဟာ အမှုန့်ဖြစ်သွား တယ်။ လူခြောက်ကလေးရဲ့ ဘဝ အဆုံးသတ်သွားရခြင်းပါပဲ။

အဘိုးဖြစ်သူလဲ မကြာခင် သေ သွားခဲ့ပါတယ်။ နောက်မှ ကြားမှု ရှိတဲ့သူတွေ ပြောကြတာက ခေါင်းဆေးမင်္ဂလာ ပြုလုပ်တဲ့ **လူသားစစ်စစ်လို ခေါင်းလျှော် မလောင်းရကြောင်းပါတဲ့ ခင်** ဟုတ်,မဟုတ်တော့ စာရေးသူ သေချာ မပြောတတ်ပါဘူး။

လူခြောက်ကလေးများနဲ့ ပတ်သ နေသူများ သတိထား ဆင်ခြင် နဲ့ စာရှုသူအားလုံး ဗဟုသုတ ခြင်းငှာ ရေးသားတင်ပြလိုက် ကြောင်းပါခင်ဗျား။

**မှတ်ချက်** ။ ။ **ဦးမိုလ်ကြိ ဒေါ်မလေးတို့ရဲ့ ဒုတိယမြောက် လူခြောက်ကလေးရဲ့ ညီဖြစ်သူ စာရေးသူပဲ ဖြစ်ပါတယ်။ ဦးမိုလ်ကြိုင်ကတော့ ကွယ်လွန် ပြီ။ မိခင် ဒေါ်မလေးကတော့ အထိ စာရေးသူနဲ့ နေထိုင်လျှ ကြောင်းပါခင်ဗျား။**


**အမိအဖနှစ်ပါးနဲ့ အစ်ကို လူခြောက်ကလေးအား ကု ပါးဖြင့် ကန်တော့လိုက်ပါတယ်**

**အောင်စိုးနိုင်** (ပြင်ခရိုင်



www.burmeseclassic.com

www.burmeseclassic.com



# ပုံပြင်ထဲက မြစိမ်းရောင်

မိုးရာဇာ

၁၉၆၄ ခုနှစ်၊ နွေရာသီ။

ရာသီကူးပြောင်း နွေတပေါင်းဝယ် ရွက်ဟောင်းတို့က လေဝယ် လွင့်မျော နေကြသည်။ လွမ်းတသသနှင့် အော်မြည်နေသော နွေတေးရှင် ဥဩငှက်ငယ် ကလေး၏ အသံကလည်း တစ်တောလုံး၊ တစ်တောင် လုံးကို ဖုံးလွှမ်းနေသည်။

တောင်ကုန်းထက်ဝယ် တစ်ဆူတည်း စံပယ်နေသော မြသိန်းတန် စေတီအိုကြီး၏ ဆည်းလည်းသံ ကလေးများမှာ တချွင်ချွင်နှင့် လေဝယ် လွင့်မျောလျက်။

နွေရာသီ ကျောင်း ရက်ရှည်ပိတ်ပြီဆိုလျှင် ကျွန်တော်တစ်ယောက် ဇာတိ ချက်ကြွေ မွေးရပ်မြေသို့ ပြန်၍ တည်းခို စောင့်ရသည်ကို ပျော်လှ၏။ အာယသွရွာသည် တောင်တစ်အိမ်၊ မြောက်တစ်အိမ်နှင့် အိမ်ကလေး လေး‚ငါးဆယ်ပင် မပြည့်သော ရွာပျက် ကြီး ဖြစ်နေ၍ လူသူတိတ်ဆိတ်လှပါ သီ။

သို့လင့်ကစား ကျွန်တော်က ပျော် သည်။ ယခုလို အထက်တန်းကျောင်း သားဘဝ ရောက်သည်အထိ ကျောင်း ပိတ်တိုင်း ရွာသို့ ကျွန်တော်ပြန်နေ၏။ တောထဲတောင်ထဲ လမ်းလျှောက်ကာ ကျေးငှက်ကလေးများ၏ အော်မြည်သံ ကို နားထောင်သည်။

ချေကလေးများ၊ ရှဉ့်ကလေးများ၊ မျှော်ပါကလေးများ ပြေးလွှား ဆော့ ကစားနေသည်ကို လိုက်ကြည့်သည်။ သစ်ပင်ရိပ်ကောင်းကောင်း ကျောက် တုံးကြီးပေါ်ထိုင်ကာ ရော်ရွက်ဝါတို့ တဖြုတ်ဖြုတ် ကြွေကျ လွင့်မျောနေ သည်ကို ကြည့်နေတတ်သည်။

ပြီးလျှင် မြသိန်းတန် ဘုရားကုန်းပေါ် တက်ကာ ဘုရားဝတ်ပြုသည်။ အဝေး မှ ကေလာသဆံတော်ရှင်ကို လှမ်းမျှော် ဖူးမြင်သည်။ ပြီးလျှင် တောင်အောက် လယ်ကွင်း ရှုခင်းတွေကို မျှော်ကြည့် သည်။ ပြီးလျှင် ဘုရားကုန်းတော်ပေါ်မှ တောင်အောက်သို့ လိုမ့်ချသေဆုံးခဲ့ သော မြစိမ်းရောင် မင်းသမီးကလေး၏ ဂူကို ကြည့်သည်။ မင်းသမီးကလေး လိမ့်ချခဲ့ရာ လမ်းတစ်လျှောက် မြက်





www.burmeseclassic.com

www.burmeseclassic.com

မပေါက်ဟု ပြောကြသည်ကို လက်တွေ့ ရှာကြည့်သည်။

ဘုရားကုန်းတစ်ခုလုံး တောချုံဖုံး နေ၍ လမ်းဖုန်ဖုန် စွတ်ကြောင်းကလေး တစ်ခုကို မြက်မပေါက်သည့်နေရာဟု ထင်မိသည်။ မင်းသမီးကလေး အကြောင်းကို ထိုင်စဉ်းစားမိသည်။ ထိုအခါ လွမ်းသလိုလို၊ ဆွေးသလိုလို ခံစားမိ၏။ ဘယ်ဝယ်လွမ်းသည် တပ် မသိခဲ့။ ဘုရားရင်ပြင်တော်ဝယ် တစ်ယောက်တည်း တွေးတောငေးမော နေမိသည်။

'မောင်တော် ဘာလုပ်နေတာလဲ လာလေ။ ဟောဒါ မောင်တော်ရဲ့ မင်းဝတ်တန်ဆာတွေ ဟောဒီမှာ မောင်တော်ရဲ့ သီလဝံဓား၊ ဟောဒါ က မောင်တော်ရဲ့ သလွန်တော်၊ မောင်တော် မမှတ်မိတော့ဘူးလား။ ဟောဒါက မြတ်စွာ ဘုရား ကြွလာတုန်းက ထုလုပ်ကိုးကွယ်ခဲ့တဲ့ ဗုဒ္ဓမြတ်စွာရဲ့ မတ်ရပ်ရုပ်ပွားကြီးလေ၊ ထိုင် ကန်တော့ပါဦး မောင်တော်ရဲ့။ ဘာလဲ မောင်တော်က နှမတော် မြစိမ်းရောင်ကို တောင် မသိတော့ဘူးပေါ့။ နှမတော်ဆီ ဘယ်တော့ ပြန်လာမလဲ မောင်တော်ရယ်... မျှော်ရတာ မောလှပါပြီ'

ဗုဒ္ဓမြတ်စွာရှေ့ ကလပ်ပေါ်မှ ရဲမှည့် ဝင်းထိန်နေသော ပတ္တမြားလုံးကြီး ကြောင့် ဂူကြီးတစ်ခုလုံး လင်းထိန်နေ သည်။ ဂူကြီးထဲတွင် ရွှေငွေကျောက်သံ ပတ္တမြားတို့မှာ တောင်ပုံယာပုံ ဝင်းလက် နေသည်။ အမျိုးသမီးကလေးများမှာ ကြာသက်န်း ရက်နေကြသည်။ လုလင် တော်များ၊ ဘုန်းကြီးများမှာ တရားထိုင် နေကြသည်။

ကျွန်တော်သည် ဘုရားဝတ်ပြုပြီး သောအခါ နံရံပေါ်မှ ဓားအိမ်ကို ဖြုတ် ကာ သီလဝံဓားကို ဆွဲထုတ်ကြည့်မိ သည်။ ဓားရောင်က ဝင်းခနဲ၊ လက်ခနဲ ဖြစ်သွား၍ ပြန်ထည့်ထားလိုက်သည်။



သလွန်ပေါ်တွင် ထိုင်ကြည့်သည်။ ဘေး မှ မြစိမ်းရောင် မင်းသမီးကလေးကို အသေအချာ ကြည့်မိသည်။

'မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို၊ လှသည့် ကိုယ်၌၊ ရှိုက်ဖိုကြိုးငယ်၊ အသွယ်သွယ်မှ တင့်တယ်စေမူ့ သိကြားထုသို့ နှုံ့သုသားရေ မြဆံကေလည်း ဖြေသော်ပြန့်တက်၊ ဖနောင့် ထက်ဝယ်၊ ကိုးနက်တောင်ပံ၊ ပိတုန်းပျံသို့ ဖိတ်လျှံရောင်ခြည်၊ တစ်လံရှည်လျက်'

ဂုဏ်ပုဒ်တွေနှင့် ပြည့်စုံသော ဥမ္မာ ဒန္တီလှသီဂီကဲ့သို့ ကျွန်တော်ပင် ငေးမော သွားရပါ၏။ ထူးခြားသည်မှာ တစ်ကိုယ်လုံး မြရောင်စိမ်းနေသော နန်းဝတ်နန်းစားတို့ပင် ဖြစ်သည်။

'ဪ... နှမတော် မြစိမ်းရောင်'

* * *

'လူကလေး မောင်စောဝေ ထတော့ လေ နေမြင့်နေပါပကော။ ဘာတွေ ယောင်အော်နေတာလဲ လူကလေးရဲ့'

အဘချစ်ပန်း၏ ခေါ်သံကြောင့် ကျွန်တော် အိပ်ရာမှ နိုးသွားရသည်။

'အိပ်မက်ထဲမှာ မြစိမ်းရောင်မင်းသမီးခေါ်လို့ မြသိန်းတန်ဘုရားအောက်က ဂူထဲရောက် သွားတယ် အဘရဲ့။ ကျွန်တော်က ဟိုအရင် ဘဝက သူချစ်သူ မင်းသားလေးတဲ့'

'အတိတ်ဘဝတွေဆိုတာက ကိုယ် သိတာမှ မဟုတ်ဘဲ ဖြစ်တော့လဲ ဖြစ် နိုင်တာပေါ့ လူကလေးရဲ့။ ဒီအာယသ္ဓ ရွာပျက်ကြီးဟာ သာသနာစ,ခဲ့တဲ့ သုဝဏ္ဏဘူမိမြို့ဟောင်းကြီး ဖြစ်ခဲ့တယ်။ မြို့တော်ကြီး အကြိမ်ကြိမ် ပြိုပျက်ခဲ့ တယ်။

မကျွတ်မလွတ်တဲ့ ဥစ္စာစောင့် သိုက် နန်းတွေလဲ ပေါပါဘိသနဲ့။ မြစိမ်းရောင် သိုက်နန်းကြီးကလဲ ထင်ရှားလှပါ တယ်။ လူကလေး တည်းခိုစောင့်ရှ ဘုရားပေါ် သွားထိုင်လေ့ရှိတော့ ရ ကလေးနဲ့ ပဋ္ဌာန်းဆက် ရှိသလား မသိတာ။ မြစိမ်းရောင်မင်းသမီး ကလေးရဲ့အဖြစ်က သနားစရာကော လှပါတယ်ကွယ်'

'အဲဒီအကြောင်းကို ပြောပြပါလား အဘရယ်'

'ညဘက် လသာသာမှာ ပြော မယ် လူကလေးရယ်။ ခုတော့ တော ပေါ်ခြံထဲ သွားတက်ကြည့်လိုက်ဦး မနေ့ည လသာသာမှာ သူခိုးတွေ တည်းခိုး တက်တတ်ကြတယ်ကွယ်'

အဘ၏ ပြောစကားကြောင့် ကျွန်တော်သည် တောင်ပေါ်ခြံ တက်သွားလိုက်သည်။

ညချမ်းဘက်သို့ ရောက်လာသော အခါ အိမ်ရှေ့မှ ရွာလမ်းမကြီးတွင် လရောင်ပြိုးပြက်ကျနေသည်။ လရောင် သောက်နေသော အုန်းပင်၊ အုန်းလက် တို့အပေါ်ဝယ် ဒီးဒုတ်ငှက်မောင်နှံ အတိုင်အဖောက်ညီညီ အော်မြည်နေ သည်။

မြသိန်းတန်တောင်ကြော တော တန်းဆီမှ ချေဟောက်သံကို ကြား ရသည်မှအပ အာယသ္ဓရွာတောင်ပိုင်း တွင် တိတ်ဆိတ်နေသည်။ တစ်ပိုင်း ကို ပြေးကြည့်လိုက်မှ တဲအိမ်ကလေး လေး,ငါးလုံးပင် မပြည့်။ တစ်ခြံ တစ်ခြံကား အော်ခေါ်၍ပင် မကြား ပေ။ ခြံလတ်ခြံကျယ်ကြီးများ တော နေကြပြီ ဖြစ်၏။

'ဒီလိုကွယ့် လူကလေးရဲ့။ ဒီအာယသ္ဓ ဝင်းကဗျာတစ်ကြောဟာ ဟိုလွန်





www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း (၂၅၀၀) ကျော်လောက်က သုဝဏ္ဏဘူမိ မင်းနေပြည်တော်ကြီးကွယ်၊ ယောဒီ အာယသ္မာရှာရဲ့ မြို့တွင်းနေရာက နန်းတော်ကြီးပေါ့။ မြေမြို့ရိုးကြီးတွေ ဝိုင်းနေတာ တွေ့တယ်မဟုတ်လား။

အဲဒီ သုဝဏ္ဏဘူမိမြို့တော်ကြီးကို ဘုရားရှင်တော်နဲ့ ရဟန္တာတွေ ကြွလာပြီးနောက်ပိုင်း ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်တွေနဲ့ သာသနာတော် ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ အဲဒီအချိန်ကစပြီး သုဝဏ္ဏဘူမိနေပြည်တော်မှာ ကေလာသ၊ ရွှေစာရံ၊ မြသပိတ်၊ ကျိုက်တလန်း စတဲ့ စေတီတော်ကြီးတွေ ထင်ရှားလာခဲ့တယ်။

နန်းမြို့ရိုးကြီးအတွင်း တောင်ထိပ်အစွန်းပေါ်မှာ ကျိုက်တလန်းစေတီတော်ကြီးရှိတယ်။ ဘုရားမြတ်စွာ ကြွရောက်လာတဲ့ အထိမ်းအမှတ်ဘုရားကြီးပေါ့။ မင်းစဉ်မင်းဆက် ကိုးကွယ်လာကြတာ။ ဥပဒေဝမင်းကြီးလက်ထက်မှာ မြစိမ်းရောင် မင်းသမီးကလေး ဓာတ်လမ်း ဖြစ်တော့တာပါပဲ။

ဥပဒေဝမင်းကြီးနဲ့ တောင်ညာစံ မြဟွဲဇာလဒေဝီမိဖုရားတို့မှ မြစိမ်းရောင် မင်းသမီးကလေးကို မွေးဖွားခဲ့တယ်။ မြရောင်အဆင်း တင့်တယ်ချောမောလှပလွန်းလို့ မြစိမ်းရောင်မင်းသမီးလို့ ခေါ်ကြတာပါပဲ။

မြစိမ်းရောင် မင်းသမီးကလေး (၁၆) နှစ်အရွယ်မှာ မယ်တော်မိဖုရားကြီး နာမကျန်း ဖြစ်ခဲ့တယ်။ အကယ်၍ ကွယ်လွန်ခဲ့သော် တောင်ညာစံ မိဖုရား ထပ်မြှောက်ဖို့ရာ သူ့ရဲ့ နဝရတ်လက်စွပ်တော်ကို ဝတ်လို့ရတဲ့သူကို ရွေးချယ်ဖို့ မှာကြားခဲ့တယ်။

အဲဒီလိုနဲ့ မိဖုရားကြီး ကံတော်ကုန်တဲ့အခါ ဘုရင်ကြီးက လက်စွပ်တော်ကို မြစိမ်းရောင်မင်းသမီးကလေးကို သိမ်းထားစေတယ်။ မင်းသမီးကလေးကလဲ



လက်စွပ်တော်ကို မသိမ်းထားမိဘဲ ဝတ်ဆင်ထားလိုက်မိတယ်။

ရက်လ အတန်ကြာတော့ ဘုရင်ကြီးလဲ တောင်ညာစံမိဖုရား ရွေးချယ်ပွဲ လုပ်ပါလေရော။ အဲဒီတော့ သမီးတော် မြစိမ်းရောင်ထံက လက်စွပ်တော်ကို ပြန်တောင်းတာပေါ့။ မြစိမ်းရောင်မင်းသမီးလေးခမျာ လက်စွပ်တော်ကို ချွတ်တာ ကျပ်နေလို့ ချွတ်လို့မရဘူး။ နည်းအမျိုးမျိုးနဲ့ ချွတ်ကြည့်လို့ မရတော့တဲ့အတွက် မြစိမ်းရောင်မှာ အခက်ကြုံနေရရှာတယ်။

အဲဒီအကြောင်းကို ဘုရင်ကြီး သိသွားတော့ သမီးတော်ကို ဒေါသူပုန်ထတာပေါ့။ မြစိမ်းရောင်မင်းသမီးကလေးမှာလဲ အရှက်ကြီးပြီး ကျိုက်တလန်းဘုရားမှာ အလှူဒါနပြု သစ္စာဆိုကာ ဘုရားရင်ပြင်တော်ပေါ်ကနေ တောင်အောက် ချောက်ထဲကို လိုမ့်ချပြီး အဆုံးစီရင်လိုက်တယ်။

သူ့ရဲ့ချစ်သူ မင်းသားလေးလဲ စစ်ထွက်နေခိုက်ဖြစ်လို့ ဘာမှ မသိရှာဘူး။ မင်းသားကလေး ပြန်ရောက်လာတော့ မြစိမ်းရောင်ရဲ့ အုတ်ဂူနန်းကိုပဲ တွေ့ရတော့တယ်။ ကြားရသူအပေါင်းက မြစိမ်းရောင်မင်းသမီးကလေးကို နှမြောတသသနဲ့ ဖြစ်ကြရတယ်။ ချစ်သူ မင်းသားလေးမှာလဲ ကျိုက်တလန်းဘုရား မြစိမ်းရောင်ဂူနားမှာ နေ့စဉ်လာထိုင်နေရှာတယ်။

လပြည့်ညတွေမှာတော့ မြစိမ်းရောင်မင်းသမီးကလေးကို ကျိုက်တလန်းဘုရားပေါ်မှာ ဆုံတွေ့လေ့ ရှိကြတယ်။ မင်းသမီးကလေးဟာ ဘုရားအောက်က ဂူကြီးထဲမှာ သိုက်နန်းရှင် ဖြစ်နေသတဲ့။

သာသနာသက္ကရာဇ် ၄၅၀ ခုနှစ် လောက်ရောက်တော့ သမုဒ္ဒရာ ပင်လယ်ရေ တိုက်စားလို့ သုဝဏ္ဏဘူမိမြို့တော်ကြီး ထက်ဝက်မျှ ပြိုကျပျက်စီးသွားတယ်။ အဲဒီအချိန်ကစပြီး အခုသထုံမြို့ကြီးနေရာကို ရွှေ့ပြောင်းသွားတော့တာပဲ။ ဒီနေရာမှာ မြို့ပျက်မြို့ဟောင်းကြီးအဖြစ်နဲ့ တောဖုံးပြီး ကျန်ခဲ့တာပေါ့။

နောက်ပိုင်းတော့ တတိယမြန်မာနိုင်ငံတော် လက်ထက်အထိ တိုက်ကုလားမြို့ကလေးအဖြစ် ထင်ရှားနေပြန်တယ်။ ဘိုးတော်ဘုရားလက်ထက် စစ်တမ်းကောက်တော့ တိုက်ကုလားမြို့ကြီးတစ်ခုလုံး မြို့ပျက်မြို့ဟောင်းကြီး ပြန်ဖြစ်သွားပါလေရော။ နောက်ပိုင်းကျတော့ ပင်လယ်ကမ်းက ခွာသွားတော့ လယ်ကွင်းတွေ တစ်မျှော်တစ်ခေါ် ပေါ်လာတော့တယ်။

အဲဒီ ကွင်းရွာကြီးတွေဆီမှာ အဝံတိုင်ကော၊ တော့တာလောက်၊ ကာကာ တဲ၊ ကောဒ္ဒကမယ် စတဲ့ အိမ်ခြေ တစ်ထောင်ကျော် ရွာကြီးတွေ ထွန်းကားလာပါလေရော။ တိုက်ကုလားမြို့ဟောင်းကြီးဟာ ဆင်ခေ ကျွားအောင်းနဲ့ တောဖုံးသွားတာပေါ့။ ဝိဋကတ်စာပေ ကျွမ်းကျင်တဲ့ အင်းဆရာတော်ကြီးဟာ တိုက်ကုလားမြို့ဟောင်း တောင်ကုန်းပေါ်က ကျိုက်တလန်းဘုရား ကျောက်စာကို လာတူးတဲ့အခါ တော



www.burmeseclassic.com

www.burmeseclassic.com

ထဲက ကျွဲပေါ်ချိန်းသံ မျှားပင် ကြားရသတဲ့။

တောင်ခြေမှာ သစ်ကြီးဝါးကြီး ပေါလွန်းလို့ ကွင်းရွာကြီးတွေက လှည်းအစီးလေး,ငါးဆယ်စုပြီး ထင်းတော လာတက်ကြသတဲ့။ တောကြိုအုံကြားဘုရားအို ကျောင်းပျက်ကြီးတွေနဲ့ပေါ့။ အဲဒီမှာတင် စစ်တောင်းမြစ်ကြီး ကျိုးပေါက် ပြောင်းလဲ စီးဆင်းလာလို့ ပင်လယ်ကမ်းပါး အကြီးအကျယ် ပြိုကျပြန်ကာ ကွင်းရွာကြီး(၄၀) ပျက်သွားတော့ ကေလာသတောင်ခြေမှာ မြို့ဟောင်းကြီးကို ခုတ်ထွင် ရှင်းလင်းပြီး ရွာတွေ တည်ကြတယ်။

ကကတဲရွာ တစ်ဝက်ဟာ ဟောဒီ အာယသွရွာရဲ့ တောင်ပိုင်းမှာ ရွာတည်ပြီး တစ်ဝက်ကတော့ တောင်စွန်းနားမှာ ကကတဲရွာဆိုပြီး တည်ခဲ့ကြတယ်။ ဒါကြောင့် တို့ အာယသွရွာမှ ကကတဲပိုင်း၊ အနောက်ပိုင်း၊ အရှေ့ပိုင်း၊ ကံကြီးပိုင်း၊ ပိုင်ဒန်၊ တောင်ပိုင်း၊ နတ်စင်ပိုင်းနဲ့ မြို့တွင်းဆိုပြီး စည်ကားလာခဲ့တယ်။ အင်ဆရာတော်ကြီးရဲ့ ကျောင်းဆောင်တွေကို ဖျက်သိမ်းပြီး အာယသွရွာဘက်ကို ဆင်နဲ့ ဆွဲတက်လို့ စွတ်ကြောင်းက အာယသွချောင်းမကြီး ဖြစ်သွားရတယ်။

အဲဒီအချိန်ကစပြီး သုဝဏ္ဏဘူမိ တိုက်ကုလားမြို့ဟောင်းကြီးဟာ ပိုင်ဒန်၊ အာယသွ၊ ဝင်းက၊ ကင်းရွာ၊ ပေါက်တော စတဲ့ ရွာကြီးတွေ ဖြစ်လာတော့တာပဲ။ ကိုလိုနီခေတ်ကြီးမှာ တော်တော်စည်ကားခဲ့တယ်။

လွတ်လပ်ရေးရပြီး နိုင်ငံရေး အစိုးရလက်ထက်မှာ ရောင်စုံသူပုန်တွေ သောင်းကျန်းလွန်းလို့ တစ်ခါ ပျက်ခဲ့ရတယ်။ တော်လှန်ရေးကောင်စီ တက်လာပြီး ၁၉၆၄ ခုနှစ်ရောက်လာတော့ ပင်လယ်ကြီး ပြန်ဆုတ်သွားလို့ ရွာကြီးတွေ ပြန်စည်ကားလာတာပေါ့။ အဘတို့ အာယသွရွာကတော့ ပြန်မစည်တော့ပါဘူး။ မြို့ကလူတွေ ပြန်မရွှေ့လာကြတော့ဘူးကွယ့်။

အဘတို့ကသာ ကိုယ့်ရွာ၊ ကိုယ့်လယ်၊ ကိုယ့်ခြံမြေတွေကို ချစ်လွန်းလို့ တွယ်ကပ်နေကြတာ။ ဒါပေမယ့် ဆရာတော်ဘုန်းကြီးရဲ့ ဝေပုလ္လတောင်ကတော့ စည်ပါတယ်။ ဘုန်းကြီးကတော့...

"အာယသွ၊ ဝင်းက၊ ကေလာသတောင်ခြေ ရွာကြီးတွေ မြို့ကြီးပြကြီး ပြန်ဖြစ်ဦးမယ်။ ကြက်ပျံမကျ စည်ကားဦးမယ်။ အိမ်တစ်နေရာစာ ရွှေတစ်ကြက်ဥ တန်ဦးမယ်။ မယိုရင်မြေ သိုရင်ရွှေတဲ့။ ဒီကေလာသတောင်ခြေကို မပစ်သွားကြနဲ့"

လို့ မိန့်ကြားတော်မူထားတယ်။ အဘတို့တော့ မီမှာ မဟုတ်တော့ဘူး။ လူကလေးတို့ ကြီးလာရင် ဖြစ်လိမ့်မယ်ကွယ့်။ ငါ့သား လူကလေး ဝေပုလ္လတောင်ပေါ် ဆရာတော်ဘုန်းကြီးကို သွားဖူးလိုက်ဦးနော်။

အဲဒီ မြစိမ်းရောင် မင်းသမီးကလေးရဲ့ အုတ်ဂူကို မသမာသူတွေက သိုက်တူးကြလို့ ပြိုပျက်ကုန်တယ်ကွယ့်။ အခုကုန်းယောင်ယောင်လေးပဲ ရှိတော့တယ်။ ဖန်ခါးပင်လေးတစ်ပင် ပေါက်နေလေရဲ့။

ကျိုက်တလန်းဘုရားကြီးဟာ ပုဂံဘုရင် ကျန်စစ်သားမင်းကြီးလက်ထက်က ပြိုပျက်နေတာတွေ့လို့ ထပ်မံ ပြင်ဆင်ထားတာကွယ့်။ အဲဒီအကြောင်းကို ကျောက်စာလဲ ရေးထိုးသွားတယ်။ ၁၈၈၃ ခုနှစ်လောက်က ကုလားဖြူအစိုးရက တို့ရွာက ကျောက်စာချပ်ကြီးကို ကလကတ္တားကို လှေကြီးနဲ့ သယ်သွားခဲ့တယ်။ ပဲခူး ငလျင်ကြီး လှုပ်တုန်းက ကျိုက်တလန်းဘုရားလဲ ငုက်ပျော
ဖူးကြီး အက်ကွဲ မြေခသွားလို့ ဘုန်းကြ
က ဦးဆောင်ပြီး ဝေါသူဌေး ကိုမိုးက
ထပ်ပြင်ခဲ့သေးတယ်။

ဘုန်းကြီးလက်ထက်မှာပဲ ထီးတော
စိန်ဖူးတော် အသစ်တင်ပြီး ခုနစ်
သားသမီးတို့ရဲ့ကောင်းမှုနဲ့ မြစိမ်း
ရောင် မင်းသမီးကလေးကို အမှတ်
စေဖို့ မြသိန်းတန်ဘုရားလို့ တွင်
တာပေါ့။ ခုတစ်ခါ ပြိုပျက် တော
ပြန်ပြီလေ။ ပြန်လည်ပြုပြင်မယ့် အ
သူ့အချိန်ကျရင် အလိုလို ပေါ်လာ
တဲ့။ စောင့်ကြည့်ပေါ့ သားရယ်။

သာသနာတော် ထက်ဝက်ကျော်
ဆကေသဓာတုဝင် ဆံတော်ရှင်
စေတီတွေ ပေါ်ပေါက်လာပြီး ဒီဒေ
တွေဟာ မြို့ကြီးပြကြီး ဖြစ်ဦးမယ်
ဗျာဒိတ်တော်ရှိတယ်။ လူကလေး
မီလိမ့်မယ်ကွယ့်။ စာကြိုးစား ငါ့သာ
လူကလေး လယ်ထဲမဆင်းနဲ့၊ ပင်
တယ်။

ဒီနှစ် တက္ကသိုလ်ဝင်တန်းအောင်
တက္ကသိုလ်တက်ရမယ်။ အရာရှိအ
ဖြစ်အောင် မင်းမှုထမ်းလုပ်ပေါ့။ မြ
ရောင်မင်းသမီးလေးကို စွဲလမ်းမနေ
နဲ့ လူကလေးရယ်။ ဘဝတွေ ခြားနေ
ဟာ။ လူကလေး မြို့ပြန်ရောက်
မေ့ပစ်လိုက် ကြားလား'

အဘ၏ အတိတ်ရာဇဝင် ပုံ
ကလေးမှာလည်း ဆုံးသွားလေ
ကျွန်တော့်မှာလည်း မျက်တောင်
၍ အိပ်ပျော်သွားခဲ့ပါပြီ။ အိပ်မက်
ဝယ် မြစိမ်းရောင်မင်းသမီးကလေး
မြသိန်းတန်ဘုရား ရင်ပြင်တော်ပေါ်
စကားတွေ ဖောင်ဖွဲ့နေမိပါသတ

စိုးရာဇာ



www.burmeseclassic.com

www.burmeseclassic.com



◆ တည့်မတ်သွားသော ညောင်ပင်

# ထူးဆန်းသော သစ်ပင်ခြောက်

မောင်နိုး
(ကျောက်မဲ)

(၃၀–၇–၂၀၀၆)ရက်နေ့ မနက် (၇း၃၀)နာရီလောက်မှာ ညီငယ်လို ခင်မင်ရသူ ကိုအောင်ဝင်းဟာ ကျွန်တော့်အိမ်ပေါက်ဝမှာ ရပ်ပြီး အသံကျယ်ကြီးနဲ့ လှမ်းအော်လိုက်တာက...

'အစ်ကိုရေ ထူးခြားတဲ့ သတင်းဗျ'

တဲ့။

အိပ်ရာထဲမှာ မှိန်းနေတဲ့ ကျွန်တော်လဲ ကပျာကယာထပြီး အိပ်ခန်းအပြင်ထွက်ကာ...

'ဘယ်လိုမျိုးမို့ ဘာထူးခြားရတာတုံး'

လို့ မေးလိုက်တယ်။

ကိုအောင်ဝင်းက ပန်းချီဆွဲတယ်။ ဝါသနာအရ စာလေးဘာလေးလဲ ပြတဲ့ သူဆိုတော့ ကျူရှင်ကျောင်းဆရာ တစ်ပိုင်းပေါ့။ မနက်ခင်း (၅း၀၀)နာရီလောက်ဆိုရင် စာသင်ပြနေပြီ။

'ဒီကနေ့မနက် စာသင်နေတုန်းမှာပေါ့ ပန်ဟတ်ရွာက ကျောင်းလာတက်တဲ့ တပည့်မလေးတစ်ယောက်က သူတို့ရွာမှာ လဲပြိုကျပြီး သွေ့ခြောက်နေတဲ့ ညောင်ပင်ကြီးဟာ မူလအတိုင်း ပြန်လည်ထောင်မတ်သွားတာ သိပ်ထူးဆန်းတာပဲလို့ ပြောလာတယ်အစ်ကို။ အဲဒါ သွားကြည့်ရအောင်'

တဲ့။

'မဖြစ်နိုင်တာကွာ'

လို့ ဆိုပြီး တစ်ဆက်တည်း...

'သေချာရဲ့လား ကောလာဟလများလားကွာ'

လို့ မေးပြော ပြောလိုက်တော့...

'သွားကြည့်လိုက်ရင် ရှင်းသွားရောပေါ့။ ဝေးမှ မဝေးဘဲ'

လို့ သွားဖို့အကြောင်းပဲ ထပ်ပြောလာပြန်တယ်။ သူပြောတာ မှန်နေတော့ "အေးလေ ဟုတ်သားပဲ" လို့ စိတ်ထဲမှာတွေးပြီး...

'အခုချက်ချင်း သွားမယ်'

လို့ ပြောလိုက်တယ်။ သူလဲ ဝမ်းသာပြီး ပြုံးဖြီးဖြီးမျက်နှာကြီးနဲ့...

'အစ်ကို့ဆိုင်ကယ်ထုတ် အခုသွားကြစို့'

တဲ့။ သူပြောတဲ့အတိုင်း ဆိုင်ကယ်လေးထုတ်ပြီး **ကျောက်မဲမြို့ အရှေ့မြောက်ယွန်းယွန်းမှာ ရှိတဲ့ ပန်ဟတ်ရွာကို** နှစ်ဦးသား ထွက်လာခဲ့ကြတယ်။

ပန်ဟတ်အောက်ရွာကို ရောက်တော့ ဆိုင်ကယ်ရပ်လိုက်တယ်။ ဆိုင်ကယ်စီးပြီး ဆက်တက်ရင်လဲ မရတော့ဘူး။ လမ်းက ခပ်မော့မော့တက်ရမှာ။ ဖုတွေထစ်တွေနဲ့ ကောက်တွေ့ ကျဉ်းမြောင်းနေလေရဲ့။

ဒီတော့ ကျွန်တော်တို့လဲ ခြေကျင်အသော့နှင်ရတော့တာပေါ့။ လွန်ခဲ့တဲ့ (၃)ရက်လောက်ကတည်းက သဲသဲမဲမဲ ရွာခဲ့တဲ့မိုးဟာ အခုလဲ ဖွဲဖွဲလေး ရွာဆဲဆိုတော့ ချော်လဲမှာ ကြောက်တာကြောင့် သတိလေးနဲ့ ထိန်းပြီး လျှောက်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



◆ စိုင်းဘအေးက ပြန်ထက်သွားသော နေရာအား ပြသစဉ်

သတင်းကြားလို့ သွားကြည့်ကြတဲ့သူတွေလဲ အများသားဆိုတော့ ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း သွားရတဲ့ ခရီးတစ်ခု ဖြစ်နေတယ်။

တချို့လူတွေရဲ့ လက်ထဲမှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ကိုင်လာတာ တွေ့နေရတယ်။ လဲနေရာက ပြန်ထောင်မတ်လာတဲ့ သစ်ပင်ကြီးကို သွားကြည့်ပြီး ပူဇော်ကြ၊ ဆုတောင်းဆုယူ ပြုကြမယ့်လူတွေ ဖြစ်မှာပေ့ါ။

(၁၅)မိနစ်လောက် လျှောက်ပြီးတော့ ဝဲဘက်မှာ ဝါးပြွန်နဲ့ လုပ်ထားတဲ့ ရေချိုးဆိပ်တစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီကနေ ဝါးနှစ်ရိုက်လောက် အကွာမှာတော့ ညောင်ပင်ငုတ်တိုကို လမ်းရဲ့ဝဲဘက်မှာ ဘွားခနဲ တွေ့လိုက်ရတယ်။ **(ပုံတွင် ပြထား၏။)**

ဒီလမ်းလေးအတိုင်း ဆက်လျှောက်သွားရင် ပန်ဟတ်အထက်ရွာကို ရောက်သွားမှာ ဖြစ်ပေမယ့် ရည်ရွယ်တဲ့ နေရာကို ရောက်ပြီမို့ ပတ်ဝန်းကျင်ကို လေ့လာလိုက်တယ်။

လူတချို့ ရောက်နေနှင့်တာကို တွေ့ရတယ်။ ညောင်ပင်ကိုပတ်ပြီး ရာဇမတ်ကွက် လုပ်နေတဲ့သူ ရှိသလို၊ လာကြည့်ကြတဲ့သူတွေ နားနေဖို့ တဲထိုးနေကြတဲ့သူတွေလဲ ရှိတယ်။ တချို့လဲ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းညှိပြီး ညောင်ပင်ကို ပူဇော်နေကြလေရဲ့။

ရာဇမတ်ကွက် ကာနေတဲ့လူကိုပဲ စတင်ပြီး မေးကြည့်လိုက်တယ်။ သူ့အမည်က **"စိုင်းဘအေး"(ပန်ဟတ်အထက်ရွာသား)**တဲ့။ သူက နှံ့နှံ့စပ်စပ် သိထားတော့ မေးလိုက်တဲ့အခါ ပြည့်ပြည့်စုံစုံ သိလာရပါတယ်။ သူပြောပြတာက ဒီလိုပါ။

(၂၈–၇–၀၆)ရက်နေ့ ည(၈)နာရီလောက်မှာ ပန်ဟတ်အထက်ရွာနေတဲ့ "စိုင်းအောင်ခင်"ဟာ တောင်ယာလုပ်ငန်းတွေပြီးလို့ ရေချိုးဖို့ တစ်ယောက်တည်း ရေပြွန်ရှိတဲ့ဆီ ဆင်းလာခဲ့ရာ…

"စွပ်…ဂလုတ်"လို့ ခပ်ကျယ်ကျယ် မြည်လိုက်တဲ့ အသံတစ်မျိုးကို ညာဘက်ကကြားလို့ လှည့်ကြည့်လိုက်တယ်။ တွေ့နေကျ လဲနေတဲ့ ညောင်ပင် (ရှမ်းတိုင်းရင်းသားဘာသာဖြင့် မိုက်ဟိုင်း)ခြောက်ကြီးကို အမှောင်ထဲမှာ မိုးတိုးမတ်တတ် မြင်လိုက်ရတော့ (ကြောက်လန့်တာလဲ ပါတာပေ့ါ။) ထူးဆန်းလွန်းလို့ ဟုတ်ပါ့မလားလို့ ပါလာတဲ့ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တဲ့အခါ မီးရောင်ထဲမှာ ညောင်ပင်ခြောက်ကြီးကို ထောင်လျက်သား တွေ့လိုက်ရတော့တာပါပဲ။

စိုင်းအောင်ခင် (ပြောပြသူ စိုင်းဘအေး၏ ဆွေမျိုး)လဲ အလျင်စလို ရေချိုးပြီး ထောင်မတ်သွားတဲ့ ညောင်ပင်အကြောင်း ရွာထဲလျှောက်လည်ရင်း ပြောဖြစ်သွားတယ်။ ဒီသတင်းဟာ တောမီးလို ချက်ချင်းပျံ့နှံ့သွားတော့ နောက်ခံနေ့ကစပြီး လာကြည့်ကြတဲ့သူတွေနဲ့ စည်ကားနေလို့ ပွဲလေးတစ်ခု ဖြစ်သွားတယ်။ ည(၁၀)နာရီအထိ လာကြည့်ကြတဲ့လူတွေ ရှိတယ်တဲ့။

ညောင်ပင်ကြီး လဲကျတာက လေမုန်တိုင်း တိုက်ခတ်ခဲ့တဲ့ **(၁၄–၄–၀၄) ၁၃၆၆ ခုနှစ်၊ တန်ခူးလဆုတ် (၁၀) ရက်နေ့ပဲတဲ့။** တိတိကျကျကို ပြောလိုက်နိုင်တာက အဲဒီနေ့မှာပဲ သူ့အိမ်လဲ ပြိုကျခဲ့တာမို့ မှတ်မိနေတာပါတဲ့။

လဲကျသွားတဲ့ ညောင်ပင်ရဲ့အကိုင်းအခက်တွေကိုတော့ ခုတ်ပိုင်းဖြတ်တောက်ပြီး အုတ်ခဲ(၄၀၀)နဲ့ လဲလိုက်တာတဲ့၊ ရလာတဲ့ အုတ်ခဲတွေနဲ့ ပန်ဟတ်အထက်ရွာမှာ နတ်စင်ဆောက်ဖြစ်သွားတယ်။ (၂)သိန်းကျော် ကုန်သွားသတဲ့။

ညောင်ပင်၏ ပင်စည်လုံးပတ် = ၁၃½ ပေ
ညောင်ပင်အမြင့် = ၉½ ပေ
ညောင်ပင်အမြစ်ဆုံ
(မြေကြီးအောပါအဝင်) = ၁၀၈½ ပေ

ရှိကြောင်း သိရပါတယ်။

အံ့အားသင့်စရာ အဖြစ်အပျက်အမျိုးစုံကို သဘာဝတရားက ဘယ်လိုများ လှည့်စားပြီး ပြနေတာပါလိမ့်လို့ ကျွန်တော့်အနေနဲ့ ရှင်းမပြနိုင်ပေမယ့် ဝိဇ္ဇာနည်း၊ သိပ္ပံနည်းတွေနဲ့ စူးစမ်းလေ့လာတတ်သူတွေအတွက် မူရင်းအတိုင်း သိရှိမှတ်သားနိုင်ရန် ဖော်ပြလိုက်ရခြင်းသာ ဖြစ်ပါတယ်။

**မောင်နိုး(ကျောက်မဲ)**




www.burmeseclassic.com

www.burmeseclassic.com



# ပီလားကောင်အစွမ်း



◆ သောင်ပြင်မှ ပီလား

ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကမ်းခြေတစ်လျှောက်တွင် **ပီလားကောင်များစွာ** တွေ့မြင်နိုင်သည်။


ရေအတက်တွင် လိုက်ပါလာကြသော ပီလားကောင်များသည် ရေပြန်ကျသွားသောအခါ သဲသောင်ပြင်တွင် ပက်လက်ကျန်ခဲ့ပါက ယက်ကန်ကက်ကန်ဖြင့် ချာလည် လှည့်နေတတ်သည်။


ခရီးသွားများ တွေ့ရှိပါက ပင်လယ်အတွင်း ပြန်လွှတ်ပေးကာ ဇီဝိတဒါန ပြုလေ့ရှိကြသည်။

ဤပီလားကောင်များမှာ လယ်ယာလုပ်ငန်းတွင် အရေးပါသော **ကျွဲ၊ နွားများအတွက် အဆောင်ကောင်း**

◆ ဝမ်းဗိုက်ပိုင်း

◆ ရန်သူကို တံ့ပြန်ရန် အမြီးထောင်လာစဉ်







www.burmeseclassic.com

www.burmeseclassic.com



◆ ကျောဘက် အနီးကပ်

◆ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးရွာနေ မင်းသက်အောင်၊ သက်သက်နိုင် ဖနီးမောင်နှံနှင့် ပီလာဆွဲကြိုး



ဖြစ်သည်။

တင်းကုပ်တွင်း ထောင့်လေးထောင့်တွင် ပီလာတစ်ကောင်စီ ချိတ်ဆွဲပေးထားလျှင် ကျွဲ၊ နွား ရောဂါ ကင်းဝေးကာ ကျန်းမာသန်စွမ်းကြသည်ဟု ကညင်ကုန်းရွာနေ လယ်သမားကြီး ဦးအောင်မြင့်က ပြောပြသည်။

**နွားနာလျှာနာ၊ ထောင့်သန်း အစ ရှိသည့် ကျွဲ၊ နွား ရောဂါများသာမက** အဆိပ်ရှိ ပိုးမွှားကိုက်ခဲခြင်း စသည့် ဝေဒနာများ တစ်စုံတစ်ရာ ခံစားနေရပါလျှင် **ပီလာကောင်အား ပြာချ၍ လျှာပွတ်ပေးလျှင် ပျောက်ကင်း သက်သာစေသည်** ဟု ကွမ်းခြံကုန်း ဆေးရုံ ရှေ့တွင် ခရီးသွား ဦးကြီး တစ်ဦးက ပြောပြသည်။

**ဒရယ်လူး ကျေးရွာနေ မင်းသက်အောင်၊ သက်သက်နိုင် ဖနီးမောင်နှံမှာ နှုတ်ငုံမွေးဖွားရ လွယ်ကူစေရန် ပီလာအမြီးကို လက်မဝက်ခန့် ပိုင်းဖြတ်ကာလည်တွင်ဆွဲထားသည်ကို တွေ့ရသည်။**

မိဘဘိုးဘွား အစဉ်အဆက် မွေးဖွားရ လွယ်ကူစေသော အဆောင်ဆွဲကြိုး ဖြစ်သည်ဟု ပြောကြသည်။ ခွင့်တောင်း၍ လေ့လာကြည့်သော အခါ ဝိဇ္ဇာဓရနယ်ဆိုင်ရာ စွမ်းအင်များ ကိန်းအောင်းနေသည်ကို တွေ့ရပေသည်။ **ထိုအမြီးချွန်ဖြင့် ထိုးမိလျှင် အဆိပ်တက်တတ်သည်ဟုသိရသည်။**

**ခွန်စိုင်းဝမ်း**

## မျက်မှန်ကျွတ်

**မျက်စိမှုန်ပျောက် ဆေးနည်းတစ်လက်**

အသက်(၅၀)ကျော်လာလျှင် မျက်စိမှုန် မျက်စိ ဝေဝါးစပြုလာသည်။ အဆို ပါအချိန်၌ ပါဝါမျက်မှန်တပ်၍ စာကြည့် ခြင်း၊ အပ်ကြိုးထိုးခြင်း ပြုလာရသည်။

ယခု တင်ပြမည့်သူမှာ ပါဝါမျက်မှန် ဒီဂရီ များများ တပ်ဆင်ရသူဖြစ်သည်။ ထိုသူမှာ သရက်တက်မှ ဘဏ်မန်နေဂျာ (အငြိမ်းစား)တစ်ဦးဖြစ်သည်။

ယခင် တွေ့စဉ်တုန်းက မျက်မှန်ဖြင့် စာရေး စာဖတ်ရသည်။ နောင်အခါ တွေ့ဆုံရသောအခါ မျက်မှန်လွတ်ပြီး စာရေးစာဖတ် ပြုနေပြီ။

ကျွန်တော်က...

'ယခင် မျက်မှန်ပါဝါများများနှင့် စာရေးပြီး ယခု မျက်မှန်လွတ် စာရေးနေသည်ကို တွေ့ရ၍ ဘာဆေးများ မှီဝဲသုံးဆောင်သလဲ'

ဟု မေးသောအခါ သူက **ကျောက် အိုးဆရာတော်ကြီး ချီးမြှင့်သော ဆေးနည်းနှင့် မျက်စိကြည်လင် အားကောင်းကြောင်း** ပြောပြပါသည်။

**သူ ပြောပြသောဆေးနည်းမှာ...**

၁။ မန်ကျည်းရွက်၊ ၂။ လက်ဖက်၊

၃။ ကွမ်းရွက်၊ ၄။ ရှားစောင်းလက်ပပ်အနှ

ထို(၄)မျိုးကို အညီအမျှစီ ထုထောင်းရောနယ်ပြီး နဖူးပေါ်တင်၍ အဝတ်နှင့်စည်း၍ နေ့၊ ည အိပ်သော အချိန်တွင် စည်းအိပ်ရန်သာဖြစ်သည်။ **အချိန်အဆ ဆတူဖြစ်သည်။** မျက်စိ ကြည်လင်သည်အထိစည်းရန်ဖြစ်သည်။ အချိန်ကာလ သတ်မှတ်ချက် မရှိပါ။

၎င်းနည်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ စမ်းကြည့် စေချင်ပါသည်။ ဆေးအမည်မှာလည်း ပတ်ဝန်းကျင်တွင် ရှာဖွေ၍ လွယ်ကူပါ သည်။

**(အောင်သိန်းဝင်း မှော်ဘီ)**



www.burmeseclassic.com

www.burmeseclassic.com



# မိုးကြိုးပစ်ခံရသော်လည်း

## အသက်မသေဘဲ ချမ်းသာရာရခဲ့သူ တစ်ဦး

မောင်မောင်လွန်း (မုံရွာ)



◆ တမာပင်ကြီးအောက် မိုးကြိုးပစ်ခံခဲ့ရသော နေရာ



◆ မိုးကြိုးပစ်ခံရစဉ် အနေအထား။ အမိုးပေါက်သွားသည့်နေရာ(မြားပြထား)နှင့် မိုးကြိုးပစ်ချခဲ့သောနေရာ(ဝိုင်းပြထား)

**၂၀၀၆ ခုနှစ်၊ ဩဂုတ်လ(၈)ရက်၊ ၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ညနေ (၄)နာရီခန့်**တွင်မိုးတဖွဲဖွဲရွာနေခိုက် မိုးကြိုးပစ်သံတစ်ချက် ကြားလိုက်ရသော်လည်း မည်သည့်နေရာကို ပစ်သွားမှန်း မသိရှိရပေ။

နောက်တစ်နေ့ နံနက်ရောက်မှ ယမန်နေ့က ပစ်လိုက်သော မိုးကြိုးမှာ ထီလှည်းနှင့် ထီလှည့်ရောင်းသူ တစ်ဦးအား ပစ်လိုက်ခြင်းဖြစ်ပြီး လူမှာ မသေသော်လည်း ဘယ်ဘက်တစ်ခြမ်း မည်းသွားကြောင်းတို့ကို သိရှိရပေသည်။

မိုးကြိုးပစ်ခံရသော်လည်း လူမှာ အသက်မသေဟု ဆိုသောကြောင့် စာရေးသူလည်း စိတ်ဝင်စားသဖြင့် မိုးကြိုးပစ်ခံရသောသူအကြောင်း စုံစမ်းကြည့်သော်လည်း မေးမြန်းစုံစမ်း၍ မရရှိဘဲ ဖြစ်နေပါသည်။

မိုးကြိုးပစ်ခဲ့ပြီး (၁၀)ရက်ခန့်အကြာတွင် တက်နေဝန်း မျက်မှန်ဆိုင်မှ ဦးအောင်ကျော်စိုးက မိုးကြိုးပစ်ခံရသူ၏ လိပ်စာကို သိရှိခဲ့ရပြီဖြစ်ကြောင်း စာရေးသူအား ပြောလာသဖြင့် ဦးအောင်ကျော်စိုးနှင့် စာရေးသူတို့နှစ်ယောက် မိုးကြိုးပစ်ခံရသူ၏အိမ်သို့ သွားရောက်ကာ မိုးကြိုးပစ်ခံရပုံ အကြောင်းများကို မေးမြန်းခဲ့ပါသည်။

မိုးကြိုးပစ်ခံရသူမှာ **မုံရွာမြို့၊ ကျွဲကြီးရပ်ကွက်၊ အမှတ် (၆)နယ်မြေတွင် နေထိုင်သော ထီရောင်းသည့် ဦးလှထွန်း**ဆိုသူပင် ဖြစ်သည်။ ဦးလှထွန်း၏ ပြောပြချက်အရ မိုးကြိုးပစ်ခံရသောနေ့က ထီရောင်းပြီး ပြန်အလာ သာစည်လမ်း မုံရွာ ဆရာအတတ်သင်ကျောင်းအလွန် ကျော်ကြီးကွမ်းယာဆိုင်ရှေ့သို့အရောက် မိုးရွာလာသည့်အတွက် ထီလက်မှတ်များကို မိုးရေစိုမည်စိုးသောကြောင့် တမာပင်ကြီးအောက်၌ရပ်၍ ထီလက်မှတ်များကို ဖြုတ်သိမ်းရန် ထီလှည်းပေါ်မှ ဆင်းခဲ့သည်။

ထို့နောက် ထီလက်မှတ်များကို ညှပ်ထားသော ကလစ်(ညှပ်)များအား ဖြုတ်ကာ လွယ်အိတ်ထဲသို့ အထည့်တွင် ဝင်းခနဲ လင်းထိန်သွားလျက် ဖုံးကွဲသံကွဲသို့ ဒိုင်းခနဲ အသံကြီး ကြားလိုက်ရပြီးလျှင် လူမှာလည်း ရပ်နေသည့်နေရာမှ နှစ်လံကျော် သုံးလံခန့်အကွာသို့ ကိုင်းပစ်လိုက်သည့်အလား လွင့်စင်သွားကာ မှောက်လျက် လဲကျသွားသည်။

သူ၏စိတ်ထဲတွင် ခန္ဓာကိုယ်မှာ တစ်စစီ ဖြစ်သွားသည်ဟု ထင်မိခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ သို့သော်လည်း ခန္ဓာကိုယ်မှာ ဘာမှ မဖြစ်ဘဲ အောက်ပိုင်း တစ်ခုလုံး မီးလောင်သကဲ့သို့ ခံစားရပြီး လှုပ်ရှား၍ မရတော့ပေ။ သူသည် သတိ ကောင်းသည့်အတွက် သတိလစ်မသွားသောကြောင့် ဘုရားကိုသာ စိတ်ထဲမှ အာရုံပြုနေလျက် ရှိပေသည်။



◆ မိုးကြိုးပစ်ချခံရပြီးနောက် လွင့်စဉ်သွားသည့် နေရာအား

[illegible] ပြသနေစဉ်

လက်တွင် ပတ်ထားသော နာရီအား ကြည့်လိုက်ရာ နာရီစက်မှာ သွားနေသဖြင့် **ညနေ (၄)နာရီနှင့် မိနစ်(၂၀)** ရှိပြီဖြစ်ကြောင်းကို သိရှိရသည်။ အတော်လေးကြာမှ မီးလောင်သကဲ့သို့ ခံစားနေရသော ဝေဒနာမှာ အနည်းငယ် သက်သာသွားသည့်အတွက် မှောက်လျက် လဲကျနေရာမှ ထကြည့်သော်လည်း ထ၍မရတော့ဘဲ အောက်ပိုင်းသေသကဲ့သို့ဖြစ်ကာ ဘယ်ခြေထောက်မှာ ဆန့်၍မရဘဲ ကွေးနေလေသည်။

အနီးအနားမှ လာကြည့်သောလူများက မထူရဲဘဲ ရပ်ပြီးကြည့်နေကြသောကြောင့် တဲလေးထဲသို့ ရွှေ့ပေးပါရန် အကူအညီတောင်းတော့မှ တဲထဲသို့ မ,ပြီး ရွှေ့ပေးကြလေသည်။

မိုးကြိုးပစ်လိုက်သည့် ဒဏ်ကြောင့် ငယ်ပါ၏ထိပ်တွင် မီးလောင်သကဲ့သို့ ဖြစ်သွားကာ ငယ်ပါမှာလည်း အထဲသို့ တိုဝင်သွားသဖြင့် လက်ဖြင့် ဆွဲထားခဲ့ရကြောင်း၊ ပစ်လိုက်သော မိုးကြိုးသည် ထီလှည်း၏ အမိုးနောက်နား နှုတ်ခမ်းတွင် မီးလောင်သည့်အလား အပေါက်နှစ်ပေါက် ဖြစ်သွားသည်။

ထို့ပြင် လူထိုင်နင်းသော နောက်ဘီး၏ ဘေးနှစ်ဖက် ကပ်လျက်တွင်လည်း တစ်မိုက်ခန့်နက်သော ကျင်းနှစ်ကျင်း ဖြစ်သွားကာ လမ်းခင်းထားသော ကျောက်ခဲများမှာလည်း အတော်ဝေးဝေးသို့ လွင့်စဉ်ကုန်ကြသည်။

ကံအလွန် ကောင်းလွန်းသဖြင့်သာ လူမှာ မည်သို့မျှ မဖြစ်ခဲ့ခြင်း ဖြစ်ပေသည်။ လူသာ ထီလှည်းပေါ်၌ ရှိနေပါက မိုးကြိုးသွားသည့် လူကို တည့်တည့် မှန်မည်မှာ သေချာသည်။ ယခုလည်း မိုးကြိုးပစ်ချခဲ့သော နေရာနှင့် လူမှာ နှစ်ပေခန့်သာ ကွာသည်ဟု ပြောပါသည်။

မိုးကြိုးသည် ထီလှည်းကိုသာ ပစ်လိုက်ခြင်းဖြစ်သော်လည်း ထီလှည်းနှင့် ဝါးတစ်ပြန်ခန့် အကွာတွင်ရှိသော ကွမ်းယာဆိုင်ထဲတွင် ကွမ်းယာ ယာပေးနေသော ကိုကျော်ကြီးဆိုသူမှာ နောက်ထရံအထိ လွင့်စဉ်သွားခဲ့ပြီး ကွမ်းယာဝယ်နေသော သူမှာလည်း ဦးလှထွန်း လဲကျနေသော နေရာနားအထိ လွင့်စဉ်လာခဲ့သည်ဟု သိရှိရသည်။

ဦးလှထွန်းလည်း လာရောက်ကြည့်ရှုကြသော လူများကို သူ့အိမ်သို့ အကြောင်းကြားပေးပါရန် ပြောသဖြင့် သူ့အိမ်ကို အကြောင်းကြားလိုက်သောကြောင့် သူ၏ဇနီးနှင့် သားဖြစ်သူတို့ လာခေါ်ကြောင်း၊ လာရောက်ကြည့်ရှု ကြသူများက ဆေးခန်း (သို့မဟုတ်) ဆေးရုံသို့ အမြန်ဆုံး ပို့ရန် ပြောကြ သည်။

သို့သော် ဦးလှထွန်းမှာ ဆေးခန်း၊ ဆေးရုံသို့ မသွားလိုဘဲ မိုးကြိုး ပစ်ခံခဲ့ရသူ နှစ်ဦးကို မိုးကြိုးသွားဖြင့် ကယ်တင်ပေးခဲ့သည့် သူ၏ဆရာအရင်းဖြစ်သော ဆရာတော် ဦးဇနကထံသို့သာ ပို့ပေးရန် ပြောသဖြင့် ပို့ပေးခဲ့ရသည်။

ဆရာတော် ဦးဇနကထံ ရောက်သည့်အခါ ဆရာတော်မှ မိုးကြိုးသွားနှင့် ကယ်တင်ပေးလိုက်ရာ နာရီဝက်လောက်အချိန်အတွင်းမှာပင် ပြန်လည်ကောင်းမွန်လာခဲ့သဖြင့် ယခုအခါ ထီများကိုပင် လှည့်လည်ရောင်းချနိုင်ပြီဖြစ်ကြောင်း ပြောပြသည်။ ဖြစ်ပျက်ပုံ အကြောင်း ပြောပြပြီးသည့်နောက် သူ့အား ကယ်တင်ပေးခဲ့သော ဆရာတော် ဦးဇနကထံသို့ လိုက်ပါပို့ဆောင်ပေးပါသည်။

**ဆရာတော် ဦးဇနကမှာ ဇနကာရုံ ကျောင်း (ဆူးဖြူပင်ကျောင်း)၏ ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်ပြီး သက်တော်(၇၀)နှစ်၊ ဝါတော်(၅၀) ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။**

ဆရာတော်အား ရှိခိုးပြီးသည့်နောက် စာရေးသူမှနေ၍ မိုးကြိုးပစ်ခံရသော ဦးလှထွန်းအား မည်ကဲ့သို့ ကယ်မပေးတော်မူခဲ့ကြောင်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com





▲ ဆရာတော်မှ ကြေးမိုးကြိုးသွားအား ပြသစဉ်

◀ ကြေးမိုးကြိုးသွားဖြင့် လူနာတစ်ဦးအား ကယ်တင်ပေးနေသော ဆရာတော် ဦးဖေနကာ

ထားသည့်အခါ ဆရာတော်မှ အောက်ပါအတိုင်း မိန့်ကြားပြောဆိုတော်မူပါသည်။

'ဝါခေါင်လပြည့်နေ့ ညနေ (၄)နာရီအချိန်လောက်မှာ မိုးလေး ဖွဲဖွဲရွာလာပြီး မကြာမီတွင် မိုးကြိုးပစ်သံ ကြားလိုက်ရတဲ့အတွက် မိုးကြိုးအကြောင်း ထိုင်ပြောနေကြစဉ် ခဏကြာတော့ မိုးကြိုးပစ်ခံရတဲ့ လူနာတစ်ယောက် ရောက်လာတယ်လို့ လျှောက်ထားတာကြောင့် ဘုန်းကြီးလဲ သွားကြည့်ပြီး လူနာကို ခုတင်ပေါ် တင်ခိုင်းလိုက်တယ်။

ဘယ်ဘက်တစ်ခြမ်းက နည်းနည်းမည်းနေပြီး ဘယ်ဘက်လက်နဲ့ ဘယ်ဘက်ခြေထောက် ကွေးကောက်နေတာကြောင့် အစတော့ ဘုန်းကြီးရဲ့တာပည့် လှထွန်းမှန်း မသိဘူး။ နောက်မှ လှထွန်းမှန်း သိရတယ်။

ကွေးကောက်နေတဲ့ လက်နဲ့ ခြေထောက်ကို ဆွဲဆန့်ခိုင်းတော့ ဆန့်လို့မရဘူး။ အဲဒါကြောင့် ဘုန်းကြီးလဲ မိုးကြိုးသွားနဲ့ ခေါင်းကစပြီး ခြေဖျားအထိ ထောက်,ထောက်ပေးတယ်။ (၁၀)မိနစ်လောက်အထိ ထောက်ထားတာကို နာမှန်းမသိဘူးလို့ ပြောတယ်။

ဘုန်းကြီးလဲ မိုးကြိုးသွားနဲ့ ဆက်ပြီး ထောက်,ထောက်ပေးလိုက်တာ မိနစ်(၂၀)လောက်ကြာတော့ အပေါ်ပိုင်းက နည်းနည်းနာလာတယ်ဆိုတာနဲ့ မိုးကြိုးသွားနဲ့ပဲ ထောက်,ထောက်ပေးလိုက်တာ မိနစ်(၃၀)လောက် အကြာမှာတော့ အောက်ပိုင်းကပါ နာလာပြီလို့ ပြောတာကြောင့် ကွေးနေတဲ့ ခြေထောက်ကို ဆွဲအခိုင်းလိုက်တဲ့အခါမှာ ခြေထောက်လဲ ပြန်ဖြောင့်သွားတယ်။

လမ်း ထလျှောက်ခိုင်းလိုက်တော့ လမ်းကောင်းကောင်း ပြန်လျှောက်လာနိုင်တာကို တွေ့ရတယ်။ ဘယ်ဘက်အခြမ်းက မည်းနေတာတွေလဲ ပြေသွားတော့တာပဲ'

ဟု မိန့်ကြား ပြောဆိုတော်မူပါသည်။

'လူက ပြန်ကောင်းသွားသော်လဲ ငယ်ပါဟာ အထဲကို တိုဝင်နေတယ်လို့ လျှောက်ထားတာကြောင့် ပေါင်အရင်းအကြောဆုံနေရာကို မိုးကြိုးသွားနဲ့ (၁၅)မိနစ်လောက် ထောက်ပေးလိုက်တော့မှ ငယ်ပါလဲ ပြန်ထွက်လာတော့တာပဲ။

လှထွန်းအပြင် အရင်ကလဲ မန္တလေးမြို့ မဟာမြတ်မုနိဘုရား တောင်ဘက်က ဒကာမတစ်ယောက်၊ အရာတော်မြို့က ဒကာတစ်ယောက်ကိုလဲ မိုးကြိုးပစ်ခံရလို့ ဘုန်းကြီးပဲ မိုးကြိုးသွားနဲ့ ကယ်တင်ပေးခဲ့တာ အသက် ချမ်းသာသွားကြသေးတယ်'

ဟု မိန့်ကြားတော်မူပါသေးသည်။

စာရေးသူလည်း ဆရာတော် မည်ကဲ့သို့ မိုးကြိုးသွား ရရှိခဲ့ကြောင်း မေးမြန်းလျှောက်ထားရာ ဆရာတော် ရဟန်း (၁၀)ဝါခန့်အရတွင် တောမှာနေသော သူ့သူငယ်ချင်း ဘုန်းကြီးတစ်ပါးဆီက ရရှိခဲ့ကြောင်း။

မိုးကြိုးသွားမှာ အလွန် ရှားပါးသော ကြေးမိုးကြိုးသွားဖြစ်ပြီး ထိုမိုးကြိုးသွားကြောင့် ထန်းပင်(၈)ပင်နှင့် ပဲကြီးခင်းတစ်ဧကတို့မှာ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မိုးကြိုးသွား၏ အလေးချိန်မှာ (၅)ကျပ်သားတိတိရှိကာ အရင်းဘက်တွင် အခေါင်းပါရှိကြောင်း၊

ယခုအခါ ကိုင်၍ကောင်းစေရန်အတွက် အရင်းပိုင်းကို သင်္ကန်းဖြင့် ပတ်ထားပြီး ကြိုးများဖြင့် ချည်လျက် အသွားပိုင်းလေးကိုသာ ချန်ထားကြောင်း၊ ထိုမိုးကြိုးသွားနှင့် ဝေဒနာရှင်များကို အခကြေးငွေ လုံးဝ အလျှမခံဘဲ ပရဟိတ စိတ်ဓာတ်ဖြင့် ကယ်တင်ပေးခဲ့သည်မှာ နှစ်ပေါင်း (၄၀) ခန့်ရှိပြီဖြစ်ကြောင်းတို့ကို မိန့်ကြား


စာမျက်နှာ (၂၈၅) သို့

www.burmeseclassic.com

www.burmeseclassic.com



# ဗေလချင့်ခန္ဓာ

## ကိုယ်တွေ့ဖြစ်ရပ်မှန်

ဘိုးလွင်
(ရွှေတောင်မြို့)



တစ်နေ့ စာရေးဆရာ ရဲဘုန်းအောင် ရေးသားသော ရုပ်ခန္ဓာလွှန် ဖြစ်ရပ်များကို ဖတ်ရှုမိသောအခါ စာရေးသူ ကိုယ်တွေ့ကြုံခဲ့ဖူးသော အဖြစ်နှင့် တူနေပါသဖြင့် ရေးသားပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

လောကတွင် မဖြစ်နိုင်ပါဘဲ၊ ဖြစ်နိုင်စရာအကြောင်းလည်းမရှိပါဘဲ ဖြစ်လာကြသည်မှာ အလွန်မတန်မှ ထူးဆန်းအံ့ဩဖွယ် ကောင်းလှပါသည်။

စာရေးသူသည် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့တွင် နေထိုင်ရာမှ အဖေ၊ အမေများ နေထိုင်ရာ ပြည်ခရိုင်၊ ရွှေတောင်မြို့သို့ လာရောက် နေထိုင်ခဲ့ပါသည်။ ရွှေတောင်မြို့၊ ဈေးကုန်းရပ်ကွက်၊ နှပ်တန်းလမ်းတွင် (Top)ဗီဒီယိုနှင့် မေမြို့ ထုံးရောင်းဝယ်ရေးများ လုပ်ကိုင်နေကြပါသည်။

၁၉၉၅ ခုနှစ်တွင် စာရေးသူမှာ သရက်မြို့၊ ပိတောက်ပင် ရေနံမြေမှာ အလုပ် လုပ်နေပါသည်။ အလုပ်အားသော တစ်နေ့တွင် စာရေးသူ နေထိုင်ရာ ဆင်ပေါင်ဝဲမြို့သို့ ပြန်လာခဲ့ပါသည်။

သရက်မြို့မှ အောင်လံမြို့သို့ မော်တော်ဖြင့် ကူးရသည်။ အောင်လံမြို့မှတစ်ဆင့် ဆင်ပေါင်ဝဲမြို့သို့ မော်တော်ဖြင့် ဆက်သွားရပါသည်။ နေ့လယ်(၁၂)နာရီထွက်၍ ညနေ(၆)နာရီမှ ဆင်ပေါင်ဝဲမြို့သို့ ရောက်ပါသည်။

ရောက်သည်နှ...
နီး...
ထမင်းဆိုင်တွင်
စားပြီးမှ အိမ်...
ပြန်ခဲ့သည်။ ဆင်ပေါင်ဝဲမြို့
ထမင်းဆိုင်များမှာ အလွန် စားကောင်း
လှပါသည်။

သဘော်၊ မော်တော်ဆိပ်ဖြစ်...
နာမည်ကြီးပါသည်။ ဆင်ပေါင်ဝဲ...
ဆိုလျှင်လည်း နာမည်ကြီးသည်။

စာရေးသူ အိမ်ပြန်ရောက်တော့
ည(၇)နာရီ ရှိပါပြီ။ ပတ်ဝန်းကျင်...
မိတ်ဆွေများနှင့် လုပ်ငန်းအကြောင်း...
ဆွေးနွေးဖြစ်ကြ၍ ည(၉)နာရီခန့်တွင်
မိတ်ဆွေများ ပြန်သွားကြပါသည်...
စာရေးသူ၏ဇနီး မသန်းလှနှင့် သားသမီး
(၃)ယောက် အိပ်ရာဝင်နေကြပါ...

စာရေးသူမှာ မိသားစု အများ...
မအိပ်တတ်ပါ။ တစ်ယောက်တည်း...
ခြင်ထောင်တစ်လုံးနှင့် ဘုရားခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပါသည်။ သရဏဂုံ (၃)ပါးကို ဘုရားရှိခိုး၍ အိပ်ရာဝင်ခဲ့ပါသည်။ ခေါင်းအုံးနှင့်ခေါင်းထိလျှင်ပဲ ဦးခေါင်းထဲတွင် **"ဂျဲ၊ ဂျဲ၊ စီ၊ စီ၊ စီ"**ဆိုသော အသံများ ကြားနေရပါသည်။ စာရေးသူမှာ အိပ်မပျော်သေးပါ။ ခေါင်းကိုက်သည်လည်း မဟုတ်ပါ။ တစ်ခါမှ မဖြစ်ဘူးသဖြင့် နားထောင်နေမိသည်။

နားထောင်နေစဉ်မှာပင် စာရေးသူ၏ ခန္ဓာကိုယ်မှာ လေထဲသို့ ကြွတက်သွားပါသည်။

စာရေးသူမှာ အလွန်လန့်၍ ဇနီးဖြစ်သူအား ခေါ်သော်လည်း ခေါ်၍မရပါ။ အိပ်မပျော်သေးပါ၊ အားလုံးမြင်တွေ့နေရပါသည်။ စန့်စန့်ကြီးဖြစ်ပြီး အပေါ်သို့ တက်နေခြင်း ဖြစ်ပါသည်။ စာရေးသူ၏ ခန္ဓာကိုယ်မှာ အောက်မှာ ကျန်နေခဲ့ပါသည်။

အလွန်ပင် ကြောက်နေမိပါသည်။ အပေါ်မှ ခြင်ထောင်အမိုးကို ထိတော့မည် ဆိုတာကို သိပါသည်။ လေထဲမှာ လွင့်နေခြင်းသည် အရသာတော့ ရှိပါသည်။ ဘယ်လိုပြောရမှန်း မသိပါ။ ခြင်ထောင်အမိုးကို ထိမှ အောက်သို့ ဖြည်းဖြည်းချင်း ပြန်ကျလာပါသည်။

ကျလာသည်မှာ မူလ ခန္ဓာကိုယ်နှင့် ထိတော့မည်ဆိုတာကို သိပါသည်။ မူလခန္ဓာကိုယ်နှင့် ထိထိချင်း စာရေးသူလည်း လန့်ပြီး ထထိုင်လိုက်ပါသည်။

ဇနီးဖြစ်သူမှ ဘာဖြစ်တာလဲဟု မေးသော်လည်း ကြောက်နေမည်စိုး၍ မပြောတော့ပါ။ တစ်ခါတစ်ရံ တိုက်ဆိုင်မှု တစ်ခုဟုသာ မှတ်ထားလိုက်ပါသည်။ မေ့ထားလိုက်သည်။

(၃)ရက်ခန့်အကြာတွင် ပထမကဲ့သို့ပင် ခေါင်းအုံးနှင့် ထိလိုက်သည်နှင့် (ဂျဲ၊ ဂျဲ၊ စီ၊ စီ၊ စီ) ဆိုသော အသံများ ကြားလာရပြန်သည်။ ပထမတစ်ခါတွင် မတော်လို့ ဖြစ်တာ၊ ခုတစ်ခါတော့ ဘာမှမဖြစ်လောက်ပါဘူးလို့ ထင်လိုက်မိပါသည်။

တွေးလို့ မဆုံးခင်မှာ ခန္ဓာကိုယ်သည် အပေါ်ကို ကြွတက်သွားပါတော့သည်။ အသိနောက်ကျသွားပြီ ဖြစ်သည်။ အော်လို့လည်း မရ၊ ခေါ်လို့လည်း မရဖြစ်နေသည်။ စာရေးသူမှာ အလွန်ပင် ကြောက်နေမိပါသည်။

ခန္ဓာကိုယ်မှာ လေထဲတွင် မှန်မှန်ဖြည်းဖြည်းကလေး ကြွတက်နေခြင်း ဖြစ်ပါသည်။ ပထမတစ်ခါလိုပင် ခြင်ထောင်အမိုးနှင့် ထိမှ အောက်သို့ ပြန်ကျလာခြင်းဖြစ်ပါသည်။ အကယ်၍ ခြင်ထောင်များ မရှိခဲ့လျှင် ဘယ်ထိ အောင်များ ရောက်မည်မသိပါ။ ခန္ဓာကိုယ်ထဲများ ပြန်မဝင်ခဲ့လျှင် ဆိုပြီးလည်း ကြောက်နေမိသည်။

နောက်ရက်များမှာလည်း ဦးခေါင်းထဲမှ (ဂျဲ၊ ဂျဲ၊ ဂျဲ၊ စီ၊ စီ၊ စီ) ဖြစ်လာလျှင် မအိပ်ဘဲ ထိုင်နေပါသည်။ ထိုကဲ့သို့ မကြာခဏ ဖြစ်တတ်ပါသည်။ ပြောမယုံ ကြုံဖူးမှ သိကြပါလိမ့်မည်။

စာရေးသူကိုယ်တိုင် (၈)ရက်တိတိ အိပ်ပျော်သွားခြင်းကိုလည်း အလျဉ်းသင့်က ဆက်ရေးပါမည်။

**အေးလွင် (ရွှေတောင်မြို့)**

---

**စာမျက်နှာ (၂၈၃)မှ အဆက်**

ပါသည်။

စာရေးသူလည်း ထိုမိုးကြိုးသွားအား ဓာတ်ပုံရိုက်ယူခွင့် တောင်းခဲ့ပြီး ဆရာတော်၏ လက်ပေါ်မှာပင် မိုးကြိုးသွားကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ဆရာတော်ထံမှ သိရှိလိုသည်များ သိရှိခဲ့ရပြီးနောက် မိုးကြိုးပစ်ခံခဲ့ရသော နေရာသို့ သွားရောက်ကြရာ ထိုအနီးအနားမှ လူများက ဦးလှထွန်းကို သေဆုံးသွားပြီဟု ထင်နေကြကြောင်း၊ အသက်မသေသည်မှာ အလွန်ကံကောင်းလွန်းလို့သာ ဖြစ်ကြောင်း ပြောပြီး ထိလက်မှတ်များကို ဝိုင်းဝန်းဝယ်ယူနေကြသည်ကို တွေ့မြင်ရပါသည်။

မိုးကြိုးပစ်မခံရမီက ထိလှည်း၏ အမည်မှာ နေလအောင် ဖြစ်သော်လည်း မိုးကြိုးပစ်ခံရပြီး အသက်မသေသောကြောင့် ဆရာတော်က ဗိုမိုးကြိုးဟု အမည်ပေးလိုက်သည့်အတွက် ယခုအခါ ဗိုမိုးကြိုးနှင့် နေလအောင်ဟု အမည်ရေးထားလေသည်။

ထီဝယ်ယူသူများ ရှင်းသွားပြီးသည့်နောက်မှ မိုးကြိုးပစ်ခံရခါနီး ထီလက်မှတ်များ ဖြတ်နေစဉ် အနေအထားနှင့် မိုးကြိုးပစ်ခံရပြီး လွင့်စဉ်သွားသော အနေအထားတို့ကို ပြန်လည်၍ ပြုလုပ်ပြသဖြင့် စာရေးသူလည်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူကာ စာဖတ်ပရိသတ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ယခုအခါ ဦးလှထွန်းမှာ မုံရွာမြို့၊ ကွေ့ကြီးရပ်၊ အမှတ်(၆)နယ်မြေတွင် ဇနီးဖြစ်သူ ဒေါ်အေးမြင့်၊ သားသမီး(၅)ယောက်၊ မြေး(၄)ယောက်တို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိပြီး ထီများကိုပြန်လည်၍လှည့်လည်ရောင်းချနေပြီဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

မိုးကြိုးပစ်ခံရသူအား ကုသပေးခဲ့ပုံနှင့် မိုးကြိုးသွား ရရှိခဲ့ပုံအကြောင်းများကို မိန့်ကြားပြောဆိုတော်မူသော **ဇနကာရုံကျောင်း (ဆူးဖြူပင်ကျောင်း)မှ ဆရာတော် ဦးဇနကအား** ရိုသေစွာ ရှိခိုးကန်တော့လိုက်ပြီး မိုးကြိုးပစ်ခံရပုံများကို ပြန်လည်ပြောပြသော ဦးလှထွန်းကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း...။

**မောင်မောင်ထွန်း (မုံရွာ)**



www.burmeseclassic.com

www.burmeseclassic.com

# ဖြေကြားလိုက်ပါသည်

ဝိဇ္ဇာမဟာဂိဒ္ဓိ
ဆရာ ဦးသန်းမြင့်
(ကိုင်းရင်းဆေး)

ကျောက်ပွားအကြောင်း

သိကောင်းစရာ

၂၀၀၆ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၁၁၁)တွင် ဆောင်းပါးရှင် **မောင်မောင်သိန်း (သတင်းထောက်–ဗိုလ်ကုန်း)၏ ဆောင်းပါးတွင် ကျောက်ပွားအကြောင်းကို မေးမြန်းထားပါသည်။**

မေးထားသည်မှာ ကျောက်ပွားတွင် မည်ကဲ့သို့ သိဒ္ဓိများရှိကြောင်းနှင့် ဂမ္ဘီရဆန်ပြီး မည်ကဲ့သို့ အသုံးဝင်ကြောင်း ဖြေကြားပေးရန် ဖြစ်ပါသည်။

စာရေးသူမှ ဖြေကြားပါမည်။ မည်သည့်သည်ကျမ်း၊ မည်သည့်စာအုပ်ကို ဖတ်ရှုပြီး ဖြေကြားခြင်း မဟုတ်ဘဲ စာရေးသူ၏ ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များကိုသာ ဖြေကြားပါမည်။

ကျောက်ပွားအကြောင်းကို ဖြေကြားပါမည်။ ကျောက်ပွားသည် နှစ်မျိုးရှိကြောင်း စာရေးသူ တွေ့ရှိဖူးပါသည်။ ပထမတစ်မျိုးမှာ **အပြားဖြစ်ပါသည်။ ပျားပုံကဲ့သို့ ဖြစ်ပါ**သည်။

ပျားအုံလို အပေါက်ကြီးများ မဟုတ်ဘဲ သေးငယ်သော အပေါက်ကလေးများ ပါရှိပါသည်။ ကျောက်ပြားကဲ့သို့ လေးလံပါသည်။ သောက်ရေအိုးတွင် ထည့်ပါက ရေလည်း အေးပါသည်။ သောက်သုံးသူ များလည်း အနှောင့်အယှက် အန္တရာယ် ပယောဂလည်း ကင်းပါသည်။ ကျောက်လည်း ပွားလာပါမည်။

ဒုတိယ အမျိုးအစားမှာ **အချောင်း** ဖြစ်ပါသည်။ ဘောလ်ပင်ချောင်းသာသာ အလုံးရှိပါသည်။ အချို့ သောက်ရေအိုးတွင် ထည့်ထားကြပါသည်။ ထိုသို့ထည့်ထားလျှင် **ကျောက်ပွား အချောင်းမှ အဖုကလေးများ တစ်ဖု၊ နှစ်ဖု စသည်များမှ အတက်ထွက်လာခြင်း ဖြစ်ပါသည်။** အရောင်းအဝယ် အပွင့်အလန်းတွင် ကောင်းကြောင်း သိရပါသည်။

မှတ်ချက်

**ကျောက်ပွားသည် ရက်ပိုင်းအတွင်း ပွားလာခြင်းမျိုး မဟုတ်ပါ။ လပိုင်း အတော်များများကြာမှ ပွားလာတတ်ပါသည်။ အချို့ တစ်နှစ်ခန့်ကြာမှ ပွားလာခြင်းမျိုးလည်း ရှိပါသည်။**

ကျောက်ပွား၏ ဂမ္ဘီရသတ္တိကို လက်တွေ့ အထောက်အထားဖြင့် ဖော်ပြပါမည်။

ဖြစ်ရပ်တစ်ခုမှာ သိမ်ကြီးဈေး(ယခင်ဈေးဟောင်း)ဈေးရုံအတွင်းတွင် ဦးမျိုးသန့်ဆိုသူမှာ သတင်းစာအဟောင်း စက္ကူများနှင့် စက္ကူအိတ်အမျိုးမျိုးကို ရောင်းချပြီး စီးပွားဖြစ်ထွန်းလျက် ရှိနေပါသည်။

ထိုအချိန်တွင် ဦးမျိုးသန့်၏ မိတ်ဆွေ ဦးခင်မောင်ဆိုသူမှ ဦးမျိုးသန့်ထံတွင် ငွေနှစ်သိန်း ချေးယူပြီး ဦးမျိုးသန့်၏ စက္ကူအဟောင်းဆိုင်နှင့် မျက်စောင်း ထိုးတွင် ဆိုင်ဖွင့်ပြီး အနယ်နယ် အရပ်ရပ်မှ အင်ဖက်နှင့် ဖက်မျိုးစုံကို ကောက်ယူပြီး ရောင်းချပါသည်။ (**ထိုအချိန်က ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ ယခုကဲ့သို့ အသုံးမပြုကြသေးပါ။)** ဦးခင်မောင်လည်း ဖက်ရောင်းသော အလုပ်နှင့်ပင် ကြီးပွားလာတော့သည်။

သို့သော် ဦးမျိုးသန့်ထံမှ ချေးယူထားသော ငွေကျပ်နှစ်သိန်းကိုလည်း ပြန်မဆပ်ပါ။ ဦးမျိုးသန့်မှ ဦးခင်မောင် ချေးယူသွားသော ငွေနှစ်သိန်း ပြန်လည်ပေးဆပ်ရန် တောင်းသောအခါ ပြန်မဆပ်ဘဲ မိသားစုများမှ စောင်းမြောင်းပြောဆိုခြင်း၊ ရန်စောင်ခြင်းများ စသည်ဖြင့် စော်ကားလာပါတော့သည်။



ဦးမျိုးသန့် မိသားစုမှ မခံမရပ်နိုင်ဖြစ်ကာ ကြည့်မြင်တိုင် မုန့်လုပ်ဆောင်းကုန်းမှ ဆရာတစ်ဦးနှင့် ပြုလုပ်ပါတော့သည်။ ချေးယူသွားသော ငွေနှစ်သိန်း ပြန်လည်ရရှိရေးနှင့် စောင်းမြောင်း ပြောဆိုနေသောကိစ္စပါ ပြေငြိမ်းသွားစေရန်အတွက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမျိုးသန့်မှာ စာရေးသူနှင့် ခင်မင်ရင်းနှီးကြပြီးဖြစ်၍ ထိုဆရာနှင့် မိတ်ဆက်ပေးပြီး လိုအပ်သော အကူအညီကို ပေးပါရန် မေတ္တာရပ်ခံ၍ စာရေးသူမှလည်း ဝါသနာပါသည့် အလျောက် မငြင်းဆန်ဘဲ အကူအညီ ပေးပါမည်ဟု လက်ခံလိုက်ပါတော့သည်။

ထိုဆရာမှာ အစတွင် ဘာမျှ အကူအညီမတောင်းဘဲ သူ့နည်းသူ့ဟန်ဖြင့် လုပ်ပါတော့သည်။ သို့သော် ဘာမျှဖြစ်မလာ၍ စာရေးသူအား သူအလိုရှိသော ပစ္စည်းများကို တောင်း၍ ရှာဖွေပြီး အကူအညီ ပေးလိုက်ပါတော့သည်။ ထိုဆရာလည်း သူ၏ ပညာအစွမ်းကုန်ပြုလုပ်ပါတော့သည်။

သို့သော် ဦးခင်မောင်နှင့် မိသားစုအားလုံး ဘေးမသီ ရန်မခဘဲ အေးမြချမ်းသာလျက်ပါပင်။

အကြောင်းမှာ ဦးခင်မောင်တို့ မိသားစုသောက်သုံးသော သောက်ရေအိုးတွင် ကျောက်ပွား ရှိနေခြင်းကြောင့်ဟု သိရပါသည်။

မှတ်ချက်

**ယခု ဖော်ပြခဲ့ပြီးသော ကျောက်ပွားများကို သောက်ရေအိုးတွင် ထည့်ပြီး သောက်သော မိသားစုများမှာ အန္တရာယ်ကင်းအောင် ထည့်သောက်ခြင်းမျိုး မဟုတ်ပါ။ သိလည်း မသိကြပါ။ ရေအေးအောင် ထည့်ထားခြင်းသာ ဖြစ်ပါသည်။**

ထို့ကြောင့် ကျောက်ပွား၏ ဂမ္ဘီရအစွမ်းသတ္တိကို ဤမျှလောက် ဖော်ပြခြင်းဖြင့် သိနိုင်ပါပြီ။

နောက်တစ်မျိုးဖြစ်သော **ကျောက်ပွားအလုံး၊ အချောင်း၏ ဂမ္ဘီရသတ္တိစွမ်းကိုလည်း** ဖော်ပြပါမည်။

ကျောက်ပွားအလုံး၊ အချောင်းမှာ **ဈေးရောင်းဈေးဝယ် အပွင့်အလန်း**



ကောင်းပါသည်။

တစ်ချိန်က **ကြည့်မြင်တိုင်တွင် နေထိုင်သော ဒေါ်ကျင်လှိုင်**ဆိုသူ အပျိုကြီးမှာ တူတော်သူ ကိုကျော်မြင့်နှင့် အခြား မိန်းမအဖော်နှစ်ဦးတို့ပါ သိမ်ကြီးဈေး (ယခင်ဈေးဟောင်း)တွင် လက်ဖက်နှင့် အကြော်စုံ ရောင်းချပါသည်။

စာရေးသူမှာ ကိုကျော်မြင့်နှင့် သိကျွမ်းခင်မင်ရင်းနှီး၍ ဒေါ်ကျင်လှိုင် နေအိမ်နှင့် လက်ဖက်ဆိုင်တို့ကို အခါအားလျော်စွာ ဝင်ထွက်သွားလာလျက် ရှိပါသည်။

သိမ်ကြီးဈေးတွင် ဒေါ်ကျင်လှိုင်၏ လက်ဖက်ဆိုင်မှာ အရောင်းရဆုံးဖြစ်ပါသည်။ လူသိလည်း များကြပါသည်။ အနယ်နယ်အရပ်ရပ်မှ လက်ဖက်နှင့် အကြော်စုံကို ဖောက်သည် လာယူကြပါသည်။

ဒေါ်ကျင်လှိုင်မှာ ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ ဖြစ်ပါသည်။ ကေလာသတောင်ပေါ်တွင် မီးစက်လှူဒါန်းထားပါသည်။ တောင်ခြေရှိ ဝင်းကကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်း ဇရပ်ဆောက်လုပ်ပြီး မီးစက်ပါ လှူဒါန်းထားပါသည်။ ဆရာတော်နှင့် သံဃာတော်များကိုလည်း ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းပါသည်။

စာရေးသူမှာ ကိုကျော်မြင့်နှင့် ခင်မင်ရင်းနှီးသကဲ့သို့ ဒေါ်ကျင်လှိုင်နှင့်ပါ ခင်မင်ရင်းနှီးပြီး စာရေးသူကိုလည်း ကေလာသ တောင်တော်ပေါ်တွင် အဓိဋ္ဌာန်ဝင်ရန် တိုက်တွန်းပြီး ကူညီထောက်ပံ့ခဲ့ဖူးပါသည်။

တစ်နေ့တွင် ဈေးဆိုင်ပိတ်ပြီး သိမ်ကြီးဈေးမှ လေးဘီးကားငှားပြီး စာရေးသူပါ ကြည့်မြင်တိုင်ရှိ ဒေါ်ကျင်လှိုင်နေအိမ်သို့ လိုက်ပါခဲ့ပါသည်။

အိမ်သို့ရောက်သော် ဒေါ်ကျင်လှိုင်မှ ဘုရားစင်ရှိ ရေထည့်ထားသော ဖန်ခွက်ထဲသို့ ပစ္စည်းတစ်ခု ထည့်လိုက်သည်ကို မြင်ရ၍ စာရေးသူမှ မေးမြန်းကြည့်ရာ ကျောက်ပွားဖြစ်ကြောင်း ပြောကြားပါသည်။ **ကျောက်ပွားမှာ အရှည် သုံးလက်မခန့် ရှိပါ**သည်။

ဒေါ်ကျင်လှိုင်မှ နံနက် သိမ်ကြီးဈေးသို့ လက်ဖက်ဆိုင်ဖွင့်လျှင် ထိုကျောက်ပွားချောင်းကို ဖန်ခွက်အတွင်းမှ ယူပြီး လက်ဖက်ရောင်းရငွေ ထည့်ထားသော သေတ္တာငယ်တွင် ထည့်ထားပါသည်။ အိမ်သို့ရောက်လျှင် ဘုရားစင်ရှေ့မှ ဖန်ခွက်အတွင်းသို့ ပြန်ထည့်ထားပါသည်။

ထို့ကြောင့် ကျောက်ပွားအချောင်းအသုံးမှာ ဈေးရောင်းဈေးဝယ် အပွင့်အလန်းကောင်းမွန်ကြောင်းသိရပါသည်။

ဒေါ်ကျင်လှိုင်မှာ ယခု မရှိတော့ပါ။ ကွယ်လွန်သွားပါပြီ။ သူ နေထိုင်သော ကြည့်မြင်တိုင်ရှိ နေအိမ်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့လှူဒါန်းသွားပါသည်။

ဤမျှလောက်နှင့် ဆောင်းပါးရှင် **မောင်မောင်သိန်း(သတင်းထောက်–ဖီးကုန်း)နှင့် စာဖတ်သူများ** ကျေနပ်နှစ်သိမ့်မည်ဟု…။


***ဆင်းရဲကင်းပျောက် ချမ်းသာ ရောက်ကြပါစေ။***

ဝိဇ္ဇာမဟာဒွိ ဆရာ ဦးသန်းမြင့်
*(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မြင့်မှ သစ်တံခါးကြီးအား ပြသနေစဉ်

နှစ်တစ်ရာနီးပါးခန့်ရှိ

# သစ်တံခါးပင်ကြီး

စာရေးသူသည် **ပြည်မြို့နယ်၊ တောင်ခွေးရဲကျေးရွာ မြန်မာ့ဆေး ဆရာကြီး ဦးမောင်မြင့်၏ ဖိတ်ကြား ချက်**အရ ဦးမောင်မြင့်၏ သားဖြစ်သူ မောင်မျိုးမင်းနိုင်၏ မင်္ဂလာဆောင်အား **မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ အနောက် ဘက်(၃)မိုင်ခန့် ကွာဝေးသော ပေပင်တန်းကျေးရွာ**သို့ ဆွေမျိုးမိတ် သင်္ဂဟများဖြင့် သွားရောက် ချီးမြှင့်ကြ သည်။

အပြန်တွင် ဦးမောင်မြင့်မှ **စစ်ကွင်း မြို့၊ ကုသိနာရုံ ဆရာတော် ဦးသံဝရ ၏ ကျောင်းအနီး ရှေးနှစ်ပေါင်း တစ်ရာနီးပါးခန့် သက်တမ်းရှိပြီဖြစ် သော သရက်ပင်ကြီးမှ သစ်တံခါး ဖြစ်နေကြောင်း** ပြောပြပါသည်။

စာရေးသူတို့အဖွဲ့သည် စစ်ကွင်းမြို့ ကုသိနာရုံသို့ လှည့်လည်ဖူးမြော်၍ ဆရာတော် ဦးသံဝရအား ဝင်ရောက် ကန်တော့ပြီး ဦးမောင်မြင့် လိုက်ပြသော သစ်တံခါးပင်ကြီးအား ကြည့်ရှုလေ့လာ ခွင့်ရရှိခဲ့သည်။

သစ်တံခါးပင်ကြီးမှာ သရက်ပင်ကြီး ဖြစ်ပြီး နှစ်ပေါင်းတစ်ရာနီးပါးခန့် သက် တမ်းကြာမြင့်ပြီဖြစ်ပြီး သစ်တံခါးပင်ကြီး၏ တံခါးကြီးမှာ အကျယ် (၁၀)ပေခန့်ရှိပြီး အမြင့်မှာ ပေ(၂၀)ကျော်ခန့် မြင့်မလ သည်။

ဩကာသ လောကအတွင်းရှိ နွယ်မြက်သစ်ပင်တို့သည် မိမိတို့ စွမ်းအင်ဂုဏ်ဒြပ်တို့ဖြင့် အမျိုးမျိုးသော အကျိုးကျေးဇူးတို့အား ပေးစွမ်းသည်ပင် မကဘဲ တချို့သော သစ်ပင်တို့သည် ဂမ္ဘီရဆန်စွာ အမျိုးမျိုး ဆန်းကြယ်စွာ ဖြစ်တည်လျက်ရှိကြပြီး သိဒ္ဓိအမျိုးမျိုး ပေးစွမ်းလျက် ရှိကြသလို အကျိုး ကျေးဇူးတို့အား ခံစားကြရသည်ကို လေ့လာတွေ့ရှိရလေသည်။

သစ်တံခါးပင်ကြီးအား မြန်မာဆေး ဆရာကြီး ဦးမောင်မြင့်မှ ပြသနေသည် ကို ဓာတ်ပုံမှတ်တမ်းဖြင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းပရိသတ် သုတေသီ တို့ လေ့လာနိုင်ရန် မှတ်တမ်းပြု တင်ပြ လိုက်ရပေသည်။

***မောင်မျိုးမင်းနိုင်နှင့် မဖင်မာဝင်းတို့ အား အမှတ်တရ...***

ကြည်ကြည်သိန်း *(ဇီးကုန်း)*



www.burmeseclassic.com

www.burmeseclassic.com





ဦးဥက္ကာစာရ
(ဆင်ပေါင်ဝဲ)

တောရကျောင်း ဘုရားကုန်းလေးဘေးမှ ပရလောကသားများ
ပြောင်းရွှေ့သွားသည်ကို ကိုယ်တိုင် မြင်တွေ့ရသူနှင့်

# ပရလောက ဖြစ်ရပ်ဆန်းများ

စာရေးသူသည် ယခုတလော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်းများတွင် အနယ်နယ် အရပ်ရပ်ရှိ နာမည်ကြီး တန်ခိုးကြီးဘုရားများနှင့် လူဝင်စားများအကြောင်း၊ ပရလောကသားများအကြောင်း၊ ပြိတ္တာတို့၏ အကြောင်း ကိုယ်တွေ့ အဖြစ်အပျက် ဆောင်းပါးများ ဖတ်ရှုရသဖြင့် ဗဟုသုတ များစွာရပါသည်။

ဆောင်းပါးများတွင် ဝိညာဉ်လောကမှ ကိုယ်တွေ့အဖြစ်အပျက်များ၊ နာနာဘာဝလောကသားရှိရာဒေသသို့ ခေတ္တအလည်ရောက်သွားကြပုံ၊ သူတို့ ဘာသာဘာဝ ပွဲလမ်းသဘင် ဆင်ယင်ခင်းကျင်းပြသနေတာကို ကိုယ်တိုင်ကြည့်ရှုခဲ့ရသည့် ကိုယ်တွေ့အဖြစ်အပျက်တွေကို ဖတ်ရှုရသဖြင့် စိတ်ဝင်စားပါသည်။

ဘုရားဟောဖြစ်သည့် လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံများအပြင် ပြိတ္တာ၊ အသူရကာယ်ဘုံများလည်း ရှိသေးသည်။ သူတို့လည်း သူတို့ ဘာသာဘာဝအလျောက် အိမ်ထောင်သားမွေးမှုပြုကာ ရွာတည်ပြီး နေထိုင်ကြသည်၊ လူတွေလို ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်များလည်း ကြည့်ရှု ခံစားကြသည်ကို သိရှိရသဖြင့် ဘာသာတရားကို ပိုမိုသက်ဝင်ယုံကြည်မိသည်။

ထိုသူများ၏ ကိုယ်တွေ့ အဖြစ်အပျက်များကို ဖတ်ရှုရာ စာရေးသူ၏ မကြာမီက ကိုယ်တွေ့ အဖြစ်အပျက်တွေကိုလည်း စာရှုသူတို့ ဗဟုသုတပွားစေရန် တင်ပြလိုစိတ်တွေ ဖြစ်ပေါ်လာသည်။ သို့နှင့် ဤဆောင်းပါးကို ရေးသားပေးပို့ရခြင်း ဖြစ်ပါသည်။

စာရေးသူမှာ တစ်ချိန်က **မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း၊ ရောဝတီမြစ်ကမ်းဘေးရှိ ရွာကလေးတစ်ရွာတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ် သီတင်းသုံးနေထိုင်ခဲ့စဉ်က** တွေ့ကြုံခဲ့ရသော အဖြစ်အပျက်လေးတစ်ခုပါ။

စာရေးသူ နေထိုင်သော မြစ်ကမ်းဘေး ရွာဦးကျောင်းမှ တစ်မိုင်လောက်အဝေးတွင် ရိုးမတောင်တန်းကြီး ရှိပါသည်။ ထိုရိုးမတောင်ကြီး၏ တောင်ခြေအနီးတွင် ရှေးက ဘုန်းတော်ကြီးများ တောရဆောက်တည် နေထိုင်ခဲ့ကြသော **တောရကျောင်းကုန်းလေး** ရှိပါသည်။

ထို တောရကျောင်းကုန်းလေးမှာ ရေတွင်းရေကန် ဥယျာဉ်ခြံများနှင့် အနီးတွင် သစ်တောစိုက်ပျိုးခြံ ရှိသဖြင့် စိုပြည်ပန်းရလှသည်။

ထို တောရကျောင်းကုန်းလေးတွင် တောရသီတင်းသုံး မထေရ်များ နေထိုင်သော ကျောင်းဇရပ် သုံး,လေးဆောင်နှင့် **ကုဋ္ဌိတံ စနေနံဘုရား၊ နဂါးရုံဘုရားများ**လည်း တည်ထား





www.burmeseclassic.com

www.burmeseclassic.com

သည်။

ရွာကျောင်းမှ ခွဲပြီး တောရဆောက်တည်ကြသော ဦးပဥ္စင်း၊ ကိုရင်များအပြင် တခြား အရပ်ဒေသများမှလည်း လပိုင်း၊ ရက်ပိုင်း အဓိဋ္ဌာန်လာဝင် သီတင်းသီလ ဆောက်တည်ကြသော ပုဂ္ဂိုလ်များလည်း ရှိကြသည်။

တောရကျောင်းလေးမှာ ရပ်ရွာနှင့်လည်း သိပ်မဝေးကွာ၊ အရိပ်အာဝါသကောင်း၊ အဆောက်အအုံများလည်းရှိ ဘုရားစေတီပုထိုးများလည်း ရှိသဖြင့် ရပ်ဝေးရပ်နီးမှ လာရောက်လေ့လာ ဖူးမြော်ကြသဖြင့် တဖြည်းဖြည်း စည်ကားစပြုလာသည်။

စာရေးသူတို့ တောရကျောင်းအနီး တောင်ကုန်းဘေး ပတ်ဝန်းကျင်တွင် ပရလောကသားများ ရှိကြသည်ကို အစကတည်းက သိထားပြီး ဖြစ်ပါသည်။ ထို ပရလောကသားများနှင့် နေဝင်ရီတရောအချိန် နွားကျောင်းရင်း၊ နွားရှာရင်း တွေ့ဖူး၊ ကြုံဖူးသည့် သူများလည်း ရှိသည်။

ထိုတောရကျောင်းအနီး တောင်ကုန်းပေါ်တွင် ဘုရားစေတီတစ်ဆူ တည်မည်ကြံတော့ စာရေးသူလည်း အဓိဋ္ဌာန်ဝင်ရင်း ထိုတောရကျောင်း ဘုရားကုန်းလေးသို့ တောရဦးပဥ္စင်းများနှင့်အတူ ရက်ပိုင်း သွားရောက် သီတင်းသုံးနေထိုင်သည်။

**၁၃၅၉ ခုနှစ်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လ**များတွင် ဘုရား ထီးတော်တင်ပြီးသည်အထိ ဘုရားတည်ပြီး တောင်ကုန်းမှာ ယာယီတဲကျောင်းဇရပ်များ ဆောက်ပြီး ဦးပဥ္စင်း၊ ကိုရင်များနှင့်အတူ ပန်းရန်နှင့် လုပ်အားပေးများကို ကြည့်ရှုခိုင်းရင်း ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ ပဋ္ဌာန်းများ ပူဇော်၊ မေတ္တာဘာဝနာ ပွားကြပြီး အနီးအနားရှိ တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ၊ မြင်အပ်၊မမြင်အပ်



ပုဂ္ဂိုလ်များကို အမျှအတန်း ပေးဝေကြသည်။

ထိုသို့ နေ့စဉ်ပြုလုပ်နေရာ ဘုရားကုန်းအနီးမှာ နေထိုင်ကြသည့် အဆင့်နိမ့်သော ပရလောကသားများ မနေနိုင်ကြတော့ဘဲ ပြောင်းရွှေ့သွားကြတော့သည်။

## ပရလောကသားများ

## ပြောင်းရွှေ့သည်ကို ဒိဋ္ဌမျက်မြင်

## တွေ့ရသူ

တောရ ဆောက်တည်နေကြသည့် ဦးသီလာစာရနှင့် ကိုရင်ကြီး အေးခိုင်တို့ ကြက်ဆူးတောင်တောရဘက် ခေတ္တခရီးထွက်နေကြစဉ် ကျောင်းအစောင့်ရအောင် ဦးပဥ္စင်း ဥက္ကံသနှင့် ကပ္ပိယကျောင်းသား ထွန်းဝင်းကို လှည့်စောင့်ခိုင်းထားရသည်။

ထိုစဉ် ရွာကျောင်းမှ တရားပွဲရှိ၍ စာရေးသူမှာ သူတို့ကို ထားခဲ့ပြီး နေဝင်ခါနီးမှ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ ထိုည (၁၂)နာရီလောက်မှာ ဦးပဥ္စင်း ဥက္ကံသ လသာသာ ကျင်ငယ်စွန့် အထတွင် ဘုရားတည်မည့် တောင်ကုန်းလေးအနီးမှ ယောက်ျား၊ မိန်းမများ၊ ကလေးတွေနှင့် ပစ္စည်းတွေပါ လှည်းတွေနှင့် ပစ္စည်းတွေတင်ပြီး ကုန်းပေါ်မှ ဆင်းသွားကြကာ လှည်းလမ်းအတိုင်း အနောက်ဘက်သို့ မောင်းကာ ပြောင်းရွှေ့သွားကြသည်။

တချို့ကတော့ အထုပ်အပိုးတွေ ခြင်းတွေတောင်းတွေ ရွက်ပြီး ခြေကျင်သွားကြတာ တွေ့မြင်လိုက်ရသည်။

ဪ် လက်စသတ်တော့ မကြာခင် ဒီနေရာမှာ ဘုရားတည်ကာ သာသနာ ပွင့်လင်းတော့မည်ဖြစ်၍ အဆင့်နိမ့်သော ပရလောကသားများ မနေနိုင်ကြတော့ဘဲ ပြောင်းရွှေ့သွားကြတာပါကလား။

ဤကုန်းလေးမှာ ဘုရားတည်၊ ကျောင်းဆောက်၊ အဓိဋ္ဌာန်ဝင်၊ တောရဆောက်တည်တဲ့အတွက်၊ သာသနာစည်ပင်ပြန့်ပွားလာသည့်အတွက် သူတို့တစ်တွေကိုလည်း ကိုယ်တိုင်နှင်မထုတ်ရဘဲ ပြောင်းရွှေ့ကုန်ကြသဖြင့် ဘုရားပွဲပြီးလို့ ထီးတင် အနေကဇာတင်ပွဲကျင်းပသည့်အခါ လာရောက်ကြသူ ပရိသတ်တွေကိုလည်း အန္တရာယ်မပေး၊ မနှောင့်ယှက်ဘဲ တောရကျောင်း ဘုရားလေး သန့်ရှင်းသွားတာပေါ့။

## သူတို့လည်း လူတွေလို တီဗွီတွေ၊

## ပွဲလမ်းသဘင်တွေ ကြည့်ရှုကြ

ဘုရားမတည်မီရက်က စာရေးသူတို့ ရွာထဲတွင် အသက်(၃၀)အရွယ် မြင့်ဇော်ဆိုသော လူရွယ်တစ်ယောက် အကြီးအကျယ် ဖျားနာပြီး ကိုယ်တွေပါ ဖော့ ရောင်နေသည်။ တစ်နေ့တွင် ဖျားဝေဒနာ ပြင်းထန်စွာ ခံစားရပြီးတစ်နေ့ကုန် သတိလစ် မေ့မြောသွားသည်။





www.burmeseclassic.com

www.burmeseclassic.com





အလျားလကာဝ်နှင့်

# ပျားနှတ်ခါးမြီး

တင်သန်းဝင်း

မြန်မာ့ဓလေ့၌ ပုံပြင်များသည် အရေးပါလှ၏။ အိပ်ရာဝင်ပုံပြင်များဟုလည်း ထင်ရှား၏။ သားသမီးများ လိမ္မာရေးခြား ရှိစေရန် ဘိုးဘွားမိဘများက ညအိပ်ရာဝင်တိုင်း အသိပညာပေးပုံပြင်များဖြင့် ချော့၍ သိပ်လေ့ရှိကြ၏။ တချို့ကျတော့လည်း သားချော့တေးဖြင့် သိပ်ကြ၏။ သားချော့တေးများသည်ပင်လျှင် ဒဏ္ဍာရီအခြေခံပုံပြင်ဆန်ဆန်ဖြစ်၍ နေပေတော့သည်။

တချို့တချို့သော ပုံပြင်များသည် အဖြစ်မှန်ကဲ့သို့ ယုတ္တိတန်လှ၏။ တစ်ခါတစ်ရံ၌လည်း အဖြစ်အပျက်မှန်များသည်ပင် အချိန်ကာလ ကြာမြင့်လျက် နှစ်ပေါင်းများစွာ ကြာသောအခါ ထို အဖြစ်အပျက်မှန်များသည်ပင်လျှင် လူတို့လောက၌ "ရှေးရှေးတုန်းက" ဟု ဆိုထုံးပြုကြသည့် ပုံပြင်များ ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

သွားတတ်ပြန်လေရာ...။

နေရာအနှံ့၊ ဒေသအနှံ့တို့တွင် ထိုဒေသနှင့် ပတ်သက်သည့် အဖြစ်အပျက် အကြောင်းအရာများသည် ဒေသသားတို့၏ ပုံပြင်ပမာ စကားတန်ဆာ ရတနာအဖြစ် ယနေ့ထိ တည်ရှိနေဆဲ ဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းမည် မထင်ပါ။

ကျွန်တော်သည် မြန်မာနိုင်ငံ သစ်တောကျောင်းမှ နှစ်,နှစ်သင်တန်း ပြီးသောအခါ အထက်ချင်းတွင်းမြစ် မြစ်သာ(ယခု မော်လိုက်) သစ်တောခရိုင်၊ မော်လိုက်မြို့နယ်တွင် တာဝန်ကျလေသည်။ မော်လိုက်သို့ ရောက်သောအခါ ချင်းတွင်းပုံပြင် မြောက်မြားစွာကို ကြားခဲ့၊ သိခဲ့ရပါ၏။ ထိုပုံပြင်များထဲမှ စိတ်ဝင်စားစရာ အကောင်းဆုံးမှာ ယူးဝမှ **‘အလျားလကာပ်’**ပင် ဖြစ်လေသည်။

‘အလျားလကာပ်’ကို စိတ်ဝင်စားဆုံး ဖြစ်ခဲ့သူ ကျွန်တော်သည် ကံအားလျော်စွာ ယူးဝရွာနှင့် အလှမ်းမဝေးလှသည့် တပ်ကုန်းရွာအနီးရှိ စက်မှုကုန်ကြမ်း (၄)စိုက်ခင်းတွင် တာဝန်ကျခဲ့လေသည်။ တပ်ကုန်းရွာမှာ မော်လိုက်မြို့၏အထက် (၇)မိုင်ခန့်တွင် ရှိ၍ ယူးဝရွာမှာ (၁၃)မိုင်ခန့်တွင် ရှိလေသည်။

ထိုအချိန်အခါက သဘာဝသစ်တောများကို အပြောင် ခုတ်လှဲပြီး သစ်ပင်ပြန်စိုက်သည့် စိုက်ခင်းလုပ်ငန်းမှာ မော်လိုက်နယ်တွင် မရှိဘူးသေးသဖြင့် အထူးအဆန်းဖြစ်၍နေ၏။ စိုက်ရမည့်သစ်မျိုးမှာ ၄(ဖွားဘက်) ဖြစ်ပြီး အခေါက်ကို သားရေနယ်လုပ်ငန်းအတွက် သုံးရသည်။ စက်မှုကုန်ကြမ်းအတွက် စိုက်ပေးရခြင်း ဖြစ်ပေသည်။

၄စေ့ကို ပျိုးရသည်မှာ မလွယ်လှ။ ထိပ်ဖွင့်ရသည်။ ရေစိမ် အညှောက် ဖောက်ရသည်။ ပြီးမှ ပျိုးအိတ်တွင် ထည့်၍ အပင်ပျိုးရသည်။ ပျိုးသက်ရမှ မြေချစိုက်ရသည်။ ဒါကို စိတ်ဝင်စားကြ၏။ လာရောက် လေ့လာကြ၏။

ထိုအဖွဲ့များထဲတွင် ယူးဝရွာမှ မူလတန်းပြ ဆရာမ မလှမြိုင် ခေါင်းဆောင်သည့် ကျောင်းသား (၂၀)ခန့်နှင့် ဆရာမ၏ အစ်ကိုတော်သူ ကိုထွန်းလှိုင်လည်းပါ၏။

စိုက်ခင်းလုပ်ငန်းကို လေ့လာပြီးသောအခါ နားနေဆောင်တွင် နားကြ၏။ နားနေဆောင်မှာ မြက်သက်ငယ်မိုးဖြစ်၏။ အလျား (၂၅)ပေခန့်ရှိ၏။ ထိုင်ခုံများမှာ သစ်တုံးကြီးများကို ပိုင်းဖြတ်၍ တုံးလိုက်ထောင်ထား၏။ စားပွဲမှာ ပေ(၂၀)ရှည်၏။ ပျဉ်ခင်းဖြစ်၏။ စားပွဲတိုင်များမှာမူကား မြေစိုက်ဖြစ်လေသည်။

ကျွန်တော်သည် ‘အလျားလကာပ်’ အကြောင်း သိလိုလှသဖြင့် ကိုထွန်းလှိုင် အနားသို့ တိုးကပ်လျက် ရေနွေးကြမ်း ငှဲ့ထည့်ပေးပြီး မေးလိုက်မိလေ၏။ ကိုထွန်းလှိုင်သည် ရေနွေးကြမ်းဖန်ခွက်ကိုယူ၍ သောက်မည့်ဆဲဆဲ စားပွဲကြမ်းပြင်ပေါ်သို့ စိတ်ဆိုးမာန်ဆိုးဖြင့် ဆောင့်ချလိုက်ရာ ဖန်ခွက်မှာ ကွဲ၍ သွားလေသည်။ ရုတ်တရက်ဖြစ်၍ ကျွန်တော်လည်း လန့်သွား၏။

ဆရာမ မလှမြိုင်တို့လည်း ထ၍ ပြန်ကြလေ၏။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်မိ၏။ အကြောင်းစုံကို တောခေါင်းကြီးများအား မေးကြည့်ရာ...



‘ယူးဝသူ ယူးဝသားတွေက အလျားလကာပ် အကြောင်း မေးရင် ပြောရင် မကြိုက်ဘူး။ ဘယ်တော့မှ မမေးနဲ့’ ဟု ပြောကြလေသည်။ ကျွန်တော်လည်း မမေးနှင့် ဆိုလေ ပို၍ သိချင်လေ ဖြစ်လေသဖြင့် စခန်းတွင် ရောက်နေသော တပ်ကုန်းရွာမှ ဘိုးပုအား မေးမိလေတော့သည်။

‘အလျားလကာပ်အကြောင်း ပြောရရင် အရှည်ကြီးပဲ။ အဲဒါ တကယ့်အဖြစ်အပျက်။ ခုတော့ ပုံပြင်ဖြစ်သွားပြီ။ ရှေးရှေးတုန်းကလို့ပဲ စ,ပြောရမယ်ထင်တယ်။ ယူးဝရွာရဲ့အထက် ယူးချောင်းဘေးမှာ အလျော်သစ်တောကြီး ဝိုင်းကြီးအနီးမှာ အလျော်ရွာ၊ ခမိတ်ရွာနဲ့ ထင်းစင်ရွာ ဆိုတာတွေရှိတယ်။

အလျော်ရွာမှာ အလျော်ရှင်ကြီးဆိုတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း တစ်ဦးလဲရှိသတဲ့။ သူဟာ လူတော့လူပဲ၊ ဒါပေမယ့် သာမန်လူမဟုတ်ဘူး။ အရပ်မြင့်မြင့်၊ ခြေမွှေးလက်မွှေးနဲ့ ရင်ဘတ်မွှေးလဲ ထူထူ၊ ဗိုက်လဲပူတဲ့ လူထွားကြီးတဲ့။ အဲဒီနယ်မှာ သူ့ရဲ့ တန်ခိုးသြဇာ အတော်ကြီးသတဲ့။ စီးပွားဥစ္စာလဲ ကြွယ်ဝသတဲ့။ ဆင်းရဲနွမ်းပါးသူတွေကိုလဲ ငွေကြေး ချေးငှားတဲ့အပြင် ရိက္ခာဆန်စပါးတွေလဲ ချေးငှားလေ့ရှိသတဲ့။

အဲဒီနယ်ကလူတွေ သူနဲ့ ကင်းသူ မရှိသလောက်လို့ဆိုတယ်။ သူ့ကို ကြောက်လဲကြောက်ကြသတဲ့။ သူ့အကြွေးကိုလဲ မဆပ်ဘဲ မနေရဲကြဘူးတဲ့။ ဒီလို အကြွေးယူသူတွေထဲမှာ ခမိတ်ရွာက ဖိုးအောင်သာနဲ့ မယ်ပင်နုံတို့ လင်မယားလဲ ပါသတဲ့။ သူတို့မှာလဲ အလွန်ချောမောလှပြီး ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှတဲ့ ရှင်နှောင်းဆိုတဲ့ သမီးပျိုလေး ရှိသတဲ့။

ဖိုးအောင်သာတို့ လင်မယားဟာ အသက်ကလဲကြီး၊ တောင်ယာလဲ တွင်တွင်ကျယ်ကျယ် မလုပ်နိုင်၊ သမီးလေးကိုလဲ မခိုင်းရက်ဆိုတော့ တစ်နှစ်ထက်တစ်နှစ် ကျပ်တည်းဆင်းရဲလာသတဲ့။ အလှော်ရှင်ကြီးကလဲ တစ်နှစ်တစ်ခါ ကြွေးလာဆပ်ဖို့ ခေါ်သတဲ့။ သီးနှံကလဲ မရ၊ ရှင်ကြီးလဲ ကြောက်ရဆိုတော့ စိတ်ဆင်းရဲကြတာပေါ့။

ဒီအချက်ကို သိနေတဲ့ အလှော်ရှင်ကြီးဟာ တစ်နေ့မှာ ဖိုးသာအောင်တို့ လင်မယားကို ခေါ်ပြီး...

"ဒီနှစ် ကြွေးတွေ ဆပ်ရမယ်။ မဆပ်နိုင်ရင် ရှင်နှောင်းကို သူနဲ့ ပေးစားရမယ်။ ဒါမှမဟုတ် ကြွေးနဲ့သိမ်းရလိမ့်မယ်"

လို့ ပြောသတဲ့။ သူ့အကြွေးလဲ မဆပ်နိုင်၊ ဒီလို လူမဟုတ်၊ နတ်မဟုတ် ဘီလူးသဘက်ရုပ် ပေါက်နေတဲ့လူကြီးနဲ့ သမီးလေးကိုလဲ မပေးစားနိုင် ဖြစ်နေသတဲ့။

အလှသွေးကြွယ် အရွယ်လေး ရောက်လာတဲ့ ရှင်နှောင်းဟာ ပြည့်သာဆိုတဲ့ ရွယ်တူလူငယ်လေးနဲ့ ချစ်ကြိုက်နေသတဲ့။ ဒါကို အလှော်ရှင်ကြီးကလဲ သိသတဲ့။ ရှင်နှောင်းလေးကို ပိုင်ဆိုင်ရေးအတွက် ဖိုးအောင်သာတို့ ဇနီးမောင်နှံကို အကျပ်ကိုင်ပါလေရောတဲ့။

ဖိုးအောင်သာတို့ခမျာ ကြွေးလဲ မဆပ်နိုင်၊ ကြောက်လဲကြောက် ဆိုတော့ သမီးလေးနဲ့ လက်ဆက်ပေးပါမယ်လို့ ကတိပြုပြီး ဒူးနဲ့မျက်ရည်သုတ်နေကြရသတဲ့။

ဒီအချိန်မှာ ပြည့်သာလဲ ရှင်နှောင်းနဲ့ အမြန်ပေါင်းရရေး တွေးပြီး သစ်တိုက်၊ ဝါးတိုက်၊ လှေထိုးလိုက်နဲ့ မနေမနား ကြိုးစားပမ်းစား ငွေရှာသွားနေသတဲ့။ ရှင်နှောင်းရဲ့ မိဘတွေကလဲ သူတို့မှာ ကြွေးရှိနေလို့ ငြင်းမရလို့ အလှော်ရှင်ကြီးနဲ့ လက်ထပ်ဖို့ နားချပါလေရောတဲ့။ ရှင်နှောင်းကလဲ ခါးခါးသီးသီး ငြင်းရှာသတဲ့။

မိအိုဖအိုတွေကို သနားပေမယ့် အလှော်ရှင်ကြီးလို ဘီလူးသဘက်ပုံ လူကြီးနဲ့လွတ်ဖို့ရာ ပြည့်သာကိုသာ တမ်းတနေရှာသတဲ့။ ဒီအချိန်မှာပဲ ပြည့်သာလဲ ရောက်လာသတဲ့။ ရှင်နှောင်းလေးဟာ ပြည့်သာဆီ ပြေးသွားပြီး အကြောင်းစုံ ရှင်းပြသတဲ့။

ပြည့်သာကလဲ ကတိရှိလို့ ဒီတစ်ပတ် လှေစုန်ပြီး ကုန်ပို့ရဦးမယ်။ အပြန်မှ မိဘသားဖသားပီပီ တောင်းရမ်းမယ်။ သူတို့မင်္ဂလာပွဲအတွက် အသားနဲ့ကျွေးဖို့ ကင်းတပ်ရွာ၊ ဝါးရုံသာရွာဘက်က ကျောက်ဖရုံသီးတွေလဲ ဝယ်ခဲ့မယ်လို့ နှစ်သိမ့်ချော့မော့ထားခဲ့သတဲ့။

ရှင်နှောင်းကလဲ ပြည့်သာ အချိန်မီ ရောက်မလာလို့ အလှော်ရှင်ကြီးနဲ့ လက်ထပ်ရမယ်ဆိုရင် သူ့ကိုယ်သူ ယူးချောင်းရေအလျဉ်မှာ အဆုံးစီရင်ပြီး ချစ်သူ ပြည့်သာ အလာကို စောင့်ကြိုနေမယ်လို့ ပြောပြီး ငိုယိုသစ္စာဆိုသတဲ့။ ပြည့်သာကလဲ မလွှဲသာလို့ ခဏတာ ခွဲခွာရပေမယ့် စိတ်ကတော့ ရှင်နှောင်းဆီမှာပါလို့ ချော့ပြီး အကြောခရီးကို လှေတစ်စီးနဲ့ သွားပါလေရောတဲ့။

သွားလေသူ ပြည့်သာလဲ အချိန်တန်ပေမယ့် အိမ်ပြန်မရောက် ဖြစ်နေသတဲ့။ အလှော်ရှင်ကြီးကလဲ ရှင်နှောင်းလေးကို သူ့မိဘတွေဆီကနေ ကြွေးနဲ့ သိမ်းလိုက်ပါလေရောတဲ့။ ရှင်နှောင်းခမျာ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး **နေလဲမဝင်မီ၊ ခြေလဲမတင်မီ ယူးချောင်းရေအလျဉ်မှာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်သတဲ့။** အဆုံးမစီရင်ခင်မှာ သူမရဲ့ သားမြွတ်အစုံနဲ့ မိန်းမကိုယ်ကို ဓားနဲ့လှီးပြီး "ချစ်သူ ပြည့်သာ တွေ့မယ့်နေရာမှာ တည်ပါစေသား"လို့ဆိုပြီး ယူးချောင်းရေမှာ မျှောလိုက်သတဲ့။

ပြည့်သာလဲ ချင်းတွင်းမြစ်ရိုး လှေထိုးပြန်အလာ ယူးချောင်းဝရဲ့ အောက်ဘက်ကမ်းပါးမှာ ရှင်နှောင်းရဲ့ သားမြွတ်အစုံနဲ့ မိန်းမကိုယ်ဟာ အလျားလိုက်ကပ်နေတာ တွေ့လိုက်ရသတဲ့။ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ရှင်နှောင်း မဖြစ်ပါစေနဲ့လို့ တီးတိုးဆုတောင်းရင်း သောကကို ထိန်းပြီး ယူးချောင်းဝကနေ လှေနဲ့ ဆန်တက်လို့ ပြန်လာသတဲ့။

ရေစီးကလဲသန်၊ ရေဆန်လဲပြင်း၊ စိတ်ကလဲ ညစ်ညစ်နဲ့ ရေရှင်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com

တန့်တင်တွေ တစ်ခုပြီးတစ်ခု ခက်ခက်ခဲခဲ ဖွဲ့နဲ့ ကျောက်တက်လာလိုက်တာ ရှင်နှောင်းရှိရာ ခမိတ်ရွာ တောညို့ညို့ကို လှမ်းလို့မြင်ရပါပြီတဲ့။

ဒီနေရာမှာ ရေတွေ ကျော်ကျနေတဲ့ ရေရှင်းကြီးတစ်ခုကို ပြေည့်သာရဲ့ လုံးထွင်းလှေဟာ ထိုးဝါးနဲ့ ထိုးတက် မရနိုင်ဘဲ ပြန်ပြန် လန်ကျနေသတဲ့။ သောကတွေနဲ့ မွှန်နေတဲ့ ပြေည့်သာလဲ မရရအောင် အားနဲ့မာန်နဲ့ ဆန်တက်လိုက်သတဲ့။

ရေရှင်းပေါ်လဲရောက်ရော ပုံပျက်ပန်းပျက် ရှင်နှောင်းရဲ့ အလောင်းကို တွေ့လိုက်ရပါရောတဲ့။ ပြေည့်သာလဲ အရူးတစ်ယောက်လို အော်ဟစ်မြည်တမ်း ငိုကြွေးရင်း လှေပေါ်ကနေ ခုန်ချပြီး ရှင်နှောင်းရဲ့ အလောင်းကို ယူကျုံးမရ ပွေ့ဖက်လိုက်သတဲ့။ ဒီအချိန်မှာပဲ ရှင်နှောင်းရဲ့ ခန္ဓာကိုယ်ဟာ ချစ်သူ ပြေည့်သာနဲ့အတူ ရေရှင်းကနေ ကျော်ကျပြီး ရေစီးအရှိန်နဲ့ မျောပါနစ်မြုပ်လို့ ပြေည့်သာလဲ သေဆုံးသွားပါလေရောတဲ့။

ပြေည့်သာရဲ့ လှေလဲ ရေစီးမှာ မျောပါပြီး အောက်ဘက်က ရေရှင်းတစ်ခုမှာ နစ်မြုပ်သွားသတဲ့။ ရှင်နှောင်းကို တောင်းတဲ့အခါ ဝက်သားနဲ့ ရောကျွေးဖို့ စိတ်ကူးပြီး သယ်လာတဲ့ ကျောက်ဖရုံသီးတွေလဲ အဲဒီရေရှင်းမှာ ကျကုန်ပါရောတဲ့။ အဲဒီ ရေရှင်းကို **'ဖရုံရေရှင်း'**လို့ခေါ်ပြီး၊ **ရေထဲကျသွားတဲ့ ကျောက်ဖရုံသီးအားလုံးလဲ ကျောက်ဖြစ်သွားသတဲ့။ ခုထိ ကျောက်ဖရုံသီးကြီးတွေ ရှိနေတုန်းပဲ။**

ရှင်နှောင်းကို အလှော်ရှင်ကြီးက သိမ်းပိုက်လိုက်တော့ **'လှော်ကတော်'** လို့ ခေါ်ကြတယ်။ သူ့အလောင်း တင်နေတဲ့ ရေရှင်းကိုလဲ **'လှော်ကတော် ရေရှင်း'** လို့ ဒီနေ့အထိ တွင်နေတုန်းပါပဲ။ ရှင်နှောင်းရဲ့ သားမြတ်အစုံနဲ့ မိန်းမကိုယ်ဟာလဲ ယူးချောင်းနဲ့ ချင်းတွင်းမြစ်ဆုံရာ ချောင်းဝရဲ့အောက် ဘက်ကမ်းပါးမှာ ကပ်ပြီး ကျောက်ဖြစ်သွားပြန်သတဲ့။ အဲဒီမိန်းမကိုယ်ကို **'အလျား လကာဝ်'**လို့ ခေါ်ကြတာ ဒီနေ့ အထိပါပဲ'



ရင်နာစရာ ဇာတ်လမ်းရှည်ကြီးကို ပြောပြနေသည့် ဘိုးပုမှာ စိတ်ထိခိုက်သွားဟန်ဖြင့် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး တွေတွေကြီး ဖြစ်သွားလေသည်။ နားထောင်နေသူ ကျွန်တော်လည်း ဝေဒနာတစ်ခုကို နင့်ခနဲ ခံစားလိုက်ရသလိုပါပဲ။ ဒါပေမယ့် ကိုထွန်းလှိုင် စိတ်ဆိုးရသည့် အကြောင်းရင်းကို သိလိုသဖြင့် ဆက်၍ စပ်စုမိပြန်ပါတော့သည်။

'ဒါကတော့ ချင်းတွင်းမြစ်ရေကြီးချိန်မှာ အလျားလကာပ်ကို မြစ်ရေထိတယ်။ စီးနေတဲ့ ရေကလဲ အလျားလကာပ်ကို ပွတ်တိုက်တယ်။ လှိုင်းကလဲ ပုတ်တယ်။ ဒီအခါမှာ ယူးဝသူတွေ ရွာတယ်၊ ထတယ်၊ လင်ရတယ် ပြောကြတာ မခံနိုင်လို့ စိတ်ဆိုးကြတာ။ အဲဒါကြီးကိုလဲ ပုဆိန်နှောင့်နဲ့ ထုပြီး ဖျက်ကြတာ။ တချို့ နေရာတွေ ပွဲ့ကုန်ပေမယ့် မပျက်ပါဘူး။ ခုထိ ရှိတုန်းပဲ။ ကြည့်ချင်ရင် လိုက်ပြမယ်'

'ကြည့်ချင်တာပေါ့ဗျာ၊ သနားစရာ ခမိတ်ရွာသူ ရှင်နှောင်းရဲ့ ဇာတ်လမ်း သက်သေပဲဟာ'

'သက်သေ နောက်တစ်ခုလဲ ရှိသေးတယ်။ ဇာတ်လမ်းကလဲ မဆုံးသေးဘူး။ စိတ်ဝင်စားဖို့လဲ ကောင်းတယ်။ ရှင်နှောင်း လေး သေသွားပြီးတဲ့ နောက် မဟာမြိုင်တောမှာ ပျားနတ်သမီး ဖြစ်နေသတဲ့။ အလှော်ရှင်ကြီးက ပြောပြလို့ ပူဆွေးသောက ရောက် နေကြတဲ့ မိဘတွေက သိရတာ ရှင်နှောင်းကို မပေါင်းလိုက်ရ တဲ့ ရှင်ကြီးကလဲ မကျေ ချမ်းနိုင်ဆိုတော့ သူတို့သမီး ခေါ်ပြီး ကြွေးဆပ်နိုင်း ပြောပြန်သတဲ့။

ဖိုးအောင်သာတို့ လင်မယားလဲ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေသတဲ့။ ဒီအခါမှာ ရှင်နှောင်း ကြိုက်တတ်တဲ့ ချောက်ငါးရံ့ဖြူ လေး,ငါးကောင် မီးကင်ပြီး ပန်းကန်မှာထည့် အိမ်ရှေ့ ကြမ်းပြင်တိုင်လေးပေါ်မှာ တင်ပြီး...

"သမီးကြိုက်တဲ့ ငါးရံ့ဖြူကင်လေး လာစားပါ။ အဖေ အမေတို့ ကြွေးတွေ ဆပ်ပေးပါ"

လို့ ပြောပြီးခေါ်ဖို့ ရှင်ကြီးက သင်ပေးသတဲ့။ ဖိုးအောင်သာတို့ လင်မယားလဲ ရက်စက်လိုက်တဲ့ သမီး လေးရယ်လို့ ပြောပြောငိုရင်း သမီးရဲ့ နာမည်လေး တတပြီး ငါရံ့ကင်လေးနဲ့ အမြဲခေါ်ရှာသတဲ့။

ရွက်သစ်တွေလဲဝေ၊ ရွက်ဟောင်းတွေလဲကြွေလွင့်၊ ပန်းမျိုးစုံလဲ ပူးပွင့် တပေါင်းလရဲ့ လပြည့်။ အင်ကြင်းပန်းတွေ ဝင်းအိနေတဲ့ နေ့တစ်နေ့ ခမိတ်ရွာပေါ်မှာ တဝေါဝေါမြည်သံကြီး တုန်ဟည်းလာသတဲ့။ မကြာမီ ရွာရဲ့ ကောင်းကင်တစ်ခုလုံးလဲ မည်းမှောင် သွားသတဲ့။

ရွာသူရွာသားတွေလဲ ကြောက်တကြား နဲ့ ထွက်ကြည့်ကြကာ ပျားအုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသတဲ့။ ပျားတွေနဲ့အတူ အလွန်တရာ ချောမောလှပတဲ့ နတ်သမီးလေး တစ်ပါးလဲ ပါလာသတဲ့။ အဲဒီနတ်သမီးလေးဟာ ရှင်နှောင်း ဖြစ်နေသတဲ့။

ရှင်နှောင်းလေးဟာ ရွာသူရွာသားတွေရှေ့မှာ အဖေအိုနဲ့ အမေအိုကို ကန်တော့ပြီး **'မိဘပေါ် သမီးမိုက်ရဲ့ ရက်စက်ရိုင်းပျ ခါးသီးလှတဲ့ စော်ကားမှုအတွက် အလွန်တရာ ချိုမြိန်လှတဲ့ ပျားရည်တွေနဲ့ ကန်တော့ပါကြောင်း'** ပြောပြီး ခမိတ်ရွာတစ်ရွာလုံးမှာရှိတဲ့ သစ်ပင်၊ ဝါးပင်တွေရဲ့ သစ်ကိုင်းဝါးကိုင်းတွေအပြင် အိမ်တွေမှာရှိတဲ့ တန်းမှန်သမျှ နေရာလပ်မကျန် ပျားအုံတွေ စွဲပေးသတဲ့။

ရှင်ကြီးရဲ့ အလော့်ရွာမှာလဲ ပျားအုံတွေစွဲပြီး သူ့မိဘရဲ့ အကြွေးပေးဆပ်ခဲ့သတဲ့။ အဲ ထူးဆန်းတာက ပျားအုံတွေမှာ ပျားရည်တွေလဲ ပြည့်ရော ပျားရည်ပို့ကြီးတွေအလိုက် ထားခဲ့ပြီး ဘယ်အချိန်မှာ ဘယ်လိုပျံသွားသလဲ ဆိုတာတောင် မသိလိုက်ကြရဘဲ ပျားကောင်တွေ ပျောက်သွားသတဲ့။

အဲဒီအချိန်ကစပြီး နှစ်စဉ်နှစ်တိုင်း အင်ကြင်းပန်းတွေ ပွင့်တဲ့ တပေါင်းလပြည့်နေ့မှာ ခမိတ်ရွာနဲ့ အလော့်ရွာတွေဆီ ပျားကြီးတွေ လာလာစွဲသတဲ့။ ဒီအချိန်နဲ့ တိုက်ဆိုင်လို့ အဲဒီရွာတွေမှာ ရောက်နေတဲ့ ဧည့်သည်တွေကလဲ **'မိဘကျေးဖူး ဆပ်ချင်လို့ပါ'** လို့ ပြောပြီး သစ်သားတန်း၊ ဝါးတန်းတွေ ထိုးပေးလိုက်ရင် အဲဒီသစ်သားတန်း၊ ဝါးတန်းအပြည့် ပျားအုံတွေ စွဲပေးသတဲ့။

ဘယ်လောက် အံ့သြစရာကောင်းသလဲ။ အဲဒါက တကယ်ဖြစ်ခဲ့တာ မယုံဘူးလား'

ဟု ပြောရင်း ကျွန်တော့်မျက်နှာကို ကြည့်လျက် သူ၏ 'အလျားလကပ်' ပုံပြင် ဤတွင် အဆုံးသတ်လိုက်ပါသည်။

ကျွန်တော်လည်း...

'ယုံပါတယ်ဗျာ'

ဟု လေးလေးစားစား ပြန်ပြောရင်း ချင်းတွင်းနယ်စပ် ရောက်စကပင် စိတ်ဝင်စားဆုံးဖြစ်ခဲ့သည့် **'အလျားလကပ်'** မှသည် **'ပျားနတ်သမီး'** ၏ အကြောင်း ခေါင်းထဲ စွဲသွားပြန်ပါသတည်း။

**တင်ဘုန်းဝင်း**

BURMESE CLASSIC .com

စာမျက်နှာ (၂၉၀)မှ အဆက်

ညနေပိုင်းကျမှ သတိပြန်ရလာသည်။

မြင့်ဇော် မေ့မြောရာမှ သတိပြန်ရပြီး နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် စာရေးသူနှင့် တွေ့ဆုံ စကားပြောလိုသည် ပင့်ပေးပါဆို၍ သူ့ဆွေမျိုးသားချင်းများက လူမမာဆန္ဒအတိုင်း စာရေးသူကို လာရောက်ပင့်ကြသည်။

စာရေးသူ အိမ်ပေါ်ရောက်တော့ မြင့်ဇော်ကို စာရေးသူက...

'မင်း ငါ့ကို လျှောက်ထားစရာရှိတယ်ဆို ပြောလေ၊ မင်း ပြောတာ ငါ နားထောင်ပါ့မယ်'

ဆိုတော့ သူ မေ့မြောသွားစဉ် ပရလောကသားများ နေထိုင်ရာသို့ ခေတ္တ အလည်ရောက်သွားပုံကို ပြောပြပါသည်။

သူ မကျန်းမမာဖြစ် မေ့မြောသွားစဉ် ဘုရားတည်မည့် တောရကျောင်းကုန်းဘေးခေါင်သို့ ရောက်သွားသည်တဲ့။ ဘုရားကုန်းလေးအနီး တောင်စောင်းတွေ၊ ကမ်းပါးတွေဘေးမှာ ရွာလေးတစ်ရွာလို တဲအိမ်ကလေးတွေ စီတန်းဆောက်လုပ်ထားတာ တွေ့ရသည်။

ထိုတဲအိမ်များထဲတွင် လူတွေလည်း ရှိကြသည်။ ထိုအထဲ အိမ်အချို့တွင် တီဗွီရေဒီယိုတွေ စိုက်ထူထားပြီး တီဗွီလည်း ပြလို့တဲ့။ သေပြီးသွားကြသူ ရွာက လူအချို့ကိုလည်း တွေ့ဆုံခဲ့သည်။ သူလည်း တီဗွီပြနေတာကို ဝင်ရောက်ကြည့်ခဲ့သေးသည်တဲ့။ ဘာကားတွေ ပြနေတာလဲ မေးကြည့်တော့ သရဲတစ္ဆေကားတွေ ပြနေတာတဲ့။ အိုး သူတို့ကလည်း ဒီကားတွေ ကြိုက်ကြတာကိုး။

သူ့ ဖေသေဒီက တစ်ခု ပြောသွားသေးသည်။ သူ့အရင် ဆောင်တကျော်နှင့် ကိုရှင်ကြီး ကိုသောင်းဇွှက အရင် သေကြလို့ပေ။ သူတို့နောက်မှ သူက သေမှာတဲ့။ သူ ပြောခဲ့တာတွေ အကုန်မှန်ခဲ့သည်။ သူ့လောက် ရောဂါဖြစ်နေခါ မင်းအုံတဲ့ သူတွေက သူ့အရင်သေသွားကြပြီး သူက နောက်မှသေသွားသည်။

ယခု တောရကျောင်း တောင်ကုန်းလေးမှာ နဂါးရုံဘုရားလည်း တည်ပြီးပြီ။ တောင်ထိပ်မှာလည်း အောင်သိဒ္ဓိဆုတောင်းပြည့် ကမ္ဘာအေးစေတီတည်ပြီးပြီ။ ရောဝတီမြစ်ထဲမှ လှေ့သင်္ဘောတွေပေါ်ကပင် လှမ်းမျှော် ဖူးမြင်တွေ့နိုင်သည်။

ဘုရားမတည်မီကလည်း အရပ်ထဲမှ အသက်အရွယ် ကြီးရင့်သည့် ဒကာကြီးတစ်ယောက်က ပြောဖူးသည်။

'အရှင်ဘုရား တောင်ထိပ်မှာ ဘုရားစေတီတည်ပြီးရင် ပိုစည်ကားလာလိမ့်မယ် အရှင်ဘုရား။ ဘုရားကုန်းလေးမှာ မီးတွေ ထွန်းထားတာ ထိန်လို့ တပည့်တော် အိပ်မက် မြင်မက်ထားတယ်'

ဟု လျှောက်ဖူးသည်။

**အိပ်မက်တွေဟာ မှန်ခဲ့**

ဘုရားတည်ပြီး ထီးတင်သည့်ညမှာ ဟွန်ဒါမီးစက်ကလေးနှင့် မီးချောင်းတွေ ထွန်းပြီး တစ်ညလုံး ပူဇော်ထားတာ လင်းထိန်လို့ အဝေးက ကြည့်ရှုရသည်မှာပင် ကြည်နူး ကျက်သရေရှိလှသည်။

**ဦးဥတ္တမာစာရ(ဆင်ပေါင်ဝဲ)**



www.burmeseclassic.com

www.burmeseclassic.com

လောကသည် ဆန်းကြယ်လွန်းလှသည်။ လောကဓာတ် သိပ္ပံပညာရပ်များ တစ်ကမ္ဘာလုံး ထွန်းကားနေသဖြင့် ရုပ်လောကကို ပိုမို စိတ်ဝင်စားကြသည်။ နာမ်လောကကို စိတ်ဝင်စားသူ နည်းလှသည်။ ဗုဒ္ဓသည် သတ္တဝါများ သံသရာ၌ ကျင်လည်ကြောင်းကို အဝိဇ္ဇာနှင့်တဏှာ အကြောင်းခံကြောင်းကို မိန့်ခဲ့သည်။

လောက၌ စိတ်ဦးဆောင်ကြောင်း ဓမ္မပဒစိတ္တဝဂ်၌ စိတ်သာလျှင် ဦးဆောင်၏။ စိတ်သာလျှင် ရှေ့သွားရှိ၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်ကြောင်း စိတ်ဖြင့်သာလျှင် ကောင်းမှု,မကောင်းမှု ပြုလုပ်၏။ (စိတ်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ) ကောင်းမှု,မကောင်းမှုပြုလုပ်ကုန်ကြသည်။

ကောင်းမှုကုသိုလ်တို့သည် မိမိသွားလေရာ မိမိ၏ အရိပ်ပါသကဲ့သို့ မကောင်းမှုပြုလုပ်ခဲ့သောသူများ လှည်းဆွဲသောနွား၏ ခြေထောက်နောက် လှည်းဘီးလိုက်သလို မကောင်းမှုများလိုက်ကြောင်း မိန့်ဆိုခဲ့ပေသည်။

ရှေးအခါက ကုန်သည်တစ်ဦးသည် အပေါင်းအဖော်များနှင့် ရေချိုးစဉ် နောက်ပြောင်လိုသဖြင့် အဝတ်အစားများ ကျိုစယ်ကာ ခိုးယူခဲ့သည်။ ထိုဘဝမှာပင် အိမ်ရှေ့လမ်းပျက်နေသဖြင့် အရိုးကျပြီးသော နွားဦးခေါင်းအဖြူတစ်ခု လမ်း၌ခင်းခဲ့ဖူးသည်။

သူ့ဘဝတွင် အခြား ကာယကံ၊ ဝစီကံ၊ မနောကံများ အနည်းအများ ရှိကောင်းရှိမည်။ သို့သော် ထင်ရှားမှုကံနှစ်မျိုး အမှတ်တရ ဆောင်ရွက်ခဲ့၍ သေဆုံးလေသော် တစ်ခုသောနေရာ၌**ဘုမ္မစိုးနတ်(မြေစောင့်နတ်)** ဖြစ်လေသည်။

လမ်းကို နွားခေါင်းရိုးအဖြူနှင့် ခင်းခဲ့သဖြင့် **မနောဟာရ နတ်မြင်းတစ်စီး**ရလေသည်။ သူတစ်ပါးပစ္စည်း ခိုးဝှက်ခဲ့သဖြင့် အကျီလုံချည်မရှိ ကိုယ်လုံးတီးနတ် ဖြစ်ရလေသည်။ ဤမှာ ဝတ္ထုသာဓက တစ်ခုသာ ဖြစ်သည်။

ရုပ်ဝါဒီသမားများအဖို့ ယုံကြည်မည် မဟုတ်ပေ။ ထို့ကြောင့် မကြာသေးမီက တွေ့ကြုံခဲ့သော ဖြစ်ရပ်မှန်လေး တစ်ခု တင်ပြလိုက်ပါသည်။



# နတ်မြင်းပျံ

တောင်စွန်း ကေသဝတီရပ်ကွက် အောင်ဗောဓိမဏ္ဍိုင် ကျောင်းတိုက်မှ ခန်းနေဦးပဉ္စင်းတစ်ပါးဖြစ်သော ဦးဓမ္မဇနှင့် ရှင်ကုန္ဒာစာရတို့ **(၂.၂.၀၆) ကြာသပတေးနေ့** ညနေစာဝါပြီးချိန် ဆရာတော်၏ ခိုင်းစေချက်ကြောင့် တိလက်သာ ဆေးမြစ်သွားတူးစဉ် တွေ့ကြုံခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

အရှင်နှစ်ပါးတို့ ဆေးမြစ်တူး၍ ပြီးသော် ရွှေကန်တောင်ကျေးရွာ ဇမ္ဗူအေးစေတီတော်အား တက်ရောက်ဖူးမြော်ကာ ပြန်အဆင်း အရှေ့ဘက် ကောင်းကင်ဆီသို့ အမှတ်မထင် လှမ်းကြည့်မိလိုက်ရာ ဝဲကြီးရွာနှင့် ဝါးတံငါရွာအကြားရှိ ယခင် စစ်မှူးတောင် ယခု ဆိပ္ဖူး တောင်ထက်မှ မြင်းဖြူတစ်စီး ကောင်းကင်ထက်သို့ ပြေးလွှားတက်ကာ ဘီးလင်းမြို့ ဂျပန်ကုန်းဘက်သို့ ကောင်းကင်မှ ပျံတက်သွားသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပေတော့သည်။

ထိုပျံတက်ချိန်မှာ ကောင်းကင်တ[...] လုံး ကြည်လင်နေသလို အချိန်မှာ ည[...] (၄)နာရီခွဲခန့်ပင် ရှိသဖြင့် ထင်ထင်ရှ[...] တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

ဆိပ္ဖူးတောင်မှာ သာသနာပြု[...] ငန်းများ ဆောင်ရွက်နေသဖြင့် သမ္မာ[...] နတ်များမှသော် လည်းကောင်း၊ တော[...] တောင်ပိုင်များမှသော် လည်းကောင်း[...] ထင်ပြနိုင်ကြောင်း ထင်ကြေးအမျ[...] ပေးလျက် ရှိပေသည်။

သင် စာရှုသူ စိတ်ဝင်စားလျှင် [...] ရောက် လေ့လာနိုင်ကြောင်း နတ်လ[...] အပ်ပါသတည်း။

**မောင်ပညာ**
*(အောင်ဗောဓိ၊ တောင်စွန်း)*



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပွားခရီး

## နှင်သည်ဆိုရာဝယ်

မောင်ဝေဇ



ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ လောကကြီးသည် ကမ္ဘာလောကအမျိုးမျိုးတို့အနက် လောကတစ်ခုသာလျှင်ဖြစ်ပြီး လောကတစ်ခုနှင့်တစ်ခုသို့ ကူးသန်းသွားလာရာ တံခါးပေါက်မှာလည်း သော့ခတ်၍ ပိတ်ထားခြင်း မရှိသော်ငြား စနစ်ကျစွာ ကူးသန်းနိုင်ခြင်း မပြုပါက အန္တရာယ်ရှိနိုင်ကြောင်းကို အများသိကြပြီး ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ခရစ်ယာန်ဘာသာဝင်တို့၏ ဓမ္မသစ်ကျမ်းများအနက် **"ရှင်မဿဲ ခရစ်ဝင်"အခန်း(၇)၊ အပိုဒ် (၇)တွင်...**

'တောင်းကြလော့၊ တောင်းလျှင် ရမည်။ ရှာကြလော့၊ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်။

'Ask, and it shall be given you; seek, and ye shall find; knock, and it shall be opened unto you.'

ဟု အရိပ်အမြွက် ပြဆိုထားခြင်းပင် ဖြစ်ပေလိမ့်မည်။

ထိုသို့ အခြားသော လောကတစ်ခုခုဆီသို့ သွားရောက်ကြရာတွင် မိမိကိုယ်မိမိ စိတ်ညှို့ခြင်းဖြင့် လည်းကောင်း၊ အခြားသူတစ်ဦးအား စိတ်ညှို့စေခိုင်းခြင်းဖြင့် လည်းကောင်း သွားလာကြသည်လည်း ရှိ၏။

ယင်းနည်းလမ်းသည်လည်း ကာယကံရှင်အတွက် အန္တရာယ်များလှပါသည်။ အသက်ဆုံးရှုံးသွားသည့် အထိပင်လျှင် ဖြစ်နိုင်၏။ တီ၊ ဂျေ ဟဒ်ဆန်(T.J.Hudson)ဆိုသူ သုတေသီတစ်ဦး ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို သူပြောပြသည့်အတိုင်း ဖော်ပြပါမည်။

'အိန္ဒိယနိုင်ငံ လာဟိုးမြို့က **"ရန်ဂျီဆင်း"** (Runjeet Singh)ဆိုတဲ့ ဖကီးတစ်ယောက်က သူကိုယ်သူ မြေကြီးထဲမှာ ရက်သတ္တပါတ်ပတ် အမြှုပ်ခံတဲ့ ဖြစ်ရပ်ကတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ညှို့တာနဲ့ ပတ်သက်သို့ အင်မတန် ကျော်ကြားပါတယ်။

အဲဒီဖြစ်ရပ်ကို အိန္ဒိယနိုင်ငံ ကုဒ်ဟီးဟာနာ ပြည်နယ်ရဲ့ တရားရေးချုပ်အဖြစ် တာဝန်ပေးထားတဲ့ **ဆာကလောက်(ဒ်)ဝိတ်(ဒ်)** ကိုယ်တိုင်လဲ မျက်မြင်သက်သေ တစ်ယောက်အဖြစ် ပါ,ပါတယ်။

ဖကီးကြီးဟာ သူ့ရဲ့ နားခေါင်းပေါက်နဲ့ နားရွက်ပေါက်တွေကို ဖယောင်းနဲ့ ပိတ်တယ် ခင်ဖျူ ပြီးတော့မှ သူ့ကိုပတ္တူအိတ်ကြီး တစ်လုံးထဲ ထည့်လိုက်တယ်။

အဲဒီပတ္တူအိတ်ကြီးကိုမှ သစ်သားသေတ္တာကြီးတစ်လုံးထဲထည့်ပြီး စိတ်ချရတဲ့ အားမခံသော့တွေနဲ့ ခတ်လိုက်ကြတော့တာပဲ။

အဲဒီသေတ္တာကြီးကိုမှ အုတ်နဲ့စီထားတဲ့ လိုဏ်ဂူထဲထည့်။ ထည့်တဲ့အပေါက်ကိုလဲ အင်္ဂတေ အသေအချာကိုင်ပြီး **ပြည်နယ် စော်ဘွား(မဟာရာဂျာ)ရဲ့ ကိုယ်ပိုင်တံဆိပ်နဲ့ နှိပ်ထားလိုက်ကြတယ်။**

ဒီထက် သေချာအောင်လဲ ဗြိတိသျှစစ်သားတွေကို ဂူနံဘေးမှာ နေ့ကင်း၊ ညကင်း စောင့်ခိုင်းထားသေးတယ်။

သတ်မှတ်ထားတဲ့ ရက်လဲစေ့ရော **ဆာကလောက်(ဒ်)ဝိတ်(ဒ်)** အပါအဝင် သက်သေတွေရှေ့မှာပဲ **ဂူကိုဖောက်ပြီး ဖကီးကြီး ရန်ဂျီဆင်းကို ပြန်ထုတ်ကြပါတယ်။** ဖကီးကြီးဟာ နဂိုအတိုင်း ပြန်ဖြစ်လာတာပါပဲ။

လက်ဖတင်နင် ဘွိုင်လျူးဆိုတဲ့သူ ကြုံခဲ့ရတဲ့ ဖြစ်ရပ်ကလဲ အလားတူပါပဲ။ လူတစ်ယောက်က အုတ်ဂူထဲမှာ(၁၀)ရက် သူကိုယ်သူ နေပြတာပါ။ အုတ်ဂူကိုလဲ ပန်းရန်ဆရာတွေက ပိတ်လိုက်ပြီး နေ့ကင်း၊ ညကင်း စောင့်ကြပါတယ်။

ရက်စေ့လို့ ဂူထဲက ပြန်ထုတ်တော့လဲ အရှင်အတိုင်းပါပဲ။ အဲဒီလူက ဂူထဲမှာ တစ်နှစ်တိတိ နေနိုင်တယ်လို့တောင် ပြောပါသေးတယ်။

အိန္ဒိယကို ရောက်နေတဲ့ ဗြိတိသျှလူကြီးမင်းတွေ ကြုံခဲ့ရတဲ့ အဲဒီလို ဖြစ်ရပ်မျိုးဟာ အများကြီးပါပဲ။

စမ်းသပ်ချက်အားလုံးမှာလဲ ကာယကံရှင်တွေဟာ ကျန်းမာရေး မချွတ်ယွင်းသွားကြပါဘူး။ အားလုံးဟာလဲ သေလောက်တဲ့ ဖြစ်ရပ်တွေပါ။ ဒါပေမယ့် သူတို့ မသေကြပါဘူး'

ခန္ဓာကိုယ်၏ ဆောင်ရွက်ချက်များ ဖြစ်ကြသည့် **အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ သွေးလှည့်ပတ်ခြင်း** စသည်တို့ အပါအဝင် အခြားသော ဆောင်ရွက်ချက်အားလုံးတို့သည် **မသိစိတ်၏ အထိန်းအကွပ်အောက်တွင် ရှိနေကြပါသည်။** အားလုံးသည် အလိုအလျောက် ဖြစ်စဉ်များပင် ဖြစ်၏။

ကျွန်ုပ်တို့သည် အစာကို ဝါးသည့်နှယ် အသက်ကို မရှူရ။ ရေသောက်သည့်နှယ့်လည်း နှလုံးကို ခုန်နေစေရသည် မဟုတ်။ ကျွန်ုပ်တို့ တမင်တကာ အားထုတ်ခြင်း မပြုရပါဘဲနှင့်ပင် အလိုအလျောက် ဆောင်ရွက်နေကြသည့် ဖြစ်စဉ်များပင်တည်း။

အထက်ပါ ဖြစ်ရပ်များကို ထောက်ရှု၍ စိတ်ညှို့ခံထားရချိန်တွင် စေစားချက်ပေါ်လိုက်ကာ **ကိုယ်တွင်းရှိ အလိုအလျောက် ဖြစ်စဉ်များအား ရပ်ထားနိုင်သည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။**

ကိုယ်ခန္ဓာမှ ဆဲ(လ်)များ၊ တစ်ရှူးများ ပျက်စီးဆုံးရှုံးခြင်း မရှိပါက ဘာမျှ ထပ်၍ အစားထိုးရန် မလိုချေ။

မိမိ၏ဆန္ဒအလျောက် မသိစိတ် ပြန်ဝင်စေသောအခါတွင် အသေကောင်ကဲ့သို့ ဖြစ်နေသော ရုပ်ခန္ဓာကြီးသည် ပြန်လည် အသက်ဝင်လာပေလိမ့်မည်။

ယခုဆက်လက်၍ အလက်(စ်)၊ အာ(စ်)ကင်ဆိုသူ သုတေသီတစ်ဦး၏ လက်တွေ့စမ်းသပ်ချက်ကို ဆက်လက် ဖော်ပြလိုပါသည်။

သူကမူ မိမိကိုယ်မိမိ စိတ်ညှို့ခြင်း မဟုတ်ဘဲ အခြားသူတစ်ဦးအား စိတ်ညှို့၍ မရဏလောကသို့ သွားစေခြင်းပင် ဖြစ်၏။ သူ့အရေးအသားအတိုင်း ဖော်ပြပါမည်။

'သွားတော့...'

ဟု ကျွန်တော်က ပြောလိုက်ပါသည်။

'ဝိညာဉ်လောကဆီကို သွားပြီး...မင်းမြင်ရတာတွေကို ပြန်ပြောပါ...'





www.burmeseclassic.com

www.burmeseclassic.com

ဟုလည်း စိတ်ညှို့ခံထားရသူအား ပြောလိုက်၏။

သုံးမိနစ်ခန့်မှ လုံးဝ တိတ်ဆိတ်သွားလေသည်။ ထို့နောက် သူသည် တစ်ဦးဦးနှင့် စကားတွေ ပြောနေလေတော့၏။ စကားပြောပုံမှာ လွန်စွာပင် လျင်မြန်လှလေရာ ဘာတွေပြောနေမှန်းကို ဖမ်း၍မရ ဖြစ်နေလေသည်။

သူကြုံတွေ့နေရသူတစ်ဦးနှင့် အချေအတင်ပြောဆိုနေခြင်းကတော့ သေချာသည်။ ဤတွင် သူပြောနေသည့်အထဲမှ စကားတစ်ခွန်းကို နားလည်လိုက်ပါသည်။

ယင်းမှာ...

**‘ကျူပ်လဲ ခင်ဗျားလိုပဲ ရောက်နေတာပဲ...’**ဟု သူက ပြောလိုက်ခြင်းပင်ဖြစ်၏။ ထို့နောက် ဆက်၍ အချေအတင် ပြောနေပြန်ပါသည်။

သာမန်အားဖြင့် ကျွန်တော်သည် ကျွန်တော် စိတ်ညှို့၍ စေခိုင်းထားသော ကောင်လေး၏ အသံကိုသာ ကြားနေရခြင်း ဖြစ်သော်လည်း တစ်ယောက်ယောက်နှင့် ဆွေးနွေးနေခြင်းကိုမူ သံသယဖြစ်ဖွယ် မရှိပါချေ။

နားထောင်နေရင်းက ကောင်လေး၏ အသံသည် ဒေါသသံတွေ ပါလာလေ၏။ ဤတွင် သူ့အား ပြန်ခေါ်မှ ဖြစ်ပေတော့မည်။ တစ်စုံတစ်ခုသာ ဖြစ်သွားပါက ခက်ချေတော့မည်ဟု တွေးလိုက်မိပါသည်။ ထို့ကြောင့်...

‘ကဲဟော့... အခုချက်ချင်း ပြန်လာတော့...’

ဟု အမိန့်ပေးလိုက်ပါသည်။

‘ခဏတော့ စောင့်ပါဦး...’

ဟု သူက ပြန်ပြော၏။

‘မင်း ဘယ်သူနဲ့ စကားတွေပြောနေတာလဲ...’

‘လူတစ်ယောက်နဲ့ပါ’

‘မင်း ဘယ်ရောက်နေသလဲ...’

‘မသိဘူး...’

‘ဘယ်လို ဒေသမျိုးလဲ...’

‘ဘာမှမရှိတဲ့ဒေသပဲ...ခင်ဗျားပြောတဲ့ ဘုံပဲလို့ ကျွန်တော်လဲ ထင်ပါတယ်...’

‘မင်းနဲ့ စကားပြောနေတဲ့ သူဟာ ဘယ်လိုပုံစံမျိုးလဲ။ ဘာတွေ ဝတ်ထားသလဲ...’

‘ဘာမှ ဝတ်မထားဘူးဗျ။ သူက ခင်ဗျားကို ပြောပေးဖို့ မှာနေတယ်။ သူပြောတာက... ဒီကို လူတွေ လွှတ်နေတဲ့ သူကို ပြောပေးပါတဲ့။ ဒီဘုံမှာ ဘာမှ လေ့လာစရာ မရှိဘူးတဲ့။ ရောက်လာတဲ့သူတွေဟာလဲ သူတို့ဟာ ဘာ ခန္ဓာမှ မရှိတာကိုပဲ သိရလိမ့်မယ်တဲ့။ ပြီးတော့ သူတို့လာတဲ့ ဘုံကို ပြန်မလာနိုင်ဖို့လဲ များတယ်တဲ့...’

အလက်(စ်)အာ(စ်)ကင်၏ သုတေသနပြုမှုကို ဖော်ပြပြီးသည့်နောက် **အနောက်တိုင်း ဂန္ဓာရီပညာရှင် အဲလီဖတ်(စ်)လယ်ဗီ ရေးသားခဲ့သော ဖြစ်ရပ်တစ်ခုကို** ဆက်လက် ဖော်ပြလိုပါသည်။

လယ်ဗီတို့ခေတ်က သုတေသီတစ်စုသည် အမျိုးသမီးငယ်တစ်ဦးအား စိတ်ညှို့၍ အခြားသော လောကများဆီသို့ သွားခိုင်းခြင်းပင် ဖြစ်၏။ ရှေးဦးစွာ ကောင်းကင်ဘုံသို့ သွားခိုင်းပါသည်။

‘ကဲ... ကောင်းကင်ဘုံကို ကြည့်စမ်းဟော့...’

‘သွားလို့ မရဘူး။ အဲဒီကို ကျွန်မတက်လို့ မရဘူး။ အမှောင်ထုကြီးက တွန်းတွန်းချနေတယ်’

‘ကောင်းပြီ... ဒါဆိုရင် **ငရဲဘုံကို သွား...’**

‘မသွားပါရစေနဲ့... မသွားချင်ဘူး...’

ဟု အော်ကာ ကောင်မလေးသည် ငိုပါတော့သည်။

ထို့နောက် ရှိုက်ကြီးတငင်နှင့်...

‘သွားလို့မဖြစ်ဘူး။ ကြည့်လိုက်တာနဲ့ကို မူးလာတာပဲ။ ပြုတ်ကျသွားလိမ့်မယ်... အမယ်လေးရှင့်...ကျွန်မကို ဆွဲထားပါ... ဆွဲတင်ကြပါ’

‘မတင်ဘူး... ဆက်သွား...’

‘ဘယ်အထိ သွားရမှာလဲရှင်...’

‘ငရဲအထိပေါ့...’

‘ကြောက်စရာကြီးပါရှင်... မသွားပါရစေနဲ့...’



‘သွား’

‘သနားပါရှင်...’

‘သွား... ဒါ ငါ့အမိန့်ပဲ...’

ဤတွင် ကောင်မလေးကို ကြည့်ရသည်မှာ ကြောက်မက်ဖွယ်ပင် ဆံပင်တွေ ထော...လာ၏။ စိတ်ညှို့ထားလျက်ကပင်လျှ... မျက်ဖြူကြီး လန်၍ လာလေသည်။

သူ၏ ရင်အစုံမှာလည်း မို့မောက်၍ ကြွတက်လာလိုက်၊ နိမ့်ဆင်းသွားလိုက် ဖြစ်နေ၏။ စကားသံအချို့ကို ပြောလိုသော်လည်း လည်ချောင်းဝတွင်ပင် တစ်နေပုံလည်း ရပါသည်။

စိတ်ညှို့ဆရာကမူ...‘သွား...၊ သွား... ဒါဟာ ငါရဲ့ အမိန့်ပဲ...’ဟု ထပ်ကာ ထပ်ကာ ပြောနေ၏။ ဤတွင်...

‘ကျွန်မ အဲဒီကို ရောက်ပါပြီရှင်...’

ဟူသော စကားသံကလေးသည် ကောင်မလေး၏ သွားများကြားမှ ထွက်လာ... ပြီး သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်... ကာ နောက်သို့ လန်ကျသွားပါတော့သည်။

ကောင်မလေးသည် ဘာမှ ဆက်... ဖြေနိုင်တော့မည် မဟုတ်။ သူ၏ ဦးခေါင်း... သည် ပခုံးနှစ်ဖက်ကြားမှ နောက်သို့... လေးပင်စွာပင် လန်၍ ကျနေတော့၏... လက်နှစ်ဖက်မှာလည်း နံဘေးသို့ အရု... ကြိုးပြတ် တွဲလောင်းကျနေ၏။

ကောင်မလေးအနားသို့ ကပ်၍ ကြ... ကြပြီး ကိုင်တွယ် စစ်ဆေးကြည့်ကြ၏။ ပြ... ၍ နိုးလာစေရန် ကြိုးစားကြ၏။ **လွန်စွာပ... နောက်ကျသွားလေပြီ။ ကောင်မလေး... အသက်မရှိတော့ချေ။**

ဤသည်မှာ ဆရာကြီး လယ်ဗီရေးသား... ခဲ့ခြင်းပေတည်း။

လွန်ခဲ့သည့် နှစ်အတန်ကြာ... ကျွန်တော်သည် ဂန္ဓာရီပညာရှင်တစ်ဦး... မှ ရုပ်ခန္ဓာမှ လိပ်ပြာခွာထွက်ခြင်းကို သ... ကြားဖူးပါသည်။

သူက ကျွန်တော့်အား ဘာတွေ့တွေ့... မကြောက်ရန်နှင့် ခန္ဓာကိုယ်ဆီသို့ ပြန်အ... တွင် ဘာကိုပဲတွေ့တွေ့ ဖယ်ရှားပစ်၍ ... ကိုယ်တွင်းသို့သာ ပြန်ဝင်ရန်ကို ပြော... သည်။

ရက်သတ္တ အတန်ကြာလေ့လာ ဆော... ရွက်ပြီးသည်တွင်မူ စိတ်ဝင်စားစ... တွေ့လာရတော့၏။ **လိပ်ပြာ...သ... ကျင့်စဉ်ကို ပြုလုပ်နေစဉ်... မျက်စိ... ဖွင့်ကြည့်လိုက်သောအခါ နေ့လယ်ခ...**





www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် အင်းပေါက်ခြင်း

ဦးကျော်မင်း
ကထိက(မြန်မာစာ)
စစ်တွေတက္ကသိုလ်



ကျွန်တော် လူတွေကို စိုက်ကြည့်လိုက်မိရင် အဲဒီလူရဲ့မျက်နှာမှာ (က)၊ (ဃ)၊ (ဏ)၊ (ဠ)ဆိုတဲ့ အက္ခရာတွေ တစ်လုံးပြီး တစ်လုံး ခပ်မြန်မြန်ကြီး ပြောင်းလဲပေါ်နေတယ်။ ကွန်ပျူတာမှာ ပေါ်သလို သူ့ရဲ့မျက်နှာမှာ ဆက်တိုက်ပေါ်နေတာ။

နောက် အဲဒီအက္ခရာတွေ ပျောက်သွားပြီး (အ)အက္ခရာဟာ ထိုလူရဲ့ မျက်နှာပေါ်မှာ နောက်ဆုံး ထင်းထင်းကြီး ပေါ်ကျနေတော့တယ်။ ဒီလိုကျန်ခဲ့ရင် ကျွန်တော် အဲဒီလူကို စိတ်ညို့လို့ရပြီ။

များသောအားဖြင့် ကျွန်တော်က ကျွန်တော် စိတ်ညို့ချင်တဲ့လူရဲ့ နောက်စေ့ကို ကြည့်ပြီး အမိန့်ပေးတယ်။ အဲဒီလူရဲ့ နောက်စေ့မှာ နောက်ဆုံး(အ)ထင်နေတာ မြင်ရင် ကျွန်တော့်နှုတ်က တိုးတိုးလေး ပြောတာနဲ့ စိတ်ညို့လို့ရတယ်။

ဒါနဲ့ ကျွန်တော့်ပါဝါကို ကျွန်တော် မယုံဖြစ်လာတယ်။ ဟုတ်မှ ဟုတ်ပါ့မလားဆိုပြီး စမ်းသပ်ကြည့်ဖို့ ဗီဒီယို ဝင်ကြည့်တယ်။ စစ်တွေမှာ အောင်စောသာ ဗီဒီယိုရုံဆိုရင် ထိတ်ထိတ်ကြဲပဲ။ ရုပ်ရှင်ကားကောင်းတွေ ပြလို့ နောက်ကျရင် နေရာရဖို့ကို မလွယ်ဘူး။ ကျွန်တော် စမ်းသပ်တဲ့နေ့လဲ တကယ်ကို နာမည်ကြီးတဲ့ မင်းသားအာနိုးပါဝင်တဲ့ သံစက်ရုပ်၊ ခဲစက်ရုပ်ကား (Teminator-I)။ ရုပ်ရှင်ရုံထဲမှာ နေရာလပ်ကို မရှိဘူး။ လူအပြည့်ပဲ။

ကျွန်တော်က ကျွန်တော့်ပညာကို စမ်းသပ်ဖို့ ရုပ်ရှင်ဝင်ကြည့်တာ။ ကျွန်တော့် ရှေ့ခုံမှာ ထိုင်နေတဲ့ လူရဲ့နောက်စေ့ကို စိုက်ကြည့်လိုက်တယ်။ အဲဒီလူရဲ့နောက်စေ့မှာ (က)၊ (ဃ)၊ (ဏ)၊ (ဠ)စာလုံးတွေ ပေါ်လာပါပြီ။ ရုပ်ရှင်ရုံထဲက အလင်းမှိန်မှိန်လေးမှာ အဲဒီအက္ခရာတွေက လင်းနေကြတယ်။ ဂဏန်းပေါင်းစက်မှာ ပေါ်တဲ့ မီးစိမ်းစိမ်းအရောင်အတိုင်းပဲ။ သူ့နောက်စေ့မှာ လင်းနေတာ။ အရမ်းအံ့သြဖို့ ကောင်းတယ်။

ပြောရင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ ကျွန်တော့်ကို အရူးလို့ ပြောကြလိမ့်မယ်။ ထားပါတော့။ ဒါနဲ့ (က)၊ (ဃ)၊ (ဏ)၊ (ဠ)ဆုံးတာနဲ့ အဲဒီလူရဲ့ နောက်စေ့မှာ (အ) အက္ခရာ ထင်းနေပါပြီ။ ကျွန်တော် စိတ်ညို့ရတော့မယ်လေ။

'မင်း ရုပ်ရှင်ရုံထဲက အခုချက်ချင်း ထွက်သွားစမ်း'

လို့ နှုတ်က တိုးတိုးလေး အမိန့်ပေးလိုက်တယ်။ မကြာဘူး။ အဲဒီလူ ရုပ်ရှင်ဆက်မကြည့်ဘဲနဲ့ ရုပ်ရှင်ရုံထဲက အပြင်ထွက်သွားတာ တွေ့ရတယ်။ ပြန်မလာတော့ဘူး။

ကျွန်တော်လဲ ရုပ်ရှင်ဆက်မကြည့်တော့ဘူး။ ကျွန်တော့်ပညာ စစ်ရတာကို အရမ်းဝမ်းသာပြီး အိမ်ပြန်လာခဲ့တယ်။

ဒီပညာကို ကျွန်တော်ရတာ ကြာခဲ့ပါပြီ။ ဒီပညာရပ်တွေကို ကျွန်တော်က ယုံကြည်လက်ခံတဲ့ လူလဲ မဟုတ်ဘူး။ ကျွန်တော်က လက်တွေ့မှ ယုံတဲ့လူ၊ ဒါကြောင့်ပဲ ကျွန်တော့်ဘဝ တစ်ဝက်လောက်ကို တောထဲမှာ အချိန်ကုန်ခဲ့ရတာပဲ။ နောက် အစိုးရကောင်းလို့ ကျွန်တော်က အလင်းပြန်ဝင်လာခဲ့တယ်။ တောထဲမှာနေတုန်းက ဒီပညာကို **ဆရာတော်ကြီးတစ်ပါးက** ချီးမြှင့်ခဲ့တာပါ။

တောက မြို့ကို ဝင်လာတော့ မကြာဘူး။ ကျွန်တော် မိန်းမရတယ်။ ကလေးရတယ်။ စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ မချောင်လည်ဘူး။ ဒါပေမယ့် ညကျရင် ကျွန်တော့် ဆရာတော် ပေးလိုက်တဲ့နည်းကို လေ့ကျင့်ကြည့်တယ်။ ကျွန်တော့် သီးသန့်ခြင်ထောင်ထဲမှာ ဖယောင်းတိုင် ထွန်းပြီး ဆရာတော်ပေးတဲ့နည်းကို အထပ်ထပ် လေ့ကျင့်ခဲ့တယ်။ တစ်နှစ်လောက်နီးနီး မပြတ်လေ့ကျင့်ရာက ဒီလိုပါဝါတစ်ခု ကျွန်တော် ရလာတာပါပဲ။

ပါဝါရလာတုန်းက မျက်စိဖွင့်ပြီး ကြည့်လိုက်ရင် **(က)၊ (ဃ)၊ (ဏ)၊ (ဠ)** အက္ခရာတွေ တဖျပ်ဖျပ် လင်းနေတာ။ နောက်**(အ)** **ပေါ်လာ**ရင် လုံးဝ လင်းထိန်နေတာပဲ၊ ပီပီသသကြီးကို မြင်နေရတာ။

ကျွန်တော့်ကျွမ်းကျင်ကာတော့ ဗျည်း(၃၃)လုံးနဲ့ (အ)အလယ်ထားတဲ့ အင်းချမှုနည်းပါပဲ၊ ဗျည်း(၃၃)လုံးကိုခြင်းကွက်သွားရပါမယ်။ ဟိုးသစ်က မဂ္ဂဇင်းတွေမှာ ပါရှိခဲ့တဲ့ (အ)အလယ်ထား အင်းကွက်တွေနဲ့ ကျွန်တော်ရဲ့ (အ)အလယ်ထား အင်းချမှုနည်းက မတူပါဘူး။

(အ)အလယ်ထား အင်းကွက်ကိုရှို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်နိုင်ဘူးလို့လဲ ဆိုကြပါတယ်။ အင်းကွက်မှန်ရင် မချိုးဖောက်စရာ မရှိပါဘူး။ စစ်မှန်တဲ့ပညာမှန်ဖြစ်ရသော အမှန်ရမှာ ဖြစ်ပါတယ်။ အစွမ်းသတ္တိရှိမှာ ဖြစ်ပါတယ်။ ကျွန်တော့်အင်းပုံစံကို မြင်ရင် (အ)အလယ်သေအင်း စစ်မှန်တယ်လို့ ဝန်ခံကြမှာပါပဲ။

ကျွန်တော်က အင်းလေ့ကျင့်တဲ့အခါမှာ ကျောက်သင်ပုန်းမှာ အင်းကွက်ချပြီး အင်းဆန်သွင်းလိုက်၊ မှားရင် ပြန်ဖျက်လိုက်နဲ့ ကျင့်တာပါပဲ။ အင်းကွက်ပုံကို သေသေချာချာ သံကညစ်နဲ့ အကွက်တွေကို အသေဆွဲထားပြီး အက္ခရာစမတွေကို သမာဓိအားကောင်းကောင်းနဲ့ လေ့ကျင့်ရာက ကျွန်တော် အင်းပေါက်ပြီး အထက်က ပြောခဲ့တဲ့ ပါဝါရလာတာပါပဲ။

ဒါပေမယ့် ပါဝါကို ဘယ်လိုသုံးရကောင်း မှန်းမသိဘူး။ အခုတော့ **ဝိပဿနာဘက် အားသန်နေလို့ ကျွန်တော် ဆက်ပြီး မကျင့်တော့ပါဘူး။** ကျင့်ကြံသူများ တန်ခိုးစွမ်းရည်များ ရခဲ့ရင် ကျွန်တော့်ထံ စာလှမ်းရေးကြပါ။ ဆရာကို မမေ့ကောင်းပါဘူး။ **အလွန်ထူးခြားတဲ့ စွမ်းရည်ကို ရနိုင်တယ်ဆိုတာ မယုံမရှိကြပါလေနဲ့။**

ကျွန်တော်ရဲ့ (အ)အလယ်သေ အင်းကွက်မှန်နဲ့အတူ ကွန်ပျူတာ ဒီဇိုင်းကွက်တွေကိုပါ မိတ္တူပွားပြီး လေ့ကျင့်နိုင်အောင် ရိုက်ပေးထားပါတယ်။ **မိမိတို့ ဇာတာတွင် အင်္ဂါဂြိုဟ် ဥစ်၊ ကသစ်ရခြင်း၊ ရှစကယုဂ်ရခြင်းဆိုတဲ့ အင်္ဂါဂြိုဟ် အားကောင်းသူဆိုက အင်းအိုင်ဂါထာမန္တန်တွေမှာ ပိုပြီး အောင်မြင်နိုင်တယ်လို့လဲ အိန္ဒိယထုတ် ယုဂ်(ယောဂ)ပေါင်း သုံးရာ**(Three Hundred Important Combinations) ဆိုတဲ့ စာအုပ်မှာရေးထားတာကိုဖတ်ရှုဖူးပါတယ်။


အင်္ဂါဂြိုဟ် အားကောင်းနေတဲ့ ယခုလို အချိန်မှာ မည်သူမဆို ဝီရိယအကျိုးကို ခံစားရမယ်လို့ ယုံကြည်ပါတယ်။ အင်္ဂါဂြိုဟ်က ဝီရိယဂြိုဟ်လေ။


ကျွန်တော့်ရဲ့ အင်းကွက်ပုံစံကို အောက်တွင် ဖော်ပြထားပါတယ်။ (အ)ကို အလယ်မှာ ထည့်ပေးထားပါတယ်။ စစ်မှန်သော ပညာဖြစ်၍ **ဗျည်း(၃၃)လုံးကို မြင်းကွက်သွားတတ်သူတိုင်း (အ)အလယ်သေအောင် ချနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အင်းကွက်မှာ မည်သည့်နေရာက ပင်မဆို (က)ဗျည်းက စတင်ပြီး မြင်းကွက်နဲ့ အင်းဆန်သွင်းရမှာ ဖြစ်ပါတယ်။ (အ)အလယ်ဝင်အောင် သွင်းနိုင်တဲ့ စစ်မှန်တဲ့(အ)အလယ်သေ အင်းဖြစ်ကြောင်း** အာမခံပါတယ်။

သင် အကြိမ်ကြိမ်အထပ်ထပ်(အ) အလယ်သေအင်းကိုချပြီး အပြတ်လေ့ကျင့်ပါ။ လေ့ကျင့်ဖန် များလာရင် သင့်မှာ ပါဝါစွမ်းရည်များ ရလာပါလိမ့်မယ်။ ရုပ်ပိုင်း၊ စိတ်ပိုင်း အထူးတိုးတက်လာပြီး ဘဝတွင် ကြီးပွားချမ်းသာ အောင်မြင်လာမည်ကား မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

လေ့ကျင့်ခန်းလုပ်ရန် (နေရာများပြောင်း၍(အ) အလယ်သေအောင်ချပါ)







*[လောကီဝိဇ္ဇာ၊ ဂန္ဓာရီဆရာသခင် ရခိုင်ဘုရင် သီရိသုဓမ္မာ (ငကုသလ)အား ရှိသေစွာ ရှိခိုးအပ်ပါသည်။]*

*ကျွန်တော့် အသိတစ်ယောက်၏ ပညာမှန်ကို တင်ပြအပ်ပါသည်။*

ဦးကျော်မင်း၊
ကထိက(မြန်မာစာ)
စစ်တွေတက္ကသိုလ်

## စာမျက်နှာ (၂၉၈)မှ အဆက်

ကဲ့သို့သော အလင်းရောင်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ကျွန်ုပ် မျက်စိဖွင့်ထားစဉ်က ပတ်ဝန်းကျင်မှာ မှောင်နေသဲပင် ဖြစ်၏။ အိပ်ပိုက်သည့်စိတ်လည်း မထ၏။ လွန်စွာပင် နိုးကြားနေ၏။

ထို့နောက် စိတ်ထဲတွင် တစ်မျိုးတစ် ခံစားလာရသည်။ ပုံမှန် အမှတ်သညာ မဟုတ်သော်လည်း ကျွန်ုပ်ဖြစ်နေသည် အမှန်ဖြစ်သည်ဟု ခံစားသိရှိမိ၏။

တစ်စုံတစ်ဦးက မိမိအား စစ်ဆေး (သို့မဟုတ်)တရားခွင်သို့ ရောက်နေခြင်း ခံစားမှုမျိုးလည်း ဖြစ်နေသည်။ ဤနေရာ နောက်ထပ် မလာသင့်ကြောင်းလည်း သတိပေးနေသည့်သဖွယ် ခံစားရပြန်သည်။ ကျွန်ုပ်၏ လုပ်ရပ် မှားသွားပါသည်။

ထိုအချက်ကို **အော့(စ်)ပင်စကီး**(Ou-pensky)ဆိုသူကလည်း သူ၏ "**စကြဝဠာ ပုံစံသစ်တစ်ခု**(A New Model of The Universe)" အမည်ရှိ စာအုပ်တွင် အောက်ပါအတိုင်း ရေးသားခဲ့ဖူးပါသည်။

'တစ်စုံတစ်ဦးက အွန်ရာယ်ရှိကြောင်း သတိပေး နေသကဲ့သို့ ခံစားနေရသည်မှာမူ ထူးခြား ထိုသို့ ကျွန်ုပ်အား စောင့်ကြည့်နေသူသည် ကျွန်ုပ် အား စမ်းသပ်ချက်ကို ရပ်တန့်ရန် မကြာခဏ တိုက်တွန်းဖျောင်းဖျနေသလိုလည်း ခံစားရ သည်။

ယခု သွားနေသော လမ်းများသို့ သွား မကြိုးပမ်းသင့်ကြောင်းကိုလည်း ထိုအခါ ပင်လျှင် ခပ်မှိန်မှိန်ကလေး ခံစားနေရလည်း ပါသည်'

**မောင်တေဇ**

ကိုးကား။
Out-of-Body
States.
by Major B. Wilmot Allistone

မှတ်ချက်


**မူရင်းစာရေးသူသည်** F. R. S. A၊ F.Ph.S ဘွဲ့များ ရပြီးသူတစ်ဦးဖြစ် အာဂျင်တီးနားနိုင်ငံ ဘျူနော့(စ်)အေး (စ်)မြို့ရှိ တက္ကသိုလ်တစ်ခု၏ သဿနဗေဒဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခတစ်ဦး လည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဦးသန်းခိုင်
(ချောင်းနက်)

# သေနတ်ပြူးသော

ခွေးအဖြူတော

၁၉၇၈ ခုနှစ်က ဖြစ်ပါသည်။ ကျောင်းများ ဖွင့်စ ဖွန်လဆန်းတွင် မူလတန်းပြမှ အလယ်တန်းပြ ရာထူးတိုးအမိန့် ရောက်ရှိလာပါသည်။ တောင်တွင်းကြီးမြို့နယ်မှ မကွေးမြို့နယ် **ယင်းဆိပ် အ–လ–က**သို့ သွားရောက်ရမည် ဖြစ်ပါသည်။

ကျွန်တော် တစ်ဦးတည်း မဟုတ်ပါ။ ဆပ်သွားရွာမှ ဆရာဦးအုန်းမောင်လည်း ပါ,ပါသည်။ **ဆပ်သွားနှင့် ကျွန်တော်တို့ ချောင်းနက်အရှေ့ရွာမှာ (၄)မိုင်သာကွာဝေးပါသည်။** မော်တော်ကားလမ်းမပေါ်မှ ရွာများ ဖြစ်ပါသည်။

ကျွန်တော်နှင့် ဦးအုန်းမောင်မှာ ရွာနီးချင်းများ ဖြစ်သည့်အပြင် **၁၉၇၄ ခုနှစ်က မန္တလေးဆရာအတတ်သင်တွင် အတူသင်တန်းတက်ဖက်** ဖြစ်ပါသည်။ ရင်းနှီးပြီးသား မိတ်ဆွေများဖြစ်၍လည်း ယင်းဆိပ်သို့ အတူသွားရန် တိုင်ပင်ထားပြီး ဖြစ်ကြပါသည်။

ယင်းဆိပ်ကား တံတားကြီး ဆောက်ထားပြီးသော်လည်း ရွာမတည်ရသေးပါ။ အိမ်ဟူ၍ မည်မည်ရရ မရှိသေးပါ။ ထန်းတက်သမားများ၊ ထန်းတဲများ၊ တဲအိမ်များသာ ရှိသေးပါသည်။

ယင်းတံတားတွင် ဂိတ်စာရေး(၃)ဦးခန့်နှင့် ရဲစခန်းဖွင့်စ ရဲဝန်ထမ်းအနည်းငယ်မျှသာ ရှိပါသေးသည်။ စာရေးသူနှင့် ဆရာဦးအုန်းမောင်တို့လည်း အိပ်ရာလိပ်၊ အဝတ်အစားအချို့နှင့် ယင်းဆိပ်သို့ ကားကြုံနှင့် ရောက်ကြပါသည်။

တံတားအဝင်ဂိတ်သို့ ရောက်သောအခါ ဂိတ်ဝန်ထမ်းများအား ရဲစခန်းစခန်းမှူးအိမ်သို့ ပို့ရန် ပြောပါသည်။ ဂိတ်ဝန်ထမ်းများက အသစ်ခန့် ကျောင်းဆရာများဖြစ်ကြောင်း ပြောပြ၊ သိရသဖြင့် ဝမ်းသာအားရ လက်ခံကြိုဆိုကာ စခန်းမှူးအိမ်သို့ ပို့ပေးကြပါသည်။

ရဲစခန်းမှူးမှာလည်း ရောက်ခါစ၊ ကျောင်းဆရာများကလည်း အသစ်ဖြစ်ကြ၍ ဘဝတူအချင်းချင်းဖို့ ပျူပျူငှာငှာ စကားစမြည် ပြောဆိုကာ လက်ခံထားပါသည်။

ရဲစခန်းမှူးအိမ်တွင် ခေတ္တ တည်းခိုအနားယူပြီး ကျောင်းဘက် သွားကြပါသည်။ တာဝန်ခံကျောင်းအုပ်ဦးလှဝေနှင့် တွေ့ပါသည်။

ယင်းဆိပ်အနီး အုံတွဲရွာဇာတိဖြစ်သော်လည်း မကွေးမြို့ပေါ်တွင် နေထိုင်ကြောင်း ပြောပြ သိရှိရပါသည်။

ယင်းဆိပ်ကျောင်းမှာ ကျောင်းသစ်ဖြစ်၍ ကျောင်းသားများ မများသေးပါ။ အနီးပတ်ဝန်းကျင်ရွာများမှ လာနေကြသော ကျောင်းသား အနည်းငယ်သာ ရှိပါသည်။

နောက်တစ်နှစ် **၁၉၇၉ ခုနှစ်** ကျောင်းဖွင့်ရက်တွင် ယင်းဆိပ်သို့ ကျောင်းဘက်ပြန်သောအခါ စာရေးသူတို့ နေစရာနေရာမရှိ ဖြစ်ရတော့၏။ ကျောင်းမှာလည်း တစ်

www.burmeseclassic.com

ဆောင်တည်း ဖြစ်၍ နေမရပါ။

ကျောင်းဖွင့်စ ပထမပတ်တွင် ခင်မင်သော ရဲဝန်ထမ်းတစ်ဦး၏ အခန်းတွင် ခေတ္တနေပါသည်။

**ယင်းဆိပ်မှာ တံတားကြီး** မဆောက်ရသေးမီအချိန်က ချောင်းရေကြီးချိန်၊ ရေကျချိန်များတွင် ချောင်းကမ်းတစ်ဖက်နှင့် တစ်ဖက် ကူးရန် ကားများ၊ ကုန်ပစ္စည်းများ ထမ်းပိုးသယ်ပို့ရန် အလုပ်သမားများ ရှိ၏။

အလုပ်သမားများ(၇၀)၊ (၈၀)ခန့်ရှိကာ လုပ်သားသမဖွဲ့ထား၏။ **လုပ်သားသမအသင်း၏ ဥက္ကဋ္ဌမှာ ဦးကြီးရှိန်**ဆိုသူ ဖြစ်ပါသည်။ အသက်(၅၀)ခန့်ဖြစ်ပါသည်။ အရက်သေစာ သောက်စားခြင်းမရှိ၊ သက်သတ်လွတ်စားသူ ဖြစ်ပါသည်။ စကားပြောအေးဆေး၏။ တစ်ချိန်က ရေလုပ်သားများ၏ ကြည်ညို လေးစားခြင်းခံရသူ ဖြစ်ပါသည်။

တံတားကြီးပြီး၍ သမအသင်းအား ဖျက်သိမ်းပြီဖြစ်၍ ဦးကြီးရှိန်မှာ ရှားပင်လှရွာမှ ဖြစ်သော်လည်း ရွာသို့ မပြန်နိုင်ပါ။ သမသံယောဇဉ်ကြီးစွာဖြင့် သမပိုင်ဖြစ်သော အဆောက်အအုံ၊ အိုးခွက်ပန်းကန်၊ စာအုပ်ဗီရို အစရှိသော အသုံးအဆောင်ပစ္စည်းများကို စောင့်ရှောက် ထိန်းသိမ်းရင်း ယင်းဆိပ်မှာပင်နေလျက် ရှိပါသည်။

စာရေးသူ၊ ဦးအုန်းမောင်နှင့် ဦးကြီးရှိန်တို့မှာ တစ်ဦးနှင့်တစ်ဦး ခင်မင်သွားကြပါသည်။

စာရေးသူနှင့် ဦးအုန်းမောင်တို့ ယခုကျောင်းဖွင့်ကာလတွင် နေစရာမရှိသည်ကို ဦးကြီးရှိန် သိရှိသွားသောအခါ သူနေသော သမပိုင်အဆောက်အအုံတွင် နှစ်ယောက်စာ အခန်းကန့်၍နေရန် ပြောသဖြင့် ယင်းအခန်းတွင် ရွှေ့ပြောင်းနေထိုင်ကြပါတော့သည်။ နေထိုင် စားသောက်ရေး အဆင်ပြေသွားပါသည်။

သမပိုင်အဆောင်ရောက်မှ သေနတ်ပြီးခွေးအမြုတေဇာတ်လမ်းက စ,ရပါမည်။ ဦးကြီးရှိန်၊ စခန်းမှူးနှင့် စာရေးသူ၊ ဦးအုန်းမောင်တို့အားလုံး စကားလက်ဆုံကျနေကြပါသည်။

စခန်းမှူးမှာ ကျွန်တော်တို့ရောက်စက စခန်းမှူး မဟုတ်တော့ပါ။ ပြောင်းသွားပါပြီ။ ယင်းနေရာသို့ ဆပ်သွားဇာတိ ဦးအုန်းမောင်နှင့် ကျောင်းနေဖက်လည်းဖြစ်ပြန်၊ ကျောင်းသားနှစ်ယောက်၊ သမီးက(၈)တန်း၊ သားက(၇)တန်းဖြစ်ပြန်ဆိုတော့ ပိုမို၍



ရင်းနှီးချစ်ခင်ကြပါသည်။ စခန်းမှူး၏အမည်မှာ **ဦးသန်းစိန်** ဖြစ်ပါသည်။ **ယခု ပင်စင်ယူသွားပြီဟု သိရပါသည်။**

ဦးကြီးရှိန်မှာ ဗဟုသုတ ပြည့်စုံသူ ဖြစ်ပါသည်။ ဆေးဝါးအကြောင်း၊ အဂ္ဂိရတ်အကြောင်း၊ ကျောက်မျက်အကြောင်းများကို နားလည်သိရှိသူဖြစ်ပါသည်။

ယင်းဆိပ်ပတ်ဝန်းကျင် တောင်ကုန်းများတွင် အင်တိုင်းကြောင်ကျောက်များ ရှိကြောင်း၊ အချို့ကြောင်ကျောက်များမှာ လှပ၍ အစွမ်းသတ္တိရှိကြောင်း၊ ဦးကြီးရှိန်ကိုယ်တိုင် ကျောက်ရိုင်းများရှာ၍ သွေးယူ အရောင်တင်ကာ အဆောင်ကျောက် အဖြစ်ထားကြောင်း၊ ခင်မင်သူမိတ်ဆွေများအားလည်း ပေးကြောင်း စသည်ဖြင့် ပြောပြပါသည်။

စခန်းမှူးဦးသန်းစိန်မှာ သေနတ်ပြီးသော အရာ မတွေ့ရှိသေးကြောင်း၊ သူကိုယ်တိုင် မင်းတုန်းနယ်ဘက်ရောက်တုန်းက သေနတ်ပြီးသော(မီးမကူး)**ချေလက်ဝါးကာ နာမည်ကြီးကို ပစ်ဖူးကြောင်း၊ သေနတ်ကျည် ထွက်၍ မှန်တော့ မမှန်ကြောင်း ပြောပြပါသည်။**

စာရေးသူတို့နေထိုင်ရာ သမအဆောင်တွင် ခွေးမကြီးတစ်ကောင် ရှိပါသည်။ ပိုင်ရှင်ဟူ၍ မရှိ။ အနီးပတ်ဝန်းကျင် အိမ်များမှ ကျွေးမွေးထားပါသည်။

ကျွန်တော်တို့ ရောက်ရှိသွားသောအခါ ထမင်းဟင်းအကျန်များ ကျွေးထားသဖြင့် ခွေးမကြီးမှာ စာရေးသူတို့နှင့် ခင်မင်လျက် တခြားတစ်ပါးသို့ မသွားတော့ပါ။

ခွေးမကြီးမှာ အနီရောင်ဖြစ်၍ အမွေးထူသည်။ အရပ်မြင့်၍ အလျားရှည်သည်။ **နားရွက်ထောင်၍ အမြီးထောင်သည်၊ ဖျတ်လတ်သည်။ ညအခါတွင် ဟောင်သည်။** သမဆောင်ထဲသို့ လူစိမ်းအဝင်မခံပါ။

တန်ဆောင်မုန်းလ ရောက်သောအခါ ခွေးမကြီး မွေးပါလေပြီ။ ခွေးထီးကလေး (၄)ကောင် မွေးပါသည်။ မအေတူ အနီကလေးများ ဖြစ်ပါသည်။ စာရေးသူက နှစ်ကောင်၊ ဦးအုန်းမောင်က တစ်ကောင်၊ ဦးကြီးရှိန်က တစ်ကောင် ယူကြမည်ဟု မှတ်ထားကြပါသည်။

တစ်နေ့သောအခါ နီပါးဟု အမည်ပေးထားသော **ခွေးမကြီး**ရှူးပြီဟု ပြောကြပါသည်။ နီပါးမကြီးမှာ မွေးသောအခါ စာရေးသူတို့ သမဆောင်တွင် မမွေးပါ။ အဆောင်နှင့် မျက်စောင်းထိုး လမ်းတစ်ဖက်တွင်ရှိသော ဦးပန်းဆိုင်၏ အိမ်အောက်တွင် သွားမွေးပါသည်။ အိမ်မှာ အိမ်မြင့်မဟုတ်ပါ။ (၂)ပေခန့်သာမြင့်သော ကွပ်ပျစ် ဖြစ်ပါသည်။

ခွေးမကြီးနီပါးမှာ လမ်းသွားလမ်းလာများ၊ နွားများ၊ ဝက်များကို ကွပ်ပျစ်အောက်မှ ထွက်ထွက်ကိုက်နေပါသည်။ ခွေးခွေးချင်းလည်း ကိုက်ပါသည်။ ထို့ကြောင့် ရူးပြီဟု ပြောကြပါသည်။

ကွပ်ပျစ်အောက် ဝင်အိပ်လိုက် ထွက်ကိုက်လိုက်နှင့် တစ်ရက်,နှစ်ရက် ကြာသွားပါသည်။ ပတ်ဝန်းကျင်မှ လူအများကလည်း သားသည်မိခင် နီပါးမကြီးကို မသတ်ရက်ကြပါ။

သတ်မည်ဆိုပါက ကွပ်ပျစ်အောက် ရောက်နေစဉ် လှံနှင့်ထိုး၍ ရပါသည်။ ဓားဖြင့်ခုတ်၍ ရပါသည်။ သို့သော် ချစ်ခင်ပြီးသားဖြစ်၍ မသတ်ဖြစ်ကြပါ။

ထိုအခါ စခန်းမှူးဦးသန်းစိန်မှာ မနေသာတော့ပါ။ စခန်းမှ ရဲမိသားစုအားလုံး၊ ရေခပ်ဖုံရချိုးရန် သွားလမ်းတွင် နီပါးမကြီးက ထွက်ထွက်ကိုက်ကြောင်း သိနေပါသည်။ **ခွေးရူးရောဂါ မပြန့်ပွားစေရန်** နီပါးမကြီးကို သတ်ရပါတော့မည်။

စခန်းမှူး ဦးသန်းစိန်မှာ ယင်း၏သား (၇)တန်းကျောင်းသားနှင့်အတူ လက်စွဲ



www.burmeseclassic.com

www.burmeseclassic.com

တော် ခြောက်လုံးပြူးပါယူကာ နီပါးမကြီး အိပ်ရာ၊ ကွပ်ပျစ်ပေါ်သို့ ရောက်ကြပါသည်။

စာရေးသူနှင့် ဦးအုန်းမောင်မှာ မကြည့်ရက်၍ လိုက်မသွားကြပါ။ အဆောင်မှာ နေရင်း နားစွင့်နေပါသည်။ ခြောက်လုံးပြူး မောင်းဖြုတ်သော အသံ''ချက်''ဆိုသော အသံ သုံးကြိမ် ကြားရပါသည်။ ''ဒိုင်း''ဟု မကြားရပါ။ ထိုအခါ စခန်းမှူးမှ သားငယ်အား အိမ်ပြန်၍ ယမ်းတောင့်(ကျည်ဆန်) အသစ် သုံးတောင့်ယူရန် အိမ်သို့ စေလွှတ်၏။ အိမ်မှပြန်ရောက်သောအခါ **ကျည်အသစ်ထည့်၍ သုံးကြိမ်ထပ်မံ ပစ်ပါသည်။ ကျည် လုံးဝမထွက်ပါ။**

ခွေးမကြီးလည်း သူ့အား ရန်မူသည်ကို သိ၍ အိမ်အောက်မှ အနောက်မြောက် တမို့ရွာဘက်ဆီသို့ ထွက်ပြေးပါတော့သည်။

စခန်းမှူးဦးသန်းစိန်မှာ မချင့်မရဲ အားမလိုအားမရ ဖြစ်ပြန် ယုံလဲ မယုံနိုင်အောင် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်အောက် လမ်းဘက်သို့ ဆင်းကာ ယင်းချောင်း မြောက်ကမ်းဆီသို့ချိန် ခြောက်လုံးပြူးကို ပစ်လိုက်ပါသည်။

ထိုအခါ သေနတ်မှာ ''ဒိုင်း''ခနဲ မြည်သွားပါသည်။ မကျေနပ် နောက်တစ်ချက် ထပ်ပစ်၏။ ''ဒိုင်း''ခနဲမြည်ကာ ကျည်ထွက်




သွားပါသည်။

အမှန်တကယ်ပင် ခွေးမကြီးနီပါးမှာ သေနတ်ပြီးသော၊ မီးမကူးသော ခွေးမကြီး ဖြစ်သည်ကို စခန်းမှူးဦးသန်းစိန် လက်ခံရတော့၏။

စာရေးသူနှင့် ဦးအုန်းမောင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်နေပါသည်။ နောက်ရက်တွင် **တမို့ရွာမှ ရွာသားများက ခွေးရူးမကြီးကို** ရိုက်သတ်ကာ **ယင်းချောင်းအတွင်းသို့ ပစ်ချလိုက်ကြကြောင်း** ကြားရပါသည်။ နောင်အခါ သိရသည်မှာ ခွေး၏ နောက်ခြေ နှစ်ချောင်း အတွင်းဘက်တွင် အတက်ကလေးများ ပါရှိပါက သေနတ်မီးမကူးဟု သိရပါသည်။

ကျွန်ုပ်တွေ့ဖူးသော သေနတ်ပြီးသော ခွေးမကြီးအကြောင်းမှာ ဤမျှသာ ဖြစ်ပါသည်။

**ယင်းဆိပ်ကား ရွာတည်လျက် လူနေအိမ်ခြေများ၊ ကားဂိတ်နှင့် ဈေးဆိုင်များနှင့် ရွာ ဈေးနှင့် စည်ကားနေပါပြီ။**




ယခု ဦးကြီးရှိန် သမဥက္ကဋ္ဌလည်း ဆုံးတာ (၇)နှစ်မျှ ရှိသွားပါပြီ။ ဦးပန်းဆိုင်က တော့ ရှိပါသေးသည်။ ယင်းဆိပ် အ–လ–ကနှင့် ရဲစခန်းလည်း တိုးတက် စည်ကားလျက် ရှိနေပါပြီ။

စာရေးသူလည်း ၁၉၈၀ ပြည့်နှစ်က ယင်းဆိပ်မှ ထွက်ခွာခဲ့သော်လည်း ပြန်လည် လွမ်းဆွတ်တသလျက်...

*အားလုံး ကျန်းမာကြပါစေ။*

**ဦးသန်းစိုး**
*(ချောင်း[illegible])*



www.burmeseclassic.com

www.burmeseclassic.com

# သုရှစ်ချက် ဂါထာတော်

ပူဇော်ကြရအောင်



သုရှစ်ချက်ဂါထာတော်နှင့် မည်သည့်ပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များတို့ ကျင့်ကြံခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းတို့ ပြုလုပ်သင့်ကြောင်းကိုတင်ပြလိုပါသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ဦးနှင့် တပည့်နှစ်ဦးကို တိတိကျကျလိုက်နာ ဆောင်ရွက်ရန် အကြံပေးပြီး သုဂတော ရှစ်ချက်ဂါထာတော်ကို ပူဇော်စေခဲ့ပါသည်။

ကျွန်တော်ပေးခဲ့သော သူများသည် အရောင်းအဝယ်သမားများ ဖြစ်ပါသည်။ မိတ်ဆွေမှာ ထမင်းဆိုင်လုပ်ငန်းဖြစ်ပြီး တပည့်နှစ်ဦးမှာ တစ်ဦးက မုန့်ထုပ်သောလုပ်ငန်း ဖြစ်ပါသည်။ တစ်ဦးကတော့ ကုန်မျိုးစုံလုပ်ငန်းကို လုပ်ကိုင်ကြသူများ ဖြစ်ပါသည်။

(ထိုသူတို့ ယနေ့ခေတ်နှင့် လျော်စွာ တင့်တင့်တယ်တယ် နေထိုင်နိုင်အောင် ရောင်းရေးဝယ်တာ တိုးပွားလာကြပြီ ဖြစ်ပါသည်။)

ဆောင်ရွက်ရန် နည်းလမ်း

★ ဆောင်ရွက်မည့်သူသည် လုပ်ငန်းဦးစီးသူ၏ အညွန့်နံ့ပန်းနှင့် အောင်သပြေပန်းကို ဆိုင် (သို့မဟုတ်) လုပ်ငန်း လုပ်ကိုင်ရာတွင် ပန်းအိုးတည်ထားရပါသည်။

**ဥပမာ** ။ ။ အညွန့်ပန်းဆိုသည်မှာ စနေသား/စနေသမီး ဦးစီးဆိုလျှင် အုန်းညွန့်၊ အုန်းပန်း ဖြစ်ပါသည်။

★ သုရှစ်ချက်ဂါထာတော်ကို အရပ်ရှစ်မျက်နှာကို အာရုံပြု၍ ရွတ်ဖတ်ရပါမည်။ အရပ်တစ်မျက်နှာ တစ်ခေါက်ကျ ရွတ်ရပါမည်။

★ အရပ်ရှစ်မျက်နှာမှာ ရှိနေကြသော လူနတ်ဗြဟ္မာ သတ္တဝါအနန္တတို့အား ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု မေတ္တာပို့သရပါမည်။

★ အထူး သတိပြုရန်မှာ အညွန့်ပန်းနှင့် အောင်သပြေတို့ကို အညှိုး၊ အနွမ်း မခံရစေရန် သတိပြုကြရန်ပင် ဖြစ်ပါသည်။

သုရှစ်ချက်ဂါထာတော်

သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော လောကနာယကော။
သုဂတော နာထော လောကေ၊
သုဂတော မာရဝိဇယော။
သုဂတော သုဂတံ ဌာနံ၊
သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော နာမ တေ နမော။

**အနက်**

**သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူကုန်၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **လောကနာယကော၊** လောက၏ ရှေ့ဆောင်နာယက ဖြစ်တော်မူ၏။ **လောကေ၊** လောက၌။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နာထော၊** ကိုးကွယ်ရာဖြစ်တော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သုဂတော၊** မြတ်စွာဘုရားသည်။ **သုဂတံ၊** ကောင်းသောသူတို့၏ ကြွသွားရာဖြစ်သော။ **ဌာနံ၊** နိဗ္ဗာန်အရပ်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **သုန္ဒရံပိစ၊** ကောင်းသောနိဗ္ဗာန်သို့လည်း။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတောနာမ၊** သုဂတမည်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

*(ဤသုရှစ်ချက်ဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(ဓမ္မာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

အလုပ်ရုံများတွင် တံခါးများ ဖွင့်လှစ်ပြီးသည်နှင့် ဦးစွာပထမ ဆောင်ရွက်ရပါမည်။ ဈေးဆိုင်များတွင် ဆိုင်တံခါးဖွင့်၍ ခင်းကျင်းပြီးသည်နှင့် ဦးစွာ ရွတ်ဖတ်ဆောင်ရွက်ကြရပါမည်။

အမှုထမ်းများနှင့် အခြားသောသူများသည် နံနက်စောစော အိမ်တံခါးဖွင့်ခြင်း၊ ဝိုင်းတံခါးဖွင့်ခြင်း စသည်တို့ ပြုလုပ်ပြီးစီးသည်နှင့် မည်သည့်အကြောင်းကိစ္စမဆိုမျှ မဆောင်ရွက်သေးမီတွင် ဦးစွာဆောင်ရွက်သင့်လှပါသည်။

ကျွန်တော့် တင်ပြချက်ကို ယုံကြည်သဒ္ဓါရှိစွာဖြင့် ပြုလုပ်ကြပြီးလျှင် တစ်နေ့တခြား စီးပွားဉစ္စာများ တိုးပွားခိုင်ခံ့လာကြပြီး သာသနာတော်ကြီးအတွက် သဒ္ဓါဖွေးဖြူစွာဖြင့် အလှူတော်ကြီးများ ပေးနိုင်ကြပါစေဟု ဆန္ဒပြု၍ ရေးသားလိုက်ရပါတော့သည်။

*ကောင်းမှုကိစ္စမှန်သမျှ လိုလားတော့်တတိုင်း ပြည့်စုံကြပါစေ။*

အောင်
*(သိဒ္ဓိရာဇာ၊ နဝင်းမြို့ပေါ်)*



www.burmeseclassic.com